www.burmeseclassic.com

# ဗုဒ္ဓစာပန်းချီ

ငွေဥဒေါင်း

(ဦးကြီးမောင်)

ပဉ္စမတွဲ (ဒုတိယအကြိမ်)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မုဒ္ဒစာပန်းချီ

## "ပဥ္စမတွဲ"

BURMESE CLASSIC

## ဋ္ဌေဥဒေါင်း

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



# မုဒ္ဒစာပန်းချီ
## "ပဉ္စမတွဲ"
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | တစ္ဆေမလေးသုသု | ၁ |
| ၂။ | ယမင်းရုပ်ကလေး | ၁၃ |
| ၃။ | အချော့တော် | ၂၄ |
| ၄။ | ဇရာဒေဝီ | ၃၇ |
| ၅။ | ဘဝသံသရာ | ၄၇ |
| ၆။ | စွဲမိပြီဆိုမှဖြင့် | ၅၅ |
| ၇။ | အမုန်းဆေး | ၆၃ |
| ၈။ | ကြာသက်နှံအလှူရှင် | ၇၁ |
| ၉။ | နှောင်မဖွဲ့ပါနှင့် နတ်သူဇာ | ၈၅ |
| ၁၀။ | မုန်းလို့ဖြင့်မဟုတ်ပါ | ၉၁ |
| ၁၁။ | ကိုရင်ကလေး | ၉၇ |
| ၁၂။ | ခွေးအကျင့် နွားအကျင့် | ၁၀၉ |


www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓစာပန်းချီ
## "ပဥ္စမတွဲ"
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | တောဟောဝန်ဝယ် | ၁၂၁ |
| ၁၄။ | တန်ခိုးတော်သခင် အရှင်နှစ်ပါး | ၁၃၅ |
| ၁၅။ | တူကျော်နှစ်ယောက် | ၁၄၅ |
| ၁၆။ | နာဂလုလင် | ၁၅၃ |
| ၁၇။ | တွန့်တိုသူ | ၁၆၉ |
| ၁၈။ | မကြောက်တရား | ၁၇၉ |
| ၁၉။ | တမန်တော် | ၁၈၉ |
| ၂၀။ | အသောကဥယျာဉ်ဝယ် | ၂၀၃ |
| ၂၁။ | မယားကာက–လင်ကာက | ၂၁၅ |
| ၂၂။ | မေတ္တာဂုဏ်ရည် | ၂၄၁ |
| ၂၃။ | ဝေရဉ္ဇာ၏အလွမ်း | ၂၇၇ |


www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓစာပန်းချီ

## နိဒါန်း

'ဗုဒ္ဓစာပန်းချီ' ဟူသည် 'ဗုဒ္ဓ' 'စာ'နှင့် 'ပန်းချီ' တည်းဟူသော ဝေါဟာရသုံးရပ်ကို တွဲစပ်ထားသော အမည်ဖြစ်သည်။ အဓိပ္ပါယ်မှာ ဘုရားရှင်၊ သို့မဟုတ် ရတနာသုံးပါးနှင့် စပ်သော ကြောင်းရပ် အတွေး အသိ မျိုးစုံကို ပန်းချီ ပန်းရုပ်ကဲ့သို့ ထွမ်းနိုင်သမျှ လှလှပပ ရေးခြယ်ထားသောစာဟု ဆိုလိုပါ၏။

'ဗုဒ္ဓစာပန်းချီ'ဟု ဆိုသကဲ့သို့ 'ဓမ္မစာပန်းချီ'ဟုလည်း ဆိုနိုင်ပါသည်။ 'သံဃစာပန်းချီ' ဟုလည်း ဆိုနိုင်ပါသည်။

တစ်ဖန် 'ပန်းချီ'ဆိုသည်မှာ ပကတိရုပ်ဝတ္ထု အစစ်အမှန်လည်းမဟုတ်၊ အစစ်အမှန် မဟုတ်ဘူးလည်းမဟုတ်၊ ရုပ်ဝတ္ထုအစစ်အမှန်တွင် ပန်းချီဆရာ၏စိတ်ကူးဖြင့် နှစ်သက်ဖွယ် ဖြစ်အောင် ရေးခြယ်ထားသည်ကို 'ပန်းချီ'ဟု နားလည်ရပါသည်။

ဘုရားရှင်နှင့် ဘုရားရှင်၏ တရားတော်၊ ဘုရားရှင်၏တပည့်သား သံဃာတော်များ၏ အကြောင်းရပ်မျိုးစုံကို နှစ်သက်ဖွယ်ဖြစ်အောင် ထွမ်းနိုင်သမျှ စာပန်းချီ ရေးဖွဲ့ထားသော ဤဝတ္ထုများသည်လည်း ဤသဘောအတိုင်းပင် ဖြစ်ပါသည်။ ဘုရားရှင်၏ ဒေသနာတော်လာ ဖြစ်ရပ် အစစ်အမှန်လည်းမဟုတ် အစစ်အမှန်မဟုတ်ဘူးလည်းမဟုတ်၊ ဓမ္မပဒ၊ ဗုဒ္ဓဝံသ၊ နိကာယ၊ ဝိနယ စသော ထိုထိုကျမ်းဂန်တို့မှ ဖြစ်ရပ်မှန်များကို မူတည်ကာ စာရေးသူ၏ စိတ်ကူး ဖြင့် နှစ်သက်ဖွယ်၊ ကြည်ညိုဖွယ်ဖြစ်အောင် စာပန်းချီရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

ဘုရားရှင်နှင့် ဘုရားရှင်၏ တရားတော်၊ တပည့်သံဃာတော်များ၏ ကြောင်းရပ်မျိုး စုံကို ပန်းချီကား တစ်ခုစီ၊ တစ်ချပ်စီပမာ ရေးခြယ်ဆွဲထောင်၍ ပြထားသော ဝတ္ထုများဟု လည်း ဆိုနိုင်ပါသည်။

ဤစကားကို ဆိုရသည်မှာ ဤ'ဗုဒ္ဓစာပန်းချီများကို ဖတ်ရှုရာ၌ ဝတ္ထုပါ အကြောင်း အရာ အချက်အလက်များနှင့်ပတ်သက်၍ စာရှုသူတို့အား ဘုရားရှင်၏ ဒေသနာတော် မူရင်း ကျမ်းကြီး ကျမ်းခိုင်များကဲ့သို့ မယူဆစေဘဲ ဤစာ၊ ဤအဖွဲ့များကို ဖတ်၍ ရတနာသုံးပါးသို့ ကြည်ညိုရှိညွှတ်ခြင်း၊ ဖြစ်ရပ်အလျောက် တွဲပါလာသော ဘာသာရေးဆိုင်ရာ အတွေးအမြင် သိမှတ်ဖွယ် တစ်စုံတစ်ရာကို ရရှိခြင်း၊ဤစာ၊ ဤအဖွဲ့များမှတစ်ဆင့်တက်၍ ဘုရားရှင်၏ ဒေ သနာတော်မူရင်း ကျမ်းဂန်များသို့ ချဉ်းကပ်စေလိုခြင်းတို့သည်သာ စာရေးသူ၏ ရည်မှန်းချက် ဖြစ်ကြောင်း ဖော်ပြလို၍ ဖြစ်ပါသည်။

ဤအတွဲကြီးနှစ်တွဲမှာ မူလ ဆန်းညွန့်ဦး တိုက်မှ ထုတ်ဝေခဲ့သော အတွဲ သုံးတွဲကို စုပေါင်းထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် မူလထုတ်တွင်မပါသော နောက်ရေးသည့် အချို့အပုဒ်များကို အစီအစဉ်ကျစေရန်အတွက် ထပ်ဖြည့်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန်မူလထုတ်ဝေခဲ့သော 'ဗုဒ္ဓစာပန်းချီ' များမှာ အစီအစဉ်ကျကျ မဟုတ်ဘဲ ရေးပြီးသမျှတို့ကိုသာ တန်းစီ၍ ထည့်သွင်းထုတ်ဝေခဲ့ခြင်း ဖြစ်ပေရာ ဤအတွဲများတွင်မူ ဖြစ်နိုင်သမျှ အစီအစဉ်ကျအောင် စီစဉ်ပေးလိုက်ပါသည်။

ဤဗုဒ္ဓစာပန်းချီများ ရေးသားပုံမှာ ဖြစ်တော်စဉ်များအတိုင်း ရေးသားခြင်းမဟုတ်မူဘဲ စိတ်ကူးတွေ့ထိသမျှကိုသာ ခုန်ကျော်ရေးသားခြင်းများဖြစ်ပါသည်။

ဤအတွဲတွင် မပါဝင်နိုင်သေးသည့် အခြား 'ဗုဒ္ဓစာပန်းချီ' စာတမ်းများများလည်း ကျန်ရှိနေပေသေးသည်။ ဆက်လက်၍လည်း မပြတ်ရေးသားနေဆဲ ဖြစ်သည်။ ဤနည်းဖြင့် တစ်ချိန်သောအခါတွင်မူ ရှေ့နောက် အစီအစဉ်ကျသော စာပန်းချီဗုဒ္ဓဝင်ပမာ ဖြစ်လာရမည်ဟု မျှော်လင့်ချက် ထားပါသည်။

'ဗုဒ္ဓစာပန်းချီ'များကို ဖတ်ရှုရာ၌ အချို့သော အကြောင်းအရာ အချက်အလက်များမှာ ထပ်သယောင် ဖြစ်၍နေသည်ကို တွေ့ရှိကြရပါမည်။ ဤသို့ဖြစ်ရသည်မှာ (၁၉၆၁) ခုနှစ်တွင်ကြေးမုံသတင်းစာမှ စတင်၍ ဤ'ဗုဒ္ဓစာပန်းချီ'များကို ရေးသားခဲ့ရာ၌ နှစ်–လ ကြာမြင့်သောကြောင့် ထပ်၍ သွားရသည်များလည်း ရှိသည်။ တမင် ထပ်၍ရေးသည်လည်း ရှိသည်။

ဥပမာအားဖြင့် 'တရားဦး' (၁၉၆၂)ကို ရေးခဲ့စဉ်က သတင်းစာနေရာကို ငဲ့ရသောကြောင့် အားမလိုအားမရ ရှိခဲ့သည်ကို (၁၉၇၉)တွင် 'သစ္စာအမွန်' အမည်ဖြင့် ထပ်၍ရေးခြင်းမျိုး ဖြစ်ပါသည်။

ဤမျှ 'ဗုဒ္ဓစာပန်းချီ'များကို ရေးသားခဲ့ရာ၌ စာရေးသူ၏ သတိချွတ်ယွင်းမှုကြောင့် မမှားသင့်ဘဲနှင့် မှားသည့် အချို့သော အချက်များကို ထောက်ပြခြင်း၊ အားပေးအားမြှောက်ပြုခြင်းဖြင့် ကူညီကြသော ဆရာတော် သံဃာတော်နှင့် စာဖတ်ပရိတ်အားလည်းကောင်း၊ အချို့သော ဗုဒ္ဓစာပန်းချီများအတွက် မိမိတို့၏ကဗျာကို အသုံးပြုခွင့်ပေးခြင်း၊ ကဗျာရေးသား ကူညီခြင်းဖြင့် ကျေးဇူးပြုကြသော အမရပူရ မဟာဂန္ဓာရုံတိုက် ဆရာတော် အရှင်ဇနကာဘိဝံသ၊ ခင်လေးမောင်နှင့် မောင်စိန်ထွန်း(အမရပူရ)တို့အားလည်းကောင်း၊ ရေးသားခိုက်တွင် လိုအပ်သော ကျမ်းဂန် အချက်အလက်များကို ရှာဖွေပေးခြင်း၊ ထောက်ပြဝေဖန်ခြင်းဖြင့် ကူညီသော ဇနီးဖြစ်သူ နန်းရွှေခင်အားလည်းကောင်း ကျေးဇူးစကား ဆိုအပ်ပါသည်။

စာရေးသူ

ငွေဥဒေါင်း
ရှခင်းသာခြံ၊ မင်းလမ်း၊
တောင်ကြီးမြို့။

www.burmeseclassic.com

www.burmeseclassic.com



# တစ္ဆေမကလေး သုသု

[ ၁ ]

သမီး တစ္ဆေမကလေးက ဥတ္တရာ၊ သား တစ္ဆေကလေးက ပုနဗ္ဗသု၊ သားကလေးက တစ္ဆေလောကတွင် ချက်ချက်ချာချာနှင့် ချစ်စရာကောင်းသောကြောင့် သူတို့မိခင်အမည်ပင် မထင်ရှား။ ''ပုနဗ္ဗသုအမေ''ဟုပင် ခေါ်ကြသည်။ သို့သော် ဤအကြောင်းရပ်တွင် မိခင်က အဓိကဖြစ်သောကြောင့် မိခင်အမည်ကိုလည်း ပုနဗ္ဗသု၊ သို့မဟုတ် အခေါ်လွယ်အောင် ''ပုပု''ဟု ခေါ်လျှင်လည်း ဖြစ်နိုင်စကောင်းပါ၏။ သို့ရာတွင် တစ္ဆေမကလေးမှာ တောတစ္ဆေမဟုတ်၊ သာဝတ္ထိမြို့ကြီးသူ ဖြစ်သောကြောင့် မြို့ဆန်ဆန် ''သုသု''ဟုခေါ်ကြပါစို့။

သတ္တဝါတို့လားရောက်ရာ၊ (၁) နတ်ပြဟ္မာတို့ဘုံ၊ (၂) လူ့ဘုံ၊ (၃) တိရစ္ဆာန်ဘုံ၊ (၄) ပြိတ္တာဘုံ၊ (၅) ငရဲဘုံဟု ဘဝငါးမျိုးရှိသည့်အနက် ပုနဗ္ဗသုတို့သည် အလွန်ကျယ်ပြန့်သော ပြိတ္တာဘုံသားများဖြစ်သည်။ ကျယ်ပြန့်ပုံမှာ သူတို့ဘုံတွင် အလွန်သေးငယ်သိမ်နုပ်သော နတ်သိမ်နတ်မွှားကလေးများမှအစ သိကြားမင်းနှင့်ပင် စစ်ဖက်ပြိုင်နိုင်သော အသုရာနတ်ကြီးများအထိ ပါဝင်သည်။ အပါယ်လေးပါးကို

www.burmeseclassic.com

www.burmeseclassic.com



ရေတွက်ရာ၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူ၍ အသုရကာယ်ကို သီးခြား ရေတွက်သော်လည်း ဘုံဘဝအဖြစ်တွင်မူ အသုရကာယ်မှာ ပြိတ္တာတို့နှင့်အတူတူပင် ဖြစ်သည်။

ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ သူတို့မှာ ထူးခြားသော တန်ခိုးတစ်ရပ်ရှိ၏။ ယင်းသည်ကား သူတို့ကို လူတို့က မမြင်ရခြင်းပင်ဖြစ်သည်။ မမြင်ရသော်လည်း သူတို့သည် လူ့ဘုံလူ့လောကနှင့် တစ်စပ်တည်းနေ၍ မြစ်၊ ချောင်း၊ အင်းအိုင်၊ တောတောင်၊ ဂူလိုဏ်များတွင်လည်းကောင်း၊ သုသုတို့လို မြို့ရွာ အိမ်ကြို အိမ်ကြား သင့်လျော်ရာ နေရာများတွင်လည်းကောင်း မှီခိုနေထိုင်ကြသည်။

သုသုတို့မှာ သာဝတ္ထိ၏ အိမ်ကြိုအိမ်ကြား ကျောင်းကြိုကျောင်းကြား အစာအာဟာရ ရနိုင်သော နေရာများတွင် မှီခိုနေထိုင်သူများ ဖြစ်ကြ၏။ သူတို့ထဲတွင် ရှေးဘုန်းရှေးကံကြောင့် အစာရေစာပေါများ၍ ရုပ်အဆင်းလှပသူ အချို့ရှိသော်လည်း အများအားဖြင့်မူ ပြိတ္တာဟူသော စကားနှင့်အညီ အမြဲတမ်းလိုလို အစာရေစာငတ်ပြတ်၍ ရုပ်အဆင်း မလှပသူများ ဖြစ်ကြရသည်။

ပြိတ္တာတို့ အစာငတ်အစားငမ်းလွန်း၍ နာမည်ပျက်ပုံမှာ လူ့လောကတွင် အစားသရမ်းလွန်းသူများကို ပြိတ္တာကောင်၊ ပြိတ္တာကြီး၊ ပြိတ္တာလေးဟုပင် နှိုင်းယှဉ် ပြောင်လှောင် ခေါ်ဝေါ်ကြသည်။

သုသုခများကလေးအဖို့လည်း အောက်တန်းဘဝမှ ပြိတ္တာမကလေးဖြစ်၍ တစ်နေ့ တစ်နေ့တွင် မိမိနှင့် သားသမီးကလေးနှစ်ယောက်အတွက် အိမ်ကြိုအိမ်ကြား၊ ကျောင်းကြိုကျောင်းကြားတို့တွင် စွန့်ပစ်ထားကြသော စားနုပ်စားပေါက်ကလေးတို့မှအစ မတတ်သာလျှင် ချွဲ၊ သလိပ်တို့အထိ ရှာဖွေစားသောက်ကြရသော ဒုက္ခသည်ကလေးများ ဖြစ်ကြသည်။

သူတို့ကို ''ပိသာစ'' ပြိတ္တာဟုခေါ်၏။ ပြိတ္တာမကလေးသုသု သို့မဟုတ် တစ္ဆေမကလေး သုသု–ဟု ခေါ်နိုင်သည်။ အကြောင်းကား စုန်း၊ ကဝေ၊ တစ္ဆေ၊ မှင်စာ၊ သရဲ၊ သဘက်စသော အောက်တန်းစားများမှာ လက်ရည်တစ်ပြင်တည်း ဆိုသကဲ့သို့ အတူ ရောနှောနေထိုင်ကြသူများ ဖြစ်ကြသည်။

ပရိတ်ကြီး ရာဇတောဝါ အခန်းတွင် ပါဝင်သော 'ပိသာစတောဝါ – ပြိတ္တာ၊ တစ္ဆေ၊ သရဲဘေးမှလည်းကောင်း ကင်းလွတ်ရပါလို၏' ဟု ဆုတောင်းကြခြင်းမှာ သူတို့ကိုပင်ဖြစ်၏။ အကြောင်းမူကား သူတို့သည် ကလေးသူငယ်တို့မှအစ ကံ– ကုသိုလ် နည်းသူများကို အစာအတွက် ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ဖမ်းစား ခြောက်လှန့်နိုင်သော တန်ခိုးဣဒ္ဓိပါဒ်ရှိသူများဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေမကလေးသုသုမှာ ကလေးနှစ်ယောက်ရှိနေသည်ဆိုတော့ သူ့လင်တစ္ဆေ – ပြိတ္တာထီးကြီး ရှိရပေဦးမည်။ သို့ရာတွင် ကိုယ့်ဝမ်းစာအတွက်ပင် ခက်လှစွာသော ပြိတ္တာဖြစ်၍ မယားရော သားသမီးအတွက်ပါ တာဝန်မယူ။ သုသုကသာ မိခင်တို့ မေတ္တာမေ့တာ သားသမီးများကိုရှာ၍ ကျွေးရသည်။ မိခင်မေတ္တာဟူသည်ကား အပါယ်ဘုံဝသားပင်ဖြစ်စေ၊ အတူတူပင်ဖြစ်၏။

သို့သော် – သားလေး ပုနဗ္ဗသုက သူတကာတို့ထက် အဆာလွန်တတ်သူဖြစ်၍ သုသုအဖို့ အခက်ပိုရသည်။ တစ်နေ့တစ်နေ့တွင် "အမေ့၊ ကျွန်တော်ဆာလှပြီ အစာရှာထွက်ပါတော့" ဟူသော အသံကလေးကို တစ်စာစာကြား၍ နေရသည်။

ယင်းသို့ဖြင့် သုသုအဖို့ တစ်နေ့တွင် သာဝတ္ထိမြို့အတွင်း အစာရှာထွက်ခိုက် အစာကအလွယ်တကူမရလေသောကြောင့် ကြန့်ကြာ၍ နေရာတွင် ပုနဗ္ဗသုကလေးက မအောင့်နိုင်တော့၍ တစ်စာစာငိုကြွေးရင်း သူတို့အနီးသို့ ဆွမ်းခံကြွလာသော ရဟန်းတော်တစ်ပါးကို ကိုယ်ထင်ပြ၍ အစာတောင်းသည်။

ရဟန်းတော်က နေ့လယ်နေ့ခင်းဖြစ်၍ မကြောက်သော်လည်း မမြင်စဖူး ထူးခြား လှစွာသော သတ္တဝါကလေး ဖြစ်နေ၍ အံ့အားသင့်စွာဖြင့် ကြည့်သည်။

"ဟဲ့ – အသင်ဘယ်သူလဲ"

"တပည့်တော် တစ္ဆေကလေး ပုနဗ္ဗသုပါဘုရား။ ထမင်းဆာလွန်းလို့ အရှင်ဘုရား သပိတ်မှာ ဆွမ်းပါရင် နည်းနည်းပါးပါး စွန့်ကြပါဘုရား"

ရဟန်းတော်က သပိတ်မှ ဆွမ်းအနည်းငယ်ယူ၍ စွန့်ကြသည်။ ထိုအခါ တစ္ဆေမကလေး ဥတ္တရာပါ ပေါ်၍လာကာ အလုအယက်စားသုံးကြသည်။ ရဟန်းတော်က အံ့သြရင်းဖြင့် သူတို့ကို တစိမ့်စိမ့်ကြည့်သည်။ အကြောင်းမူကား တစ္ဆေသရဲဟူသည်ကို စကားစပ်လာလျှင် ဘယ်သို့ ဘယ်ညာဟု ဝါစာ ကမ္မာ လေဖော အပြောများတတ်ကြသော်လည်း တကယ်တမ်း စစ်ဆေးမေးလိုက်သောအခါတွင်မူ အဘယ်သူမှ မြင်ဖူးသူဟူ၍ မရှိ။ ယခုမိမိအဖို့ နဖူးတွေ့ဒူးတွေ့ မြင်နေရသည့်အပြင် သူတို့ကိုယ်တိုင်လည်း တစ္ဆေကလေးများပါဟု ဝန်ခံသောကြောင့်ဖြစ်သည်။

သူတို့ရုပ်ပုံကိုရှုလော့။

တစ္ဆေကလေးများဆိုသည့်အတိုင်း ကလေးအရွယ် သတ္တဝါငယ်ကလေးများ ဖြစ်၍ ငုံ့၍ကြည့်ရသည်။ ဦးခေါင်းပုံသဏ္ဍာန်မှာ ကျစ်လုံးကဲ့သို့အထက်ပိုင်းကား၍ မေးသို့ရှူးသွားသည်။ တစ်နည်းဆိုသော် တြိဂံပုံစံဖြစ်၏။ မျက်လုံးများမှာ အရွယ်နှင့် မလိုက်အောင် ပြူးကျယ်ကာ ရဲရဲနီနေသည်။ နားရွက်များ ကြီးမား၍ ဦးခေါင်းနှစ်ဘက်တွင်

www.burmeseclassic.com

www.burmeseclassic.com



အတောင်တပ်ထားသည်နှင့်တူသည်။ နှာခေါင်းမှာသေးငယ်၍ ပါးစပ်ပေါက်မှာမူ အစာစား၍မျှ ဖြစ်ပါမည်လားဟု ထင်ရလောက်အောင်သေးငယ်သည်။ ညှိုမည်းသော လက်ချောင်း၊ ခြေချောင်းကလေးများမှာ ကျီးခြေထောက်ကဲ့သို့ ပိန်ကပ် သိမ်ငယ်လှသည်။ သို့ရာတွင် ဝမ်းဗိုက်ကလေးများမှာမူ အရွယ်နှင့်မလိုက်အောင်ပင် ကြီးမားစူကား၍နေ၏။

သူတို့သည် ဆွမ်းလုံးကလေးများကို အလုအယက် ကုတ်ခြစ်စားသောက်နေခိုက် ရဟန်းတော်က တစိမ့်စိမ့်ကြည့်သည်။ ထို့နောက်တွင်မူ မိမိတွေးထင်လာသော သံသယတစ်ခုကို မေးလိုက်သည်။

''ဟဲ့-သူငယ်တို့ တစ္ဆေဆိုတာ အပြောသာများတယ်၊ မမြင်ရဘူးဆိုပါကလား''

''တပည့်တော်တို့က မြင်စေချင်လို့ အရှင်ဘုရား မြင်ရတာပါဘုရား''

''ဩော် – အင်း၊ ဟုတ်ပေမှာပဲ၊ ကဲ – ငါသွားတော့မယ်၊ ငါပြုသမျှကုသိုလ် သင်တို့အမျှယူကြပေတော့''

''အရှင်ဘုရားသွားရင်းနဲ့ တပည့်တော်တို့ အမေကိုတွေ့ရင် တပည့်တော်တို့ မျှော်နေတဲ့အကြောင်း ပြောပေးပါဘုရား''

''ဟဲ့ – နင်တို့အမေကို ငါဘယ့်နှယ်သိမှာတုံး၊ ဘယ်လိုမြင်ရမှာတုံး''

''မြင်ရအောင် တပည့်တော်ဆီက ဆေးမြစ်ပေးလိုက်ပါ့မယ်ဘုရား၊ အမေက တပည့်တော်တို့ ရုပ်မျိုးပါ၊ ထဘီနီနီနဲ့ တုတ်ကလေးတစ်ချောင်း ကိုင်ထားတတ်ပါတယ်။ အမေက အရှင်ဘုရားတို့ကျောင်းအနီးမှာ ရှိတတ်ပါတယ်၊ ကျောင်းအနီးရောက်ရင် တွေ့နိုင်ပါလိမ့်မယ်ဘုရား''

''အေး–အေး၊ ကောင်းပြီ၊ တွေ့ရင်ပြောလိုက်ပါ့မယ်''

ပုနပ္ပသုက ဆေးမြစ်တစ်ခုကို ထုတ်ပေးသည်။ ကလေးဖြစ်၍ မစဉ်းမစား ဤသို့ပေးခြင်းသည် သူကလေး၏ အမှားဖြစ်သည်။ အကြောင်းမှာ တစ္ဆေများ ကိုင်ဆောင်လေ့ရှိသော ဤဆေးမြစ်သည် သူတို့၏ အသက်သွေးခဲဖြစ်၍ ရဟန်းတော်အား သာဝတ္ထိရှိ သူတို့ဘဝအတွင်းရေးကို လှစ်ပြလိုက်သကဲ့သို့ ဖြစ်သွားသည်။

ပြိတ္တာ တစ္ဆေတို့သည် သူတို့၏ အမြင်မလှ အဆင်မလှသော ဘဝကို အတတ်နိုင်ဆုံး လျှို့ဝှက်ကြသူများဖြစ်ကြ၏။

အကြောင်းမူကား သူတို့သည်လည်း အသိဉာဏ်ရှိသူများဖြစ်ကြ၍ တစ်ခုခုသော ဘဝတွင် သူတို့၏ မကောင်းမှုကြောင့် ရလာ ရောက်လာအပ်သောသူတို့၏ အမြင်မလှ၊ အဆင်မလှသောဘဝကို မပြလိုကြ။ ပြိတ္တာဖြစ်သော်လည်း သူတို့တွင် အသိဉာဏ်ရှိသူများ

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်သည်။ အဘယ့်ကြောင့် မပါဝင်ဘဲရှိပါအံ့နည်း။ အကြောင်းမူကား သူတို့တွင် အသိဉာဏ်ကြီးသော ရဟန်းဘဝမှ ကူးပြောင်းလာသူ အများအပြားပါဝင်သည်။

ပါဝင်ပုံကား ဂိဇ္ဈကုဋ်တောင်ထိပ်တွင် ဘုရားရှင်သီတင်းသုံးတော်မူရာ အရှင်မောဂ္ဂလာန် ဘုရားဖူးသွားရောက်သောအခါ ဂိဇ္ဈကုဋ်တွင် ဆိုးရွားလှစွာသော ပုံသဏ္ဌာန်မျိုးစုံဖြင့် အစာရေစာ ငတ်ပြတ်သောကြောင့် ဒုက္ခကြီးစွာဖြင့် အော်ဟစ်ကာ ကလိန်းထိုး၍နေသော ပြိတ္တာကြီးငယ်များကို အရှင်မောဂ္ဂလာန်က တန်ခိုးတော်ဖြင့် မြင်ခဲ့ရ၍ ဤအကြောင်းကို ဘုရားရှင်သို့ လျှောက်ထားသောအခါ၊ ဘုရားရှင်က ''မောဂ္ဂလာန်၊ ယခုမမေးနှင့်ဦး၊ ဇေတဝန်တွင် ရဟန်းတို့စုံညီတွင်မှ မေးလော့''ဟု ဟန့်တား တော်မူသည်။ အကြောင်းမှာ ယင်းပြိတ္တာတို့နှင့် ပတ်သက်၍ ရဟန်းများကိုလည်း သိစေလိုသောကြောင့် ဖြစ်သည်။

ရဟန်းတို့ စည်းဝေးစုံညီတွင်မှ မေးလျှောက်သောအခါ ''ယင်းပြိတ္တာတို့တွင် ကဿပဘုရားရှင်လက်တော်က ရဟန်းဖြစ်ပါလျက် ရဟန်းနှင့်တူအောင် မကျင့်မနေကြသောကြောင့် ပြိတ္တာဘဝသို့ ရောက်နေသော ပြိတ္တာမြောက်မြားစွာ ပါဝင်ကြောင်း။ ငါဘုရားသည် ဗောဓိပင်နှင့် ရွှေပလ္လင်တွင် ဘုရားဖြစ်တော်မူစကပင် ယင်းပြိတ္တာတို့ကို မြင်တော်မူခဲ့သည်၊ သို့ရာတွင် သက်သေမရှိသေး၍ နှုတ်ဆိတ်၍သာနေခဲ့သည်။ ယခုသော် သက်သေထင်ရှားရှိလာ၍ ထုတ်ဖော်ဟောကြားရသည်၊ ''ရဟန်းတို့၊ ရဟန်းဖြစ်ပါလျက် ရဟန်းနှင့်တူအောင် မနေတတ်လျှင် ယင်းပြိတ္တာများကဲ့သို့ ပြိတ္တာဘဝ ရောက်ကြရလိမ့်မည်''ဟု ဆုံးမစကား မိန့်ကြားတော်မူသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရဟန်းတော်က တစ္ဆေကလေးမောင်နှမအား မိမိကုသိုလ်ကို အမျှအတန်း ပေးဝေသောအခါ တစ္ဆေကလေးများမှာ ငယ်ရွယ်သူဖြစ်၍ သာဓုအနုမောဒနာ မခံယူမိခဲ့ကြ။ ရဟန်းတော်က အမျှအတန်းပေးဝေခြင်းသည် လောကီကုသိုလ် ကမ္ဘပထဆယ်ပါးတွင် ပတ္တိဒါနကုသိုလ် ပေးဝေလိုက်ခြင်း ဖြစ်၏။ အကယ်၍သာ တစ္ဆေကလေးများက ဝမ်းမြောက် ဝမ်းသာခံယူ၍ သာဓုအနုမောဒနာ ပြုလိုက်ပါမူ ပတ္တာနုမောဒနာ ကုသိုလ်ဖြစ်၍ သိမ်နုပ်သော ဆင်းရဲဘဝမှ သုခချမ်းသာ ဘဝသို့ ကူးပြောင်းသွားနိုင်၏။ သို့သော် ကလေးများဖြစ်၍ ဤတရားကို နားမလည်ကြ။

သာဓုအနုမောဒနာဟူသည် မိမိက ကုသိုလ်အလှူဒါန တစ်စုံတစ်ရာ မပြုလုပ်ရဘဲ သူတစ်ပါးကုသိုလ်ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရုံမျှနှင့် အကျိုးဆိုက်ရောက်လာသော ကုသိုလ်ဖြစ်၏။ သာသနာတော်ပြန့်ပွားလာ၍ ဤခေတ်တွင် ရှိး၍နေပြီဖြစ်သော်လည်း ထိုခေတ်တစ္ဆေကလေးများဖြစ်သော ပုနဗ္ဗသုတို့အဖို့မူ ငယ်လည်းငယ်၊ ဗဟုသုတလည်းမရှိ၍ မခံယူနိုင်ခဲ့ကြ။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ရဟန်းတော်အဖို့ တစ္ဆေဆေးမြစ်ကို ရသောအခါ ပို၍အံ့ဩရ၏။ အကြောင်းမှာ အိမ်ကြို အိမ်ကြား၊ လမ်းကြိုလမ်းကြားတွင် သွားလာလှုပ်ရှားနေကြသော ပြိတ္တာတစ္ဆေ စသော ပရလောကသားများကို လူအချင်းချင်း မြင်ရသကဲ့ပင် အထင်းသားမြင်နေရသောကြောင့် ဖြစ်သည်။

သို့နှင့် ခပ်သုတ်သုတ်ပင် ပြန်လာခဲ့ရာမှ ကျောင်းတော်အတွင်း ဆွမ်းစားဇရပ် အနီးသို့ ရောက်သောအခါတွင်မူ မြို့ထဲမှာထက် ပို၍များသော တစ္ဆေထီး တစ္ဆေမများ စုပြုံနေကြသည်ကို တွေ့ရသည်။

အကြောင်းမှာ ဇေတဝန်ဆွမ်းစားဇရပ်သည် ရဟန်းတော်တို့ စားကြွင်းစားကျန် များကို စွန့်ပစ်ရာနေရာဖြစ်ပေရာ အစာရဖို့ မြို့တွင်းမှာထက် ပို၍ အခွင့်အရေးသာသည်။ ဆွမ်းစားဇရပ်ဟူသည် ပြိတ္တာတစ္ဆေတို့ကို ယခုမှမြင်ရသော်လည်း စားကြွင်းစားခေါ် ဆင်းရဲသူ – ဆင်းရဲသားလူအများသည်လည်း ဆွမ်းစားချိန်းတိုင်လျှင် မပြတ်ဝိုင်းအုံကာ ရှိနေမြဲဖြစ်၏။ စင်စစ်သော်ကား ရဟန်းကျောင်းတို့မည်သည်၊ အထူးသဖြင့် ဇေတဝန်တို့လို ဘုန်းကံကြီးမားသော ဆွမ်းစားဇရပ်တို့မည်သည် ဘုရားရှင်လက်ထက်တော်တွင်သာ မဟုတ်၊ ယနေ့ခေတ်တိုင် ဆင်းရဲသူ ဆင်းရဲသား စားကြွင်းစားတို့ အာဟာရအတွက် မှီခိုရာနေရာများပေတည်း။

ဤအကြောင်းများကို သိသော ဘုရားရှင်ကိုယ်တော်တိုင်ကပင်လျှင် မိမိ၏ စားကြွင်းစားကျန်များကို "အာနန္ဒာ၊ စားကြွင်းစားတို့အား စားကြွင်းစားကျန်တို့ကို ပေးလော့"ဟု ဒါနပြုတော်မူလေ့ရှိသည်။ စားကြွင်းစားဟူသည် လူတို့သာမက စားနုပ် စားပေါက်ကလေးများကို ကောက်ယူစားသုံးကြသော တစ္ဆေပြိတ္တာအများလည်း ပါဝင်သည်။

ရဟန်းတော်သည် ဆွမ်းစားကျောင်းသို့ ရောက်သောအခါ ဆွမ်းပင်မစားနိုင် သေးဘဲ ပဋိညာဉ်ခံလာခဲ့သော တစ္ဆေမလေးကို ရှာဖွေရန် တစ္ဆေပြိတ္တာများ စုရုံးလျက် ရှိသော ဆွမ်းစားကျောင်းနောက်ဖေးသို့ ထွက်၍လာခဲ့သည်။ တစ္ဆေအများက ရဟန်းတော်တို့ စားကြွင်းစားကျန်များ စွန့်ကြတော့အံ့တကားဟု မျှော်လင့်ပြူးကျယ်သော မျက်လုံးကြီးများဖြင့် ဝိုင်းအုံ၍ ကြည့်နေကြ၏။ သူတို့အထဲမှ နောက်ဆွယ်နားတွင် တစ္ဆေကလေး ပုနဗ္ဗသုတို့ကဲ့သို့ သုံးထောင့်မျက်နှာနှင့် ထဘီနီနီကလေးတစ်ထည်ကို ပတ်ထားသော တစ္ဆေမလေး သုသုကို တွေ့ရသောအခါ ရဟန်းတော်က အနီးသို့ ချဉ်းကပ်သွားသည်။

"အသင်သည် ပုနဗ္ဗသုတို့၏ မိခင်မဟုတ်သလော" ဟု ရဟန်းတော်က မေးလိုက်သောအခါ တစ္ဆေမကလေးခမျာ မလုံမလဲသော ခန္ဓာကိုယ်ကြောင့် ရှက်နိုးလှစွာဖြင့် ဦးခေါင်းကိုငုံ့ ကိုယ်ကိုရုံ၍ "မှန်ပါသည်ဘုရား"ဟု လျှောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေမလေး သုသုခမျာ တစ္ဆေဖြစ်သမင့်လည်း အသိဉာဏ်ရှိသူဖြစ်၍ ဟီရိသြတ္တပ္ပရှိသည်။ တစ္ဆေမလေး အသိဉာဏ်ရှိပုံမှာမက အသိဉာဏ်ရင့်ကျက်ပုံကို နောက်ပိုင်းတွင် တွေ့ရပါလိမ့်မည်။

''သင့်သားသမီးများက သင့်ကိုတွေ့လျှင် သူတို့ မျှော်နေကြသည့်အကြောင်း ပြောပေးပါဆိုလို့ လာပြောရခြင်းဖြစ်ပါသည်''

''တပည့်တော်တို့ကိုမြင်ရတဲ့ တစ္ဆေဆေးမြစ်ကို အရှင်ဘုရား ဘယ်ကရခဲ့ပါသလဲ ဘုရား''

''အသင့်သား ပုနဗ္ဗသုက အသင့်ကို ရှာလို့တွေ့အောင် ပေးလိုက်ခြင်း ဖြစ်ပါသည်''

''မိုက်လိုက်တဲ့ သားကလေး''ဟု တစ္ဆေမလေးက ပြောဆိုကာ ရဟန်းတော်၏ လက်မှဆေးမြစ်ကို ရုတ်ခြည်းလုယူ၍ ထွက်ခွာသွားသည်။ ရဟန်းတော်အဖို့ ပြိတ္တာမြင်ကွင်းများ ပျောက်သွားပြီဖြစ်၏။ တစ္ဆေကိုမမြင်ဖူးကြသော်လည်း သရဲအကြောင်း စကားဆုံမိကြလျှင် မျက်လုံးပြူးပြူး နားရွက်ကားကား၊ ဝမ်းဗိုက်စူစူကြီး စသည်ဖြင့် ပြောဆိုတတ်ကြ၏။ ထိုစကားများမှာ ယင်းရဟန်းတော်မှ ဆက်နွယ်လာဟန်တူသည်။

[ ၃ ]

ယခုသော် တစ္ဆေမလေး သုသု၏ ဇာတ်လမ်းကို ဆက်ရန်ဖြစ်၏။ အစာရှာထွက်လျှင် သူ့ကလေးများကို မျက်နှာလွှဲခဲပစ် ထားခဲ့ရသည်မှာ စိတ်မချရ။ ထို့ကြောင့် ရဟန်းတော်ကို ဆေးမြစ်ပေးလိုက်ပြီးသည့်နောက်တွင် အစာရှာထွက်တိုင်း သားကလေးများကို နောက်က အပါခေါ်သွားရလေတော့သည်။

သူ့အစာရှာနေရာမှာလည်း အများအားဖြင့် ဇေတဝန်ကျောင်းတော်ဖြစ်သည်။ မြို့တွင်းမှာ အစာရှာရခက်လှစွာ၏။ စားလုံးစားပေါက်စွန့်ပစ်သော အိမ်နည်းပါး၍ ရှိပြန် တွေ့ပြန်လျှင်လည်း သူတို့ထက်ခွန်အားကောင်းသော တစ္ဆေထီး၊ တစ္ဆေမများနှင့် အပြိုင် လုရသောကြောင့် စားရသည်ကနည်းသည်။ တစ်ခါတစ်ရံ စားနပ်စားပေါက်ကလေးများပင် မရနိုင်သောကြောင့် လူများ၊ ခွေးများ ထွေးအန်ပစ်သော အစာဟောင်းနှင့် သလိပ်၊ ချွဲခန်းစသည်တို့ဖြင့်သာ တင်းတိမ်ရသည်။

ကျောင်းတော်မှာမူ များသောအားဖြင့် လွယ်ကူ၏။ ဘုရားရှင်အမိန့်တော်အရ စားကြွင်းစားကျန်များကို ရဟန်းတော်တို့က နေ့စဉ်စွန့်ကြရုံမက ရုံဖန်ဆွမ်းကျွေး ဆွမ်းကပ် အလှူကြီးများရှိသည်ဆိုလျှင် ဗိမ္ဗိသာရဘုရင်ထုံး နှလုံးမူကာ အလှူရှင်များက တစ်သီး တစ်သန့်ပင် အများအပြား စွန့်ကြလေ့ရှိကြသောကြောင့် ဝမ်းဝတင်းတိမ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကဿပဘုရားရှင်လက်ထက်တော်တုန်းက ဗိမ္ဗိသာရလောင်း ဥပါသကာ၏ ဆွေမျိုးများသည် ပြိတ္တာဖြစ်၍ နေခဲ့ကြရာမှ အစာရေစာ ငတ်ပြတ်ကြရာတွင် သင်တို့သည် နောင်အခါပွင့်တော်မူမည့် ဂေါတမဘုရားရှင်လက်ထက်တော်၌ သင်တို့အမျိုး ဗိမ္ဗိသာရဘုရင် အလှူတော်ပေးလှူသောအခါ ဝဝလင်လင် စားသုံးကြရလိမ့်မည်ဟူသော ဗျာဒိတ်စကားအရ စောင့်မျှော်နေခဲ့ကြ၏။

ဗိမ္ဗိသာရဘုရင် ဆွမ်းကျွေးအလှူတော်တွင် ကျောင်းဆောက်ဖို့ရန် အာရုံကပ်နေသောကြောင့် မိမိအလှူအတွက် ပတ္တိဒါန အမျှအတန်းပေးဝေဖို့ရန် သတိမရ၊ အမျှမဝေမိသောကြောင့် အလှူဝန်းကျင်တွင် ကြီးစွာသောမျှော်လင့်ချက်ဖြင့် စောင့်မျှော် နေခဲ့ကြရသော သူ့ဆွေမျိုး ပြိတ္တာတို့ ပတ္တာနုမောဒန သာဓုခေါ်ခွင့်မရ၍ မစားမသောက်ကြရ။

ယင်းအဖြစ်ကြောင့် ညဉ့်အခါတွင် နန်းတော်ဝန်းကျင်၌ ဗိမ္ဗိသာရအမျိုး ပြိတ္တာတို့ ပိုင်းဝန်းအော်ဟစ် ဆန္ဒပြကြရာတွင် ဗိမ္ဗိသာရမင်း ကြောက်လန့်၍ နောက်နေ့တွင် ဘုရားရှင်အား လျှောက်ထားသောအခါ ဘုရားရှင်က အကျိုးအကြောင်းကို ဟောပြ၍ ဆွမ်းအလှူ ထပ်မံပေးလှူပြီး အမျှအတန်း ပေးဝေရသည်။ ထိုအခါကျမှ ပြိတ္တာတို့ စားကြသောက်ကြရရုံမက ပတ္တာ နုမောဒနာကုသိုလ်ကြောင့် အဆင့်မြင့် ပြိတ္တာများ ဘဝသို့ ရောက်သွားကြသည်။

ယင်းထပ်မံအလှူတွင် ဘုရားရှင်က အမျှအတန်းပေးဝေစေရုံမျှမက သူ့ဆွေမျိုး ပြိတ္တာများကို မြင်စေရန် တန်ခိုးတော်ဖြင့်ပြ၍ ဗိမ္ဗိသာရနှင့်ပရိသတ်များ ပြိတ္တာတို့ကို တွေ့မြင်ရသည်။ ပရလောကသားတို့ကို လူအများမြင်ခွင့်ရသော ကြုံတောင့်ကြုံခဲ အတွေ့အကြုံတစ်ရပ်ပင်ဖြစ်၏။

ယင်းအကြောင်းရပ်သည် သာသနာတော်ဝန်းကျင်သို့ ပျံ့နှံ့သွားသောအခါ အလှူလုပ်တိုင်း မျက်မှောက်လောကကိုသာမက ပရလောကသားတို့ကိုလည်း အမျှအတန်း ပေးဝေကြလေတော့သည်။

ပတ္တာနုမောဒနခေါ် အမျှအတန်းကို သာဓုအနုမောဒနာအဖြစ်ခံယူရာ၌ ပြိတ္တာ၊ တစ္ဆေတို့သာမက အခြားသော ပရလောကသားများလည်း ပါဝင်သည်။ သူတို့သည် သာဓုအနုမောဒနာကို ခံခွင့်ကြုံလျှင် ခံယူကြသည်သာဖြစ်၏။ ယင်းသို့ ခံယူခြင်းကြောင့် သူတို့မှာလည်း အကျိုးများ၍ အလှူရှင်မှာလည်း အကျိုးပွားသည်။

သာဓုကအားဖြင့် အကျိုးပွားစေသော ထင်ထင်ရှားရှား အကြောင်းတစ်ရပ်မှာ ယမမင်းခေါ် ငရဲမင်းကြီးကို အမျှအတန်းပေးဝေခြင်းပင်ဖြစ်၏။

အမှတ်အသားကောင်း၍ ကရုဏာရှင်တစ်ဦးဖြစ်သော ယမမင်းသည် အလှူရှင်များ၏ အမျှပေးဝေမှုကို မလွတ်တမ်းခံယူရုံမျှမက တေးမှတ်၍ထားပြီးလျှင် ထိုသူကို

www.burmeseclassic.com

www.burmeseclassic.com



ကယ်တင်ခွင့်ကြုံခဲ့သော် – ကယ်တင်လေ့ရှိ၏။ ရှိဟန်ကား သတ္တဝါတို့ကွယ်လွန်သောအခါ ထိုသူ၏ ကောင်းမှု မကောင်းမှုအရ သုဂတိခေါ် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့သို့ တိုက်ရိုက်ရောက်သည်လည်းရှိ၍၊ အဇာတသတ်၊ ဒေဝဒတ်တို့လို ငရဲအိုးတိုက်ရိုက် စောက်ထိုးဆင်းရသူများလည်းရှိ၏။

သို့သော် – ကုသိုလ်ကလည်း မများတများ၊ အကုသိုလ်ကလည်း မပွားတပွား၊ စကောစက ပုဂ္ဂိုလ်များမှာ ငရဲသို့ တိုက်ရိုက်မကျဘဲ ယမမင်းအထံသို့ ရောက်လာတတ်သည်။ ထိုအခါ ယမမင်းက ထိုသူ၏ ကောင်းမှု မကောင်းမှုများကို စစ်ဆေး၍ ငရဲသို့ အပို့ခံရသူရှိသကဲ့သို့ ငရဲမှ လွတ်မြောက်သွားခွင့်ကြုံသူလည်းရှိသည်။ ကြုံဟန်ကား ငရဲဘုံအထိတ်တလန့်တို့ကြောင့် ထိုသူမေ့လျော့နေခဲ့သော် – ထိုသူ၏ အမှတ်မထင် ပြုခဲ့သော ကောင်းမှုကုသိုလ် အရပ်ရပ်၌ ယမမင်းအား အမျှအတန်းပေးဝေထားခဲ့ပါသော်၊ ထိုသူ သတိမရသော်လည်း အမှတ်အသားကောင်းသော ယမမင်းက ထုတ်ဖော်ပြော၍ ငရဲမှ ကယ်တင်ပေးလေ့ရှိခြင်းပင် ဖြစ်လေသည်။ ဤသည်ကား သေမင်းတမန်ခေါ် ဒေဝဒူတသုတ်တော်အရ အတိအလင်း ဟောကြားညွှန်ပြချက်ပင် ဖြစ်ပေ၏။

ဤသည်တို့ကို သိရှိကြားနာထားကြရသော သာဝတ္ထိပြည်သူပြည်သားတို့ ကလည်း အလှူဒါနတစ်ခုခုပြုလုပ်ပြီးဆိုလျှင် တစ္ဆေမကလေးတို့လို ပရလောကသားများ အတွက် တစ်သီးတစ်သန့်ကျွေးမွေး အမျှအတန်းပေးဝေလေ့ရှိကြရာ၊ ဇေတဝန်သည် တစ္ဆေမလေးတို့အတွက် မှီခိုရာ လဲလျောင်းရာဖြစ်လာရ၏။

ယနေ့တွင်လည်း တစ္ဆေမလေးသည် သားသမီးနှစ်ယောက်နှင့်အတူ ဇေတဝန်သို့ အစာရှာရောက်သွားသောအခါ လူအများစုဝေးနေကြသည်ကို တွေ့ရ၍ ကေန္တ အလှူဒါန ပြုလုပ်နေပြီဟု ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။

ယင်းလူစုလူဝေးရှိရာသို့ သူထက်ငါသာ အစာအာဟာရ ရနိုးနိုးဖြင့် ချဉ်းကပ် လိုက်သောအခါ အစာအာဟာရလှူဒါန်းနေခြင်းမဟုတ်။ အလှူကိစ္စပြီး၍ ဘုရားရှင်၏ ဆွမ်းအနုမောဒနာတရားဟောကြားသည်ကို ကြားနာနေကြခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

အသိဉာဏ်ရှိသော တစ္ဆေမကလေးအဖို့ ဇေတဝန်သို့ အခေါက်ပေါင်းများစွာ ရောက်ခဲ့သော်လည်း ဘုရားရှင်တရားဟောသည်နှင့်မူ ကြုံကြိုက်ခဲလှ၏။ ယခုသော် မခေါ်ပင့်ချေ ဆိုလေသကဲ့သို့ တရားပွဲနှင့် ပက်ပင်တိုးသောအခါ မိမိသည်လည်း ကြုံတောင့်ကြုံခိုက် တရားနာလိုသည့်ဆန္ဒ ပေါ်ပေါက်လာသောကြောင့် ပရိသတ်အတွင်းသို့ ဝင်လိုက်သည်။

ဘုရားရှင်၏ အသံတော်ဟူသည် ထူးခြားလှသည့်အကြောင်းကိုမူ အထူး ပြောဖွယ်မလို၊ သို့သော် – ထူးခြားခြင်းနှင့်အတူ ထူးဆန်းသည်ကလည်း ရှိသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသည်ကား ဘုရားရှင်၏ အသံတော်ဟူသည် တရားနာပရိသတ်အတွင်းသို့ မဝင်ရောက်ခဲ့သော် အဘယ်မျှ နီးစပ်နေသည်ဆိုစေ အသံတော်တစ်စုံတစ်ရာကို မကြား မနာရဘဲ တရားနာပရိသတ်နှင့် တစပ်တည်းဖြစ်သောအခါ၌မူ တောတောင်ရေမြေ အဘယ်မျှခြား၍နေပါစေ ကြားနာရခြင်းပင်ဖြစ်၏။

ဤသည်ကား ၁။ သန့်ရှင်းစင်ကြယ်ခြင်း၊ ၂။ သာယာခြင်း၊ ၃။ သိလွယ်ခြင်း၊ ၄။ နာချင်ဖွယ်ရှိခြင်း၊ ၅။ ပြန့်ပြောခြင်း၊ ၆။ တစ်စည်းတစ်လုံးတည်းရှိခြင်း၊ ၇။ နက်နဲခြင်း၊ ၈။ ပဲ့တင်ထပ်ခြင်း ဟူသော ဘုရားရှင်၏ အသံဂုဏ်တော် ရှစ်ပါးအနက် တစ်စည်းတစ်လုံးတည်း ရှိခြင်းဟူသော ဂုဏ်တော်ထူးဖြစ်ပေ၏။

ယင်းသို့ဖြင့် တရားနာပရိသတ်အတွင်းသို့ ဝင်လိုက်မိသောအခါ မကြုံဖူးလောက် အောင်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်ရ၏။ အကြောင်းမှာ ဘုရားရှင်က မိမိကိုသာ ရှုစား၍ တရားဟောနေသည်ကို တွေ့ရသောကြောင့်ဖြစ်ပေသည်။ ဘုရားရှင်၏ တရားတော် ဟူသည် ကြားနာသော ပရိသတ်တိုင်းက မိမိကိုသာ ဟောပြောနေသည်ဟု ထင်ရမြဲ ဖြစ်သည်။ ဤသည်လည်း ဘုရားရှင်၏ နှစ်လိုအပ်သော တန်ခိုးတော်၊ ဂုဏ်တော် တစ်ရပ်ပင် ဖြစ်လေ၏။

တစ္ဆေမလေး သုသုအဖို့ မိမိအမြဲလာရောက်နေကျဖြစ်သော ဇေတဝန်မှ ဘုရားရှင်၏ ဂုဏ်သတင်းများကို တစ်ဆင့်စကား ကြားသိခဲ့သည်သာဖြစ်ပါ၏။ သို့ရာတွင် ယခုကဲ့သို့ တွေတွေတင်တင် ဖူးမြင်ခွင့် မကြုံဖူးခဲ့။ တရားတော်ကိုလည်း မနာကြားဖူးခဲ့။ ယခုသော် အခွင့်တော်လှပေစွဟူသော ဝမ်းမြောက်မှုစိတ်ဖြင့် တရားတော်ကို ဂရုတစိုက် နာကြားသည်။

ဘုရားရှင်ဟောခိုက်တရားမှာ နက်နဲလှစွာသော နိဗ္ဗာန်တရားတော်ပင်ဖြစ်ပေ၏။ နက်နဲသောကြောင့် ဂရုတစိုက်နာကြားသည်။ ဆင်းရဲခပ်သိမ်းတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဟူသည် သကြားဖုံးထားသော လောကီစည်းစိမ်ကို ချမ်းသာထင်နေကြသော စည်းစိမ်ရှင်များထက် ဆင်းရဲကိုယ်တွေ့ရှိသူများက ပို၍သဘောပေါက်၊ ပို၍နှစ်လို၊ ပို၍နာယူလိုကြသည်။

နာယူနိုင်သည့် နားလည်းရှိသော ဒုက္ခသည် တစ္ဆေမကလေးအဖို့ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်တရားတော်နှင့် ပက်ပင်းတိုးလျက်ရှိနေပေပြီ။ အကြင်မျှလောက် ဆင်းရဲကိုသိ၏။ ထိုမျှလောက် နိဗ္ဗာန်နှင့်နီးစပ်၏။

ခက်သည်ကား အစာဆာလှပြီဖြစ်သော သားသမီးကလေးများက "အမေ့၊ ကျွန်တော်တို့ဆာလှပြီ၊ အစာရှာထွက်ပါတော့"ဟု နံဘေးမှ တစ်စာစာပူဆာနေကြခြင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် တရားနာရင်းတစ်ဘက်နှင့်ပင် ကလေးများကို လှည့်၍ ချော့ရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



''လူကလေးတို့၊ အမေတရားနာနေတယ်၊ ခဏလေးလောက် ငြိမ်ငြိမ်နေကြပါကွယ်၊ တရားတော်က သိပ်ကောင်းတာပဲ၊ ဒီတရားမျိုး နာရဖို့ခဲယဉ်းပါတယ်၊ ငြိမ်ငြိမ်နေကြပါနော်''

''ကျွန်တော်တို့ ထမင်းဆာလို့ပါအမေ''

''ပြီးတော့ ရှာပေးမှာပေါ့ကွယ်၊ ခဏလေးငြိမ်ငြိမ်နေကြပါ၊ မင်းတို့ကို ချစ်ပါတယ်၊ ဒီလိုတရားမျိုး နာရခဲ ကြုံရခဲလို့ပါ''

မိခင်၏ တောင်းပန်ချော့မော့ချက်အရ ပုနဗ္ဗသုကလေးတို့ ငြိမ်သွား၏။ အကြောင်းမှာ သူကိုယ်တိုင်ကလည်း သိတတ်နာယူတတ်သူများ ဖြစ်ကြသည်။ မိခင်နှင့်အတူ တရားတော်ကို နာယူကြသည်။ အဖြေကား ဘုရားရှင်က သစ္စာလေးပါးဖြင့် အချောသပ်လိုက်သောအခါ တစ္ဆေမကလေးတို့ သားအမိသုံးယောက်စလုံးပင် သောတာပန်ဖြစ်သွားကြခြင်း ဖြစ်သည်။

ထို့ထက်အဖြေကား တစ္ဆေပြိတ္တာဘဝမှ လွတ်မြောက်၍ အဘက်ဘက်တွင် ပြည့်စုံသော နတ်မိမယ်၊ နတ်ကောင်း နတ်မြတ်များ အဖြစ်သို့ ရုတ်ခြည်းကူးပြောင်းသွားကြခြင်းပင် ဖြစ်ပေသည်။

ပြောကြချင်
လောကတွင် တစ္ဆေရှိသတဲ့
ဆွေသိရဲ့လား။

သိပါချင်
ရှိပါလျှင် တစ္ဆေဆိုတဲ့
သည့်ပုဂ္ဂိုလ် ကောင်သရုပ်ကို
ကျမ်းအုပ်လို့ကြား။

ပြောပြချင်
လောကတွင် တစ္ဆေရှိသည်ဟု
နှံ့သိကျော်ကြား။

မျိုးထူးထွေ သည့်တစ္ဆေ ရှိသည်ဟုတ်ပါဘူး။
ဖြေဖုတ်ကို တစ္ဆေ ပြောကြတယ် လောကလူများ။

နေရယံကာ တိရစ္ဆာနာ
ပေတာ ဒေဝါစ မနုဿာ
ဂတိယော ပဥ္စနိဒ္ဒိဋ္ဌာ
ပဥ္စဓာ ဂတိဘေဒနာ –

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍သော ဇိနာလင်္ကာရဋီကာ စသည်တို့နှင့်အညီ ဤဂဝိငါးပါးမှ ထူးပြား၍ တစ္ဆေမျိုး တစ်ခုရှိသည်မဟုတ်။ မြေဖုတ်ပြိတ္တာကိုသာလျှင် ခြိမ်းခြောက် တတ်သောကြောင့် တဇ္ဇေတိ ဟူသော သဒ္ဒါကိုစွဲ၍ တဇ္ဇေ – ဟု ခေါ်ဝေါ်ကြသည်။ထိုတဇ္ဇေကိုပင်လျှင် ကာလမြင့်၍ တစ္ဆေ – ဟုခေါ်ကြသည်။

ခြိမ်းခြောက်သည်ဟူသည်လည်း ကိုယ်ထင်ပြခြင်း၊ ညည်းညူခြင်း၊ အနံ့ပေးခြင်း၊ ကြောက်အောင်ပြုခြင်း၊ ပူးဝင်ခြင်းကို ပြုခြင်းပင်တည်း။ ဤကိုယ်ထင်ပြခြင်း စသည်ကိုလည်း ကင်္ခါဝိတရဏီ ဒုတိယ ပါရာဇိကအဘိနဝဋီကာ ပုံသဏ္ဍာန်ကောက်သော ရဟန်းဝတ္ထု၊ ထိုမှတစ်ပါး ပေတဝတ္ထု၌ လာသော ဝတ္ထု ''ယက္ခာ ပိသာစာ အထဝါပိ ပေတာ၊ ကုပိတာ ပိတေ အသုသန္တိ မနုဿေ''ဟူသော အယောဃရဇာတ်တို့ကို ထောက်၍ သိအပ်၏။ ။

(မန်လည်အမေး မင်းကွန်းအဖြေ၊ သတပဒီကပုစ္ဆာဝိသဇ္ဇနာ ကျမ်းအပိုဒ် ၆၆)

www.burmeseclassic.com

www.burmeseclassic.com



# ယမင်းရုပ်ကလေး

[ ၁ ]

ဆွမ်းသွတ်ခြင်းဟူသည် မိဘမောင်ဖွားအိမ်သားတစ်ဦးဦး ကွယ်လွန်လျှင် ထိုသူ ကောင်းရာသုဂတိသို့ ရောက်ပါစေကြောင်း ရည်မှန်း၍ ဘုရားရှင်နှင့် သံဃာတော်များသို့ ဆွမ်းလှူ၊ ဆွမ်းကျွေးပွဲ ပြုလုပ်ခြင်းဟု ဗုဒ္ဓဘာသာဝင်အများနားလည် ထားကြသည်။ စာသံ – ပေသံနှင့်ဆိုလျှင် 'မတကဘတ္တ'သေသူအတွက် ရည်မှန်း လှူဒါန်းသော ဆွမ်းဟုခေါ်၏။ သို့ရာတွင် သေသူ မရှိပါဘဲလျက်နှင့် ဘဝတစ်ပါး ပြောင်းသွားလေသူသို့ဟု ရည်မှန်း၍ ပြုလုပ်သော ဆွမ်းကျွေးပွဲကြီးတစ်ရပ်သည် ဘုရားရှင် လက်ထက်တော်၌ ထူးထူးခြားခြားရှိနေခဲ့ဖူး၏။ သာမန် တစ်နေ့တစ်ရက် အလှူပွဲမျှ မဟုတ်၊ နှစ်လတိုင်တိုင် စဉ်ဆက်မပြတ် အုန်းအုန်းကျက်ကျက် အပြိုင်အဆိုင် ပြုလုပ်အပ်သော ဆွမ်းကျွေး ဆွမ်းလှူပွဲကြီးများဖြစ်သည်။

ယင်းအလှူပွဲကြီးများသည် ယမင်းရုပ်ကလေး တစ်ရုပ်ကို အခြေခံသတည်း။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

သာသနာတော်နှင့်စပ်၍ သာဝတ္ထိတွင် ဝိသာခါနှင့်အနာထပိဏ်ဟု အလှူဒါန ရက်ရောမှု၌ဖြစ်စေ၊ ပစ္စည်းခနကြွယ်ဝမှုအားဖြင့်ဖြစ်စေ တမင်မပြိုင်သော်လည်း ပြိုင်သည့်အလား ပြောကြား စာရင်းထိုးကြလေသည်။ သို့သော် ဘဝပါရမီအရ အနာထပိဏ်က ဝိသာခါကို လိုက်မမီသောအကြောင်းတစ်ရပ်မှာ သား၊ သမီး၊ မြေး၊ မြစ် အခြံအရံ ပေါသည့်နေရာတွင် ဖြစ်၏။

ဝိသာခါတွင် သားတွေ တစ်ပြုံကြီး၊ သမီးတွေ တစ်လှေကြီး၊ မြေးတွေ တစ်ထွေးကြီးဟုဆိုရလောက်အောင် အခြွေအရံတွေပေါက်ဖွား အကျိုးပေး များသလောက် အနာထပိဏ်တွင်ကား နည်းပါးလှသည်။ သမီးကြီးနှစ်ယောက် မဟာသုဘဒ္ဒါနှင့် စူဠသုဘဒ္ဒါ၊ သားကြီး မဟာကာလတစ်ယောက်၊ သူ့အောက် သမီးငယ် သုမနဒေဝီ၊ ဤမျှသာ စာရင်းပေါက်သည်။ ဤမျှတွင်ပင် တစ်အိမ်လုံး အချစ်တော် သမီးငယ် သုမနဒေဝီကလေး ကွယ်လွန်သွားပြန်သောအခါ ရှင်နည်းရာအဂ္ဂလူထွက် ဖြစ်ရပြန်သည်။

သား၊ သမီး၊ မြေး၊ မြစ် အရေအတွက်အားဖြင့် ဝိသာခါတို့ကို မပြိုင်နိုင်သော်လည်း အနာထပိဏ်တို့ဘက်မှ ပြိုင်နိုင်သော အကြောင်းတစ်ရပ်ရှိ၏။ ယင်းသည်ကား တရားရေးတွင်ပင် ဖြစ်ပေသည်။

ဇနီးသီရသုမနနှင့် မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါသမီးနှစ်ယောက်တို့သည် ဖခင်ကြီး၏ ကြီးမားသော ဂုဏ်ကို မလွှမ်းနိုင်သောကြောင့် ဝိသာခါတို့လို မကျော်ကြားသော်လည်း ဇေတဝန်ကျောင်းဆောက်လုပ်သည့်ကိစ္စမှစ၍ ဖခင်ကြီး၏ အလှူကိစ္စမှန်သမျှတွင် အမျိုးသမီးတို့ဆိုင်ရာ ပါဝင်ဆောင်ရွက်မှုများဖြင့် ရှေ့တန်းမှ ပါဝင်ခဲ့ကြသည်ချည်းဖြစ်သည်။

ဝိသာခါ၏ သား သာဠဆိုသောအကောင်က မိဘပစ္စည်းရှိန်၊ ဂုဏ်ရှိန်နှင့် ခပ်ဆိုးဆိုးဖြစ်သည်။ မိန်းမကိစ္စများ စီကနဲ ညံကနဲကြားရတတ်သည်။ သာမန်အရပ်သူများကို ထားဦးတော့၊ ဘိက္ခုနီမများအတွင်းသို့ပင် သွား၍ရှုပ်သူဖြစ်သည်။ (ဗုဒ္ဓစာပန်းချီ "သုန္ဒရီ" ဝတ္ထု)

အနာထပိဏ်၏သား ကာလသတို့သားကတော့ ပထမတွင် လူငယ်ပီပီ အပေါင်းအသင်းစုံ၍ ခပ်ဆိုးဆိုးဖြစ်ခဲ့သော်လည်း ဖခင်ကြီး တစ်ကြိမ်ဆုံးမရုံမျှဖြင့် အကျွတ်တရားရကာ သောတာပန်အဆင့်သို့ပင် ရောက်လာသူဖြစ်သည်။ (ဗုဒ္ဓစာပန်းချီ "သားဆိုးကို ချွတ်သူ" ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



သမီးလိမ္မာကလေး သုမနဒေဝီကမူ သောတာပန် ဖခင်ကြီးထက်ပင် တစ်ဆင့်မြင့်တက်၍ သကဒါဂါမိဖိုလ်သို့ပင် ရောက်ခဲ့သူဖြစ်ကြောင်း သူကွယ်လွန်သောအခါမှ ဘုရားရှင်ကိုယ်တော်တိုင် ဖွင့်ဖော်မိန့်ကြားခဲ့ရသူ ဖြစ်၏။ (''မောင်ကလေး အနာထပိဏ်'' ဝတ္ထု)

ယင်းသို့ဖြင့် အရေအတွက်အားဖြင့် မသာသော်လည်း အရည်အချင်းအားဖြင့်မူ မိမိအိမ်တွင် ထင်ထင်ရှားရှားသောတာပန်နှစ်ယောက်၊ ဝိသာခါထက်ပင် အဆင့်မြင့်သော သကဒါဂါမ်တစ်ယောက်ရှိသည်ဟု ကျိတ်၍ ဂုဏ်ယူသည်။

ယင်းသို့လျှင် သာဝတ္ထိသာသနာတော်တွင် ဖွင့်ထုတ်၍ မပြိုင်သော်လည်း အလှူချင်း၊ စေတနာချင်း၊ တရားရေးရာချင်း ကျိတ်၍ပြိုင်နေကြသည်။ ဤအတွင်း ကောသလဘုရင်ကပါ သာသနာတော်သို့ပို၍ ကိုင်းညွတ်လာကာ ရာဇကာရုံကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်း၍ ဘုရားရှင်နှင့် သံဃာတော်များကို မိမိဘက်သို့ ပါအောင် ဆွဲဆောင်လှူဒါန်းခြင်း၊ ဝိသာခါကလည်း ယခင်ကလို ရိုးရိုးအလှူမျှမက ပုဗ္ဗာရုံကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခြင်းတို့ဖြင့် အပြိုင်အဆိုင် ကိုးကွယ်လာကြသောအခါ အလှူဒါယကာများအဖို့ ဘုရားရှင်နှင့် သံဃာတော်များ၊ အထူးသဖြင့် ဘုရားရှင်ကိုယ်တော်တိုင်ကို မိမိတို့အလှူသို့ အလှည့်ပေးအခွင့်သာစေရန် ရေးကာထက်အာရုံပြု ကြိုးပမ်းလာကြသည်။

ယင်းသို့ဖြင့် သူ့အလှည့်ကြုံသည်လည်းရှိ၏။ ကိုယ့်အလှည့်ကြုံသည်လည်း ရှိ၏။ ယင်းသို့ကြိုးပမ်းခိုက်မှာပင် အနာထပိဏ်အဖို့ မခေါ်ပင့်ချေဆိုသလို ဘုရားရှင်ကိုယ်တော်တိုင်အား ဆွမ်းအလှူပွဲကြီးများ ဆက်တိုက်ပြုလုပ်ဖို့ အခွင့်ကောင်းကြီးတစ်ရပ် ကြုံကြိုက်လာပေသည်။

[ ၃ ]

သမီးချစ်ကလေးသုမနဒေဝီ ကွယ်လွန်သွားသောကြောင့် အနာထပိဏ်အဖို့ လက်ကသုံးတောင်ဝေး အိမ်တွင်းအဖော်ကင်းမဲ့ခဲ့သော်လည်း မကြာမီမှာပင် သမီးကြီး မဟာသုဘဒ္ဒါမှ မြေးကလေးတစ်ယောက် ထွန်းပေါက်လာသောအခါ ပျော်မွေ့ရာ ဖြစ်လာပြန်၏။ မြေးမကလေးမှာ မွေးစကပင် ဝါဝါဝင်းဝင်း စင်စင်ကြယ်ကြယ်နှင့် တစ်နေ့တစ်ခြား အလှတိုးကာ အလှတုံး အလှခဲကလေးဖြစ်သောကြောင့် ဝဏ္ဏဒေဝီ မယ်ဝဏ္ဏာဟု အနာထပိဏ်ကိုယ်တိုင် အမည်ပေးလိုက်သည်။ မြေးမကလေးတစ်နေ့တစ်ခြား ကြီးထွားလာသည်နှင့်အမျှ အနာထပိဏ်အဖို့ မြေးအနီးမှခွာသည်ဟူ၍ မရှိတော့ဘဲ ကျောင်းကို

www.burmeseclassic.com



ကိစ္စမှအပ အပြင်အပသို့ အထွက်နည်းကာ ဦးအိမ်မြဲကြီးဖြစ်လာသည်။ ဘိုးဘွားတို့ မေတ္တာနှင့်ပတ်သက်၍ သားသမီးအချစ် မြေးအနှစ်ဟု ဆိုသည်မဟုတ်လော။

မြေးမကလေးကိုအကြောင်းပြု၍ ဗြာဟ္မဏတို့၏ ရှေးထုံးစဉ်လာ လောကီမင်္ဂလာ နည်းလမ်းများကို အခြေခံကာ ဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းကျွေး၊ ဆွမ်းလှူ ပွဲကြီးများဖြင့် ဦးတည်၍ မင်္ဂလာပွဲကြီးများ ပြုလုပ်သည်မှာလည်း ဆက်၍နေ၏။

မွေးသည့်နေ့မှာပင် ဝိဇာတမင်္ဂလာပွဲပြုလုပ်သည်။ မွေး၍ သုံးရက်မြောက်နေ့တွင် ရတနာသုံးပါးနှင့် ဘိုးဘွားမိဘများကို မြေးနီတာရဲလေးက ရှိခိုးပူဇော်ပွဲဟူသော အထိမ်းအမှတ်ဖြင့် မုခဒဿန မင်္ဂလာပွဲပြုလုပ်သည်။ ခုနစ်ရက်မြောက်နေ့၌ ဆံရိတ်ခြင်း ကေသစ္ဆေဒ မင်္ဂလာပွဲပြုလုပ်သည်။ ထို့နောက်တွင်မူ ပုခက်ယောင်တင်သော ဒေါလာကရဏ မင်္ဂလာပွဲ ပြုလုပ်သည်။

ဤပုခက်တင်ပွဲမှာ အခြားမင်္ဂလာပွဲများထက် ကြီးကျယ်၏။ အကြောင်းမှာ သာယာငြိမ့်ညောင်းသော မင်္ဂလာသီချင်းဂီတများဖြင့် မြေးမကလေးကို ပုခက်တင်ကာ ယောင်ကျူးစေသော ပွဲဖြစ်ရာ ဤကိစ္စတွင် ကျွမ်းကျင်သော ကဗျာဆရာ၊ ဂီတဆရာများ၊ အဆိုတော် – အချေ့ာတော်များ၊ စောင်းငြင်းပတ်သာ တူရိယာများ၊ အကအပြသမားများ ပါရှိလာသောကြောင့်ဖြစ်၏။

ဖွားသည်မှ နောက် ၇၅ ရက်မြောက်သောနေ့တွင် မြေးမကလေး ကွမ်းမစားတတ်သေးသော်လည်း အမူအရာအားဖြင့် ကွမ်းဦးခွံ့ခြင်းဟုဆိုအပ်သော တမ္ဗူလပဌမင်္ဂလာပွဲလုပ်သည်။ အစဉ်အလာ ဗြာဟ္မဏတို့ အယူအားဖြင့် အရေးကြီးသော မင်္ဂလာပွဲပင်ဖြစ်လေသည်။ အကြောင်းမှုကား ကွမ်းရွက်တိုင်း၏အလယ်တွင် မင်္ဂလာရှိသော ကုဝေရနတ်မင်းကြီးစောင့်သည်ဟု နီတိကျမ်းများက ညွှန်ပြထားကြ၏။ ထို့ကြောင့်လည်း ဗြာဟ္မဏနှင့် ကွမ်း၊ ကွမ်းနှင့် ဗြာဟ္မဏတို့မှာ ယနေ့ခေတ်တိုင်အောင် လုံးထွေးရောယှက်၍ နေသည်မဟုတ်ပါလော။

ထို့နောက် သုံးလမြောက်သောနေ့တွင် မြေးကလေးအား နေနှင့်လတို့ကို ပြသကြည့်ရှုစေအပ်သော နဝိန္ဒုဒဿန မင်္ဂလာပြုလုပ်သည်။ ရက်ပေါင်း ၁၀၀ ပြည့် မြောက်သောနေ့တွင် အမည်သညာ မှည့်ခေါ်သော နာမကရဏ မင်္ဂလာပွဲပြုလုပ်သည်။ ဤပွဲတွင် ဝေဒပညာရှင်တို့ ပါဝင်၍ ဗေဒင်ကိန်းခန်းအရ အမည်နာမမှည့်ခေါ်သော်လည်း ယင်းအမည်မှာ ဇာတာမှတ်တမ်းတွင်သာရှိစေ၍ အိမ်သားတို့ အကာယ်မှည့်ခေါ်သော အမည်မှာမူ ဘိုးအေကြီး၏ အကြိုက်မယ်ဝဏ္ဏ၊ ဝဏ္ဏဒေဝီဟူသာတွင်သည်။ ဤနည်းဖြင့် မြောက်မြားစွာသော ဇာတာပိုင်ရှင်သမားတို့သည် ဝေဒဆရာတို့က ဇာတာတွင် မှည့်ခေါ်

www.burmeseclassic.com



ရေးမှတ်ထားသည်က တစ်မျိုး၊ မိမိတို့စိတ်ကြိုက် အကယ်မှည့်ခေါ်သည်က တစ်မျိုး ဖြစ်နေကြသည် မဟုတ်ပါလော။

ခြောက်လမြောက်သောအခါတွင် ထမင်းဦးခွံခြင်း ပထမဘတ္တာမင်္ဂလာပွဲပြုလုပ်၍ သျှောင်ပေစူးလေး အတော်မြင့်တက်လာကာ ရွှေကြိုးငွေကြိုးတို့ဖြင့် ထုံး၍ ဖွဲ့၍ရလာသော အချိန်တွင်မှ "ဥသျှောင်ထုံး" မင်္ဂလာဟူသော ကေသဗန္ဓနမင်္ဂလာပွဲ ပြုလုပ်သည်။

ယင်းသို့ဖြင့် လောကီမင်္ဂလာ ၁၂ ပါးရှိသည့်အနက်၊ ပြေးတတ်၊ လွှားတတ်၊ ဆော့ကစားတတ်သည့်အရွယ်သို့ရောက်လာသော ယနေ့အချိန်အထိမှ ဆယ်ခုမြောက် မင်္ဂလာအဖြစ် ကဏ္ဏဝိဇ္ဈနနားထွင်းမင်္ဂလာပွဲပင် ပြုလုပ်ပြီးပြီဖြစ်၏။ ဤပွဲမှာလည်း မြေးကလေး၏ ကစားဖော် ကစားဖက်တွေ တစ်စုတစ်ဝေး ပရိသတ်အမြောက်အများနှင့် ပွဲကြီးယင်သောပွဲပင်ဖြစ်၏။ အချိန်အခါ မကျရောက်သေးသဖြင့် မပြုလုပ်ရသေးသော ပဗ္ဗဇ္ဇမင်္ဂလာပွဲနှင့် စုလျားနားစပ် လက်ထပ်ထိမ်းမြားမှုဟူသော အာဝါဟဝိဝါဟ မင်္ဂလာပွဲနှစ်ခုသာ ကျန်တော့သည်။

သားယောက်ျားကလေးမဟုတ်၍ ရှင်ပြုရဟန်းခံ ပဗ္ဗဇ္ဇမင်္ဂလာပွဲဆင်နွှဲနိုင်ခွင့် ရှိပါသလောဟု စောကြောရန်ရှိ၏။ အကြောင်းမှာ အမျိုးသမီးနှင့် သာသနတော်တို့ ပဗ္ဗဇ္ဇမင်္ဂလာအစပ်ကွာလာခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်သောကြောင့် ရှင်ပြုရဟန်းခံ ဟူသည်မှာ အမျိုးသားများနှင့်သာ သက်ဆိုင်လေတော့သယောင် စွဲမှတ်လာခဲ့မိသော ကြောင့်ဖြစ်၏။

ဘုရားရှင်လက်ထက်တော်ကမူ အမျိုးသမီး ကြီး-ငယ်တို့အတွက်လည်း ပဗ္ဗဇ္ဇမင်္ဂလာဆင်နွှဲနိုင်ကြသည်သာဖြစ်၏။ အကြောင်းမှာ မိထွေးတော်ဂေါတမီ၏ ကျေးဇူးကြောင့် အမျိုးသမီးတို့အတွက် ဘိက္ခုနီသာသနာပွင့်လမ်းခဲ့ပေရာ၊ ပဗ္ဗဇ္ဇမင်္ဂလာပွဲ ဆင်နွှဲ၍ ဘိက္ခုနီကျောင်းတော်များသို့ အမျိုးသမီး သာမဏေ သိက္ခမာန်၊ အမျိုးသမီး ရဟန်းအဖြစ် ဝင်ရောက်နိုင်ကြသည်။ ယင်းသို့ဖြင့် ပဗ္ဗဇ္ဇမင်္ဂလာသည် ဘုရားရှင်လက်ထက် မှစ၍ နောက်ပိုင်းနှစ်ပရိစ္ဆေဒ အတန်ကြာမြင့်သည်အထိ အမျိုးသမီးများနှင့်လည်း သက်ဆိုင်ခဲ့လေသည်။

ဘုရားရှင်နှင့် သံဃာတော်များကို ဆွမ်းကပ် ဆွမ်းကျွေး အလှူဟူသည်ကား မင်္ဂလာပွဲတိုင်းတွင် ရှေ့တန်းတင်အပ်သော မပါမပြီး အလှူဖြစ်၏။ အနာထပိဏ်အဖို့ မြေးချစ်ကလေးကို အရေးပေးခြင်းလည်းဖြစ်၍ ဘုရားရှင်အား ဆွမ်းလှူခွင့်ရရန် စီမံဖန်တီးခြင်းဟုလည်း ဆိုနိုင်၏။ ဘုရားရှင်ကလည်း ဤမြေးကလေးနှင့်ပတ်သက်၍ နောက်ပိုင်းတွင် ထူးခြားပြန့်ပွားလာမည့် အလှူဒါနများ၊ တိုးပွားလာမည့် တရားအရေး

www.burmeseclassic.com



များကို အနာဂတံသရွှေဉာဏ်တော်ဖြင့် မြင်တော်မူသည့်အတိုင်း အနာထပိဏ်စီမံပင့်လျှောက်သမျှကို သည်းခံလိုက်လျှောတော် မူခဲ့ပေသည်။

[ ၃ ]

ဒေါလာကရဏာ ပုခက်တင် ယေင်ပွဲပြုလုပ်စဉ်ကပင် မြေးမကလေး၏ အမေပွားအဖြစ် အထိန်းတော်ကြီး ဒေါ်သီရိကိုခန့်အပ်ခဲ့ပြီးဖြစ်၏။ အကြောင်းမှာ ဘိုး၊ ဘွား၊ မိဘ၊ အိမ်သူအိမ်သားများက မြေးကလေးကို အဘယ်မျှ ယုယအရေးပေး ဂရုစိုက်ကြသည် ဆိုစေကာမူ အခြားလူမှုရေးထွေလာကိစ္စများကြောင့် လစ်ဟင်းမည့်အချိန်များ ရှိကြမည် ဖြစ်ရာ၊ ယင်းအချိန်များတွင်ရော လိုအပ်သမျှအချိန်များတွင်ပါ ဒေါ်သီရိက နေ့ရောညပါ ရင်အုပ်မကွာ ထိန်းယပြုစုရန်ဖြစ်၏။

ဒေါ်သီရိမှာ အနာထပိဏ်၏ အတွင်းနေ အိမ်သားတစ်ဦးဖြစ်၍ ရုပ်ရည်သန့်ပြန့် ရည်မွန်သည်။ အနာထပိဏ်၏ သားသမီးများကို ထိန်းသိမ်းလာခဲ့သူဖြစ်သည်။ ကလေးတို့၏ အလိုက်ကိုသိ၍ ကလေးတို့၏ဖွဲ့မျိုးကို ခံနိုင်သူဖြစ်သည်။ အထူးသဖြင့် ယခုမြေးမကလေးတို့လို သမီးမိန်းကလေးများကို ထိန်းသိမ်းယုယရာ၌ ပို၍လိုက်ဖက်သည်။ အကြောင်းမှာမိန်းကလေးတို့အကြိုက် အိုးပုတ်၊ ချိုးရုပ်၊ ဖိုးဝရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်၊ ယောက်ျားကလေးရုပ်၊ မိန်းကလေးရုပ်များကို ပြုလုပ်ရာ၌ လက်ရာ မြောက်လှသူဖြစ်သည်။ ယင်းအရုပ်ကလေးများမှာ မယ်ဝဏ္ဏာ၏ ဝန်းကျင်တွင် ဝိုင်းဝိုင်း လည်လျက်ရှိကြ၏။

သို့သော် မယ်ဝဏ္ဏာကလေးက တစ်အိမ်လုံးအရေးပေးထားသူလည်းဖြစ်၊ ပင်ကိုစိတ်ကလည်းထက်သောကြောင့် အတော်ဆိုးသူလေးဖြစ်သည်။ စိတ်မထင်လျှင် အမျိုးသမီးပုံ ယမင်းရုပ်ကလေးများမှအပ ဆင်ရုပ်၊ မြင်းရုပ်၊ ဖိုးဝရုပ်၊ ယောက်ျားရုပ်ကလေးများကို ချိုးဖွဲ့ကိုင်ပေါက်ပစ်တတ်သည်။ အလိုမကျ၍ ငိုမိပြီဆိုလျှင်လည်း ဘိုးအေကြီးမှအပ ဘယ်သူချော့လို့မှ မရ၊ ငိုကြွေးရှည်တတ်သည်။ အမျိုးသမီးရုပ်ကလေးများကိုတော့ နှစ်သက်ဟန်တူသည်။ မီးမီးလေး၊ ညီမလေးဟု ခေါ်တွင်၍ တယုတယ ကစားတတ်သည်။

ထိုအခါ အမျိုးသမီးရုပ်ကိုနှစ်သက်သော သူ့သဘောကို သိလာသော ဒေါ်သီရိက မယ်ဝဏ္ဏာခါးတစ်ဝက်လောက်အထိမြင့်မားသော အမျိုးသမီးရုပ်တစ်ရုပ် ပြုလုပ်၍ ပေးလိုက်သည်။ ယမင်းရုပ်များကို မုန့်ညက်ဖြင့် ပြုလုပ်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ရာကလည်းမြော်က်၊ အရုပ်ကလည်း ခပ်ကြီးကြီးဆိုတော့ ပို၍ လှလာသည်။ မျက်လုံးနေရာတွင် တပ်ဆင်ရန်ဟု ဘွားအေကြီး သီရိသုမနက အရွယ်ညီ ပတ္တမြားနှစ်လုံး ထုတ်ပေးသည်။ အဝတ်အဆင်လှလှလေးတို့ဖြင့် ဆင်ယင်၍ ဆွဲကြိုး၊ လက်ကောက်စသည်တို့ဖြင့် မယ်ဝဏ္ဏလေးဝတ်ဆင်သည့်အတိုင်း အပြည့်အစုံ ဆင်ယင်ပေးလိုက်သောအခါ ကြွကြွရွရွနှင့် မယ်ဝဏ္ဏသည့်ထက် ငယ်စဉ်ကလို ပုံတူ ရုပ်ကလေးဖြစ်လာသည်။

ဤအရုပ်ပြုလုပ်သည့်အချိန်မှစ၍ မယ်ဝဏ္ဏလေးစိတ်ဝင်စားလိုက်ပုံမှာ တပြုံးပြုံးတရွှင်ရွှင် ဖြစ်နေသည်။ ပါးစပ်ကလည်း မီးမီးလေး၊ ငါ့မီးမီးလေးဟု မပြတ်ပြောကာ အရုပ်ကလေးနားမှ မခွာတော့အောင် ဖြစ်နေသည်။

အမျိုးသမီးဟူသည် သဘာဝအားဖြင့် ပခက်တွင်းမှ ခေါင်းတွင်းအထိ မိခင်စိတ် ရှိသည်ဟူသော စကားအရ တစ်အိမ်သားလုံးအဖို့ မယ်ဝဏ္ဏတည်းဟူသော သမီးကလေး၊ မြေးကလေးရထားသကဲ့သို့၊ မယ်ဝဏ္ဏအဖို့လည်း အမျိုးသမီးဇာတိစိတ် အခြေခံတွင် သူတို့လိုပင် အတုလိုက်၍ မီးမီးလေးရလာရခြင်းပင် ဖြစ်ပေသည်။

ဤယမင်းရုပ်ကလေးရလာသည့်အချိန်မှစ၍ မယ်ဝဏ္ဏမဆိုးတော့၊ မကောက်တော့။ ယမင်းရုပ်ကလေးကို လက်ကချသည်မရှိ။ အခြားအရုပ်များကို မကိုင်တွယ်တော့၊ စားလျှင်လည်း ဤအရုပ်ကလေးကို ဘေးမှာချ၍ အတူစားသည်။ လူကြီးများ လုပ်သလို အရုပ်ကလေးကို ထမင်းခွံ့ဟန်ပြု၍ ပါးစပ်မှတွတ်တီးတွတ်တာပြောသည်။ အိပ်လျှင်လည်း အရုပ်ကလေးကို ဘေးမှာထား၍အတူအိပ်သည်။ ကစားရာတွင်လည်း အရုပ်ကလေး ကိုသာ အမျိုးမျိုးပြင်ဆင်၍ အရုပ်ကလေးနှင့် စကားပြောရင်းပျော်မွေ့သည်။ သို့နှင့် တစ်အိမ်သားလုံးက သူ့အပေါ်သို့ သံယောဇဉ်ကြီးမားသကဲ့သို့ သူကလည်း ကလေးအမြင်၊ ကလေးအတွေးဖြင့် သူ့ယမင်းရုပ်ကလေးအပေါ်တွင် သမီးကလေးအသွင် သံယောဇဉ် ကြီးမားလာသည်။ ဤသည်ကိုပင် တစ်အိမ်လုံးကကြည့်၍ နှစ်ခြိုက်ပျော်မွေ့နေကြရ၏။

ထိုနေ့က အိမ်ဦး သံဃာ့မဏ္ဍပ်၌ ဘုရားရှင်နှင့် သံဃာတော်များအား အနာထပိဏ်နှင့် မိသားစုများ ဆွမ်းကပ်နေရာ၌ အခါတိုင်းဆိုလျှင် မြေးကလေးကို ချီနိုင် ပိုးနိုင်သည့်အရွယ်မှစ၍ အနာထပိဏ်၏ ရင်ခွင်တွင်သာ တလှုပ်လှုပ်တရွရွနှင့် မြင်တွေ့နေကြရရာက ပို၍ချစ်သည့် ယမင်းရုပ်ကလေး ရရှိနေသော မယ်ဝဏ္ဏက သူ့မီးမီးလေးနှင့် သူ့အိပ်ရာအခန်းတွင် မွေ့လျော်နေသောကြောင့်ဖြစ်သည်။

ထိုခိုက်မှာပင် မယ်ဝဏ္ဏအခန်းဆီမှ မြေးမကလေး၏ စူးစူးဝါးဝါး တူးတူးခါးခါး သံကုန်ခြစ်၍ အော်ဟစ်ငိုယိုလိုက်သောအသံကို ကြားလိုက်ရသောအခါ ဘုရားရှင်

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တော်ပင်ဖြစ်သော်လည်း အဘိုးကြီးရော အဘွားကြီးပါ ဟန်လုပ်မနေနိုင်ကြတော့ဘဲ အနာထပိဏ်ကိုယ်တိုင် ''ဟဲ့- ငါ့မြေးဘာဖြစ်တာလဲ''ဟူသော စကားသံနှင့်အတူပင် မြေးကလေးရှိရာ အိပ်ရာခန်းသို့ ရောက်သွားကြသည်။

ထိုအခါ ကျိုးပျက်နေသော ယမင်းရုပ်ကလေးနှင့်အတူ ကျိုးနေသော အရုပ်ဦးခေါင်းပိုင်းကို ပွေ့၍ အော်ဟစ်ငိုကြွေးနေသော မြေးကလေးကို တွေ့ကြရသည်။

ဒေါ်သီရိက ''ခုတင်ပေါ်မှာ အရုပ်နှင့်အတူ ကစားနေရင်း မတော်တဆ အရုပ်ကလေး လွတ်ကျပြီး ကျိုးသွားလို့ ငိုတာပါ''ဟု ဆီး၍ ပြောသည်။

မယ်ဝဏ္ဏလေးက ''မဟုတ်ဘူး၊ မဟုတ်ဘူး၊ မီးမီးလေး သေသွားပြီ၊ သေသွားပြီ ဘိုးဘိုး''ဟု အော်ဟစ်၍ ငိုသည်။

''အရုပ်ကလေး ကျိုးသွားတာပါ ငါ့မြေးရဲ့၊ ဒေါ်သီရိက အစားပြန်လုပ် ပေးမှာပေါ့''

''မဟုတ်ဘူး၊ မီးမီးလေး သေသွားပြီ''ဟု ထပ်၍ အော်သည်။

မှန်သည်။ လူကြီးအမြင်နှင့်သော် အရုပ်မျှသာဖြစ်သော်လည်း၊ ကလေးအမြင်နှင့် သော် သူ့သံယောဇဉ်လေးပျက်စီးသွားခြင်း ဖြစ်၏။

''လာပါ ငါ့မြေးရယ်၊ ဒီ့ထက်လှတဲ့ မီးမီးလေးကို မယ်သီရိက လုပ်ပေးပါလိမ့် မယ်''ဟု မြေးကလေးကို ချော့မော့ ပွေ့ချီရင်း ဘုရားရှင်ရှေ့တော်မှောက်သို့ ပြန်၍ ရောက်လာကြသည်။

ရှေ့တော်မှောက်သို့လာရင်း အရုပ်ကျိုးကလေးကို အကြောင်းပြု၍ အနာထပိဏ် စိတ်ကူးတစ်ခုပေါ်ထွက်လာသည်။ ယင်းစိတ်ကူးကား ဘုရားရှင်ကိုယ်တော်တိုင်ကို ဆွမ်းလုပ်ကျွေးဖို့ရန်အတွက် ဝိသာခါ၊ စူဠအနာထပိဏ်၊ ကောသလဘုရင် စသည်တို့က သူ့ထက်ငါသာ အလှူနည်းမျိုးစုံတီထွင်၍ ကိုယ့်လှူသို့ ဘုရားရှင်ကြွအောင် ဖန်တီး နေကြရာတွင် မြေးလေးကို အကြောင်းပြုပြီး ဆွမ်းအလှူပွဲပြုလုပ်ရန် လျှောက်ထား၍ ခွင့်ပြုတော်မူခဲ့ပါသော် ကောင်းလေစွဟူ၍ပင် ဖြစ်လေသည်။

ထို့ကြောင့် ''အရှင်မြတ်ဘုရား ။ ။ တပည့်တော်၏ မြေးမလေးသည် သူ့အရုပ်ကလေးကျိုးပျက်သွားသည်ကို သူ့သမီးလေး ကွယ်လွန်သွားသည်ဟု တမ်းတမ်းစွဲ ပူပန်ငိုယိုလျက် ရှိနေပါသည်ဘုရား''ဟု တင်လျှောက်ထားလိုက်သောအခါ ဘုရားရှင်က ''ဒါယကာ အနာထပိဏ်။ ။ ခပ်သိမ်းသော သင်္ခါရတရားတို့သည် အမြဲမရှိကုန်။ ယင်းသို့ အမြဲမရှိ ပျက်စီးသည်ကိုပင် လူကြီးကလည်း လူကြီးအလျောက်၊ ကလေးသည် လည်း ကလေးအလျောက် ဖောက်ပြန်ထင်မှား၍ ပူပန်ကြရကုန်၏''ဟု မိန့်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



"သို့ဆိုလျှင် ဘဝတစ်မျိုးသို့ ကျိုးပျက် ပြောင်းသွားလေသော ယမင်းရုပ်ကလေးကို အကြောင်းပြု၍ ဆွမ်းလှူပွဲပြုလုပ်လိုပါသည်။ တပည့်တော်တို့၏ မြေးမကလေးကို ချီးမြှင့်သောအားဖြင့် အလှူခံတော်မူပါဘုရား"

ဘုရားရှင် ဆိတ်ဆိတ်နေတော်မူ၏။ ဆိတ်ဆိတ်နေခြင်းသည် သဘောတူဝန်ခံခြင်းပေတည်း။

[ ၄ ]

သို့နှင့် နောက်နေ့မှ'စ၍' ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်ချီးမြှင့်အပ်သော ဆွမ်းအလှူပွဲကြီးဖြစ်လာသည်။ အနာထပိဏ်၊ ဝိသာခါ စသူတို့အိမ်မဏ္ဍပ်တွင် ဆွမ်းလှူပွဲသည် နေ့စဉ်ရှိပါ၏။ သို့ရာတွင် ဘုရားရှင်ကိုယ်တော်တိုင်မူကား အခွင့်သာမှသာ ကြွရောက်နိုင်သည်။ ယခုအနာထပိဏ်၏ အလှူဖန်တီးမှုတွင် ဘုရားရှင်က အခွင့်တော်ပေး၏။

"စ၍"ဟုဆိုရသည်ကား အနာထပိဏ်တို့ အခွင့်သာလိုက်ပုံမှာ ရက်ပေါင်း (၃၀)တိုင်တိုင်ပင် ဆက်၍ ဆက်၍ လှူခွင့်ကြုံသောကြောင့် ဖြစ်လေ၏။ အကြောင်းမူကား။ ဤယမင်းရုပ်ကလေး ကျိုးပျက်သည်ကို အကြောင်းပြု၍ပင် မယ်ဝဏ္ဏကလေးကို ဝိုင်း၍ ချစ်ကြသော မိဘဆွေမျိုးများကလည်းကောင်း၊ အပေါင်းအသင်း မိတ်ဆွေများကလည်းကောင်း၊ တစ်ဦးပြီးတစ်ဦး၊ တစ်ရက်ပြီး နောက်တစ်ရက် ဆက်ကာ ဆက်ကာ ဆွမ်းအလှူကို ခွင့်တောင်းလျှောက်ထားကြသောအခါ လျှောက်ထားသမျှကိုပင် ဘုရားရှင်က ခွင့်ပြုတော်မူသောကြောင့်ဖြစ်ပေ၏။ အကြောင်းသော်ကား။ ဒါယကာတို့အမြင်တွင် မိမိတို့ လှူခွင့်ရသလောက် ဝမ်းမြောက်ကြသကဲ့သို့ ဘုရားရှင်၏ အမြင်တွင်မူကား၊ ယင်းအလှူများမှ တရားအထူးရသူ မြောက်မြားစွာတို့ တိုးတက်လာသောကြောင့်ပင်ဖြစ်လေသည်။

ကွယ်လွန်သူကို အကြောင်းပြု၍ ပေးလှူအပ်သော "ဆွမ်းသွတ်" အလှူအကျိုးဟူသည် ဘဝတစ်ပါးမှ ကွယ်လွန်သူအဖို့ ရခွင့်ကြုံလျှင်ရပါ၏။ သို့ရာတွင် ပစ္စုပ္ပန်အလှူရှင်အဖို့ အချည်းနှီးမဖြစ်။ ပေးလှူမှု ကုသိုလ်မြောက်သည်။ ဓမ္မသဝနကုသိုလ်မြောက်သည်။

ဤအလှူကိစ္စ ဆက်နွှယ်လိုက်ပုံမှာ ဤမျှသာမကသေးပေ။ ဘုရားရှင်ကို ပေးလှူရန် စောင့်မျှော်နေသော ကောသလဘုရင်က ဘုရားရှင်သည် သာဝတ္ထိတွင်ပင် သီတင်းသုံးနေသည်ကို သိပါလျက် ရက်ပေါင်း (၃၀)တိုင်မျှ မိမိ၏ ရာဇိကာဂုံသို့

www.burmeseclassic.com



မကြွရောက်ဘဲ ရှိနေသည်ကို ဇေတဝန်သို့သွားလျှောက်ထား မေးမြန်းသောအခါ အနာထပိဏ်၏ ရက်ဆက်အလှူအကြောင်းကြောင့် မကြွရောက်နိုင်သည်ကို သိလာရ၏။

သို့ဆိုလျှင် မိမိနှင့် မိမိ၏ နန်းတော်ပါ ဒါယကာတို့ကလည်း အနာထပိဏ်၏ အလှူကို ကူညီသောအားဖြင့် ဤအတိုင်းပင် ဆက်၍ ဆွမ်းလုပ်ကျွေးလိုပါသည်ဟု လျှောက်ထားသောအခါ ဘုရားရှင်ခွင့်ပြုတော်မူ၏။ သို့နှင့် ယမင်းရုပ်ကလေးကို အကြောင်းပြုအပ်သော ထူးထူးခြားခြား ဆွမ်းအလှူသည် ကောသလဘုရင်၏ မင်းကျောင်းတွင်လည်း ရက်ပေါင်း (၃၀)တိုင်မျှ ဆက်လက်၍ ဖြစ်ပွားပြန်သည်။

သာသနာတော်တွင် ကြုံတောင့်ကြုံခဲ ထူးသော အလှူပင်ဖြစ်၏။

ထူးဟန်ကား၊ ဆွမ်းသွတ်အလှူဟုပင် ဆိုရစေကာမူ ဘဝတစ်ပါး ပြောင်းသွားသည်ဆိုသူက နာမ်ခန္ဓာမရှိ၊ ယမင်းရုပ်ကလေးတစ်ရုပ်မျှသာ ဖြစ်ခြင်း၊ အနာထပိဏ် တစ်ဦးမှ စတင်လိုက်သည်ကို နှစ်လတိုင်မျှဆက်တိုက် အလှူပွားများလာခြင်းတို့ကြောင့် ထူးသော အလှူဖြစ်သည်။

ကွယ်လွန်သူကို ရည်မှန်း၍ ပေးလှူအပ်သော ဆွမ်းသွတ်အလှူတွင် ရဟန်းတော်က ရေစက်ချသည့်အခါ "ပေတနံ ကာလင်္ကတာနံ ဘဝတစ်ပါးသို့ ပြောင်းသွားလေသောသူအား"ဟု ရည်ညွှန်းသော တရားသံကို ကြားကြရမည်ဖြစ်၏။ ပေတဟူသည် ဘဝတစ်ပါး ကွယ်လွန်သွားသူ၊ သို့မဟုတ် ကွယ်လွန်ပြီးနောက် ပြိတ္တာဘုံသို့ ရောက်သွားသူ၊ သို့မဟုတ် ဘဝခြားသွားသူဟု အဓိပ္ပာယ်ရသည်။ သို့ရာတွင် အများအားဖြင့် ပစ္စုပ္ပန်သက်ရှိဘဝမှ ကွယ်လွန်၍ ဘဝခြားသွားသူ၊ သေသူသည် မတော်တဆ ပြိတ္တာဘဝသို့များ ရောက်နေခဲ့ပါသော်၊ ရောက်သွားသူဟုသာ ရည်မှန်းနားလည်ကြရာက ဤဝတ္ထုအားဖြင့် နာမ်မဲ့ ယမင်းရုပ်ကလေး ဘဝပြောင်းသွားခြင်းမျှ ဖြစ်သောကြောင့် ဘဝခြားသူဟူသော အဓိပ္ပာယ်ကိုလည်း သိရှိကြဖို့ ဖြစ်ပါသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# အချော့တော်

[ ၁ ]

စစ်ပိုလ်စစ်သားတို့သည် လက်နက်နှင့်မကွာ ရှိရသကဲ့သို့ ရဟန်းဟူသည် သပိတ်ပရိက္ခရာ မကွာရှိရသည်။ ကျောင်းတွင် သီတင်းသုံးချိန်မှအပ ဒေသစာရီကြွချီရာတွင် ကိုယ်နှင့်မကွာ ပါရှိရသည်။ ဘုရားရှင်သည်လည်း ရဟန်းပင်ဖြစ်သောကြောင့် အလားတူပင်ဖြစ်၏။ သို့သော် ကြီးမြတ်သော ပုဂ္ဂိုလ်ဖြစ်၍ ဆွမ်းခံထွက်ကြွချိန်၊ တစ်စုံတစ်ရာ အလှူခံချိန်မှအပ ဘုရားရှင်၏သပိတ်တော်ကို နောက်တော်ပါ အလုပ်အကျွေးရဟန်းက ကိုင်ဆောင်ရသည်။

နောက်တော်ပါ အလုပ်အကျွေး ရဟန်းတွင်လည်း သပိတ်ရှိနေပြီ ဖြစ်သောကြောင့် ဘုရားရှင်၏ သပိတ်နှင့် မိမိသပိတ်နှစ်လုံးကို အဘယ်သို့ကိုင်ဆောင်ပါသနည်း ဟူငြားအံ့၊ ဘုရားရှင်လက်ထက်တော်က ရဟန်းတို့၏ သင်္ကန်းအတွင်းပခုံးတွင် ချိတ်လွယ် ပါရှိမြဲဖြစ်သော ဇယားအိတ်ခေါ်လွယ်အိတ်ကြီးတွင် မိမိသပိတ်ကိုထည့်လွယ်၍ ဘုရားရှင်၏ သပိတ်တော်ကို လက်ဖြင့်ကိုင်ဆောင်သည်။ ယင်းအိတ်တွင် သပိတ်၊ ဆီကျည်တောက်၊ အပ်နှင့် အပ်ချည်စသော ရဟန်းဆောင် ပရိက္ခရာတို့ကိုထည့်သည်။ ဤသည်ကား အတောင်သာလျှင် ဥစ္စာရှိသော ငှက်ကဲ့သို့ ဥပမာပြုအပ်သော ရဟန်းတို့၏ပစ္စည်းတည်း။

www.burmeseclassic.com



ဆီကျည်တောက်ဟူသည် ယနေ့ခေတ်ရဟန်းတော်တို့အဖို့ မလိုအပ်၍ မရှိတော့သော်လည်း မဇ္ဈိမတိုင်းသားတို့အဖို့မူ အစဉ်အလာ ကျန်းမာရေး အဆောင်ပစ္စည်းတစ်ခုဖြစ်၏။ ဖိနပ်ကိုစီးခွင့်ပြုတော်မမူသေးချိန်က ဒေသစာရီကြွချီရာ၌ ခြေထောက်တွင် ကွဲအက်နာဆာဖြစ်ပေါ်လာပါက ယင်းဆီကျည်ဖြင့် လိမ်းကျံဖြေသိမ့်ရသည်။ အနာအဆာမရှိလျှင်ပင် ဆီလိမ်းခြင်းမှာ မဇ္ဈိမတိုက်သားတို့၏ အစဉ်အလာဖြစ်သည်။

ညီတော်နန္ဒနှင့် ဇနပဒကလျာဏီတို့ လက်ထက်ပွဲ ဆွမ်းကျွေးမင်္ဂလာတွင် ဘုရားရှင်သည် ဆွမ်းစားခြင်း၊ ဆွမ်းတရားဟောခြင်းကိစ္စတို့ ပြီးစီး၍ နိဂြောဓာရုံသို့ ပြန်ကြွတော့မည့်အချိန်တွင် ဘုရားရှင်က မိမိ၏ သပိတ်တော်ကို အလုပ်အကျွေး ရဟန်းသို့ မပေးဘဲ အနီးတွင် ရှိနေသော ညီတော် နန္ဒလက်သို့ "ယူခဲ့လော့ နန္ဒ"ဟု အပ်ထည့်လိုက်သောအခါ နန္ဒအဖို့ ပထမသော် ချစ်ကြောက်ရိုသေရပါသော နောင်တော်ဘုရားက မိမိအား အရေးတယူပြုမူခြင်းဟုစဉ်းစား၍ ဝမ်းမြောက်ရပါ၏။

သို့သော် အိမ်ထက်မှဆင်း၍ အိမ်အောက်ရောက်လျှင် နောင်တော်က မိမိသပိတ်ကိုပြန်၍ ယူလိမ့်မည်ထင်သော်လည်း မယူ၊ အိမ်ဝန်းဝအရောက်တွင်လည်း မယူ၊ လမ်းတွင်လည်းမယူ၊ ကျောင်းတော်ဝတွင်လည်းမယူ၊ သို့နှင့် ဘုရားရှင် သီတင်းသုံးရာ ကျောင်းတွင်းသို့သာ တိုင်ပါလေရော။

ဤတွင်ပြောရန်ရှိ၏။ ပြောရန်ကား၊ သိဒ္ဓတ်မင်းသား ဘုရားဖြစ်ပြီဆိုကတည်းက နတ်ပြဟ္မာ ဝမ်းသာစရာရှိသူတို့အဖို့ ဝမ်းသာ ဝမ်းမြောက်နိုင်ကြသော်လည်း ဝမ်းမမြောက်နိုင်သူတို့ကား၊ ရာဇဂြိုဟ်သို့ ဘုရားပင့်သွားကြသော အမတ်စေတမန်တို့၏ သားမယားတို့ပေတည်း။ သူတို့အဖို့ လင်မဲ့ ဖမဲ့ ဖြစ်ကုန်ကြရရှာသည်။

တစ်ခါရောက်က တစ်ယောက်မကျန်၊ တစ်ခေါက်မပြန် ဆိုရမည့်ကဲ့သို့ လွှတ်လိုက်သမျှ လင်သား ဖခင်များ ရဟန်းဖြစ်ကြသည်။

တစ်ခါရောက် တစ်ယောက်မကျန် မှန်လှ၏။ တစ်ခေါက်လျှင် တစ်ထောင်၊ ကာဠုဒါယီတို့အဆုံး ဆယ်ခေါက်လွှတ်ရ၍ တစ်သောင်းတိုင်တိုင်တည်း။

ဤမျှမကသေး၊ ဇာတိမာန်ကြီးလှသော သာကီဝင်တို့သည်ပင် သူနှင့်တွေ့လျှင် သူ့နောက်သို့ပါသွားသည်။ ဤမျှမကသေး ထီးသွေး၊ နန်းသွေး မြေးတော်လေး ခေါက်ခေါက်ပင်လျှင် ခုနစ်သားမျှ ရှိပါသေးလျက် သူ့ဖက်သို့သွားသည်။

ထို့ကြောင့် ကပိလဝတ်သို့ သူလာလျှင် ခမည်းတော် သုဒ္ဓေါဓနမှအစ သူနှင့် မကင်းသူတို့ ဝမ်းမြောက်ကြမည်ဖြစ်သော်လည်း ဖခင်မောင်ဖွားယောကျ်ားသနာနှင့် မကင်းသူ အမျိုးသမီးမှန်သမျှတို့အဖို့မူ သူ့နောက်သို့ ပါသွားမည်ကြောင့် တထိတ်ထိတ် တလန့်လန့် ရှိနေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုရင်းကား ယင်းသို့ တထိတ်ထိတ်တလန့်လန့် ရှိနေကြရသော အမျိုးသမီးတို့အနက် မောင်တော်နန္ဒအတွက်လည်း တထိတ်ထိတ်ပင်ရှိနေခဲ့ရသော ဇနပဒကလျာဏီအဖို့၊ ယခုသော် – လက်ထပ်၍ပင် ပြီးပြီဖြစ်၍ စိတ်အေးရမယောင် ရှိသော်လည်း ဘုရားရှင်က သူ၏ သပိတ်တော်ကို ထမ်းစေ၍ ခေါ်ဆောင်သွားသည်ကို တစ်ထောက်တစ်နားမှ စောင့်ကြည့်အကဲခတ်နေသော ဇနပဒကလျာဏီမှာ သူ့ဖက်သို့များ ပါသွားပြန်ရော့သလားဟု ပျာယာခတ်သွားရရှာသည်။

ထို့ကြောင့် မလိုလဲလိုလဲ သူ့အတတ်နိုင်ဆုံးသောနည်းဖြင့် ဆွဲဆောင်လိုက်ရသည်။

ဆွဲဆောင်ဟန်ကား ဘုရားရှင်နှင့် မောင်တော်တို့ အိမ်ပေါက်ကအဆင်း အိမ်ရှေ့အောက်သို့အရောက်တွင် အိမ်ရှေ့လေသာပြတင်းသို့ အသော့သွား၍ "မောင်တော်ရေ၊ မြန်မြန်လာခဲ့နော်၊ နော်၊ နမတော်မျှော်နေမယ်၊ အိမ်မှာလုပ်စရာကိုင်စရာတွေ အများကြီးရှိသေးတယ်နော်၊ နော်"ဟု ပြောလိုက်ရသည်။

ဘုရားရှင်နှင့် သံဃာတော်များ ကြားရမည်ကြောင့် စကားအားဖြင့်သော် ဤမျှသာဖြစ်၏။ သို့သော် မိမိအသံကြောင့် သပိတ်ထမ်းရင်း လည်ပြန်ကြည့်လျက်ရှိသော မောင်တော်အား မိမိတို့ချင်းသာ နားလည်နိုင်သော အမူအရာအားဖြင့်မူ အစွမ်းကုန်လုပ်၍ ပြလိုက်သည်။ ပြဟန်ကား ထုံးချည်၍ထားသော ဆံပင်တို့ကိုဖြန့်၍ ပူပုံပန်းအသွင်ဆောင်လိုက်သည်။ မျက်လုံးကလေးများကို မှေးမှုန်လိုက်သည်။ နော် – နော်ဟူသော နှုတ်သံကလေးများနှင့်အတူ ယာလက်ချောင်းကလေးများကို နားရွက်နောက်ဆီသို့ကပ်၍ ကွေးကာဖြန့်ကာ လှုပ်ခေါ်လိုက်သည်။

ထိုအခါ လည်ပြန်မော်ကြည့်လိုက်သော မောင်တော်၏ မျက်လုံးများကို ကြည့်၍ နောင်တော်ဖက်သို့မပါ၊ မိမိဖက်သို့သာ ကေန် ပြန်ရောက်ရမည်ဟု အကဲဖြတ်လိုက်မိသည်။ အကြောင်းမူကား မောင်တော်အကြည့်၊ မောင်တော် မျက်လုံးများသည် သံဝေဂမျက်လုံးမဟုတ်၊ မိမိဖက်သို့သာ ပြန်လာမည့် ချစ်မေတ္တာမျက်လုံးများဖြစ်ကြသည်။

မှန်လှပေ၏။ မပါပါ။ အကြောင်းသော်ကား နန္ဒ၏ ခြေလှမ်းများသည် နောင်တော်ကိုကြောက်၍ တွံ့ဆိုင်းလိုက်ပါနေရသော်လည်း၊ စိတ်မှုကားရှေ့သို့တစ်လှမ်း၊ ကလျာဏီဆီ နောက်သို့ ဆယ်လှမ်းပါတည်း။

ကျောင်းတော်သို့ရောက်ပြီ။ ပြန်ရတော့အံ့ပြီဖြစ်၏။ သို့ဖြစ်၍ သပိတ်တော်ကို နေသားတကျထားပြီး ပြန်တော့အံ့ဟု နောင်တော်၏ မျက်နှာကို မော်ဖူးလိုက်စဉ်မှာပင် "နန္ဒ။ ။ သင်ရဟန်းပြုနိုင်မည်မဟုတ်လော"ဟူသော နောင်တော်ဘုရား၏ မိုးကြိုးသွားစကားကဲ့သို့သော မိန့်ခွန်းတော်အသံကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

မှန်၏။ မိုးကြိုးစက်သံပေတည်း။

မင်းတို့စကား မိုးကြိုးသွားဟု ဆိုစကားရှိသည်မဟုတ်ပါလော။ မင်းဟူသည် သူတို့အကြိုက်ကို အလိုက်သင့် လျှောက်တင်ရမည်ဖြစ်သည်။ နောင်တော်သည် ကပိလဝတ်ပြည့်ရှင် ဘုရင်ဖြစ်ခဲ့ရုံမျှမက ယခုသော် သုံးလူ့ထွတ်ထား ဘုရားပင် ဖြစ်ချေသည်။ "နန္ဒ။ ။သင်ရဟန်း ဝတ်နိုင်အံ့လော"ဟု မိမိအကြိုက်ကို အခွင့်ပေး၍ မေးမြန်းခြင်းမျိုးမဟုတ်။ ယင်းသို့မေးလျှင် "မပြုနိုင်ပါဘုရား"ဟု လျှောက်ထားလိုက်ရုံမျှ ဖြစ်သည်။ ယခုသော် "သင် ရဟန်းပြုနိုင်သည် မဟုတ်လော" ဟု ပြုစေလိုသော ဆန္ဒဖြင့် မေးလိုက်ခြင်းဖြစ်သည်။ မပြုနိုင်ပါဟူ၍ ဆန့်ကျင်စကားဖြင့် အဘယ်မှာ လျှောက်ထားဝံ့ပါမည်နည်း။

နောင်တော်မှာ မင်းဖြစ်ခဲ့ပြီး ဘုရားဖြစ်၍သာမဟုတ်၊ ငယ်စဉ်ကပင် ချစ်ကြောက် ရိုသေခဲ့ရသူဖြစ်သည်။ ထို့ကြောင့် စိတ်ကပင် လုံးဝမပါသော်လည်း "ပြုနိုင်ပါသည်ဘုရား" ဟု အလိုက်သင့် လျှောက်ထားလိုက်သည်။ အဖြေကား ရှင်သာရိပုတ္တရာတို့ကိုခေါ်၍ နန္ဒအား သက်န်းစည်းပေးရန် လွှဲအပ်လိုက်ခြင်းပင် ဖြစ်၏။

သူတို့မှာ နောင်တော်အကြိုက် စည်းဝါးကိုက် အလိုက်သင့် ကြိုတင်ပြင်ဆင် ထားကြသူများဖြစ်ဟန်တူ၏။ ခေါ်လိုက်သည်ဆိုလျှင်ပင် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် နှင့် ညီမောင်အာနန္ဒာတို့ သုံးပါးအနားသို့ ချက်ချင်းရောက်လာသည်။ ရှင်သာရိပုတ္တရာက သောကကြောင့် ဘုရားရှင်ရှေ့မှ မထချင်ဖြစ်နေသော နန္ဒကိုတွဲထူဖေးခေါ်သည်။ တစ်နေရာရောက်သော် ရှင်မောဂ္ဂလာန်က ခေါင်းရိတ်ပေးသည်။ ရှင်အာနန္ဒာက အဝတ်ပိုင်းတစ်ခုဖြင့် နန္ဒ၏ ဆံပင်များကို ခံယူသည်။ ရှင်သာရိပုတ္တရာက အတ္တိက္ခမည်သို့ ကာယေ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော ဟူသော တစပဉ္စက ကမ္မဋ္ဌာန်းကို နန္ဒဆင်ခြင်ရန်ဟု ရွတ်ဆိုပေးသည်။

လူဟူသည် အပုပ်ကောင်ကို ရုပ်ဆောင်ထားသော ခန္ဓာငါးပါး အစုအရုံး သုံးဆယ့်နှစ်ကောဋ္ဌာသ အစုအဝေးမျှသာဖြစ်သည်။ သာမန်စဉ်းစားဆင်ခြင်ကာမျှဖြင့် မနှစ်မလို့ ပို၍အန်ချင်ဖွယ်ရာ ဖြစ်သည်။ ယင်းသုံးဆယ့်နှစ်ကောဋ္ဌာသတို့အနက် မျက်မြင် ဒိဋ္ဌိဖြစ်သော ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေပြား ဟူသော ကောဋ္ဌာသငါးမျိုးကို ယခု မိမိဦးခေါင်းမှ ကျလာသော ဆံပင်ကို ကြည့်၍ ရှုပွားဆင်ခြင်ပါ ဟု အရှင်သာရိပုတ္တရာက တရားပေးနေခြင်းဖြစ်သည်။ သို့သော် သံဝေဂမပါ၊ မလွှဲသာ၍ သင်္ကန်းဝတ်ရမည့် နန္ဒမင်းသားအဖို့မူ ကေသာဟုဆိုသောအခါ ဘဒ္ဒကလျာ၏ ဦးခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ထက်မှ ပိတုံးရောင်ကေသာ၊ နဖူးဆံစပ်တို့တွင် ဝဲခွေ၍ ချထားသော ဆံခွေလေးများ ကိုသာမြင်သည်။ နခါဟုဆိုသောအခါ ကလျာဏီ၏ လက်သည်းဖိုင်းဖိုင်း ချွန်ချွန် ကလေးများအပေါ်မှ ဒန်းနီရောင် နီထွေးထွေးကလေးများကိုသာမြင်သည်။ ဒန္တာဟု ဆိုသောအခါ ကလျာဏီ၏ ခံတွင်းဝမှ သန္တာအလား ပုလဲလုံးကလေးများစီထားသည့်တမျှ ဖွေးဖြူညီညာသော သွားကလေးများကိုသာ မြင်သည်။

ယခုကလေးတွင်ပင် "မောင်တော်ရေ- အမြန်ပြန်ခဲ့ပါလှည့်"ဟု မထိတထိ ပြောလိုက်သော ညုသံလေးနှင့်အတူ ဖြူဖွေးသော သွားကလေးများကို သမင်လည်ပြန် ကြည့်ရာက မြင်နေဆဲဖြစ်သည်။ အဘယ်တရားသည် နန္ဒ၏သောကကို တိုးဝင်ဖြေဖျောက် နိုင်ခဲ့ပါအံ့နည်း။

နန္ဒသည် ဦးခေါင်းမှ ဆံပင်တို့နှင့်အတူ ယခင်က နောင်တော်ကို ကြောက်၍ ချုပ်တည်းထားအပ်သော မျက်ရည်တို့တောက်တောက်ကျသည်။ ဝေးပြီနမရေ ဝေးကြပြီ ဟုတွေးသည်။ သို့သော် နန်းတော်မှာ အနီးကလေးဖြစ်၍ နောင်တော်ထံပါးမှ အခွင့်သာသည်နှင့်တစ်ပြိုင်နက် သင်္ကန်းဝတ်ကို ချွတ်လိုက်ရုံမျှဖြစ်သည်ဟုလည်း ဆက်၍အားတင်းသည်။ သို့သော်လည်း ထိုအတွေးမှာ အချည်းနှီးမျှသာဖြစ်၏။ အကြောင်းသော်ကား ဥပဇ္ဈာယ်ဆရာဖြစ်သော ရှင်သာရိပုတ္တရာကိုယ်တိုင် သင်္ကန်းဝတ်ပြီး၍ ကိုယ်နှင့်မကွာ စောင့်ရှောက်ထားရာမှ နောက်တစ်နေ့တွင်ပင် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ ဒေသစာရီ ထွက်ခွာခဲ့ကြသောကြောင့် ဖြစ်ပေသည်။

ဇေတဝန်တွင် ရဟန်းသစ်ကလေးနန္ဒအား သီးခြားနေရာပေး၍ အေးအေးနေ စေသည်။ သို့သော် ရှင်နန္ဒမှာ အေးဖို့နေနေသာသာ ကိုယ်ရောစိတ်ပါ ဆင်းရဲလှစွာသည်။ စိတ်က ဇနပဒကလျာကို မပြတ်တမ်းတ၍ အသည်းတွင် သံမှိုနှက်ထားသကဲ့သို့ရှိနေသည်။ တစ်ကိုယ်တည်းနေရသည်။ အိပ်ရာမာကြောကြောတွင် အိပ်ရသည်။ ဖိနပ်မစီး ထီးဆောင်းခွင့်မျှမရ မျက်နှာအောက်ချ၍ ဆွမ်းခံလိုက်ရသည်။ အဘယ်မှာ ကိုယ်ချမ်းသာ နိုင်ပါအံ့နည်း။ သူရိုကတော့ ရဟန်းဘဝဟူသည် ကောင်းမြတ်လှသည်ဟု ပြောကြသည်။ အဘယ်ပုံကောင်းပါသနည်း။

ဇေတဝန်သို့ရောက်သည့်အချိန်မှစ၍ နောင်တော်ဘုရားနှင့် မတွေ့ရသည်မှာ ကြာပြီ။ သို့သော် ဥပဇ္ဈာယ်ဆရာ ရှင်သာရိပုတ္တရာနှင့် အခြားရဟန်းများကတော့ အရှင်နန္ဒကို မျက်စိအောက်က အပျောက်မခံဆိုရလောက်အောင် မပြတ်စောင့်ရှောက် နေကြသည်။

သို့နှင့် စိတ်ထောင်းတော့ကိုယ်ကျေဟူသော စကားအရ ဇနပဒကလျာဏီတည်း ဟူသော ညှောင့်ကြီးရင်ဝတွင် စူးဝင်လျက်ရှိသော အရှင်နန္ဒအဖို့ ခန္ဓာကိုယ်တစ်ခုလုံး

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တစ်ခြား ညှိုးချုံးလာသည်။ သောကဗျော့ ဘူးလျက်ရှိသော သူ့အဖို့ အာဟာရဖြင့်လည်း အဘယ်မှာ မျှတနိုင်ပါအံ့နည်း။ ရလာသော ဆွမ်းကို သပိတ်လိုက်အတိုင်းပင် ချောင်ထိုးထားလိုက်ရသည်ချည်း ဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်နှင့်ပင် အသွင်သဏ္ဌာန်တူညီပါသည်ဆိုသော အရှင်နန္ဒအဖို့ သိသိသာသာကြီး ရုပ်ပျက်ဆင်းပျက်သည်အထိ ဖြစ်လာသည်။ ကျောင်းသခ်မ်းချောင်တစ်ခုတွင် သက်နန်းကိုခြုံကာ ခွေ၍ ချည့်နေသည်။ သေသော်မှတည့် ဩော်–ကောင်း၏ အထိ စဉ်းစားလာသည်။

ထိုအချိန်တွင်ပင် ဘုရားရှင်သည် အရှင်နန္ဒ၏ သခ်မ်းအတွင်းသို့ ချဉ်းကပ်ရောက်ရှိလာရာ မလှုပ်ချင်တော့သော်လည်း နောင်တော်ကိုကြောက်သော အရှိန်ကြောင့် ခွေရာမှထ၍ ဝပ်တွားလိုက်ရသည်။

''နန္ဒ ။ ။ ချမ်းသာစွာ သီတင်းသုံးရပါ၏လော''

''အဘယ်မှာ ချမ်းသာပါမည်လဲ နောင်တော်ဘုရား၊ ဘဒ္ဒကလျာနှင့် ခွဲခွာလာခဲ့သည့်အချိန်မှစ၍ ခုအထိ တစ်စက်ကလေးမျှ မချမ်းသာပါ''

သည်တစ်ခါတော့ အပြစ်ပေးလိုက်လျှင်လည်း ပေးလေရော့၊ စိတ်ထဲရှိသမျှကို အတိအလင်းပင် ဖွင့်ထုတ်လျှောက်တင်လိုက်သည်။ သို့သော်နောင်တော်က ပြန်လွှတ်မည့်အကြောင်း၊ ဘဒ္ဒကလျာအကြောင်းကိုတော့ တစ်ခွန်းမျှမပြော၊ ပြောလာသည်က တစ်မျိုးဖြစ်နေသည်။ ''နန္ဒ။ ။ သင် တာဝတိံသာနတ်တို့ရွာသို့ မရောက်ဖူးချင်ဘူးလား။ ငါတို့ညီနောင်နှစ်ပါးတာဝတိံသာသို့ သွားကြရအောင်''ဟူ၏။

မမျှော်လင့်သော ယင်းစကားကြောင့် အရှင်နန္ဒရုတ်ချည်း အာရုံပြောင်းသွားသည်။ မိမိအပေါ်တွင် နောင်တော်သဘောထား ပျော့ပျောင်းလာသည်။ မိမိသဘောသို့ လိုက်လျောလာပြီဟုလည်း အားတက်လိုက်မိ၏။

တာဝတိံသာ နတ်ရွာခြောက်ထပ်ဟူသည် မိမိတို့အစဉ်အလာတွင် ကျော်ကြားလှစွာသော အမည်များဖြစ်၏။ အထူးသဖြင့် သိကြားမင်းနေရာဆိုသော တာဝတိံသာက ပို၍ကျော်ကြား၏။ နတ်ဒေဝတာအလှကညာတို့ဖြင့် အလွန်ပျော်ဖွယ်ရာကောင်းသည်ဟုဆို၏။ စာတွေ့ စကားတွေ့ သာမဟုတ်၊ ကပိလဝတ်နန်းတော်သို့ ရံဖန်ကြွရောက်လာလေ့ရှိသော ဆရာရသေ့ကြီးများ၏ သူတို့ကိုယ်တိုင်ရောက်ခဲ့သရွေ့ ကိုယ်တွေ့မိန့်ကြားချက်များကို ကြားခဲ့ရသည်။ နောင်တော်ဘုရားနှင့် တပည့်သား တန်ခိုးရှင်တို့လည်း ရံဖန်သွားရောက်ကြသည်ဟု ကြားရသည်။ မိမိအဖို့သော် အဘယ်ပုံရောက်နိုင်ပါအံ့နည်း။ ယခုနောင်တော် ဘုရားက စကားစပ်လာသည်။ ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်၏။ သို့ရာတွင် နောင်တော်တို့လို တန်ခိုးဣဒ္ဓိတစ်စိုးတစ်စိမျှမရှိသော မိမိအဖို့ အဘယ်ပုံလိုက်ပါနိုင်ပါအံ့နည်း။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် "တာဝတိံသာသို့ လိုက်ပါလိုပါသည် နောင်တော်ဘုရား။ သို့သော် တန်ခိုးကဣဒ္ဓိမရှိသော တပည့်တော်အဖို့ အဘယ်ပုံလိုက်ပါနိုင်ပါမည်နည်း"ဟု လျှောက်ထား လိုက်သည်။

"သည်ကိစ္စအတွက် ငါ့တာဝန်ရှိပါစေနန္ဒ၊ လိုက်ပါဖို့ရန်သာ သက်နှင်းသပိတ်တို့ကို ပြင်ဆင်ပေတော့၊ ငါတို့ ယခုပင်သွားကြကုန်အံ့"

နောင်တော်၏ လိုက်လျောသမှု ပြုလာခြင်းနှင့်အတူ မျှော်လင့်ချက် အလားအလာနှင့် အာရုံပြောင်းသွားသော အရှင်နန္ဒအဖို့ ဖြေလျော့ခွေအနေမှ ရုတ်ခြည်းပင် နေရာမှထကာ သွက်လက်စွာဖြင့် သပိတ်သင်္ကန်းတို့ပြင်ဆင်ပြီး အသင့်အနေ အထားသို့ ရောက်သွားသည်။

ကိုယ်စိတ်နှလုံး ညှိုးချုံးနေသူများအဖို့ ကျန်းကျန်းမာမာရှိနေခဲ့ပါသော်၊ ဒေသစာရီလှည့်လည်ခြင်း၊ ခရီးသွားခြင်းသည် ဖြေဆေးတစ်ရပ်ပင်ဖြစ်၏။ ဘုရားရှင်က ညီတော်မို့ဟု ဆိုချင်လျှင်ဆိုနိုင်၏။ ကိုယ်စိတ်နှလုံးညှိုးချုံးနေသော ညီဖြစ်သူအား အကောင်းဆုံးသော ခရီးသို့ပို့ဆောင်တော်မူမည်ဖြစ်၏။ တစ်နည်းဆိုသော်၊ ညီတော်၏ အနာဂတ်အလားအလာကို ရှုမြင်တော်မူကာ သူ့စရိုက်နှင့် လိုက်လျော ဖြေလျော့-ချော့တော်မူခြင်းဟုလည်း ဆိုနိုင်ရာ၏။

တန်ခိုးတော်ဆိုတော့လည်း လွယ်ကူလှပါပေ၏။ ကျောင်းအပြင်သို့ရောက်၍ ဘုရားရှင်က အရှင်နန္ဒ၏လက်ကို ဆွဲကိုင်လိုက်သည်နှင့်တစ်ပြိုင်နက်ပင် ကောင်းကင်သို့ နှစ်ဦးစလုံးမြင့်တက်၍သွားသည်။ မြို့ရွာတောတောင်တို့ကို ဖြတ်ကျော်၍ သွားသည်။ ထို့နောက်တွင်မူ ဘုရားရှင်က ရှေ့တော်က၊ အရှင်နန္ဒက နောက်တော်မှ အလိုက်သင့် ပါလာသည်။

မြို့ရွာ ဂနိုင်၊ မြစ်ချောင်း၊ အင်းအိုင်၊ စုံမြိုင်တောအုပ်တို့ကို အပေါ်စီးမှ ကြည့်မြင်ရသည်မှာ၊ ဤပုံဤနည်းမမြင်ဖူးသော အရှင်နန္ဒအဖို့သာယာလှ၏။ အတန်ငယ် သွားမိလျှင်ပင် မြို့ရွာတို့ကင်းပျောက်၍ စိမ်းညို့ရီမှောင်သော တောကြီးတောင်ကြီးများ ကိုသာတွေ့လာရသည်။ ယင်းတောတောင်တို့အထက်မှ တိမ်တိုက် နှင်းမြူများကိုဖြတ်၍ သွားရသည်။ ထိုမှလွန်သော်၊ ဘော်ငွေပြားကြီးဖြင့် ဖုံးအုပ်ထားသည့်ပမာ ရေခဲတုံး နှင်းတုံးတို့ ဖုံးအုပ်ထားသော တောကြီးမဟာကို တွေ့ရှိလာရ၏။ ဟိမဝန္တာတောင်ပေတည်း။

ထိုနေရာတွင် နောင်တော်က အောက်သို့ ဆင်းလိုက်သောအခါ ဆီးနှင်းတို့ ထူထပ်သော်လည်း သစ်ပင်ကြိုးကြားတို့ရှိသော တစ်နေရာသို့ ရောက်ရှိလာကြသည်။ ယင်းသစ်ပင်တို့မှာ ဆီးနှင်းတို့အကြားတွင်ပင်ဖြစ်သော်လည်း မီးလောင်ထားသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသစ်ပင်တို့အကြားတွင် မျောက်များကို တွေ့ရသည်။ အခြားမျောက်တို့ လှုပ်ရှားလျက်ရှိကြသော်လည်း၊ သစ်ငုတ်ကြီးတစ်ခုအပေါ်တွင်ကား မျောက်အိုမကြီး တစ်ကောင်သည် တစ်ကိုယ်လုံးကို မီးလောင်ထားသည့် ဒဏ်ရာကြောင့် မှိုင်တွေလျက် ရှိ၏။ မျောက်ဟူသည် ပင်ကိုကအရုပ်ဆိုးသည့်အပေါ်တွင် မီးလောင်ဒဏ်ခံထားရသော အခါ တစ်ကိုယ်လုံးအရေတွေလန်၍ မြင်မကောင်း ရှုမကောင်း ဖြစ်နေရှာသည်။

ယင်းမျောက်အိုမအနီးသို့ပင် ဆင်းသက်မိသောအခါ ဘုရားရှင်က ''ရှုလော့ နန္ဒ ။ ။ မီးလောင်ထားသော မျောက်မကိုမြင်ပါ၏လော''ဟု မိန့်ကြားလိုက်သည်။

''မြင်ပါသည်ဘုရား''

''မြင်ရုံမျှသာမဟုတ်၊ ကောင်းစွာရှုလော့ နန္ဒ''

''ရှုပါသည်ဘုရား''

မြင်ခြင်းနှင့်ရှုခြင်းမှာ တစ်ခြားစီဖြစ်၏။ မျက်စိကို ဖွင့်ထားလျှင် တူရူတွင် မြင်အပ်သမျှကိုမြင်မည်သာဖြစ်၏။ မျက်စိအကြည်တွင် ထင်လာ၍လည်းမြင်၏။ ကြည့်သော အကြည့်ကြောင့်လည်းမြင်၏။ ရှုခြင်းကား အာရုံထူးဖြင့် စူးစူးစိုက်စိုက် ပြုခြင်းဖြစ်၏။ မိခင်သည် သားငယ်ကို ရှုအပ်သော မျက်စိမျိုးတည်း။ ထို့ကြောင့် ''ရတနာ မျက်ရှု - သား ရွှေဥ'' ပညာရှိတို့စပ်ဆိုသည်။

အရှင်နန္ဒအဖို့ကား နောင်ဘုရား အမိန့်ကြောင့် မျောက်မကို မြင်ပါ၏။ ရှုပါ၏။ သို့ရာတွင် မသတီစရာ ရွံ့ဖွယ်ရာအဖြစ်မျှသာ ရှိသည်။ ဤမျှဖြင့် တစ်ထွာပြမှ တစ်တောင် မမြင်နိုင်သော အရှင်နန္ဒသို့ ဘုရားရှင်ထံမှ နောက်ထပ်မိုးကြိုးစက်သံ မေးခွန်းတော်တစ်ရပ် ကျရောက်လာပြန်သည်။ ယင်းသည်ကား ''နန္ဒ ။ ။ ဤမျောက်မနှင့် ဇနပဒကို အဘယ်သူက ပို၍လှသနည်း''ဟူ၍ပင် ဖြစ်၏။

ယင်းမေးခွန်းကို ဖြေနိုင်ဖို့ဝေးစွ၊ အရှင်နန္ဒအဖို့ တစ်ဖက်သို့ပင် ဦးခေါင်းငဲ့ရိုက် သွားကာ ''ရက်စက်လှပါချည့် နောင်တော်ဘုရား''ဟုပင် စိတ်ထဲမှ ညည်းတွားလိုက်မိရုံ မက သပိတ်ဖြင့်ကွယ်၍ပင် မျက်ရည်ယိုမိရှာသည်ကို ဘုရားရှင်က မမြင်ချင်ပြု၍ ကောင်းကင်ခရီးဖြင့်ပင် ထိုနေရာမှ ဆက်လက်ထွက်ခွာခဲ့ကြသည်။

သစ်ငုတ်တို ချောက်အဝက
မျောက်မနှင့် ပမာအညီ
ကလျာဏီနှင့် မတူလား၊
ပြောတာက၊ သဘောမှာမကျ

www.burmeseclassic.com

www.burmeseclassic.com



ဂေါတမရဲ့ညီ မင်းနန်၊
အောင်မယ်မင်း – ဆိုးရက်လေသည့်ကံ
ကျုပ်ညီမင်းနန် –
အနှိပ်စက်ကိုခံ၊ သပိတ်ဖက်လို့ငိုပြန် . . . .

ဦးစိန်ကတုံး

ဟိမဝန္တာမှလွန်သော် စိန်ရောင်မြရောင်တို့ ဝိုင်းကာနေ၍ သာယာရှုမောဖွယ် မဆုံးသော ဆေးဒန်းမြင်းသီလာအပြင်၊ ရွှေရည် ငွေရည် ပတ္တမြားရည်တို့ စီးဆင်းနေသည့်ပမာ သာယာလှသော မြစ်ကြီးငါးသွယ်၊ အိုင်ကြီးခုနစ်အိုင်စသော ဟိမဝန္တာ၏ အခြံအရံများကို ဘုရားရှင်က ပြသည်။ အရှင်နန္ဒအဖို့ သည်လိုဆိုပြန်တော့ မရှုင်သည့်နှလုံး မပြုံးနိုင်သည့် မျက်နှာတို့ သက်သာရာရပြန်၏။

"အံ့မခန်းသော မြင်ကွင်းတွေပါဘုရား ။ ။ တာဝတိံသာသို့ ရောက်နေပါပြီလား နောင်တော်ဘုရား"

"မဟုတ်သေးဘူး နန္ဒ ။ ။ ဈာန်ရှင်တရားရှင် ရဟန်းရသေ့တို့ပျော်မွေ့ရာ ဟိမဝန္တာ၏ ဝန်းကျင်မျှသာဖြစ်သည်။ ယခု ငါတို့ တာဝတိံသာသို့ သွားကြကုန်အံ့။"

[ ၃ ]

မိန့်ခွန်းတော်အဆုံးမှာပင် ကွေးသော လက်ကို ဆန့်တန်းလိုက်သကဲ့သို့ တာဝတိံသာ နတ်တို့ရွာသို့ရောက်လာကြသည်။ ရှေးဦးစွာ စိတ္တရလတာရေကန်ကို ကျော်သည်။ ထိုနောက် နန္ဒဝန်ဥယျာဉ်ကိုဖြတ်သည်။ ရေကန်တွင်လည်းကောင်း၊ ဥယျာဉ်တွင် လည်းကောင်း၊ ဖိုမတွဲ၍ဖြစ်စေ၊ တစ်ကိုယ်တည်းဖြစ်စေ၊ အသီးသီး လှုပ်ရှား သွားလာလျက်ရှိနေကြသော နတ်သား နတ်သမီးတို့ကို လေ့လာရပြန်ဖြစ်၏။

ထို့နောက်တွင်ကား သိကြားမင်းအတွက် အစဉ်ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်ဝယ် ဘုရားရှင်သည် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလိုက်ပြီဖြစ်၏။ ဘုရားရှင်က အရှင်နန္ဒအား မိမိနံဘေးတွင် ထိုင်စေသည်။

ဘုရားရှင်ကြွရောက်တော်မူလာသည်ဟူသော သတင်းနှင့်အတူ တာဝတိံသာ နတ်ရွာတစ်ခုလုံး တလှုပ်လှုပ်တရွရွဖြစ်ကာ ဘုရားရှင်သီတင်းသုံးတော်မူရာ ပဏ္ဍုကမ္ဗလာဆီသို့ နတ်သား – နတ်သမီးတို့စုပြုံ၍ ရောက်လာကြသည်။ ရှင်မောဂ္ဂလာန်၊ ရှင်မဟာကဿပ စသော အရှင်တို့သည် တာဝတိံသာသို့ အကြောင်းအားလျော်စွာ ရံခါကြွလာ

www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိသော်လည်း ဘုရားရှင်မူကား ကြွလာခဲ့ဘိခြင်းဖြစ်၏။ ယခုဘုရားရှင် ကိုယ်တော်တိုင် ကြွလာသည်ဆိုသောအခါ ရှေ့ဆုံးမှ ဖူးတွေ့လာသူကား သိကြားမင်းကိုယ်တိုင်ဖြစ်၏။

သိကြားမင်း လာသည်ဆိုတော့ သိကြား၏ မိဖုရားလေးပါးနှင့်အတူ အတွင်း အခြံအရံနတ်သမီးငါးရာတို့ တစ်ပြိုင်နက်ပါလာသည်။ ထိုမျှမက အပြင်အခြံအရံ နတ်သမီးနှစ်ကုဋေငါးသန်းတို့လည်း တစ်ပြိုင်နက်ပင်ပါလာ၍ အဆင့်ဆင့် ဝိုင်းရံလျက် ရှိနေကြသည်ကို တွေ့ရသည်။

ဘုရားရှင်က သိကြားမင်း သို့ပဋိသန္ထာရ တရားစကား အနည်းငယ် မိန့်ကြားပြီးနောက် အရှင်နန္ဒဘက်သို့လှည့်၍ "နန္ဒ။ ။ နတ်သမီးများကို ရှုလော့"ဟု ယခင် မျောက်မကိုတွေ့စဉ်က မိန့်ကြားသကဲ့သို့ပင် မိန့်ကြားလိုက်သည်။

သည် အကြိမ်တွင်တော့ အရှင်နန္ဒအား အထူးအရှုခိုင်းဖို့မလိုပါ။ အကြောင်းမှာ တာဝတိံသာသို့ ရောက်လာသည်ဆိုကတည်းက အရှင်နန္ဒအဖို့ ဥက္ကဋ္ဌစက္ခု မိမိရှေ့သို့ လေးတောင်မျှသာ ရှုရမည်ဟုသော ရဟန်းတရားကိုပင် သတိမထားနိုင်တော့ဘဲ မျက်စိအဝိုင်းသားနှင့် အချောအလှနတ်သမီးမြင်သမျှကို ရှုပြီးရင်းရှုရင်းဖြင့် ရှုမဆုံး ဖြစ်နေခဲ့တော့သည်။

ဤမျှကား သာမန်နတ်သမီးတို့ အပေါ်တွင်မျှဖြစ်၍ မိမိရှေ့မှောက်သို့ ရောက်လာသော သိကြားမင်း၏ အခြွေအရံ ထိပ်တန်းနတ်သမီးတို့ကို ရှုမြင်ရသော အခါတွင်မူ အရှင်အာနန္ဒာအဖို့ ရဟန်းကျင့်ခြင်းကိုမှ မဆည်နိုင်အောင် ကိုယ်ဟန်ပျက်လျက် ရှိနေရသည်။

"နန္ဒ။ ။ သင်စွဲလန်းလျက်ရှိနေသော ဇနပဒကလျာဏီ၏ အလှသည် တင့်တယ်သလော၊ ဤနတ်သမီးတို့၏အလှသည် တင့်တယ်သလော၊ အဘယ်သူက ပို၍တင့်တယ်ကြပါသနည်း"

"နောင်တော်ဘုရား။ ။ အထူးလျှောက်ထားဖွယ်ပင် မလိုတော့ပါ၊ ဤ နတ်မိမယ်တို့၏ အလှနှင့်နှိုင်းစာသော် ကလျာဏီ၏ အလှဟူသည် လမ်းတွင်တွေ့ခဲ့ ရသော မျောက်မသဖွယ်ပင်ဖြစ်ပါတော့သည်ဘုရား"

ဤတွင် အရှင်နန္ဒ၏ သဘောသည် ပေါ်လောကြီးပေါ်လာ၏။ တစ်နည်းအားဖြင့် ယေဘုယျနှင့်ပြောသော် ယောကျ်ားသတ္တဝါတို့၏ သဘောသည် ပေါ်လောကြီးပေါ်လာ ပြီဖြစ်၏။ အကြောင်းမူကား အရေပြားတစ်ထောက်မျှသော တရားသဘောကို မမြင်နိုင်သဖြင့် လှသောကြောင့်ချစ်သည်ဟုဆို၏။ လှသည်ထက်လှသူကို တွေ့ရသော အခါ ထိုအချစ်ကွယ်ပျောက်၏။

www.burmeseclassic.com



စင်စစ်တွင်မူ အလုပ္ပဟူသည် အရေပြားတစ်ထောက် နှစ်ထောက်တွင်သာ မှောက်မှားနေကြခြင်းဖြစ်သကဲ့သို့ အချစ်သံယောဇဉ်ဟူသော အထင်အမှတ်ဟူသည်လည်း လူသတ္တဝါတို့၏ အထင်အစွဲလွဲမှားနေမှုမျှသာဖြစ်ပေသည်။ အရေပြားတစ်ထောက်ဟူသည် ပင်ကိုယ်အရေပြားဖြစ်၍ နှစ်ထောက်ဟူသည် ယင်းအရေပြားပေါ်တွင် လိမ်းခြယ်ပေါင်းတင်ထားအပ်သော သနပ်ခါးနံ့သာတို့ကို ဆိုလို၏။ ယင်းသို့ အထင်အစွဲလွဲမှားလျက်ရှိနေသေးသော ညီတော်အတွက် ဆက်ရန်ရှိသေးသဖြင့် "နန္ဒ။ ။ ဤသို့သော နတ်သမီးတို့ကို ရယူလိုသလော" ဟု မေးမြန်းလိုက်ရသည်။

"ရယူလိုလှပါသည် နောင်တော်ဘုရား။ ။ အဘယ်တရားအဘယ် အမှုကိုပြု၍ ရနိုင်ပါနည်း"

"တရားအထူးမဟုတ်ပါ၊ သင်ကျင့်နေဆဲသော ရဟန်းတရားကို ကျင့်လျှင်ပင် ရနိုင်ပါသည်။"

"ရဟန်းတရားကျင့်သော် ရပါမည်ဟု အရှင်ဘုရား ဝန်ခံပါသလားနောင်တော်"

"ငါဝန်ခံပေ၏ နန္ဒ"

နတ်သမီးရဖို့ရန် စိတ်အားထက်သန်လွန်းနေသော အရှင်နန္ဒက ဘုရားရှင်ကိုပင် ချည်မိတုပ်မိအောင် ဝန်အခံခိုင်းလိုက်ပေသေး၏။ တန်ခိုးတော်သည် ဘုရားရှင်ကူညီလျှင် ဘယ်ကိစ္စမဆို ပြီးစီးထမြောက်ရမည်ဟု သူယုံကြည်သည်။

စိတ်ထက်သန်လိုက်ပုံမှာ "သို့ဆိုလျှင် တပည့်တော်တို့ကျောင်းသို့ ပြန်ကြပါစို့၊ ရဟန်းတရားကို အမြန်ပင် ပွားများကျင့်ကြံကျင့်လိုနေပါပြီဘုရား" ဟုပင် လျှောက်လိုက်ချေသေး၏။

[ ၄ ]

သို့နှင့်ကျောင်းတော်သို့ ပြန်ရောက်လာကြသည်။ ဘုရားရှင်ပြန်ရောက်သည် ဆိုလျှင်ပင် ကြိုဆိုလျက်ရှိသော ရဟန်းတော်တို့က နောက်တော်မှ ညှိုးငယ်စွာနှင့်ပါသွားသော အရှင်နန္ဒအားတတ်ကြွရွှင်လန်းစွာဖြင့် ပြန်ပါလာသည်ကို တွေ့ရသောကြောင့် ကွေ့၊ အရှင်နန္ဒသည် တရားထူးရရှိခဲ့ချေပြီတနံ့ဟုပင် ထင်မှတ်ကြသည်။

ကျောင်းတော်သို့ရောက်လျှင် ဘုရားရှင်က အရှင်နန္ဒအား သူ့စရိုက်နှင့် လိုက်လျောညီသည့် ကာယဂတာသတိ ကမ္မဋ္ဌာန်းကိုပင်ပေးသည်။ အဆောင်မန္တန် အဖြစ် ကေသာ၊ လောမာစသော ကာယဂထာသတိ ကမ္မဋ္ဌာန်းဂါထာများကို မပြော

www.burmeseclassic.com

www.burmeseclassic.com



ရွတ်ဖတ်ရှုမှတ်နေရန်ပေးသည်။ အရှင် နန္ဒ၊ တရားအလုပ်ကို ကျားကုပ်ကျားခဲ အားထုတ်လေပြီတည်း။

နတ်သမီးလိုချင်သောကြောင့် တရားအားထုတ်လိုက်ပုံမှာ ရဟန်းတို့ စည်းဝေးရာ လာနေကျ ညဉ့်ဦးပိုင်းတရားကိုပင်မလာနိုင်၊ မိမိနေရာတွင်ပင်ကုပ်၍ တရားအား ထုတ်သည်။ ယခုသော်အရှင်နန္ဒ၏ နှလုံးတွင် ယခင်ကလို ဘဒ္ဒကလျာဏီမရှိတော့၊ လက်ဖျားခြေဖျား အသားအရောင်ကလေးတွေ ခိုခြေအဆင်းနှင့် တဝင်းဝင်းတသသ လှချင်တိုင်းလှကြသော နတ်သမီးအချောအလှလေးတွေကိုသာ တစ်မြင်တည်း မြင်လျက် ရှိနေသည်။

အရှင်နန္ဒ၏ ယင်းသို့သော တရားသတင်းဆန်းကို ရဟန်းတော်တို့ သိကြသည် သာဖြစ်၏။ အချို့ရဟန်းတို့က ဘုရားရှင်သည် ညီတော်မို့တရားဆန်းပေးသည်ဟုလည်း ရယ်သွမ်းသွေးသူ သွေးကြသည်။ ဘုရားရှင်ကမူ ရှေးဦးစွာ နန္ဒ၏ ဥပဇ္ဈာယ်ဆရာ ဖြစ်သော အရှင်သာရိပုတ္တရာသို့ နန္ဒသည် နတ်သမီးများလိုချင်၍ တရားအားထုတ်နေသည် ဟု နှုတ်တော်ဖြင့်မြွက်၍ပင် သတင်းပေးထားသည်။ ထို့နောက် ရှင်မောဂ္ဂလာန်၊ ရှင်မဟာကဿပ၊ ထို့နောက် နန္ဒ၏ နောင်တော် ညီတော်များဖြစ်သော ရှင်အာနန္ဒာ၊ ရှင်အနုရုဒ္ဓါစသည့် သာဝကများသို့ သတင်းပေးထားသည်။

ရည်ရွယ်ချက်မှာ ရဟန်းနှင့် အမသတ္တဝါသည် ဘုန်းကြီးနှင့်ဘီး ဆိုသကဲ့သို့ မပတ်သက် မဆက်နွှယ်ပါသည်ကို ရဟန်းနန္ဒအဖို့မူ ပတ်သက်ဆက်နွှယ် နေတော့ သည့်ပမာ နတ်ကညာများကို အလိုရှိ၍ တရားအားထုတ်မှုဆိုသည်မှာ ရယ်သွမ်းသွေး ဖွယ်ရာဖြစ်သောကြောင့် ညီတော်နန္ဒအား ရယ်သွမ်းသွေးနိုင်ကြရန်ဖြစ်၏။ ဘုရားရှင်၏ ယင်းဆန္ဒကိုသိကြသော သာဝကကြီးများကလည်း အရှင်နန္ဒအနားသို့ တစ်ပါးပြီးတစ်ပါး ကြွရောက်လာကြပြီးနောက် ရွှတ်ချသောမျက်နှာ၊ အံ့သြသောအမူအရာ၊ မထိခလုတ် ထိခလုတ်စကားတို့ဖြင့် ပြောကြားပျက်ရယ် ပြုလာကြသည်။

ဥပဇ္ဈယ်ဆရာ အရှင်သာရိပုတ္တရာက ''ဘယ့်နှယ်လဲကျုပ်တပည့်ရဲ့ ။ ။ နတ်သမီးလိုချင်လို့ တရားကျင့်နေဆိုပါလား'' ဟု လည်းကောင်း၊ ရှင်မဟာကဿပက ''သက်န်းမှ အားမနာလိုက်လေ ငါ့ရှင်ရယ်၊ မယားကြောင့် ပူပင်ရတာနဲ့ နတ်သမီးကြောင့် တရားအားထုတ်ရတာနဲ့၊ တကယ့်ကို ရှက်ဖွယ်လိလိကြီးပါပဲ'' ဟု လည်းကောင်း၊ အရှင်မောဂ္ဂလာန်က ''ညီတော်ဆိုတော့ တရားထူးတရားဆန်း ကြားနာရပေတာပေါ့လေ၊ နတ်သမီးလေးတွေ ပိုင်းပိုင်းလည်ရောက်လာကြမှာ တရေးရေးမြင်မိပါသေး''ဟူ၍ လည်းကောင်း၊ သွေးသားဖြစ်သော အရှင်အာနန္ဒာနှင့် အရှင်အနုရုဒ္ဓါတို့ကမူ ''ကိုယ်တော့် သတင်းတွေကဖြင့် တရားမဏ္ဍပ်မှာ ဘုရားရှင်က ဖွင့်ထုတ်ကြေငြာလိုက်လို့ ရဟန်းလောက တစ်ခုလုံးမှာဖြင့် ကဲ့ရဲ့သကြီးဟ်သတင်းဆိုးနေလိုက်ကြတာ၊ ကိုယ်တော်တော့မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်မှာဖြင့် ကိုယ်တော့်အစား သွေးသားမကင်းသူများမှ ရှက်လိုက်ကြရတာ မျက်နှာတောင် ဘယ်လိုထားရမယ်မသိဘူး။ တရားသတိနဲ့ ကြည့်လဲဆင်ခြင်ပါဦး''ဟူ၍လည်းကောင်း၊ အသိတိ အရိယာကြီးများသာမက၊ မိမိအလားတူ ပုထုဇဉ် သံဃာတော်များကလည်း တွေ့ရာနေရာတွင် မြင်သည်နှင့်တစ်ပြိုင်နက် ရှုတ်ချသောမျက်နှာ မထိမဲ့ပြုသော အမူအရာများကိုချည့် တွေ့ရှိလာရသောအခါ အရှင်နန္ဒအဖို့ ရှက်စိတ်–ကြောက်စိတ်၊ ထိတ်လန့်စိတ်ကလေးများ ဝင်လာလေတော့သည်။

မကောင်းမှုမှ ရှက်စိတ်ကြောက်စိတ်ဟူသည် တရားသဘောဖက်သို့ ယိမ်းယိုင်လာခြင်းပင်ဖြစ်ပေရာ အရှင်နန္ဒအဖို့ ကျွတ်တမ်းဝင်ဖို့ အချိန်အခါကလည်း ဆိုက်ရောက်လာချေပြီဖြစ်၏။ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို မပြတ်စီးဖျန်းခြင်းဖြင့် ပထမသော် နတ်သမီးရလိုမှုတွင် ပယောဂဆရာသည် မိမိလိုအပ်မှုအတွက် ဂါထာစုပ်သလို တတွတ်တွတ် ရွတ်ဖတ်သော်လည်း ရွတ်ဖတ်ယင်းဖြင့်ပင် ခန္ဓာကိုယ်၏ မသတီဖွယ် မစင်ကြယ်မှုများကို ဆင်ခြင်သတိရှိလာသည့်အလျောက် တရားသား တက်လာခဲ့ချေပြီဖြစ်၏။

ယင်းသို့ တရားသားတက်လာရင်းဖြင့်ပင် အချုပ်အားဖြင့် ဆိုသော်ဘဝပါရမီ အခြေခံရှိခဲ့ပြီးသော အရှင်နန္ဒအဖို့ အရဟတ္တဖိုလ်တံခါး နိဗ္ဗာန်တံခါးကြီး ဟင်းလင်းပွင့်သွားခဲ့ပြီဖြစ်သတည်း။ ထိုအခါ အရှင်နန္ဒမှာ အချမ်းသာကြီးချမ်းသာ ဝမ်းအသာကြီးသာ၍ ရာဂစရိုက်တွင် ပွားစည်းခဲ့မိသော မိမိအား နောင်တော်ဘုရားက ထိုးမည့်ဆင်နောက်ဆုတ်၏သို့၊ ငါးကြင်းဆီဖြင့် ငါးကြင်းကြော်ဆိုဘိသို့၊ မိမိစရိုက်တွင် အလိုက်သိစွာ ပရိယာယ်ဆင်ကာ ကယ်ချွတ်ခဲ့ပေသည့် ကျေးဇူးဂုဏ်အရှိန်ကို အကြိမ်ကြိမ် သတိရရင်းဖြင့် မိမိနေရာမှပင် အထပ်ထပ်ဦးနှိမ်သည်။

ထိုနေ့ညဉ့်ဦးပိုင်းတွင် ရဟန်းတို့စည်းဝေးရာသို့မူ အရှင်နန္ဒသည် တက်ကြွရွှင်လန်းသောအသွင်ဖြင့် ဝင်ရောက်လာကာ ဘုရားရှင်ရှေ့တော်မှောက်သို့ အရောက်သွား၏။ အရှင်နန္ဒကျွတ်တမ်းဝင်လာပြီကို အရိယာအရှင်တို့ သိကြသော်လည်း ပုထုဇဉ်ရဟန်းတို့ကမူ ကဲ့ရဲ့ချင်သယောင် ရှိကြသေး၏။

အရှင်နန္ဒက ဘုရားရှင်၏ အခြေတော်စုံကို အားရပါးရ စုပ်နမ်း၍ အကြိမ်ကြိမ် ဦးနှိမ်သည်။ ပါးစပ်မှလည်း ''ကျေးဇူးတော်သခင် အရှင်မြတ်ဘုရား။ ယခုအခါ တပည့်တော်သို့ အရှင်မြတ် ဝန်ခံအပ်သော မိန့်ခွန်းတော်သည် ပြေပျောက်ခဲ့ပါပြီဘုရား''ဟု လျှောက်ထားသည်။

ဘုရားရှင်က ''နန္ဒ။ ။ သင်သည် အကြင်အခါ၌ အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုအခါ၌ ငါ၏ ကတိတာဝန်ပြေပျောက်ခဲ့ပြီကို ငါသိပါ၏။ အပ္ပမာဒေန

www.burmeseclassic.com



သမ္မာဒေဝ''ဟု မိန့်တော်မူလိုက်သောအခါ အရှင်နန္ဒ ရဟန္တာဖြစ်လာပြီကို ရဟန်းအားလုံးပင် သိလာရသောကြောင့် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်လိုက်ကြသည်။

ဘုရားရှင်သည် 'သတ္တာဒေဝ မနုဿနံ' ဂုဏ်တော်အရ၊ အာဠဝက၊ သုစိလောမ၊ ခရလောမ၊ နန္ဒောပနန္ဒ စသော ဘီလူးကြမ်း နတ်ကြမ်းများကို ကယ်ချွတ်ရသည်လည်းရှိ၏။ အင်္ဂုလိမာလ စသော လူကြမ်းကြီးများကိုချွတ်ရသည်လည်းရှိ၏။ ကြုံလာသမျှသတ္တဝါတို့အား တရားအဖုံဖုံ ဒေသနာအစုံစုံတို့ဖြင့် အေးအေးသက်သာ ကယ်တင်ရသည်လည်းရှိ၏။ ယင်းသို့ အကြမ်း အနုနည်း၊ နည်းမျိုးစုံတို့ဖြင့် ကယ်ချွတ်ခဲ့ရရာတွင် အရှင်နန္ဒကိုမူကား သူ၏ အကြိုက် စရိုက်ညီလျော် အချော့တော်နည်းဖြင့် ကယ်ချွတ်တော်မူသည်ဟု ယူသော် ရနိုင်ကောင်းပါတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဇရာဒေဝီ

[ ၁ ]

တာဝတိံသာ ဦးမာဃတို့ သုံးကျိပ်သုံးယောက်အုပ်စု စတင်ရောက်ရှိလာသောအခါ တာဝတိံသာတွင် ရှိနေပြီးဖြစ်သော ဝေပစိတ္တိကြီးတို့က အဖော်တွေရောက်လာပြီဟု ဝမ်းမြောက်ဝမ်းသာနှင့် သူတို့ကြိုက်သော ဂန္ဓသာရ ခေါ် အရက်မွန် အရက်ကောင်းတို့ဖြင့် စားပွဲသောက်ပွဲခင်းကာ ကြိုဆိုညှေ့ခံ၏။

"အရက်မွန် အရက်ကောင်း" ဟူသည် စာလာပေလာစကားပင်ဖြစ်၏။ "မနုညော၊ စိတ်ကိုနှစ်သက်စေတတ်၏။ သုရဘိ၊ ကောင်းသောအနံ့ရှိ၏။ ဝဏ္ဏ၊ ရဲရင့်သော အဖြစ်သို့ ရောက်စေတတ်၏။ သာဒု ခုဒ္ဒရသူပမော၊ သာယာအပ်သော ယင် ပျားအရသာ နှင့်တူ၏" ဟု ဖွဲ့ဆိုသည်။ ဤစကားအရ တာဝတိံသာတွင် အရက်ရှိကြောင်း၊ သို့မဟုတ် ရှိခဲ့ကြောင်း သိရသည်။

မည်သို့ဆိုစေ အရက်ဟူသည် သူတော်ကောင်းတို့ ရှုတ်ချအပ်သော အရာသာ ဖြစ်သည့်အတိုင်း ငါးပါးပဥ္စသီသမား ဦးမာဃတို့က ယင်းညှေ့ခံပွဲကို ဝမ်းမြောက် ဝမ်းသာ အပဟာန်ဖြင့် ပါဝင်ဆင်နွှဲသော်လည်း အရက်ကိုမူ သောက်ချင်ပြုရုံမျှသာပြု၍

www.burmeseclassic.com

www.burmeseclassic.com



သူ့အသိုင်း အဝိုင်းများကိုလည်း တစ်စိုးတစ်စိမျှ မသောက်ကြရန် အချက်ပြပြဟန့်တား ထား၏။

အကြောင်းမှာ သူတို့သည် အရက်ကို ရှောင်သော်လည်း တစ်ဘက်တွင်မူ ဝေပစိတ္တိကြီးတို့ကို ဤနေရာမှ မောင်းထုတ်ပစ်လိုသည့် ဝိဟိံသာစိတက် ရှိနေကြသော ကြောင့် ဖြစ်သည်။ ဤနည်းဖြင့် ဝေပစိတ္တိကြီးတို့အပျော်လွန်၊ အမူးလွန်လာသော အချိန်တွင် ဦးမာဃတို့က အသုရာချောက်ထဲသို့ တစ်ယောက်ပြီးတစ်ယောက် ဆွဲငင် ပစ်လိုက်ကြသည်။ ဤနည်းဖြင့် မြင်းမိုရ်တောင်ခြေ ချောက်ထဲ၌ ဝေပစိတ္တိတို့၏ အသုရာ နိုင်ငံဖြစ်လာသည်။

ဤကိစ္စတွင် ဖော်ပြလိုသည်ကား ဦးမာဃတို့အပေါ်တွင် ဝေပစိတ္တိကြီးက တစိမ့်စိမ့်တွေးမိတိုင်း မကျေနိုင် မချမ်းနိုင်ပေါက်ကွဲထွက်ပေါ်လျက်ရှိသော ဒေါသကိုပင် ဖြစ်ပေ၏။ ဖြစ်လည်း ဖြစ်လောက်ဖွယ်ရာပါပေ။ သူတို့ရောက်လာသည်ကို မိမိတို့က အဖော်အဖြစ် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါလျက် မလိမ့်တပတ်ဖြင့် မောင်းထုတ်ခံရသည်။ မာဃတို့သည် မိမိတို့နေရာကို လုယူထားသူများဖြစ်ကြ၏။ မိမိတို့အပေါ်တွင် မေတ္တာ ကင်းပြတ် နတ်မှုရေးရာ ယဉ်ကျေးမှုပျက်ကွက်သူများဖြစ်ကြ၏။ တွေးမိတိုင်း ဒေါသ ထောင်းလမောင်းထရ၏။

ယင်းဒေါသအရ မိမိတို့သည်လည်း အင်အားရှိသူများ ဖြစ်သည့်အတိုင်း အသုရာစစ်သည်တို့ စုရုံးမိသည့်အခါတွင် တာဝတိံသာသို့ စစ်ချီတိုက်ခိုက်သည်။ မစုရုံးနိုင်သည့်အချိန်တွင် ဒေါသကို အရက်ကိုးမောင်းတင်သောက်၍ တာဝတိံသာ ဦးမာဃနေရာသို့ တစ်ယောက်တည်းသွားပြီး အရက်သမားပုံစံဖြင့် ထောင်းလမောင်း ကြဲအောင် ဆဲသည်။ ချဲသည်။

လူနတ်စသော အသိဉာဏ်ရှိသူများသည် မိမိတို့၏ မကျေနပ်မှု ကျေနပ်မှုများကို ဣန္ဒြေပျက်မည်ကြောင့် သာမန်အားဖြင့် ထိန်းချုပ် ဟန်လုပ်ထားကြသော်လည်း အရက်နှင့် ဖက်စပ်လာသောအခါတွင်မူ ယင်းထိန်းချုပ်မှုများ ထင်ရှားထွက်ပေါ်လာသည်။ ထို့ကြောင့် ''အရက်မူးတော့ ကျွဲခိုးပေါ်''ဟူသော စကားဖြစ်ပေါ်လာရ၏။ သို့သော် ဝေပစိတ္တိကြီး အဖို့တော့ အမြဲတမ်း ကျွဲခိုးပေါ်နေသည်။

ခက်သည်ကား ယင်းသို့ ရန်သူဖြစ်နေသည့်အကြားကပင် သမီးမိုက်သုဇာတာ ကြောင့် မောင်မာဃကို သမက်တော်လာရခြင်းပင် ဖြစ်လေသည်။

အချိန်အရွယ်ရောက်လာသော သမီးအတွက် မိဘတို့ဝတ္တရားအတိုင်း ကြင်လျာ ရွေးပွဲလုပ်ရာတွင် ခေါင်းခေါက်၍ပင် ရွေးနိုင်သော နတ်များစွာရှိပါလျက် သမီးမိုက်က ရန်သူကိုမှ ရွေးချယ်၍ မာဃနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တာဝတိံသာသခင် နတ်တို့အရှင်၏ ယောက္ခမ မိဘဖြစ်လာ၍ ကျေနပ်ရမယောင် ရှိသော်လည်း နည်းနည်းကလေးမျှ မကျေနပ်။

ဤအတွင်းမှာပင် ဗိဿနိုးနတ်ကြီး၏ မသေဆေးတစ်ရပ်ဖော်စပ်ဖို့ ကိစ္စကြီး ပေါ်လာပြန်တော့၊ ဗိဿနိုးကြီးက ဦးမာဃတို့နှင့် မပူးပေါင်းလျှင် မဖြစ်ဘူးဆို၍ နတ်လောကတွင် ကျော်ကြားလှသော မသေဆေးကိုလည်းလိုလာ။ ပညာတန်ခိုးထက်သော ဗိဿနိုးကြီးကိုလည်း ရွံ့ရ၍ မပူးပေါင်းချင်ဘဲနှင့် တစ်ချိုပူးပေါင်းလိုက်ရသည်။

[ ၂ ]

ဂေါတမဘုရားရှင်၏ မသေဆေးဟုခေါ်သော နိဗ္ဗာန်ဆိုသည်ကို 'အမြိတ' ဟုခေါ်၍ သိကြားမင်းနှင့် အသုရာတို့ နတ်လောကတွင်လည်း ဓန္ဝန္တရီဆရာကြီး၏ မသေဆေး 'အမြိတ'သည်လည်း ကျော်ကြားလှ၏။ ဤဆေးကို သောက်ရလျှင် မိမိတို့ ဘဝမှ ဘယ်တော့မှမသေဟု အညွှန်းရှိသည်။ သို့သော် ဖော်စပ်ဖို့ရန်မှာမူ ခက်ခဲလှစွာ၏။ သိကြားရော အသုရာတို့ပါ ပူးပေါင်းဖော်စပ်နိုင်မှ အောင်မြင်မည်ဟု အညွှန်းကဆိုသည်။

သေဘေး၊ သေရမည်ကို လူရောနတ်ပါ သတ္တဝါတိုင်း ကြောက်သည်။ မသေမည် ကေန်သာဆိုလျှင် ဘယ်အခြေတွင် ဘာကိုလုပ်ရလုပ်ရ လုပ်ချင်ကြသည်။

ဂေါတမဘုရားရှင်၏ မသေဆေးဟုဆိုသော အမြိတ နိဗ္ဗာန်အတွက် သူ့ရဟန်း သူ့ဒကာများသည် သူတို့နည်းဖြင့် လုပ်ကိုင်ကျင့်သုံးနေကြသည်ကို တွေ့မြင်နေကြ၏။ သို့သော် လုပ်ရင်းနှင့်ပင် သူတို့သေကြသည်ကို မပြတ်တွေ့နေရ၏။ လူတွေမက ရဟန်းတွေပါသေသည်။ ဤသည်ကား သူတို့ဘက်မှ အမြင်ဖြစ်၏။

ဓန္ဝန္တရီဆရာကြီး၏ အမြိတ မသေဆေးကတော့ တစ်ကြိမ်သောက်ရပြီးလျှင် ဘယ်တော့မျှမသေဟု အညွှန်းရှိသည်။ ယင်းဆေးကို ဖော်စပ်ရန် ဗိဿနိုးနတ်ကြီးက ဦးဆောင်၍ အသုရာနှင့် ပူးပေါင်းနိုင်ရန် ရှေးဦးစွာ ဦးမာဃနှင့် ဆွေးနွေးသည်။

''ဆေးညွှန်းက အရှင်သိကြားနှင့် အသုရာတို့ ပူးပေါင်းဆောင်ရွက်မှ အောင်မြင်မယ်လို့ ညွှန်းဆိုထားတယ်၊ အသုရာတို့နှင့် ပူးပေါင်းနိုင်ပါမည်လား''

''မပူးပေါင်းနိုင်ဖွယ်ရာမရှိပါ၊ တကယ်ဆိုတော့ ဝေပစိတ္တိဟူသည် ကျွန်တော်၏ ယောက္ခမ မိဘတော်စပ်သူပင် ဖြစ်ပါသည်''

''ဝမ်းမြောက်ပါ၏၊ သို့သော် တိုးတိုးတိတ်တိတ် ကြိုတင်ပြောထားရဦးမည်။ အသုရာတို့သည် နတ်ဆိုး ငမူး ငရှူးများသာ ဖြစ်ကြကုန်သည်။ သူတို့သည် အသက်ရှည် နေလျှင် ရှည်သလောက် နတ်လောက လူလောကမှာ ဒုက္ခတွေ့ရဖို့သာရှိသည်။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဆေးညွှန်းအရ သူတို့နှင့် ပူးပေါင်းဖော်စပ်ရသော်လည်း အမြိတဆေးရသည့် အခါတွင်မူ သူတို့ကို မသောက်စေရဘူးလို့ စိတ်ကူးထားပါသည်''

''ဗိဿနိုးကြီး ဆန္ဒအတိုင်းပါ''

အသုရာတို့နှင့် ညှိနှိုင်းသောအခါတွင်လည်း ဝေပစိတ္တိကြီးက မသေဆေး လောဘကြောင့် အင်တင်တင်နှင့်ပင် ပူးပေါင်းရန် သဘောတူလိုက်၏။ သို့နှင့် အမြိတဆေး ဖော်စပ်ဖို့ ကိစ္စကြီးကို စတင်ကြသည်။

''အမြိုက်သုဓာ၊ နတ်စားဇာနှင့်၊ များစွာလျှော့လျှား၊ မထူးခြားတည့်။ ဘုရားဟူကာ၊ ပွင့်စမူးမူး၊ ထိုရွှေဦး၌၊ ရဖူးစမြဲ၊ မလွှဲဖြစ်တမ်း၊ နို့သစ်ဆွမ်းကို၊ မြစ်ကမ်းရေစ၊ ထက်ဝယ်လှလျက်၊ သတ္တသတ္တာ၊ နောင်လာစိစစ်၊ ခုနစ်ခါလည်၊ ကြာအံ့သည်ဟူ၊ ဝံ့ဆည်တာတွယ်၊ မျှအောင်ရွယ်သို့၊ လေးဆယ်ကိုးလုတ်၊ မယုတ်အင်ပြည့်၊ သဗ္ဗာယ် ဖြည့်လျက် -''

(ပါရမီတော်ခန်းပျို့ - ၁၁)

သိကြားနှင့် အသုရာတို့ပူးပေါင်း၍ အမြိုက်သုဓာခေါ် နတ်တို့မသေဆေး ဖော်စပ်ဟန်ကား ဤသို့တည်း။

အသုရာတို့ဘက်တွင် သူသည်လည်း ငမူး ငရူးပင်ဖြစ်၍ မသေဆေး စားလိုသောကြောင့် ဗေဒင်လောကနှင့် အများသိကြပြီးသော ရာဟု အသုရိန်နတ်ကြီးလည်း ပူးပေါင်းလာသည်။ သူ့ကို သီးခြားဖော်ထုတ်ရခြင်းမှာ နောက်ပိုင်းတွင် အကြောင်း ရှိသောကြောင့်ဖြစ်၏။

ရှေးဦးစွာကား နို့ဓမ်းသမုဒ္ဒရာကြီးကို ဖန်ဆင်းလိုက်သည်။ ယင်းသမုဒ္ဒရာကြီး ထဲသို့ ကမ္ဘာပေါ်တွင် ရှိရှိသမျှသော ဆေးပင်၊ ဆေးမြစ်၊ ဆေးသီး၊ ဆေးပွင့်မှုန်သမျှကို ရှာဖွေယူဆောင်၍ ထည့်ကြသည်။ ယင်းဆေးပင်ဆေးမြစ်များကို မွှေဖို့ ဒလက်တံအဖြစ် အသုံးပြုရန် မန္ဒာရတောင်ကြီးကို သမုဒ္ဒရာအလယ်တွင် စိုက်ထူလိုက်ကြသည်။ယင်းမန္ဒာရ တောင်ကြီးကို မွှေနှောက်ရန် ဝါသုကီနဂါးမင်းကို မန္ဒာရတောင်ကြီးအား အထပ်အထပ် ရစ်ပတ် စေလိုက်၏။

ထို့နောက်တွင်မူ ဗိဿနိုးကြီးက အသုရာတို့အား နဂါး၏ ဦးခေါင်းဘက်မှ လည်းကောင်း၊ နတ်တို့အား နဂါး၏ အမြီးဘက်မှလည်းကောင်းနေစေ၍ ဆွဲငင်လှည့်လည် မွှေနှောက်စေ၏။ ယင်းသို့ လှည့်လည်ရာ၌ ကောင်းမွန်စွာ လည်ပတ်စေရန်အတွက် ဗိဿနိုးကြီးကိုယ်တိုင်က လိပ်ကြီးယောင်ဆောင်ပြီးလျှင် မန္ဒာရတောင်၏ အောက်မှ ကျောက်ကုန်းကို ခံပေး၏။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် လှည့်ပတ်၍ အတန်ကြာကာ အပင်အပတ်လည်သောအခါ ရှေးဦးစွာ သုရဘီမည်သော နွားမထွက်ပေါ်လာသည်။ သုရဘီ နွားမဟူသည်ကား နွားတို့၏ နိုင်ငံဟုပင် ခေါ်ဆိုနိုင်သော မဟာဘာရကနိုင်ငံတော်ရှိ နွားမအပေါင်းတို့အား နွားနို့ကို ကောင်းစွာ ယိုထွက်စေသော နွားမဘုရင်ပင်ဖြစ်၏။

ထို့နောက် ရောဝတမည်သော ဆင်၊ ပင်လယ်ကသစ်ပင်စသော တန်ဖိုးကြီးအရာ ရတနာမျိုးစုံတို့ တစ်ခုပြီးတစ်ခု ထွက်ပေါ်လာသည်။ ထို့နောက်တွင်ကား ဓန္ဝန္တရီမည်သော ဆေးဆရာကြီးသည် ပြောင်ပြောင်လက်သော အမြိတ ဆေးခွက်ကိုကိုင်၍ ထွက်ပေါ်လာသတည်း။

အမြိတ ဆေးခွက်ကို ဓန္ဝန္တရီဆရာကြီးက ကမ်းစပ်မှ စောင့်လျက်ရှိသော သိကြားမင်းသို့ပေးအပ်၍ ပျောက်ကွယ်သွားသည်။ ဆေးဖော်စပ်မှုကိစ္စအားလုံး ပြီးစီးပြီဖြစ်၍ အခြားအရာအားလုံးလည်း ပျောက်ကွယ်သွားသည်။ သိကြားမင်းက ဆေးခွက်ကို ကိစ္စတွင် ခေါင်းဆောင်ဖြစ်သော ဗိဿနိုးကြီးသို့ပေးအပ်သည်။

အောင်သေ အောင်သား မသေဆေးဝါးကို ပျော်ပျော်ပါးပါးစားသုံးကြဖို့သာ ရှိတော့၏။ သို့သော် ဆေးသောက်ပွဲကြီး ကျင်းပတော့အံ့မူမူအချိန်တွင်ပင် သူတို့အကြားသို့ လှပသန့်စင် ရွှင်ကြည်တက်ကြွ တရွရွမြူးပျံနေသော နတ်မိမယ် အချောအလှကလေးများ ရောက်ရှိ၍လာသည်။ ယင်းနတ်မိမယ်ကလေးများသည် နတ်တစ်ပါးမှ တစ်ပါးသို့ သီချင်းဂီတ အဆိုအကမျိုးစုံဖြင့် ကူးလူးဖျော်ဖြေလျက်ရှိနေသည်။ အထူးသဖြင့် အသုရာနတ်များသို့ ချဉ်းကပ်မြူးပျော်နေကြသည်။ ဗိဿနိုး၏ ပရိယာယ်အစီအစဉ် ပေတည်း။

အသုရာတို့သည် အရက်ကိုသာမက မိန်းမအချောအလှများတွင်လည်း ယစ်မူး လိုသူများဖြစ်ကြသည်။ သူတို့နိုင်ငံတွင် ပါရမီရှင် ဝေပစိတ္တကြီး၏ သမီးသုဇာတာတို့လို အချောအလှဆို၍ တစ်ယောက်တစ်လေရှိသော်လည်း အများအားဖြင့်မူ အသုရာကတော် အသုရာသားသမီးများပီပီ ရုပ်လက္ခဏာမလှသူများသာရှိကြရာက ယခုကဲ့သို့ အချောအလှ ကလေးများနှင့် ကြုံကြုံဆုံကြရသောအခါ အသင့်ဆောင်ယူလာသော အရက်ခွက်တစ်ဖက်၊ အချောအလှကလေးတွေကတစ်ဖက်နှင့် အမြိတဆေးကိုပင် မေ့ကုန်ကြသည်။

ယင်းသို့ အသုရာတို့ ယစ်မူးဝေသီနေချိန်တွင်ပင် ဗိဿနိုးကြီးက အမြိတ ဆေးခွက်ကို သိကြားနှင့်နတ်များကိုသာ ဝေငှသောက်သုံးစေလိုက်သောကြောင့် ဆေးကုန်သွားပြီဖြစ်၏။ အသုရာခမျာတို့ အကပ်အသပ်မျှ မသောက်သုံးလိုက်ကြရရှာပေ။

ဤတွင် ရာဟုအသူရိန်နတ်ကြီးကား နတ်ပါးကြီးဖြစ်၍ အသုရာတို့နှင့် မရောနှောဘဲ လ နတ်သား စန္ဒနှင့် နေ နတ်သား သူရိယတို့အကြားတွင် ဝင်၍နေရာက ဆေးဝေရာတွင် ဝေစုတစ်ခွက်ရရှိ သောက်သုံးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကို စန္ဒနှင့် သူရိယတို့က သိရှိ၍ ဗိသနိုးကြီးသို့ တိုင်ကြားသောအခါ ဗိသနိုးကြီး ဒေါသထွက်ကာ အသူရိန်ကြီးအား စက်လက်နက်ဖြင့် ပစ်လိုက်သောအခါ ဦးခေါင်းပြတ်သွားရရှာသည်။ သို့သော် အမြိတဆေးတန်ခိုးကြောင့်ကားမသေ၊ အသူရိန်၏ ဦးခေါင်းမှာ 'ရာဟု'၊ ကိုယ်က 'ကေတု'ဟူ၍ ဖြစ်လာသည်။

ယင်းကိစ္စကြောင့် ရာဟုအသူရိန်ကြီးက ဗိသနိုးကြီးကိုတော့ မလှန်ဝံ့။ သို့သော် တိုင်ကြားသော စန္ဒနှင့် သူရိယကိုဘယ်တော့မျှ အခဲမကျေတော့။ မကျေပြန်ကား အခွင့်သာသည့်အခါတိုင်း စန္ဒနှင့်သူရိယ၊ လနှင့်နေတို့ကို ဖမ်းစားကိုင်ဆုပ် ငပုပ်ဖမ်းသော ဟူ၏။ ဤသည်ကို လူတို့က လငပုပ်ဖမ်းသည်၊ နေကြတ် လကြတ်သည်ဟု သိမှတ်ကြသည်ဟူ၏။

လူတို့က နေနှင့်လ၊ သို့မဟုတ် နေနတ်သား၊ လနတ်သားတို့ကို အလင်းရောင် ပေးသူများဖြစ်သောကြောင့် တစ်ကြောင်း၊ ဘုရားရှင်ကို ကိုးကွယ်သူများဖြစ်ကြ၍ တစ်ကြောင်း၊ ချစ်မြတ်နိုးကြသည်။ သို့ရာတွင် နေရောင်က ပူလောင်၍ လရောင်ကမူ ဘယ်တော့မျှမပူ၊ အစဉ်အေးမြ၍ သူ့ကိုကြည့်လိုက်တိုင်း စိတ်ချမ်းသာရသောကြောင့် ပို၍ချစ်လေ့ရှိကြသည်။ မိမိတို့ချစ်သော လကလေးကို ရာဟု အသူရိန်ကြီးက ယင်းသို့ ဖမ်းစားလေ့ရှိသည်ကိုတွေ့ရသောကြောင့် ရာဟုကို ငပုပ်ကြီး၊ ငမည်းကြီးဟု ရွတ်ချ ခေါ်ဆိုကြရာမှ နေကြတ်သည်ကို နေကြတ်သည်ဟုပင် ရိုးရိုးခေါ်ဆိုကြသော်လည်း လကြတ်သည်ကိုမူ လငပုပ်ဖမ်းသည်ဟု ဝေါဟာရဖြစ်လာသည်။

တစ်ချိန်တွင် ငပုပ်ကြီးသည် လနတ်သားကလေးကို အခါတိုင်းလိုမျှမက အချိန်ကြာမြင့်စွာ အပြင်းအထန်ဖမ်းစားထားရာ လနတ်သားခမျာ ဘုရားရှင်ကိုသာ ကိုးကွယ်ရာအဖြစ် တောင့်တ၍ရှိခိုးရရှာ၏။

တထာဂတ် အရဟန္တ၊ စန္ဒိမာ သရဏံ ဂတော

ရာဟု စန္ဒ ပမုဉ္စဿု၊ ဗုဒ္ဓါလောကာ နု ကမ္ပကာ

"ဟဲ့ ရာဟုကြီး ။ ။ လနတ်သားကလေးကို လွှတ်လိုက်ပါ၊ သူသည် ရတနာသုံးပါးကိုဆည်းကပ်သော သူတော်ကောင်းဖြစ်၏။ ဘုရားရှင်တို့မည်သည် သတ္တဝါအများကို အစဉ်သနားတော်မူ၏"

ဘုရားရှင်၏ မိန့်တော်မူချက်အရ ရာဟုကြီးက လနတ်သားကို ချက်ချင်း လွှတ်လိုက်သည်။ တစ်ချိန်တွင်လည်း နေနတ်သားကို ရာဟုကြီးက ဖမ်းစားထားရာ နေနတ်သားက –

နမောတေ ဗုဒ္ဓဝီရတ္ထု၊

ဝိပ္ပမုတ္တောသိ သဗ္ဗဓိ

www.burmeseclassic.com

www.burmeseclassic.com



သမ္မာဒပဋ္ဌိ ပန္နောသို၊

တဿ မေ သရဏံ ဘဝ။

ဟု ဘုရားရှင်အား ရှိခိုးတိုင်ကြားလိုက်သောအခါတွင်မှ လွှတ်လိုက်သည်။

အကျဉ်းအကျပ်တွေ့လျှင် ဗုဒ္ဓဘာသာဝင်တို့ အစဉ်အားထားကြသော ဒေဝတာသံယုတ်ပါဠိတော်လာ ဂါထာမိန့်ခွန်းတော်များ၍ ဤအမြိတဆေးစပ်ရာမှပင် မြစ်ဖျားခံလာသည်။

ဤသည်ကား နတ်တို့ယုံစားသော အမြိတ မသေဆေးဖော်စပ်ပုံဖြစ်၍ အကယ်သေ – မသေမှာမူ ထိပ်ဆုံးကသောက်သုံးခဲ့ရသော သိကြားကိုယ်တိုင်ကပင် သက်သေခံလျက်ရှိသည်။ ဦးမာဃသည် ဘုရားရှင်လက်ထက်တော်အတွင်းမှာပင် သိကြားသက်ကုန်တော့အံ့ဆဲဆဲ၊ နတ်ဝတ်ပုဆိုးတို့ ညှိုးနွမ်းခြင်း လက်ကတီးကြားမှ ချွေးယိုစီးခြင်းတို့ဖြစ်လာရာ ဘုရားရှင်အထံတော်တွင် သက္ကပဉှာသုတ် တရားတော်ကို နာရ၍သာ သောတာပန် သိကြားအဖြစ် နတ်သက်ဆက်လာရခြင်း ဖြစ်လေသည်။

[ ၃ ]

ဤကိစ္စဖြင့်လည်း ဗိဿနိုးနှင့် သိကြားတို့ပူးပေါင်းကာ အလိမ္မာအညာခံရပြန်ပြီဖြစ်၍ ဝေပစိတ္တကြီးဒေါသမှာ ကြီးမားသည်ထက် ပို၍ ကြီးမားလာခဲ့သည်။

ယောက်ျားတို့၏ အကြီးဆုံးသော ဒေါသပေါက်ကွဲမှုဟူသည် စစ်ဖက်ခြင်းပင်ဖြစ်၏။ စစ်ဖက်ခြင်းဖြင့် နိုင်သူက ရှုံးသူကို သတ်၊ သားမယားစည်းစိမ်ကိုပါ သိမ်း၊ နိုင်ငံကိုပါ ဖျက်ဆီးကာ ဒေါသကိုပြေပျောက်စေသည်။ အလိုတော်ပြည့်သည်ဟု ဆိုလိုက်ချေသေး၏။

သို့သော် အသုရာနှင့် သိကြားတို့၏ စစ်ဟူသည်မှာ ကလေးကစားသလို အလကားစစ်မျှသာ ဖြစ်ချေသည်။ နိုင်သူကလိုက်၊ ရှုံးသူကပြေး၊ ရှုံးသူကမြို့တံခါးပိတ်လိုက်လျှင် ပြီးစီး၍ ထုံးစံအစဉ်အလာကြီးလို ဖြစ်နေတော့၏။ သူတို့စစ်ပွဲကို အယုဇ္ဈပူရ မနိုင်မရှုံးသောစစ်၊ အလကားစစ်ပွဲဟု ဂုဏ်တင်သလိုနှင့် ရှုတ်ချခေါ်ဆိုကြသည်။

ဤမျှနှင့် မကျေနပ်နိုင်သော ဝေပစိတ္တိကြီးအဖို့ မနိုင်ကာမှ နေရော့၊ အရက်မူး၍ ဒေါသထွက်လာတိုင်း သမက်ဖြစ်သူထံသွားကာ နှစ်ယောက်ချင်း ဗိုလ်တောင်း၍ အားရပါးရဆဲသည်။ ချဲသည်မှာ အကြိမ်ကြိမ်ဖြစ်၏။ သမက်ဖြစ်သူက သမီးမျက်နှာနှင့် ယောက္ခမ ဗိဘအရာဖြစ်နေသောကြောင့် အတတ်နိုင်ဆုံး ညှာတာသော်လည်း သွားတိုင်းခံ၍ ပြန်ခဲ့ရသည်ချည်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ချီမှာမူ ရေရေလည် ခံခဲ့ရ၏။

တာဝတိံသာတွင် နတ်တို့မပြတ်စည်းဝေး၍ ဘုရားရှင်သာသနာတော် ထွန်းပေါ် လာသောအခါ ယင်းအစည်းအဝေးများသို့ သနင်္ကုမာရ ဗြဟ္မာမင်း ဆင်းသက်လာရောက်ကာ ဘုရားရှင်၏ ဒေသနာတစ်စုံတစ်ရာကို ဟောကြားလေ့ရှိသည်။ သနင်္ကုမာရသည် တာဝတိံသာနတ်တို့ လေးစားကိုင်းညွတ်အပ်သော တရားရှင် ဗြဟ္မမင်းပင်ဖြစ်ပေ၏။

ထိုနေ့က နတ်သဘင်အစည်းအဝေးသို့ သနင်္ကုမာရဗြဟ္မာမင်း ဆင်းသက်လာချိန်တွင်ပင် ဝေပစိတ္တကြီးသည်လည်း မူးမူးရူးရူးနှင့် နတ်သဘင်ပြင်ပသို့ ရောက်လာကာ ဒေါသဟန်ရေးမျိုးစုံကိုပြ၍ သမက်ကို သံစုံနွဲကာ ဆဲဆိုနေသည်။ သူ့ရည်မှန်းချက်မှာ သမက်သို့သာ ဖြစ်သော်လည်း တရားပွဲတစ်ခုလုံး၏ အနှောင့်အယှက် ဖြစ်ရလေတော့၏။

အမှန်သော် သူ့ကိုအလွယ်နှင့်ပင် နှိမ်နင်းနိုင်သော နတ်များစွာရှိသည်။ သို့သော် သိကြားမင်းမျက်နှာကြောင့် နှောင့်ယှက်လာတိုင်း မသိကျိုးကျွန်ပြုနေခဲ့ကြသည်။ ယခုသော် လွန်လန်းနေပြီဖြစ်၍ နတ်တစ်ပါးက "အရှင်သိကြားမင်း၊ ဝေပစိတ္တိကြီး လာရောက်နှောင့်ယှက်နေပြန်ပါပြီ"ဟု လျှောက်ထားလိုက်သည်။

"ငါသိပါ၏"ဟု သိကြားက ပြန်ပြောသည်။

"တစ်ခြား အချိန်မှာထက် ဗြဟ္မာမင်းရောက်ခိုက်မှာ နှောင့်ယှက်နေတာကတော့ လွန်လွန်းနေပါသည်။ ဗြဟ္မာမင်းကို အားနာဖို့ကောင်းလှပါသည်"

"မှန်သည်၊ သူ့ကြောင့် တရားပွဲပျက်ရပေလိမ့်မည်၊ ချုပ်ထားလိုက်ကြ"ဟု အမိန့်ပေးလိုက်၏။

ယင်းအမိန့်အရ ဝေပစိတ္တိကြီးကို တရားပွဲနှင့် ကင်းလွတ်ရာ တစ်နေရာတွင် တန်ခိုးဖြင့် သံလှောင်အိမ်အတွင်း အကျဉ်းချထားလိုက်ကြသည်။ ဝေပစိတ္တိကြီး မထွက်နိုင်တော့။ သို့သော် သံလှောင်အိမ်အတွင်းမှ အစွမ်းကုန်ဆဲ၍၊ အစွမ်းကုန် သောင်းကျန်းနေသည်။ အမူးပြေ၍ အမောလွန်ကာ ငြိမ်သက်သွားမှ လွှတ်လိုက်ကြသည်။

နောက်တချီတွင်လည်း အလားတူပင် လာရောက်နှောင့်ယှက်ပြန်၏။ ထိုအချိန်မှာ သိကြားကိုယ်တိုင် တရားဟောနေခိုက်ဖြစ်သည်။ သူ့ဆဲသံ ကြိမ်းမောင်းသံနှင့် သူ့လက်နက်ကြီးများကို ဝှေ့ယမ်းကိုင်ဆောင်၍ ထွက်ပေါ်လာသော ဗြုန်းဗြင်း နောင်ဗြင်း အသံများမှာ တရားပွဲအတွင်းသို့ ဝင်လာ၍ တရားနာအနှောင့် အယှက်ဖြစ်နေကြသည်။

ထိုအခိုက် သူ့အနီးသို့ နတ်သမီးတစ်ယောက် ဖြုံးကနဲရောက်လာသည်။ နတ်သမီးသည် ဆံပင်ကို နောက်တွဲထုံး၍ ညိုမောင်းသော အဝတ်အဆင်များကို ကျစ်ကျစ်လျစ်လျစ် ဝတ်ဆင်ထားသည်။ သူ့လက်ထဲတွင် ပြောင်လက်သော လှံတံကလေး တစ်ချောင်းကိုကိုင်စွဲ၍ သူ့မျက်လုံးမှာ မီးလျှံကဲ့သို့ ဝင်းဝင်းတောက်နေသည်။ ယင်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်းဝင်းတောက်မျက်လုံးများဖြင့် အသုရာကြီးကို စူးစိုက်၍ ကြည့်လိုက်သောအခါ အသုရာကြီးအဖို့ ကြောက်စိတ်ဝင်၍ ကျောရိုးစိမ့်သွားသည်။

"သင်ဘယ်သူလဲ၊ ဘာလာရှုပ်တာလဲ"

"ကျွန်ုပ်ဘာသူဆိုသည်ကို သင်ခုပင် သိရပါလိမ့်မည် အသုရာကြီး။ သင်သည် နတ်ကောင်း နတ်မြတ်များကို မကြာခဏလာရောက် နှောင့်ယှက်နေသော နတ်ဆိုး နတ်ရူး နတ်ငမူးကြီးဖြစ်သည်။ သင်၏ ဆိုးမိုက်မှုများကို ဤနေ့ ဤအချိန်ကစ၍ ရပ်လော့"

"အလို –မလောက်လေး မလောက်စား နတ်မိန်းမ အသေးအမွှားကလေးက ငါ့ကိုများ အန်တုရာသလော"ဟု သံကုန်ဟစ်ကာ လက်နက်များကိုင်ထားသော လက်ရုံးနှစ်ဘက်ကို ဆန့်တန်းလိုက်သည်။ မြေပြင်ကိုလည်း သူ၏ ကြီးမားသော ခြေကြီး နှစ်ဖက်ဖြင့် ဆောင့်လိုက်သည်။

သို့ရာတွင် ဆန့်တန်းလိုက်သော လက်ရုံးနှစ်ဘက်မှာ တစစ်စစ်နာကျင်၍ လက်ပြင် ကျောရိုးတို့အထိ ဆိုင်းတွလျက်ရှိသည်။ ခြေထောက်နှစ်ချောင်းတွင်လည်း သလုံးသားနှင့် အကြောအခြင်တို့ မာကျောဆိုင်းတွလျက်ရှိသည်ကို ခံစားရသည်။ ဒေါသဖြင့် ကြည့်လိုက်တိုင်းလည်း မီးလျှံကဲ့သို့သော နတ်သမီးငယ်၏ မျက်လုံးများက မိမိ၏ တစ်ကိုယ်လုံးကို ထွင်းဖောက်သွားသည်ဟု ထင်ရသည်။ ကေန္ဒ အတွင်းအား တန်ခိုးနှင့် ပြည့်စုံသော နတ်သမီးဖြစ်လိမ့်မည်ဟု အကဲခတ်လိုက်မိပေပြီ။

"အန်တုသည်မှန်၏ အသုရာကြီး၊ အသင်ရှောင်နိုင်သလို ရှောင်ပေလော့"ဟု ဆိုကာ လှံတံကလေးကို ဝင်မြှောက်လိုက်ရုံမျှဖြင့် အသုရာကြီး ကျွမ်းနှစ်ပတ် သုံးပတ်လည်ကာ မြေပြင်သို့ ဗိုင်းကနဲလဲကျသည်။ လဲကျနေသော ကိုယ်ကြီး၏အပေါ်မှ လှံတံဖြင့် ဝှေ့လှူပ်လိုက်သောအခါ အသုရာကြီးသည် တီကိုဆားနှင့် အပက်ခံရသကဲ့သို့ တစ်ယက်ယက် တစ်လိမ်လိမ်ကွေးကောက်၍ ကြီးစွာသော ဝေဒနာကို ခံစားရသည်။ တွန့်လိမ်ရင်းဖြင့် ပါးစပ်မှလည်း ညည်းညူလျက်ရှိလေတော့သည်။

"ထလိုက်စမ်း အသုရာကြီး"ဟု လှံတံကလေးကို ပင့်မြှောက်၍ အမိန့်ပေးလိုက်သောအခါမှ လဲနေရာက ထလာနိုင်သည်။ သို့ရာတွင် နတ်သမီးကို အန်တုဖို့ ဝေး၍ ရဲရဲမျှပင် ပင့်လှန်၍ မကြည့်ဝံ့တော့။ ညှိုးငယ်ရှုံ့မဲ့သော မျက်နှာဖြင့် ငုံ့တွေ၍ နေသည်။

"အသုရာကြီး၊ သင့်အသက်ကိုပင် တစ်ချက်တည်းဖြင့် အသေသတ်ပစ်လိုက်နိုင်သည်။ ငါတို့အရှင်၏ ယောက္ခမမိဘဖြစ်နေ၍ ဤမျှဖြင့် ညှာတာလိုက်ခြင်းဖြစ်သည်။ နောင်ကို လာရောက်မနှောင့်ယှက်လေနှင့်။ ယခုအမြန်ထွက်သွားလော့"

www.burmeseclassic.com

www.burmeseclassic.com



မိမိအား မည်သည့်တာဝတိံသာနတ်မျှ ဤမျှမနိုပ်စက်၊ မနိုင်နင်းခဲ့စဖူး။ ဤနတ်သမီးကား ငယ်သော်လည်း တန်ခိုးကြီးလှစွာ၏။ အံ့ဖွယ်ကောင်းစွ။

''ငါသွားပါတော့မည်၊ သို့သော် အစွမ်းထက်လှသောသင့်ကို သိလိုလှပါသည်။ အသင်မည်သူနည်း။ အသင့်ကို ပသို့ခေါ်ပါသနည်း''

''မှတ်လော့ အသုရာကြီး၊ ငါ့အမည်ကို ဇရာဒေဝီဟုခေါ်သည်။ နတ်ပြည် လူ့ပြည်သုံးဆယ့်တစ်ဘုံအနှံ့မှာနေသည်''ဟု ဆိုကာ နတ်သမီးပျောက်သွား၏။ အသုရာကြီးလည်း ထွက်လာခဲ့သည်။

ထိုအချိန်မှစ၍ တာဝတိံသာသို့ လာရောက် မနှောင့်ယှက်ဝံ့တော့။ သို့သော် ဒေါသမပြေပျောက်သေး၍ အခွင့်သာတိုင်း စစ်ချီ၍ တိုက်ခိုက်သည်မှာကား ယနေ့တိုင် ဖြစ်၍ ကျွန်ုပ်တို့သည် မိုးရာသီရောက်သည့်အခါတိုင်း ကောင်းကင်နဘံ ဝေဟင်ယံမှ ဆူညံဟည်းသိမ့် ဒိုးဒလိမ့်နှင့် ဂျိုးဂျိမ့်အသံများကို ကြားနေရခြင်းဖြစ်သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဘဝသံသရာ

[ ၁ ]

'ဘဝသံသရာ'ဆိုသည်မှာ သတ္တဝါတစ်ဦးသည် မသေရာ နိဗ္ဗာန်သို့ မရောက်သေးသမျှ ကာလပတ်လုံး ထိုထိုဘဝမျိုးစုံတို့ကို မိမိကောင်းမှု မကောင်းမှုအလျောက် ထက်အောက်စုန်ဆန် အပြန်အပြန်အလှန်လှန် ရောက်ရှိဖြစ်ပျက်နေရသည်ကို ဆိုလို၏။ အဘယ်မျှ ဖြစ်ပျက်ရောက်ရှိနေရပါသနည်းဆိုသော် စာဖတ်သူ ယခုရောက်ရှိနေသော နေရာသည်ပင် မိမိ၏ သေရာသချိုင်းဖြစ်၍ အရိုးတောင်နှယ်ပုံလျက်ရှိသည်ဟု ပိဋကတ်တော်က ညွှန်ပြသည်။

'ထက်အောက်စုန်ဆန်'ဟူသည် အမြင့်ဆုံး ဗြဟ္မာ့ပြည်မှ အနိမ့်ဆုံး ငရဲပြည်အထိ သတ္တဝါတို့ဖြစ်ပွားရာ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ လူ၊ နတ်ဟူသော ဂတိငါးဖြာ ဘဝငါးမျိုးတို့တွင် စုန်ဆန်ကူးပြောင်းနေရသည်ဟူ၏။

သို့ဖြစ်ရာ သတ္တဝါတို့အတွက် လားရာဂတိ စိတ်မချရပုံကို 'ဗြဟ္မာဖြစ်လို့ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တမြုံ့မြုံ့''ဟူ၍လည်းကောင်း၊ ဗြဟ္မာ့ပြည်တဝင်းဝင်း၊ ဝက်စားကျင်း တရှုတ်ရှုတ်'ဟူ၍လည်းကောင်း၊ ပိဋကတ်တော်မှ ညွှန်ပြအပ်သော သုမနာထေရီ ရဟန္တာအရှင်မှ ဇာတ်တော်အရ သိမှတ်ကြရသည်။

သတ္တဝါတို့ ဘဝသံသရာ ကူးပြောင်းကြရာ၌ ကောင်းမှုကုသိုလ်အရ နတ်ပြည်သို့ အကြိမ်ပေါင်းမည်မျှ၊ စကြဝတေးမင်းအဖြစ်အဘယ်မျှ၊ ပဒေသရာဇ် ကေရာဇ်အဖြစ် မရေမတွက်နိုင်၊ မကောင်းမှု အကုသိုလ်အရဆိုလျှင်လည်း ငရဲတွင်အဘယ်မျှ တိရစ္ဆာန်ဘဝတွင် အဘယ်ပုံဟု ယေဘုယျသဘောဖြင့် စောကြောဖော်ပြသော်လည်း အကယ်ကူးပြောင်းပုံ ကြောင်းရပ်များမှာမူ ဘုရားရှင်၏ ငါးရာ့ငါးဆယ်စသော ဇာတ်တော်

www.burmeseclassic.com



များမှလွဲလျှင် ယင်းသုမနထေရီမယ်ဇာတ်တော်မှာ ဘဝဆယ့်သုံးမျိုးတိုင်တိုင် အဆက်မပြတ် ကူးပြောင်းပုံကို စာရင်းထိုးဖော်ပြသည်။

ယင်းဘဝဆယ့်သုံးမျိုးကို အလွယ်သိမှတ်နိုင်ကြရန် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်က အောက်ပါအတိုင်း လင်္ကာစီ၍ထား၏။

လူ–ကြက်မကြီး၊ မင်းသမီးတစ်ဖြာ၊
ဗြဟ္မာ–သူဌေး၊ ဝက်ကလေးဖြစ်ရ၊
သုဝဏ္ဏ–ဇာရာ၊ ဝနဝါနှင့်၊
သုပ္ပါရက–ကာဝီရ၊ သီဟဥ္စနရာ၊ ဘောဏ္ဍနရွာဟု၊
ဖြစ်ရာပေါင်းစု၊ ဆယ့်သုံးခုသည်၊
မယ်သုမနာ ဖြစ်စဉ်တည်း။

ဇာတ်တော်၏ အစမှာ ဆဋ္ဌဘဝ ဝက်မကလေးမှစတင်၍ တိရစ္ဆာန် မိန်းမ၊ လူမိန်းမ၊ ဗြဟ္မာမိန်းမ၊ အားလုံးမိန်းမတွေချည်းဖြစ်၏။ ငရဲဘဝ၊ ပြိတ္တာဘဝတို့မပါ၍ တော်ပေသေးသည်။

ဗြဟ္မာဟူသည် သဏ္ဌာန်အားဖြင့် အထီး–အမဟူ၍ လိင်ကွဲပြားမှုမရှိ သောကြောင့် ဗြဟ္မာမိန်းမဟူ၍ ရှိရာသလောဟု စောကြောရန်ရှိ၏။ ဗြဟ္မာ့ပြည်တွင် ဗြဟ္မာထီး၊ ဗြဟ္မာမဟူ၍ အန္တတ္တသညာအားဖြင့် ခွဲခြားမှုမရှိ။ သို့သော် အမျိုးသမီး များသည်လည်း ဗြဟ္မာ့ပြည် အောက်ဘုံအဆင့်တွင် ဖြစ်လာကြသည်။

ဖော်ပြပါဝက်မကလေးသည် အမျိုးသမီးဘဝအဆက်ဆက် ကူးပြောင်းပြီးနောက် ဗြဟ္မာ့ဘုံသို့ ရောက်သည်။ ဗြဟ္မာ့ပြည်မှ သက်တမ်းကုန်သော သူဌေးသမီးဘဝမှတစ်ဆင့် ဝက်မကလေးအဖြစ်သို့ ရောက်လာသည်။ ဝက်မကလေး၏ ဇာတ်လမ်းအစကား ဤသို့တည်း။

ဘုရားရှင်သည် ရာဇဂြိုဟ်မြို့တွင် အရှင်အာနန္ဒာနှင့်အတူ ဆွမ်းခံရင်းဖြင့် တစ်နေရာသို့ ရောက်သောအခါ ပြုံးတော်မူ၍ "အဘယ့်ကြောင့် ပြုံးတော်မူပါသနည်း"ဟု ရှင်အာနန္ဒာက မေးလျှောက်သည်။ ဘုရားရှင်တို့မည်သည် ဟောပြောရန် အကြောင်းရှိမှသာ ပြုံးတော်မူမြဲဖြစ်၍ ဘုရားရှင်ပြုံးတော်မူသည်ဆိုလျှင် နောက်တော်ပါ အလုပ်အကျွေး သံဃာက တရားနာလို၍ အဘယ့်ကြောင့် ပြုံးတော်မူပါသနည်းဟု မေးလျှောက်မြဲဖြစ်၏။

ရှေးကကြွသော ဘုရားရှင်ပြုံးတော်မူသည်ကို နောက်ကလိုက်သော အရှင် အာနန္ဒာက အဘယ်သို့ သိပါသနည်းဆိုသော် ဘုရားရှင်တို့မည်သည်ပြကတိအားဖြင့် ကိုယ်တော် တစ်လံမျှလောက်သာ ရောင်လျှံတော်များထွက်တော်မူမြဲဖြစ်၍ ပြုံးတော်

www.burmeseclassic.com

www.burmeseclassic.com



မူသောအခါတွင်မူ သွားတော်လေးဆယ်၊ စွယ်တော်မြတ်လေးဆူတို့မှ ဖြူသော ဩဒါတ ရောင်ခြည်တော်တို့သည် ရှေ့တော်မှောက်သို့ တစ်သီးတစ်ခြား ထွက်ပေါ်လာသည်ကို မြင်သောကြောင့် သိခွင့်ရသည်။

"အဘယ်အကြောင်းကြောင့် ပြုံးတော်မူပါသလဲဘုရား"

"ဟောဟို အိမ်အောက်မှာ တမြုံ့မြုံ့ အစာစားနေတဲ့ ဝက်မကလေးကိုမြင်ရဲ့လား အာနန္ဒာ"

"မြင်ပါသည်ဘုရား"

"အဲဒီဝက်မကလေးဟာ ကဿပဘုရားရှင် လက်ထက်တော်တုန်းက လူ့ဘဝမှာ အမျိုးသမီးဖြစ်ခဲ့သည်။ အဲဒီအမျိုးသမီးကွယ်လွန်သော် အကုသိုလ်ကံကြောင့် ဆွမ်းစားကျောင်းတစ်ခုအနီးမှာ ကြက်မကလေးဖြစ်၍ တိရစ္ဆာန်ဘဝတွင် သိမ်းငှက်က ဖမ်းယူပြီး စားလို့ သေရပြန်သည်။ သို့သော် ကြက်မကလေးသည် ဆွမ်းစားကျောင်းမှ ယောဂီရဟန်းတစ်ပါး၏ ကမ္မဋ္ဌာန်းတရားရွတ်ဖတ်သံကို ကြားနာခဲ့ရသော ကောင်းမှုကြောင့် လူ့လောကတွင် မင်း၏အိမ်၌ ဥဗ္ဗရီမည်သော မင်းသမီးဖြစ်လာသည်"

ရတနာသုံးပါး၏ အင်းအားကား ကြီးမားလှပါပေ၏။ မိစ္ဆာဒိဋ္ဌိကြီး၏ သားပုဏ္ဏား လေးသည် သေခါနီးတွင် ကြွရောက် ချီးမြှင့်သော ဘုရားရှင်၏ ရုပ်လက္ခဏာတော်ကို ဖူးတွေ့လိုက်ရသော ပီတိကြောင့် မဋ္ဌကဋ္ဌလီနတ်သား အထင်အရှား ဖြစ်လာကာ နတ်သားဘဝဖြင့်ပင် ဖခင်ကြီးကို လာရောက်ကယ်ချွတ်သည်။ ဖားကလေးသည် ဘုရားရှင်၏ တရားတော်အသံကို ကြားနာရသောအခါ အဘယ်တရားဟု မသိနိုင်သော် လည်း ကြားနာမှုပီတိဖြင့်ပင် ရုတ်ခြည်းကွယ်လွန်လေသောအခါ ဖားနတ်သားဟု အထင်အရှားဖြစ်လာသည်။

ကြက်မကလေးသည် ရတနာသုံးပါး၏ ဂုဏ်တော်နှင့် အနှစ်သာရကို သိနိုင်သူ မဟုတ်။ သို့သော် တရားရွတ်ဖတ်သံကို ကြားနာရမှုပီတိဖြင့် သိမ်းငှက်လက်မှ ကွယ်လွန် လေသောအခါ မင်းသမီးဖြစ်လာသည်။

ဤသည်တို့ကား ရတနာသုံးပါး၏ အနှစ်သာရကို သိနိုင်ခွင့်မရှိသော တိရစ္ဆာန် သတ္တဝါတို့၏ တရားကိုကြားနာရမှု ပီတိဖြင့် ရရှိအပ်သော အကျိုးများဖြစ်၍ ရတနာသုံးပါး၏ ဂုဏ်တော်အသိဖြင့် ကြားနာဆည်းကပ်ရသူတို့အဖို့သော် ဆိုဖွယ်ရာမရှိ။ စာရင်းထိုး၍ မကုန်နိုင်အောင်ပင် များပြားလှသည်။

သို့သော် လူ့ဘဝမှ ကြက်ဘဝသို့ ရောက်လာခဲ့ရခြင်းမှာကား လူ့ဘဝတွင် ဒေါသစောင်မာန်ကြီးကာ အစာအာဟာရအတွက် လောဘသဏ္ဍာရကြီးမားခဲ့၍ ဖြစ်ပေ

www.burmeseclassic.com

www.burmeseclassic.com



တူသည်။ အကြောင်းမူကား ကြက်ဘဝအထူးသဖြင့် ကြက်မဘဝမှာ အချိန်ရှိသရွေ့ မြေကြီးကို ယက်ခြစ်အစာရှာနေရသောကြောင့် ဖြစ်သည်။

''အာနန္ဒာ။ ။ဝက်မကလေးသည် ဥဗ္ဗရိမင်းသမီးဘဝတွင် သူတော်ကောင်းနှင့် ပေါင်းမိ၊ သူတော်ကောင်းတရားကို ကြားနာရသောကြောင့် ပရိဗိုဇ်တို့၏ ကျောင်းတွင် ပရိဗိုဇ်မကလေးဖြစ်လာကာ အိမ်သာထဲက ပိုးလောက်များကိုကြည့်၍ ပုဠုဝကသညာ သမထဘာဝနာကို ပွားသောကြောင့် ပထမဈာန်အဆင့်သို့ ရောက်ခဲ့သည်။ ယင်းပထမ ဈာန်အဆင့်ဖြင့် ကွယ်လွန်သောအခါ ဗြဟ္မာ့ပြည်သို့ ရောက်သွားသည်''

ဝက်မကလေး၏ မြင့်တက်သောဘဝအကွေ့အလည့်ပင် ဖြစ်ပေ၏။ သို့သော် ပထမဈာန်လောက်ကိုအပထား၊ စတုတ္ထဈာန်ကိုပင်ထားဘိဦး။ ဗြဟ္မာ့ဘုံ၏ အမြင့်ဆုံးသော နေဝသညာ နာသညာ ထိပ်ချာဘုံသို့ပင် ရောက်စေကာမူ ဘဝသံသရာအတွက် စိတ်မချရ၊ အချိန်တန်လျှင် ဘဝထိုထိုသို့ ပြန်လည်ရမည်သာဖြစ်၏။ အကြောင်းမှာ ဈာန်လောက ဟူသည် အနုစ်မပါ အကာ သမထနယ်ပယ်မျှဖြစ်သည်။

ရှင်မဟာကဿပ၏တူ စူဠကဿပရဟန်းသည် စတုတ္ထဈာန်ပိုင်ရှင်၊ တန်ခိုးရှင်ပင်ဖြစ်၏။ သို့ပါသော် ကြာအပစ်ကောင်းသော ကောင်မလေးနှင့်တွေ့သော အခါ လူထွက်၍ သူခိုးဘဝသို့ပင် ရောက်ခဲ့ရရှာသည်။ (ဗုဒ္ဓစာပန်းချီ 'လူပြန်တော်'ကိုရှု)

နေနှင့်လကို လက်ဖြင့်သုံးသပ်နိုင်သော စတုတ္ထဈာန်ပိုင်ရှင်၊ တန်ခိုးရှင် ရဟန်းတော်သည် လူ့ဘဝသို့ မျက်စိလည်၍ ရောက်သွားသောအခါ သားကျွေးမှု၊ မယားကျွေးမှုအတွက် ထင်းခွေသမား၊ မီးသွေးဖုတ်သမားအဖြစ်သို့ ရောက်နေရ၏။ (ဗုဒ္ဓစာပန်းချီ 'တန်ခိုးရှင်'ရှု)

ဘုရားရှင်၏ အလုပ်ကျွေး သာဂတမထေရ်သည် တန်ခိုးကြီးသော နဂါးဆိုးကြီး ကိုပင် စတုတ္ထဈာန်ဖြင့် နှိမ်နင်းနိုင်သူဖြစ်၏။ သို့သော် အရက်နှင့်တွေ့သောအခါ တန်ခိုးကွယ်ပျောက် ကျွမ်းထောက်မှောက်လန်ဖြစ်သွားရသည်။

သို့ဖြစ်ရာ ပထမဈာန်လောက်မှသည် အရှိန်ကုန်၍ အခွင့်မသာခဲ့ပါသော် ကျွမ်းထောက်မှောက်လှန်ကျရပြန်သည်။ သို့သော် ဈာန်ကောင်းမှု၏ အရှိန်အဟုန်ကြောင့် တိရစ္ဆာန်စသော ဒုဂ္ဂတိသုံးဘုံသို့ကား တိုက်ရိုက်မကျရောက်နိုင်။ သုဂတိဘုံဆိုသော်လည်း အနေမတတ်လျှင် မရေရာလှသော လူ့ဘုံဘဝမှသာ တစ်ဆင့်ခံကျရောက်နိုင်သည်။

''အာနန္ဒ ။ ။ ဥဗ္ဗရိမင်းသမီးသည် ဗြဟ္မာဘဝတွင် အရှိန်ကုန်သောအခါ လူ့လောကတွင် သူဌေးသမီးဖြစ်လာခဲ့၏။ ယင်းသူဌေးသမီးဘဝမှ ကွယ်လွန်သောအခါ ဝက်မကလေးဘဝသို့ ရောက်လာပေသည်''

www.burmeseclassic.com

www.burmeseclassic.com



သူဌေးသမီးဘဝတွင် ကောင်းမွန်စွာနေခွင့်ကြုံနိုင်ပါလျက် မကောင်းမှုကံကြောင့် တိရစ္ဆာန် ဝက်မကလေးဘဝသို့ရောက်လာရသည်။ ယင်းမကောင်းမှုဟူသည်ကား မာန်မာန ခက်ထန်မှုနှင့် ပါဏာတိပါတကြောင့်ဟု ကောက်ချက်ချနိုင်သည်။ အကြောင်းမူကား မာန်မာနက တိရစ္ဆာန်ဘဝသို့ပို့၍ အသက်သတ်မှုကံက ဝက်မကလေးဖြစ်စေနိုင်သည်။ ဝက်မကလေးဟူသည် ပိုင်ရှင်က အဘာယ်မျှ ဖေါးအောင် ကျွေးမွေးစေကာမူ အလျှုမင်္ဂလာ စသည်တို့၏ ဒယ်အိုးထဲသို့ အသတ်ခံကာ ရောက်ရှာရမည့်ဘဝပေတည်း။

ဤမျှအထိ ခြောက်ဘဝကား ဘုရားရှင်ဟောတော်မူသော ဘဝအကူးအပြောင်းများဖြစ်၍ ကျန်ခုနစ်ဘဝကိုမူ သီဟိုဠ်ခေတ်သာသနာတော် နောက်ပိုင်းရောက်၍ မဟာအနုရဒ္ဓါ ရဟန္တာအရှင်နှင့် နောက်ဆုံးဘဝ သုမနာထေရီ ရဟန္တာအရှင်မကြီး ဖြစ်လာသောအခါတွင် အရှင်မကြီးက ကြီးစွာသောသံဝေဂဖြင့်ပြန်လည်ဟောပြ၏။ ဘုရားရှင်ဟောတော်မူလိုရင်းကား သတ္တဝါဟူသည်တဏှာအမြစ်မပြတ်သေးသမျှ ဘဝစုန်ဆန် တစ်ပြောင်းပြောင်း တစ်ပြန်ပြန် ကျင်လည်ရပုံ သံသရာဒုက္ခကို ပြတော်မူ လိုခြင်းပင်ဖြစ်ပေသည်။

[ ၂ ]

ဝက်မကလေးဘဝမှ ခြောက်ဘဝလွန်သောအခါ သတ္တမမြောက် ဘဝအဖြစ် သီဟိုဠ်သာသနာတော် ထွန်းပေါ်သောခေတ် ဒုဋ္ဌဂါမဏီမင်းလက်ထက်တွင် အနုရာဓမြို့ အနီး ဘောက္ကန္တရွာ၌ သုမနသူကြွယ်သမီးဖြစ်လာသည်။ ဖခင်၏ အမည်သို့ လိုက်၍ မယ်သုမနာဟုခေါ်သည်။

အရှင်မဟိန္ဒမထေရ်၏ကျေးဇူးဖြင့် မဇ္ဈိမမှသီဟိုဠ်သို့ ရွေ့လျောလာခဲ့သော ထိုခေတ်သာသနာသည် ပရိယတ္တိရော၊ ပဋိပတ္တိတွင်ပါ စည်းစည်းလုံးလုံး ထွန်းကားခဲ့သော သာသနာတော်ဖြစ်ပေ၏။ ပရိယတ္တိနှင့်ပတ်သက်၍ ကျော်ကြားသော အဋ္ဌကထာဋီကာ ကျမ်းကြီးများထွန်းကားကာ ယနေ့ခေတ်တိုင် မြန်မာနိုင်ငံသာသနာတော်အထိ ထွန်းကား လျက်ရှိသည်။

ပဋိပတ္တိနှင့်ပတ်သက်၍လည်း ရဟန္တာသံဃာတော်များ မရေမတွက်နိုင်အောင်ရှိ၍ ဈာန်ရှင်-တန်ခိုးရှင်တို့မူကား အနုရာဓမြို့ပေါ်တွင် ဈာန်ပျံလွန်းကြ၍ စပါးလှန်း၍ မရလောက်အောင် နေပြောက်မထိုးသောကြောင့် ညည်းညူကြရသည်ဟု အဆိုရှိသော အချိန်ဖြစ်သည်။

သူကြွယ်သမီး မယ်သုမနာကို သူတို့ရွာသို့ မင်းရေးကိစ္စဖြင့် ရောက်ရှိလာသော ဒုဋ္ဌဂါမဏီမင်း၏ အမတ်ကြီး လကုဏ္ဍကအတိမ္ဗရကတွေ့မြင်သောအခါ မေတ္တာသက်ဝင်၍ တောင်းယူသည်။ ထိမ်းမြားမင်္ဂလာပွဲအကြီးအကျယ်ပြုလုပ်၍ လက်ထပ်သည်။ ယင်းသို့ဖြင့် အမတ်ကတော် သုမနာအဖြစ်သို့ ရောက်ရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖြဟ္မာဘဝမှစုတေ၍ သူဌေးသမီးဖြစ်ခဲ့သောဘဝတွင် မလိမ္မာခဲ့သော်လည်း သူကြွယ်သမီးအမတ်ကတော် မယ်သုမနာဘဝတွင်မူ ရတနာသုံးပါးကိုင်းရှိုင်း၍ တရားသတိ ရှိသူလေးဖြစ်၏။ သံဃာတော်များကို မပြတ်ဖူးတွေ့၍ နေ့စဉ်အိမ်ရှေ့သို့ ကြွရောက်လာကြသော သံဃာတော်များကို ကိုယ်တိုင် ဆွမ်းလောင်းသည်။

တစ်နေ့တွင်မူ သူ့အိမ်ရှေ့သို့ မဟာအနုရုဒ္ဓါမထေရ်ကြီးသည် နောက်ပါတပည့် သံဃာများနှင့်အတူ ဆွမ်းခံရောက်ရှိလာသည်။ အဘိညာဉ်တန်ခိုးရှင်ဟု ကျော်ကြားသော ရဟန္တာအရှင်မြတ်ကြီးပေတည်း။

မယ်သုမနာက အသက်အရွယ်ကြီးရင့်၍ ဣန္ဒြေကြီးမားလှသော အရှင်မြတ်ကို ကြည်ညိုလှသောကြောင့် ဆွမ်းမလောင်းမီ ထိုင်၍ကန်တော့သည်။ ဆွမ်းလောင်းပြီးပါက သာမန်အားဖြင့်ဆိုလျှင် ထေရ်စဉ်အတိုင်း ထွက်ကြွသွားရန်ဖြစ်၏။ သို့ရာတွင် မထေရ်ကြီးက ထွက်ကြွမသွားသေးဘဲ နောက်ပါသံဃာများသို့ မယ်သုမနာ ဆွမ်းလောင်းနေသည်ကို နောက်သို့လှည့်ကာစောင့်၍ ကြည့်သည်။

ထို့နောက်တွင်မူ အရှင်မြတ်က တပည့်များသို့ အံ့ဖွယ်စကားတစ်ရပ်ကို အောက်ပါ အတိုင်း မိန့်ကြားတော်မူလိုက်သည်။

''ငါ့ရှင်တို့ ။ ။ အံ့ဖွယ်ရှိပေစွ၊ ဘုရားရှင်လက်ထက်တော်က ဘုရားရှင်က သံသရာအကြောင်းပြဖြင့် မိန့်ကြားခဲ့ရသောဝက်မကလေးသည် အခုအခါ အမတ်ကတော် ဘဝသို့ရောက်ရှိနေပေ၏။ သင်တို့အား ဆွမ်းလောင်းသော ဒါယိကာမလေး သုမနာ ပေတည်း၊ ဘဝသံသရာဟူသည် ကြောက်ဖွယ်ကောင်းလေစွ''

ယင်းသို့ မိန့်ကြားပြီးနောက် သံဃာတန်း ထွက်ကြွ၍သွားသည်။ ယင်းမိန့်ခွန်းကို ကြားရသောအခါ မယ်သုမနာ ငေးငိုင်တွေးကြံ၍ကျန်ရစ်သည်။ အကျိုးနှစ်ဘက်ရ မိန့်ခွန်း တရားတော်ပင်ဖြစ်သည်။ အကြောင်းမှာကား ဝိပဿနာစခန်းနှင့်မတွေ့၍ ကျွတ်တမ်းမဝင်နိုင်ခဲ့သော်လည်း ဖြဟ္မာဘဝရောက်သည်အထိ တရားအခြေခံရှိခဲ့သော မယ်သုမနာ၏ ဇာတိဿရဉာဏ်တရားအကျိုးကို နှိုးဆွပေးခဲ့ခြင်းဖြစ်၍ တပည့်ရဟန်းများ ကိုလည်း သံသရာဒုက္ခတွင် သံဝေဂရကြစေရန်ဖြစ်သည်။

မှန်လှပေ၏။ အရှင်မြတ် အစဖော်ပေးလိုက်သော တရားတော်ကြောင့် မယ်သုမနာအဖို့ မိမိ၏ မရေရာသော ဘဝအဆက်ဆက်များကို ပြန်၍မြင်လာကာ ကြီးစွာသောသံဝေဂဖြင့် ငေးငိုင်တွေးကြံ၍ကျန်ရစ်သည်။ ငေးငိုင်တွေးကြံသည် ဆိုသည်မှာ မိမိ၏ဘဝကွင်းဆက်များကို တစ်ခုချင်း ပြန်လည်သုံးသပ်နေခြင်းလည်းဖြစ်၏။ ဘဝသံသရာ၏ ဒုက္ခများကို သံဝေဂရနေခြင်းလည်းဖြစ်၏။

ယင်းသံဝေဂအရ သာသနာတော်နှင့် အခွင့်လျော်၍ ကြုံကြိုက်နေဆဲဖြစ်သော ယခုဘဝ၊ ယခုအချိန်၌ သံသရာအစပြတ်ရေးအတွက် ဘိက္ခုမယ်အဖြစ်သို့ ကူးပြောင်းရန် တစ်ချောင်းတည်းသောစိတ်ဖြင့် သန္နိဋ္ဌာန်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မရေရာသော ဘဝသံသရာဟူသည် သာသနာတော်နှင့်ကြုံကြိုက်ခဲလှ၏။ မိမိသည် ဘုရားရှင်နှင့် တိုက်ရိုက်တိုးခဲ့သော်လည်း တိရစ္ဆာန်ဝက်မဘဝကြောင့် တရားတော်နှင့် လွဲခဲ့ရသည်။ လူ့ဘဝရ၍ သာသနာတော်ခေတ်နှင့် ကြုံကြိုက်စေဦးတော့၊ တရားတော်နှင့်ဝေးသော အသိုက်အဝန်းသို့ ရောက်ခဲ့ရသည်။ အရှင်မြတ်ကြီးသည် မိမိအားသတိတရားရစေရန် နှိုးဆွသတိပေးတော်မူခဲ့ခြင်းဖြစ်၏။ ဤဘဝတွင်မှ သတိတရားမရ၍ သံသရာလည်ရဦးမည်ဆိုသော် အရှုံးကြီးရှုံးပေတော့မည်။ ထို့ကြောင့် လင်သားအမတ်ကြီးထံ ယနေ့ပင် ခွင့်တောင်း၍ ဘိက္ခုနီအဖြစ်သို့ကူးပြောင်းမည်။

ယင်းသန္နိဋ္ဌာန်အရ လင်အမတ်ကြီးထံ တရားကြောင်းကျိုးပြ၍ ခွင့်တောင်းလိုက်သောအခါ ချစ်စွာသော မယားဖြစ်၍ တားချင်ပြုစေကာမူ အမတ်ကြီးသည်လည်း တရားအရေး၌ လေးစားပြီး ဗုဒ္ဓဘာသာဝင်ဖြစ်သည့်အတိုင်း ခွင့်ပြုသည်။ ခွင့်ပြုချက်ရသည်နှင့်တစ်ပြိုင်နက်ပင် မဟာဝိဟာရကျောင်းတိုက်၏ ဩဝါဒခံ ဘိက္ခုနီတို့ ကျောင်းတိုက်တွင် ကြီးစွာသော အစီအစဉ်ဖြင့် ဘိက္ခုမယ်အဖြစ်သို့ ကူးပြောင်းသည်။ သုမနာထေရီဖြစ်လာ၏။

ဤနေရာတွင် သုမနာထေရီ၏ အကြောင်းရပ်မှာ ဘုရားရှင်လက်ထက်တော်က တရားဟောအကျော် လက်ဝဲတော်ရံ အသီတိရှစ်ကျိပ် အပါအဝင် တေဒဂ်သခင် အရှင်ကုမာရကဿပ၏ မယ်တော် ဘိက္ခုနီမကြီးနှင့် အဖြစ်ချင်းတူ၏။ အရှင်ကုမာရကဿပ၏ မယ်တော်သည်လည်း အိမ်ထောင်သည်ဘဝမှ လင်သားဖြစ်သူထံ ခွင့်တောင်း၍ ရဟန်းဖြစ်ခဲ့ရသည်။

တော်ပါသေး၏။ အရှင်ကုမာရ ကဿပ၏ မယ်တော်မှာ အိမ်ထောင်သည်ဘဝမှ သန္ဓေပါလာ၍ ဘိက္ခုနီမအဖြစ်ဖြင့် ကုမာရကဿပကိုမွေးသောအခါ ပြဿနာဖြစ်ခဲ့ရသည်။ ဝိနည်းတေနဂ်သခင် အရှင်ဥပါလိ၏ အဆုံးအဖြတ်ဖြင့် ရှင်းလင်းခဲ့ရသည်။ အရှင်မသုမနာတွင် အဘယ်ပြဿနာမျှမရှိ။

ဘိက္ခုနီဖြစ်၍ တရားအလုပ်တွင် ဖွဲ့သန်လျက်ရှိနေသော သုမနာထေရီသည် မဟာဝိဟာရတွင် သတိပဋ္ဌာန်တရားတော်ကို ကြားနာရသောအခါ သောတာပန်အဆင့်သို့ ရောက်လာသည်။ ထို့နောက် မိမိဇာတိဘောက္ကန္တရွာတွင် နေခိုက် အာသီဝိသော ပထမသုတ်တော်ကို ကြားနာရသောအခါတွင်မူ ရဟန္တာမကြီး စင်စစ်ဖြစ်လာတော့သည်။ မိမိရည်မှန်းချက် သံသရာဘဝသိမ်း ပန်းတိုင်သို့ရောက်ရှိပြီဖြစ်၏။

[ ၃ ]

ရဟန္တာဖြစ်လာသောအခါ အရှင်မသုမနာသည် အခွင့်ကြုံတိုင်း ဘဝသံသရာ၏ ဒုက္ခတို့ကို ဟောပြောလေ့ရှိသည်။ မိမိကိုယ်တိုင်၏ ဘဝဒုက္ခမျိုးစုံကိုလည်း အခြားသော ဘိက္ခုနီမများအား တရားဆွေးနွေးရင်းဖြင့် ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



''မိမိသည် ဘုရားရှင်ကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ပါလျက် တိရစ္ဆာန်ဝက်မဘဝဂတိကြောင့် တရားတော်နှင့် လွဲခဲ့ရသည်။ ဝက်မဘဝမှ ကွယ်လွန်သောအခါ တရားအားထုတ်ခဲ့ဖူးသော ကုသိုလ်အရ သုဝဏ္ဏဘူမိအရပ်တွင် မင်းမျိုး၌ မင်းသမီး ဖြစ်လာ၏။

''မင်းသမီးဘဝမှ ကွယ်လွန်သောအခါ မဟာဘာရတ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၌ အမျိုးသမီးဖြစ်ရပါ၏။ ယင်းဘဝမှ ကွယ်လွန်သောအခါ အိန္ဒိယနိုင်ငံ ဝနဝါသီတိုင်း၌ အမျိုးသမီးဖြစ်ရပါ၏။ ယင်းမှ ကွယ်လွန်သောအခါ ပုပ္ပာရကခေါ် သဘော်ဆိပ်မြို့တွင် မြင်းကုန်သည်သမီးဘဝသို့ရောက်ခဲ့ရပါ၏။ ယင်းမှကွယ်လွန်သောအခါ အိန္ဒိယ အရှေ့တောင်ကျွန်းဆွယ် တမိလ်လူမျိုးတို့ဒေသတွင် လှေသူကြီးသမီးဖြစ်ခဲ့ရပါ၏။ ယင်းမှ ကွယ်လွန်သောအခါမှ သီဟိုဠ်ကျွန်းအနုရာဓမြို့ အစိုးရပိုင်း၌ အမျိုးသမီးဖြစ်လာခဲ့ပါ၏။ ယင်းမှ ကွယ်လွန်သောအခါတွင်မှ ယခုဘဝ ဘောက္ကန္ဒရွာတွင် သူကြွယ်သမီး ဖြစ်လာခဲ့ပါသည်''

ဘဝတိုင်းသည် အမျိုးသမီးချည်းဖြစ်ခဲ့ရ၏။ တော်ပါသေး၏။ ကံကောင်းထောက်မ၍ ဝက်မကလေး၏ နောက်ဘဝများတွင် ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်ဘုံတို့သို့ မရောက်ခဲ့ရ၊ သို့သော် ရတနာသုံးပါး တရားတော်ဝန်းကျင်နှင့်မူ ဝေးခဲ့ရသည်။

ယင်းဒေသများအနက် သုပ္ပာရက သဘော်ဆိပ်မြို့ဟူသည် ရတနာသုံးပါးနှင့် ဝေးကွာလှသောအရပ်ဖြစ်၏။ နာမည်ကျော် ဒိပ္ပာဘိညတေဒဂ်သခင် အရှင်ဗာဟိယ ဒါရုစိယသည် သဘော်ကုန်သည်ဘဝ၌ သဘော်ပျက်၍ ယင်းသုပ္ပာရကသို့ ရောက်ခဲ့ရာ၌ ဘိုးတော်အရှင်ကြီးအဖြစ်မျက်စိလည်လမ်းမှားခဲ့ဖူးသော အရပ်ပင်ဖြစ်၏။ (ဗုဒ္ဓစာပန်းချီ 'လွမ်းစေတီ' ရှု။)

''အရှင်မတို့ ။ ။ မဟာအနုရုဒ္ဓါ အရှင်မြတ်ကြီးသည်ကား မိမိ၏ တရားကျေးဇူးပင်ဖြစ်ပါ၏။ အရှင်မြတ်ကြီး နှိုးဆွပေးခဲ့၍သာ မိမိသည် ဇာတိဿရဉာဏ် နှီးကြွကာ ဘဝသံသရာ၏ ဒုက္ခမျိုးစုံကို မြင်ခဲ့ရပါ၏။ နိဗ္ဗာန်မရသေးသမျှ ဘဝသံသရာဟူသည် ကြောက်ဖွယ်အတိဖြစ်ပါဘိသည်''ဟု ဟောကြားတော်မူသည်။

ဤသည်တို့မှာ ဘဝသံသရာမှာ ဖြစ်ရာပေါင်းစု ဆယ့်သုံးခုဖြင့် ကျင်လည်ခဲ့ရသော အရှင်မ မယ်သုမနာ၏ ဖြစ်စဉ်တို့ပါတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# စွဲမိပြီဆိုမှဖြင့်

[ ၁ ]

ရုပ်တရားအစုအဝေးမျှသာဖြစ်တော့သော ကွယ်လွန်သူ၏ အလောင်းများကို မစွန့်ပစ်နိုင်ဘဲ ဆေးစီရင်၍ ထားရှိတတ်ကြခြင်းမှာ လူ့သမိုင်းနှင့်ချီ၍ ယနေ့ခေတ်တိုင်အောင်ပင်ဖြစ်၏။ ယင်းသို့ထားရှိခြင်းမှာ အတ္တလွန်ကဲမှုလျှင် အခြေခံအပ်သော အကြောင်းသုံးရပ်ကြောင့် ဖြစ်သည်။

ပထမအကြောင်းမှာ အစဉ်အလာဘာသာရေးအစွဲဖြင့် အဲဂုတ္တုနိုင်ငံသားတို့ ထားရှိကြသည်။ အလောင်းများသည် အချိန်တန်လျှင် အသက်ဝင်ထလာပြီးနောက် အထက်ဘုံသို့ ရောက်ကြလိမ့်မည်ဟူသော အစွဲဖြစ်၏။ ထို့ကြောင့် အလောင်းများကို မပျက်မယွင်းထားရှိသည့် အတတ်ပညာ၌ အဲဂုတ္တုနိုင်ငံသည် ထင်ရှားကျော်ကြား၏။ ကြီးမားလှစွာသော အလောင်းလိုဏ်ဂူအဆောက်အအုံကြီးများဖြင့် ယနေ့တိုင်အောင် ထင်ရှားသော နိုင်ငံဖြစ်သည်။

ဒုတိယအကြောင်းမှာ ကွယ်လွန်သူအပေါ်တွင် အကြည်ညိုကဲလွန်မှု ဖြစ်၏။ မိမိတို့ဆရာ၊ မိမိတို့ကြည်ညိုသူကို ပျောက်ကွယ်၍ မသွားစေလို၊ အစဉ်ရှုကြည့် ကြည်ညိုနိုင်ရန်အတွက် အလောင်းအတိုင်း မြင်နိုင်အောင် ဆေးစီရင်၍ ထားသည်။

တတိယအကြောင်းမှာ ကွယ်လွန်သူအပေါ်၌ မခွဲနိုင်၊ မခွာနိုင်၊ မစွန့်ပစ်နိုင် လောက်အောင်ပင် မေတ္တာအစွဲ လွန်ကဲမှု ပုဂ္ဂလိကအစွဲဖြင့် ထားရှိခြင်းဖြစ်သည်။

www.burmeseclassic.com



"မမလေး ချစ်လိုက်ပါတဲ့အာရုံ၊ ရွှေမြင်းမိုရ်တစ်တောင်လုံး တုံးမှတ်လို့ခုန်" ဆိုသည်မှာ ယောကျ်ားသာဖြစ်၏။ မိန်းမများကတော့ မြင်းမိုရ်ဝေးစွ တောင်ပို့ကိုမျှမခုန်၊ မိန်းမကြိုက်တော့ မျှော်လိုက်ခါမျှဖြစ်သည်။

ယောကျ်ားသေလျှင် ချစ်လွန်းလှသောကြောင့် ယောကျ်ားအလောင်းကို မှန်ခေါင်းသွင်းကာ တစိမ့်စိမ့်ကြည့်နေသူဟူ၍ မိန်းမတစ်ယောက်မျှမရှိ။ ယောကျ်ားသေသည်ကို မိန်းမက မျက်စိတစ်ဖက်သာပိတ်၍ရိုရာ အဘယ့်ကြောင့် မျက်စိတစ်ဘက်ဖွင့်ထားသနည်းဟု မေးသောအခါ အသုဘသို့ ကြွလာကြသည့် ပရိသတ်ထဲမှ နောက်ယူမည့် ယောကျ်ားကို ကြည့်ရသေးသည်ဟူ၍ပင် လူရွှင်တော်များက သရော်ကြ၏။ ယောကျ်ားကတော့ ချစ်သူကလေး၏ အလောင်းကို မစွန့်ပစ်နိုင်၍ မှန်ခေါင်းသွင်းကာ တစိမ့်စိမ့်ကြည့်ရှု ပူဆွေးနေသူနှစ်ဦးရှိသည်။ စာဝင် ပေဝင် သမိုင်းဝင်ပင်ဖြစ်၏။

တစ်ဦးမှာ အတိတ်ဇာတ်တော်ဖြစ်၍ တစ်ဦးမှာ ဘုရားရှင်လက်ထက် ပစ္စုပ္ပန်ဖြစ်ရပ် ဇာတ်တော်ဖြစ်သည်။ အတိတ်ဇာတ်မှာ ဘဝကူးပြဿနာနှင့်ပတ်သက်၍ ထင်ရှားလှသော ဇာတ်ဖြစ်၏။

ပါဠလိပြည်တွင် အဿက မင်း၏ မိဖုရားလေး ဥပရီဒေဝီကွယ်လွန်သောအခါ ချစ်ရှာတော်မူလွန်းလှသောကြောင့် အလောင်းကို မစွန့်ပစ်နိုင်ဘဲ နန်းတော်ဦးတွင်ပင် သံခေါင်းမှန်ခေါင်းသွင်းကာ ဆေးစိမ်၍ တစိမ့်စိမ့်ကြည့်ရှု သောကတောင်ထု ဖြစ်နေသည်ကို အလောင်းတော်ရသေ့ကြီး လာရောက်ကယ်တင်မှ အကျွတ်တရားရသည်။

အကျွတ်တရားရသည်ဆိုသော်လည်း ရပ်ပုံမှာကားသင်းလှ၏။ တရားဟောရုံမျှဖြင့်တော့မကျွတ်၊ မပြတ်၊ သက်သေအထောက်အထားပြ၍ချွတ်မှ ကျွတ်သည်။ ပြတ်သည်။

ကျွတ်ဟန်ကား ရသေ့ကြီးက "သင့်မိဖုရားသည် နောင်ဘဝတွင်ချေးထိုးပိုးမ ဖြစ်နေသည်။ သင့်ကို မချစ်တော့။ ချေးထိုးပိုးမ ဘဝမှ သူ့လင်ချေးထိုးပိုးဖိုကြီးကိုသာ ချစ်သည်။ သင်က အဘယ့်ကြောင့် ပူဆွေးနေရသနည်း"ဟု ဆုံးမသည်။ အဿကမင်းက မယုံ။ မယုံသည်ကို ယုံအောင်သက်သေပြရန် အလောင်းတော် ရသေ့က တန်ခိုးဖြင့် ချေးထိုးပိုးဖိုနှင့် ပိုးမနှစ်ဦးလုံးကို ရှေ့တော်သို့ ခေါ်လိုက်သည်။ ရသေ့ကြီးက ချေးထိုးပိုးမကို မေး၏။

"အသင်သည် ပါဠလိ မိဖုရားဘဝမှ ကွယ်လွန်၍ ချေးထိုးပိုမဘဝသို့ ရောက်နေသူ မဟုတ်သလော"

"မှန်ပါသည်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



''မှန်ခေါင်းအတွင်းမှ ဟောဒီ အလောင်းကောင်သည် ဘဝဟောင်းက အသင်ပင် မဟုတ်လော''

''မှန်ပါသည်ဘုရား''

''သင့်လင်ဟောင်း ဟောဒီ အသဃက မင်းသည် သင့်အလောင်းကို ကြည့်၍ ယနေ့တိုင်မပြတ် ပူဆွေးနေဆဲဖြစ်သည်။ အသင်ကတော့ သင့်လင်ဟောင်းကို ချစ်ပါ သေး၏လော''

''မချစ်တော့ပါ၊ မချစ်ရုံမျှမဟုတ်၊ ပိုးဖိုကြီးက ဘုရင်၏သွေးဖြင့် ခြေဆေးလိုသည် ဆိုလျှင်ဖောက်၍ ပေးလိုပါသည်။ သောက်လိုသည်ဆိုလျှင်ပင် ကိုက်ဖောက်၍ တိုက်လို ပါသည်ဘုရား''

မချစ်တော့သည်ကို မချစ်ပါဘူးဟု ဖြေလိုက်လျှင် ပြီးနိုင်၏။ သို့သော် မပြီး။ လင်ဟောင်းသွေးကို လင်သစ်သို့ဖောက်၍ တိုက်လိုက်ချင်သေးသည်ဟု အထွန့်တက် ဖြေဆို၏။ ဖြေပုံမှန်သည်ဟုဆိုရပေသည်။ အကြောင်းမူကား အချစ်ပြဿနာကို လင်သစ် လင်ဟောင်းတို့အကြားတွင် မေးစစ်ခံရာ၌ လင်သစ်ဖြစ်သူအဖို့ လင်ဟောင်းကို မချစ်သည့် အကြောင်း ခိုင်ခိုင်လုံလုံသိရှိဖို့ လိုအပ်သည်မဟုတ်ပါလော။

ဤတွင်မှ အသဃကမင်း အချစ်ပြယ် သတိတရားရကာ အလောင်းကို ချက်ချင်း စွန့်ပစ်စေလိုက်သည်။ ချစ်သည်ဆိုတော့လည်း သည့်စိတ်။ မုန်းပြီဆိုတော့လည်းသည့်စိတ်။ အချစ်–အမုန်းဟူသည် စိတ်ဝိပ္ပလ္လာသ မျက်လှည့်ပြခြင်းမျှဖြစ်၏။

ဤကား အချစ်ရူး အချစ်မူး အချစ်လွှန် ယောကျ်ားတစ်ယောက်၏ အတိတ်ဇာတ် ဖြစ်၍ ပစ္စုပ္ပန်တွင်လည်း ဤလိုယောကျ်ားမျိုးတစ်ယောက် ပေါ်ပေါက် လာပြန်၏။ သူသည်လည်း နှယ်နှယ်ရရမဟုတ်၊ အသဃကဘုရင်ကဲ့သို့ ပါဠိလိပြည် ဘုရင်ဖြစ်၍ သာသနာတော်တွင် ကျော်ကြားသော ပါဋလိပုတ်ပြည့်ရှင် ဘုရင်မုဏ္ဍ ဖြစ်သည်။

အမည့်မျှသာ ကွဲပြား၍ ဘုရင်အဖြစ်ချင်းတူ၊ နိုင်ငံအမည်တူ ဖြစ်၏။ ရေကြော မြေကြော လိုက်ဟန်တူသည်။ သို့မဟုတ် အလောင်းတော်၏ တရားကို နာခဲ့ရသော အသဃကဘုရင်ပင် မုဏ္ဍဘုရင်ဖြစ်လာဟန်တူသည်။

[ ၂ ]

လေးစားပူဇော်အပ်သူ၊ သို့မဟုတ် ငွေကြေးတတ်နိုင်သူတို့၏ ချစ်မြတ်နိုးသူတို့ ကွယ်လွန်လျှင် အလောင်းကို ဆေးစိမ်၍ ထားတတ်ကြခြင်းမှာ ယနေ့ခေတ်တိုင်အောင်ပင် မကွယ်မပျောက်နိုင်သေးသော အစဉ်အလာစွဲတစ်ရပ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ခြေခင်းလက်ခင်း မသာသော မိုးရာသီလို အချိန်မျိုးတွင် လေးစားပူဇော်အပ်သူတို့ ကွယ်လွန်သောအခါ၊ သို့မဟုတ် ခြေခင်းလက်ခင်းပင်သာသော်လည်း ခမ်းနားစွာ သဂြိုဟ်ရန် စောင့်ဆိုင်း၍ အလောင်းကိုဆေးစိမ်ကာ သင့်လျော်ရာတွင်ထား၏။ ရဟန်းဆရာတော်များ ပျံလွန်လျှင် ကျောင်းဝင်းအတွင်း သီးသန့်ကျောင်းဆောက်၍ ဆေးစိမ်အလောင်းကို တင်ထားသည်။ ယင်းကျောင်းကို 'နိဗ္ဗာန်ကျောင်း'ဟုခေါ်၍ ယင်းနိဗ္ဗာန်ကျောင်းကလေးများသည် အစဉ်အဆက် ကြီးမားသော ကျောင်းတိုက်ကြီးတိုင်းတွင် ယနေ့တိုင် ရှိနေတတ်ကြသည်။

ငွေကြေးတတ်နိုင်သူတို့၏ မိဘဆွေမျိုး ချစ်မြတ်နိုးသူတို့ အချိန်မဲ့တွင် ကွယ်လွန်သောအခါတွင်လည်း သုသာန်စသည်တို့တွင် ဆေးစိမ်ဂူသွင်း၍ ထားသည်။ 'အေးမသာ'ဟုခေါ်၍ ခြေခင်းလက်ခင်းသာသည့် အခါတွင်မှ ထုတ်ဆောင်သဂြိုဟ်ကြသည်။

အလောင်းကို ဆေးစိမ်ထားရှိဖို့ကိစ္စမှာလည်း ပါဠေလိပုတ်စသော မဖွံ့မနိုင်ငံတို့တွင် လွယ်ကူလှ၏။ အကြောင်းမှာ အလောင်းဆေးစိမ်အတတ်တွင် ကျွမ်းကျင်လှသော အဲဂုတ္တတို့၏ ပညာက မဖွံ့မသို့ပျံ့နှံ့၍နေသည်။

သို့သော် ပါဠေလိပုတ်ပြည့်ရှင် မုဏ္ဍာဘုရင်က သူ၏ချစ်မြတ်နိုးလှစွာသော သုဘဒ္ဒါမိဖုရားကြီး ရုတ်ခြည်းကွယ်လွန်လေသောအခါ အလောင်းကို သံခေါင်း၊ မှန်ခေါင်းဖြင့် နှစ်ထပ်အုပ်ဆေးစိမ်၍ထားကာ ဘယ်သောအခါတွင်စွန့်ပစ်မည်ဟူသော ရည်ရွယ်ချက်လည်းမရှိ လွတ်ကျွတ်သင့်လျော်ရာတွင်လည်းမထားဘဲ မိဖုရားအလောင်းကို နန်းတော်ဦးတွင်ပင်တင်၍ ထားလေ၏။ ရည်ရွယ်ချက်မှာကား မိဖုရားကိုမြတ်နိုးလှသဖြင့် အလောင်းကို မစွန့်ပစ်နိုင်ဘဲ မိမိအနီးတွင်ပင် နေ့ညဥ့်မပြတ် တရစပ်ရှုကြည့်နေနိုင်ရန်ပင် ဖြစ်ပေသည်။

ဘုရင်သည် မိဖုရားအလောင်းအနီးမှမခွာ၊ တစိမ့်စိမ့်ရှုကြည့်၍ ပူဆွေးငိုယိုသည်။ တတမ်းတမ်း တ, တတဖြစ်လျက်ရှိသည်။ ပွဲတော်မတည်၊ ဝတ်လဲတော်မလဲ၊ အစာရေစာပင်မစား၊ မအိပ်၊ ဘုရင်ကိုယ်တိုင် ဤသို့ဖြစ်လေသောအခါ မှူးကြီးမတ်ရာတို့နှင့်တကွ နန်းတော်တစ်ခုလုံး ကြိမ်မီးအုံးသကဲ့သို့ ဖြစ်ကြရလေတော့သည်။

အခက်ဆုံးမှာကား ဘုရင်ကိုယ်တိုင် ကိုင်တွယ်မှ ပြီးစီးမည့် တိုင်းရေး ပြည်ရေး ကိစ္စများနှင့် မှုခင်းမှုရပ်များ ရပ်ဆိုင်းကုန်တော့ခြင်းပင် ဖြစ်၏။ ထို့ကြောင့် မှူးကြီးမတ်ကြီးတို့ ခေါင်းချင်းရိုက်ကြရလေတော့သည်။

"ဒီအတိုင်းတော့ မဖြစ်တော့ဘူး။ ဘုရင်မင်းမြတ်သောကကို ပြေပျောက်စေမယ့် နည်းလမ်းကို ရှာကြမှပဲ"ဟု အမတ်တစ်ယောက်က စတင်ဆွေးနွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



''သောက ကင်းဝေးဖို့ဆိုတော့ တရားရှင် သမထဆရာ၊ ပြဟ္မာဏဆရာ တစ်ဦးဦးရဲ့တရားနဲ့ ဖြေဖျောက်မှပဲ ပြေပျောက်ဖို့ရှိတော့တယ်''

''မှန်ပါတယ်၊ သို့သော် ဘုရင်မင်းမြတ်ကိုယ်တိုင် တရားနာလိုစိတ်ရှိအုံးမှကိုးဗျ''

''ဒီကိစ္စကိုတော့ ဘဏ္ဍာစိုးကြီး ပိယကက တတ်နိုင်ပါလိမ့်မယ်၊ ပိယကဟာ ဘုရင်မင်းမြတ်နဲ့ အင်မတန်ရင်းနှီးတာပဲ၊ သူလျှောက်ထားရင် ငြင်းပယ်တော်မူမယ် မထင်ပါဘူး''

ဤတွင် ဘဏ္ဍာစိုး ပိယက, ဝင်၍ ဆွေးနွေးသည်။

''ကျွန်တော်လည်း ဒီအတိုင်းပဲ စိတ်ကူးမိထားပါတယ်၊ဘုရင်မင်းမြတ်ကို တရားဟောနိုင်မယ့် ဆရာကိုလည်း ရွေးထားပါတယ်၊ အဲဒီဆရာကတော့ ဟိုအဌက မြို့ကလေးမှာရှိတဲ့ ကုက္ကုဋ္ဌာရုံကျောင်းတော်က ကျွန်တော်တို့ ကိုးကွယ်တဲ့ အရှင်နာရဒ မထေရ်ကြီးပါပဲ''

''အရှင်နာရဒဟာ အသက်အရွယ်လည်းကြီးပါတယ်၊ ကြည်ညိုဖွယ်ရာ ရုပ်လက္ခဏာနဲ့လည်းပြည့်စုံပါတယ်၊ ရဟန္တာအရှင်မြတ်ကြီးလည်း ဖြစ်ပါတယ်။ ဆန်းကြယ်သောတရားများကို ဟောတတ်တဲ့ ဓမ္မကထိက မထေရ်ကြီးအဖြစ် နိုင်ငံတော်မှာ ကျော်ကြားနေတာကိုလဲ အမတ်မင်းတို့အသိပါပဲ၊ အဲဒီမထေရ်ကြီးရဲ့ တရားကို နာရရင်ဖြင့် ဘုရင်မင်းမြတ်ရဲ့ သောကပရိဒေဝပြေပျောက်ဖို့ ရှိပါလိမ့်မယ်''

''ကောင်းလိုက်လေဗျာ၊ ဒီအတိုင်းဖြစ်မြောက်အောင်သာ ဘဏ္ဍာစိုးကြီးက လျှောက်ထားစီစဉ်ပါတော့''

အစီအစဉ်အတိုင်းပင် ဘဏ္ဍာစိုးပိယက, က အခွင့်အခါကိုကြည့်၍ အရှင်နာရဒ၏ ဂုဏ်ပုဒ်များကို ချီးကျူးကာ ဘုရင်သို့ လျှောက်ထားသောအခါ ဘုရင်က တရားနာမည်ဟု အလွယ်နှင့်ပင် ပဋိညာဉ်ပြုလိုက်သည်။

တရားဟူသည် နာယူသူ၏ ဖြစ်ရပ်၊ အဇ္ဈတ္တအတွင်းဓာတ်နှင့် ကိုက်ညီဖို့ရန်မှာ အချိန်အခါလိုပေသေး၏။ အချိန်အခါမလျော်လျှင် အံချော်၍နေတတ်သည်။ မဟာကရုဏာတော်သခင် ဘုရားရှင်သည် နေ့စဉ်ပင် ကျွတ်ထိုက်သော သတ္တဝါတို့ကို ကြည့်ရှုတော်မူသည်မှာ အချိန်အခါနှင့်လျော်သော သူတို့ကို ကြည့်ရှုတော်မူခြင်းပင်ဖြစ်၏။

တရားနာမည်ဟု ဘုရင့်ထံမှ ပဋိညာဉ်ရသည်နှင့်တစ်ပြိုင်နက် ဘဏ္ဍာစိုး ပိယကသည် အရှင်နာရဒအထံသို့သွားရောက်၍ ဖြစ်ရပ်ကြောင်းအင်နှင့်တကွ ဘုရင်တရားနာ ကြွရောက်လိုသည့်အကြောင်း လျှောက်ထားသောအခါ အရှင်မြတ်က ဘုရင်လိုအပ်သောအချိန်တွင် လာရောက်နိုင်ပါသည်ဟု အခွင့်ပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် မုဏ္ဍာဘုရင်သည် ကုက္ကုဋ္ဌာရုံကျောင်းသို့ တရားနာထွက်မည့်ကိစ္စကို ပါဋ္ဌလိပုတ်နှင့် အဒ္ဒကမြို့အကြားအသွားခရီးတွင် တပ်ပေါင်း ၁၈ တပ်စီရင်စေ၍ ရှေ့ကိုးတပ်၊ နောက်ကိုးတပ် ဝင်းခင်းကာ ရထား၊ ဆင်၊ မြင်းတပ်ဝင်း အခင်းအကျင်း ကြီးကျယ်စွာ ဖြင့်ထွက်သည်။ သတိဝင်လာပြီဖြစ်သော ဘုရင်သည် မိဖုရားအလောင်း အနီးမှ စတင်ခွဲခွာခြင်းပင်ဖြစ်၏။

တစ်ကြောင်းမှာလည်း မှူးကြီးမတ်ရာနှင့်တကွ တိုင်းသူပြည်သားတို့အားသည် မိမိဖြစ်အင်အတွက် ညှိုးငယ်နေကြသည်ကို ရွှင်လန်းဝမ်းမြောက်ကြစေရန်ဖြစ်၏။ သို့နှင့် ဘုရင်အမှူးပြုသော တပ်မင်း အခင်းအကျင်းများနှင့်အတူ တိုင်းသူပြည်သားတို့လည်း ဝမ်းမြောက်ဝမ်းသာလိုက်ပါလာကြကာ တရားပွဲကြီး ဖုံချီးကျင်းပ နာယူကြသည်။

[ ၃ ]

ဘုရင်သည် ယခင်ကမူ ကိုးကွယ်မှုကိစ္စများ၌ အမှတ်မဲ့သာ နေခဲ့၏။ အရှင်နာရဒမထေရ်ကို ဖူးတွေ့သောအခါတွင်မှ ညွှတ်မှုးကိုင်းရှိုင်းသည်။ အကြောင်းမှာ အရှင်မြတ်သည် သက်ရွယ်ကြီးရင့်၍ ကြည်ညိုရာ ရုပ်လက္ခဏာကိုဆောင်သည်။ ရဟန္တာအရှင်မြတ်ကြီး ဖြစ်၍ တည်ငြိမ်မှုမှာ သိက္ခာတောင်ထုဖြစ်၏။ အရှင်မြတ်၏တရားသံကို နာကြားရသော အခါတွင်ကား ညွှတ်တွားတည်ငြိမ်၍လာသည်။ အကြောင်းကား အရှင်မြတ်၏ အောင်မြင်စည်းလုံးသော အသံမှာ ဝါစာသီလိဋ္ဌပြည့်စုံလှသောကြောင့်ဖြစ်၏။

တရားနာသည်ဆိုရာ၌ အချိန်အခါသာမဟုတ်၊ ဟောသည့်ပုဂ္ဂိုလ်၏ အရှိန် အဝါကိုလည်း လိုက်သေးသည်။ ဘုရားရှင်၏ တရားတော်ကိုကြားနာရ၍ ကျွတ်တမ်းဝင် ကြရာ၌ ဘုရားရှင်၏ အတုမရှိသော ရုပ်လက္ခဏာတော်အပြင် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ကြောင့်လည်း ဖြစ်၏။ ယင်းသို့ဖြင့် ပုဂ္ဂိုလ်ခင်မှ တရားမင်သည်’ ဟူသော စကားဖြစ်ပေါ်လာသည်။

အရှင်မြတ်က ဘုရင်နှင့်တကွ တရားနာ ပရိသတ်အား ရှေးဦးစွာ သရဏဂုံ သုံးပါးကို ဆောက်တည်စေ၏။ ကျောင်းတော်သို့ လာစဉ်ကပင် ဘုရင်သည် ရတနာ သုံးပါးသို့ ကိုင်းညွှတ်ပြီးဖြစ်ပါ၏။ သို့သော် မနောကံဖြင့် ကိုင်းညွှတ်ခြင်းမျှဖြစ်၍ ယခု ကာယကံ၊ ဝစီကံမြောက် ကိုင်းညွှတ်ရသောအခါ စိတ်ထားတည်ငြိမ်လာသည်။

ထို့နောက် ပဉ္စသီလငါးပါးကို နာကြားခံယူကြရသည်။ ပဉ္စသီလငါးပါးဟူသည် လူတို့အတွက် မပြတ်ကျင့်သုံးအပ်သည့် လူ့လောက၏ ပဝေဏီထုံးတမ်းသီလ ဖြစ်သည်ကို သိရှိကြပြီးဖြစ်သော်လည်း ဘုရင်တို့အတွက်မူ ပြည့်စုံနိုင်ခဲသည်။ သို့သော် ယခု

www.burmeseclassic.com

www.burmeseclassic.com



တရားနာသဲ အခိုက်အတန့်အားဖြင့်မူ ပြည့်စုံပေပြီဟု ဘုရင်စိတ်အေး၏။ ယင်းသို့ ဆိုလျှင် ငြိမ်းအေးသောစိတ်အစဉ်ဖြင့် တရားတော်ကို နာယူရန် အဆင်သင့်ဖြစ်ပေပြီ။

ဘုရင်ကို အကြောင်းပြု၍ ဟောကြားအပ်သော တရားဖြစ်သောကြောင့် ဘုရင်ကိုပင် တရားနာခံအဖြစ် မိန့်ဆိုဟောကြားသည်။

''မင်းကြီး ။ ။ သမဏဖြစ်စေ၊ ဗြာဟ္မဏဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗြဟ္မာမင်းကြီးဖြစ်စေဦးတော့၊ မည်သူမဆို တောင့်တ၍မရစကောင်းသောတရား ငါးမျိုးရှိသည်၊ ယင်းငါးမျိုးဟူသည်ကား အိုတတ်သောသဘောကို မအိုပါစေလင့်ဟု တောင့်တ၍မရ၊ နာတတ်သောသဘောကို မနာပါစေလင့်ဟု တောင့်တ၍မရ၊ ကုန်တတ်သောသဘောကို မကုန်ပါစေလင့်ဟုတောင့်တ၍မရ၊ ပျက်တတ်သော သဘောကိုမပျက်ပါစေလင့်ဟု တောင့်တ၍မရ၊ သေတတ်သောသဘောကို မသေပါစေလင့်ဟုတောင့်တ၍မရ၊ လူရေနတ်ပါ သတ္တဝါဟူသမျှ ဗြဟ္မာမင်းကြီးများပါ မကျန် အိုကြရ၊ နာကြရ၊ ကုန်ဆုံးကြရ၊ ပျက်စီးကြရ၊ သေကြရသည်သာတည်း''

မဇ္ဈိမတွင် ဗြဟ္မာစွဲသည် ကြီးမားလှစွာ၏။ အတ္တဝါဒသခင် ဗြဟ္မာမင်းကြီး ဟူသည် အခြားသတ္တဝါတွေ အဘယ်မျှသေကြေပျက်ကြစေကာမူ သူကတော့ ဘယ်တော့မှ မသေမပျက်ဟူသော အယူအစွဲရှိကြသည်။ ဘုရားရှင်၏ အနတ္တတရားတော် အဘယ်မျှ ထွန်းပေါ်ညွှတ်ကိုင်းသည်ဆိုစေကာမူ ပုထုဇဉ်တို့နယ်တွင်မူ အစဉ်အလာစွဲ အရှိန်အဟုန်ရှိနေတတ်ကြသေးသည်သာဖြစ်၏။ ထို့ကြောင့် အလေးအနက် ခံယူနိုင်ရန် ဗြဟ္မာကြီးကို အထူးပြု၍ ထည့်သွင်းဟောပြောတော်မူသည်။

တစ်ကြောင်းမှာလည်း လူသည် မိမိချမ်းသာသောအခါ၌ မိမိထက် ချမ်းသာသူနှင့် နှိုင်းရှည့်ကာ သတိတရား မရတတ်ကြသော်လည်း မိမိဆင်းရဲသောအခါတွင်မူ ဘုရားရှင်တောင် ပရိနိဗ္ဗာန် စံဝင်ရသေးတာပဲ၊ အနာထပိဏ်ကြီးတောင် မွဲသွားသေးတာပဲ စသည်ဖြင့် မိမိထက်ကြီးမားချမ်းသာသောသူတို့နှင့် နှိုင်းရှည့်ဖြေသိမ့်တတ်ကြသည်။

ထို့ကြောင့် သတ္တဝါများသည်ဟု ယေဘုယျဖြင့် မဟောဘဲ ဘုရင်အဖို့ နှိုင်းရှည့် ဖြေသိမ့်နိုင်အောင် သူ့ထက်သာလွန်သော မာရ်နတ်ကြီး၊ ဗြဟ္မာကြီးတို့ကို သီးခြား ဖော်ထုတ် ဟောကြားတော်မူခြင်း ဖြစ်သည်။

''သို့ရာတွင် ပုထုဇဉ်သတ္တဝါတို့သည်ကား သတိမထား၊ တရား မသက်ဝင် နိုင်ကြဘဲ အိုသောကြောင့် ပူဆွေးကြသည်။ နာသောကြောင့် ပူဆွေးကြသည်။ ပျက်စီးကုန်သောကြောင့် ပူပန်ကြသည်။ သေသောကြောင့်ကား ငိုကြွေးတမ်းတ သောက တောင်ထုဖြစ်ကာ မအိပ်နိုင်၊ မစားနိုင် ဒေးဒိုင်တွေဝေကြကုန်သည်''

www.burmeseclassic.com

www.burmeseclassic.com



ဖြဟ္မာကြီးတောင် သေရဆိုပါလား၊ ဟုတ်ပေမှာပေါ့၊ အမှည့်တဝင်းဝင်း၊ အကင်း တဖြိုက်ဖြိုက် ဆိုဘိသို့ သတ္တဝါတွေ သေကြ၊ ကြေကြ၊ ပျက်စီးကြသည်ကို မမြင်ချင် မတွေ့ချင် အဆုံးပါတကားဟု ဘုရင်သတိရလာသည်။

''မင်းကြီး ။ ။ သတ္တဝါတစ်ဦး သေကြေပျက်စီးသည်ကို မိမိကိုယ်တိုင်ပင် သေကြေ ပျက်စီးရမည်ဖြစ်ပါလျက် သတိမထားဘဲ သောကပွားများနေခြင်းမှာ မိမိကိုယ်ကို မိမိ နှိပ်စက်သည်မည်၏။ ပူဆွေးမှုသောက ပရိဒေဝတို့မည်သည် အကြောင်းမဲ့ မိမိကိုယ်ကို နှိပ်စက်အပ်သော တရားဆိုးတို့ဖြစ်၏''

''မှန်လှပါချည့် အရှင်မြတ်ဘုရား ။ ။ တပည့်တော်သည် မိမိကိုယ်ကို မိမိနှိပ်စက်နေသူ ဖြစ်ပါသည်။ ယခုသော် သတိတရားရပါပြီ။ အရှင်မြတ် တရားတော်မှာ ကောင်းမွန်လှပါ၏။ အဘယ်တရားဟု ခေါ်ပါသနည်းဘုရား''

''မင်းကြီး ။ ။ပူပန်သောကကို ပယ်နုတ်ရာဖြစ်သောကြောင့် သောက ကင်းဝေးနေနိုင်ရေးတရားဟု ခေါ်သည်''

ဤနေရာ၌ မုဏ္ဍဘုရင်သည် အသဿကဘုရင်ထက် တရားရှိသူ၊ သာလွန်သူဟု ဆိုနိုင်သည်။ အကြောင်းမှာ ကွယ်လွန်သူမိဖုရား၏ ဖြစ်ရာဘဝကို သက်သေသက္ကာယ ခေါ်ပြဖို့မလို၊ တရားနာရုံမျှဖြင့် သတိတရားရသည်။ ထို့ကြောင့် ချက်ချင်းပင် အမတ်တို့ ဘက်သို့လှည့်၍ အမိန့်ပေးလိုက်သည်။

''အမတ်တို့ ။ ။ မိဖုရား၏ အလောင်းကိုဖယ်ရှား၍ ဖုတ်ကြည်း သင်္ဂြိုဟ်ကြကုန်လော့။ သို့ရာတွင် မိဖုရားသည် လေးစားအပ်သော တရားရှင်ဖြစ်၍ အရိုးပြာကိုမူ စေတီတည်ထားကြကုန်လော့''။ ။

www.burmeseclassic.com

www.burmeseclassic.com



# အမုန်းဆေး

[ ၁ ]

ဂင်္ဂါမြစ်ဆိပ်တွင်ရသေ့ညီနောင်တို့ ရေချိုးရန်ဟန်ပြင်ခိုက် မိုးသက်လေဆင်ဟူ၍ တစ်စုံတစ်ရာမမြင်ရဘဲနှင့် ကြည်လင်သော မြစ်အောက်ဘက်တစ်ခွင် ကောင်းကင်ပြင် ဆီမှ လေပြင်းတိုက်ခက်သည့်ပမာ လေသံ – ရေသံ တဒီဒီးမြည်ဟည်း၍ လာသံကို ကြားရသောအခါ ညီငယ်ရသေ့က အသံလာရာဘက်သို့ လှမ်းမျှော်၍ကြည့်ရင်း ''ဘာသံပါလိမ့် နောင်တော်''ဟု မေးလိုက်၏။

''နဂါးနှင့် ဂဠုန် တွေ့ဆုံကြပြန်ပြီနှင့်တူတယ်''ဟု နောင်တော်ရသေ့ကလည်း အသံလာရာဘက်သို့ မျှော်ကြည့်ရင်းပြန်ပြောသည်။

ထိုစကားကြောင့် ညီငယ်ရသေ့လေးအဖို့ ရေကသိဏ်းအလုပ်ကိုပင် မလုပ်နိုင်တော့ဘဲ အံ့အားသင့်ရင်း အသံဆီသို့သာ လှမ်းမျှော်ကြည့်နေသည်။

''ညီမောင်က အတွေ့အကြုံမရှိသေးလို့ပါ၊ ဂင်္ဂါမြစ်ထဲက နဂါးတွေက တစ်ခါတစ်ရံ အမြှုးအပျံလွှန်ပြီး ရေပေါ်တက်ဆော့ကစားကြတယ်၊ ဂဠုန်နှင့်ကြုံတော့ ဂဠုန်က သူ့အစာမို့ အတင်းလိုက်တယ်၊ နဂါးခမျာ ဂဠုန်နှင့်တွေ့တော့ အကြောက်လွန်ပြီး ရေထဲငုပ်ပြေးဖို့တောင်သတိမရရှာဘူး။ ပြေးမိပြေးရာ လွတ်အောင်ပြေးတယ်။ ကံကောင်းရင် လွတ်သွားတဲ့အခါလည်းရှိရဲ့နဲ့၊ ဖမ်းမိလို့ အစားခံရတာလည်းရှိရဲ့၊ အခုဟာ နဂါးကို ဂဠုန်လိုက်နေတဲ့အသံပဲ၊ သူ့ခမျာလွတ်ပါစေ၊ ချမ်းသာပါစေ''

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်းဖြင့် နဂါး – ဂဠုန်တို့၏ အဟုန်ကြောင့် ရေပြင်ကြီး ကွဲဖြာ၍ထွက်ကာ လှိုင်းတံပိုးကြီးများ ထလာသည်။ လေအဟုန်ကြောင့် ဝဲ–ယာကမ်းနှစ်ဘက်ရှိ သစ်ပင်ကြီးငယ်များ လှုပ်ရှားသည်။ မြင်ကွင်းသည် ရသေ့တို့ဆီသို့ နီးသည့်ထက် နီးလာသည်။ ရှေ့မှနဂါးသည် တတွန့်တွန့် တလိမ်လိမ်ဖြင့် အားကုန်ပြေးလာသည်ကို နောက်ဖက် ခပ်လှမ်းလှမ်းဆီမှ ဂဠုန်ကအတောင်ပံကြီးတကားကား နှုတ်သီးကြီး တပြင်ပြင်ဖြင့် အားမာန်တင်းကာလိုက်လာသည်ကိုတွေ့ရသည်။

သို့ဖြင့် မိမိတို့နှင့် နီးကပ်လာရုံမျှက နဂါးသည် မိမိတို့အနီးမြစ်ဆိပ်သို့ ရောက်လာသောအခါ လူအသွင်သို့ကူးပြောင်း၍ နောင်တော်ရသေ့ဆီသို့ အမောတကော ပြေးဝင်လာပြီး လျှော်တေသက်န်းကြီးအတွင်းသို့ ဝင်၍ပုန်းလိုက်သည်။ ဂဠုန်ကလည်း အလားတူပင် လူအသွင်သို့ ကူးပြောင်းကာ နောင်တော်ရသေ့ ရှေ့မှောက်သို့ ရုတ်ခြည်း ရောက်လာသည်။ သို့ရာတွင် အန္တရာယ် တစ်စုံတစ်ရာမပြုဝံ့။ လျှော်တေအောက်မှ နဂါးကို မက်မောစွာကြည့်ရင်း နောင်တော်ရသေ့ကို ရှိခိုး၍နေသည်။

ရေချိုးရန် ပြင်ဆင်နေခိုက် ကြုံလာသောအတွေ့ကြောင့် နောင်တော်ရသေ့သည် လျှော်တေသက်န်းကြီးကို ကိုယ်မှမခွာတော့ဘဲ ကမ်းစပ်တွင်ထိုင်ရင်းဖြင့် နဂါးကို လွှမ်းခြုံထားလိုက်သည်။

တရားရည် တရားသွေးမတက်သေး၊ အတွေ့အကြုံမရှိသေးသော ညီငယ်ရသေ့ အဖို့ ထူးဆန်းလှသော အတွေ့အကြုံများကို ရင်သပ်ရှုမော တအံ့တသြသာ ကြည့်နေမိသည်။ စင်စစ်သော်ကား တိရစ္ဆာန်ပင်ဖြစ်သော်လည်း တန်ခိုးရှင် နတ်ဂဠုန် နတ်နဂါးတို့ဖြစ်၍ တရားရှင် နောင်တော်၏ ထူးခြားသော တန်ခိုးကိုလည်း တွေ့နေရခြင်း ဖြစ်ပေသည်။

မိမိထက်သာသော တန်ခိုးရှင်ဖြစ်သောကြောင့် ရှိခိုးနေရသော်လည်း အစာတည်း ဟူသောမာန်ကြောင့် ဂဠုန်က ခပ်ထန်ထန်လျှောက်၏။

''ရှင်ရသေ့။ ။ သူတစ်ပါး၏အစာကို မဟန့်တားကောင်းပါ၊ အရှင့်သက်န်းကို ဖယ်ရှားပါလော့''

''ဂဠုန်မင်း။ ။ သင့်အစာဆိုသော်လည်း သင့်အစာအဖြစ်သို့ မရောက်သေးပါ၊ ငါ့အဖို့ကြုံလာသော သတ္တဝါ ဒုက္ခိတကို ကယ်တင်ဖို့ ဝတ္တရားရှိပေသည်။ ငါ့စက်ရိပ်တွင် ပါဏာတိပါတအမှုကို ခွင့်မပြုနိုင်ပါ''

''ရှင်ရသေ့ ။ ။ သူတော်ကောင်းဖြစ်ပါလျက် သူတစ်ပါး၏ အစာကို ဟန့်တားရာသလော''

''ဤအစာကိုမရ၍ သင်မသေနိုင်ပါ။ သင်ကမူ တစ်ဝမ်းတစ်ခါး တစ်ကြိမ် စားမှုဖြင့် သူ့ကိုသတ်လိမ့်မည်။ ငါ့မှာ သတ္တဝါကို ကယ်တင်ခွင့်ရှိပေသည်''

www.burmeseclassic.com

www.burmeseclassic.com



''ကောင်းပါပြီ ရှင်ရသေ့။ ။ ရှင်ရသေ့ကြောင့် သည်တစ်ကြိမ် ခွင့်လွှတ်လိုက်ပါမည်''

မတတ်သာ၍ အစာကို လက်လွှတ်လိုက်ရသော ဂဠုန်အဖို့ နောင်တော်ရသေ့ကို ရှိခိုး၍ ဦးခိုက်ကာ သင်္ကန်းအတွင်းမှ သူ့အစာနဂါးကို စူးစိုက်စွာ ကြည့်ပြီးနောက် ထွက်ခွာသွားသည်။

[ ၂ ]

ဂဠုန်အတန်ငေးသော် သင်္ကန်းအတွင်းမှ နာဂလုလင် ထွက်လာပြီးနောက် နောင်တော်ရသေ့ကိုရှိခိုးသည်။ ညီငယ်ရသေ့က နောင်တော်နံဘေးတွင်ထိုင်သည်။ နောင်တော်ကို ရှိခိုးရင်းဖြင့် နာဂလုလင်က ညီငယ်ရသေ့လေးကို ချစ်ကြည်သော မျက်လုံးများဖြင့် တစိမ့်စိမ့်ကြည့်လျက်ရှိနေသည်။

''အရှင်မြတ်၏ တန်ခိုးသည် ကြီးမားသကဲ့သို့ အရှင်မြတ်၏ ကျေးဇူးသည်လည်း တပည့်တော်အပေါ်တွင် ကြီးမားလှပါသည်ဘုရား'' ဟု နာဂလုလင်က လျှောက်ထားသည်။

''ငါ့တန်ခိုးဟုဆိုသည်ထက် လျှော်တေသင်္ကန်း၏ အစွမ်းကြောင့် သင့်ကို ကယ်တင်နိုင်ခြင်း ဖြစ်ပါသည်''

''သက်မဲ့မျှသာဖြစ်သော လျှော်တေသင်္ကန်းတွင် အစွမ်းတန်ခိုးဟူ၍ ရှိနိုင်ပါသလားဘုရား''

''ရှိပေ၏ နာဂလုလင် ။ ။ လျှော်တေသင်္ကန်းဟူသည် ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြပြီးသော ဘုရားရှင်တို့နှင့် သူတော်ကောင်းရဟန်း ရသေ့တို့ သုံးဆောင်ရာ တရား၏ အမှတ်လက္ခဏာ ပရိက္ခရာဖြစ်၍ အရဟတ္တဓဇ သာသနာတော်၏ အောင်လံတံခွန်ဖြစ်သည်။ ဖြစ်သည့်အလျောက် ပကတိအားဖြင့်ပင် အစွမ်းသတ္တိပြည့်စုံပြီး ဖြစ်သည့်အပေါ်တွင် သုံးဆောင်သူ၏ သီလ, သိက္ခာကိုလိုက်၍ တန်ခိုးဣဒ္ဓိပိုမို၍ရှိသည်။ ဂဠုန်သည် အစာကြောင့် လောဘနောက်သို့ လိုက်ခဲ့သော်လည်း သင်္ကန်းကိုတော့ ရိုသေတတ်သူဖြစ်ပါသည်။ နောင်အခါတွင် ငါတို့ဝန်းကျင်၌ ဤအဖြစ်မျိုး ကြုံတွေ့ရဖို့ မရှိတော့ပါ''

''ဝမ်းမြောက်လှပါ၏ ဘုရား''

နာဂလုလင်သည် နှုတ်ဖြင့် နောင်တော်ရသေ့ကို လျှောက်တင်သော်လည်း သူ့မျက်လုံးများကမူ နံဘေးတွင် ထိုင်လျက်ရှိသော ရသေ့ငယ်ဆီသို့သာ ရောက်လျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိရာက ''ဤရသေ့ကလေးကို ယခင်က မတွေ့မြင်ခဲ့ရဖူးပါ။ အရှင်မြတ်၏ ဓမ္မမိတ်ဆွေ ဖြစ်လိမ့်မည် ထင်ပါ၏ဘုရား''ဟု လျှောက်ထားသည်။

''မှန်ပေ၏ နာဂလုလင် ။ ။ ဓမ္မမိတ်ဆွေမျှသာမက ငါ၏ ညီငယ်လည်း ဖြစ်ပေသည်။ ငါကဲ့သို့ပင် တရားကျင့်သုံးရန် ရောက်လာခဲ့သည်မှာ မကြာလှသေးပါ''

''သို့ဆိုလျှင် အရှင်၏ ညီငယ်ဖြစ်သကဲ့သို့ တပည့်တော်၏ ညီငယ်လည်း ဖြစ်ပါတော့မည်။ အကြောင်းမှာ ဘဝရေစက်နီးစပ်ကြရော့ထင့်၊ ဤညီငယ်ကို တွေ့မြင်သည့်အခိုက်မှာပင် တပည့်တော်အဖို့ ညီရင်းတစ်ယောက်ကဲ့သို့ မေတ္တာသက်ဝင် ခင်မင်လျက် ရှိနေပါသည်ဘုရား''

''ကောင်းလှပေ၏ နာဂလုလင် ။ ။ ပုဗ္ဗေဝ သန္နိဝါသေနအရ ဘဝရေစက် နီးခဲ့သူများသည် ဤကဲ့သို့ပင် မြင်လျှင်မြင်ချင်း မေတ္တာတရားပွားများလာတတ်ကြပါသည်။ ညီငယ်အဖို့ ဤနေရာသို့ ခေါ်လာခဲ့သည်မှာ သူ့ဘူမိနက်သန်မှန်၍ ဝမ်းမြောက်ရပါသည်''

[ ၃ ]

ပထမသော် လူ့ဘောင်ကို ငြီးငွေ့၍ ရသေ့ရဟန်းအဖြစ်ဖြင့်သာ နေလိုတော့သော နောင်တော်သည် မိမိမြို့ရွာ ဗာရာဏသီကို စွန့်ခွာပြီး ဤဂင်္ဂါမြစ်ဆိပ်တွင် ရသေ့ဝတ်၍ တစ်ကိုယ်တည်းသာနေခဲ့ရာက မိမိကဲ့သို့ပင် တရားသံဝေဂစိတ်ရှိသော်လည်း ငယ်သေး၍ ချန်ထားခဲ့သောညီငယ်ကို တရားဘက်သို့လည်းရောက်စေ၊ အဖော်လည်းရစေဟူသော သဘောဖြင့် သွားရောက်ခေါ်ငင်သောအခါ အလွယ်ပင်လိုက်ပါလာခဲ့သည်။

သာယာသော ဂင်္ဂါမြစ်ဆိပ်၏ တောရိပ်သစ်ပင်များအကြားတွင် သခ်မ်းကျောင်း ကလေးကိုယ်စီဖြင့် သီတင်းသုံးကြသည်။ ရသေ့တို့၏ သမထလုပ်ငန်းတစ်ရပ်ဖြစ်သော ရေချိုးရာတွင် အတူတူချိုးကြသည်။ သစ်သီးဆွမ်းသုံးဆောင်ချိန်တွင် အတူတူ သုံးဆောင်ကြသည်။ ရေချိုးရင်း ဆွမ်းစားရင်းဖြင့် တရားအရေး ဆွေးနွေးကြသည်။ ညီငယ်၏ တရားအဆင့်များကို နောင်တော်က စစ်ဆေးမြှင့်တင်ပေးသည်။

ယင်းသို့ဖြင့် အေးချမ်းသာယာလှသော တရားရှင်တို့ဘဝတွင် ချမ်းသာစွာ နေကြရာက ယခုသော် သူတို့ဝန်းကျင်သို့ နာဂလုလင် ဝင်ရောက်လာသည်။

ညီငယ်ရသေ့ကို နာဂလုလင်က ညီရင်းပမာ ချစ်ခင်ပါသည်ဟု ဖွင့်ဟ လျှောက်ထားသွား၏။ သို့သော် သူ့မေတ္တာမှာ သာမန်မျှမဟုတ်၊ နေ့စဉ်နေ့တိုင်းလိုလိုပင် ရသေ့လေး၏သခ်မ်းသို့ရောက်ရှိလာသည်။ နေ့ဘက်တွင်သာမက တစ်ခါတစ်ရံ ညဥ့်ဘက်တွင်ပါ ရောက်ရှိလာသည်။ ဤသည်ကို နောင်တော်ရသေ့မသိ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရေချိုးရာတွင်လည်းကောင်း၊ ဆွမ်းစားရာတွင်လည်းကောင်း တွေ့ဆုံကြရာ၌ ညီငယ်ရသေ့သည် အခါတိုင်းကဲ့သို့ ရွှင်ရွှင်လန်းလန်းမရှိ၊ တစ်နေ့တစ်ခြား ညှိုးချုံးလာသည်ကို တွေ့လာရသော နောင်တော်ရသေ့အဖို့ သံသယရှိလာ၍ "ငါ့ညီ ။ ။ ကျန်းကျန်းမာမာရှိပါရဲ့လား။ ခုတစ်လောသင့်ကိုတွေ့ရသည်မှာ လန်းလန်းဆန်းဆန်းမရှိလှ၊ အာဟာရစားသုံးရာမှာလည်း တစ်နေ့တစ်ခြား နည်းပါးလာသည်ကိုတွေ့နေရသည်။ အကြောင်းဘယ်သို့ ရှိပါဝံ့" ဟု မေးလိုက်ရသည်။

"ခန္ဓာကိုယ်ကတော့ ကျန်းကျန်းမာမာရှိပါ၏ နောင်တော်၊ သို့သော် တပည့်တော်မှာ တစ်နေ့တခြားအကြောက်တရားတို့ တိုးပွားနေရပါသည်ဘုရား"

"ဘာကိုကြောက်သနည်း ငါ့ညီ၊ ငါတို့ဝန်းကျင်မှာ သားရဲတိရစ္ဆာန်တို့ အန္တရာယ်လည်းမရှိ၊ ပရလောကသားတို့၏ အန္တရာယ်ဟူ၍လည်း စိုးစဉ်းမျှ မရှိကြောင်း ငါအသေအချာသိပါသည်။ သို့ပါလျက် ဘာကိုများကြောက်နေရပါသေးသနည်း ငါ့ညီ"

"တပည့်တော်ကိုခင်မင်သည်ဆိုသော နာဂလုလင်က တပည့်တော်ဆီကို နေ့စဉ်ပင် လာရောက်နေပါသည်။ တစ်ခါတစ်ရံ ညဥ့်အချိန်၌ပင် လာရောက် နေပါသည် ဘုရား"

"မေတ္တာဖြင့် လာရောက်သည်ကို ကြောက်ရသလော၊ သင်ကလည်း သူ့ကို မခင်မင်ဘူးလော"

"တပည့်တော်ကလည်း ခင်မင်ပါ၏။ သို့သော် သူ၏ လူအသွင်ကိုသာ ခင်မင်ဝံ့ပါသည်၊ နဂါးအသွင်ကိုတော့ မခင်ဝံ့ပါ"

"သင့်ကို အန္တရာယ် တစ်စုံတစ်ရာ ပြုသလော"

"မပြုပါ၊ သို့သော် တပည့်တော် တရားအားထုတ်သည်ကို ပူဇော်လို၍ ဟုဆိုကာ နဂါးအသွင်သို့ ကူးပြောင်း၍ တပည့်တော်ထိုင်နေသည်ကို သူ့နဂါးကိုယ်ကြီးဖြင့် အခွေခွေရစ်ပတ်ပေးပြီး ထိုင်စေပါသည်။ ဤသည်ကို တပည့်တော် ကြောက်ရွံ့လှပါသည်"

"သူတော်ကောင်း နဂါးတို့သည် သူတို့ကြည်ညိုသော တရားရှင်များကို ဤသို့ ဤပုံ ပူဇော်လေ့ရှိကြသည်။ အန္တရာယ်မဖြစ်လျှင် ကြောက်ရွံ့ဖွယ်မရှိပါ"

"တပည့်တော်ကတော့ တရားမပြည့်သေး၍ ကြောက်ရွံ့လှပါသည်။ ထို့ပြင် နာဂလုလင်သည် လူ့အသွင်မှာတော့ နှစ်သက်ဖွယ်ရှိပါ၏။ နဂါးအသွင်သို့ ပြောင်းလိုက်သောအခါတွင်မူ ကြောက်မက်ဖွယ်ရုံမျှမက သူ၏ အနံ့အသက်ကလည်း ညှီလောင်လှ၍ သည်းမခံနိုင်အောင် ဖြစ်ရပါသည်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



''တရားသမားဟူသည် ပြင်ပမှ ဆိုက်ရောက်လာသော ရူပါရုံ ဂန္ဓာရုံ စသည့် အာရုံကောင်းဆိုး အမျိုးမျိုးကို တရားပစ္စည်းအဖြစ် တရားခွင်တင်၍ ရှုမှတ်သည်းခံနိုင်စွမ်း ရှိသည်။ ရှုမှတ်သည်းခံနိုင်အောင် ကြိုးစားရသည်။ ငါ့ညီအဖို့ တရားအမြင် မရင့်ကျက် သေး၍ သည်းမခံနိုင်ဟုဆိုသော နဂါးအသွင်သို့ မကူးပြောင်းပါနှင့်၊ မိမိကို မရစ်ခွေပါနှင့်ဟု မေတ္တာရပ်ခံပါ၊ သူနားထောင်ပါလိမ့်မည်။ မေတ္တာဖြင့် ရောက်လာသော သူ့စေတနာ ကိုတော့ မဖျက်စကောင်းပါ''

[ ၄ ]

နောင်တော်၏ အဆုံးအမကို ရသေ့လေးငြိမ်၍ နာခံသည်။ ဤကိစ္စသည် ဤမျှဖြင့် ပြီးပြတ်ပြေပြစ် သွားလိမ့်မည်ဟု ထင်သည်။ သို့သော် မပြီးပြတ်၊ မပြေပြစ်၊ နောင်တော်ကို ကြောက်၍ မလျှောက်ဝံ့တော့သော်လည်း ရသေ့လေးမှာ ရှေးကထက်ပင် တစ်နေ့တစ်ခြား ညှိုးချုံး၍ လာသည်ကိုတွေ့ရသဖြင့် ''ညီမောင်။ ။သင့်မှာ ရှေးကထက်ပင် ညှိုးငယ် လာသည်ကို တွေ့နေရသည်။ သင့်ကိစ္စပြေပြစ်နေပြီမဟုတ်သလော''ဟု မေးလိုက် ရသည်။

''မပြေပြစ်ပါနောင်တော်။ မေတ္တာစကားဖြင့် တားမြစ်၍မရပါ။ ရှေးကအတိုင်းပင် ပြုမြဲပြုမူလျက် ရှိနေပါသည်ဘုရား''

''သို့ဆိုလျှင် နာဂလုလင်သည် သင့်ထံသို့မလာစေခဲ့ပါမှ ကောင်းလိမ့်မည် ထင်သည်''

''သူ့ကို မေတ္တာထားသော်လည်း သူမလာခဲ့သော် ဝမ်းမြောက်ရပါမည်ဘုရား''

''ကောင်းပြီ။ သူမလာဖို့ရန်မှာ လွယ်လှပါ၏။ မေတ္တာဖြင့်လာသည်ကို မလာပါနှင့်ဟု တားမြစ်၍တော့မကောင်း။ သတ္တဝါမည်သည် အတောင်းအရမ်းခံရသည်ကို စိုးရွံ့တတ်ကြမြဲဖြစ်၏။ ငါတို့သည် ရသေ့ရဟန်းဖြစ်၍ အလှူခံတောင်းရမ်းသူများ ဖြစ်ကြသည်။ သင်သည် သူ၏လည်ပင်း၌ ဆွဲ၍ထားသော ပတ္တမြားကို မြင်မိသလော''

''လူ့အသွင်ဖြင့်ဖြစ်စေ၊ နဂါးအသွင်ဖြင့်ဖြစ်စေ၊ သူ၏ လည်၌မပြတ်ဆွဲထားသော နီနီရဲရဲပတ္တမြားရတနာကို အစဉ်တွေ့မြင်နေရပါသည်ဘုရား''

''ယင်းပတ္တမြားသည် သူ၏အသက်၊ သူ၏တန်ခိုးပင်ဖြစ်တော့သည်။ ယင်း ပတ္တမြားကြောင့်ပင် သူအဖို့ မြေလျှိုးမိုးပျံနှင့် အသွင်မျိုးမျိုးကို ဖန်ဆင်းနိုင်ခြင်းဖြစ်သည်။ နောက်တစ်ကြိမ် သူလာသောအခါ ဤပတ္တမြားကို အလှူခံပေတော့။ တစ်ကြိမ်နှင့်မရလျှင် နှစ်ကြိမ်သုံးကြိမ်ထက်ပို၍ အလှူခံရမည်မဟုတ်ပါ။ သူလာတော့မည် မဟုတ်ပါ''

''ကောင်းပါပြီနောင်တော်၊ ဤအတိုင်းပြုလုပ်ပါမည်ဘုရား''

www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

ထိုနေ့ညနေပိုင်းတွင် ရသေ့လေးသည် သခ်မ်းအတွင်း တရားအားထုတ်နေခိုက် လာနေကျအတိုင်းပင် နာဂလုလင်သည် ရွှင်ကြည်သော မျက်နှာဖြင့် ရသေ့လေးရှေ့သို့ ဦးခိုက်ရောက်ရှိလာသည်။ ရသေ့လေးက တရားအလုပ်ကိုဖျက်၍ ကြည်ရွှင်သော မျက်နှာဖြင့် ကြိုဆိုသည်။

"အရှင်ဘုရား၏ မျက်နှာကို သာသာကြည်ကြည် မမြင်မတွေ့ခဲ့ရသည်မှာ အတန်ကြာပါပြီ။ ယနေ့မူ ရွှင်ကြည်လျက်ရှိသည်ကို တွေ့ရ၍ ဝမ်းမြောက်လှပါ၏။ တရားထူးများ ရရှိနေပြီလားဘုရား"

"တရားထူး၍ မဟုတ်ပါ။ သင့်ထံမှ လိုအပ်သော အကြောင်းထူးတစ်ရပ်ရှိနေ၍ ဝမ်းမြောက်စွာ ကြိုဆိုပါသည်"

"မည်သည့်အရာကိုများ အလိုရှိပါသနည်းဘုရား။ စွမ်းနိုင်သမျှ ဝမ်းမြောက်စွာ လှူဒါန်းရန် အသင့်ဖြစ်ပါသည်"

"သင်နှင့်တွေ့စကပင် အသင့်လည်တွင် ဆွဲဆင်၍ ထားသော ပတ္တမြားကို တွေ့ရ၍ နှစ်သက်လှပါသည်။ ယနေ့သော် အသင့်ပတ္တမြားကို အလှူခံလိုပါသည်၊ ငါ့အား ပေးလှူပါလော့"

ဤစကားကြောင့် နာဂလုလင် ဟန်ပျက်သွားသည်။ ကိုယ်ဟန်ယို့သွားသည်။ ရွှင်ကြည်သော မျက်နှာမှ တည်ငြိမ်သောအသွင်သို့ ပြောင်းသွားသည်။ သူ့ပတ္တမြား ကိုလည်း လက်ဖြင့်ကိုင်လိုက်သည်။

"ဤပတ္တမြားကိုတော့ သည်းခံပါ ရှင်ရသေ့၊ အခြားအလိုရှိသည်ကို အလှူခံပါ၊ ဤပတ္တမြားကတော့ တပည့်တော်၏ အသက်ပမာဖြစ်ပါသည်။ ဤပတ္တမြားဖြင့်ပင် လှုပ်ရှားသွားလာနေရပါသည်"

"သင်သည် ငါ့ကိုခင်မင်၏ ဆိုသော် ဤသို့တွန့်တိုနေရန်မသင့်၊ ငါသည်လည်း သင်ကဲ့သို့ပင် ပတ္တမြား၏ အစွမ်းကို အသုံးပြုကြည့်ချင်လှပါသည်"

"အရှင့်ကို တပည့်တော်ခင်မင်ပါ၏။ ခင်မင်၍ပင် တပည့်တော်၏ နဂါးစည်းစိမ် များကိုကျောခိုင်း၍ အရှင့်ထံသို့ လာရောက်နေခြင်းဖြစ်ပါသည်။ သို့သော် ပတ္တမြားကို တော့ သည်းခံပါဘိ"

ပြောယင်းဖြင့် နာဂလုလင်သည် နောက်သို့ဆုတ်မှန်းမသိ ဆုတ်ခွာ၏။ နာဂလုလင် တစ်လှမ်းဆုတ်လျှင် ရသေ့လေးက တစ်လှမ်းတိုး၍လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''သင်သည် ငါ့ကို ခင်မင်ကြည်ညိုပါ၏ ဆိုသည်မှာ နှုတ်ဖျားမှသာ ပြောဆိုခြင်း ဖြစ်၍ ကိုယ်တွေ့တွင်မူ ငါအလိုရှိသည်ကို ငြင်းပယ်လျက်ရှိနေသည်။ အကယ်ခင်တွယ် ကြည်ညိုခဲ့ပါသော် သင့်ပတ္တမြားကို ငါ့အားပေးလှူပါဘိ''

''သည်းခံပါရှင်ရသေ့''ဟုဆိုကာ နောက်သို့ဆုတ်ခွာယင်းဖြင့် ရေစပ်သို့ ရောက်လာသည်။ ရသေ့လေးကလည်း ရေစပ်ထိအောင်လိုက်သည်။ ရေစပ်မှ လွန်သော် နဂါးအသွင်သို့ ကူးပြောင်း၍ ဂင်္ဂါရေပြင်တွင် ငုပ်လျှိုးပျောက်ကွယ်သွားသည်။

နောင်တော့်ဩဝါဒသည် မှန်လှပါချည့်၊ တောင်းခံသည်ကို သတ္တဝါတိုင်း ကြောက်သည်။ ယခုကဲ့သို့ အရေးပါသော ပစ္စည်းကို တောင်းခံခဲ့သော် ခင်မင်မှုမှ အမုန်းဘက်သို့ပင် ကူးပြောင်းသွားနိုင်သည်။

နာဂလုလင်သည် အချစ်မှ အမုန်းသို့ ကူးပြောင်းသွားလေပြီထင်၏။ နောက်ထပ် မလာလေတော့ပြီထင်၏။ မိမိ၏ ရည်မှန်းချက် ပြီးပြတ်ပြီထင်၏။ သို့သော် မတတ်နိုင်။ သူ့မေတ္တာ သူ့စေတနာကို အားနာသော်လည်း သူ့ကြောင့် တရားအလုပ်ပျက်ယွင်း လှသည်။ ကြောက်ရွံ့လှသည်။ တရားလုပ်ငန်း အပျက်မခံနိုင်။

သို့သော် မပြီးပြတ်သေးပါ။ ရသေ့လေးအပေါ်တွင် ခင်တွယ်မှုများပြီး မေတ္တာ ကြီးမားလှသော နာဂလုလင်က နောက်တစ်နေ့တွင် နံနက်ခင်းတွင် ရသေ့ညီနောင်တို့ မြစ်ဆိပ်တွင် ရေချိုးရန်ဟန်ပြင်နေခိုက် ရေကိုခွဲ၍ ဘွားခနဲ ချဉ်းကပ်လာရာပြန်သည်။

ရသေ့လေးက နောင်တော်ရသေ့အား မနေ့က မိမိပြုလုပ်ခဲ့သည်ကို လျှောက်ထားသဖြင့် နော်တော်သိရှိပြီးဖြစ်သည်။ သို့ဆိုလျှင် နာဂလုလင် လာတော့မည် မဟုတ်ဟု ထင်မြင်နေကြခိုက်တွင်ပင် ရောက်လာပြန်သောအခါ ''သင့်မိတ်ဆွေ လာနေပြန်ပြီ ညီမောင်၊ ထပ်ပြီးတော့သာ အလှူခံပေတော့''ဟု ညွှန်ကြားသဖြင့် နာဂလုလင် ရောက်မဆိုက်တွင်ပင် ရသေ့လေးက ''ဘယ့်နှယ်လည်း နာဂလုလင်၊ ငါလှူခံသည်ကို လှူရအောင်ရောက်လာပြီလား၊ ကဲ-ပေးလှူပေတော့''ဟု အပြောလိုက်တွင် နာဂလုလင်သည် ခပ်လှမ်းလှမ်းမှပင် ရှိနိုးရင်းဖြင့် ''အရှင်ဘုရား တပည့်တော် မပေးလှူနိုင်သည်ကို အတင်းအလှူခံ၍နေဘိ၏။ မပေးလှူနိုင်ပါ။ နောင်ကိုလည်း အရှင်ဘုရားထံ တပည့်တော် မလာဝံ့တော့ပါဘုရား''ဟု လျှောက်ကြားရင်း ရေအတွင်း ငုပ်လျှိုး ပျောက်ကွယ်သွားသည်။

မှန်၏။ ထိုအချိန် ထိုနေ့မှစ၍ နာဂလုလင်ရောက်မလာတော့ပေ။ ရသေ့ငယ်အဖို့ မိမိတရားကို ဖြောင့်တန်းစွာကျင့်သုံးရ၏။ တောင်းခြင်းဟူသည် အမုန်းဆေးတည်း။

www.burmeseclassic.com

www.burmeseclassic.com



# ကြာသက်နိုးအလှူရှင်

[ ၁ ]

''ကျောင်းတော်အဝတွင် မယ်ဖုရားဂေါတမီနှင့် မာတုဂါမအဘွားကြီးတွေ ရောက်ရှိနေကြပါသည်။ သူတို့က အရှင်ဘုရားကို ပင့်ပေးပါဆိုလို့ လာရောက် လျှောက်ထားပါသည်ဘုရား''ဟု ရဟန်းတစ်ပါးက လျှောက်ထားသောအခါ ရှင်အာနန္ဒာသည် ရုတ်ခြည်းပင် ထိုင်နေရာမှထ၍ ကျောင်းတော်ဝသို့ အသော့ရောက်ရှိလာ၏။

ကျောင်းတော်ဝရှိ သစ်ပင်အောက်တွင် မယ်ဖုရားဂေါတမီနှင့်အတူ သာကီဝင် အဘွားကြီးများကို တွေ့လိုက်ရသောအခါ ရှင်အာနန္ဒာအံ့အားသင့်သွားရ၏။ အကြောင်းမှာ မယ်ဖုရားနှင့်တကွ အဘွားကြီးအားလုံးသည် ခရီးပြင်းချီတက်လာကြသည့် အဟန်ဖြင့် ပင်ပန်းနွမ်းရိလျက်ရှိနေကြသည်။ အဝတ်အဆင်တို့ နွမ်းနေလျက်ရှိနေကြသည်။ ခြေထောက်များ ဖူးရောင်ပေါက်ကွဲလျက်ရှိနေကြသည်။ ထို့ထက် အံ့ဖွယ်မြင်ကွင်းမှာကား မယ်ဖုရားနှင့်တကွ နန်းတွင်းသူ မာတုဂါမ အားလုံးပင် ခေါင်းတုံးရိတ်ထားပြီး ဖြစ်နေကြသည်ကို တွေ့ရှိရခြင်းပင် ဖြစ်ပေသည်။

ပရိသတ်မှာ အဘွားကြီးများသာမက တောင်ညာစံဒေဝီ မယ်ဖုရား ဂေါတမီနှင့်တကွ ကပိလနန်းတွင်းသူ အဘွားကြီးများကို လိုက်ပို့ကြဟန်တူသော မင်းမှုထမ်းများနှင့် အတူ ဝေသာလီနိုင်ငံရောက်မှ အဘွားကြီးများကို ဝိုင်းရံလာကြဟန်တူသော မာတုဂါမ အများကိုလည်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်အာနန္ဒာ ကြွရောက်လာသည်ကို မြင်စဉ်ခိုက်မှစ၍ ရှင်အာနန္ဒာကို ဆီးကြို ဦးခိုက်ကြသည်။ သစ်ပင်ရိပ်၌ ရှင်အာနန္ဒာထိုင်မိသောအခါ မယ်ဖုရား ဂေါတမီစသော နန်းတွင်းသူ အဘွားကြီးတို့ ဝိုင်းရံလာကြသည်။

မယ်ဖုရား ဂေါတမီပင် အသက် ၉၄ နှစ် ရှိနေပြီ ဖြစ်သောကြောင့် အဘွားကြီးများဖြစ်သည်လည်းမှန်၏။ ခရီးဝေးမှ လာခဲ့ရသောကြောင့် ပင်ပန်း နွမ်းရိနေကြသည်လည်းမှန်၏။

ကပိလဝတ်နှင့် ဝေသာလီမှာ ယူဇနာငါးဆယ်အကွာအဝေးရှိသည်။ ကပိလဝတ် နှင့် ရာဇဂြိုဟ်သည် ယူဇနာခြောက်ဆယ်အကွာအဝေးရှိသည်။ သားဘုရားသည် ရာဇဂြိုဟ်မှ ကပိလဝတ်သို့ ကြွရောက်သောအခါ တစ်နေ့လျှင် တစ်ယူဇနာနှုန်းဖြင့် ခြေကျင် ကြွရောက်တော်မူလာသည့်ထုံးကို နှလုံးမူ၍ အသက်ကိုးဆယ်ကျော်၊ ရှစ်ဆယ် ဝန်းကျင် မယ်ဖုရားဂေါတမီစသော ဤအဘွားကြီးများသည်လည်း မြတ်ဘက်ရင်စည်း၍ တစ်နေ့လျှင် တစ်ယူဇနာနှုန်းဖြင့် ခရီးပြင်းချီတက်လာကြပါသည်ဟု လျှောက်ထားသည်။

တောင်ညာစံဒေဝီကြီးကိုယ်တိုင်အမှူးပြုသော ဤခရီးကို ကပိလဝတ် နန်းတော်က ဆင်, မြင်း ရထားတို့ဖြင့် သက်သက်သာသာ ကြွချီကြရန် စီစဉ်ပေးသည်။ သို့သော် မယ်ဖုရားကလက်မခံ၊ သားဘုရားထုံးကိုနှလုံးမူ၍ ခြေကျင်သာ ချီတက်လာ ကြသည်။ သားဘုရားထုံးမျှမဟုတ်၊ သူတို့မှာ ကြီးစွာသောရည်မှန်းချက်ရှိနေ၍ လည်းဖြစ်၏။ ယင်းရည်မှန်းချက်ကား သားဘုရားက ငဲ့ညှာထောက်ထား၍ ဘိက္ခုနီ သာသနာတော် ခွင့်ပြုရန်ဖြစ်၏။

မိမိတို့သည် သားဘုရားက ခွင့်ပြုခြင်းဖြင့် သားဘုရား၏ သာသနာတော်တွင် ဘိက္ခုနီပြုလုပ်ကြရန်၊ သားဘုရားက ဘိက္ခုနီသာသနာတော်ခွင့်ပြုရန် ကြီးစွာသော ဆန္ဒရှိနေကြပါ၏။ သို့သော် သားဘုရားက ခွင့်မပြု။ သားဘုရားသည် ကပိလဝတ်သို့ ပထမအကြိမ်ရောက်လာ၍ ခွင့်တောင်းစဉ်ကလည်း ခွင့်မပြု၊ ဒုတိယအကြိမ် ရောက်လာစဉ် ကလည်း ခွင့်မပြု။

ယခုသော် မိမိတို့အပေါ်တွင် သားဘုရားက သနားအားနာစိတ်ပေါ်၍ ခွင့်မပြုချင် ပြုချင်အောင် အစွမ်းကုန်ပြင်ဆင်၍ လာခဲ့ကြခြင်းဖြစ်သည်။ ရှစ်ဆယ်ဝန်းကျင်၊ ကိုးဆယ်ကျော်အဘွားကြီးများဖြစ်ပါလျက် သားဘုရားကို ရှိသေရာကျလေအောင် မြတ်ဘက်ရင်စီး၍ ယူဇနာငါးဆယ်မျှကို ခရီးပြင်းချီတက်ခဲ့ကြသည်။ ထို့ထက်ကား အမျိုးသမီးတို့၏ အခင်တွယ်ဆုံး ဖြစ်သော ဆံပင်ကိုပင် ကိုယ်စီရိတ်ပယ်၍ လာခဲ့ကြသည်။ ရည်မှန်းချက်ကား ဤတစ်ကြိမ်တွင်မှ သားဘုရားက ဘိက္ခုနီအဖြစ် ခွင့်မပြုပါဘူးဆိုပါလျှင် မိမိတို့ဘဝကိုယ်စီကိုပင် အဆုံးခံကြတော့မည့်အသွင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



''အမြင်အဆင်ကလဲ မလှ၊ ပရိသတ်ကလဲ များလေတော့ ပိုသီပတ်သီ ပုံစံတွေနဲ့ သားတော်ဘုရားထံသို့ တိုက်ရိုက်မဝင်ဝံ့ပါဘူး။ ဒါကြောင့်မို့ သားတော်မောင်ကို အပင့်ခိုင်း လိုက်ရတာပါ။ တပည့်တော်တို့ ရည်မှန်းချက်နဲ့ လိုအပ်ချက်ကတော့ ဘိက္ခုနီဖြစ်ရေးပါပဲ၊ ဖောင်ဖျက်ပြီး စစ်တိုက်ဆိုသလို တပည့်တော်တို့အဖို့တော့ အပြီးအစီး ချည်ပြီး တုပ်ပြီး စိတ်နှလုံး တုံးတုံးချ စီစဉ်ခဲ့ကြတာပဲ၊ အဲဒါသားတော်မောင်ကသာ အစ်ကိုဘုရားထံ လျှောက်ထားပေးပါတော့''

သူ့အဖို့တော့ သားတွေချည်းဖြစ်သည်။ မှန်၏။ သိဒ္ဓတ္ထကိုဖွားမြင်၍ ခုနစ်ရက်မျှ အကြာ အစ်မ မာယာဒေဝီ ကွယ်လွန်သည့်အချိန်မှစ၍ သိဒ္ဓတ္ထသည် သူ့ရင်ခွင်သို့ ရောက်လာခဲ့သည်။ သားရင်း နန္ဒထက်ပင် သိဒ္ဓတ္ထကို ဦးစားပေး၍ နို့ချိုတိုက်ကျွေး ယုယခဲ့သည်။ တူမောင် အာနန္ဒာကိုလည်း သိဒ္ဓတ္ထ၏ အရင်းနှီးဆုံး ကစားဖော် ဖြစ်ခဲ့သောကြောင့် သားအရာထား၍ သားဟုပင် ခေါ်ဝေါ်သုံးစွဲခဲ့သည်။

''လျှောက်ထားပေးပါမည် မယ်တော် ဒါယိကာမကြီး။ ။ မရ ရအောင် ကြိုးစားပြီး လျှောက်ထားပေးပါ့မယ်၊ ဂိုဏ်းဂဏတိုင်းမှာ အမျိုးသမီးယောဂီတွေ ရှိနေကြတာကို နောင်တော်ဘုရားလဲ စဉ်းစားမိပြီးဖြစ်မည်ပါ၊ ဒီတစ်ကြိမ်တော့ နောင်တော် ငြင်းပယ်တော်မူဖို့ မမြင်ပါဘူး။ မယ်တော်တို့ ခရီးပန်းလာကြပါတယ်။ အေးအေးဆေးဆေး နားနေကြလေဦးတော့။ နောင်တော့်ထံ အခုချက်ချင်း လျှောက်ထားပေးပါ့မယ်။''

မဟာဝုန်ကျောင်းတွင်းသို့ အရှင်အာနန္ဒာ ပြန်လာခဲ့သည်။ လိုက်ပို့ကြသော ကပိလဝန်ထမ်းတို့ ပြန်သွားကြသည်။ ဝေသာလီပြည်သူတို့က မယ်ဘုရားဂေါတမီနှင့် တစ်ဖွဲ့လုံးကို ယုယပိုက်ထွေးကြသည်။ ခြေဆုပ်လက်နယ်ပြုကြသည်။ သို့ရာတွင် ဝေသာလီပြည်သူတို့က မယ်ဖုရားတို့ ချမ်းသာစွာနားနေရန် မြို့တွင်းရှိ မိမိတို့အိမ်များသို့ ဖိတ်ခေါ်သည်ကိုကား မလိုက်ပါဘဲ သား–ဘုရားထံမှ သတင်းမရမချင်း ကျောင်းတော်ဝတွင် နေမည်ဆိုကာ သစ်ပင်ရိပ်များကသာ စောင့်လျက် နားနေကြသည်။

[ ၂ ]

ဘုရားရှင်သည် ဂန္ဓကုဋိတွင်ပင် ရဟန်းအများခြံရံ၍ အသင့်ရှိနေခိုက် ရှင်အာနန္ဒာက အရေးတကြီးပုံဟန်ဖြင့် ဘုရားရှင်ထံတော်သို့ ချဉ်းကပ်ရှိခိုးကာ 'အရှင်မြတ်ဘုရား။ ။ မယ်တော်ဂေါတမီနှင့် ကပိလဝတ်နန်းတွင်းသူ ဒါယိကာမကြီးငါးရာတို့ ကျောင်းတော်ဝမှာ ရောက်နေကြပါသည်ဘုရား' ဟု လျှောက်ထားသည်။

''ငါသိပါ၏အာနန္ဒာ''

www.burmeseclassic.com

www.burmeseclassic.com



''သူတို့ရောက်လာသည့် ကိစ္စက အရှင်မြတ်သာသနာတော်မှာ ဘိက္ခုနီမအဖြစ် ခွင့်ပြုပါရန် လျှောက်ထားဖို့ ရောက်လာရခြင်းပါ။ သူတို့ကိုယ်စား တပည့်တော် လျှောက်ထားပါသည်။ ဘိက္ခုနီဝတ်ဖို့ ခွင့်ပြုတော်မူပါဘုရား''

''မသင့်ပေဘူးအာနန္ဒာ''

''အရှင်မြတ်ဘုရား။ ။ မယ်တော်တို့သည် ဘိက္ခုနီလုပ်ရန် ကြီးစွာသော ဆန္ဒဖြင့် ရောက်လာကြခြင်းဖြစ်ပါသည်။ သူတို့၏ ထက်သန်သောဆန္ဒကိုပြရန်အတွက် ရှစ်ဆယ်ကျော်၊ ကိုးဆယ်ကျော် အဖွားကြီးများဖြစ်ပါလျက် အရှင်မြတ်ကို ရိုသေသော အားဖြင့်လည်းကောင်း၊ အရှင်မြတ်က ငဲ့ညှာစေရန်အတွက်လည်းကောင်း ယူဇနာ ငါးဆယ်ခရီးကို ခြေကျင်ခရီးဖြင့်သာ လာခဲ့ကြပါသည်။ ခွင့်ပြုတော်မူသင့်ပါသည် ဘုရား''

''ငါသိပါ၏ အာနန္ဒာ။ ။ သို့သော် မသင့်လျော်ပေဘူး အာနန္ဒာ''

''တပည့်တော် ထပ်၍လျှောက်ခွင့်ပြုတော်မူပါ အရှင်မြတ်ဘုရား။ ။ မယ်ဖုရားတို့သည် ခြေကျင်ခရီး လျှောက်ခဲ့ရုံမျှမဟုတ်၊ အမျိုးသမီးများဖြစ်ပါလျက် ဘိက္ခုနီပြုရန် ကတုံးကိုယ်စီ ရိတ်ပယ်ပြီးမှ လာရောက်ကြခြင်းဖြစ်ပါသည်။ သို့ပါလျက်နှင့် အရှင်မြတ်က ငြင်းပယ်ခဲ့ပါသော်– ဆင်းရဲကြီးစွာ ရောက်ကြရဖို့ရှိနေပါသည်။ သို့ပါ၍ ခွင့်ပြုတော်မူပါဘုရား''

''မယ်တော်တို့၏ဆန္ဒကို ငါသိပါ၏ အာနန္ဒာ။ ။ သို့သော် ငါ့သာသနာမှာ အမျိုးသမီးများနှင့် မသင့်လျော်ပေဘူး အာနန္ဒာ''

သာမန်အားဆိုသော် အကြောင်းမျိုးစုံပြ၍ သုံးကြိမ်လျှောက်ထားသည်ကို သုံးကြိမ်လုံးပင် ငြင်းပယ်တော်မူသောကြောင့် နောက်တစ်ကြိမ် အတွန့်တက်စရာမလို။ ကိစ္စပြတ်ပြီဟု ဆိုရန်ရှိ၏။ သို့သော်နောက်ထပ် မလျှောက်နှင့်တော့ဟု တားမြစ်တော်မူခြင်း မဟုတ်သေး။ ထို့ကြောင့် မယ်တော့်ကိစ္စတွင် ဖွဲ့သခင်ရှင်အာနန္ဒာက ဘုရားရှင်၏ ငြင်းပယ်နေမှုကို နောက်ဆုံးသော လျှောက်ထားချက် အနေဖြင့် ချည်တုပ်လျှောက်ထားရန် ဟန်ပြင်လိုက်သည်။

''သို့ဆိုလျှင် တပည့်တော်အား မေးလျှောက်ခွင့်တစ်ရပ် ခွင့်ပြုတော်မူပါအုံး ဘုရား၊ အရှင်မြတ်က ဘိက္ခုနီသာသနာကို ဤမျှငြင်းပယ်တော်မူနေသည်မှာ အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ပင် မဂ် ဖိုလ် နိဗ္ဗာန်ကို ရယူနိုင်သောအစွမ်း မရှိကြလို့ပါလားဘုရား''

''ရှိပါ၏ အာနန္ဒာ။ ။ အမျိုးသမီးများသည်လည်း တစ်မဂ် တစ်ဖိုလ်ကို ရနိုင်ရောက်နိုင်သူများဖြစ်ကြပါသည်''

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မြတ်ဘုရား၊ မိထွေးတော်သည် အရှင်မြတ်အပေါ်တွင် ကျေးဇူးများစွာ ရှိခဲ့သူဖြစ်ပါသည်၊ အကြောင်းမှာ အရှင်မြတ်အား ခုနစ်ရက်သားအရွယ်ကပင် သားရင်း အရှင်နန္ဒထက် နို့ချိုတိုက်ကျွေး ဦးစားပေးမွေးမြူခဲ့သူဖြစ်ပါသည်၊ ယင်းကျေးဇူးကို ထောက်ထား၍ မိထွေးတော်အား ဘိက္ခုနီ အဖြစ်ကို ခွင့်ပြုသင့်ပါသည်ဘုရား"

အရှင်အာနန္ဒာ၏ အစွမ်းကုန် ကြိုးပမ်းချက်ပင် ဖြစ်ပေ၏။ အကြောင်းမူကား ဘုရားရှင်ကဲ့သို့သော သုံးလူ့ထွတ်တင် အသိပညာရှင်အား တင်ပေဖူးသော သူ့ကျေးဇူး အတွက် ထောက်ပြဖွယ်ရာမလိုအပ်သည်ကိုပင် ဖွင့်ထုတ်ထောက်ပြ လိုက်သောကြောင့် ဖြစ်ပေသည်။

ယင်းကြိုးပမ်းမှုအတွက် ရှင်အာနန္ဒာ အဖို့အား မသက်သာလှ၊ အကြောင်းမှာ ဘုရားရှင်ဝန်းကျင်၌ ရဟန္တာ အရှင်မြတ်များနှင့်အတူ ပုထုဇဉ် ရဟန်းတို့ရှိနေရာတွင် အဂ္ဂသာဝက၊ မဟာသာဝက စသော ရဟန္တာအရှင်တို့အတွက် မထောင်းတာသော် လည်း ပုထုဇဉ်ရဟန်းတို့ကမူကား ဘုရားရှင်က သုံးကြိမ်တိုင် တားမြစ်ပြီးသည်ကို အတင်းလျှောက်ထားနေသော အရှင်အာနန္ဒာသို့ မျက်စောင်းတခဲခဲ မျက်မှောင် တကြုတ်ကြုတ် ရှိနေကြလေပြီ။

စင်စစ်သော်ကား ဂေါတမ ဗုဒ္ဓ သဲစုမက ပွင့်တော်မူကြပြီးသော ဘုရားရှင်သာသနာ တော်တို့ အစဉ်အလာ ဘိက္ခုနီသာသနာကို ဖွင့်လှစ်ရမည်သာဖြစ်ပေသည်။ သို့သော် ဘုရားရှင်ဘက်၌ ယခုကဲ့သို့ ခွင့်မပြုလျှင် မဖြစ်တော့သည့် နောက်ဆုံးအခြေရောက်မှ ခွင့်ပြုရန်အကြောင်းနှစ်ရပ်ရှိသည်။ ယင်းအကြောင်းရပ်များ လေးနက်ပြေပြစ်စေရန် အထပ်ထပ် တားမြစ်ခဲ့ရခြင်းဖြစ်သည်။

ဓမ္မလမ်းကြောင်း၌ အမျိုးသားဟူသည် သဘာဝအားဖြင့် အမျိုးသမီး၏ ဆန့်ကျင်ဘက်ဖြစ်သကဲ့သို့၊ အမျိုးသမီးဟူသည် အမျိုးသား၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဣတ္ထိလိင်နှင့် ပုလ္လိင်ဟူသည် ဓမ္မလမ်းကြောင်း၌ ဝေးစွာရှောင်ရှားအပ်သော သဘာဝ ဆန့်ကျင်ဘက်ဖြစ်၏။ သို့ရာတွင် ဘိက္ခုနီသာသနာ ဖွင့်လိုက်သောအခါ ဘိက္ခုမယ်များ သည် အစ်ကိုတော် ဘိက္ခုများနှင့် ကင်းကွာစွာနေ၍မဖြစ်။ ကျောချင်းကပ်၍ မလစ်လပ်သော သတိဖြင့်နေကြရမည်။ သို့သော် ပုထုဇဉ်သဘာဝအရ မလိုလားအပ်သော အရေးအခင်းများ ဖြစ်ပေါ်လာဖို့ရှိရာ၊ ကျပ်တည်းခက်ခဲလှစွာသော ဘိက္ခုနီ ဝိနည်း စည်းကမ်းများကို ချမှတ်ပေးရမည်။ ယင်း ခဲကတ်ကျပ်တည်းသော ဘိက္ခုနီစည်းမျဉ်းများ အပေါ်တွင် အမျိုးသမီးတို့ အလေးအနက်ရှိကြစေရန်ဟူသော အကြောင်းမှာ ပထမ အကြောင်းဖြစ်၏။

ဒုတိယ အကြောင်းကား မိမိသာသနာတည်ရှိရာ ဤကမ္ဘာ၏ ဖမ္ဗူဒိပ်ဝန်းကျင်မှ ရုပ်နာမ်ခန္ဓာဟူသည် အတူတူမျှဟု သဘောမပေါက်နိုင်ကြသေးသော ပုထုဇဉ်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားများသည် သူတို့လိုအပ်သောအချိန်၌ အမျိုးသမီးများနှင့်လုံးထွေး၍ နေကြသော်လည်း မလိုသောအချိန်တွင်မူ အမျိုးသမီးများကို လူချင်းမတူ သူချင်းမမျှလေ သယောင် နှိမ့်ချစွာ သဘောထားကြသော အစဉ်အလာစွဲကြီး တည်ရှိနေခြင်းဖြစ်ပေသည်။ အထူးသဖြင့် ဗြာဟ္မဏတို့ ဝန်းကျင်မှ ဖောက်ခွဲထွက်ပေါ်လာခဲ့ရသော မိမိသာသနာ့ ဝန်းကျင်တွင် ဤအယူအစွဲမှာ ပို၍ကြီးမားလှစွာ၏။

မြင့်မြတ်သော ရဟန်းဘဝနှင့် ယုတ်နိမ့်သော အမျိုးသမီးတို့ကို မတန်မရာဟု သဘောထားကြသည်။ ရဟန်းဘဝ မဆိုထားနှင့် မြင့်မြတ်သောနေရာဒေသတို့သို့ ဝင်ရောက်ဖို့မျှကိုပင် အမျိုးသမီးများကို ဟန့်တား၍ထားကြသည်။

ယခုပင်လျှင် ဘုရားရှင်သို့ အတင်း လျှောက်ထားနေသော အရှင်အာနန္ဒာအား ပုထုဇဉ်ရဟန်းတို့က မျက်မှောင်တချီချီဖြစ်လျက်ရှိနေကြပြီ မဟုတ်ပါလော။

''ကောင်းပြီ အာနန္ဒာ။ ။ ဂေါတမီနှင့် အမျိုးသမီးများသည် မပြတ် သတိချပ် လိုက်နာကျင့်သုံးရမည်ဖြစ်သော ဂရုဓမ္မတရားရှစ်ပါးကို လိုက်နာဝန်ခံနိုင်ကြလျှင် ဘိက္ခုနီပြုလုပ်ကြရန် ငါဘုရား ခွင့်ပြုတော်မူ၏။''

''လိုက်နာကြပါလိမ့်မည် ဘုရား''

ဘိက္ခုနီများသည် အဘယ်မျှကြီးမြင့်သူပင်ဖြစ်စေ၊ ယနေ့ပြုသစ်စဖြစ်သော အမျိုးသား ရဟန်းငယ်ကလေးကိုပင် ညွှတ်တွားရိုသေရမည်။ ရဟန်းယောကျ်ားတို့အား မည်သည့်အကြောင်းကြောင့်ပင်ဖြစ်ပေ၊ တစ်စုံတစ်ခုသော ပရိယာယ် သွယ်ဝိုက်သော နည်းနှင့်မျှ မဆဲရေး မရှုတ်ချရ စသော ဂရုဓမ္မတရားရှစ်ပါးကို ဘုရားရှင်က သင်ပေးလိုက်သောအခါ တစ်ခေါက်တည်းမျှဖြင့် ရှင်အာနန္ဒာ မှတ်သား၍ အမျှော်လင့်ကြီး မျှော်လင့် နေကြသော မယ်ဘုရားဂေါတမီတို့အထံသို့ အသော့ထသွားသည်။

ရပ်လက္ခဏာနှုန်းသော ရဟန်းအချင်းချင်းကို မဆိုထားဘိ၊ ဒါယကာ ဒါယိကာမ မှန်သမျှတို့နှင့် ဆက်ဆံရေးပြေပြစ်လှသော ရှင်အာနန္ဒာ၊ ဉာဏ်ပညာထက်မြက် သလောက် ဝီရိယကြီးသော ရှင်အာနန္ဒာ၊ ဘုရားရှင်အပေါ်တွင် အတွယ်အတာ ချစ်မြတ်နိုးလှစွာသော ရှင်အာနန္ဒာ၊ ယင်းကဲ့သို့သော အရည်အချင်းများကြောင့် ရှင်ရော ရဟန်းပါ လေးစားကြည်ညိုမှုကို ခံရသောရှင်အာနန္ဒာပင် ဖြစ်သော်လည်း ယခုဘိက္ခုနီ သာသနာခွင့်ပေးမှု အရေးကြောင့် ဖွင့်၍ပင်မပြောသေးသော်လည်း ပုထုဇဉ်ရဟန်းတို့က တေးမှတ်၍ ထားလိုက်ကြသည်။

ဤအချက်ကို သတိထားလိုက်သူမှာ ရှင်အာနန္ဒာကို ညီငယ်သမျှချစ်လှစွာသော အရှင်မဟာကဿပဖြစ်၏။ သူ့ကျေးဇူးကြောင့် ဘိက္ခုနီသာသနာ ပွင့်လင်းလာသည် မှန်သော်လည်း ရှင်အာနန္ဒာအဖို့ကား ဤအရေးကြောင့် မသက်သာလှ၊ ကြို၍ပြော

www.burmeseclassic.com

www.burmeseclassic.com



ရသော် မယ်ဘုရားဂေါတမီ အရေးကြောင့် နောင်ခါပထမ သင်္ဂါယနာတင်၍ အပြီး၌ ရှင်အာနန္ဒမှာ စွဲချက်ကြီးနှစ်ရပ်ဖြင့် ခုံတင်စစ်ဆေးခံရရှာသည်။

တစ်ရပ်မှာ ဘုရားရှင်က သုံးကြိမ်တိုင် တားမြစ်ပါလျက် ဘိက္ခုနီ သာသနာကို အဘယ့်ကြောင့် အတင်းအကျပ် လျှောက်ထားရသနည်း။ နောက်တစ်ရပ်မှာ ဘုရားရှင်၏ ခြေစုံတော်အား အရှင်ဂေါတမီက ပွေ့ဖက်နမ်းရှုပ်သည်ကို အဘယ့်ကြောင့် ခွင့်ပြုရသနည်းဟူ၍ ဖြစ်သည်။ ဤဝတ္ထုနှင့် ဆိုင်ရာနှစ်ရပ်ကိုသာ ဖော်ပြခြင်းဖြစ်၍ သင်္ဂါယနာတွင် စစ်ဆေးခံရသော အခြားအချက်များလည်း ရှိပေသေးသည်။ ဗုဒ္ဓစာပန်းချီ 'ထုတိမင်္ဂလာ မဟာပွဲတော်'တွင် အပြည့်အစုံဖော်ပြခဲ့ပြီးဖြစ်၏။

ရှင်အာနန္ဒာအပေါ်၌ ပုထုဇဉ် ရဟန်းရှင်လူတို့ အမြင်မရှင်းရှိနေကြသည်ကို သက်ာယုံမှား ရှင်းလင်းသွားစေရန် ရှင်အာနန္ဒာဘက်မှနေ၍ အရှင်မဟာကဿပက စိစစ် ရှင်းလင်းပေးခဲ့ခြင်းဖြစ်၏။

ဘိက္ခုနီသာသနာဟူသည် ဘုရားရှင်အဆက်ဆက်မှ အမျိုးသားရဟန်းတို့နှင့် အတူ ခွင့်ပြုတော်မူအပ်သော တွဲဖက်သာသနာတော်ဖြစ်၏။ သို့ရာတွင် ယခင် ဘုရားရှင်တို့၏ လက်ထက်တော်တို့၌ အမျိုးသမီးတို့အပေါ်တွင် ယောက်ျားတို့က တစ်ဖက် စောင်းနင်း နှိပ်ချုပ်ပြင်းလှသော အယူအစွဲများကား ဤအယူအစွဲကြီး ရှိနေကြသောကြောင့် ခက်ခက်ခဲခဲဖြင့် ခွင့်ပြုတော်မူရသည်။

ဘုရားရှင်၏ အာဏာစက် ပညတ်တော်မူချက်ဟူသည် သုံးမျိုးရှိ၏။ တစ်မျိုးမှာ အကုသိုလ်ကို တားမြစ်သော ဓမ္မသဘာဝ ပညတ်ချက်ဖြစ်၏။ ဥပမာအားဖြင့် ရဟန်းသည် သူတစ်ပါးအသက်ကို မသတ်ရ၊ မုသားမပြောရ၊ အရက်မသောက်ရဟူသည် အကုသိုလ်ကို တားမြစ်သော ဓမ္မသဘာဝ ပညတ်ချက်ဖြစ်၏။ နောက်တစ်မျိုးမှာ အကုသိုလ်မျိုးပင် မဟုတ်သော်လည်း မွန်မြတ်သော ရဟန်းဘဝအတွက် လိုအပ်၍ တားမြစ်သော အာဏာစက် ပညတ်တော်မူချက်ဖြစ်၏။ ဥပမာ ရဟန်းသည် မြက်၊ သစ်ပင်ကို မနုတ်မဖြတ်ရဟူသော ပညတ်ချက်ဖြစ်၏။ လူသည် စေတီရင်ပြင် ကျောင်းဝင်းတို့မှ မြက်သစ်ရွက်တို့ကို နုတ်ပယ်လျှင် ဝေယျာဝစ္စကုသိုလ်ဖြစ်သည်။ ရဟန်းနုတ်သော အာဏာတော်ကို ကျူးကျော်၍ အကုသိုလ်ဖြစ်သည်။

နောက်တစ်မျိုးကား ပတ်ဝန်းကျင် အယူအစွဲကို မဆန့်ကျင်လို၍ လိုက်လျောစွာ ပညတ်တော်မူချက်ဖြစ်သည်။ ဗြာဟ္မဏတို့သည် မြက်၊ သစ်ပင်တို့တွင် အသက် ဇီဝရှိသည်ဟု အယူရှိကြရာ ယင်းတို့နှင့် မဆန့်ကျင်စေရန် မိမိရဟန်းများအား မြက်၊ သစ်ပင်ကို မရိတ်မဖြတ်ရဟု ပညတ်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်များကို ဖော်ပြရသည်မှာ ဘိက္ခုနီများသည် အဘယ်မျှ ကြီးမြင့်သူပင် ဖြစ်စေ၊ ယနေ့ပြုသစ်စ ရဟန်းယောကျာ်းကိုပင် ရှိသေကိုင်းညွတ်ရမည်။ မည်သည့် အကြောင်းနှင့်မျှ ရဟန်းယောကျာ်းကို မကဲ့ရဲ့-မရှုတ်ချရဟု ပညတ်တော်မူရာ အမျိုးသမီး များကို မလိုလားလွန်းသော အယူအစွဲများနှင့် မဆန့်ကျင်စေရန် ပညတ်တော်မူချက်ဟု ယူဆရသောကြောင့် ဖြစ်သည်။

အမိန့်တော်အရ မယ်ဖုရားဂေါတမီသည် ဂရုဓမ္မတရားရှစ်ပါးကို အနူးအညွတ် ဝန်ခံကာမျှဖြင့် ဘိက္ခုနီအဖြစ်သို့ ရောက်လာသည်။ အခြားဘိက္ခုနီမယ်များသည် ရဟန်းယောကျာ်းတို့၏သိမ်ဝယ် ဥပသမ္ပဒါကံဆောင်ခြင်းဖြင့် ဘိက္ခုမယ်များ ဖြစ်လာ ကြသည်။ နောက်ပိုင်း ဘိက္ခုမယ်များကား ဘိက္ခုနီနှင့် ဘိက္ခုနှစ်မျိုးနှစ်စုံ သိမ်တွင် ကံဆောင်၍ ဘိက္ခုနီသာသနာတော်ကြီး ပွင့်လင်းလာသည်။

ဘိက္ခုနီသာသနာတော် ခွင့်ပြုတော်မူလိုက်ပြီဆိုသည်နှင့် တစ်ပြိုင်နက် ဤ သာသနာတော်ဖြစ်ပေါ်ရာ ဝေသာလီပြည်မျှသာမက သာဝတ္ထိ၊ ရာဇဂြိုဟ် ထိုထို မြို့ရွာများ၌ ဘိက္ခုနီသာသနာတော်သည် ဒီရေအလား တစ်နေ့တခြား တိုးပွား စည်ပင်လာသည်။ အကြောင်းမူကား စည်းရုံးညီညွတ်မှု ဝီရိယ၌ အမျိုးသမီးများက အမျိုးသားများထက် ရှစ်ဆပိုသည်ဟူသော နီတိစကားအရ စည်းရုံးမှု မြန်ဆန်သောကြောင့် ဖြစ်သည်။

နောက်တစ်ကြောင်းမှာ မလိုအပ်ဘဲနှင့် ဖိနှိပ်နှိမ့်ချမှုမျိုးစုံ ခံရလွန်းသော အမျိုးသမီးတို့အတွက် ဘိက္ခုနီသာသနာသည် မွန်မြတ်သော ထွက်ပေါက်ဖြစ်လာ သောကြောင့်လည်း ဖြစ်သည်။ တောင်ညာစံဒေဝီဟောင်းကြီးမယ်ဖုရား ဂေါတမီနှင့် နန်းတွင်းသူဟောင်း ဘိက္ခုနီတို့ဦးဆောင်သော ဝေသာလီဘိက္ခုနီတို့အဖို့ကား အမြင့်မားဆုံးသော ဘိက္ခုနီသာသနာတော် ဖြစ်လာသည်။

တရားနလုံး ကျင့်သုံးလိုက်ကြသည်မှာလည်း ရက်ပိုင်း၊ လပိုင်းအတွင်း ဆိုသလိုပင် မယ်ဖုရားဂေါတမီနှင့်တကွ ကပိလဝတ်မှ အခြွေအရံဘိက္ခုမယ် ငါးရာလုံး နှင့်အတူ အခြားဘိက္ခုမယ်မြောက်မြားစွာတို့ပင် ရဟန္တာမကြီးများဖြစ်လာကြသည်။

အင်အားတိုးပွားလာပုံမှာလည်း ဘုရားရှင်၏ မြောက်သားတော် ယသော် ဒေဝီကိုယ်တိုင် ဘိက္ခုနီဘဝသို့ ရောက်လာသည်။ ဘုရင်ဗိမ္ဗိသာရ၏ မိဖုရား ခေမာ၊ ရှင်မဟာကဿပ အလောင်း၊ ဝိပ္ပလိ သူဌေးကတော် ဘဒ္ဒကာပိလာနီ၊ ဥပ္ပလဝဏ်၊ ပဋာစာရီစသော ထိပ်သီးအမျိုးသမီးတို့ဝင်ရောက်၍ ထိပ်တန်း တေဒဂ်ရှင်များ ဖြစ်လာ ကြသည်။ မယ်ဖုရားဂေါတမီအဖို့ကား အမျိုးသား ရဟန္တာအစ ကောဏ္ဍညထေရ်ကဲ့သို့ပင် ရတ္တညူတေဂ်ဘွဲ့ထူးဖြင့် အမြင့်ဆုံးသော ဘိက္ခုနီမယ်တော်ကြီးဖြစ်သည်။ ဘုရားရှင်၏

www.burmeseclassic.com

www.burmeseclassic.com



မိထွေးတော် မယ်တော်ဖြစ်၍မျှသာမဟုတ်။ ဘိက္ခုနီအားလုံး၏ ကိုင်းညွှတ်ရာ မယ်ဖုရားဂေါတမီဖြစ်လာသည်။ ခေမာထေရီစသော အရှင်မဆယ့်နှစ်ပါးတို့သည်လည်း ယောက်ျားသား ရဟန္တာထေရ်ကြီးများကဲ့သို့ပင် ပညာတေဒဂ်၊ တန်ခိုးတေဒဂ်စသော အရည်အချင်း ပြည့်ဝထူးချွန်မှု တေဒဂ်ရှင်များ ဖြစ်လာကြသည်။

[ ၃ ]

အချုပ်အလုပ်ဟူသည် သဘာဝအားဖြင့်ပင် အမျိုးသမီးတို့၏ အလုပ်ဖြစ်၏။ ချုပ်ရပ်သေသပ်သည်။ ယောက်ျားများအဖို့မူ မလွှဲသာ၍ ချုပ်ရသော်လည်း အပ်ချည်ကိုင်မှုတို့တွင် ကိုးရိုးကားရား နိုင်နေတတ်၏။ သို့ရာတွင် သင်္ကန်းစကို ကိုယ်တိုင်ချုပ်စပ်၍ ဝတ်ဆင်ကြရသော ခေတ်ဖြစ်သည့်အတိုင်း ရဟန်းသာမဏေတို့အဖို့ ပရိက္ခရာရှစ်ပါးတွင် သူစိ–အပ်နှင့် အပ်ချည်ဟူသော ပရိက္ခရာတစ်ပါးကို ထည့်သွင်းထားရသည်။ ဒါယကာတို့လည်း သင်္ကန်းအဖြစ် ပိတ်စကိုသာ လှူလေ့ရှိကြသည်။ ရဟန်းတို့တွင် အပ်နှင့်အပ်ချည်အသင့်ရှိပြီး ဖြစ်သောကြောင့် ချုပ်လုပ်မှုတာဝန်ကိုမူ လွှဲအပ်ထားကြသည်သာများ၏။

ဘုရားရှင်ကိုယ်တော်တိုင် သင်္ကန်းချုပ်သည်ကိုကြည့်ပါ။ အရှင်အနုရုဒ္ဓါသည် အမှိုက်ပုံမှ ပံ့သကူအဖြစ် ရလာသော ပိတ်စကြီးကို ဘုရားရှင်က ဦးဆောင်၍ နမူနာအဖြစ် ချုပ်လုပ်တော်မူသည်။ သို့သော် ချုပ်ပုံကိုရှုပါလေ့။

ပံ့သကူအဝတ်ကို ဖြန့်ကား၍ တစ်ဘက်ကအစကို အရှင်သာရိပုတ္တရာက ကိုင်သည်။ တစ်ဘက်စကို အရှင်မောဂ္ဂလာန်ကဆွဲသည်။ အလယ်တွင် ရှင်မဟာကဿပက ထိန်းပေး၏။ အပ်ချည်ကျစ်သည့် ကိုယ်တော်က ကျစ်သည်။ ချုပ်သည့်ကိုယ်တော်က ချုပ်သည်။ ဘုရားရှင်က ဦးကြီးတို့၏ လယ်ကွက်ပုံစံအတိုင်းဖြစ်အောင် ထိန်းကွပ်၍ ကိုယ်တော်တိုင် အပ်နဖားတွင် အပ်ချည်ထိုးပေးတော်မူ၏။ လိုအပ်သော သင်္ကန်းတော့ ဖြစ်လာပါ၏။ သို့သော် သင်္ကန်းတစ်ထည်ဖြစ်ရုံမျှကို ဘုရားရှင်ကိုယ်တော်တိုင်အပါအဝင် ရဟန္တာထေရ်ကြီး လေးငါးပါးတို့ ဝိုင်းရံချုပ်လုပ်ကြသည့် မြင်ကွင်းကို စဉ်းစား၍ ကြည့်နိုင်သည်။ (ဗုဒ္ဓစာပန်းချီ 'ရွှေခြည် ငွေခြည်တန်းပါလို့')

သို့ရာတွင် အချမ်းအပူလုံရုံ၊ အရှက်အကြောက်ဖုံးလွှမ်းရုံ၊ မှက်၊ ခြင်၊ ယင်၊ အပူအအေးတို့မှ ကာကွယ်ရုံ၊ သင်္ကန်းဖြစ်စေရုံမျှသာ ပဓာနဖြစ်သောကြောင့် ရဟန်းယောက်ျားများသည် ဤကဲ့သို့ပင် တတ်သမျှမှတ်သမျှဖြစ်နိုင်သမျှဖြင့်သာ ချုပ်လုပ်စပ်ဟာ၍ ဝတ်ဆင်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပင်ဖြစ်သော်လည်း၊ အလောင်းတော် မဟော်သဓာကဲ့သို့ အချုပ် အလုပ်တော်သူများလည်း ရှိကြပါ၏။ အလောင်းတော် မဟော်သဓာသည် အပ်ချုပ်သည် ဆင်းရဲသား အယောင်ဆောင်၍ ကျေးတောသူကလေး အမရာကို သွားရောက်ပိုးပန်းရာ၌ သူချုပ်သော အပ်ကြောင်းကလေးများသည် သန်းဥကလေးများကို စီထားသကဲ့သို့ လှပါသည်။

ဤဖြစ်ရပ်များကို မြင်တွေ့နေသော မယ်ဖုရား ဂေါတမီအဖို့ သားဘုရားအတွက် အကောင်းဆုံးသော ကြာသင်္ကန်းကြီးတစ်ထည်ကို ကျရောက်ဆဲ ကထိန်ရာသီ၏အဆုံး တန်ဆောင်မုန်းလပြည့်နေ့တွင် ချုပ်လုပ်ကပ်လှူရန် စိတ်ကူးစေတနာပေါ်လာသည်။ ချုပ်လုပ်ရာ၌ တန်ဆောင်မုန်း လဆန်း ၁၄ ရက်ညတွင် တစ်ညဥ့်တည်းနှင့်အပြီး 'မသိုးသင်္ကန်း'တော်အဖြစ် ချုပ်လုပ်ကြရန်လည်း တိုင်ပင်ညီညွတ်လိုက်ကြသည်။

မသိုးသင်္ကန်းဟူသည် နောက်တစ်နေ့ အာရုဏ်မတက်မီ ညချင်းအပြီး ပြုလုပ် စီမံရက်လုပ်ချုပ်သီသော သင်္ကန်းဖြစ်သည်။ အမျိုးသမီးတို့၏ ထက်သန်သော စေတနာနှင့် ဝီရိယကို ထွန်းပြသော သင်္ကန်းတော်ဖြစ်သည်။ သို့နှင့် လိုအပ်သမျှသော ပစ္စည်းများကို အသင့်ဖြစ်ရန် စုဆောင်းကြသည်။

ကြာသင်္ကန်းတော်ကြီးဖြစ်သည့်အတိုင်း ချုပ်လုပ်ရာ၌ လက်အဝင်ဆုံး အသိမ်မွေ့ဆုံး ပစ္စည်းများမှာ ကြာပွင့်များ ပြုလုပ်ရခြင်းပင်ဖြစ်ပေ၏။ သို့ရာတွင် ပန်းဖြင့် တန်ဆာဆင်ရာ၌ ကျွမ်းကျင်လှစွာသော မဋ္ဌိမအမျိုးသမီးများလည်းဖြစ်၊ ချုပ်လုပ်မှု တွင်လည်း နိုင်နင်းပြီးသူများ ဖြစ်ကြသည့်အတိုင်း ဘိက္ခုမယ် အင်အားကောင်းကောင်းနှင့် ချုပ်လုပ်လိုက်သောအခါ အရုဏ်မတက်မီတွင်ပင် အလွယ်နှင့်ပြီးစီးသွားသည်။ ဘုရားရှင် အထံတော်သို့ ယနေ့ချဉ်းကပ်ကြရာ၌ လှပထူးခြားသော သင်္ကန်းတော်ကြီးဖြင့် ဆက်ကပ် ပူဇော်ကြရတော့မည်ဖြစ်၏။

ဘိက္ခုမယ်များသည် အခြားအချိန်များ၌ ဘုရားရှင်နှင့် ရဟန်းတော်များထံသို့ လိုအပ်သလို ချဉ်းကပ်နိုင်ကြပါ၏။ သို့ရာတွင် လပြည့်လကွယ် လခွဲအချိန်များတွင်မူ၊ ဩဝါဒခံ တရားနာ ချဉ်းကပ်ကြရသည်မှာ မလုပ်လျှင်မဖြစ်သော ဖော်ပြပါ ဂရုဓမ္မ ရှစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်၏။

ယင်းသို့ ချဉ်းကပ်ပူဇော်ကြရာ၌ သီတင်းကျွတ်လပြည့်နှင့် တန်ဆောင်မုန်း လပြည့်နေ့များသည် ဘိက္ခုရော ဘိက္ခုနီပါ အစုံအလင် အစည်ကားဆုံး အချိန်ဖြစ်သည်။ အကြောင်းမှာ တစ်ကျောင်းတစ်နေရာတည်းတွင် တစ်ဝါတွင်းလုံး ဝါဆိုဝါကပ်အဖြစ် တစ်စုတစ်ရုံး သီတင်းသုံးကြသောကြောင့် ဖြစ်သည်။ သီတင်းကျွတ်လပြည့်မှ တန်ဆောင်မုန်းလပြည့် အတွင်းတွင်လည်း ကထိန်ကာလဖြစ်ရာ ဒါယကာတို့ သင်္ကန်း အလှူပွဲများကြောင့် စရုံးစည်ကားမြဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ တန်ဆောင်မုန်းလပြည့်တွင် ဘိက္ခုမယ်တို့ပို၍ ပြည့်စုံစည်ကား၏။ အကြောင်းမှာ ယခင်ကဆိုလျှင် ဘုရားရှင်နှင့် သံဃာတော်များသို့ မချဉ်းကပ်လိုသော အချို့ ဘိက္ခုမယ်များသည် ချဉ်းကပ်ရှိခိုးလိုက်ပါသည်ဟူသော နှုတ်ဖြင့်သာ ဝိနည်းလွတ် ကိုယ်စားလျှောက်ထား၍ အချောင်ခိုအပျင်းပိုသော ဘိက္ခုမယ်များလည်း ရှိနေတတ်ကြ ပေရာ၊ ဤသည်ကို ဘုရားရှင်က ဘိက္ခုမယ်များသည် တမန်စကားဖြင့် ရှိမခိုးရ၊ ကိုယ်တိုင် လာရောက်ကြရမည်ဟု အမိန့်တော် ထုတ်လိုက်သောကြောင့်ပင် ဖြစ်သည်။

ဤကိစ္စတွင် အကြီးဆုံးသော တရားခံ ဘိက္ခုမယ်သည်ကား–ဘုရား၏ နှမတော် ဇနပဒကလျာဏီပင်ဖြစ်ပေ၏။ သူ့အဖို့ ကပိလဝတ်တွင် အတွယ်အတာ ဆိတ်သုဉ်းကာ မလွှဲသာ၍ ဘိက္ခုမယ်အဖြစ်သို့ ရောက်လာရသော်လည်း သူ့လင် မောင်တော်နန္ဒကို အတင်းဆွဲဆောင်သွားသောကြောင့် ဘုရားရှင်အပေါ်တွင် မကျေမချမ်းမှုကလည်းရှိနေ၊ ဘုရားရှင်က သူတို့ကဲ့သို့သော အလှမယ်များကို ရှုတ်ချဟောပြောလေ့ရှိသည်ဟုလည်း ကြားထားရသောကြောင့် ဘုရားရှင်အမြင်ကို မခံလိုဘဲ ရှောင်လွှဲနေခဲ့ရာမှ ဘုရားရှင်၏ မလာမနေရ အမိန့်ထွက်လာရခြင်း ဖြစ်သည်။ ယခုသော် ရဟန္တာထေရီမယ်အဖြစ်သို့ပင် ရောက်၍နေပါချေပြီ။ (ဗုဒ္ဓစာပန်းချီ – မုန်းစရာကြီး)

## [ ၄ ]

ဘိက္ခုမယ်များသည် ယနေ့တန်ဆောင်မုန်းလပြည့်နေ့တွင် နံနက်ပိုင်းဆွမ်း ကွမ်းကိစ္စအပြီး၌ ဘိက္ခုနီတို့၏သိမ်တွင် ဥပုသ်ပြုကြပြီးနောက် ညနေချမ်းအချိန်တွင် ရဟန်းယောက်ျား တို့နှင့်အတူ ဥပုသ်ပြုရန် မဟာဝုန်ကျောင်းတော်သိမ်သို့ စုရုံးရောက်လာကြသည်။ မယ်ဖုရားဂေါတမီခေါင်းဆောင်၍ ဘုရားရှင်သို့ ကြာသကန်း ကပ်လှူမည့်ပွဲရှိသောကြောင့် ဘိက္ခုရော, ဘိက္ခုနီတို့ပါပို၍ စုံလင်ညီညွတ်လျက် ရှိလေသည်။

သံဃာဟူသည် ဘုရားရှင်၏အဆုံးအမတော်အောက်၌ ညီညွတ်ငြိမ်းချမ်းသော အဖွဲ့အစည်းဖြစ်၍ လခွဲတစ်ကြိမ် မပြုမနေရ သတ်မှတ်ထားအပ်သော ဥပုသ်ပြုခြင်း ဟူသည် သံဃာ့အဖွဲ့အစည်း၏ ညီညွတ်မှုကိုပြသော အရေးပါလှသည့် ကိစ္စဖြစ်သည်။ မိမိတို့ညီညွတ်ငြိမ်းချမ်းမှု၏ သက်သေအဖြစ် သိမ်အတွင်းဝယ် တစ်ပါးနှင့်တစ်ပါး နှစ်တောင့်ထွာကွာ အတွင်း၌ ထိုင်ကြရသည်။ အကြောင်းမူကား တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲလွတ် မညီညွတ်သောသူတို့မည်သည် နီးကပ်စွာနေဖို့ဝေး၍ လူရောစိတ်ပါ ကင်းကွာမြဲဖြစ်၏ရာ မိမိတို့ညီညွတ်မှုကို နီးကပ်စွာထိုင်ခြင်းဖြင့် သက်သေပြကြရသည်။ မတော်တဆ အာပတ်ကြီးငယ် တစ်စုံတစ်ခုရှိနေလျှင် ဤနေရာတွင် ထင်စွာပြကြရသည်။ မထေရ်ကြီး တစ်ပါးပါးသို့မဟုတ် မထေရ်ကြီးက ခွင့်ပြုသော သံဃာတစ်ပါးပါးက မိမိတို့မပြတ်ကျင့်သုံးအပ်သော သိက္ခာပုဒ်တော်များကို ရွတ်ဆိုနှိုးဆော်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပါတိမောက်ပြသည်ဟု ခေါ်၏။ တစ်ခါတစ်ရံ ဘုရားရှင်ကိုယ်တော်တိုင် ဦးဆောင်၍ ပါတိမောက် ပြတော်မူသည်။

တစ်နည်းဆိုသော် ဥပုသ်ပြုခြင်း၊ သို့မဟုတ် ပါတိမောက်ပြခြင်း ခေါ် ဝိနည်းသိက္ခာပုဒ်တော်များကို ရွတ်ဆိုခြင်းဟူသည် လပြည့်, လကွယ်၊ လဝက်လျှင်တစ်ကြိမ် သိက္ခာပုဒ်တော်များကို အမျိုးအစား အနုအရင့်အလိုက် ကဏ္ဍခွဲ၍ တစ်ကန့်စီ ရွတ်ဆိုပြီးလျှင် ယင်းသိက္ခာပုဒ်တော်များကို ကျူးလွန်မိခြင်း၊ ကျိုးပေါက်ပြောက်ကျားခြင်း ရှိ–မရှိ မေးစစ်သောပွဲဖြစ်၏။

အမျိုးသား ရဟန်းတော်တို့အဖို့ ဥပုသ်ပြု တစ်ကြိမ်တည်းဖြင့် ပြီးစီးသော်လည်း ဘိက္ခုမယ်များအဖို့မူ မိမိတို့အချင်းချင်းတစ်ကြိမ်၊ ရဟန်းတော်များနှင့်တစ်ကြိမ် ဥပုသ်ပြုကြရသည်။

ပဝါရဏာပွဲတော်မူကား ဝါကျွတ်လ၏ နောက်ဆုံးရက်ကပင် ပြီးစီးခဲ့ပြီဖြစ်၏။ ရဟန်းဖြစ်စေ၊ လူဖြစ်စေ အချင်းချင်း တွဲယှဉ်နေကြရာ၌ အချင်းချင်းအပေါ်တွင် ပုထုဇဉ်သဘာဝ မှားယွင်းမိသော အပြစ်ကြီးငယ်တို့ ရှိနေတတ်သည်။ ဝါတွင်းချိန်တွင်မူ ကျောင်းတစ်နေရာတည်းတွင် တစ်စုတစ်ရုံးတည်း သီးတင်းသုံးကြရသောကြောင့် အပြစ်ကြီးငယ်တို့ပို၍ ရှိနေတတ်ကြသည်။ ယင်းသဘာဝ အဆိုးအညံ့များကို ပြေပြစ်ငြိမ်းအေးစေရန်အတွက် ငယ်သူက ကြီးသူကိုသော်လည်းကောင်း၊ ကြီးသူက ငယ်သူကိုသော်လည်းကောင်း အပြစ်ကြီးငယ်ရှိခဲ့ပါသော် သည်းခံပြေငြိမ်းပါရန် တောင်းပန်သောပွဲကို ပန်ကြားတောင်းပန်ပွဲ၊ ပဝါရဏာပွဲဟု ခေါ်၏။

ယင်းသို့လျှင် ငြိမ်းအေးသော ဘဝအတွက် ညီညွတ်မှုအကျိုးကို လိုလားတော်မူသော ဘုရားရှင်က သားရဟန်းများကို ဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်းစသည်ဖြင့် ညီညွတ်စေမှု နည်းလမ်းမျိုးစုံကို ချမှတ်ပေးထားသည်။

ဥပုသ်အပြီးတွင် လူဒါယကာများက သိမ်အပြင်မှနေ၍ လှူဖွယ်ပစ္စည်းမျိုးစုံတို့ဖြင့် စောင့်မျှော်ပေးလှူလေ့ရှိကြသည်။ အလားတူပင် ပဋ္ဌင်းခံပွဲအပြီးတွင်လည်း တက်သစ်စ ရဟန်းတော်လေးကို ကပ်လှူရန် လှူဖွယ်ပစ္စည်းမျိုးစုံဖြင့် စောင့်ဆိုင်း လောင်းလှူလေ့ရှိကြသည်။ အကြောင်းသော်ကား ရဟန်းတော်အဖို့ အစင်ကြယ်ဆုံးအချိန်ဟု ယူဆသောကြောင့်ဖြစ်၏။ စင်ကြယ်သောပုဂ္ဂိုလ်အား စင်ကြယ်သော သဒ္ဓါ၊ စင်ကြယ်သော ပစ္စည်းဖြင့် လှူဒါန်းရခြင်းဟူသည် မြတ်သောအလှူ မဟုတ်ပါလော။

ယနေ့အဖို့မူ မယ်ဖုရား၏ ကြာသက်န်းတော်အလှူက လွှမ်းမိုးထားသည်။

ဥပုသ်ပြုပွဲအပြီးတွင် မယ်ဖုရားက သင်္ကန်းတော်ကြီးကို ကိုင်မြှောက်၍ ဘုရားရှင်သို့ ကပ်လှူသောအခါ ဘုရားရှင်က အလွယ်တကူခံယူတော်မမူဘဲ "ဂေါတမီ။

www.burmeseclassic.com

www.burmeseclassic.com



ဤသက်န်းကို ငါဘုရားအား ပေးလှူမည့်အစား သံဃာတော်သို့ ရည်ညွှန်း ပေးလှူလော့''ဟု မိန့်ကြားလိုက်သောကြောင့် မယ်ဖုရားနှင့် ဘိက္ခုမယ်များအဖို့ ရတ်တရက်သော် အံ့အားပင်သင့်သွားသည်။

''သားတော် ဘုရားကို ရည်စူး၍ တပင်တပမ်း ကြိုးပမ်းရက်လုပ်အပ်သော သက်န်းတော်ဖြစ်၍ သားတော်ဘုရားကိုယ်တိုင် အလှူခံစေလိုပါသည် အရှင်ဘုရား''

''ငါ့သိပါ၏ ဂေါတမီ။ ။ သံဃာကို ပေးလှူခြင်းသည်လည်း ငါဘုရားအား လှူသကဲ့သို့ပင် မဟာပ္ဖလ–ကြီးမြတ်လှသော အကျိုးရှိပါသည်။ သို့ရာတွင် သံဃာအား ပေးလှူလျှင် ငါဘုရားကို ပေးလှူရာရောက်၍ အကျိုးနှစ်ပါးတိုးပွားသည်။ ထို့ကြောင့် သံဃာအား ပေးလှူလေလော့ ဂေါတမီ''

ပထမသော် သားဟူသော အတွယ်အတာ၊ ဘုရားဟူသော အမြင်ကြောင့် သားဘုရားဟူသော ပုဂ္ဂလိကအာရုံဖြင့် စေတနာ အမြင်တစ်မျိုးရှိခဲ့ရာမှ ယခုသော် သားတော်ဘုရား၏ ကြီးစွာသော အမြင်ကြောင့် သံသယကင်းကာ ဝမ်းမြောက်သွားကြ၏။ အကြောင်းမူကား မိမိတို့က ပုဂ္ဂလိကကို ရည်ညွှန်း၍ ဘုရားရှင်ကမူ တစ်သာသနာလုံးသို့ သံဃိကအဖြစ် ရည်ညွှန်းရုံမျှမက သံဃာတော်ဟူသည် ဤမျှကြီးမြတ်ပါပေသည် တကားဟု အမြင်ကျယ်စေရန် အနာဂတ် သာသနာတော်အထိ ရည်ညွှန်းတော်မူအပ်သောကြောင့် ဖြစ်သည်။ အမြော်အမြင်ရှိပြီးသော ရဟန္တာထေရီမယ်ကြီးများ ဖြစ်ကြ၍လည်း ဘုရားရှင်၏ ရည်ညွှန်းမှုကို အလွယ်သဘောပေါက်နိုင်ခြင်းဖြစ်၏။

ဘုရားရှင်ကဲ့သို့ ကြီးမြတ်သူ၊ အကြောင်းတစ်ခုခုကြောင့် မိမိကတွယ်တာသူ အလှူခံများအပေါ်၌ ပုဂ္ဂလိက ရည်ညွှန်းမှုဟူသည် ပုထုဇဉ်တို့အမြင်အရ ငြင်းပယ်နိုင်ခဲ၏။ ပေးလှူအပ်သော ကျောင်းကန်ပစ္စည်းဟူသည် ပိဋကတ်တော်နှင့် ဆရာရဟန်းတို့က မှန်မြတ်သော သံဃိကအလှူအဖြစ်သို့ အဘယ်မျှ သဘောထားကြောင့် ပုဂ္ဂလိကမှ ညွှန်းစေကာမူ တွယ်တာမှု ရှောင်လွှဲနိုင်ခဲ၏။

ဥပမာအားဖြင့် ဒါယကာတို့၏ ကထိန်သင်္ကန်းအလှူကိုရှုလော့။ ကထိန်သင်္ကန်း အလှူဟူသည် ကြီးမြတ်လှပါသည်ဟု ဒါယကာတို့ နားလည်ထားကြသည် မှန်ပါ၏။ အကြောင်းမူကား သင်္ကန်းနွမ်းပါးသော သံဃာတော်သို့ ရည်ညွှန်းအပ်သော သံဃိက အလှူစစ်စစ်ဖြစ်သည်။ သို့ရာတွင် အကယ်ပေးလှူရာ၌မူ မိမိကျောင်း၊ မိမိသံဃာဟူသော ပုဂ္ဂလိကအဖြစ်သို့သာ ရည်မှန်းမှု ရှိနေတတ်ကြသည်။

ဤသည်ကို မြင်တော်မူသော ဘုရားရှင်က စံပြအလှူဖြစ်စေရန် သံဃာသို့ ရည်ညွှန်းထွန်းပြတော်မူခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်သည် ဆွမ်း, သင်္ကန်းစသည့် မိမိသို့ တိုက်ရိုက်အလှူများစွာကို ပုဂ္ဂလိကအဖြစ် အလွယ်ပင် အလှူခံတော်မူ၏။ ယခုသော် ရင်းနှီးသော မယ်တော် မိထွေးတော်လည်းဖြစ်၊ ပညာရှင်လည်းဖြစ်သော မယ်ဖုရား ဂေါတမီနှင့် အခွင့်အရေး ကြုံလာသည်ကို နမူနာထားကာ သံဃိကအလှူသို့ ရည်ညွှန်းတော်မူခြင်းဖြစ်သည်။

သံဃေ ဒိန္နေ မဟပ္ဖလံ

သံဃေ တွံ ဂေါတမိ ဒေဟိ

သံဃေ ဒိန္နေ အဟာဋ္ဌေဝ

ပူဇိတော ဘဝိဿာမိ

သံဃဒါန ကြီးလှပါသည်

သံဃာရည်မှန်း လှူဒါန်း ဂေါတမီ

သံဃာအင်အား ဘုရားတူညီ

ပေးလှူအပ် ကြီးမြတ်ပါပေသည်။

ဘုရားရှင်၏ မိန့်ခွန်းတော်ကို သဘောပေါက်ပြီးသည်နှင့် တစ်ပြိုင်နက် မယ်ဖုရား ဂေါတမီက "မှန်လှပါ၊ သံဃာသာဒေမ၊ သံဃာတော်အား ပေးလှူပါ၏ဘုရား"ဟု ပြင်၍ လျှောက်ထားကပ်လှူသည်။

ဘုရားရှင်အစ သံဃာတော်အားလုံး၏ သာဓုသံသည် သာသနာတော် တစ်လျှောက်လုံးနှင့် ယနေ့ခေတ်တိုင်အောင် ဘဝင်ညံ့လျက်ရှိခဲ့ဖြစ်သည်။ ဤသည်ကား သီတင်းကျွတ်အစ တန်ဆောင်မုန်းအဆုံး သင်္ကန်းရာသီ၌ မသိုးသင်္ကန်း ရက်လုပ် လှူဒါန်းကြသော သဒ္ဓါအရှင်၊ ဝီရိယအရှင်အမျိုးသမီးတို့အစ အမျိုးသမီးကြီး မိဖုရား ဂေါတမီ၏ သင်္ကန်းအလှူတော်ပေတည်း။ ။

www.burmeseclassic.com



# နှောင်းမဖွဲ့ပါနှင့် နုတ်သူဇာ

[ ၁ ]

မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ ဟူသော အဆိုအရ မြစ်ငယ်တစ်ခုမျှဖြစ်သော ရာဇဂြိုဟ် အနီးမှ တပေါဒါမြစ်သည် ဂင်္ဂါ၊ အစိရဝတီ၊ မဟီစသော မြစ်ကြီးများကဲ့သို့ပင် ကျော်ကြားထင်ရှား၏။ ကျော်ကြားဟန်ကား ဤမြစ်ရေသည် အခြားသော မြစ်ရေများကဲ့သို့ မအေးချမ်း၊ အမြဲတမ်းပူနွေးလျက်ရှိသောကြောင့် ကျော်ကြားသည်။ အကြောင်းမူကား ဤမြစ်သည် ဟိမဝန္တာတောင်အောက်ရှိ ငရဲအထပ်ထပ်တို့မှ ဖြတ်သန်းစီးဆင်းလာသောမြစ်ဟု အဆိုရှိသည်။

ရေပူရေချမ်းဟု တွဲ၍ သုံးကြသော်လည်း ရေပူဟူသည် ဆင်းရဲသားတို့အဖို့ ရခဲဘိခြင်းဖြစ်၏။ တမင်ကျိုချက်ယူမှသာ ရနိုင်ပါသည်။ တပေါဒါမြစ်အနီးနေသူတို့အဖို့မူ အမြဲတမ်းအသင့်ဖြစ်၏။ ထို့ကြောင့် နံနက်ခင်းနှင့် ညနေရီအေးချမ်းသော အချိန်များ၌ ရေချိုးသူတို့၏ သာယာသော ဆိပ်ကမ်းများကြောင့်လည်း ကျော်ကြား၏။

တပေါဒါမြစ်အနီးရှိ တပေါဒါရုံကျောင်းမှ ရဟန်းတော်အဖို့လည်း ခွင့်ပြုတော်မူသောအချိန်များတွင် ရေချိုးလိုသည့်အခါ အလွယ်သာဖြစ်၏။ ယင်းမြစ်တွင် ဘုရားရှင်ကိုယ်တော်တိုင် ရေသုံးသပ်တော်မူဖူးသည်။ အရှင်အာနန္ဒာ ရေချိုးဖူးသည်။

အရှင်အာနန္ဒာရေချိုးရာ၌ သိမှတ်ဖွယ်အကြောင်းတစ်ရပ်ပေါ်ပေါက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်တွင် ဝေဠုဝန်ကျောင်းတော်အရံ ကျောင်းပေါင်းများစွာအနက် တပေါဒါရုံ ကျောင်းသည်လည်း တစ်ကျောင်းအပါအဝင်ဖြစ်သည်။ ယင်းကျောင်းများသို့ ဘုရားရှင်သည် ရံဖန်အကြောင်းအားလျော်စွာ ကြွရောက် သီတင်းသုံးတော်မူလေ့ရှိ၏။ နောက်တော်ပါ အရှင်အာနန္ဒာက တပေါဒါရုံတွင် သီတင်းသုံးခိုက် ဘုရားရှင်ထံ ခွင့်တောင်း၍ ရေချိုးရန် မြစ်ဆိပ်သို့ ဆင်းသက်လာခဲ့သည်။

တိတ္ထိတက္ကတွန်းတို့အဖို့မူ တပေါဒါ၏ မြစ်ဆိပ်ကမ်းသာဟူသမျှတွင် အချိန်မရွေး တသောသော တရုံးရုံး ရှိနေကြမြဲဖြစ်သည်။ ထိုစကားမှန်၏။ အကြောင်းမူကား "ရေချိုး၊ မီးလှုံ၊ တုံးခုန်၊ ဖယ်ခတ်"ဟူသော စကားအရ ရေချိုးခြင်းသည်ပင် သူတို့၏ အကျင့်လုပ်ငန်းတစ်ရပ်ဖြစ်၍ သူတို့သည် မြစ်ဆိပ်မြစ်ရေပျော်များဖြစ်ကြသောကြောင့်သာ 'တိတ္ထိ' ဟူသော ဝေါဟာရဖြစ်ပေါ်လာခြင်း ဖြစ်သည်။

အရှင်အာနန္ဒာသည် သူတို့နှင့် လွတ်ကင်းရာ ကျောက်အငူကွယ်တစ်ခုတွင် ရေသုံးသပ်ပြီးနောက် ကုန်းပေါ်သို့ ပြန်ရောက်သောအခါ တင်ရှိနေသေးသော ရေစက် ရေမွှားများ ကင်းပျောက်ရန်အတွက် ကိုယ်ရုံသင်္ကန်းကိုပြန်၍ မဝတ်မီ ကျောက်ဖျာ တစ်ခုပေါ်တွင် ခေတ္တမျှ ရပ်တန့်နေခိုက်၊ အရှင်အာနန္ဒာကိုမြင်သွားသော တိတ္ထိတစ်စုတို့ စုရုံးရောက်ရှိလာကြသည်။

"အလို–တယ်ချော တယ်ခန့်တဲ့ ကိုယ်တော်ပါလားဟရို့၊ ဥက္ကန္ဒြေကိုကြည့်ရတာ ကတော့ ကေန္တ တပေါဒါရုံကျောင်းက ရှင်ဂေါတမရဲ့ ရဟန်းတစ်ပါးဖြစ်လိမ့်မည် ထင်ပါ၏။ ဟုတ်မှန်ပါသလား ကိုယ်တော်"

တိတ္ထိတစ်ဦးက စကားစလာသည်။

စကားမပြောလိုသော်လည်း တွေတွေထင်ထင် ဝင်လာမေးမြန်းလာပြန်တော့ ပြောရဦးမည်ဖြစ်၏။ ထို့ကြောင့် 'မှန်ပါသည်'ဟု ပြန်၍ ဖြေလိုက်ရသည်။ ဤမျှနှင့် မပြီး၊ တိတ္ထိတစ်ဦးက စကားစလာပြန်သည်။

"အရှင်တို့နှင့် ယခုလို ကြုံခဲ–ဆုံခဲပါသည်။ အရှင်တို့ဆရာက ဘယ်လို တရားတွေ သင်ကြားထားပါသလဲ"

"သီလ – သမာဓိ – ပညာ၊ သစ္စာလေးပါး တရားတော်ကို သင်ကြားပါသည်"

"အရှင့်အမည် ပသို့ ခေါ်ပါသနည်း"

"အာနန္ဒာ ဟု ခေါ်ကြပါသည်"

"အလို – အာနန္ဒာတဲ့၊ ရှင်ဂေါတမရဲ့ ညီတော် အာနန္ဒာဆိုသဟာများလား"

"မှန်ပါသည်"

www.burmeseclassic.com

www.burmeseclassic.com



"ကြုံတောင့်ကြုံခဲပါပဲ၊ တပည့်တော်တို့မှာ အရှင်အာနန္ဒာအမည်ကို ကြားဖူးနေတာတော့ ကြာလှပါပြီ။ ယခုတော့ မခေါ်ပင့်ချေ ကြုံရလေသမို့ ဝမ်းမြောက်လှပါထယ်။ လက်စသတ်တော့ ရှင်ဂေါတမရဲ့ တရားဘဏ္ဍာစိုးကြီးပေကိုး။ တပည့်တော်တို့မှာ အရှင်အာနန္ဒာမှန်းမသိလို့ တောင်မေး မြောက်မေးနဲ့ မထိလေးစား ပြုမိသယောင် ဖြစ်ရပါတယ်။ သည်းခံတော်မူပါအရှင်"

"သည်းခံပါ၏"

တိတ္ထိများ လှည့်ကြည့် လှည့်ကြည့်နှင့်ပင် ထွက်ခွာသွားကြသည်။ တိတ္ထိပင် ဖြစ်သော်လည်း တရားမဝေး စိတ်ကောင်းလေးရှိသူများဟု ဆိုရမည်ဖြစ်၏။ သို့မဟုတ် အရှင်အာနန္ဒာဆိုလျှင် နတ်ချစ် လူခင် ပေါ်များလှသူဖြစ်သောကြောင့်လည်း ဖြစ်ပေရာ၏။

•

[ ၂ ]

တပေါဒါရုံကျောင်း၌ အလှအချောတွင် လူပြောများလောက်အောင်ပင် သတင်းမွှေး လျက်ရှိသော ကိုယ်တော်လေးတစ်ပါး သီတင်းသုံး၍ ဘွဲ့အမည်မှာ အရှင် သမိဒ္ဓိဟူ၏။

ဘုရားရှင်လက်ထက်တော်အခါက ရဟန်းလှ ရဟန်းချောတို့ ပေါ်များလှသည်ဟု ဆိုနိုင်ရာ၏။ အကြောင်းမှာကား အချောအလှတကာတို့၏ ဘုရင်၊ အယဉ်တကာတို့၏ ထိပ်ဖျားဟု ဆိုအပ်သော ဘုရားရှင်အစ သာကီဝင်မင်းသားမှန်သမျှသည် ရဟန်းချော၊ ရဟန်းလှများချည်း ဖြစ်ကြသည်။ အရှင်ကစ္စည်းကား သာကီဝင်မဟုတ်စေကာမူ သီးခြား အလှရှင်ဟု ဆိုရပေမည်။

ယောကျ်ားတစ်ဦးချောပြီဆိုလျှင် ယင်းအချောအလှဆီသို့ အမသတ္တဝါတို့ ဝိုင်းရုံ လာတတ်ကြသည်မှာ ဓမ္မတာသဘာဝပင်ဖြစ်လေ၏။ သို့ရာတွင် တရားတံတိုင်း ကာရိုင်း ထားအပ်သော ရဟန်းတော်များ ဖြစ်ကြရုံမျှမက များစွာသော ရဟန်းတော်တို့မှာ ကိလေသာနယ်ကို ဖြတ်ကျော်ပြီးသော အရိယာန္တယ်ဝင် သူတော်စင်များဖြစ်ကြ၍ အဝေးက ရှောင်ရှားလွတ်ကင်းကြရသည်။

မကင်းပဲ အတင်းတိုးဝင်လာတတ်သော အမ, သတ္တဝါတို့သည်ကား နတ်သမီး အချို့ပင် ဖြစ်၏။ အရှင်မဟာကဿပသို့ နတ်သမီးတစ်ယောက်သည် ကြည်ညိုလှ၍ ဝတ်ကြီးဝတ်ငယ် ပြုလိုပါသည်ဟုဆိုကာ ချဉ်းကပ်လာသည်ကို မောင်းထုတ်ပစ်ခဲ့ရ၏။ တောအတွင်း တရားကျင့်နေသော ရဟန်းတစ်ပါးထံသို့ တရားနာလို၍ဆိုကာ ချဉ်းကပ် လာသော နတ်သမီးတစ်ယောက်သည်လည်း မောင်းထုတ်ပစ်ခံရ၏။ နတ်ဒေဝီတို့ ဝိုင်းဝိုင်းလည်အောင် ချဉ်းကပ်လာရုံမျှမက သူတို့အလှ သူတို့အသံဖြင့် ဆုညံ့လှအောင်ပင်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်ပြောင် တင်းတင်း အချုပ်ကပ်ခံရသူကား အရှင်အနုရုဒ္ဓါပင်ဖြစ်၏။ သူတို့သည်လည်း မိမိတို့ ကိလေသာတိုက်ပွဲမဟန်သဖြင့် ပြန်သွားကြရသည်။

အရှင်သမိဒ္ဓိသည်လည်း တရားရင့်ကျက် သက်ဝင်ပြီးသူ တစ်ဦးပင်ဖြစ်၏။ မြို့အတွင်းမှာ ကျောင်းများမှာ သီတင်းသုံးလျှင် သူ့ထံသို့ လာချင်သူတို့ ပေါ်များလှသောကြောင့် မြို့အစွန်အဖျားရှိ တပေါဒါရုံကျောင်းတွင် သီတင်းသုံးလျက်ရှိသည်။ သူ့ကို ဘယ်နေရာတွင် ဘယ်လိုတွေ့ရပါ့ပဲ မပြတ်စောင့်မျှော် ချောင်းမြောင်းလျက်ရှိသူကား တပေါဒါမြစ်အနီးမှ ရုက္ခမယ်နတ်သမီးတစ်ဦးပေတည်း။

နတ်သားများနှင့် နှိုင်းစာသော် နတ်သမီးခများများမှာ သူတို့အတွက် တွဲဖက်ပျော်စရာ လင်သားရှားပါးဟန်တူသည်။ အကြောင်းမှာ နတ်သားတစ်ယောက်တွင် နတ်သမီးတစ်ဖက်ငါးရာဟု အဆိုရှိသည့်အပေါ်၌ ယင်းငါးရာ, တစ်ထောင်တွင်မှ မပါဝင်နိုင်ကြရှာသော နတ်သမီးများအဖို့ အတွဲအဖက်ရှာရသည်မှာ အခက်အခဲကြီး တစ်ခု ဖြစ်ဟန်တူသည်။

နတ်ဘဝတွင် မတွေ့ရသောအခါ လူ့ဘဝကိုကြည့်သည်။ ထိုအခါ ရဟန်းများကို တွေ့လာရ၏။ အကြောင်းမူကား ရဟန်းဟူသည် သီလသခင်ဖြစ်၍ သီလရှိသူများသို့သာ နတ်သမီး – နတ်သားတို့ ချဉ်းကပ်လွယ်ကြသည်။

မစင်အညစ်အကြေးကို လူတို့က ရွံရှာသကဲ့သို့ တွေးကြည့်လျှင် မစင်အညစ်အကြေးတို့နှင့် အလားတူသော သူတို့ဝန်းကျင်တွင် ပြည့်လျှံလျက်ရှိသော လူအများကို အလွန်သန့်စင်သော ဘဝရှင်ဖြစ်သည့် နတ်သား နတ်သမီးတို့က ရွံရှာကြသည်ဆို၏။ သို့ရာတွင် သီလတည်းဟူသော ရနံ့ကိုမူ နှစ်သက်ကြသော သမ္မာဒေဝတို့အဖို့မူ သီလသခင် ရဟန်းတော်အရှင်မြတ်များသို့ အခွင့်သာသလို ချဉ်းကပ်လာတတ်ကြသည်။

ဤနည်းဖြင့် သီလသခင် အရှင်သမိဒ္ဓိသို့ ချဉ်းကပ်ရန် အစဉ်စောင့်ကြည့်လျက်ရှိသော နတ်သမီးကလေးအဖို့ ယနေ့အခွင့်သာလာသည်။ သာဟန်ကား အရှင်သမိဒ္ဓိသည် ထိုနေ့နံနက်က တပေါဒါမြစ်အတွင်းသို့ ရေချိုးဆင်းရန် ရောက်လာခဲ့ခြင်းပင် ဖြစ်ပေ၏။

နေ့လယ်နေ့ခင်း ရေချိုးဆင်းလျှင် မြစ်ဆိပ်တွင် ဆူညံစွာ ရေကစားလျက်ရှိကြသော လူများ၊ တိတ္ထိများနှင့်တိုးသည်။ အထူးသဖြင့် နေခြည်ပွင့်စသာသာ နံနက်အချိန်များနှင့် ညနေခင်းအချိန်များတွင် ရေချိုးသူတို့ ပိုရှုပ်ပွေသည်။ ထို့ကြောင့် ခန္ဓာကိုယ် သန့်စင်စေမှုကိစ္စအတွက်သာ ရေချိုးလိုသူ အရှင်သမိဒ္ဓိအဖို့ သူတို့ကင်းဆိတ်ရာ နံနက်စောစောကြီး အချိန်ကို ရွေး၍ မြစ်ဆိပ်သို့ဆင်းခဲ့သည်။ မြစ်ဆိပ်ဆိုရာ၌လည်း အများအသုံးပြုကြသော ဆိပ်ကမ်းသာတွင်မဟုတ်၊ ချုံနွယ်ကျောက်ဆောင်တို့အကွယ် တစ်နေရာတွင်သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရေသုံးသပ်ပြီး၍ ကုန်းပေါ်သို့ ပြန်အရောက် အရှင်အာနန္ဒာတို့ကဲ့သို့ပင် ကိုယ်တွင် ကပ်တွယ်လျက်ရှိနေသေးသော ရေပန်းရေမွှားတို့ ကင်းစင်ရန် ကျောက်တုံးတစ်ခုပေါ်၌ ကိုယ်ရေစစ်ရင်း ခေတ္တရပ်နေခိုက် မိမိအနီးရှိ ကျောက်တုံးတစ်ခုပေါ်တွင် နတ်သမီး ကိုယ်ထင်ပြလာသည်။ နံနက်မလင်းတလင်း မှောင်ရီပိုးတဝါး အချိန်ဖြစ်သော်လည်း နတ်သမီး၏ ကိုယ်ရောင်ကြောင့် ထင်းထင်းကြီး ပေါ်လွင်လျက်ရှိ၏။

အရှင်သမိဒ္ဓိအဖို့ အံ့အားသင့်စွာနှင့်ပင် "အသင်ဘယ်သူလဲ"ဟု မေးလိုက်မိသည်။

"နတ်သမီးပါအရှင်၊ အရှင့်ကို ဖူးတွေ့ချင် အလုပ်အကျွေးပြုချင်လို့ ရောက်လာရသူပါ"

"ငါ့မှာ အလုပ်အကျွေးမလိုပါ နတ်သမီး။ ငါပြုသမျှ ကုသိုလ်အဖို့ကို သင့်အား အမျှပေးဝေပါ၏။ သွားပေတော့ နတ်သမီး"

"မိမိကို ကြည်ညိုမြတ်နိုးလို့ အနီးသို့ ရောက်လာသူကို ဤသို့မနှင်သင့်ပါ မောင်တော် ရဟန်းလေး"

"ငါ့အဖို့ အလုပ်အကျွေးမလို၊ အထူးသဖြင့် မာတုဂါမများနှင့် မဆက်စပ်လိုပါ နတ်သမီး"

"အလို – နတ်သမီးကို ရဖို့အတွက် တရားကျင့်နေသူက မာတုဂါမနှင့် မဆက်စပ်လိုဘူးဆိုတာ အံ့သြစရာပါကလား"

"ငါသည် နတ်သမီးအတွက် တရားကျင့်နေသူမဟုတ်ပါ"

"ကြားဖူးတာကတော့ ရဟန်းတွေဆိုတာ ကွယ်လွန်တဲ့အခါ နတ်ပြည်၊ ဗြဟ္မာ့ပြည်ရောက်ရေး၊ နတ်သမီးကလေးတွေ ရရှိရေးအတွက် ကျင့်ကြံနေကြတာဆိုပဲ၊ သင်ရဟန်းလေးအဖို့ကတော့ ကွယ်လွန်သည်အထိ စောင့်ဆိုင်းနေဖို့မလိုပါ၊ ယခုပင် ရှေ့မှောက်သို့ အသင့်ရောက်နေပြီမဟုတ်ပါလား"

ထိုစကားမှာ မိမိဘက်သို့ ဆွဲဆောင်သော စကားမျှမဟုတ်၊ ထိုစဉ်က တိတ္ထိ ဆရာများ၊ သာသနာတော်နှင့် ကင်းဝေးသော လူအများ အမှန်ပင် ယူဆလျက်ရှိနေကြသော တင်ပြချက်ပင်ဖြစ်လေသည်။ အကြောင်းမှာ ဇမ္ဗူဒိပ်ခေါ် ဘာရတနိုင်ငံကြီး တည်ဦးစကပင်လျှင် ဗြဟ္မာ့ပြည်တွင်သာ လမ်းဆုံးသော သူတို့ဝါဒသည် ထိုခေတ်မျှသာမက ယနေ့ခေတ်တိုင်အောင်ပင် ထွန်းကားနားယဉ်လျက် ရှိနေကြလေသည်။ နတ်ပြည်၏ အဆုံးစွန်သော စည်းစိမ်မှာ နတ်သမီးတို့နှင့် ယှဉ်တွဲရေးပင် ဖြစ်သည်။ နိဗ္ဗာန်–လောကုတ္တရာတရားဟူသည်မှာ သာသနာတော်ထွန်းကားသော အရပ်ဌာနများ

www.burmeseclassic.com

www.burmeseclassic.com



၌သာ အကြားရများသော်လည်း၊ နတ်–လူ ယေဘုယျတို့အဖို့မူ ကြားရ သိရခဲဘိခြင်း ဖြစ်သည်။

"ဖယ်လော့ နတ်သမီး၊ ငါတို့၏ အကျင့်သည် နတ်သမီးအတွက် မဟုတ်ဘူးလို့ ပြောပြီးပြီ၊ နိဗ္ဗာန်မင်္ဂဖိုလ်အတွက်သာဖြစ်သည်။ ငါတို့ဆရာဘုရားက ငါတို့အား မာတုဂါမနှင့် တစ်ဦးချင်း ဆိတ်ကွယ်ရာတွင် မတွေ့ဆုံရ၊ စကားမပြောရဟု တားမြစ်ထားသည်။ ငါ့မှာ သင့်ရောက်လာသည့်အတွက် အနှောင့်အယှက်ဖြစ်ရသည် ဖယ်လော့ ရှားလော့"

ဤတစ်ကြိမ်တွင်မူ အရှင်သမိဒ္ဓိက နှုတ်မှသာမက လက်ဖျစ်တီး၍ပင် နှင်ထုတ်လိုက်သည်။ အကျင့်သီလ အရှင်တို့၏ လက်ဖျစ်တီးတားမြစ်မှုဟူသည် မည်သည့် လူ–နတ်–ဗြဟ္မာမှ ခံနိုင်ရိုးမရှိ၊ နတ်သမီးပျောက်ကွယ်သွားသည်။

အရှင်သမိဒ္ဓိ ကျောင်းဆီသို့ ထွက်ခွာလာသည်။ မှောင်ရိုးဝါးအချိန်၌ ကိလေသာ စစ်ပွဲကို လှလှကြီးအောင်မြင်လိုက်သော အရှင်သမိဒ္ဓိသို့ နတ်တို့က ကောင်းချီး ပေးလိုက်သော တသဲ့သဲ့အသံသည် ရစ်ဝဲလျက်ကျန်ရစ်သည်။ ။

www.burmeseclassic.com

www.burmeseclassic.com



# မုန်းလို့ဖြင့်မဟုတ်ပါ

[ ၁ ]

သားမင်းသားဘုရားဖြစ်သွားမည်ကို အစိုးရိမ်လွန်သော ခမည်းတော်ကြီးက သားဖြစ်သူအား တရားဘက်သို့ မရောက်စေရန် ပြုလုပ်အပ်သော အစီအစဉ်တို့မှာ များပြားလှစွာ၏။

စကြဝတေးမင်းဖြစ်မည်ဟု အဟောရှိခဲ့သည်။ ဘုရားဖြစ်မည်ဟုလည်း အဟောရှိခဲ့ပေသည်။

ကောဏ္ဍညကမူ ကေန်ဘုရားသာဖြစ်မည်ဟု ရဲရဲကြီးဟောခဲ့၏။

စကြဝတေးသာ ဖြစ်စေလိုသည်။ သို့သော် တရားဘက်သို့ရောက်ရန် အစွမ်းအစများကို သားဖြစ်သူထံမှ ငယ်စဉ်ကပင် တွေ့ခဲ့ရသောကြောင့် ခမည်းတော်ကြီး အစိုးရိမ်ပိုသည်။

ရှေးဦးစွာ လယ်ထွန်မင်္ဂလာပြုစဉ် သပြေပင်ရိပ်တွင် သိပ်ထားစဉ် အချိန်က အရွယ်နှင့်မလိုက်အောင် ဈာန်ဝင်စားလျက်ရှိနေသည်ကို တွေ့ခဲ့ရသည်။ ဒုတိယအကြိမ်တွင်တန်ခိုးရှင် ဒေဝိလရသေ့ကြီး၏ ဦးခေါင်းပေါ်သို့ပင် ပျံတက်၍ တန်ခိုးပြသည်ကို တွေ့ခဲ့ရသည်။ ထို့ကြောင့် သားဖြစ်သူဘုရားမဖြစ်စေရေးအတွက် တရားနှင့် ဆန့်ကျင်ဘက်အစီအစဉ်တို့ကို စီစဉ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးဦးစွာကား သားဖြစ်သူ ဥတုသုံးလီ ရာသီအလိုက် နှစ်ခြိုက်ပျော်မွေ့ နှလုံးချမ်းမြေ့စေရန် ရမ္မ၊ သုရမ္မ၊ သုဘ နန်းမသုံးဆောင် ဆောက်လုပ်ပေးလိုက်သည်။ ယင်းနန်းတော်တို့တွင် ပျော်ပျော်လွတ်လွတ်ကြီးစံနေနိုင်ရန် မောင်းမမိဿံ အခြွေအရံများစွာတို့ကိုလည်း ဖြည့်ဆည်းပေးလိုက်သည်။ နန်းတော်တို့ ဝန်းကျင်တွင် ရေကန်ကြီးများကို အပြိုင်အဆိုင်တူးစေ၍ သာယာသော ရေချိုးဆိပ်များကို ပြုလုပ်စေသည်။ ရေကန်တို့ အနီးတွင် ပန်းမျိုးစုံဥယျာဉ်ကို စိုက်ပျိုးစေသည်။ ပန်းမျိုးစုံတို့အကြားတွင် ခုံတန်းများ၊ ဒန်းများချထားစေသည်။

သားတော်အတွက် ပွဲကြည့်ဆောင်ဟူ၍ သီးသန့်ပြုလုပ်ပေး၍ ယင်းပွဲကြည့်ဆောင်၏ အစီအစဉ်များမှာ သီဂီရ ရသလွှမ်းကဲသောပွဲများ သီချင်းဂီတများကိုသာ သီဆိုတီးမှုတ်ပြသစေသည်။ သားတော်အသက် ဆယ့်သုံးနှစ် ဆယ့်လေးနှစ်အရွယ် ဝင်လာစအချိန်မှစ၍ ယောက်ျားတစ်ယောက် စည်းစိမ်ခံဖို့ရန် အစီအစဉ်များမှာ အစွမ်းကုန်ဖြစ်၏။

စည်းစိမ်ကြီးသော တာဝတိံသာ နတ်တို့ရွာတွင် နန္ဒဝန်ဥယျာဉ်ရှိသည်။ စိတ္တလတာ ရေကန်ရှိသည်။ 'တိမ္ဗရုသက' အမျိုးပြုသော ပဥ္စသိခသူတို့၏ ဂန္ဓဗ္ဗနတ်ပွဲများရှိသည်။ ယင်းတာဝတိံသာ နတ်တို့ရွာအတိုင်း တုပ၍ ပြုလုပ်ပေးထားခြင်းဖြစ်၏။ သားတော်အား ယင်းဥယျာဉ်ရေကန်ပွဲလမ်းသဘင်များတွင် အလှည့်ကျ စိတ်ကြိုက်စံစားစေသည်။

သို့ရာတွင် သားတော်ကမူ နန်းမသုံးဆောင်မှ မောင်းမမိဿံတို့အပေါ်တွင်လည်း ပျော်မွေ့လှသည်မရှိ၊ ဥယျာဉ်တို့အလယ်တွင် စမ္ပယ်လေ့ရှိသော်လည်း နှစ်နှစ်ခြိုက်ခြိုက်မဟုတ်၊ ရေကန်များတွင်လည်း ပျော်ပျော်ပါးပါးဟူ၍ မတွေ့ရဟု အထောက်တော်များထံမှ ခမည်းတော်ကြီးကြားသိရသည်။

မည်သို့ဆိုစေ ထီးနန်းရိုက်ရာကို လွှဲအပ်ဖို့ရန်သတ်မှတ်အပ်သော ဆယ့်ခြောက်နှစ်အရွယ်သို့ တစ်နေ့တစ်ခြား နီးကပ်လာသောကြောင့်မူ ခမည်းတော်ကြီး ဝမ်းမြောက်ရ၏။ ထီးနန်းကို လွှဲအပ်ပြီးသည်ဆိုလျှင် နိုင်ငံတော်တာဝန်အရပ်ရပ် ရစ်ပတ်လာတော့မည်ဖြစ်၍ တောထွက်ဖို့အရေး ရဟန်းဝတ်ဖို့အရေးနှင့် ဝေးမည်။ သို့သော်ထီးနန်းသခင် ဘုရင်အဖြစ် နန်းတက်မည်ဆိုလျှင် ရွှေဘုံနိဒါန်းထုံးတမ်းစဉ်လာအရ ရွှေလက်ဆွဲ၍ နန်းတက်ပွဲပြုလုပ်ရမည့် မိဖုရားရတနာ လိုအပ်လာသည်ဖြစ်ရာ၊ သားတော်မှာမူ ယနေ့အချိန်ထိ မည်သည့် အမျိုးသမီးကိုမျှ စိတ်ဝင်တစားမရှိလှသည်ကို သိနေရသည့်အတွက် ဘဝင်မကျဖြစ်ရပြန်၏။

ဤကိစ္စတွင် သားတော်သည် သူ့နန်းဆောင် သူ့နေရာမျှဖြင့်သာ မွေ့လျော်နေသူဖြစ်၏။ အထက်တန်းစား မင်းမိဖုရားတို့၏ သမီးများ၊ မိမိနန်းတော်အတွင်း၌မူ

www.burmeseclassic.com

www.burmeseclassic.com



သာကီဝင် ထိပ်တန်းအမျိုးသမီးများနှင့် ယှဉ်ပါးဆက်ဆံသည်ဟူ၍ မကြား မသိရ။ သားတော်၏ အလိုတော်အတိုင်းသာဖြင့် ပေါ်ပေါက်လာဖို့လည်းမရှိ ထို့ကြောင့် သားတော် စိတ်ကြိုက်ရွေးချယ်နိုင်ရန် မိဖုရားရွေးပွဲပြုလုပ်ပါသော် သင့်လျော်မည်ဖြစ်ကြောင်းဖြင့် အမတ်တို့၏ အကြံပြုချက်ကို ခမည်းတော်ကြီး ဝမ်းမြောက်စွာ သဘောတူသည်။

အမည်အားဖြင့်မူ မိဖုရားရွေးပွဲမဟုတ်၊ သိဒ္ဓတ္ထမင်းသားက မင်းသမီးများအား လက်ဆောင်ပေးအပ်ပွဲဟူ၍ ဖြစ်၏။ သို့ရာတွင် သာကီဝင်တို့နယ်ပယ်အတွင်းရှိ ဒေဝဒဟ၊ ကောလိယစသော သမီးရှင် မင်းမိဖုရားထံသို့ ဖိတ်လွှာသတင်းရောက်လာသည်ဆိုလျှင်ပင် မကြာမတင်ဘုရင်ဖြစ်လာတော့မည့် သိဒ္ဓတ္ထအတွက် မိဖုရားရွေးပွဲဆိုသည် နားလည် ကြပြီးဖြစ်သည်။

ဖိတ်ကြားသူများ စာရင်းတွင် ထိပ်ဆုံးက ပါဝင်သူမှာကား ဒေဝဒဟပြည့်ရှင် ဘုရင်သုပ္ပဗုဒ္ဓ၏ သမီးတော် ယသော်ဓရာပင်ဖြစ်၏။

[ ၂ ]

သမီးရှင်တို့မည်သည် ဘုရင်ပင်ဖြစ်စေ၊ မိမိတို့အရွယ်ရောက်လာသော သမီးအတွက် အနာဂတ်အရေးကို တွေးတော စဉ်းစားရမြဲဖြစ်၏။ မိမိတို့ ဝန်းကျင်မှ သင့်လျော်မည့် သတို့သားနှင့် အလားအလာကို ကြည့်ရသည်။ ပြည်ကြီးသခင် ဘုရင်လောင်းလည်းဖြစ်၊ လူချောလူလှ တစ်ယောက်လည်း ဖြစ်သော သိဒ္ဓတ္ထမင်းသားကား သမီးရှင်တို့အမြင်တွင် ဘဝင်ပွင့်လန်း ရေပန်းစားသူပေတည်း။

သို့ရာတွင် ယသော်ဓရာ၏ဖခင် ဘုရင်သုပ္ပဗုဒ္ဓကမူ သိဒ္ဓတ္ထအပေါ်တွင် အမြင်တစ်မျိုး ရှိနေသည်။ "ဘုရင်လောင်းတော့မှန်ပါရဲ့၊ ရုပ်ရေရူပကာ ပြည့်စုံတာလဲမှန်ပါရဲ့။ သို့သော် နှိုပ်နှိုပ်စား လူပျော့လူညံ့ကလေး။ ဖအေကြီးက အလိုလိုက်ထားတာကလဲလွန်ရော၊ ဘာပညာမှလဲ မတတ်ဘူး။ ဘုရင်ဖြစ်လာရင်တောင် ဘုရင်ညံ့တစ်ပါးသာ ဖြစ်လာမှာပဲ" ဟူ၏။ ထို့ကြောင့် သမီးရှင်ဖြစ်သော်လည်း ဘဝင်မကျလှ။

သို့သော် ဖိတ်ကြားသည်ကို မစေလွှတ်လျှင် ညီနောင်ချင်းချင်း ပြဿနာ ရှင်းနေရဖို့ ရှိသောကြောင့် ပြဿနာလည်းပြေလည်စေ၊ သမီးလည်း ပျော်ရွှင်စေဟူသော သဘောဖြင့် စေလွှတ်ခွင့်ပြုလိုက်သည်။ သို့ရာတွင် မိမိ၏မလိုလားလှသော သဘောထားကိုပြသသည့်အနေဖြင့် သိဒ္ဓတ္ထထံသို့ဝင်သည့်အခါ နောက်ဆုံးမှဝင်၊ နောက်ဆုံးမှသွားဟု သမီးယသော်ဓရာအားမှာကြား အမိန့်ပေးလိုက်သည်။

လက်ဆောင်ပေးအပ်ပွဲအတွက် မဏ္ဍပ်ကြီးကို နန်းရင်ပြင်တွင် သီးသန့်ဆင်ယင် ပြုလုပ်ထား၏။ သတ်မှတ်ထားသော ရက်မတိုင်မီညကပင် ယင်းမဏ္ဍပ်တွင်းပြင်တို့၌

www.burmeseclassic.com

www.burmeseclassic.com



ပွဲလမ်းသဘင်တို့ဖြင့် ပျော်ရွှင်စွာဆင်နွှဲကြ၏။ သတ်မှတ်သော အချိန်တွင် ပိုးဖဲကတ္တီပါ ရတနာမျိုးစုံတို့ ဆင်ယင်သော မောင်းမမိဿံတို့ မဏ္ဍပ်ပြည့်မျှ ဝန်းရံမိကြပြီဖြစ်၏။

မဏ္ဍပ်တစ်ဖက်မှာ ဖိတ်ကြားထားသော မင်းသမီးတို့အတွက် သီးသန့် နေရာ ဖြစ်၏။ အစွမ်းကုန်ပြင်ဆင်၍ လာကြသောကြောင့် အလှပြိုင်ပွဲကြီးပမာဖြစ်သည်။ အမှန်အားဖြင့်လည်း မိမိတို့အလှကို သိဒ္ဓတ္ထမင်းသား ရွှေဘောတော်ကျ ပြသန်ရန်အတွက် အလှပြိုင်ပွဲကြီးပင်ဖြစ်၏။

မဏ္ဍပ်ထိပ် အလယ်နေရာတွင် သိဒ္ဓတ္ထမင်းသားထိုင်သည်။ သူ့နံဘေး ဝန်းကျင်တွင် အမျိုးသမီးအဆင်တန်ဆာ ရတနာမျိုးစုံတို့ ထည့်တင်ထားအပ်သော ကလပ်ကြီးငယ်တို့ ခြံရံထားသည်။ ညင်းညင်းညှံ့ညှံ့ ဂီတသံကလေးများက ငြိမ့်ငြိမ့် ညောင်းညောင်း ထွက်ပေါ်၍နေသည်။

ဖိတ်ကြားထားသော မင်းသမီးများ အစုံအညီရောက်မရောက်ကို နားခံတော်က စစ်ဆေးသည်။ ထိပ်ဆုံးအမှတ်တစ်တွင် စာရင်းတင်ထားသော ဘုရင်သုပ္ပဗုဒ္ဓ သမီးတော် ယသော်ရောမှတစ်ပါး အားလုံးစုံညီ၏။ သို့နှင့်သတ်မှတ်ထားသောအချိန် ကျရောက်လာ၍ နားခံတော်က အမှတ်တစ်ကိုကျော်၍ အမှတ်နှစ်မှစတင်ဖတ်ကြော်ရသည်။ လက်ဆောင် ပေးပွဲကြီး စတင်ပြီဖြစ်၏။

''အစ်မတော် ဇနပဒကလျာဏီ ကြွချီတော်မူပါဘုရား'' ဟု နားခံတော်က ကြွေးကြော်လိုက်သောအခါ သူ့နေရာမှ ဇနပဒကလျာဏီကြွချီလာသည်။ မင်းသား ရှေ့သို့ရောက်သောအခါ သိဒ္ဓတ္ထက ရတနာလည်ဆွဲကြီးကို ကိုင်၍ အသင့်စောင့်နေသည်။

''တို့ကိုတော့ အကြီးဆုံး အကောင်းဆုံးကိုပေးမှ ကျေနပ်မယ်နော်''

''ဒါဟာ အကြီးဆုံး အကောင်းဆုံးပါပဲ အစ်မတော်''ဟု မိန့်ကာ ဇနပဒ၏ရင်သို့ ဆွဲဆင်ပေးလိုက်၏။

ဇနပဒပြုံးသွားသည်။ နို့စို့ဖက်ချင်း ရင်းနှီးပြီးသူဖြစ်၍ ဤမျှလောက်တော့ ပြောပိုင်ခွင့်ရှိသည်။ ထို့နောက် တစ်ဖက်နေရာသို့ ထွက်ခွာသွားသည်။

''ဦးကြီးတော်၏သမီး အဘိရူပနန္ဒာ ကြွတော်မူပါဘုရား'' အဘိရူပနန္ဒာ ကြွတော်မူပါဘုရား''ဟု နားခံတော်က နောက်တစ်ယောက် ဖတ်ကြားသည်။ အနီးသို့ ရောက်လာသောအခါ သိဒ္ဓတ္ထမင်းသားက စိန်းစိန်းစိုက်၍ ကြည့်သည်။ အကြောင်းမှာ ရူပနန္ဒာသည် သာကီဝင်မင်းတို့အလယ်၌ အဆင်းလှသူဟု ကျော်ကြားလှသူဖြစ်သည်။ အမည်ကပင် အဘိရူပနန္ဒာ – လှလွန်းကြင် ဖြစ်၏။ သို့ရာတွင် သူ့မျက်နှာကလေးကမူ ညှိုးငယ်သယောင်ရှိသည်။ အဆင်းပင်လှသော်လည်း ထိပ်သီးမင်းသမီးတို့အလယ်တွင် ဂုဏ်အားဖြင့် ငယ်နေသောကြောင့် ဖြစ်ဟန်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဦးကြီးတော်၏သမီး ကိသာဂေါတမီ ကြွချီတော်မူပါဘုရား"ဟု နောက်တစ်ယောက် လျှောက်ကြားလိုက်သောအခါ ကိသာဂေါတမီသည် ဟန်ချီချီဖြင့် ရဲရဲရင့်ရင့် ထွက်ကြွလာသည်။ ပင်ကိုယ် ရုပ်ခပ်ပိန်ပိန်တွင် သာမန်မျှသာ ပြင်ဆင်ထားသည်။ ရုပ်မရှိ လှသော်လည်း ပညာဖြင့် ကျော်ကြားသူဖြစ်၏။ အကြောင်းမူ သူကား ကဗျာဆရာဖြစ်သည်။

မင်းသားကား သူ့ကိုမူ ရတနာလည်ဆွဲအပြင် ပညာကိုအလေးထားသည့် သဘောဖြင့် ပန်းကုံးတစ်ခုဖြင့်လည်း ဆွဲဆင်၍ ပေးလိုက်သည်။

သို့နှင့်တစ်ယောက်ပြီး တစ်ယောက် စာရင်းဝင်မင်းသမီးအားလုံးတို့ ကုန်၍ လက်ဆောင်ပေးအစ်ပွဲကြီး ပြီးစီးပြီဖြစ်၏။ ပွဲသိမ်းရုံမျှသာ ကျန်တော့သည်။

[ ၃ ]

သို့ရာတွင် ပွဲသိမ်းတော့မည်ဆဲဆဲတွင်မှ မင်းသမီးများ နေရာအတွင်းသို့ ယသော်ဓရာသည် အခြံအရံများနှင့်အတူ ရောက်ရှိလာသည်ကို တွေ့ရသဖြင့် နားခံတော်က "ဒေဝဒဟပြည့်ရှင် ဘုရင်သုပ္ပဗုဒ္ဓ၏ သမီးတော် ယသော်ဓရာ နောက်ကျနေသော်လည်း ရောက်ရှိလာပါပြီဘုရား"ဟု လျှောက်ထားလိုက်သောအခါ သိဒ္ဓတ္ထမင်းသားအဖို့ ထိုင်နေရာမှပင် ရုတ်ခြည်း ထထိုင်လိုက်မိပြီး ဖြစ်သွားသည်။ ပရိသတ် အားလုံးကလည်း ယသော်ဓရာဆီသို့ ဦးတည်ကြည့်ရှုနေကြ၏။

ယသော်ဓရာသည် သီးသန့်နေရာသို့ ဝင်လာပြီးနောက် နားခံတော်က မကြေညာမီ အတွင်းမှာပင် သိဒ္ဓတ္ထရှိရာသို့ ဦးတည်၍ သွားသောအခါ မင်းသားအဖို့ ပျာယာခတ် ဣန္ဒြေပျက်သွားရသည်။ အကြောင်းမှာ ယသော်ဓရာသို့ ပေးဖို့ရာ လက်ဆောင်များ ကုန်သွားသောကြောင့်ဖြစ်၏။

ရှေးအခါက ယသော်ဓရာ၏ အမည်နှင့်အလှကို သတင်းသာကြားဖူး၍ မမြင်ဖူးခဲ့ပေ။ ယခုမိမိရှေ့တွင် တော့တော့တင်တင် တွေ့မြင်လာရသောအခါ ရှေးကတစ်ကြိမ် တစ်ခါမျှမမြင်ဖူးခဲ့သော မေတ္တာမိုးတို့ သွန်းဖြိုးမိသွားသည်။ အကြောင်းမှာကား ပုဗ္ဗေဝသန္နိဝါသေနအရ ဘဝအဆက်ဆက်ကပင် ပါရမီဖြည့်ဖက် ပေါင်းဖက်ခဲ့သော ရေစက်ရှင်ပေတည်း။

ထို့ကြောင့် သိဒ္ဓတ္ထနှင့် ယသော်ဓရာတို့ စိန်းစိန်းကြည့်နေမိကြသည်။ တစ်ဦး မေတ္တာတစ်ဦးမှာ ဆိုသကဲ့သို့ မျက်လုံးချင်း မေတ္တာစကား ပြောကြားကြပြီဖြစ်၏။

"နမတော် နည်းနည်းနောက်ကျသွားမိတာကို သည်းခံပါမောင်တော်"

www.burmeseclassic.com

www.burmeseclassic.com



''နောက်ကျတာ အပြစ်မဟုတ်ပါဘူး၊ နမတော်သို့ပေးဖို့ လက်ဆောင်ပစ္စည်း ကုန်သွားတာက မောင်တော်အပြစ် ဖြစ်နေပါတယ်''

''ဖိတ်ကြားထားပြီး နမတော်အဖို့ လက်ဆောင်ပစ္စည်းမရှိဘူးဆိုတော့ နမတော်ကို မုန်းလို့ပေါ့လေ''

''မုန်းလို့မဟုတ်ပါဘူး၊ နမတော်ကိုမမုန်းပါဘူး။ လက်ဆောင်ယူမယ့်သူ မရှိတော့တာမို့ အကုန်ပေးပစ်လိုက်မိလို့ပါ''

''မောင်တော့်ကို ကျီစယ်မိတာပါ။ မောင်တော့်မေတ္တာကို နားလည်ပါတယ်။ တကယ်ဆိုတော့ နမတော်ကသာ မောင်တော့်အလှကို ဆင်ယင်ရမှာပါ။ မောင်တော်ကို ပြုစုရမှာပါ။ ဒါကြောင့်မို့ နမတော်မေတ္တာကို ခံယူသောအားဖြင့် ဟောဒီရတနာလည်ဆွဲကို ခံယူတော်မူပါ။ မောင်တော့် ရွှေလည်တိုင်မှာ ဆွဲဆင်ပေးပါရစေ''

ထိုအခါကျမှ ယသော်ဓရာက မြတဘက်ဖြင့် ဝှက်ယူလာခဲ့သော ရတနာ လည်ဆွဲကို ထုတ်ကိုင်၍ ဆင်ယင်ပေးရန် ဟန်ပြင်လိုက်သည်။

''မောင်တော်ကလဲ မောင်တော့်မေတ္တာ အထိမ်းအမှတ်အဖြစ် ဟောဒီလည်ဆွဲ ကြီးနဲ့ နမတော်ကိုဆင်ယင်ပေးပါရစေ''ဟု ဆိုကာ ကိုယ်တိုင်ဆင်ယင်ထားသော လည်ဆွဲရတနာကို ဆွဲချွတ်၍ ယသော့်ဦးခေါင်းဆီသို့ စွပ်ဆင်ရန် ဟန်ပြင်လိုက်သည်။

ရှေးဦးစွာ သိဒ္ဓတ္ထက ဦးညွှတ်ပေးသည်။ ထို့နောက် ယသော်ဓရာက ဦးညွှတ် ပေးသည်။ ယင်းသို့ဖြင့် လက်ဆောင်ပွဲအဖြစ်မှ ဖခင်ကြီးရည်မှန်းအပ်သော မေတ္တာ ပေါင်းကူးပွဲ၊ ပန်းကုံးစွပ်ပွဲဖြစ်လာသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# ကိုရင်ကလေး

[ ၁ ]

ဆရာတော်နှင့် ကိုရင်ကလေး နှစ်ဦးတို့သည် တောလမ်းခရီးကို ဖြည်းညင်းစွာ သွားနေကြ၏။ ဆွမ်းမစားရသည်မှာ သုံးရက်ရှိသွားပေပြီ။ ဆွမ်းကိုထားဦး၍ ရေမှလွဲလျှင် ဝမ်းမီးကို ငြိမ်းစေနိုင်ရုံမျှသော မည်သည့်အာဟာရကိုမျှ မစားရ။ အကြောင်းမူကား လင်္ကာဒီပတစ်ကျွန်းလုံးလိုလိုတွင်ပင် ဗြာဟ္မဏတိဿခိုးသူတို့ထလျက်ရှိရာ မင်းနှင့် ခိုးသူတို့သည် နေရာများစွာတွင် တိုက်ခိုက်လျက်ရှိနေကြသည်။

သာသနာတော်သမိုင်း၊ လင်္ကာဒီပ သာသနာဝင်တွင် ယင်းဗြာဟ္မဏတိဿ ခိုးသူတို့အရေးသည် ကြီးမားလှစွာ၏။ မြို့ရွာတို့ကိုဖျက်သည်။ လူကိုသတ်သည်။ သို့သော် လူကို သူ့လူကိုယ့်လူရွေးသေးသည်။ ရဟန်းတော်တို့ကိုမူ တွေ့မရှောင်သတ်သည်။ အကြောင်းမူကား ဗြာဟ္မဏတိဿတို့သည် သာသနာတော်၏ ဆန့်ကျင်ဘက် မိစ္ဆာဒိဋ္ဌိများ ဖြစ်ကြ၏။ သာသနာတော်တည်းဟူသော ငှက်ခါးသည် နိမ့်ရှိုင်းစွာ ပျံခဲ့ရသော အချိန်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ခိုးသူဘေးကြောင့် ရဟန်းတော်များစွာတို့သည် မဇ္ဈိမဘက်သို့ ဖောင်ဖြင့် ပြေးကြရ၏။ ပရိယတ်၊ ပဋိပတ်တွင် အစွမ်းထက်၍ အနာဂတ်သာသနာအတွက် အလားအလာရှိသော အချို့ပဥ္စင်းငယ်များကို မထေရ်ကြီးများက အရှည်ကိုကြည့်၍ မဇ္ဈိမသို့ အမိန့်ဖြင့် တမင်စေလွှတ်သည်။ အကြောင်းမူကား သေသော်မှသေစေ၊ လက်ာဒီပသာသနာကို မစွန့်ခွာသော အာဇာနည် မထေရ်တို့ ရှိနေကြသည်။

ပရိယတ်ရော ပဋိပတ်တွင်ပါ ကျော်ကြားသော ယခု မထေရ်ကြီးသည်လည်း လက်ာဒီပကို မစွန့်သူဖြစ်၏။ သို့သော် ကျောင်းတိုက်ကိုကား စွန့်ခွာ၍ ဘေးကင်းမည် ထင်ရာတို့သို့ ရှောင်တိမ်းခဲ့ရသည်။ မထေရ်ကြီးက လက်ာဒီပကို မစွန့်သကဲ့သို့ တပည့် ကိုရင်ကလေးက မိမိ၏ ဥပဇ္ဈာယ်ဆရာမထေရ်ကြီးကို မစွန့်။ ဆရာမထေရ်ကြီးနောက်မှ ဖဝါးခြေထပ်လိုက်ပါ၍ ဝတ်ကြီးဝတ်ငယ် ပြုရသည်။ ကျိုးနွံကိုင်းရှိုင်းသည်။ စွမ်းအားရှိသမျှ ဖေးမပြုစုသည်။ အကြောင်းမူကား မထေရ်ကြီးမှာ ဝါတော် သက်တော်ကြီးရင့် လှပေပြီတည်း။

ကိုရင်လေးသည် ယင်းသို့ ဆရာ့ဝတ္တရားကိုသာ ကျေစေသည်မဟုတ်၊ မိမိ၏ ဝတ္တရားဖြစ်သော ပရိယတ်၊ ပဋိပတ် တာဝန်ကိုလည်း ကျေစေသူဖြစ်သည်။ သွားရင်း၊ လာရင်း၊ ရှောင်တိမ်းရင်းနှင့် အခွင့်သာအခါရသည်နှင့် တစ်ပြိုင်နက် ဆရာ့ရှေ့တွင် စာပလွေခင်း၍ စာတက်သည်၊ ကျက်သည်၊ တရားအားထုတ်သည်၊ ဆရာကလည်း ကြိုးစား၍ ပို့ချပေး၏။

ယခုသော် ဆရာရောတပည့်ပါ အာဟာရနှင့် ကင်းဝေးခဲ့သည်မှာ သုံးရက်ပင် ရှိခဲ့ပြီ။ လမ်းခရီးတွင် ကျေးရွာများကိုတွေ့ပါ၏။ ရွာပျက်များတည်း။ အာဟာရဟူ၍ တစ်စွန်းတစမျှ မတွေ့ရ။ ကိုရင်လေးသည် မိမိအတွက်ထက် သက်ရွယ်အိုမင်းပြီဖြစ်သော ဆရာအတွက် သတိဖြင့် ကြည့်ရှုကာ အာဟာရဖြစ်နိုင်သမျှကို ကြိုးစား၍ရှာ၏ မတွေ့။

သို့နှင့် ဆရာတပည့်နှစ်ဦး နံနက်ခင်းအချိန်၌ တောလမ်းခရီးတစ်ခုတွင် ကြိုးစား၍ လျှောက်ခဲ့ကြရာမှ ရှေ့နားတွင် ရွာပျက်တစ်ခုကိုတွေ့ရပြန်သည်။ ရွာကိုလွန်သော ထန်းတောတစ်ခုကို ဖြတ်ရသည်။ ထန်းပင်များတွင် အာဟာရအတွက် ထန်းသီးရှိလေမည်လားဟု ကိုရင်လေးက ဂရုတစိုက် ကြည့်ရှုရှာဖွေသောအခါ ပင်မြင့်ကြီး တစ်ပင်အပေါ်တွင် ဝါဝင်းမှည့်ရွဲလျက်ရှိသော ထန်းသီးမှည့်များကိုတွေ့ရ၍ "ခေတ္တ ဆိုင်းငံ့တော်မူပါဦး ဆရာတော်ဘုရား"ဟု လျှောက်ထားလိုက်သည်။

"ဘာလုပ်မယ်တုံး မောင်ရင်၊ မောနေပြီလား"

"ရှေ့နားက အပင်ပေါ်မှာ ထန်းသီးမှည့်များကို တွေ့ရပါသည်၊ တပည့်တော် တက်ဆွတ်ပြီး ကပ်လှူမလို့ပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်မော်ကြည့်သောအခါ ထန်းသီးမှည့်များကို တွေ့ရ၍ ဝမ်းမြောက်ပါ၏။ သို့သော် တပည့်ဖြစ်သူ အားနည်းနေသည်။ ထန်းပင်ကလည်း မြင့်လှသည်။

"တပည့် ။ ။ ထန်းသီးရှိသည်မှန်၏၊ သင့်မှာ အားမရှိ၊ တက်ရန်မသင့်"

"အင်အားနည်းသည်မှန်ပါ၏။ သို့သော် တပည့်တော်သည် လူငယ်ဖြစ်၍ အင်အား ရှိပါသေးသည်။ ကြိုးစား၍ တက်ပါမည်ဘုရား"

ဆရာတော်သည် ထန်းပင်တစ်ပင်ခြေရင်းတွင်ထိုင်၍ ငြိမ်နေလိုက်၏။ ကိုရင်လေးသည် လွယ်လာသော ဗယားအိတ်ကြီးကိုချကာ အိတ်အတွင်းမှ ပဲခွပ်ငယ်ကို ထုတ်သည်။ ကေသီကို ကျစ်လျစ်စွာ ကိုယ်တွင် ရစ်ပတ်လိုက်သည်။ သင်းပိုင်ကို တိုတိုပြင်၍ ဝတ်သည်၊ ထို့နောက်တွင်မူ ပဲခွပ်ကို ခါးတွင်ထိုး၍ ထန်းပင်သို့တက်သည်။ လက်ာဒီပဟူသည် အုန်း ထန်းတို့၏ ကျွန်းဖြစ်သည့်အတိုင်း လူငယ်တို့အဖို့ အုန်းပင် ထန်းပင်တက်ရာတွင် ကျင်လည်ပြီး ဖြစ်ကြ၏။

ရဟန်းတော်များအဖို့ အသက်ဘေးအတွက် မဟုတ်ခဲ့သော် သစ်ပင်ပေါ်သို့ တက်သူ(လက်ခုပ်တစ်ဖောင်)ထက်ပို၍ မတက်ရဟူသော သိက္ခာပုဒ်တော်ရှိ၍ ကိုရင်များကား လိုအပ်သမျှ တက်နိုင်သည်။

ဗယားအိတ်ကြီးဟူသည်ကား ယနေ့ခေတ် သာသနာ၌ ရဟန်းတော်တို့တွင် ပျောက်ကွယ်လျက်ရှိနေသော်လည်း ဘုရားရှင် လက်ထက်တော်နှင့် နောက်ပိုင်း သာသနာအတန်ကြာအထိ ရဟန်းတော်တို့ မပြတ်လွယ်ဆောင်သော ပစ္စည်းတစ်ရပ် ဖြစ်၏။

ယင်းအိတ်ကြီးတွင် သပိတ်ပရိက္ခရာနှင့် ပေပုရပိုက်အစရှိသော အခြားလိုအပ် သမျှ ပစ္စည်းများကိုထည့်၍ ပခုံးတွင်လွယ်သည်။ ရံဖန်လက်ဖြင့်ဆွဲကိုင်သည်။ ဆွမ်းခံသည့် အခါတွင် သပိတ်ကို လက်တွင်ယူပိုက်ကာ ဗယားအိတ်ကို အတွင်းထား၍ သင်္ကန်း ရုံသည်။

အရှင်အာနန္ဒာ အဆုံးရှိသော အလုပ်အကျွေးသံဃာများစွာတို့သည် ဘုရားရှင်၏ နောက်တော်မှလိုက်ပါကြရာ၌ ဘုရားရှင်၏သပိတ်တော်ကိုယူ၍ လိုက်ပါကြရသည်။ ဘုရားရှင်၏သပိတ်တော်နှင့် မိမိ၏သပိတ်ကို ယင်းအိတ်ကြီးများအတွင်းထည့်၍ လိုက်ပါခြင်းဖြစ်သည်။ ဆွမ်းခံသည့်အခါမှ သပိတ်ကိုထုတ်၍ လက်တွင်ပိုက်သည်။

အထူးသဖြင့်ကား ဗယားအိတ်ဟူသည် ရှေးခေတ် ဆေးဆရာကြီးများနှင့် တောလိုက်မုဆိုးများ လက်စွဲအသုံးပြုသော ပစ္စည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗယားအိတ်ကြီး လွယ်ပြီးသောအခါ
ပစ္စာသီသာ၊ နှလုံးချ၍
မွမွသိပ်သည်။ ပညာမိုးလော့။

## စိကိစ္ဆာ ဆေးလက်ာ

ဆေးဆရာကြီးများနောက်တွင် တပည့်ဖြစ်သူက ဆေးမျိုးစုံထည့်ထားသော ဗယားအိတ်ကြီးကို လွယ်၍ လိုက်ရ၏။ မုဆိုးများ ပစ်ခတ်ဖမ်းဆီး၍ ရသော သားကောင်ကို ထည့်၍လွယ်သည်။

'မြန်မာစာအဖွဲ့' ၏ 'မြန်မာအဘိဓာန်'ကျမ်းတွင် 'ဗယားအိတ်–န၊ ဗယားအိတ်၊ ရှေးက ဆေးပစ္စည်းများထည့်၍ သမားများ ပခုံး၌ လွယ်ဆောင်လေ့ရှိသော အိတ်လျားရှည်၊ သားကောင်သေများ ထည့်၍လွယ်သော မုဆိုးအိတ်'ဟု ဖော်ပြသည်။ ယင်းဗယားအိတ်တို့၏ဘုရင်ကား အလောင်းတော် ဆန္ဒန်ဆင်မင်းဇာတ်တော်မှ သောနုတ္တိုရ်မုဆိုးလွယ်သော အိတ်ကြီးပေတည်း။

ကိုရင်လေး၏ ဗယားအိတ်တွင် ဆရာတပည့်နှစ်ယောက်တို့၏ သပိတ်ပရိက္ခရာ၊ သင်ကြားရန် စာပလွေနှင့် တောလမ်းခရီး ဖြစ်သောကြောင့်လိုအပ်သလို အသုံးပြုနိုင်ရန် ဓားငယ်၊ ပဲခွပ်တို့ပါသည်။

ထန်းပင်ပေါ်သို့တက်သောတပည့်ကို ဆရာတော်သည် တစိုးစိုးတထိတ်ထိတ်ဖြင့် ကြည့်နေ၏။ သို့သော် ကိုရင်လေးသည် ထန်းပင်ထိပ်ဖျားသို့ အလွယ်နှင့်ပင်ရောက် သွားသည်။ ထန်းညှာကို ပဲခွပ်ဖြင့်ခုတ်ဖြတ်သည်။ သို့သော် ပဲခွပ်သည် သပ်ချောင်၍ နေသောကြောင့် အသွားကျွတ်ကာ မြေသို့လွတ်ကျသွားသည်၊ ခက်ကပြီ။

မြေသို့ဆင်း၍ ပဲခွပ်ကိုသွားယူပြီး တစ်ဖန်ပြန်တက်ဖို့ကလည်းအခက်၊ ဆရာဖြစ်သူအား ပဲခွပ်သွားကို ပစ်တင်ပေးပါဟု ခိုင်းဖို့ရန်လည်းအခက်၊ တပည့်ဟူသည် ဆရာအား အဘယ်မျှလွယ်ကူ၍ မလွဲသာသောကိစ္စပင်ဖြစ်စေ စေခိုင်းအပ်ရိုး ထုံးစံမရှိ၊ သတိရပြီ။

ကိုရင်လေးသည် ထန်းရွက်များကိုဖြတ်ခွဲ၍ တစ်ခုနှင့်တစ်ခု ဆက်သည်။ မြေသို့ရောက်အောင် အရှည်ရသောအခါ ပဲခွပ်ရိုးကို အဖျားတွင်ချည်၍ မြေသို့ချသည်။ ထို့နောက် ''ဆရာတော်ဘုရား။ ပဲခွပ်သွားသည် သူ့နေရာနှင့်သူဖြစ်လျှင် သင့်လှပါတော့ သည်ဘုရား'' ဟု လျှောက်ထားလိုက်သည်။

ဆရာတော်က လိမ္မာလှသော တပည့်ကိုပြုံးကာ ပဲခွပ်သွားကို အရိုးတွင် တပ်၍ပေးလိုက်သည်။ ကိုရင်လေးက ရောက်လာသောပဲခွပ်ကို မကျွတ်အော

www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ကာ ထန်းသီးမှည့်များကို ခုတ်ဖြတ်ဆွတ်ခူး၍ ထန်းရွက်ကြိုးဖြင့်ပင် အောက်သို့ ချသည်။ သို့နှင့် ဆရာနှင့်တပည့်နှစ်ဦးတို့အဖို့ သင့်လျော်သော အာဟာရကို ရရှိကြသည်။

ဤနေရာတွင် ရလာသော အာဟာရလေးအတွက် ဆရာတပည့်နှစ်ဦးငဲ့ညှာကြပုံမှာ ဆရာက "ကိုရင်၊ ငါတို့နှစ်ဦး အာဟာရကင်းပြတ်ကြသည့် အတူတူမှာ သင့်မှာ ထန်းပင်သို့တက်ရ၍ ပင်ပန်းလှသည်။ ရလာသော ထန်းကို သင်လိုအပ်သမျှ စားလော့၊ အကျန်ကိုသာ ငါ့အားကပ်လော့"ဟု မိန့်သည်။

"ဆရာတော်ဘုရား၊ တပည့်တော်က ပဓာနမဟုတ်ပါ၊ ဆရာတော်သာ ပဓာန ဖြစ်ပါသည်။ ဆရာတော်မစားသုံးလျှင် တပည့်တော်မစားတော့ပြီ" ဟု လျှောက်သည်။ သို့နှင့်ဆရာနှင့် တပည့်မျှတစွာ စားသုံးကြပြီးနောက် ကိုရင်လေးက ကျန်သော ထန်းသီးများကို ဗယာ:အိတ်တွင် ထည့်ကာ ခရီးဆက်ခဲ့ကြသည်။ ထန်းသီးကုန်သော် အာဟာရ ပြတ်ပြန်၏။ ပြတ်လိုက်သည်မှာ ခုနစ်ရက်ပင်ရှိခဲ့ပေပြီ။

[ ၂ ]

အန္တရာယ်ကိုတိမ်းရှောင်ရင်းဖြင့် ဆရာတပည့်နှစ်ဦးတို့ ခရီးသွားရသည်မှာ ခက်ခဲလှစွာ၏။ အာဟာရကင်းပြတ်ခြင်းနှင့်အတူ တစ်ဖက်တွင် ခိုးသူတို့ရန်ကို ကွင်းရှောင်ရသကဲ့သို့၊ တစ်ဖက်တွင် လူသားစား လူရိုင်းတို့၏ရန်ကိုလည်း သတိပြုရသည်။

ထိုခေတ်က လင်္ကာဒီပတောစွန်း ပင်လယ်ဖျားအရပ်များတွင် လူသားစား လူရိုင်းများရှိကြ၏။ မဖွံ့မကဲ့သို့ပင် နိမ့်မြင့်လူဇာတ်ရှုပ်ယှက်ခတ်လှသော လင်္ကာဒီပတွင် သူတို့သည် လူဇာတ်ပင်ဖြစ်သော်လည်း အရိုင်းဆုံး အနိမ့်ဆုံးအမျိုးအနွယ်တည်း။ အချို့က သူတို့ကို လင်္ကာဒီပမှ သမိုင်းစဉ်လာ ဘီလူးများဟုပင် ဆိုကြသည်။ သူတို့ကို ခိုးသူတို့ကပင် ကြောက်၍ကွင်းရှောင်ကြသည်။ ဆရာတပည့်နှစ်ဦးတို့အဖို့မူ ခိုးသူတို့နှင့် ကင်းဝေးရာသို့ လာခဲ့ကြရာ၌ ခိုးသူတို့ကို ကွင်းရှောင်သကဲ့သို့ သူတို့ကိုလည်း မပြတ် သတိပြုရသည်။

သို့နှင့် ညချမ်းအချိန်၌ တစ်နေရာသို့ အရောက်တွင် လုံခြုံသော ကျောင်းကလေး တစ်ခုကို တွေ့ရသောအခါ ကိုရင်လေးက ဆရာတော်အား ဤနေရာတွင် သီတင်းသုံး ပါဘုရားဟု လျှောက်ထားသည်။ သင်ဘယ်နေရာမှာအိပ်မည်နည်းဟုမေး၍ တပည့်တော် သင့်လျော်ရာမှာနေပါမည်။ ဆရာတော်သာ လုံလုံခြုံခြုံသီတင်းသုံးပါဘုရားဟု လျှောက်ထားပြီး ဆရာအနားမှခွာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံးသို့ ကြည့်လိုက်သောအခါ ကိုရင်လေးအဖို့ အိပ်စရာ နေရာမရှိ ဆရာနှင့်အတူအိပ်၍လည်းမဖြစ်၊ ဝိနည်းတော်က တားမြစ်ထားသည့်အပြင် ဆရာကိုလည်း အလွန်လေးစားသူဖြစ်သည်။ ညဥ့်ကလည်းဆောင်းဦးလေကလေး တသွေးသွေးနှင့် ချမ်းအေးလှသည်။ ညဥ့်နက်လေအေးလေဖြစ်၏။ လုံလုံခြုံခြုံအိပ်စရာ နေရာကလေး တစ်ခုတော့ရှာဦးမှ။

ကိုရင်လေးသည် မလှမ်းမကမ်းတွင် နေ့လယ်က ဖြတ်သန်းဖူးမြော်လာခဲ့သော စေတီတော်တစ်ဆူကို သတိရ၏။ ကျေးရွာလူသူကင်းဆိတ်နေသောကြောင့် စေတီတော်ကို ဂရုစိုက်မည့်သူမရှိ စေတီရင်ပြင်တွင် သမန်းမြက်တို့သည်းသည်းလှုပ်မျှ ပေါက်ရောက် နေကြသည်။ ခြောက်သွေ့သော ကောက်ရိုးအမှိုက်များကိုလည်း တွေ့ခဲ့ရသည်။ မြက်ပင်ရှည်တို့အလယ်တွင် ကောက်ရိုးကိုခင်း၍ အိပ်ရသော် လေလုံ၊ အအေးလုံမည်။ စေတီတော်ကိုလည်း အာရုံပြုနိုင်မည်၊ သို့နှင့် စေတီရှိရာသို့လာခဲ့သည်။

သို့ရာတွင် ဘုရားရှိခိုးပြီး၍ အိပ်ရာနေရာကို ပြင်ဆင်လဲလျောင်းလိုက်သော အခါ ကိုရင်လေးခမျာ ဗုန်းဗုန်းလဲရှာပြီတည်း။ ဆရာရော တပည့်ပါ ယခုတစ်ကြိမ် အာဟာရ ကင်းပြတ်ခဲ့သည်မှာ ခုနစ်ရက်ပင် ရှိပြီဖြစ်၏။ မကင်းပြတ်မီက အာဟာရ ဆိုသည်မှာလည်း ထန်းမှည့်ထန်းဆန်မျှဖြစ်သည်၊ ခရီးက ရပ်နားနေ၍ မဖြစ်၊ အန္တရာယ် လွတ်ကင်းမည့်နေရာခရီး ဆက်သွားရင်းဖြင့် ဘေးကိုရှောင်ရသည်။

အိပ်စက်ခြင်းနှင့် ရေဖြင့်သာ အထောက်အကူပြုထားရသည်။ ဆရာတော်မှာ အိုမင်းလှပြီဖြစ်သော်လည်း မညည်းမညူ၊ လောကဓံကို သည်းခံရှာ၏။ ကိုရင်လေးမှာမူ မိမိကိုယ်ထက် ဆရာကို ဂရုစိုက်သည်။ ဗယားအိတ်ကို လွယ်ရသည်။ အာဟာရကင်း ခရီးပြင်းသဖြင့် ညှိုးငယ်ရသော်လည်း ဆရာစိတ်ပူမည်ကြောင့် ညှိုးငယ်ဟန်ကိုမပြ၊ အစွမ်းရှိသမျှ အားတင်းထားသည်။

ယခုသော် ကိုယ်ရောစိတ်ပါ ဖြေလျှော့ချလိုက်သောအခါ ခန္ဓာအားအင်ကုန်ဆုံး၍ ဗုန်းဗုန်းလဲရှာပြီဖြစ်၏။ မိမိသည် ဤနေရာမှ ထနိုင်တော့မည် မဟုတ်တော့ဟု ကိုရင်လေး သိလိုက်ပြီဖြစ်၏။ ဆရာကို မပြတ်သတိရပါ၏။ ဆရာသည် မိမိတည်းဟူသော အဖော်ကင်းသကဲ့သို့ မိမိသည်လည်း ဤနေရာတွင် လူမသိသူမသိ ကွယ်လွန်ဖို့သာ ရှိတော့သည်။

ကိုရင်လေးသည် သေရမည်ကိုမကြောက်၊ ပုပ္ဖုဇ္ဇန သတ္တဝါမှန်သမျှ ကြီးငယ်မဟူ ကွယ်လွန်ကြရမည်ကို တရားရှင်ဖြစ်သော ကိုရင်လေး အလေးအနက် သဘောပေါက် ထားပြီးဖြစ်သည်။ ငယ်စဉ်ကလေးကပင် သာသနာတော်အတွက် မိမိ၏ ကိုယ်အသက်ကို

www.burmeseclassic.com

www.burmeseclassic.com



စွန့်လွှတ်ထားခဲ့ပြီးဖြစ်၍ ဆရာမှတစ်ပါး သံယောဇဉ်ဟူ၍လည်း ဟုတ်ဟုတ်ညားညား မရှိ။

မှန်၏။ သာမဏေဖြစ်လာသည့်အချိန်မှစ၍ ဥပဇ္ဈာယ် ဆရာသည်သာ မိဘဖြစ်၍ သာသနာတော်သည်သာ လဲလျောင်းရာ၊ ပုန်းအောင်းရာဟု စွဲပိုက်ခဲ့၏။ ဆရာ့ထံမှ ရနိုင်သမျှသော ပညာကိုယူသည်။ ဆရာ ညွှန်ကြားထားသော ကမ္မဋ္ဌာန်း တရားကို မပြတ်လေ့လာအားထုတ်သည်။ ဆရာ့ဝတ္တရားကို မျက်ခြည်မပြတ် ပြုစုသည်။ မိမိ၏ အကျင့်သီလကို ပြန်လည်သုံးသပ်လိုက်သည့်အခါတွင်လည်း ပျက်ဖို့ဝေး၍ ကွက်သည် ကျားကိုမျှမတွေ့ရ။ သို့နှင့် အပြစ်ကင်းသော မိမိ၏သီလအတွက် ခန္ဓာအင်အား မရှိသော်လည်း စိတ်အင်အားတိုးတက်၍ပြုံးသည်၊ နှစ်သိမ့်ဝမ်းမြောက်သည်။ သီလ ပြည့်စုံသူအဖို့ သေရမည်ကိုမကြောက်။

မသေမီတွင် ကမ္မဋ္ဌာန်းဖြင့် သေရသော် ကောင်းလေစွဟု မထနိုင်တော့သော ကိုယ်ဖြင့်ပင် မပြတ်လေ့လာခဲ့သော ကမ္မဋ္ဌာန်းကို အာရုံယူပွားများသည်။ ကမ္မဋ္ဌာန်းမှ ထသော် ဗုဒ္ဓါနုဿတိဘာဝနာကိုပွားသည်။ ထိုအခါ မိမိလဲလျောင်းနေသော စေတီတော် ရင်ပြင်တော်ကို သတိရ၏။ သတိရသော် မိမိမရှိမသေလဲလျောင်းနေမိသော စေတီ ရင်ပြင်တွင် ဝတ္တရားကျေရန် စေတီယင်္ဂဏဝတ်ကလေးတော့ ပြုဦးမှဟု သတိရကာ ရှိသမျှသော အင်အားကလေးနှင့် လက်လှမ်းမီရာ မြက်ပင်ရှည်များကို ဆွဲ၍ နုတ်သည်။ အကြောင်းမူကား ကိုရင်လေးသည် ရောက်လေရာ၊ နေလေရာတွင် ရတနာသုံးပါးနှင့် ဆရာ့ဝတ္တရားကို အလေးဂရု မပြတ်ပြုခဲ့သော ဝတ်နှင့်ပြည့်စုံသူဖြစ်၏။

ထိုအခိုက် ''ဟိတ် – ဟိတ်၊ ခဏရပ်ကြဦး၊ ဟောဟိုမှာ မြက်ပင်တွေ လှုပ်နေတယ်၊ သမင်လား၊ ဝက်လားမသိဘူး၊ ဒီနေရာမှာ သမင်ပေါတယ်၊ ရွာမရှိတော့လို့ ဝက်တော့ ဟုတ်မှာမဟုတ်ဘူး၊ ဘာကောင်ဖြစ်ဖြစ်ကွာ အမိဖမ်းရမယ်၊ တို့အတွက် ဟာန်ကျနေပြီ၊ ဖြေးဖြေးချင်း ဝိုင်းကြဟေ့''ဟူသော မတိုးမကျယ် လူသံများကို ကိုရင်လေး ကြားလိုက်ရသည်။

သို့နှင့် တဖြည်းဖြည်း ဝိုင်းလာသော မတိုးမကျယ် ခြေသံများကို ကိုရင်လေး အနီးသို့ ရောက်လာပြီး မြက်ပင်ရှည်တို့ကို ဖြဲ၍ ကြည့်လိုက်သောအခါ လဲလျောင်းလျက် ရှိသော ကိုရင်လေးကို အံ့သြစွာ တွေ့ကြရသည်။

''ဟာ–ကိုရင်လေးတစ်ပါးပါလားတော့၊ ကံကောင်းလို့ဟိတ်၊ ငါက မြက်ပင်ထဲကို ရမ်းပြီး လေးနဲ့ပစ်မိလိုက်တော့မလို့၊ ပစ်မိလို့များ မတော်တဆ ကိုရင်လေး မှန်သွားရင် ဒုက္ခပေါ့၊ ကိုရင်လေးဘယ်လိုဖြစ်နေပါသလဲ''

www.burmeseclassic.com

www.burmeseclassic.com



"မြင်တဲ့အတိုင်းပါပဲ ဒကာတို့"

"ကေန္တ အစာပြတ်နေပြီနဲ့တူတယ်"

"အဟာပြတ်နေတာ ခုနစ်ရက်လောက်တောင်ရှိသွားပါပြီ ဒကာတို့"

"ဩော်-ဖြစ်မှဖြစ်ရလေ၊ အနို့ ကိုရင်လေးတစ်ပါးထဲလား၊ အဖော်ပါဦးမှာပေါ့"

"ငါ့ဆရာပါပါတယ်၊ ဟိုဘက်နားက ကျောင်းမှာ သီတင်းသုံးနေပါတယ်၊ ဆရာလဲ ငါ့လိုပဲ အာဟာရပြတ်နေတာ ခုနစ်ရက်ရှိပါပြီ"

"ကိစ္စမရှိပါဘူး၊ တပည့်တော်တို့မှာ စမြိန်ထုပ်ပါတယ်၊ ပျားရော ရေရော အသင့်ပါတယ်၊ ကိုရင်လေးကို ပေးခဲ့မယ်၊ ဖြည်းဖြည်းလဲစား ကိုရင်၊ အစာငတ်နေတာကြာလို့ အလောတကြီးစားရင် အူပေါက်တတ်တယ်၊ တပည့်တော်တို့ ဒီအနားမှာ ကြာကြာနေလို့တော့ မဖြစ်ဘူး၊ လူရိုင်းတွေ နေရာနဲ့ နီးနေတယ်၊ တပည့်တော်တို့ဟို အရှေ့ဘက်နားက ရွာမှာနေတယ်။ ကိုရင်လေးတို့ လာနိုင်အောင် သစ်ကိုင်းလေးတွေကိုချိုးပြီး လမ်းပြခဲ့မယ်၊ ကိုရင့် ဆရာကိုပါပင့်ပြီး ရွာကို ကြွခဲ့ကြပေတော့၊ တပည့်တော်စောင့်ရှောက်ကိုးကွယ်ပါ့မယ်"

"ကောင်းပါပြီ ဒကာတို့၊ သွားနှင့်ကြပေတော့၊ ဒကာတို့ ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ"

စမြိန်ထုပ်နှစ်ထုပ်နှင့် ပျားတစ်အိုး ကိုရင်လေးဘေးတွင် ချထားပြီးနောက် ရေကိုမှု သပိတ်တွင်လောင်းထည့်ခဲ့သည်။ ဒကာများ ထွက်သွားကြသည်။ ဗုဒ္ဓါနုဿတိနှင့် တရားတော်တို့၏ အကျိုးပေတည်း။

## [ ၃ ]

အစာရသောအခါ ဆရာကို အရင်သတိရ၏။ ပြေး၍ ကပ်လိုက်ချင်သည်။ သို့သော် ကိုယ်ခန္ဓာက မနိုင်မကြွနိုင် ယိုင်နဲ့လျက်ရှိသည်။ အစာကလေးဝင်သွားမှ ထနိုင်ဖို့ရှိသည်။ ခပ်သုတ်သုတ် စားလိုက်ဦးမှ၊ ဆရာတော် ဆာရှာရှာရော့မည်။

ကျေးဇူးရှင် ဒကာများက ဖြည်းဖြည်းလဲစားဟု သတိပေးသွားသည်။ မှန်၏။ အချိန်ကြာမြင့်စွာ အာဟာရပြတ်၍နေသူအဖို့ အူကျဉ်းသွားသည်ဟုဆိုသည်။ အစာကြမ်းကို အလောတကြီးစာသော် အူပေါက်ဒုက္ခရောက်တတ်သည်။

ရဟန်းတော်များအား နံနက်ပိုင်းတွင် ယာဂုဆွမ်းကပ်သော အလေ့အထရှိ၏။ အရုဏ်တက် နံနက်စောစောပိုင်းတွင် ဒကာများက ထိုထိုဆွမ်းစား ဖရပ်တို့မှ

www.burmeseclassic.com

www.burmeseclassic.com



ယာဂုဆွမ်းကပ်ကြ၏။ အချို့ အိမ်သို့ပင့်၍ကပ်၏။ အဓိပ္ပာယ်မှာ ကျမ်းစာ သင်အံ ကျက်မှတ်မှု ပရိယတ္တိ၊ တရားအားထုတ်မှု ပဋိပတ္တိဖြင့်ပင်ပန်းလျက်ရှိသော ရဟန်းတော်များအား ညဉ့်ပိုင်းက အာဟာရပြတ်ခဲ့သည်ကို အခုအခံအနေဖြင့် အားဖြည့်ပေးမှု ကုသိုလ်ဖြစ်သည်။ ယခု ကိုရင်လေးတို့ကဲ့သို့ အလျဉ်းမသင့်သဖြင့် ဆွမ်းပြတ်နေခဲ့ပါသော်၊ သို့မဟုတ် ခုနစ်ရက်တိုင်တိုင် သမာပတ်ထိုင်ခြင်းဖြင့် အာဟာရကင်းပြတ်ကာ နိရောဓ သမာပတ်မှ ထလာသော ရဟန်းတော်ဖြစ်ခဲ့ပါသော် အူကျဉ်းမှုဒုက္ခမှကင်းဝေးစေရန် နူးညံ့သော ယာဂုဆွမ်းဖြင့် အခုအခံဖြစ်ရန် ကပ်လှူကြခြင်းဖြစ်သည်။ သို့ဖြင့် ယာဂုဆွမ်းသည် သာသနာတော်၏အလေ့အထကြီးတစ်ရပ် ဖြစ်ခဲ့သည်ကို ကိုရင်လေးသတိရ၏။

ယခု ယာဂုဆွမ်းမရှိသော်လည်း စမြိန်ထုပ်ကို ပျားဖြင့်လူးနယ်၍ ရေဖြင့် ဖြည်းညင်းစွာမျှောချရသည်။ ဆွမ်းကလေးဝင်သွားသောအခါ သိသိသာသာ လန်းဆန်းလာ၏။ ထို့ကြောင့်လည်း သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ – ဟူ၍ ဘုရားရှင် ဟောပါကလား ဘုရားရှင်ကို ကိုရင်လေး အာရုံပြုသည်။

ဆွမ်းကိစ္စပြီးစီး၍ လန်းဆန်းလာသောအခါ ကိုရင်လေးသည် အဦးအဖျား အဖြစ် ဖယ်ထားခဲ့သော ဆွမ်းထုပ်နှင့် ပျားရည်အိုးကို ဗယားအိတ်တွင်ထည့်ကာ ရေကို သပိတ်ဖြင့်ယူ၍ ဆရာတော်အထံသို့ လုပ်လီလုပ်လဲ့ဖြင့်ပင် ကြိုးစား၍လာခဲ့သည်။ ကျောင်းကလေး ပိတ်လျက်သားပင် ရှိချေသေး၏။ ဆရာတော်သည် ထိထိကြွကြွ ဝီရိယ ထက်သန်သူဖြစ်သည်။ ယခုမိုးလင်းပြီးဖြစ်ပါလျက် ကျောင်းကလေး ပိတ်ထား လိုက်သည်ကို တွေ့ရသောအခါ ကေန္တ ဆရာတော်ခမျာ ဆွမ်းဆာလွန်း၍ မိမိကဲ့သို့ပင် မထနိုင်တော့ပြီလား၊ သို့မဟုတ် အိပ်ရာတွင်ပင် အလိုက်သင့် လဲလျောင်းနေမည်လားဟု ကိုရင်လေးတွေးသည်။

စင်စစ်သော်ကား ဆရာတော်သည် ဆာလောင်သည်ကိုသည်းခံ၍ တရား အလုပ်ကို ကျားကုပ်ကျားခဲ အားထုတ်နေရာမှ အနာဂါမ်အဆင့်သို့ မြင့်တက်ရောက်ရှိ ခဲ့ပေပြီ။ ရောက်ရှိရရှိလာသော အဆင့်မြင့်တရားကို ဝမ်းမြောက်ဝမ်းသာ သုံးသပ်လျက် ပီတိဘက္ခာ အဘဿရာမဟူသည့်အတိုင်း ပီတိ ပါမောဇ္ဇတည်းဟူသော အာဟာရဖြင့်ပင် တင်းတိမ်နေရာမှ အပြင်ဘက်မှ "ဆရာတော်ဘုရား – ဆရာတော်ဘုရား" ဟူသော ကိုရင်လေး၏ အသံကိုကြားရသည်။

တရားတွင် အားသည်းနေသေး၍ တစ်ကြိမ်ဖြင့်မထူး၊ ဖွင့်မပေးသေး။ ဒုတိယ အကြိမ်ခေါ်တော့မှ တံခါးကို ဖွင့်ပေးလိုက်သောအခါ သပိတ်ပိုက်ကာ ရွှင်လန်းသော မျက်နှာဖြင့် ရပ်နေသော ကိုရင်လေးကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကေန္တ ဆွမ်းရလာပြီကို ဆရာတော်သိလိုက်ပါ၏။ မိမိသည်လည်း တရားထူး ရလာ၍ ဝမ်းမြောက်၊ ကိုရင်သည်လည်း ဆွမ်းရလာ၍ ဝမ်းမြောက်သည်ကို တပည့်အား ကြည်းနူးစေလိုသည့် သဘောဖြင့် ''မိမိဆရာ၊ အာဟာရပြတ်၍ အိပ်ရာဖြင့်သာ အဖော်ပြုနေသည်ကို လာရောက်နှောင့်ယှက်ရသလောကိုရင်''ဟု ရွှင်ပြုံးစွာဖြင့်ပင် အရောတဝင် ပြောလိုက်သောအခါ ''နှောင့်ယှက်သည်မဟုတ်ပါဘုရား။ ထူးထူးဆန်းဆန်း ဆွမ်းစစ်စစ်ကိုပင် ရလာ၍ ဆရာတော်ကိုကပ်လှူရန် နှိုးမိပါသည်ဘုရား''ဟု လျှောက်ထား သည်။

ဆွမ်းစစ်စစ်ဖြင့် ကင်းပြတ်သည်မှာ ကြာခဲ့ရာတွင် ထူးထူးဆန်းဆန်း ဆွမ်းရ လာပုံကို ကိုရင်လေးက လျှောက်ထားသည်။ ဆရာတော်က ဘုရားရှင်နှင့် တရားတော်၏ အစွမ်းဖြစ်၍ သီလနှင့် ပြည့်စုံနေသမျှ ဤသာသနာတော်တွင် ဆွမ်းငတ်၍ မသေနိုင် ကြောင်း ဆုံးမစကားမြွက်ကြားသည်။

ဆွမ်းကပ်ပြီး၍ အတန်ကြာနားနေကြပြီးသော် ဆရာတော်နှင့်အတူ ပင့်ဖိတ် သွားသော ရွာသို့ ဒါယကာတို့ ချမှတ်သွားသော သစ်ခက်ခရီးအတိုင်း သွားကြသောအခါ ဒါယကာတို့က အားရဝမ်းသာ ဆီးကြိုကြသည်။ တစ်ရွာလုံးပင် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၍ ဝမ်းမြောက်ရ၏။ ရေးရဟန်းတို့ စွန့်ပစ်လေပြီးသော ကျောင်းကလေးတွင် သီတင်းသုံးကြရသည်။ ဖွံ့ဖွံ့ဖြိုးဖြိုး မဟုတ်သော်လည်း အာဟာရ ပြည့်စုံ၍ ကိုရင်လေးအဖို့ ပညာသင်ချိန်ရလာပြန်၏။ တရားကိုလည်း ဖြောင့်တန်းစွာ အားထုတ်ကြရပါသည်။ သို့ရာတွင် ခေတ်ပျက်ကြီးအတွင်း၌ ဒါယကာတို့မှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၍ တစ်ဖက်တွင် မဟာတိဿတို့၏ ခိုးသူရန်ကိုကြောက်ရ၊ တစ်ဖက်တွင်လည်း လူသားစား အရိုင်းတို့ကို ကြောက်ရနှင့် တထိတ်ထိတ် တလန့်လန့် နေကြရသည်။

တစ်နေ့တွင်မူ စာချအပြီးတွင် ဆရာတော်က ''ကိုရင်။ ။ သင့်ကို ပြောစရာ စကားအထူးရှိသည်၊ စေ့စေ့နားထောင်''ဟု ပြောလာ၍ ''တင်ပါ့ဘုရား''ဟု ဦးညွှတ် နာခံလိုက်သည်။

''သင့်ထံမှ ကတိတစ်ခုတောင်းလိုသည်၊ နာခံနိုင်ပါမည်လား''

''နာခံပါမည်ဘုရား၊ ဆရာတော်က သေတွင်းသို့ ဆင်းစေဆိုသော်ပင် ဝမ်းမြောက်စွာ ဆင်းပါမည်''

''ကောင်းလေစွ တပည့်၊ သို့သော် သေတွင်းသို့ အဆင်းမခိုင်းပါ၊ သင်သည် ငယ်ပင်ငယ်သော်လည်း တရားနှင့် ပြည့်စုံ၍ ဓမ္မစေတီထိုက်သူဖြစ်၏။ ပညာသင်၍ လွယ်သော ဉာဏ်ကောင်းသူဖြစ်၏။ မဇ္ဈိမသာသနာဝင်မှ သာသနာပြုရာတွင်

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားသောနိဂြောဓသာမဏေကို အတုယူ၍ သင့်ကိုလည်း ကိုရင်နိဂြောဓဟု အမည်ပေးခဲ့သည်၊ သာသနာတော်သည် သင့်ကြောင့် အကျိုးများစွာ ရှိလိမ့်မည်၊ ထို့ကြောင့် အနာဂတ်သာသနာတော်အတွက် သင့်ကို ကောင်းစွာ မွေးမြူလေလော့''

''တင်ပါ့ ဘုရား''

''ငါတမူကား သက်ရွယ်ကြီးရင့်ခဲ့ပေပြီ၊ သေမင်း၏ တံခါးဝသို့ရောက်ပေပြီ၊ ငါသည် ဤနေရာမှာပင် နေရာမရွှေ့လိုတော့ပြီ၊ အရေးတစ်စုံကြုံလာ၍ ဒါယကာတို့ ပင့်လာသော် ငါ့ကိုထား၍ လိုက်သွားရမည်''

''သည်းခံတော်မူပါဘုရား။ သေမကွဲ ရှင်မကွာပင် ဆရာတော်နှင့် နေလိုပါသည်'' ဟု လျှောက်ထားကာ ကိုရင်လေး။ သက်နိုးစဖြင့် မျက်ရည်သုတ်၏။

''သင် ကတိပေးပြီးပြီ တပည့်၊ ကတိဟူသည် မပျက်စကောင်း။ ငါ့အတွက် တစ်စုံတစ်ရာ မစိုးရိမ်လင့်''

ယခုသော် ကိုရင်လေးမျက်ရည်သုတ်ရုံမျှမက တရှုပ်ရှုပ်ငိုသည်။ ထိုအခိုက်တွင်ပင် ဒါယကာတို့ အရေးတကြီး ရောက်လာကြသည်။ စင်စစ်သော်အနာဂါမ် အဆင့်သို့ပင် ရောက်လာပြီဖြစ်သော ဆရာတော်သည် ယနေ့တွင်ပင် ကုန်ဆုံးတော့အံ့သော မိမိ၏ အာယုသင်္ခါရကို သိသည်။ ယနေ့ပင် ကျရောက်လာတော့မည့် အန္တရာယ်ကို သိသည်။ တရားအဆင့်မြင့် ရဟန်းတော်အဖို့ သေခြင်းနှင့် နေခြင်းသည် အကြောင်းမဟုတ်။ သာသနာတော်အတွက်သာ အကြောင်းဟုတ်သည်။

''လူသားစား အရိုင်းတွေ ဝိုင်းလာပါပြီဘုရား၊ လွတ်ရာကျွတ်ရာကို ပြေးကြရပါမည်၊ အသော့လျင်မြန် ကြွတော်မူကြပါဘုရား''

''ငါ့အတွက် အကြောင်းမဟုတ်ပါ ဒါယကာတို့၊ ကိုရင်ကိုသာ ပင့်သွားကြပါ၊ မိမိတို့ တူသားနှင့်မခြား စောင့်ရှောက်ကြပါတော့''ဟု ဆရာတော်အမိန့်ရှိသောအခါ ပြန်လည် လျှောက်တင်ချိန်မရ။ ကိုရင်လေးကိုသာ လက်ဆွဲ၍ ပင့်ဆောင်သွားကြရသည်။ ကိုရင်လေးသည် ဆရာတော်၏ ခြေတို့ကို ဆုပ်ကိုင်ကာ အထပ်ထပ်ရှိခိုး၍ ခွဲခွာလိုက်ပါရတော့သည်။

[ ၄ ]

မဟာတိဿခိုးသူတို့ဘေးကြီးငြိမ်း၍ သာသနာတော်ငှက်ခါးသည် မြင့်တက်လာသောအခါ လင်္ကာဒီပ သာသနာတော်မှ တရားရှင်ရဟန်း သာမဏေတို့သည် ကောင်းကင်တွင်

www.burmeseclassic.com

www.burmeseclassic.com



နေပြောက်မထိုးနိုင်အောင် ဈာန်ပျံကြသောကြောင့် စပါးလှန်းသူတို့ပင် ညည်းညူရသည် ဟူ၍ မှတ်တမ်းအထိုးခံရ၏။ ယင်းတရားရှင်တို့နှင့်အတူ ပရိယတ္တိ ကျောင်းတိုက်ကြီးများ သည်လည်း စည်ကားတိုးတက်လာကြ၏။ ယင်းတရားတပည့်၊ စာပေတပည့်တို့တွင် ကြီးမားထင်ရှားသော ဆရာတော်များရှိကြသည်သာ ဖြစ်သည်။ ယင်းဆရာတော်တို့အနက် 'ဆရာတော်အရှင် နိဂြောဓ'၊ သို့မဟုတ် ငယ်စဉ်ကပင် ဝတ်နိုဗဒ်နှင့် ပြည့်စုံလှသောကြောင့် ဝတ္တဗ္ဗကနိဂြောဓဆရာတော်ဟူသော အတိတ်ကိုရင်လေး၏ အမည်သည်လည်း တဟိန်းဟိန်း ကျော်ကြားလျက်ရှိခဲ့ပေသည်။ ။

www.burmeseclassic.com

www.burmeseclassic.com



# ခွေးအကျင့်–နွားအကျင့်

[ ၁ ]

သုနက္ခတ်ရဟန်းနှင့် နောက်ပါဒါယကာများသည် ဆရာကြီးကောရခတ္တိယ၏ အလောင်းကို စွန့်ပစ်ထားရာ ရွာစွန်သုသာန်သို့ ရောက်ရှိလာကြ၏။ သုနက္ခတ်ရဟန်းက ဗုဒ္ဓစကား မမှန်ခဲ့ပါသော် မုသာဝါဒဖြင့် စွပ်စွဲရာတွင် သက်သေထူနိုင်ရန်အတွက် ဒါယကာများကို ခေါ်လာခဲ့ခြင်းဖြစ်၍၊ ဒါယကာများကမူ မကြုံစဖူး လူသေကောင် အလောင်းကောင်က စကားပြောလိမ့်မည်ဆိုသော ဗုဒ္ဓ၏စကားအရ အကယ်၍ဟုတ်မှန်ခဲ့ပါသော် အထူးအဆန်း အံ့ဘနန်းကို ကြည့်ရှုတွေ့သိရန်အတွက် လိုက်ပါလာကြခြင်းဖြစ်သည်။

လူသေကောင်က စကားပြောလိမ့်မည်ဟူသော ဗုဒ္ဓ၏စကားကို နားရှိ၍သာ ကြားကြရသော်လည်း ယုံဖို့ရန်မှာ ခက်လှစွာ၏။ သို့သော် သူတို့ဆရာကြီး ကောရခတ္တိယသည် ယနေ့မှ ၇–ရက်အကြာတွင် သေလိမ့်မည်၊ သေရာ၌ ရိုးရိုးသေလိမ့်မည် မဟုတ်၊ အစာမကြေ စားပိုးနင့်၍သေလိမ့်မည်ဟူသော ဗုဒ္ဓ၏စကားမှာ ဒက်ထိမှန်၍ နေ၏။ သေသောအခါ အသေကောင်ကို သုသာန်သို့ စွန့်ပစ်ရတော့မည်မှာ ထုံးစံအတိုင်းဖြစ်၏။ သို့သော် ပြိတ်မြက်ရှိသော သုသာန်တွင် စွန့်ပစ်ရလိမ့်မည်ဟု

www.burmeseclassic.com



ဗုဒ္ဓက ဝိသေသနဖြင့် အထူးပြု၍ ပြောသည်။ ထိုစကားမှာလည်း မလွဲမသွေမှန်၍နေ၏။ သို့ဆိုလျှင် အလောင်းကောင်က စကားပြောလိမ့်မည်ဟူသော ဗုဒ္ဓ၏စကားမှာလည်း မှန်ကောင်း မှန်ချိမ့်မည်ဟူသော အတွေးဖြင့် မှန်ခဲ့သော် အံ့ဩရန်၊ မမှန်ခဲ့သော် သမ္မာဒိဋ္ဌိဂိုဏ်းဆရာကြီး ဗုဒ္ဓကို မုသာဝါဒဖြင့် စွပ်စွဲနိုင်ရန် လိုက်ပါလာကြခြင်း ဖြစ်၏။

ဘုရားရှင်အပေါ်တွင် မကျေနိုင် မချမ်းနိုင် ဖြစ်နေသော သုနက္ခတ်ရဟန်းက သူကြည်ညို အထင်ကြီးသော ခွေးဂိုဏ်းဆရာ ကောရခတ္တိယသည် ခုနစ်ရက်လည်လျှင် သေလိမ့်မည်ဟူသော ဘုရားရှင်၏ အနာဂတံသမိန့်ခွန်းတော်ကို ကျေပျက် စေရန်အတွက် ကြိုးစားခဲ့သည်။ မရ။ သေရာ၌ စားပိုးနင့်ရောဂါဖြင့်သေလိမ့်မည်ဟူသော မိန့်ခွန်းတော် ကိုလည်း မမှန်စေရန်အတွက် မသေမီအတွင်း နေ့စဉ်ကြိုးပမ်းခဲ့သည်။ မရ။ တစ်ဖန် ပြိတ်မြက်သုသာန်တွင် စွန့်ပစ်ရလိမ့်မည်ဟူသော မိန့်ခွန်းတော်ကိုလည်း လွဲမှားစေရန် လမ်းညွှန်ခဲ့သည်။ မရ။

အလောင်းကောင်က အသင်မေးလျှင် ထ၍ စကားပြောလိမ့်မည်ဟူသော ဗုဒ္ဓ၏ နောက်ဆုံးစကား ကျန်ရှိနေချေသေးသည်။ ယင်းစကား မှန်–မမှန် ယခုစုံစမ်းရန် ရောက်လာခဲ့ကြပြီ။ လောက၌ လူသေကောင်ထ၍ စကားပြောခြင်းဟူသည် ဖြစ်နိုင်၊ ရှိနိုင်အံ့လော။ မဖြစ်နိုင်၊ မရှိနိုင်။ သို့ဖြစ်လျှင် ဆရာဗုဒ္ဓကို မုသာဝါဒဖြင့် ကျကျနနကြီး စွပ်စွဲရပေတော့မည်။

သုသာန်နယ်မြေသို့ ဝင်မိကြသောအခါ မြေပြင်တစ်ခုလုံး ဖုံးပိတ်လုမျှ ပြိတ်မြက်ပင်တို့ဖြင့် ပြည့်နှက်လျက်ရှိသည်ကို သုနက္ခတ်ရဟန်းတွေ့ရသောအခါ ဗုဒ္ဓစကားများ လွဲမှားစေရန်အတွက် မိမိမှာလိုက်သည့်အတိုင်း မလုပ်ကြသော ဒါယကာများကို မကျေမချမ်း ဖြစ်သွား၏။

မြေပြင်ဖုံးပိတ်၊ ဒေါင်းမုတ်ဆိတ်၊ မြက်ပြိတ်ရောက်သည်နှင့်။

(ကဝိလက္ခဏာ)

''ပြိတ်မြက်ရှိတဲ့ သုသာန်မှာ မချကြနဲ့လို့ ငါအသေအချာ မှာလိုက်ပါလျက်နဲ့ ဒကာတို့က ငါ့စကားနားမထောင်ကြဘဲကိုး''ဟု နောက်သို့လှည့်၍ အပြစ်တင်လိုက်သည်။

ဒါယကာတစ်ဦးက ''တပည့်တော်တို့က ပြိတ်ပင်လို့ပြောတာကို ပြိန်းပင် (ပိန်းပင်)လို့ ကြားမိပါတယ်၊ ဒီသုသာန်မှာ ပိန်းပင်တစ်ပင်မှ မရှိပါဘူး။ ပြီးတော့ ပြိတ်မြက် ပြိတ်ပင်ဆိုတာကလဲ မကြားဖူးပါဘူး၊ ပါလာတဲ့ အဘိုးကြီးတစ်ယောက်က ဒီအပင်တွေကို ပြိတ်မြက်လို့ ခေါ်တဲ့အကြောင်း နောက်မှပြောပြလို့သိရပါတယ်''ဟု လျှောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



''တယ်လဲ ဗဟုသုတ နည်းကြသကိုး၊ အနိုပြိတ်မြက်တွေမှန်း သိရတော့ အလောင်းကောင်ကို သည့်ပြင်သုသာန်မှာ ရွှေ့ချဖို့ မကြိုးစားကြတော့ဘူးလား''

''ကြိုးစားကြပါတယ်ဘုရား၊ ဆရာကြီးရဲ့ အလောင်းကို သည့်ပြင်နေရာကို ရွှေ့ချဖို့ နည်းမျိုးစုံနဲ့ ဆွဲယူကြပါတယ်၊ နို့ပေမယ့် မြေကြီးနဲ့သံမှိုစွဲထားသလို ရွှေ့လို့မရတော့ပါဘူး။ ဒါနဲ့ လက်လျှော့ပြီး ဒီသုသာန်မှာပဲ စွန့်ပစ်ခဲ့ကြရပါတယ်ဘုရား''

''ကောင်းပါ့ဗျား – ကောင်းပါ့၊ ဒါနဲ့ ဗုဒ္ဓရဲ့စကားမှန်သွားရပြန်တာပေါ့လေ''

''ဒါတွေမှန်တာ ထားလိုက်ပါတော့၊ အလောင်းကောင်က ထပြီး စကားပြောမယ် ဆိုတာ ဘယ်လိုမှ မမှန်ပါဘူး မဖြစ်နိုင်ပါဘူး''

''ယခု ကိုယ်တွေ့လက်တွေ့ တွေ့ကြရတော့မှာပဲလေ'' သုသာန်အတွင်းဘက်သို့ ရောက်ကြသောအခါ ထိုနေရာ ဤနေရာတို့၌ စွန့်ပစ်၍ထားသော အလောင်းကောင် တစ်ချို့ကို တွေ့မြင်လာရသည်။ ငွေကြေးတတ်နိုင်သူတို့က မိမိတို့ဆိုင်ရာ အလောင်း ကောင်များကို အုတ်ဂူတို့ဖြင့် သပ်သပ်ရပ်ရပ် မြှုပ်နှံကြသော်လည်း အများအားဖြင့်မူ ကျင်းတူး၍ပင် မမြှုပ်၊ မြေပေါ်တွင် အလောင်းကောင်အတိုင်းသာ စွန့်ပစ်ခဲ့ကြသည်မှာ ထိုခေတ်၏ ထုံးစံပင်ဖြစ်၏။ အချို့အလောင်းများကို ဖျင်ငယ်ပိတ်ပိုင်း အနည်းငယ်ဖြင့် ထွေးပတ်စွန့်ပစ်ထားကြသော်လည်း အချို့အလောင်းများမှာမူ ဖျင်ငယ်ပိတ်ပိုင်းမျှပင် မရှိ၊ လုံးတီးအတိုင်းပင် စွန့်ပစ်ထားကြသည်။ အချို့အလောင်းများမှာ ရိရွဲ ဖောင်းပွ ပုံပျက်လျက်ရှိပေပြီ။

အလောင်းကောင်များအကြားသို့ ရောက်ကြသောအခါ အပုပ်နံ့များ တစ်ထောင်းထောင်း နံ၍လာသောကြောင့် နှာခေါင်းပိတ်ကြရ၏။ နံနက်ပိုင်းကမှ စွန့်ပစ်ခဲ့ရသော ကောရဓတ္တိယ၏ အလောင်းကတော့ ပုပ်နိုင်သေးဟန်မတူ၊ လူသေလျှင် သုသာန်သို့ ချက်ချင်းပို့ဆောင်ရခြင်းမှာ မဇ္ဈိမတိုင်းသားတို့၏ ထုံးစံတစ်ရပ်ဖြစ်၏။

သစ်ပင်တစ်ပင်၏ ခြေရင်းတွင် စောင်းခွေခွေပုံစံဖြင့် စွန့်ထားသော ကောရဓတ္တိယ၏ အလောင်းကို တွေ့ရလေပြီ။ နဂိုကပင် ခွေးလိုကျင့် ခွေးလိုနေခဲ့သူ ဖြစ်သောကြောင့် သူ့ကိုယ်တွင် အဝတ်ရှိဖွယ်မလို။ သုသာန်သို့ အသုဘချရာ ပို့ဆောင် ရာတွင်လည်း ခွေးဂိုဏ်း၏ အစဉ်အလာအရ ခွေးသေကောင် ပုံစံအတိုင်းပင် ချပို့ခဲ့ကြ သည်။ ခွေးသေကောင်ပုံစံဟူသည်ကား အလောင်းကောင်၏ ချိုင်းကြားနှစ်ဖက်တွင် ကြိုးဖြင့်သိုင်းချည်၍ သုသာန်အရောက် ဆွဲယူခဲ့ရခြင်းပင်ဖြစ်လေသည်။ ချိုင်းကြား နှစ်ဖက် ကြိုးဖြင့်သိုင်းဆွဲသောအခါ ဦးခေါင်းသည် တွဲလောင်းကြီးကျ၍ ဟိုတိုက်သည်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမည်ကြောင့် လည်ပင်ကိုလည်း ကြိုးဖြင့်ရစ်ဆိုင်း၍ တစ်ယောက်က ဆွဲခဲ့ရသည်။ ထို့ကြောင့် ယခုအလောင်းကောင်ကြီး၏ ချိုင်းနှစ်ဖက်မှာ အရေခွံတို့စုတ်ပြတ်နေသည်ကို တွေ့ရ၏။ လည်ပင်းမှဆွဲရသောဒဏ်ကြောင့် လျှာနှင့် မျက်လုံးများ ပြူးထွက်နေသည်ကိုလည်းတွေ့ရ၏။ အသုံးမဝင်တော့သော နွယ်ကြိုးစ တန်းလန်းတို့ပင် ရှိနေပေသေးသည်။ ဤမျှရုပ်ပျက်ဆင်းပျက် ဖြစ်နေသော အလောင်းကောင်ကြီးက အဘယ်ပုံ စကားပြောနိုင်ပါတော့အံ့နည်းဟု သူတို့တွေးကြသည်။ ပြောနိုင်၊ မပြောနိုင် ယခုပင် အထင်အရှား တွေ့ကြရပေတော့မည်။

စကားပြောသည်မှ အလောင်းကောင်က ရိုးရိုးအတိုင်း ပြောသည်မဟုတ်၊ 'ထလာ၍ ပြောမည်'ဟု ဗုဒ္ဓက ပြောလိုက်ချေသေးသည်။ အလောင်းကောင်ကြီး ထ–မထ၊ ပြော–မပြော ယခုပင် သိရတော့မည်။

သုနက္ခတ်ရဟန်းက အလောင်း၏ ခေါင်းရင်းဖက်မှရပ်၍ လူများက အလောင်းကို ဝိုင်းရံ၍ ရပ်လိုက်ကြသည်။ ထို့နောက် သုနက္ခတ်က စောင်းခွေလျက်ရှိသော အလောင်းကောင်၏ ပခုံးကို လက်ဖြင့်ပုတ်၍ စတင်လိုက်သည်။

''ဆရာကြီး ကောရခတ္တိယ ။ ။ အပိဋ္ဌာဂုဏ်နှင့် ပြည့်စုံလှစွာသော ဆရာကြီးသည် သေသည်၏ အခြားမဲ့၌ အဘယ်ဘုံသို့ ရောက်၍နေပါသနည်း၊ သုဂတိဘုံသို့ ရောက်၍နေသည်မဟုတ်ပါလော''

သုနက္ခတ်၏ အမေးစကားဆုံးသည်နှင့်တစ်ပြိုင်နက် အလောင်းကောင်ကြီးသည် အင်အားကောင်းသော အရှိန်ဖြင့် တစ်စုံတစ်ယောက်က မတ်ထူပေးလိုက်သကဲ့သို့ လဲနေရာမှ ရုတ်ခြည်းထလိုက်သည်။ သုနက္ခတ်သို့ မျက်နှာမူလိုက်သည်။ ဒါယကာများ လန့်ဖျပ်၍ မျက်လုံးမျက်ဆန်ပြူးကာ နောက်သို့ဆုတ်သွားကြသည်။ သုနက္ခတ်သည်လည်း လန့်ဖျပ်သည့်သာ ဖြစ်၏။ သို့သော် ဤနေရာတွင် ဆရာဖြစ်နေ၍ ဣန္ဒြေမပျက်အောင် ထိန်းထားသည်။

အလောင်းကောင်ကြီးစကားပြောပါလေ၏။ သုနက္ခတ်၏အမေးကို ဖြေပါလေ၏။

''မဟုတ်ပါဘူးသုနက္ခတ် ။ ။ အဘယ်သုဂတိဘုံသို့မျှ မရောက်ပါ၊ အသုရာဘုံတို့တွင် အယုတ်ညံ့ဆုံးသော ကာလကဥ္စိက အသုရာဖြစ်၍နေပါသည်''

''အလိုလေး အကယ်ပင် ကာလကဥ္စိက အသုရာဖြစ်နေပါသလော''

''ဟုတ်မှန်လှပါ၏။ ငါ၏ ခန္ဓာကိုယ်သည် သုံးဂါဝုတ် (၆–မိုင်ခန့်) ရှည်လျား ကြီးမားပါ၏။ သို့ရာတွင် လူ့ဘဝမှာတုန်းကကဲ့သို့ အာဟာရကြောင့် ဝဖြိုး၍မနေဘဲ

www.burmeseclassic.com

www.burmeseclassic.com



ပိန်ခြောက်ကြုံလှီ၍ နေပါသည်။ ငါ၏ ပါးစပ်ပေါက်သည် ဦးခေါင်းထိပ်တည့်တည့်သို့ ရောက်၍ အပ်နဖားပေါက်လောက်သာရှိပါသည်။ အစာရေစာ စားသောက်ဖို့လိုသော အခါ ပါးစပ်ပေါက်နှင့်တည့်ရန် ဦးခေါင်းကို အောက်သို့စိုက်၍ အပ်နဖားလောက်မျှသော ပါးစပ်ဖြင့် စားရသောက်ရပါသည်''

အနာဂတံသ ရွှေဉာဏ်တော်ဖြင့် ဘုရားရှင်မိန့်တော်မူအပ်သော မိန့်ခွန်းများသည် နောက်ဆုံးအထိ မှန်၍နေလေပြီ။ အလောင်းကောင်ကြီးထလာသည်။ စကားပြောသည်။ အမေးကိုဖြေပြီးပြီ။ ပြီးပြည့်စုံပေပြီ။ ထို့နောက်တွင်မူ အလောင်းကောင်ကြီးသည် ရုတ်ခြည်း ပြန်လည်လဲကျ၍ မူလအတိုင်း ပြန်ဖြစ်သွားသည်။

ဒါယကာများသည် နောက်ထပ် ကြောက်လန့်ဖွယ်ရာ ဖြစ်လာဦးမည်လား ဟူသောစိုးရိမ်စိတ်ဖြင့် သုသာန်မှ ခပ်သုတ်သုတ် ထွက်ခွာသွားကြသည်။ သုနက္ခတ်ရဟန်း ငိုင်၍ကျန်ရစ်၏။ မှန်လှပါချည့်ဟု ဘုရားရှင်၏ အနာဂတံသ ရွှေဉာဏ်တော်ကို ချီးကျူးသည်။ အထင်ကြီးခဲ့မိသော ခွေးအကျင့်ပေါ်တွင် အထင်လျော့ပါးသွားသည်။ သို့ရာတွင် ဘုရားရှင်အပေါ်တွင် တင်ထားခဲ့မိလေသော မကျေမလည် ဒေါသစိတ်ကမူ မပြေလည်သေး။

ဤကား သုနက္ခတ္တရဟန်း၏ ဖြစ်ရပ်နိဂုံးဖြစ်၍ နိဒါန်းအစကို ဖော်ပြဖို့ လိုပေသေးသည်။

ဘုရားရှင်၏ နောက်တော်ပါ အလုပ်အကျွေးတစ်ဦးဖြစ်ခဲ့သော သုနက္ခတ္တရဟန်း ဖြစ်ရပ်မှန်ကို ပါဠိတော်တွင် တင်ပြထားခြင်းဖြစ်သောကြောင့် မဟုတ်မမှန်ဟု ငြင်းကွယ်ရန် မဖြစ်နိုင်သော်လည်း လူသာမန်တို့အဖို့မူ အလောင်းကောင်က ထ၍ စကားပြောသည် ဆိုသည်မှာ ဟုတ်နိုင်ပါအံ့လော့ဟု သံသယသဘောဖြင့် စောကြောဖွယ်ရှိနေ၏။ ဤသည်ကို ပါဠိတော်ကို ဖွင့်ဆိုသော အဋ္ဌကထာဆရာက မဟာကရုဏာတော်သခင် ဘုရားရှင်သည် အကြွင်းသတ္တဝါတစ်ဦးကို ကယ်တင်ဖို့ကိစ္စ၌ တရားဖြင့်လည်းကောင်း၊ တန်ခိုးတော်ဖြင့်လည်းကောင်း လိုအပ်သလို ဟောကြားအသုံးပြုတော်မူသည်။ ယခုကိစ္စ၌ ဘုရားရှင်က ကောရခတ္တိယဘဝပြောင်း အသုရကာယ်ပြိတ္တာကို တန်ခိုးတော်ဖြင့် အလောင်းကောင်တွင်းသို့ ဝင်စေ၍ ပြောစေသည်ဟု အဆုံးအဖြတ်ပေးသည်။ ''ပဋိစ္စ သမုပ္ပါဒ်တရားတော်ကြီး''ကျမ်းတွင် ဤဖြစ်ရပ်ကို ဟောသော ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကလည်း ''မော်ဆရာတွေတောင် ဒီလိုဟာမျိုး ပြုလုပ်နိုင်သေးတာပဲ၊ မြတ်စွာဘုရား၏ တန်ခိုးတော်အရဆိုတော့ ဘာမျှ သံသယဖြစ်စရာမရှိတော့ပါဘူး''ဟု အဆုံးအဖြတ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

အဖွဲ့အစည်းဂိုဏ်းဂဏတို့မည်သည် မိမိတို့ရည်မှန်းရာ ပန်းတိုးတိုင်နှင့် လုပ်ငန်းလမ်းစဉ် မူဝါဒကို ကြေညာရမြဲ ဖြစ်သည့်အတိုင်း ဘုရားဖြစ်တော်မူပြီးနောက် မိဂဒါဝုန်တောတွင် ပဉ္စဝဂ္ဂီအမှူးပြုသော နတ်ဗြဟ္မာတို့အား မိမိ၏ ဗုဒ္ဓဝါဒ၊ သို့မဟုတ် သမ္မာဒိဋ္ဌိဘာသာ၏ အစစွာသော ဓမ္မစကြာဒေသနာတော်၌ မူဝါဒ၏ ခေါင်းစဉ်ကြီးနှစ်ရပ်အဖြစ် သံသရာဝဋ်ဆင်းရဲ ဝဲဩဃရေအလျဉ်မှ လွတ်မြောက်လိုသူ သို့မဟုတ် ထာဝရငြိမ်းအေးရာ နိဗ္ဗာန်သို့ ရောက်လိုသူသည် တဏှာရာဂ ကာမကိလေသာကို ပယ်ရမည်။ မဂ္ဂရှစ်ပါး တရားလမ်းအကျင့်မှ တစ်ပါးသော အကျင့်မှား အယူမှားမှန်သမျှ၊ သို့မဟုတ် မိစ္ဆာဒိဋ္ဌိ ၆၂ ပါး၊ လွဲမှားနေသော အကျင့်မှန်သမျှ သို့မဟုတ် ရေချိုး မီးလှုံ တုံးခုန် ဖယ်ခုပ်၊ မဟုတ်မတရား၊ လွဲမှားလွန်ကျူးစိတ်ကူးတည့်သမျှ၊ ပေါက်တတ်ကရတွေကို ကျင့်သုံးနေကြသော အကျင့်မှား၊ အကျင့်ညံ့၊ အကျင့်ယုတ်မှန်သမျှကို ပယ်ရမည်ဟု ကြေညာတော်မူခဲ့ပေသည်။

အကယ်ဆိုသော် တဏှာရာဂကို ပယ်ရမည်ဟူသော အမှတ် (၁)လမ်းစဉ်ကို ကြေညာရုံမျှဖြင့် ပြီးစီးနိုင်သည်ဟု သာမန်အားဖြင့် စဉ်းစားဖွယ်ရာရှိ၏။ မပြီးစီး၊ မပြည့်စုံပေ။ အကြောင်းမူကား မိမိပွင့်တော်မူရာဒေသ၊ မိမိကယ်ချွတ်ရမည့် သတ္တဝါများမှာ မှိုင်းမှုန်ပြာရီ ပဝေဏီမှစ၍ အကျင့်ညံ့၊ အကျင့်ယုတ်မျိုးစုံတို့ဖြင့် တလိန်းထိုးနေခဲ့သော ဒေသနှင့် သတ္တဝါများဖြစ်နေကြလေရာ၊ ယင်းအကျင့်မှားများကို ချိုးဖောက်ပယ်ရှင်းပစ်ဖို့ တာဝန်တော်ရှိနေပေသေးသည်။

အကျင့်ဆိုသည်မှာ အစဉ်အလာစွဲ၊ ဆရာစွဲ၊ စာစွဲ၊ ပတ်ဝန်းကျင်စွဲ၊ မိမိဉာဏ်အမြင် တစ်မိုက်တစ်ထွာစွဲတို့ဖြင့် စွဲမိပြီဆိုလျှင်ခက်သည်။ မှားသည်၊ ညံ့သည်ဆိုလျှင် တော်ပေသေး၏။ ယုတ်သည်အထိ စွဲသောအခါ ပို၍ခက်သည်။ ခွေးအကျင့်၊ နွားအကျင့်၊ မရှိသေးစကား ယောက်ျားအင်္ဂါ၊ မိန်းမအင်္ဂါကိုးကွယ်သည်အထိ စွဲကြသည်ကို အကျင့်ယုတ်ဟု သမုတ်ရပေသည်။

ခွေးဂိုဏ်းမှ ခွေးအကျင့်ကို ကျင့်နေသူ ပုဏ္ဏနှင့် နွားဂိုဏ်းမှ နွားအကျင့်ကို ကျင့်နေသူ သေနိယတို့သည် ဘုရားရှင်အထံတော်ရောက်လာကြ၏။ သူတို့သည် အစဉ်အလာစွဲ၊ ဆရာစွဲများခဲ့သောကြောင့် အကျင့်မှားသူများဖြစ်နေကြသော်လည်း လူညံ့များတော့မဟုတ်ကြ၊ မိမိတို့အကျင့်တွင် မှန်မှ မှန်ပါလေစဟု သံသယရှိနေသူများကြသည်။ ထို့ကြောင့်လည်း ဘုရားရှင်အထံတော်သို့ ရောက်လာကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင် ရှေ့တော်မှောက်တွင် ခွေးအကျင့်သမားပုဏ္ဏ က ခွေးလို ခွေခွေ ကလေးနှင့်။ နွားအကျင့်သမား သေနိယကနွားပုံစံ ဦးချိုအတုကြီးနှင့်။

ခွေးအကျင့်သမား ပုဏ္ဏ က ''အရှင်ဘုရား။ ။ ခွေးအကျင့်ကို ကျင့်သူအတွက် ဘယ်လိုအကျိုးများရှိပါသလဲ''ဟု မေးလျှောက်၍ နွားအကျင့်သမား သေနိယက ''နွားအကျင့်ကို ကျင့်သူအတွက် ဘယ်အကျိုးများရှိပါသတုံးဘုရား''ဟု မေးလျှောက်သည်။

ဘုရားရှင်က မဟာကရုဏာတော်ဖြင့် ''အသင်တို့၊ ဤအကြောင်းကို မမေးလျှောက်ကြနှင့်''ဟု တားမြစ်သည်။ မရ၊ ဒုတိယအကြိမ်ထပ်၍ မေးလျှောက်သည်။ အမှန်ကို ဖြေဆိုရသော သူတို့စိတ်မချမ်းမသာဖြစ်ကြမည်ကို သနားတော်မူသောကြောင့် တားမြစ်ခြင်းဖြစ်သည်။ သို့သော် သူတို့ကလည်း အလွန်သိလိုလှသည်။ ဒုတိယအကြိမ်တွင်လည်း တားမြစ်တော်မူသည်။ သို့သော် ယင်းသို့ သိလိုနေခြင်းသည်ပင်လျှင် သူတို့ လွတ်မြောက်ရာ ဉာဏ်တံခါးလေးပွင့်ဟနေခြင်း ဖြစ်၏။ ထို့ကြောင့် တတိယအကြိမ် မေးလျှောက်သောအခါတွင်မူ ဘုရားရှင်က ခပ်ရှင်းရှင်းပင် ပြတ်ပြတ်သားသား ဖြေဆိုတော်မူလိုက်၏။

''ခွေးအကျင့်ကျင့်သူသည် သေလျှင် ခွေးဖြစ်လိမ့်မည်။ နွားလိုကျင့်လျှင် နွားဖြစ်လိမ့်မည်''

''အလိုလေးလေး တပည့်တော်တော်တို့ မှားနေကြပါပေါ့ကလား''

ယင်းသို့ အမှားကို အမှားဟုသိ၍ သံဝေဉာဏ်ဖြစ်ပေါ်လာခိုက်တွင် ဘုရားရှင်က ၁။ မည်းညစ်သော အကျင့်ကိုကျင့်၍ မည်းညစ်စွာအကျိုးပေးသော အကုသိုလ်ကံ၊ ၂။ ဖြူစင်သော အကျင့်ကိုကျင့်၍ ဖြူစင်စွာ အကျိုးပေးသော ကုသိုလ်ကံ၊ ၃။ အမည်းနှင့်အဖြူ ကောင်းမကောင်းရောနှော၍ ကျင့်လျှင် အကောင်းရော အဆိုးပါရောနှော၍ အကျိုးပေးသော ကံနှင့် ၄။ နောက်ဆုံး သင် အကုသိုလ်မှန်သမျှကို ကုန်စေနိုင်သော အရိယာမဂ်တရားကို ဟောတော်မူလိုက်သောအခါ ခွေးအကျင့်သမား ပုဏ္ဏ သရဏဂုံ တည်ကာ အမြင်မှန်အကျင့်ကောင်းသို့ ပြောင်းလာသည်။ နွားအကျင့်သမား သေနိယ သည်ကား သရဏဂုံမျှမက ရဟန်းဘဝသို့ပင် ကူးပြောင်း၍ ရဟန္တာဖြစ်သည်အထိ လွတ်မြောက်သွားသည်။

သုနက္ခတ်အဖို့မူ ရဟန်းပင်ဖြစ်သော်လည်း ခွေးဂိုဏ်း၊ ခွေးအကျင့်၊ ခွေးအယူကို နားစွန်နားဖျားကြားသိလာသည်ဆိုကတည်းက သဘောကျချင်ချင်ရှိလာခဲ့သည်။ ရှိဖို့ရန်အကြောင်းက သူ့မှာရှိနေခဲ့၏။ ဘဝါဘဝကပင် ဤလိုအကျင့်တွင် လေ့ထုံလာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော အလေ့ထုံ စရိုက်ဟောင်းရှိလာခဲ့သူဖြစ်သည်။ အလေ့ဆန်း အကျင့်ဆန်းများတွင် ဝါသနာပါသည့် အတွေးအခေါ်များသည် ကုသိုလ် အကုသိုလ် ရောလာသောသူဟု ဆိုရဖို့ရှိ၏။

သို့သော် ပုဂ္ဂိုလ်ညွှ၊ ရဟန်းညွှတော့မဟုတ်၊ ဘုရားရှင်နောက်တော် အလုပ်အကျွေးအဖြစ် အနီးကပ်လိုက်ပါနေထိုင်ခွင့်ရသူ၊ ထင်ရှားသော ရဟန်းတစ်ပါး ဖြစ်သည်။ ဘုရားရှင်နှင့် နီးကပ်သည်ဆိုတော့ တရားနှင့်နီးကပ်သူဖြစ်၍ လောကီစျာန်လေးပါးအထိ ရရှိပြီးသူဖြစ်သည်။ ဤမျှမက ဒိဗ္ဗစက္ခု အဘိညာဉ်တည်းသော နတ်မျက်စိရထားသူလည်း ဖြစ်သည်။

သို့သော်၊ ဤသို့သော်မှာ အဆိုး သို့သော်ဖြစ်၏။ အကြောင်းကား ဘုရားရှင်ကို ပင်လျှင် ဘာကိုမျှ မထောက်မထား မစ္ဆရိယတည်းဟူသော ဝန်တိုသူအဖြစ် နှုတ်ကြမ်း စကားကြမ်းဖြင့် စွပ်စွဲဝံ့သူဖြစ်သည်။ ဘုရားရှင်အပေါ်တွင် မကျေမချမ်း ဖြစ်နေသူဖြစ်သည်။ သူ့စိတ်တွင်ရှိသမျှ ဖွင့်ချနှုတ်လှန်ထိုးဝံ့သူဖြစ်သည်။ ထို့ကြောင့်လည်း အကောင်း– အဆိုး ရောနေသော ဘဝသမားဟုဆိုရခြင်း ဖြစ်၏။ အကြောင်းကား ဤသို့တည်း။

ဘုရားရှင်၏ ညွှန်ကြားမှုဖြင့် အစီအစဉ်ဖြင့် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရလာပြီးသည့်နောက် ဒိဗ္ဗသောတအဘိညာဉ်ကို ချက်ချင်းရလိုလာပြန်၍ ညွှန်ကြားပေးပါရန် လျှောက်ထားသည်။ သို့သော် သူ့မှာ ယင်းအဘိညာဉ်ကိုပေးရန် ဉာဏ်အင်အားမရှိသေးသည်ကို ဘုရားရှင်သိတော်မူ၍ ဆိုင်းငံ့ထားသည်။ တရားနည်းလမ်းကိုပေးပါလျက် ဉာဏ်မမီ၍ ယင်းအဘိညာဉ်ကို မရပြန်လျှင် နည်းလွဲကိုပေးသည်ဟု စွပ်စွဲလာချေဦးမည်။ သူကမူ ဘုရားရှင်သည် မိမိနှင့် တန်းနီးပြိုင်၊ ဂုဏ်ပြိုင်ဖြစ်လာမည်စိုး၍ ဝန်တိုစိတ်ဖြင့် နည်းမပေးဟု ထင်သည်။ ပက်ပက်စက်စက် ထင်ရက်ပါပေ့။

[ ၃ ]

ယင်းသို့မကျေမလည်အဖြစ်ဖြင့်ပင် ဘုရားရှင်သည် ဒေသစာရီကြွချီတော်မူသော အခါ အလုပ်အကျွေးဖြစ်နေသေးသည့်အတိုင်း နောက်တော်မှ လိုက်ပါလာ၏။ ဥတ္တရကာဟူသော နိဂုံးရွာကြီးသို့ ရောက်လာကြသည်။ ဤတွင် သူ့စိတ်ထဲမှာ အခါမပြတ်လိုလိုပင် စွဲဝင်အထင်ကြီးနေခဲ့သော ခွေးအကျင့်သမား၊ ခွေးဂိုဏ်းဆရာ ကောရခတ္တိယနှင့် လမ်းဘေး သစ်ပင်တစ်ပင်အောက်တွင် ထင်ထင်လင်းလင်း ပက်ပင်းတိုးသည်။ သုနက္ခတ်သည် ခွေးအကျင့်စသော တိရစ္ဆာန်အကျင့်များအပေါ်၌ ရေးဘဝအထုံရှိခဲ့ရာတွင်

www.burmeseclassic.com



ယခု တွေ့လာရသော ကောရစတ္တိယနှင့်လည်း ဆရာအဖြစ် ဘဝရေစက်နှီးခဲ့သူ ဖြစ်ဟန် တူသည်။ အကြောင်းမူကား ကောရစတ္တိယကို တွေ့သည်နှင့်တစ်ပြိုင်နက် ဆရာဘုရား ဟူ၍မျှ မထောက်မထား အားနာစိတ်ကလေးမျှမမွေးတော့ဘဲ တော်လှန်စကား လျှောက်ထားလာသောကြောင့်ဖြစ်၏။

ခွေးအကျင့်သမား ကောရစတ္တိယသည် ဖက်ရွက်ပေါ်၌ပုံပေးထားသော ထမင်းပုံကို အဝတ်ချည်းစည်းဖြင့် ခွေးလိုလေးဖက်ထောက်ကာ ဟပ်၍ဟပ်၍ စားနေသည်။ ဤသည်ကို သုနက္ခတ်က စူးစူးစိုက်စိုက်ကြည့်၍ ငါတို့မှာ သက်န်း သပိတ်စသော ပရိက္ခရာပစ္စည်းတို့ဖြင့် အလိုကြီးနေရချေသေး၏။ ဤဆရာ သည်ကား ပစ္စည်းအပေါ်၌ အလိုနည်းသော အပိစ္ဆာဂုဏ်နှင့် ပြည့်စုံလေစွတကားဟု အထင်ကြီး လာသည်။ တစိမ့်စိမ့်ကြည်ညိုလာသည်။ မိမိကျင့်ဆဲ ရဟန်းတရားကိုပင် စွန့်ပစ် တော့မယောင် ဟန်ပျက်လာသည်။

ဤသည်ကို ဘုရားရှင်သိရှိတော်မူလာ၍ သုနက္ခတ်အဖို့ မိမိမကယ်လျှင် အလွဲမှားကြီး လွဲမှားသော အကျင့်ယုတ်နောက်သို့ အစဉ်လိုက်တော့မည်တကား ဟူသော မဟာကရုဏာတော်ဖြင့် ဆရာ့ဝတ္တရားအတိုင်း ဟန့်တား မိန့်မြွက်တော်မူလိုက်သည်။

မိန့်မြွက်ဟန်ကား၊ အခါတိုင်းလို 'သုနက္ခတ္တ'ဟု အာလုပ်မပြုတော့ဘဲ 'မောဃပုရိသ'ဟု ရှုတ်ချ ခေါ်ဝင်လိုက်သည်။ မောဃပုရိသဟူသည် အကြောင်းဆိုက်လာ သည့်အခါ ဆရာဘုရားအနေဖြင့် အပြင်းထန်ဆုံး ရှုတ်ချခေါ်ဝေါ်သော စကားဖြစ်၏။ မဂ်ဖိုလ်မှ အချည်းနှီးသောရဟန်း၊ အလကားရဟန်းဟု အဓိပ္ပာယ်ထွက်သည်။ အကြောင်းမူကား ဘုရားရှင်အပေါ်တွင် မကျေမလည်သဘောထားဖြင့် အကျင့်မှား နောက်သို့ လိုက်တော့အံ့သော သုနက္ခတ်ရဟန်းအဖို့ တရားသားတိုးတက်ဖို့ဝေး၍ ရှိနေပြီးသော လောကီစျာန်တန်ခိုးကလေးများပင်လျှင် ယခုအချိန်၌ ပျောက်ကွယ်ခဲ့လေပြီ။

''မောဃပုရိသ မဂ်ဖိုလ်မမှီး အချည်းနှီးသော ရဟန်း၊၊ သင်လိုလူက တောင်မှ ဒီလိုအကျင့်မှား–အကျင့်ယုတ်ကို ကျင့်နေတဲ့ ကောရစတ္တိယကို ရဟန္တာလို့ အထင်ရောက် မှားနေချေသည်တကား။ သင်ဟာ သာကီနွယ်ဖွား ဘုရားတပည့်လို့ ဝန်မခံထိုက်တော့ဘူး။ ရဟန်းဘဝနှင့် မထိုက်တန်တော့ဘူး''

သုနက္ခတ်ဆတ်ဆတ်ခါသွား၏။ ဘုရားရှင်အပေါ်၌ မကျေလည်သော သဘောထားနှင့် အမှားစွဲကြီးနေသော သုနက္ခတ်က ဆတ်ဆတ်ထိမခံပြန်၍ လျှောက် သည်။

www.burmeseclassic.com

www.burmeseclassic.com



''တပည့်တော်ကို မြတ်စွာဘုရားက ဘာကြောင့် ဒါလောက်တောင် နှိမ့်နှိမ့်ချချ မိန့်တော်မူရပါသလဲ''

''သင်မှားနေလို့ ပြောရတာ၊ သင်ဟာ ဘာမှ ကြည်ညိုစရာမရှိတဲ့ အကျင့်ယုတ် သမား ကောရခတ္တိယကို ရဟန္တာလို့ ထင်မှတ်နေတယ်မဟုတ်လား''

ဤတွင် သုနက္ခတ်လျှော့မသွား။ ဘုရားရှင်ကို ရဲရဲကြီးတော်လှန်ပြန်ပက်လိုက်၏။ ပက်လိုက်ပုံကား ''သူများ ရဟန္တာဖြစ်တာကို အရှင်ဘုရားက ဝန်တိုနေသပေါ့လေ''ဟူ၏။

ဘုရားရှင်ကို စိတ်သိုးစိတ်ညစ် မစ္ဆရိယသမားအဖြစ် စွပ်စွဲလိုက်ခြင်းဖြစ်သည်။ ဤနေရာတွင် သုနက္ခတ်ကို မြေမျိုမသွားသည်မှာ ကံကောင်းသည်ဟု ဆိုရမည်ဖြစ်၏။ ဘုရားရှင်ကို ဤမျှယုတ်ညံ့လှသော စကားဖြင့် တော့တော့တင်တင် စွပ်စွဲပြောကြားဝံ့သူမှာ သာသနာတော် တစ်လျှောက်တွင် ရှာမှရှားသည်။ ဒေဝဒတ်ပင်လျှင် ကွယ်ရာထောင့်ရာ နောက်ကွယ်နည်းဖြင့်သာ သတ်ဖို့စီစဉ်ခြင်းဖြစ်သည်။ ယုတ်ကြမ်းသော စကားဖြင့် တော့တော့ဆိုင်ဆိုင် ရင်ဆိုင်မပြောဝံ့ခဲ့။

မဟာကရုဏာတော် အစဉ်ရှိသော ဘုရားရှင်အဖို့တော့ ဒေဝဒတ်အပေါ်တွင် လည်းကောင်း၊ သားတော်ရာဟုလာ အပေါ်တွင်လည်းကောင်း မေတ္တာတော်အညီအမျှ ထားကြောင်း သိကြပြီးဖြစ်၏။ သုနက္ခတ်ကိုလည်း ဤအတိုင်းပင်ဖြစ်သည်။ အလွဲအမှား ချောက်ကမ်းပါးသို့ ကျတော့အံ့အံ့ဆဲဆဲ သုနက္ခတ်ကို ကယ်တင်နိုင်သမျှ ကယ်တင် လိုသော မေတ္တာတော်ဖြင့်သာ ဤသို့ မိန့်ကြားလိုက်ရခြင်းဖြစ်၏။ အကြောင်းမူကား ယင်းသို့ မမိန့်ကြားဘဲ အလိုက်သင့် နေလိုက်လျှင် သုနက္ခတ်သည် ချွေးအကျင့်သို့ ကူးပြောင်း၍ အဆင်းရဲကြီး ဆင်းရဲရှာပေရော့မည်။ ထို့ကြောင့်ဖြစ်ရပ်အမှန်ကို ကေန် ကေသိရှိ၍ အကျင့်မှားသို့ မကူးပြောင်းစေရန်အတွက် အနာဂတံသ ဉာဏ်တော်ဖြင့် ဤသို့မိန့်ကြားလိုက်ရသည်။

''သုနက္ခတ္တ ။ ။ သင့်မှာ အယူလွဲပြီး ဆင်းရဲဒုက္ခကြီး မရောက် ပါစေနဲ့တော့လို့ ဤလိုပြောလိုက်ခြင်းဖြစ်သည်။ သင်အထင်ကြီးနေတဲ့ ကောရခတ္တိယဟာ ရဟန္တာ မဟုတ်ဘူး၊ ရဟန္တာဖြစ်ဖို့ ရဟန္တာအကျင့်လဲ သူ့မှာမရှိဘူး။ အသင်ထင်ထင်ရှားရှား မျက်ဝါးတိတိ သိရှိနိုင်ရန် ငါပြောလိုက်မည်။ စေ့စေ့နားထောင်။

''သင်ကြည်ညိုနေတဲ့ ကောရခတ္တိယဟာ ဒီကနေ့က နောက်ခုနစ်ရက်မြောက်တဲ့ နေ့မှာ အစာမကြေ စားပိုးနင့်ပြီး သေလိမ့်မည်။ သေပြီးနောက် အသုရကာယ်မျိုးထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



အယုတ်ညံ့ဆုံးဖြစ်တဲ့ ကာလကဥ္စိက အသုရာဖြစ်လိမ့်မည်။ သူ၏ အလောင်းကို ခွေးလိုဆွဲပြီး ပြိတ်မြက်ရှိသော သချိုင်းမှာ စွန့်ပစ်ရလိမ့်မည်။

''သုနက္ခတ္တ။ ။ သင်မယုံသေးလျှင် ကောရခတ္တိယရဲ့ အလောင်းထံ သွားပြီးတော့၊ ကောရခတ္တိယ၊ သင်၏ လားရာဂတိကိုသိပါ၏လား၊ သင်ဘယ်မှာ ဖြစ်နေပါသလဲလို့မေးပါ။ ကောရခတ္တိယ အလောင်းကောင်က ထလာပြီးတော့ အသုရကာယ်မျိုးထဲမှာ အယုတ်ညံ့ဆုံးဖြစ်တဲ့ ကာလကဥ္စိက အသုရာဖြစ်ပါတယ်လို့ ပြောလိမ့်မည်''

[ ၄ ]

ဤမျှပြတ်ပြတ်သားသား မိန့်ကြားလိုက်ပြန်တော့လည်း သုနက္ခတ်ဝိုင်သွား၏။ တွေသွား၏။ မှန်ချင်လည်းမှန်လိမ့်မည်၊ မှားချင်လည်းမှားလိမ့်မည်။ သို့သော် မှားဖို့များသည်။ ပြောပုံမှာ သေချာလှပါချည့်၊ ခုနစ်ရက်လည်တွင် စားပို့နိုင်၍သေမတဲ့၊ ပြိတ်မြက်ရှိတဲ့ သုသာန်မှာ ချရမတဲ့။

ဤစကားများ လွဲမှားပါစေဟု ဆုတောင်းသည်။ လွဲမှားကုန်အောင်လည်း သူကြိုးစားမည်။ သို့သော် ဘုရားရှင်၏ ယင်းအစီအစဉ်ကြောင့် သူ့အဖို့ လောလော လတ်လတ် အကျိုးရှိနေပြီဆိုသည်ကိုတော့ သူမသိ။ သတိမထားမိ။ အကျိုးရှိပုံကား ဘုရားရှင်အပေါ်တွင် မလိုတမာစကား ပြောကြားခဲ့ရခြင်း၊ အနာဂတ်သ မိန့်ခွန်းတော်ကို လွဲမှားအောင် ပြုလုပ်ရန် ဆန္ဒရှိလာခြင်းတို့ကြောင့် အယူမှားသို့ ကူးပြောင်းတော့အံ့ ဆဲဆဲ၊ အခြေမှရပ်တန့်သွားခြင်းပင် ဖြစ်လေသည်။

ဘုရားရှင်သည် ကြွချီဆဲဒေသစာရီခရီးကို အခြားရဟန်းများနှင့်အတူ ထွက်ခွာ သွား၏။ သုနက္ခတ်ကျန်ရစ်၏။ ဘုရားရှင်နှင့် တပည့်ညွှ သုနက္ခတ်တို့ ဤနေရာတွင် ကွဲကြပြီဖြစ်၏။

သုနက္ခတ်သည် ဘုရားရှင်စကား လွဲမှားစေရန် သူ့ဆရာသစ် ကောရခတ္တိယကို ခုနစ်ရက်အတွင်း အစာမစားဖို့ရန် တိုက်တွန်းသည်။ တိုက်တွန်းသည်မှာ တစ်ကြိမ်မျှ မဟုတ်၊ မတော်တဆ စားမိမည်စိုးသောကြောင့် နေ့စဉ်သွား၍သတိပေးသည်။ သုနက္ခတ်အလားတူပင် ဘုရားရှင်ကို မကျေလည်သော ကောရခတ္တိယကလည်း လိုက်နာ သည်။ သို့သော် ခုနစ်ရက်လည်သောနေ့တွင်မူ အကြောင်းမသိ၍ စေတနာ အထပ်ထပ်ဖြင့် ဆက်ကပ်လာသော သူ့ဒါယကာ၏ ဝက်သားဆွမ်းကို မအောင့်နိုင်တော့၍ စားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအစာဖြင့်ပင် စားပိုးနင့်၍ ချက်ချင်းကွယ်လွန်သည်။ ဟန့်တားသည့် အကြားမှပင် ပြိတ်မြက်ရှိရာ သုသာန်သို့ အလောင်းစွန့်ပစ်ခံရသည်။ အသေကောင်ကြီးက ထလာသည်။ ပြိတ္တာဘဝရောက်နေကြောင်းပြောသည်။ ဤအကြောင်းရပ်များကို အစတွင် ဖော်ပြခဲ့ပြီး ဖြစ်၏။

အကျိုးကား သုနက္ခတ်သည် ခွေးအကျင့်မှ လွတ်မြောက်သွားခြင်းပင်ဖြစ်၏။ သို့သော် ဘုရားရှင်ထံတော်သို့မပြန်။ ဝန်မချ။ မကျေမလည် လိပ်ခဲတည်းလည်းနှင့်ပင် ရဟန်းဘဝမှ လူထွက်လိုက်သည်။ လူ့ဘဝတွင် ဘုရားရှင် ဆန့်ကျင်ရေးသမား ဖြစ်နေရှာ ပေသေး၏။ ဘဝစွဲ၊ ဆရာစွဲ၊ အစဉ်အလာစွဲ၊ စာစွဲဆိုသည်မှာ စွဲမိပြီဆိုပါက မှန်လျှင် တော်ပါ၏။ မမှန်လျှင် ခက်လှတော့သည်။ ။

www.burmeseclassic.com

www.burmeseclassic.com



# တောဟောဝုန်ငယ်

[ ၁ ]

လောကနှင့်မကင်းသေးသမျှ တောတွင်း၌ ကေစာ ကျင့်သုံးနေသော တရားရှင်ပင်ဖြစ်စေဦးတော့၊ သံယောဇဉ်ဟူသည် တစ်နည်းမဟုတ် တစ်နည်းဖြင့် ဖြစ်ပေါ်ငြိတွယ်လာသည့်အတိုင်း ဘုရားလောင်း ရသေ့ကြီးမှာလည်း တောကြီးခေါင်ခေါင်တွင် ကေစာ နေပါလျက်ကို မမျှော်လင့်သော သားကလေးတစ်ယောက် သမင်မမှ ပေါက်ဖွားလာသည့် အချိန်မှစ၍ တရားတစ်ဘက် သားတစ်ဘက်ဆိုသလို အလုပ်များခဲ့ရသည်။

တော်ပါသေး၏။ သားကလေးတစ်နေ့တစ်ခြား ကြီးထွားလာသလောက် အလိမ္မာတုံး အလိမ္မာခဲကလေးဖြစ်သည်။ အသက်ကြီးရင့်လာပြီဖြစ်သော မိမိအဖို့ ဆေးပေးမီးယူ ဆိုသလို မိမိအတွက် ဝတ်ကြီးဝတ်ငယ်တို့ ဖြည့်ကျင့်ရာတွင် လိုလေသေးမရှိဖြစ်သောကြောင့် နတ်ဒေဝါတို့ ကူညီပို့ဆောင်လာသော သားဟုပင် ဝမ်းမြောက်ရသည် ဝတ်ကြီးဝတ်ငယ်မျှသာမက တရားကျင့်သုံးရာတွင်လည်းကောင်း၊ ဂါထာမန္တာန် ရွတ်အံဖြည့်ကျင့်ရာတို့၌လည်းကောင်း၊ မိမိထက်ပင် ဝီရိယလွန်ကဲသူကလေးဖြစ်နေ၍လည်း တစိမ့်စိမ့်နှစ်သိမ့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သားကလေး ရုပ်အဆင်းကလည်း တစ်နေ့တစ်ခြား ဝင်းဝါစိုပြည်၍ ရှုချင့်စဖွယ် ကောင်းလှသောကြောင့် 'ဣသိသိင်' ရွှေရသေ့လေးဟု ချစ်စနိုးအမည်ပေးထားလိုက်ရသည်။

သို့သော် သားကလေးမှာ တရားအရေးတွင် ပြည့်ဝသူဟုဆိုရစေကာမူ လူငယ်တစ်ယောက်မျှသာ ဖြစ်နေသေး၍ မိမိကဲ့သို့ပင် မမျှော်လင့်သော လောကထွေတလာ မရေမရာကိစ္စများဖြစ်ပေါ်လာခဲ့ပါသော် တရားအခြေ ပျက်ယွင်းထွက်သွားမည်ကိုစိုးရိမ်၍ လောကရေးရာ သင်သင့်ရာတို့ကို သင်ကြားရင်း ရင်အုပ်မကွာဆိုသလို စောင့်ရှောက်ထားရသည်။

အထူးသဖြင့် စိုးရိမ်မိသည်ကား တရားဓမ္မနှင့်ဆန့်ကျင်လှသော မိန်းမကိစ္စပင် ဖြစ်၏။ သားကလေးအဖို့မူ မိန်းမဟူသည် မြင်ဖူးမည်ဝေးစွ၊ မိမိက စကားမစသောကြောင့် ကြားဖူးရုံမျှပင် မကြားဖူးသော်လည်း အမသတ္တဝါဆိုသည်များကလည်း တောကြီးခေါင်ခေါင်ပင် ဖြစ်စေကာမူ ရောက်ချင်လျှင်ရောက်၊ တွေ့ချင်လျှင် တွေ့လာတတ်သည်မှာ မရေရာသော ဤလောက၏ သဘာဝတစ်ခုဖြစ်၏။ ထို့ကြောင့် မခေါ်ပင့်ချေဆိုသလို အမ,သတ္တဝါများ ဆိုက်ရောက်လာခဲ့ပါချေသော် သားကလေးအတွက် ခက်ရချေမည် တမ့်ဟု သတိထားရှောင်ကြဉ်နိုင်စေရန် ဤတောအတွင်းမှ အမသတ္တဝါနှင့် တူလှစွာသော သူယောင်မယ်၊ သူယောင်ပန်းများကို ပြသ၍ ဆုံးမစကား ပြောကြားဦးမှဟု အာရုံကပ်လိုက်သည်။

သို့နှင့် ယနေ့သစ်သီးအရှာ ထွက်ခွာရာ၌ သားကလေးကိုပါ အပါခေါ်ကာ မိမိတို့နေရာနှင့် ဝေးကွာလှစွာသော တောကြီးနက်ခေါင် သူယောင်တောရှိရာသို့ ဣသိသိင်ခေါ်ဆောင်၍ လာခဲ့သည်။

[ ၂ ]

ရွှေသူယောင်
မတူအောင် လူလိုလှတယ်လို့
ဆိုကြစကား။
မြတ်ဘုန်းကြွယ်
ပင်စောက်အနွယ်နှင့်
သူယောင်မယ် ရှုမငြီးငယ်တို့
သီးပွင့်လေလား ။ ။ (မန်လည်အမေး)

www.burmeseclassic.com

www.burmeseclassic.com



ရွှေသူယောင်
မတူအောင် လူလိုလုတယ်လို့
ဆိုကြစကား။
သူယောင်မယ်
အလှသူကြွယ်လို့
ကမလာနွယ် ခေါင်အညွန့်မှာ
မြူးကွန့်ဟန် အလွန်တင့်တယ်
ပန်းပွင့်မှတ်သား ။ ။ (မင်းကွန်းအဖြေ)

တောရကျောင်းလေးဝန်းကျင်တွင် ကြက်မောက်တောတစ်ထပ်၊ ငှက်ပျောတော တစ်ထပ် ဝိုင်းပတ်ထား၏။ ယင်းတို့မှလွန်သော် သူရဿတီမြစ်ဆိပ်သို့ ရောက်သည်။ ယင်းမြစ်မှ ဘော်ငွေတစ်မျှ ဖြူလွသော သဲသောင်ကိုကျော်သော် ဟိမဝန္တာတောင်ခြေ တောနက်သို့ဝင်သည်။ ယင်းတောတွင် ရာသီအလိုက် သီးပွင့်ကြသော သရက်၊ ပိန္နဲ၊ နရွဲ့ ထောက်ရှာ၊ မာလကာစသည်တို့ ပေါများလှသည်။ သို့ရာတွင် ယင်းအသီးအနှံတို့ကို မခူးမဆွတ်သေးဘဲ၊ တောနက်အတွင်းသို့ ဖခင်ရသေ့ကြီးက ဆက်၍သွားနေသောအခါ ရသေ့လေးက ''ကျွန်တော်တို့ အသီးအနှံတွေ တွေ့၍ နေပြီပဲ၊ ခူးဆွတ်ပြီး ပြန်ကြပါစို့ ဖခင်'' ဟု ပြောသောအခါ ''ငါ့သားကို ပြစရာရှိလို့ ခေါ်လာခဲ့ခြင်းဖြစ်သည်၊ မကြာမီတွေ့ရ ပါလိမ့်မည်။ အပြန်မှ ခူးဆွတ်ကြပါစို့'' ဟု ဖခင်ရသေ့ကြီးက ပြန်ပြောရင်း တောနက် အတွင်းသို့သာ ဆက်၍ ဝင်သည်။

အတန်သွားမိသောအခါ ဣတိသိဂ်အဖို့ ရှေးကမတွေ့ဖူးသော သစ်ကြီး ဝါးကြီး များကို တွေ့လာရသည်။ ယင်းမှလွန်သော် ညောင်ပင်ထီးဝန်းကဲ့သို့ ထူးဆန်းကြီးမား လှသော အပင်ကြီးများအပေါ်သို့ နွယ်ပင်နွယ်တန်းကြီး တလန်းလန်း တစွင့်စွင့် ထောင်တက် မြူးပျံ့နေကြသည်ကို တွေ့မြင်ရခြင်းပင် ဖြစ်ပေသည်။

''ရှုလော့ ငါ့သား ။ ။ ဤနွယ်ပင်နွယ်ပန်း တလန်းလန်းတို့ကို ပြချင်၍ပင် ငါ့သားကို ဤနေရာသို့ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်''

''မြင်ပါ၏ ဖခင်၊ ထူးဆန်းလှပါသည်''

မြင်ပါ၏ ဆိုသော်လည်း အနီးသို့ရောက်လာမှ ကွဲပြားစွာမြင်ရသည်။ ယင်းနွယ်ပန်းတို့ ဟူသည်ကား လေယူရာတိမ်း၍ ယိမ်းကသည့်သဏ္ဌာန် မြူးပျံ့၍ နေကြသော လူရုပ်များပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



လေအကွန့်တွင် ရွှေပိုးတီ တွန့်သကဲ့သို့ တလွန့်လွန့် လှုပ်ရှားလျက်ရှိနေကြသော လူရုပ်သဏ္ဌာန်များကို အနီးသို့ရောက်လာလေလေ ကွဲပြားစွာ မြင်လာရလေဖြစ်၏။

''သေချာစွာ ရှုလော့ ငါ့သား ။ ။ အဲဒါတွေဟာ သူယောင်ပန်း သူယောင်မယ် သူယောင်သီးလို့ခေါ်ကြတယ်။ လူ့လောကထဲက ဣတ္ထိဝင်္ဂမိန်းမများနဲ့ တူလွန်းလို့ နာရီပုပ္ဖ အလှပန်းလို့လဲ ခေါ်ကြတယ်''

''ဣတ္ထိဆိုတာ ဘာလဲခမည်းတော်''

''ငါ့သားမတွေ့ မမြင်ဖူးသေးပေမယ့် လူ့လောကမှာ ဣတ္ထိဆိုတဲ့ အမ သတ္တဝါတွေရှိကြတယ်။ သူတို့ဟာ လူဆိုပေမယ့် လူယောင်ဆောင်နေတဲ့ ဘီလူးမများ ဖြစ်ကြတယ်။ သားတို့လို အဖိုသတ္တဝါများကိုတွေ့ရင် ပရိယာယ် မာယာမျိုးစုံနဲ့ ဖမ်းစား တတ်ကြတယ်၊ အဖိုသတ္တဝါတွေမှာ သူတို့ကြောင့် တရားယွင်းပျက်ပြီး ဆင်းရဲမျိုးစုံနဲ့ တွေ့ကြုံကြရတတ်တယ်''

''အမြင်လှပေမယ့် ကြောက်စရာ့ဟာတွေပါလား ခမည်းတော်''

''ဟုတ်တယ်၊ ဒါကြောင့် သူတို့မတွေ့အောင် ရှောင်ကြဉ်ရမယ်၊ မလွှဲသာလို့ တွေ့ရင်လဲ သူတို့ရဲ့မာယာထောင်ချောက်ထဲကို မဝင်မိမတိုးမိအောင် သတိထားရမယ်''

''သတိထားပါ့မယ် ခမည်းတော်''

''လာ – ငါ့သားကို အပင်တွေအောက် ရောက်အောင်ပြရမယ် စေ့စေ့စပ်စပ် ကြည့်ထား။ အမသတ္တဝါဆိုတာ လူဆိုပေမယ့် ငါနဲ့မတူတဲ့ အသွင်အမူတွေ ရှိနေကြတယ်။ အဲဒါတွေဟာ သူတို့ရဲ့လက်နက်တွေပဲ။ အဲဒီမာယာလက်နက်တွေနဲ့ ယောကျ်ားကို စပါးကြီးမြွေညို့သလို ညို့ယူဖမ်းစားတယ်။ သူတို့အညို့ခံရတဲ့ ယောကျ်ားဟာလဲ ပင့်ကူအိမ်မှာမိတဲ့ ယင်ကောင်လို ရုန်းထွက်ဖို့ခက်တယ်။ ငါ့သားက သူတို့ကို မမြင်ဖူး သေးဘူး။ မတော်တဆ မြင်ဖူးလာရင် အဝေးကရှောင်နိုင်အောင်၊ သူတို့နဲ့တူတဲ့ ဒီသူယောင်မယ်သီးများကို အနီးကပ်ကြည့်ထားရမယ်''

''ကောင်းပါပြီ ခမည်းတော်''

အပွင့်ရှိသော် အသီးရှိရမည်ဖြစ်၏။ ထို့ကြောင့် သူယောင်တောအတွင်းပိုင်းရှိ သူယောင်ပင်ကြီးများအောက်သို့ ရောက်ကြသောအခါ ဆံပင်ကဲ့သို့သော ပန်းနွယ်များသည် ပန်းပွင့်ပန်းခက်တို့၏ အရင်းတွင် ငြိတွယ်ကာ အသီးပမာ ကိုယ်ခန္ဓာကလေးများ တွဲရရွဲ ကျလျက်ရှိသော သူယောင်သီးများကို အစီအရီတွေ့ရ၏။

ပန်းနွယ်ပန်းခက်တို့က သူတို့၏ကိုယ်ကို အဝတ်ပမာ ဖြာကျလွှမ်းခြုံထားသည်။ အသီး၏ အရင့်အနုသို့လိုက်၍ ကြီးကြီးတစ်သွယ် ငယ်ငယ်တစ်မျိုး အရွယ်အစား

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးကိုလည်း တွေ့ရ၏။ ဣတိသိဂ်အဖို့ ဖခင်ရသေ့ကြီးညွှန်ပြသည်များကို ကြည့်ရှုရင်း အံ့ဩမဆုံးရှိရသည်။ ထို့နောက်တွင်မူ အပြန်ခရီးတွင် အသီးမျိုးစုံကို ခူးဆွတ်သယ်ဆောင် ရင်းဖြင့် ပြန်လာကြသည်။

[ ၃ ]

သတ္တဝါဟူသည် မိုးကိုအားပြုထားရ၍ ရှင်သန်စည်ကားရ၏။ အကြောင်းမူကား မိုးကြောင့် အသီးအနှံတို့ဖြစ်ထွန်း၍ မိုးကအစာ အာဟာရကို ပေးသည်။ တောတောင် ရေမြေကို သာယာစေသည်။ ထို့ကြောင့်လည်း သူတော်ကောင်းများက မိမိတို့၏ ကောင်းမှုကြောင့် သမ္မာဒေဝေါ ပဝဿတု – မိုးကောင်းစွာ ရွာပါစေသတည်းဟု လောကအကျိုးအတွက် ဆုတောင်း ဆန္ဒပြုကြခြင်းဖြစ်သည်။

သို့ရာတွင် ဣတိသိဂ်တို့နယ်ပယ် ဗာရာဏသီပြည်၌ မိုးမရွာခဲ့သည်မှာ သုံးနှစ် သုံးမိုးပင် ရှိခဲ့ပေပြီ။ အဘယ့်ကြောင့် မရွာသနည်း။ လူတို့ တရားမစောင့်သောအခါ မိုးမရွာ ရာသီဥတု ပျက်ပြားတတ်သည်။ စစ်မက်ထူပြော ဒေါသအပူငွေ့ လွှမ်းသောအခါ မျိုးတို့တွင်လည်း မိုးဖောက်ပြန်တတ်သည်။ ထို့ပြင် တန်ခိုးကြီးနတ်ဒေဝါတို့ မာယာ ဆင်သောအခါတွင်လည်း ရာသီယွင်းပျက်တတ်သည်။

ဗာရာဏသီသည် အေးချမ်း၏။ စစ်မက်ဆို၍လည်း အရိပ်အရောင်မျှပင် မရှိ။ တရားရေးရာတွင်လည်း ဘုရင်ဗြဟ္မဒတ်ကိုယ်တိုင် မင်းကျင့်တရားဆယ်ပါးမျှမက နိစ္စပတ် သီလကို စောင့်ရှောက်သည်။ မိုးဖောက်ပြန်လာသောအခါ သာသနာ့ဝန်ဆောင် ရသေ့ရဟန်းများသို့ မပြတ်ဆည်းကပ်၍ နိုင်ငံတစ်ခုလုံး ဥပုသ်သီတင်းဖြည့်တင်းကြခြင်းနှင့် အတူ ကုသိုလ်ပို၍မြဲကြသည်။ သို့ပါလျက် မိုးသည် အဘယ့်ကြောင့် ဤမျှ ဖောက်ပြန် နေရပါသနည်း။ အကြောင်းမူကား သိကြားမင်းဦးမာဃ၏ လက်ချက်ပေတည်း။

လူတို့၏ သမိုင်းစဉ်တွင် ဘုရင်အဆက်ဆက် ရှိခဲ့သကဲ့သို့ သိကြားဆိုသည် ကလည်း ကမ္ဘာသက်တစ်ခုတွင် ဘုရားလောင်းနစဉ်ဘဝ သိကြားကစ၍ ယနေ့ ကျွန်ုပ်တို့သိသော ဦးမာဃအထိ သိကြားအဆက်ဆက်ရှိခဲ့သည်။ သူ့သက်တမ်းက နှစ်ပေါင်း သုံးကုဋေခြောက်သန်းဖြစ်၏။

ဘဝသံသရာက ကမ္ဘာတစ်ခု၏ သက်တမ်းကိုတော့ နှစ်အားဖြင့်ပင် မပိုင်းခြား နိုင်။ ဥပမာဖြင့်သာ ခန့်မှန်းနိုင်သည်။ ခန့်မှန်းဟန်ကား ယူဇနာတစ်ရာ၊ သို့မဟုတ် မိုင်ပေါင်း တစ်ရာ့သုံးဆယ်ခန့်စီ စတုရန်းပတ်လည်ကျယ်သော ဂိုထောင်ကြီးအတွင်းသို့ မုန်ညင်းဖြူအစေ့ကလေးများကို အပြည့်သိပ်ပြီးနောက် အနှစ်တစ်ရာလျှင် တစ်စေ့ခန့်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ယူသည်ဆိုအံ့။ ယင်းမုန်ညင်းစေ့ကလေးများ ကုန်သွားသည့်တိုင်အောင် ကမ္ဘာသက်က မကုန်ချင်လှသေးပေ။ ဤမျှရှည်လျားသတတ်။

ဆိုလိုသည်မှာ ဤမျှရှည်လျားလှသော သံသရာဘဝများအတွင်း၌ သိကြားမင်း အဆက်ဆက် ရှိခဲ့ရာတွင် ယခုသိကြားမင်း ယခင်ဘဝ သိကြားသက်ကုန်တော့မည့် အနေ၊ နတ်သတ်ကြွေတော့အံ့ဆဲဆဲ၌ တပည့်ဖြစ်သူ ပဥ္စသိခ၏ အကူအညီဖြင့် ဘုရားရှင် အထံတော်တွင် သက္ကပဥှာသုတ်တော်တရားကို ကြားနာရသောကြောင့် နတ်သက် အသစ်ပြန်၍ ဆက်ကာ သောတာပန်သိကြား၊ သာသနာ့ဒါယကာသိကြားဖြစ်လာသော ကျွန်ုပ်တို့ ဦးမာဃကြီးတို့လောက်မှ တစ်ပါးသော သိကြားဟူသည်တို့ကား အများအားဖြင့် ခပ်ဆိုးဆိုး သိကြားများသာ ဖြစ်ကြကုန်၏။

ဖြစ်ဟန်ကား သူတို့ကို ပိဋကတ်တော်က အာဠာဝက၊ သုစိလောမစသော နတ်ဆိုးများနှင့်ပင် တစ်ဂိုဏ်းတည်းထား၍ပြသည်။ သူသည် ကောင်းမှုကောင်းရာ အကျိုးဆက်ဖြင့် သိကြားတည်းဟူသော သုဂတိဘဝကို ရလာသူဖြစ်သောကြောင့် နတ်ကောင်း နတ်မြတ်တစ်ပါးဟု ဆိုနိုင်ပါ၏။ သို့ရာတွင် သူ့ဘဝသူ့အခွင့်အရေးကို ထိပါးလာမည်ဟု ထင်သောအခါ၌မူ သိကြားဆိုးအဖြစ်သို့ ကူးပြောင်းလာတတ်သည်။

သူ့အခွင့်အရေးဟူသည်မှာ သူ့နေရာတာဝတိံသာအတွက်ပင် ဖြစ်ပေ၏။ အကြောင်းမှာ အသုရာတို့၏ မူလနေရာ တာဝတိံသာကို လုယူထားရသောသူအဖို့ အစဉ်စိတ်မအေးခဲ့ရပေ။ အလုခံထားရသော အသုရာတို့က သတိရ၍ အခွင့်သာတိုင်း သူ့ကိုပြန်၍ တိုက်သည်။ ယင်းသို့ဖြင့် မိုးဦးရာသီရောက်လာပြီဆိုလျှင် သိကြားနှင့် အသုရာတို့၏ တိုက်ပွဲများ နှစ်စဉ်ဖြစ်ပေါ်နေရသည်ဟူ၏။

ရန်သူဟု သူထင်လေ့ရှိခဲ့သော နောက်တစ်ဦးမှာ တရားအကျင့် လွန်ကဲပြင်းထန်သော သူတော်ကောင်းများဖြစ်၏။ အကြောင်းမှာ ယင်းသူတော်ကောင်းတို့ ကွယ်လွန်သော် သူ့နေရာသို့ ရောက်လာမည့်သူဟု သူယူဆသည်၊ ထင်သည်။ ထင်မည်ဆိုလျှင် လည်း ထင်ဖွယ်ရာပင်ဖြစ်၏။ အကြောင်းမှုကား သာသနာတော်အပမှ ရသေ့သူတော်စင် တို့၏ အကျင့်ရည်မှန်းချက်ဟူသည် နတ်ပြည် – ဗြဟ္မာ့ပြည်လျှင် အဆုံးရှိကြသောကြောင့် ဖြစ်သည်။

ဤနည်းဖြင့် တရားအကျင့် ကဲလွန်ပြင်းထန်သော ဣသိသိင်္ဂရသေ့ခမျာ ကလေးသည် သူ့ရန်သူဖြစ်လာရ၏။ ရန်သူဆိုသော်လည်း တစ်စုံတစ်ရာနှိပ်စက်ရန်တော့ မဟုတ်ပါ။ ရသေ့လေး၏ အကျင့်သီလ ပျက်စီးစေရုံမျှသာတည်း။ ရသေ့လေး၏ အကျင့်ကို ဖျက်ဆီးနိုင်သူဟူ၍လည်း ဗြဟ္မဒတ်မင်း၏ သမီးလေး နိလိနိကာကိုသာ

www.burmeseclassic.com

www.burmeseclassic.com



သူမြင်သည်။ အကြောင်းမှာ နိလိနိကာက ရသေ့လေး စွဲမက်စေနိုင်လောက်အောင် ချောရုံလှရုံမက မိန်းမတို့အတတ်ပညာ ပရိယာယ်မာယာနှင့် ပြည့်စုံသူဖြစ်သည်။ ဤနည်းဖြင့် သူတို့လာလေ့ရှိသော ညဥ့်သန်းခေါင်အချိန်တွင် ဥပုသ်ဝင်ရာ ဗြဟ္မဒတ်မင်း၏ အိပ်ရာစက်ခန်း အတွင်းသို့ လင်းလင်းချင်းချင်းပုံစံဖြင့် သူရောက်လာ၏။

ဗြဟ္မဒတ်မင်းအိပ်ရာမှနိုးကာ အံ့အားသင့်လှစွာဖြင့် "အသင် အဘယ်သူနည်း" ဟု မေးသည်။

"ငါသိကြားမင်းပဲ"

သိကြားကေန် မှန်လှပေမည်၊ အကြောင်းမှာ ကိုယ်ရောင် ကိုယ်ဝါတောက်ပစွာဖြင့် အိပ်ရာခန်းဆောင်တစ်ခုလုံး လင်းချင်း၍ နေသည်။ အိပ်ဖန်တော်စောင့် အထပ်ထပ်ကို လည်း ဖြတ်ကျော်၍ လာသည်။ မိမိကိုယ်တိုင်၏ သီလအကျင့်ကြောင့် နတ်မင်းမနေပိုင်၍ ရောက်လာသည်ဟုလည်း တွေးသည်။

"သိကြားမင်း ကြွရောက်လာသည်ကို ဝမ်းမြောက်လှပါ၏။ ဘယ်အကြောင်း ဘယ်ကိစ္စဖြင့် ကြွရောက်လာပါသနည်း သိကြားမင်း"

"သင့်နိုင်ငံမှာ မိုးခေါင်နေသည် မဟုတ်လော"

"မှန်လှပါသည်၊ မိုးခေါင်နေသည်မှာ သုံးနှစ်ပင်ရှိခဲ့ပါပြီ၊ ကျွန်တော်တို့လဲ တရားအကျင့် မယွင်းမပျက်ပါ၊ မိုးခေါင်၍ တိုင်းသူပြည်သားတို့ အတိဒုက္ခရောက်လျက် ရှိနေရပါသည်"

"ဘာကြောင့် မိုးခေါင်သည်ဆိုတာ သိပါရဲ့လား"

"မသိပါ သိကြားမင်း"

"ဤအကြောင်းကို ပြောကြားလို၍ သင့်ထံသို့ လာခဲ့ခြင်း ဖြစ်သည်။ မိုးခေါင် ရခြင်း အကြောင်းကား အသင့်နယ်ပယ် ဟိမဝန္တာတောင်ခြေမှ ဣသိသိင်ရသေ့၏ အကျင့်တရားပြင်းထန်လွန်ကဲနေသောကြောင့်ဖြစ်သည်"

"အဘယ်သို့ ပြုလုပ်ရပါမည်နည်း"

"ဣသိသိင်၏ သီလကို ဖျက်ဆီးရန် သင့်သမီး နိလိနိကာကို စေလွှတ်ခဲ့သော် ပျက်ပါလိမ့်မည်၊ ဣသိသိင်၏ သီလပျက်သည်နှင့် တစ်ပြိုင်နက် မိုးရွာပါလိမ့်မည်"

"ဣသိသိင်၏ နေရာကို မသိရပါ"

"သိသော မုဆိုးတို့ သင့်နိုင်ငံတွင် အသင့်ရှိနေကြပါသည်"

www.burmeseclassic.com

www.burmeseclassic.com



''ကောင်းပါပြီ သိကြားမင်း။ နက်ဖြန်နံနက်ကပင် စီစဉ်တိုင်ပင်၍ သမီးတော်ကို စေလွှတ်ပါမည်''

ပဋိညာဉ်ရသည်နှင့် တစ်ပြိုင်နက်ပင် သိကြားမင်း ကွယ်ပျောက်သွား၏။

[ ၄ ]

နောက်နေ့နံနက်စောစောပင် ညီလာခံခေါ်၍ သမီးတော်ကိုလည်း ညီလာခံသို့ အခစား ဝင်စေသည်။ ဘုရင်က ညက သိကြားမင်းကိုယ်တိုင်ရောက်လာပြီး မိုးခေါင်နေသည့်အရေး မေးမြန်းညွှန်ကြားသွားပုံကို အမိန့်ရှိလိုက်သောအခါ မှူးကြီးမတ်ရာတို့ အံ့သြစွာဖြင့်ပင် ဝမ်းမြောက်ကြသည်။ သို့ရာတွင် သမီးတော်ကိစ္စကိုမူ မလျော်လှသောကြောင့် ခပ်မဆိတ်နေကြသည်။ ဥစ္စာရှင်လို ဥစ္စာရှင်ခဲရမည့် ကိစ္စဖြစ်သောကြောင့် ဖခင်အတွက် မလျော်သော စကားဖြစ်သော်လည်း ဘုရင်ကိုယ်တိုင်ပင် ရှေ့မျက်နှာနောက်ထား၍ မိန့်ကြားသည်။

''သမီးတော် နိလိနိကာ ။ ။ ဒီကိစ္စမှာ သမီးကိုယ်တိုင် သွားရောက်ပြီး တာဝန်ကျေအောင် ဆောင်ရွက်ရပေလိမ့်မည်''

''မှန်လှပါ။ ဖခင်၏ အမိန့်လဲဖြစ်၊ နိုင်ငံတော်၏ အကျိုးလဲဖြစ်သောကြောင့် ဆောင်ရွက်ပါမည်၊ သို့ရာတွင် မိန်းမသားတစ်ယောက်အတွက် ခက်ခဲဝေးလံလှသော တောခရီးဖြစ်သောကြောင့် ပင်ပန်းနွမ်းရိရမည်ကိုတော့ စိုးမိပါသည် ခမည်းတော်''

''ရှေးမင်း မိဖုရားတို့သည် အကြောင်းတစ်စုံ ကြုံလာသောအခါ မြတဘက် ရင်စည်း၍ တောလမ်းခရီးနှင်ကြသော ထုံးပေါင်းများစွာ ရှိခဲ့ပါသည်။ ငါ့သမီးအဖို့တော့ ဤမျှခက်ခဲဖို့မရှိပါ။ အသက်သာဆုံးသွားနိုင်ရန် လိုအပ်သမျှ အခြွေအရံ ပေါင်းချုပ်နှင့်အတူ အခြံအရံ ရထား မြင်း ဆင်တို့ကို စီစဉ်၍ ပေးလိုက်ပါမည်''

''အမိန့်တော်အတိုင်းပါ ခမည်းတော်''

ကဿသိသိဂ်တို့နေရာသို့ ရောက်ဖူးရုံမျှမက ရောက်သည့်အခါတွင် ချဉ်ဆားပေးလှူလေ့ ရှိသောကြောင့် ရသေ့တို့နှင့် ရင်းနှီး၍နေသော မုဆိုးကို အလွယ်တကူ တွေ့ရှိရ၍လည်း ခရီးအဆင်ပြေသည်။ ကဿသိသိဂ်တစ်ပါးတည်းမဟုတ်၊ သူ့ဖခင်ရသေ့ကြီးရှိနေသေးသည်။ ရသေ့ကြီးက သူတို့နေရာသို့ လူစိမ်းသူစိမ်းများ၊ အထူးသဖြင့် မိန်းမများ ရောက်လာမည်ကို မနှစ်သက်။ သို့ဖြစ်၍ ကျောင်းအနီးသို့ရောက်လျှင် တိုးညင်းစွာ ချဉ်းကပ်ကြရသည်။ ရသေ့ကြီးရှိနေလျှင်လည်း မည်သည့်သူစိမ်းကိုမျှ

www.burmeseclassic.com



အတွေ့ခံမည်မဟုတ်။ သို့ရာတွင် ရသေ့ကြီးသည် ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်ခန့် သစ်သီးရှာရန် တစ်နေကုန်ခရီးထွက်လေ့ရှိသည်။ ရသေ့ကြီးမရှိသော ထိုအချိန်ကို စောင့်၍ ရသေ့လေးထံ ချဉ်းကပ်မှ အဆင်ပြေမည်ဟူသော မုဆိုး၏အကြံပေးစကားကို သိရ၍လည်း အဆင်ပြေသည်။

စိတ်ကူးရှိသော နိုလိနိကာက ရသေ့တစ်ပါးထံသို့ ချဉ်းကပ်ရမည် ဖြစ်သော ကြောင့် သူတော်ချင်းချင်း သီတင်းလွေ့လွေ့ဖြစ်နိုင်ရန် အသွင်တူပုံစံဖြင့် ချဉ်းကပ်နိုင်ဖို့ ရသေ့အဝတ်အဆင်တို့ကို ဆောင်ယူ၍ သွားသည်။ သို့နှင့်မြစ်လမ်းခရီးအတိုင်း ဆန်တက်၍ ကဿသိသိဂ်တို့နေရာအနီးသို့ ရောက်ရှိလာကြသောအခါ အခွင့်သာ မသာ ရသေ့ကြီးရှိရာကို မုဆိုးအား စေလွှတ်စုံစမ်းခိုင်းရင်း တောရင်းချုံကွယ်ကြီးတစ်ခုတွင် ငြိမ်ဝပ်စွာနေကြသည်။

အဆင်ပြေ၏။ နောက်နေ့နံနက်တွင် ရသေ့ကြီးသစ်သီးရှာထွက်မည့်အကြောင်း သိရှိရသည်။ သို့နှင့် နောက်နေ့နံနက်တွင် နိုလိနိကာသည် ရသေ့အသွင်သို့ဝတ်ဆင် လိုက်သည်။ ဝတ်ဆင်ဟန်ကား ဗာရာဏသီတွင် မြင်ဖူးသည့် ရသေ့တို့ပုံစံအတိုင်း ဆံပင်ကိုပြောင်ချောစွာ ထုံးချည်သည်။ ရသေ့တို့သည် ဆံထုံးရာ၌ ဆံစများမှာ ဖွာလံကျဲနေတတ်သည့် ပုံစံအတိုင်း ဆံစလေးများကို နဖူးဝန်းကျင်သို့ သေသပ်နွဲ့ပြောင်းစွာ ဝဲဆင်သည်။ ယောဂီရောင်းဖဲဝတ်ရှည်ကြီးကို သက်နီးအသွင်ဖြင့် လျော့ရိလျော့ရဲ ဝဲပတ်ဝတ်ဆင်သည်။ ဖဲသည်ချော၏။ ချောသောကြောင့် လှုပ်လိုက်တိုင်းလျှောသည်။ လျှောခြင်းဖြင့် ဟိုအသားသည်အသား ထိုထိုအသားဆိုင်တို့ကိုပေါ်လွင်စေမည်ဖြစ်သည်။ ဂန္ဓာရုံဖြင့်ဖမ်းစားရန်အတွက် တစ်ကိုယ်လုံးကို မွှန်နံ့သာလိမ်းခြယ်သည်။ ထို့နောက်တွင်မူ ရွှေကျင်လုံးကလေးကို ကိုင်လိုက်သောအခါ တင့်တယ်လှသော ရသေ့လေးအသွင်သို့ ကူးပြောင်းသွားပြီဖြစ်၏။

ကျင်ဟူသည်ရှေးထုံးပဝေသဏီ မန္တိမယောဂီတို့ ယန္တေခေတ်တိုင် ကိုင်ဆောင် လေ့ရှိကြသော သူတို့၏သမထပစ္စည်းတစ်ခုဖြစ်သည်။ ကျင်လုံးထိပ်ချွန်ဘက်မှ ရှည်းလျား သောကြိုးကိုဆွဲထားသည်။ ကျင်လုံးကို ပေါင်တွင်ပွတ်၍ ပစ်လွှတ်လိုက်သောအခါ ကျင်လုံးလေးပြေးထွက်သွားသည်။ ကြိုးစဖြင့်ပြန်လည်ဆွဲယူလိုက်သောအခါ လက်တွင်းသို့ ဝဲ့လည်ပြန်ရောက်လာသည်။ ဤသည်ပင်လျှင် ရသေ့တို့အားလပ်ချိန်များ၌ စူးစိုက်အပ် သောအကျင့်တစ်ရပ်ဖြစ်သည်။ စိတ်မထွေရန် ရသေ့စိတ်ဖြေကျင်ကစားသည်ဟုခေါ်သည်။

ယင်းသို့ဖြင့် နိုလိနိကာသည် ကြက်မောက်တောကို ဖြတ်ကျော်လိုက်သောအခါ၊ ကျောင်းသခ်မ်းလေးအစပ်တွင် ရပ်လျက်ရှိနေသော ကဿသိသိဂ်အနီးသို့ ပြုံးရွှင်သော မျက်နှာဖြင့် ရောက်ရှိလာပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဣသိသိဂ်အဖို့ မတွေ့စဖူး ရောက်လာထူးသော မိမိအရွယ်တူ ရသေ့ကလေးကို တွေ့မြင်လိုက်ရသောအခါ ပထမသော် အံ့အားသင့်စွာဖြင့်ပင် ငေးစိုက်၍ ကြည့်နေမိသည်။ နိလိနီကာက ကျင်လုံးကလေးကို ပေါင်တွင် ပွတ်၍ပစ်လွှတ်လိုက်သောအခါ မလုံမလဲ လျော့ရဲရဲ ဖဲသက်န်းစလျောပြေ၍ ကျသောကြောင့် ပေါင်တွင်းသားလေးများ ဖွေးကနဲ ဝင်းကနဲပေါ်လာသည်ကိုလည်း အံ့အားသင့်စွာဖြင့်ပင် ငေးစိုက်နေမိ၏။ ရှေးဦးစွာ ပစ်လွှတ်အပ်သော ကာမမြားတံပေတည်း။

သို့ရာတွင် မမြင်စဖူး၍ ဘီလူးဟုသာ အစွဲရှိနေရုံမက ရိုးသားလှသော ဣသိသိဂ်အဖို့ ကြောက်သည့်စိတ်သာဖြစ်ပေါ်လာ၍ ကျောင်းကလေးအတွင်းသို့ ဝင်ပြေးသည်။ ထိုအခါနိလိနီကာက ကျောင်းတွင်းတံခါးဝတိုင်ရောက်လာပြန်၍ ဣသိသိဂ်အဖို့ မိမိကို ကျွတ်ကျွတ်ကိုက်ဝါး၍ပင် စားတော့မည်လားဟု ငေးမောဖိုလှိုက် ၍သာ ကြည့်နေရှာသည်။

သို့ရာတွင် တစ်စုံတစ်ရာ ကြမ်းတမ်းသည့် အမူအရာကိုကား မတွေ့ရ၊ ချောမွေ့လှပသော သူ့မျက်နှာကလေးက အစဉ်ပြုံးရွှင်လျက် ရှိနေ၏။ အဝတ်အဆင်တို့ ချောမွေ့၍ အမူအရာတို့ကလည်း သိမ်မွေ့နွဲ့ပျောင်းလှ၏။ ဘီလူးတော့ ဟုတ်မည် မထင်ဟုလည်း တွေးမိလာသည်။

''မိမိထံရောက်လာတဲ့ဧည့်သည်ကို ဒီလိုပဲဧည့်ခံရပါသလား ရှင်ရသေ့'' ဟု နိလိနီကာက စတင်လိုက်သောအခါ အသံမှာလည်း သာယာလှသည်ကို ကြားရသော ကြောင့် စိတ်အေးသွားရသည်။

''အသင်ဟာ ဘီလူးတော့မဟုတ်ပါဘူးနော်''

''ကြံကြီးစည်ရာ မဟုတ်နိုင်တာ ရှင်ရသေ့ရယ်၊ မြစ်ညာအထက်နားက ကျောင်းမှာနေတဲ့ သင်လိုရသေ့တစ်ပါးပါပဲ''

''မမြင်စဖူး အမြင်ထူးလို့ မေ့မူးသွားမိပါတယ် ရှင်ရသေ့၊ အတွင်းသို့ကြွတော်မူပါ။ သစ်သီးမျိုးစုံတို့ ပြည့်စုံစွာရှိနေပါတယ်။ သုံးဆောင်တော်မူပါ။ ရသေ့လေးကြွရောက်လာ တာကို ဝမ်းမြောက်လှပါတယ်''

ဣသိသိဂ်က ပါးစပ်ဖြင့် ဖိတ်ခေါ်ရုံမက မိမိထိုင်နေရာ အင်းပျဉ်ကိုပင်ဖယ်၍ ကြွရောက်ထိုင်နေတော်မူပါလှည့်ဟု ပင့်ဖိတ်သည်။ အင်းပျဉ်ဟူသည် အင်းကွက်ကဲ့သို့ လေးထောင့်စပ်စပ် ပုံစံဖြင့် ချောမွေ့စွာ ပြုလုပ်ထားအပ်သော အုန်းတားလက်တင်မပါ သည့် ခုတင်မျိုးဖြစ်၏။ တင်ပျဉ်ခွေထိုင်မှုကို အလေးပြုကြသော မဇ္ဈိမတိုင်းသားတို့နှင့် ရသေ့ရဟန်းတို့ အသုံးပြုသော ပစ္စည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်ကိုမြင်ကာ ဤယုန်မြင်၍ ဤချုံထွင်လာသည်မို့ ဣသိသိဂံက ဖိတ်ကြားသည်နှင့်တစ်ပြိုင်နက်ပင် အင်းပျဉ်ထက်သို့ ရုတ်ခြည်းဝင်၍ ထိုင်ကာ ညောင်းညာလာသည့်ပုံစံဖြင့် နောက်သို့စောင်း၍ လှဲလျောင်းလိုက်သည်။ ထိုအခါ တမင်ပြင်ဆင်၍ လာခဲ့သော ဖဲအဝတ်သည်လျှောကျသွား၏။ ဖဲဝတ်ပြေလျောသောကြောင့် ခန္ဓာကိုယ်လေး မလုံတစ်ဝက် လုံတစ်ဝက်ဖြစ်သွားသည်။

သို့ရာတွင် ဣသိသိဂံက အမြင်ကွဲပြားထူးခြား၍နေသော နိလိနိကာထံမှ အမြင်ကို ကိုယ်ရေးကိုယ်တာဖြစ်နေသေး၍ ရှေးဦးစွာ မမေးသေး။ ရသေ့ပင်ဖြစ်သော်လည်း ဖခင်ကြီးမသင်ပြသောကြောင့် ကျင်ကိုင်မှုနှင့်ဝေးခဲ့ရသော သူ့အဖို့ နိလိနိကာနှင့် မြင်စကပင် သူ့အဖို့ အထူးအဆန်းဖြစ်နေသော ကျင်လုံးကလေးကိုသာ အာရုံစိုက်၍ ''သင့်လက်က လွှတ်လိုက်ရင် ပြန်ပြန်လာတဲ့ အသီးကလေးက ဘာသီးလို့ ခေါ်ပါသလဲ''ဟုသာ မေးလိုက်သည်။

''အသင်က တယ်ရိုးတာပဲ။ အဲဒါ ရသေ့တို့ အဆင်အယင် ကျင်သီးပေါ့။ သင်တို့နေရာမှာ မရှိဘူးထင်ပါရဲ့။ ငါတို့နေရာအနီးမှာတော့ ကျင်သီးပင်ကြီးတွေ အစီအရီနဲ့ သင်ကြွလာနိုင်တဲ့အခါမှာ ခူးဆွတ်ပေးလိုက်ပါမယ်''

''သင်က ဘယ်နေရာမှ သီတင်းသုံးပါသလဲ''

''မြစ်ညာအထက်တစ်နေရာမှာ သင့်လိုပဲ ဖခင်ရသေ့ကြီးနှင့်အတူနေပါတယ်''

''သင်တို့နေရာမှာ သာသာယာယာရှိပါရဲ့လား၊ စားဖွယ်သစ်သီးတို့ ပေါများပါရဲ့လား၊ သားရဲတိရစ္ဆာန်ဘေးမှ ကင်းဝေးပါ၏လား''

''နေရာထိုင်ခင်း သစ်သီးဝလံတို့မှာ သင့်နေရာထက်ပင် သာယာပေါများပါ၏။ သို့သော် သားရဲဘေးကတော့ မကင်းဝေးပါ။ အဲ့ဒီကိစ္စအတွက်ပင် သင့်ထံသို့ လာခဲ့ခြင်းဖြစ်ပါတယ်''

''ကြောက်စရာကြီးပါလား၊ ဘယ်လိုကိစ္စများပါလဲ အဆွေရသေ့လေး''

''ဖခင်ရသေ့ကြီးမရှိတုန်း၊ ဝံကြီးတစ်ကောင်က ငါ့ကျောင်းနားကို ချဉ်းကပ်လာပါတယ်၊ ငါကကြောက်တော့ သူထွက်ပြေးအောင်လို့ ခဲနှင့်ပစ်လိုက်မိပါတယ်၊ ဝံကြီးဟာ ထွက်မပြေးတဲ့အပြင် ငါ့ဆီကို အတင်းဝင်လာ၊ ငါ့ကိုဖက်လှဲပြီး၊ ငါ့ကိုအတင်း ကိုက်ခဲပြီး ဆွဲနုတ်ထွက်ပြေးသွားပါလေရော''

''ဩော် – ဒါကြောင့်ကိုး''

''ဒီတော့ ငါ့မှာ အကူအညီမရှိလို့ သင့်ထံကို အကူအညီတောင်းဖို့ ရောက်လာရခြင်းဖြစ်ပါတယ်၊ ချစ်ဆွေလေး''

www.burmeseclassic.com

www.burmeseclassic.com



''ဖြစ်မှ ဖြစ်ရလေ၊ ဒီလိုဆိုရင် ငါတို့မှာ ထိခိုက်ရှနာရင် လိမ်းသုတ်တဲ့ ငှါ့ဖခင်ရဲ့ ဆေးလည်းရှိပါတယ်။ ဖန်ရည်ဆေးပြီး အဲ့ဒီဆေးနဲ့ လိမ်းသုတ်ပေးပါမယ်။ ပြီးတော့ အနာရောဂါကို ပျောက်ဆေးတတ်တဲ့ မန္တန်ကိုလည်း ငါတတ်ပါတယ်။ အဲဒီမန္တန်နဲ့လည်း မန်းမှုတ်ပေးပါမယ်''

''အဲဒါတွေနဲ့ ကုသပြီးပါပြီ၊ မပျောက်ပါဘူး။ သင်ကိုယ်တိုင် ကိုယ်ဖိရင်ဖိ ပြုစုမှ ပျောက်မယ့်အနာပါ''

''ကောင်းပါပြီ၊ သင်နှစ်သက်သလို ပြုစုကုသပေးပါ့မယ် ချစ်ဆွေ''

[ ၅ ]

နိလိနိကာတို့လိုအပ်သမျှ ကိစ္စအဝဝ အဖုံဖုံပြီးပြည့်စုံပြီဖြစ်၏။ ပြန်ဖို့ရန်သာ ရှိတော့သည်။ သို့ရာတွင် မခွဲမခွာ အာသာငမ်းငမ်း တစ်တန်းတန်း တစ်ရစ်ရစ် ဖြစ်နေရှာသော ဣသိသိင်ကျေနပ်စေရန် ဖခင်ရသေ့ကြီး ပြန်မလာမီ နေစောင်းသည့်အထိ အတူနေသည်။ အနာမှာသက်သာ၍ တစ်ဖြည်းဖြည်းချင်း ပျောက်ကင်းသွားပါလိမ့်မည်ဆို၏။

သို့နှင့် နေစောင်းလာချိန်တွင် ''ငါပြန်တော့မည်''ဟုပြော၍ နိလိနိကာက ဟန်ပြင်လိုက်သောအခါ ဣသိသိင် ပျာယာခတ်သွားသည်။

''မပြန်နဲ့ ချစ်ဆွေလေး။ သင့်အနာကလဲ မပျောက်သေးပါဘူး။ ပျောက်သည် အထိ ငါတို့နဲ့ အတူနေပါ၊ ငါတို့မှာ စားဖွယ်ရာတွေပေါများပါတယ်''

''မဖြစ်ဘူး ကိုသိင် ။ ။ ငှါ့မှာလဲ သင့်လိုပဲ ပြုစုရမယ့် ဖခင်ရသေ့ကြီးရှိနေပါတယ်။ ညနောင်စောင်းရင်း သစ်သီးရှာက ပြန်လာပါလိမ့်မယ်၊ သွားတော့မယ်နော်''

''ငှါ့မှာ သင်နှင့်ခွဲခွာရရင် ပူဆွေးနေရပါတော့မယ်''

''အခွင့်သာတဲ့အခါ ငါတို့နေရာ မြစ်ညာကို လာခဲ့ပေါ့၊ ငါကလဲ အခွင့်သာသလို သင့်ထံလာခဲ့ပါမယ်''

ပြောရင်းဖြင့်ပင် နိလိနိကာထွက်ခွာသည်။ ဣသိသိင်က တမ်းတမ်းတတနှင့် လိုက်ပါရင်း ကျောင်းဝအထိ ပို့ဆောင်သည်။ မျက်စိတစ်ဆုံးငေးမျှော်၍ ကျန်ရစ်သည်။

ဣသိသိင်ခမျာ အဘယ်ပုံကျန်ရစ်ရှာသနည်း။ ကာမရောဂါ ဘယ်သို့ဘယ်ဝါ မသိရှာသော်လည်း ရာဂရှိန်ဝါ ကိုယ်တွင်းနာကား ကုရာနတ္တိဆေးမရှိဟူဘိသို့ သံခ်မ်းလေး အတွင်း၌သာ ခွေ၍ကျန်ရစ်သည်။ တစ်နေ့လုံး အမှုရှုပ်နေသောကြောင့် တရားထိုင်ဖို့ ဝေး၍ ဂါထာမန္တန်ကိုပင် မရွတ်အံနိုင်။ အမှိုက်သရိုက်မျှ မရှင်းလင်းနိုင်။ ကြိုးဆိုနေကျ

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးပြန်လာမည်ကိုမျှလည်း မကြိုးဆိုနိုင်။ တစ်မှိုင်မှိုင်တစ်ဟင်းဟင်းနှင့် သက်ပြင်းကိုသာ အခါခါချ၍နေသည်။

ဖခင်ကြီးပြန်ရောက်လာပြီဖြစ်၏။ ပြန်လာပြီကို မမြင်မကြို၍ မိမိကို ခေါ်သံကြားသည်ကိုပင် ပြန်၍မထူးနိုင်။ သခ်မ်းအတွင်း သက်နှင်းကိုခြုံကာ ခွေ၍သာနေလိုက်သည်။

ခန်းပေါက်ဝသို့ ရသေ့ကြီးရောက်လာပြီး အတွင်းသို့ ကြည့်လိုက်သောအခါ လျှော်တေကိုခြုံ၍ တစ်လှုပ်လှုပ်ရှိက်နေသော သားဖြစ်သူကိုတွေ့ရသဖြင့် အကြောင်းစုံကြုံနေပြီလောဟု ပျာပျာသလဲ အနီးသို့ရောက်သွားသည်။ လျှော်တေကို လှန်လိုက်သောအခါ ငိုရှိုက်နေသည်ကို တွေ့ရ၏။

''ဘယ်လိုဖြစ်တာလဲ လူကလေး။ ။ နေလို့မကောင်းရဲ့လား၊ တစ်ခန်းလုံးလဲ ရှုပ်ပွေလို့ပါလား''

''ခမည်းတော် ။ ။ ခမည်းတော် မရှိတုန်း အထက်မြစ်ညာဆီကတဲ့ ရသေ့လေးတစ်ပါး ရောက်လာပါတယ်၊ သူအခု ပြန်သွားပါပြီ၊ သူ့ကို မတွေ့ရရင် သားသေရပါလိမ့်မည်၊ သူ့ဆီကို လိုက်ပို့ပေးပါနော်''

''ဘုရား – ဘုရား။ ငါ့သားကို ဘယ်လို သတ္တဝါကများ လာနှောက်သွားပါလိမ့်''

''သူ့မျက်နှာလေးက သိပ်လှပါတယ်၊ သူ့အသံလေးကလဲ သာယာလိုက်တာ လွန်ရော၊ သူ့တစ်ကိုယ်လုံးကလဲ မွှေးကြိုင်လို့၊ သူ့အသားလေးတွေကလဲ နူးညံ့လိုက်တာ အိလို့ ပျောင်းလို့''

''သူက ဘာကိစ္စ ရောက်လာရတာလဲ''

''ဝံတစ်ကောင်က ကိုက်လို့တဲ့၊ သူ့ကိုယ်မှာ အနာကြီးနဲ့၊ သားကို ဆေးကုပေးပါဆိုလို့ သူပြောသလို ကုပေးလိုက်ရပါတယ်''

''အလိုလေး – ငါ့သား မှားပြီ – မှားပြီ၊ ကံသီပေလို့ ငါ့သားကို စားမသွားတာ၊ အဲဒါ လူမဟုတ်ဘူး၊ ဘီလူးမကွယ့် – ဘီလူးမ''

ဘီလူးဟုဆိုသောအခါ နဂိုကကြောက်ခဲ့သော အသိကြောင့် အိပ်ရာမှ ငေါက်ခနဲထ၍ထိုင်သည်။ ငေးငိုင်သော အသွင်မှ ကြောက်လန့်သော အသွင်သို့ ချက်ချင်းပြောင်းသွား၏။

''ဒီလိုအန္တရာယ်ကိုမြင်လို့ ဖခင်က ငါ့သားကို သူယောင်တောကို လိုက်ပြခဲ့တယ်မဟုတ်လား။ သူတို့ဟာ လူယောင်ဆောင်ပြီး ငါ့သားကို လှည့်ဖြားမယ်၊ အခွင့်သာတာနဲ့

www.burmeseclassic.com



တစ်ပြိုင်နက် ကျွတ်ကျွတ်ဝါးစားမယ်၊ ငါ့သားဆိုလာတဲ့သူက သူယောင်မယ်နဲ့ မတူဘူးလား''

''အခုမှ သတိရပါပြီ ဖခင်၊ မှန်ပါတယ်၊ သူယောင်မယ်ကလေး ပုံစံအတိုင်းပါပဲ၊ သားကြောက်လှချည်ရဲ့ ဖခင်''

''ငါ့သားမှာ တရားရှိပါတယ်၊ တရားနဲ့နေရင် ဘယ်အန္တရာယ်မှ မကပ်နိုင်ပါဘူး။ ငါ့သားက တရားနဲ့မို့ သူမစားဝံ့တာပေါ့၊ နောင်ကို သူလာရင် အကပ်မခံနဲ့ပေါ့၊ ထမ်းပိုး ကောက်နဲ့သာ ရိုက်လွှတ်၊ ကဲ – ငါ့သား တရားသတိကိုသာ မပြတ်ရှိနေပါစေ''

''ကောင်းပါပြီ – ဖခင် ။ ။ သား သတိလက်လွှတ်သွားလို့ ဒီလို ဖြစ်ရတာပါ၊ ဘီလူးမတွေကို ကြောက်လှချည်ရဲ့၊ သတိထားပြီး တရားအားထုတ်ပါတော့မယ်''

––– ဆိုစမျှားမျှား၊ ထားပါချေဘိ၊ ငါ့ဝန်ရှိခဲ့။ ။

(ရှင်မဟာရဋ္ဌသာရ)

www.burmeseclassic.com

www.burmeseclassic.com



# တန်ခိုးတော်သခင် အရှင်နှစ်ပါး

[ ၁ ]

သိကြားမင်း၏ ဝေဇယန္တာ နန်းပြာသာဒ်ထုပိကာကို ခြေမဖြင့်ညှပ်၍ လှုပ်ခဲ့သော တန်ခိုးတော်သခင် အရှင်နှစ်ပါးရှိ၏။ တစ်ပါးမှာ အများသိကြပြီးဖြစ်သော အရှင်မောဂ္ဂလာန် အရှင်မြတ်ကြီးဖြစ်၍ တစ်ပါးမှာ ခုနစ်နှစ်သားအရွယ်မျှ ကိုရင်လေး ဖြစ်သည်။

အရှင်မောဂ္ဂလာန်က အကြောင်းရှိသောကြောင့် လှုပ်ခြင်းဖြစ်၍ ကိုရင်ကလေး ကမူ မိမိတန်ခိုးကို စမ်းသပ်လိုသည့် ဆန္ဒတွင် သာသနာ့ဂုဏ်ကို ဆောင်လိုသောကြောင့် လှုပ်ခြင်းဖြစ်သည်။

[ ၂ ]

အရှင်မောဂ္ဂလာန်သည် ဇေတဝန်တွင် တရားထိုင်ရန် ပြင်ဆင်ခိုက်၌ ဘုရားရှင်အထံသို့ သိကြားမင်းရောက်လာသည်ကို တွေ့လိုက်ရ၏။ ကေန္တာဘုရားရှင်က သိကြားကို တရားတစ်ခုတစ်ရာ ဟောမည်သေချာသည်။ ယင်းတရားကို မိမိပါကြားနာလိုသည်။ သို့သော် တရားထိုင်ရန် ပြင်ဆင်ပြီးဖြစ်နေ၍ နောက်မှပဲ သိကြားထံသွားရောက်မေးမြန်း နာကြားတော့မည်ဟု အာရုံကပ်လိုက်၏။

ယခုတစ်လော သိကြားမင်းသည် သိကြားအသစ်ဖြစ်လာသည့်အချိန်မှစ၍ ယခင်က ဖယ်ကတ်ကတ်နေခဲ့မိသမျှကို အတိုးချ၍ ဘုရားရှင်ထံတော်သို့ မကြာခဏ ချဉ်းကပ်လာတတ်သည်ကို တွေ့နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



သိကြားအသစ်ဆိုသော စကားမှန်၏။ သိကြားမင်းဦးမာဃသည် ဘုရားရှင်နှင့် ယခင်က ခပ်ကွာကွာသာနေခဲ့သည်။ ဘုရားရှင်အား ရှိခိုးလိုသည့်ကိုပင် တမန်ဖြင့် ရှိခိုးသည်။ ချဉ်းကပ်လိုလျှင်လည်း အမှတ်မဲ့ ကိုယ်ဟန်သွင်ပြင် မထင်မရှားဖြင့်သာ ချဉ်းကပ်ခဲ့သည်။ ဣန္ဒသာလာလိုဏ်ဂူတွင် သက္ကပဥှာသုတ်တော်ကို ကြားနာရပြီးသော အခါတွင်မှ သောတာပန်သိကြားဖြစ်လာ၍ တရားအမြင်အားဖြင့်လည်း သိကြားသစ်၊ သက်တမ်းအနေဖြင့်လည်း သိကြားသစ်ဖြစ်လာ၏။ အကြောင်းမူကား သက္ကပဥှာ သုတ်တော်ကို ကြားနာပြီးသည့်အချိန်၌ပင် နှစ်ပေါင်းသုံးကုဋေခြောက်သန်း မှိုင်းမူန်ပြာရီ ပဝေဏီက စတင်ခဲ့သော သူ့သက်တမ်းကုန်ဆုံး၍ တရားနာခိုက်တွင်ပင် နတ်သက် ကြွေကာ သိကြားအသစ် ဖြစ်လာသည်။

ထို့ကြောင့် ယနေ့ ကျွန်ုပ်တို့ သိကြားမင်းအသစ် ဦးမာဃ၏အသက်သည် နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်မျှသာရှိသေး၍ ဖြောင့်ဖြောင့်တန်းတန်းနေခဲ့သော် နောက်ထပ်နှစ်ပေါင်း သုံးကုဋေခြောက်သန်းနီးပါးမျှ နေရပေဦးမည်။

''ဖြောင့်ဖြောင့်တန်းတန်း''ဟုဆိုရသည်မှာ နတ်တို့သက်တမ်းဟူသည်ကို သူ့အရေအတွက်အတိုင်း ဖော်ပြရသော်လည်း အကြင်နတ်သည် သတိကင်းလွတ်၍ ကာမဂုဏ်ကျူး၏။ ဒေါသကြီး၏။ ထိုနတ်သည် သက်တမ်းအတိုင်း မနေရတော့ဘဲ ယင်းကျူးမှုကြီးမှုများကြောင့် ရုတ်ခြည်းနတ်သက်ကြွေနိုင်သည်။ မဟာစည် အဆုံးအဖြတ်အရ ယနေ့လူတို့ သက်တမ်းသည် ၇၅ နှစ်ဆိုသော်လည်း ၇၅–မတိုင်မီ တစ်ဖြုတ်ဖြုတ် ကွယ်လွန်သကဲ့သို့ပင်ဖြစ်၏။ သောတာပန်ဆိုသော်လည်း သောတာပန်တွင် ကာမဂုဏ်ရှိ၍ ဒေါသလည်း ရှိသည်သာဖြစ်၏။

ယခုပင် ကြည့်ပါ၊ သောတာပန် ဦးမာဃသည် ဘုရားရှင်အထံတော်မှ ယခုပင် ကြားနာခဲ့ရသော တရားတော်ကို နတ်သမီးများအကြားသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် မေ့လေပြီ။ နတ်စည်းစိမ်ဟူသည် မေ့လောက်အောင်လည်း ကြီးမားလှစွာ၏။

''လူတို့၏ ကာမရသထက် အထက်စတုမဟာရာဇ်နတ်တို့၏ ကာမရသသည် အဆတစ်သိန်းမက သာလွန်၏။ စတုမဟာရာဇ်နတ်တို့၏ ကာမရသထက် တာဝတိံသာ နတ်တို့၏ ကာမရသသည် အဆတစ်သိန်းမက သာလွန်၏။ ဣသိသိင်္ဂရသေ့သည် တာဝတိံသာသူ အလမ္ဗုသာနတ်သမီး၏ကာမရသအတွေ့နှင့် တွေ့လေရာ သုံးနှစ်တိုင်တိုင် သတိမရဘဲ နတ်သမီးရင်ခွင်မှာ နေရ၏။ (လယ်တီ 'အနတ္တဒီပနီ' စာ–၁၄)

အရှင်မောဂ္ဂလာန်သည် တရားထိုင်ရာမှထ၍ ဘုရားရှင်တရားတော်ကို တစ်ဆင့် ကြားနာနိုင်ရန် သိကြားမင်းထံ ဝေဇယန္တာသို့ ရောက်သွားသောအခါ ပထမသော်

www.burmeseclassic.com

www.burmeseclassic.com



အရှင်မောဂ္ဂလာန်သည် တာဝတိံသာသို့ လာရိုးလာစဉ်အတိုင်း ကြွလာမည်အထင်ဖြင့် သိကြားမင်းက ဝမ်းမြောက်ဝမ်းသာ ဆီးကြိုပါသည်။ သို့သော် လာရိုးလာစဉ်မဟုတ်၊ ဘုရားရှင် တရားတော်ကို တစ်ဆင့်ကြားနာလို၍ ရောက်လာပါသည်။ အဘယ်တရားများ ဟောကြားလိုက်ပါသနည်းဟူ၍ အမေးပေါ်လာသောအခါ သိကြားမင်းခမျာမေ့လေပြီဖြစ်၍ အခက်တွေ့ရတော့သည်။

အရှင်မောဂ္ဂလာန်သည် အထက်နတ်ရွာ စတုမဟာရာဇ် တာဝတိံသာ စသည်တို့သို့ ဆွမ်းခံသော်လည်းကောင်း၊ အလွတ်သော်လည်းကောင်း မကြာခဏ ကြွလေ့ကြွထရှိသည်။ ရည်ရွယ်ချက်မှာ ဘုရားရှင်လက်ထက်တော်၌ ကုသိုလ်ကောင်းမှု တစ်စုံတစ်ခုကြောင့် နတ်ပြည်သို့ရောက်လာကြသော နတ်သား-နတ်သမီးများအား တွေ့ဆုံမေးမြန်း၍ အဘယ်နတ်သားသည် အဘယ်ကုသိုလ်ကြောင့် အဘယ်နတ်ဘုံ၌ ဖြစ်နေသည်၊ အဘယ်အမျိုးသမီးသည် ဆွမ်းကလေးတစ်ကြိမ်မျှ လောင်းလှူဖူးသော ကောင်းမှုကြောင့် ဝေဇယန္တာတွင် သိကြားမင်းကြီး၏ ရံရွေတော်နတ်သမီးလေးဖြစ်နေသည် စသည်ဖြင့် လူ့ပြည်သို့ပြန်၍ ဟောကြားရန်ဖြစ်သည်။

အရှင်မြတ်ခမျာအတွက် ပြောရန်ရှိသည်ကား ယင်းသို့ကုသိုလ် သတင်းပို့ဟော ကြားမှုများကြောင့် ဘုရားရှင်သာသနာတွင် သက်ဝင်သူတို့ တိုးပွားလာသည်မှန်ပါ၏။ သို့သော်ယင်းသို့ ပြုမူဆောင်ရွက်ချက်ကြောင့်ပင် ဒိဋ္ဌိတို့မျက်မုန်းကျိုးကာ အသတ်ခံရရှာ သည်အထိ ဆုံးရှုံး၍ ကိုယ်ကျိုးစွန့်တော်မူခဲ့ရရှာသည်။

အရှင်မောဂ္ဂလာန်ထံမှ မမျှော်လင့်သောအမေးစကား မြွက်ကြားလာသည်ကို ကြားရသောအခါ ဦးမာဃခမျာ မေ့လေပြီကြောင့် ပျာယာခတ်သွား၏။ သောတာပန် ရင့်မကြီးဖြစ်၍ မေ့နေပါပြီဘုရားဟုလည်း မလျှောက်ကြားဝံ့ပေ။ ထို့ကြောင့်အမေးတော် စကားကို မသိနိုးနား၊ မကြားကျိုးကျွန်ပြုကာ ဦးခေါင်းကို ဖယ်ယမ်းဖျစ်ညှစ် စဉ်းစားသည်။ မပေါ်လာ။

အရှင်မောဂ္ဂလာန်က သိကြားမေ့နေသည်ကို အစင်းသားသိသော်လည်း သူသတိပေါ်လာမည့်အချိန်ကို သည်းခံစောင်းဆိုင်းရင်း ခပ်မဆိတ် သီတင်းသုံးလျက် ရှိသည်။

သို့သော် ဦးမာဃအဖို့ သည်အတိုင်း ငူငူကြီးထိုင်နေ၍လည်းမဖြစ်သဖြင့် တစ်ဖက်တွင် အမေးတရားတော်ကိုပေါ်လာနိုးဖြင့် အထပ်ထပ်စဉ်းစားရင်း တစ်ဖက် တွင်လည်း မိမိ၏သတိအားနည်းမှုကို ဖုံးကွယ်သည့်အနေဖြင့် ဝါစာကမာ စကားများ လျှောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



''တပည့်တော်မှာဘုရား။ အများက သိကြားမင်းရယ်လို့ အထင်ကြီးခံရပေမယ့် နည်းနည်းကလေးမျှ မအားလပ်ရပါ။ နတ်ဆိုပေမယ့် လူတွေလိုပဲ ရှုပ်ကြတာပဲ၊ လင်ကွာ-မယားကွာကိစ္စ ဖြေရှင်းပေးရတာနဲ့၊ သားလု-မယားလုကိစ္စ တရားစီရင်ရတာနဲ့ တစ်နေ့တစ်နေ့ အားရတယ်ကို မရှိပါဘူး''

အရှင်မောဂ္ဂလာန်က ခပ်မဆိပ်ပင် နားထောင်နေသည်။

''မနေ့တုန်းကပဲ နတ်သားနှစ်ဦးရဲ့ ဗိမာန်နှစ်ခုအကြားမှာ နတ်သမီးတစ်ယောက်ပေါ်ပေါက်လာလို့ နတ်သားနှစ်ဦး သူရသင့်-ငါရသင့် ငြင်းလိုက်ကြတာ ဘယ်လိုမှ ဖြေရှင်းလို့မရဘူး။ ဒါနဲ့တပည့်တော်ကပဲ သိမ်းပိုက်ပြီး ဖျန်ဖြေလိုက်ရတယ်၊ ဒါမျိုးတွေလည်း ရှိသေးဘုရား့''

''နတ်သား - နတ်သမီးတွေဆိုတာဟာ အများအားဖြင့် ဖြစ်ထိုက်တဲ့ နတ်သမီးရဲ့ ရင်ခွင်မှာ အဆင်သင့်ဖြစ်လာကြပါတယ်၊ တစ်ခါတစ်ခါကျတော့ အဲဒီလို ရင်ခွင်မှာ မဖြစ်တဲ ဗိမာန်နှစ်အကြားမှာ ဖြစ်လာပါရော၊ ဒီနေ့ မနက်ပဲ အဲဒီကိစ္စမျိုး ပေါ်ပေါက်လာလို့ နတ်သမီးနှစ်ဦး သူရသင့်-ငါရသင့်လုလိုက်ကြတာ ဖြေရှင်းလို့ မရတာနဲ့ တပည့်တော်ကပဲ ထိန်းသိမ်းမွေးမြူ လိုက်ရပြန်ပါရော''

အရှင်မောဂ္ဂလာန်က ရဟန်းတော်တို့နားနှင့် မလျော်လှသော သူ့နတ်မှုကိစ္စများကို ဟန့်တားသည့် သဘောဖြင့် အဟမ်း-အဟမ်းဟု ချောင်းဟန့် သတိပေးလိုက်၏။ သို့သော် သိကြားအဖို့ တရားတော်ပေါ်မလာသေးသည်က ခက်သည်။

''ဒီကြားထဲ ယောက္ခမဝေပစိတ္တိအသုရာကြီးက အရက်တွေမိုးမွှန်အောင် သောက်ပြီး၊ တစ်ခါတစ်ခါ လာလာနှောင့်ယှက်ခံရတဲ့ ဒုက္ခကလဲ ရှိသေးဘုရား၊ မိုးသံလေသံကြားရင် စစ်ချီပြီးတိုက်ခိုက်လာတဲ့ရန်ကို တွန်းလှန်ပစ်ရတဲ့ ဒုက္ခကြီးကလဲ မကြာမကြာဘဲ ဘုရား၊ သိကြားမင်းဘဝဆိုပေမယ့် အေးချမ်းရတယ်လို့ မရှိလှပါဘူး''

သူ့စည်းစိမ်ကိုတော့ ဖုံးကွယ်၍ ဆင်းရဲဒုက္ခတွေကိုသာ ပြောနေသည်။ ဤအတိုင်းဆိုလျှင်တော့ မဟန်တော့ပြီ။ ဦးမာနသတိရလာအောင် ပြုလုပ်ရပေတော့မည်ဟု အရှင်မောဂ္ဂလာန် ထိုင်နေရာမှ ထသည်။ သိကြားက အရှင်မောဂ္ဂလာန် ပြန်ကြွ လေတော့ပြီလားဟု မဖြေနိုင်သည့်ဒုက္ခမှ ကင်းဝေးမည်ကြောင့် ဝမ်းသာသည်။

ပြန်ကြွသည်မှန်၏။ သို့သော် တာဝတိံသာမှထွက်ကြွလာခဲ့ခြင်းမဟုတ်၊ ဝေဇယန္တာမှထွက်ကြွ၍ ဝေဇယန္တာထုပိကာထိပ်ဖျားသို့ တက်ကြွခဲ့ခြင်းဖြစ်သည်။ အကြောင်းသော်ကား သိကြားမင်း ထိတ်လန့်သတိရလာအောင် ဝေဇယန္တာကြီးကို လှုပ်ခါတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



မည်မျှစည်းစိမ်ကြီး၍ မေ့လျော့နေသည်ဆိုစေ၊ ထိတ်လန့်ဖွယ်ဘေးဒုက္ခနှင့် ရင်ဆိုင်လာရပြီဆိုလျှင် ကိုးကွယ်ရာကို သတိရလာမြဲဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့အဖို့မူ ရတနာသုံးပါးကို သတိရလာသည်။ တရားကို သတိရသည်။ ဘုရားရှိခိုးသည်။ ဥပုသ် စောင့်သည်။ ရဟန်းဝတ်သည်အထိပင် တရားသက်ဝင်လာသည်။

ဤနည်းဖြင့် တရားတော်ကို မနာရလျှင် မပြန်ဟု မိဒ္ဓာန်သမှု ပြုလာခဲ့သော အရှင်မောဂ္ဂလာန်က တန်ခိုးတော်ဖြင့် ဝေဇယန္တာအထွတ်ကို ခြေမနှင့်ဆွဲညှစ် လှုပ်ခါ လိုက်သောအခါ လေဝှေ့ခံရသော ကြက်မွေးကဲ့သို့ ဝေဇယန္တာကြီး ပျက်ပြိုတော့လု မတတ်ဖြစ်ပြီး သိကြားနှင့်တကွ သူ့နတ်သမီးတွေပါ ကျွမ်းထိုးမှောက်လှန် ပြောင်းဆန် ကုန်တော့သည်။

ထိုအခါကျမှ တရားတော်ကို သိကြားမင်း သတိရလာကာ ဝေဇယန္တာအပြင်သို့ ထွက်၍ အရှင်မြတ်ကို ဖူးတွေ့ပင့်ခေါ်ကာ ''တပည့်တော် သတိရပါပြီ၊ ကြွတော်မူပါ၊ တပည့်တော်တို့ကို သည်းခံပါဘုရား''ဟု လျှောက်ထားပင့်ဖိတ်ပြီး ကြားနာခဲ့ရသော တရားတော်ကို ပြန်လည်ဟောပြသည်။ အရှင်မောဂ္ဂလာန် ကြားနာသာဓုခေါ်ပြီးနောက် ထွက်ကြွသွားသည်။

ထိုအခါမှ သိကြားမင်းသက်ပြင်းချနိုင်တော့၏။ သူ့အနီးသို့ နတ်သမီးများ ကပိုကရိုနှင့် ဝိုင်းအုံလာကြသည်။

''ဒီတစ်ခါ ကိုယ်တော်မြတ်ကြီးက တယ်ပြီးဒေါသကြီးပါလား အရှင်သိကြားမင်း''

''ဟဲ့-ဟဲ့၊ ဒီလိုမပြောရဘူး၊ အရှင်မြတ်တို့လို ရဟန္တာမှာ ဒေါသဆိုတာ မရှိဘူး၊ ငါ့အပြစ်ကြောင့် ဒီလိုဖြစ်ရတာပါကွယ်ရို့''

''အရှင်သိကြားမင်းက ဘယ်လိုအပြစ်များ လုပ်မိလို့ပါလဲ''

''နင်တို့ကြောင့် သတိမေ့တဲ့အပြစ်၊ နင်တို့ကြောင့်ဟဲ့၊ နင်တို့ကြောင့်''

[ ၃ ]

ဤသည်ကား ဘုရားရှင်လက်ထက်တော်တွင် အရှင်မောဂ္ဂလာန်က ဝေဇယန္တာကို ခါလှုပ်ပုံဖြစ်၍ ဒုတိယအကြိမ် လှုပ်သူမှာ လင်္ကာဒီပသီဟဠ သာသနာခေတ် ရောက်မှ ကိုရင်လေး သံဃရက္ခိတဖြစ်သည်။

ကိုရင်လေးမှာ ခုနစ်နှစ်သားအရွယ် ငယ်လှစွာသေး၏။ ငယ်သော်လည်း သဒ္ဓါတရားနှင့် ဉာဏ်အမြင်တွင်မှု လေးနက်ကြီးမားလှသောကြောင့် ရဟန်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



များက ချစ်စနိုးစွာ ဝိုင်းဝန်းစောင့်ရှောက်အပ်သောကြောင့် သံဃရက္ခိတ– သံဃာတော်တို့ အစောင့်အရှောက်ခံ ကိုရင်လေးဟု အမည်ရသည်။ ဉာဏ်အမြင်ကြီးမားသူဟု ဆိုရသည်မှာကား ကိုရင်သံဃရက္ခိတသည် ခုနစ်နှစ်သားအရွယ်နှင့်ပင် ပဋိသမ္ဘိဒါပတ္တခေါ် ပညာရောတန်ခိုးပါ ဘက်စုံပြည့် ရဟန္တာ ဖြစ်လာသောကြောင့်တည်း။

ဤသည်ကား ဘုရားရှင်သာသနာတော်ဝယ် အသစ်အဆန်းမဟုတ်တော့။ ခုနစ်နှစ်၊ ရှစ်နှစ် စသည့် အရွယ်မျှနှင့် ရဟန္တာဖြစ်လာကြသော ပါရမီရှင် ကိုရင်ကလေးများ ဘုရားရှင်လက်ထက်တော်၌ အမြောက်အမြားရှိ၍၊ ခုနစ်နှစ်၊ ရှစ်နှစ်ကိုထားဦး၍ (လေးနှစ်၊ ငါးနှစ်အရွယ်မျှဖြင့်ပင် ရဟန္တာဖြစ်ခဲ့ကြသော ကိုရင်ကေဒီပီယ၊ ကိုရင်ပဒုမ၊ ကိုရင်ပဥ္စသီလသမာဒါနိယတို့ပင် ရှိခဲ့ကြ၏ဟု အပဒါန်ကျမ်းတွင် အထင်အရှား ဖော်ပြထားသည်။ အသက်အရွယ်ဟူသည် အကြောင်းမဟုတ်၊ ပါရမီဓာတ်ခံ ရင့်သန်လာခဲ့ပါသော် အလောင်းတော် သိဒ္ဓတ္ထမင်းသားလေးသည် မွေးကင်းစသာသာအရွယ်၌ပင် ခမည်းတော်ဘုရင် လယ်ထွန်မင်္ဂလာပြုနိုက် သပြေပင်ရိပ်ဝယ် သိပ်ထားစဉ်တွင် ငုတ်တုတ်ထိုင်၍ ဈာန်ဝင်စားခဲ့သည် မဟုတ်ပါလော။

ကိုရင် သံဃရက္ခိတကို သံဃာတော်တို့ စောင့်ရှောက်ကြရာ၌ ရင်အုပ်မကွာ စောင့်ရှောက်သော ဥပဇ္ဈာယ်ဆရာသည်ကား အရှင်နာဂမထေရ်ကြီးဖြစ်၏။ အရှင်နာဂမထေရ်ကြီးဟူသည် သီဟဠသာသနာဝယ် တန်ခိုးအရာ၌ ထင်ရှားလှသူဖြစ်ရာ၊ တန်ခိုးတေဒဂ်သခင် အရှင်မောဂ္ဂလာန်၏ တပည့်များသည် တန်ခိုးအရာ၌ထင်ရှားကြသကဲ့သို့ အရှင်နာဂထေရ်၏တပည့်များသည် တန်ခိုးအရာ၌ ထင်ရှားကြသည်။ ယင်းတပည့်များအနက် ကိုရင်သံဃရက္ခိတမှာ အငယ်ဆုံးဖြစ်၏။

အရှင်နာဂမထေရ်ကြီး တန်ခိုးအားဖြင့် ထင်ရှားပုံမှာ – အရှင်မြတ်သည် အအေးဓာတ်ကို နှစ်သက်သူဖြစ်သည့်အတိုင်း အများအားဖြင့် သမုဒ္ဒရာအောက်ဝယ် ရေပြင်ကို လိုဏ်ဂူသဖွယ် ထွင်းဖောက်ဖန်ဆင်း၍ သီတင်းသုံးတော်မူလေ့ရှိသည်။

ဤတွင် သမုဒ္ဒရာပျော် ကိုယ်တော်နှစ်ပါး အထင်အရှားပေါ်ပေါက်လာ၏။ တစ်ပါးမှာ ဘုရင်သီရိဓမ္မာ အသောကရာဇာ အလှူတော်ဝယ် မာရ်နတ်ရန်ကို တွန်းလှန်ခြင်းဖြင့် ထင်ရှားခဲ့သော အရှင်ဥပဂုတ္တဖြစ်၏။

အရှင်ဥပဂုတ္တက အရှင်နာဂထက် သမုဒ္ဒရာကို ပို၍နှစ်ခြိုက်သည်။ အကြောင်းမှာ အရှင်ဥပဂုတ္တက သမုဒ္ဒရာဝယ် ကြေးပြာသာဒ်ကျောင်းဖန်ဆင်းကာ အစဉ်သီတင်းသုံး၍ အရှင်နာဂကမူ နွေရာသီ ပူအိုက်သည့် အချိန်များတွင်သာ ရေလိုဏ်ဂူဖန်ဆင်း၍ သီတင်းသုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်လက်ထက်တော်က တန်ခိုးတော်အရှင် ရဟန္တာကိုရင်ကလေးများ အနက် အရှင်သာရိပုတ္တရာ၏ တပည့် ကိုရင်ပဏ္ဍိတ၊ အရှင်သာရိပုတ္တရာ၏ ညီထွေး ကိုရင်ရေဝတ၊ အရှင်မောဂ္ဂလာန်၏ တပည့် ကိုရင်သုမန၊ ကိုရင် သံကိစ္စ စသူတို့ တန်ခိုးအားဖြင့် ထင်ရှားကြသည်။

ထင်ရှားဟန်ကား ကိုရင်ပဏ္ဍိတ၏ တန်ခိုးကြောင့် မွန်းမတည့်ရန် နေမင်းကိုပင် နေနတ်သားက တားထားပေးခဲ့ရသည်။ ကိုရင် ရေဝတက မိမိသီတင်းသုံးသော ဆူးတောကြီးကို တန်ခိုးဖြင့် ပယ်ဖျက်ကာ ဘုရားရှင်နှင့် သံဃာတော်များကို ကျောင်းတော် များအဖြစ် ဖန်ဆင်းပေးလှူသည်။ ကိုရင်သုမနက ဘုရားရှင်ခြေတော်ဆေးရန်အတွက် ပန္နရ နဂါးမင်း၏ အနဝတတ်ရေကို ကောင်းကင်ခရီးဖြင့် သယ်ယူပေးသည်။ ကိုရင် သံကိစ္စကမူ သူ့ကို သတ်လတ္တံ့သော ခိုးသားလူဆိုးများကို တန်ခိုးဖြင့် ကယ်ချွတ်၍ တရားရှင် ရဟန်းများအဖြစ်သို့ပင် သွတ်သွင်းပေးခဲ့သည်။

သို့သော် ထိုအရှင်ကိုရင်ကလေးများသည် အရှင်မောဂ္ဂလာန်ကဲ့သို့ သိကြားမင်း ဝေဇယန္တာကို လှုပ်ခါသူဟူ၍ကား တစ်ပါးမျှမရှိ။ မိမိသာ ရဟန္တာတန်ခိုးရှင်ဖြစ်ခဲ့ပါသော် သာသနာတော်ဝယ် ကိုရင်ကလေးများသည်ပင် တရားအစွမ်းထက်သူ ဖြစ်ကြတကားဟု ထင်ရှားစေရန် ဝေဇယန္တာကို လှုပ်ခါပြမည်ဟု အာရုံကပ်ထားခဲ့သည်။

အာရုံကပ်ထားသည့်အတိုင်းပင် တန်ခိုးရှင်ဖြစ်လာသောအခါ ဝေဇယန္တာရှိရာသို့ တာဝတိံသာသို့ တစ်မဟုတ်ချင်း ကြွသွားလေသောအခါ ချစ်စဖွယ် ကိုရင်ကလေးဖြစ်၍ သိကြားမင်းကသာမက နတ်သမီးအများကပင် ကယုကယင်အမူအရာဖြင့် ဆီးကြို ကြသည်။

လူကြီးများက ချစ်စဖွယ်ကလေး သူငယ်များကိုတွေ့လျှင် ကယုကယင် ချစ်ခင် ကျီစယ်တက်ကြသည်မှာ မေတ္တာ၏ သဘာဝပင်ဖြစ်၏။ သို့သော် ငယ်ပင်ငယ်သော်လည်း 'လူငယ်ဟုတ်ကြီး' ဆိုသကဲ့သို့ တန်ခိုးပညာကြီးမားလေသောအခါ ကျီစယ်မှားတတ်ကြ သည်လည်းရှိ၏။

ဖော်ပြပါ ခုနစ်နှစ်သားအရွယ် ကိုရင်သုမနကလေးကို ရဟန္တာမှန်းမသိသော သံဃာကြီးများက ချစ်စနိုးဖြင့် ကျောသပ်ခေါင်းပုတ်စသည်ဖြင့် ကယုကယင်ပြုကြသည်ကို ဘုရားရှင်ကိုယ်တော်တိုင် တားမြစ်တော်မူရသည်။ ကိုရင်ကလေးများကို ထားဦး၍ ကလေးပမာ ခန္ဓာကိုယ်သေးငယ်လှသော လက်ဝဲတော်ရံ မထေရ်အရှင်လကုဏ္ဍက ဘဒ္ဒိယအရှင်မြတ်ကြီးကိုပင်လျှင် မသိသော ရဟန်းများက ချစ်စနိုးဖြင့် မထီမဲ့ပြုကြ သည်ကို ဘုရားရှင်တားမြစ်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာ ဟုတ်သည် မဟုတ်သည် အပထား၊ တန်ခိုးတော်အရှင်ဖြစ်သည်မှာကား တာဝတိံသာသို့ပင် ကြွလာနိုင်သည်ကြောင့် သေချာသော်လည်း ချစ်စဖွယ် အရွယ်ကလေးဖြစ်သောကြောင့် နတ်သမီးများက ဝိုင်းအုံယုယကြိုဆိုကြသည်။

''ကိုရင်လေး၊ တာဝတိံသာကို ဘာကိစ္စကြွရောက်လာပါသလဲဘုရား''

''အသင်တို့ ဝေဇယန္တာကို လှုပ်ခါကြည့်မလိုပါ''ဟု ရှင်းရှင်းပင် မိမိဆန္ဒကို ဖွင့်ပြောသည်။

''အံမယ်– ကိုရင်လေးက လက်တောက်လောက်နဲ့ အမေ့နို့ရည်နဲ့တောင် မပျောက်သေးဘူး၊ အကြံအစည်ကတော့ ကြီးကျယ်လှပါချည့်၊ ကိုယ့်ကိုယ်များ အရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးလို့ မှတ်ထင်နေလေသလား''

''ကြည့်ကြသေးတာပေါ့လေ''

''ဝေဇယန္တာကို လှုပ်ခါနိုင်တာ အရှင်မောဂ္ဂလာန်တစ်ပါးပဲရှိတယ်၊ ကိုရင်လေးကသာ လှုပ်ခါနိုင်မယ်ဆိုရင် – ''

နတ်သမီးတို့ စကားမဆုံးမီပင် ကိုရင် ထွက်ခွာလာခဲ့သည်။ ဝေဇယန္တာထုပိကာအထက်သို့တက်သည်။ ထုပိကာအဖျားကိုကိုင်သည်။ လှုပ်ခါသည်။ သို့သော် နကမ္ပတိ။ နည်းနည်းကလေးမျှ ဝေဇယန္တာကြီးမလှုပ်။

နတ်သမီးများက ကြည့်ရင်း ပြောင်လှောင်သည့်သဘောဖြင့် ရယ်ရယ်မောမောတသောသောဖြစ်နေကြသည်။ သိကြားမင်းကမူ မသိကျိုးကျွန် ပြုံး၍နေသည်။ ကိုရင်လေးပြန်လာခဲ့သည်။ နေသေးသပ ချျံထဲက၊ ချိုသွေးသပ တမြမြ။

[ ၄ ]

ကိုရင် သံဃရက္ခိတသည် ကွေးသောလက်ကို ဆန့်လိုက်သကဲ့သို့ တာဝတိံသာမှ ထွက်ခွာ၍ ထိုအခိုက် သမုဒ္ဒရာရေလိုဏ်ဂူဝယ် သီတင်းသုံးလျက်ရှိနေသော ဆရာသခင်အရှင်နာဂမထေရ်ကြီးအထံသို့ ချဉ်းကပ်လာခဲ့သည်။

လှုပ်ခါနိုင်မည်ဟု ယုံကြည်ထားသော ဝေဇယန္တာကို မလှုပ်ခါနိုင်ခဲ့သည်ကို မကျေနပ်။ အဘယ့်ကြောင့် မလှုပ်ခါနိုင်ရမည်နည်း။ ဝေဇယန္တာမျှမက မြင့်မိုရ်တောင်ကြီးစံရာ ဗိမာန်ပင်ဖြစ်ပါစေ၊ ပရမာဏုမြူရုပ်ကလာပ်တို့စုစည်းထားအပ်သော အရာမျှဖြစ်သည်။ ကေန္တ မိမိအဖို့ တန်ခိုးနည်းလမ်းတစ်စုံတစ်ရာ မှားယွင်းနေ၍ ဖြစ်တန်ရာ၏။ ယင်းအမှားကို ပြုပြင်ပေးနိုင်မည့် ဆရာအားကိုး ရှိနေသည်မဟုတ်ပါလော။ ယင်းအားဖြင့် ဆရာ့ထံသို့ ချဉ်းကပ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သံဃရက္ခိတ။ ။ တာဝတိံသာက စစ်ရှုံးပြန်လာခဲ့သည် မဟုတ်သလော"

ဆရာမထေရ်ကြီးက မိမိဖြစ်ရပ်ကို အစင်းသားသိပြီး အနေဖြင့် ကြိုတင်မိန့်ကြား လိုက်သည်။

"မှန်လှပါသည် အရှင်ဘုရား"

"ရှုံးပေမပေါ့၊ မင်းရဲ့ တန်ခိုးနည်းလမ်းက လွဲမှားနေပေသကိုး"

"နည်းလမ်းမှန်ကို ညွှန်ကြားတော်မူပါဘုရား"

"သင့်ကို အရာဝတ္ထုများအားရွေ့လျားစေသော ကသိုဏ်းနည်းလမ်းကို သင်ကြားခဲ့ပြီး မဟုတ်လော၊ နွားချေးခြောက်ကို ရွေ့စေလိုသော် အဘယ်သို့ ပြုရမည်နည်း"

"အာပေါကသိုဏ်းကို ဝင်စားရပါမည်ဘုရား"

"မုန့်ဆီကြော်သည်၏ ဒယ်အိုးမှ မုန့်များသည် အဘယ့်ကြောင့် ရွေ့လျား နေသနည်း"

"အာပေါဓာတ် ဆီကြောင့်ပါဘုရား။ တပည့်တော် သဘောပေါက်ပါပြီ၊ ပြန်ဖို့ ခွင့်ပြုတော်မူပါဘုရား"

ရုတ်ခြည်းပင် တာဝတိံသာသို့ ရောက်လာပြန်သည်။ သိကြားမင်းနှင့် နတ်သမီးများက ယခင်အတိုင်းပင် ဆီးကြိုကြသည်။ သိကြားမင်းက ရိုသေသမှုပြု၍ ကြိုဆိုပါ၏။ နတ်သမီးများကမူ ရိုသေသယောင် ရှိသော်လည်း လှောင်ပြုံးဖြင့် ဆီးကြို ဝိုင်းအုံလာကြသည်။

"ကိုရင်လေး၊ ကြွလာပြန်ပြီလား၊ တစ်ခါ အရှက်ကွဲတာနဲ့ မမှတ်သေးလို့ နှစ်ခါ အရှက်ကွဲချင်ပြန်ပြီလား"ဟု နတ်သမီးတစ်ယောက်၏ အလှောင်စကားကို သိကြားမင်းက "ဟဲ့– နင်တို့မလှောင်ကြနဲ့၊ ကိုရင်လေး စိတ်မထင်ရင် နင်တို့ ဒုက္ခရောက် ကုန်ကြလိမ့်မယ်၊ ခုတစ်ခါ ပြန်လာတာက သူ့ဆရာအရှင်နာဂမထေရ်ကြီးဆီက နည်းရ လာခဲ့ပြီ"ဟု နတ်သမီးများကို ဟန့်တားရင်း ကိုရင်လေးဘက်သို့ ဦးခိုက်၍ "အရှင်မြတ် ဆန္ဒရှိသည့်အတိုင်း ပြုမူတော်မူပါ၊ သို့သော် တပည့်တော်များကို သနားသောအားဖြင့် လှုပ်ရှားယိမ်းယိုင်သည်ဆိုရုံမျှ ပြုမူတော်မူပါ အရှင်မောဂ္ဂလာန်အရှင်မြတ် လှုပ်တုန်းကဖြင့် တပည့်တော်တို့မှာ ဦးစောက်ပြောင်းပြန် ဒုက္ခရောက်ကြရပါတယ်ဘုရား"ဟု တောင်းပန် စကား လျှောက်ကြားလိုက်သည်။

"ငါ့ကြောင့် အသင်တို့မှာ ဒုက္ခမဖြစ်စေရပါ"

www.burmeseclassic.com

www.burmeseclassic.com



မှန်၏။ ဝေဇယန္တာထုပ်ကာ အပေါ်သို့တက်ကြွကာ အာပေါကသိုဏ်းကို ဝင်စားလိုက်သောအခါ ဝေဇယန္တာကြီးသည် ရေပြင်ထက်ပမာ ကြွတက်လာသည်။ ထုပ်ကာ အချွန်ကို ခြေမဖြင့်ညှပ်၍ လှုပ်ရှားစေလိုက်သောအခါ ဝေဇယန္တာကြီး ယိမ်းယိုင်လာသည်။

ဤမျှသာဖြစ်၏။ ကိုရင့်ဆန္ဒ ပြည့်ဝပေပြီ။ ဝေဇယန္တာဆိုင်ရာ တန်ခိုးတော် အရှင်နှစ်ပါး၏ အကြောင်းရပ်ပါတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# တူကျော်နှစ်ယောက်

[ ၁ ]

မောင်ငယ်ရင်သွေး။ နာဘီသေးလော့
ရှေးသရောအခါ၊ ပြည်ဗာရာဝယ်
ကုဋေကြွယ်သား၊ သူဌေးအားလျှင်
သားတစ်ယောက်ဖြစ်၊ ချစ်၍တစေ
အိမ်မှာနေ၍၊ စာပေမကျ
မိဘစုတေ့၊ ခန္ဓာရွေ့သော်
အရှေ့အနောက်၊ တောင်မြောက်ဘယ်မှာ
မသိပါပြီ။ သူဌေးသားသည်
သိုထားမတတ်၊ အရပ်ရပ်၌
နှံအပ်ဥစ္စာ၊ ရှိသည့်ငွာကို
များစွာကျွန်ပေါင်း၊ မကောင်းခိုးသူ
ယူ၍ပြေးရှောင်၊ အိမ်ကိုရောင်းလျက်
ထောင်းထောင်းကြေညက်၊ ခွက်လက်စွဲကာ
တောင်းစားပါလည်း၊ နင်သာလူမိုက်
ဒုစရိုက်ဟု၊ ရိုက်ပုတ်လိုက်ကြ
ရှာမှုထွက်လေ၊ တောမှာသေသည်
ကောင်သေ လင်းတ ကျ၏တည်း ။ ။

ဆားတုံ့ ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ကလေးသူငယ်များကို ပညာသင်ချင်အောင်၊ သို့မဟုတ် မိဘဖြစ်သူက ပညာသင်စေချင်အောင် ယနေ့ခေတ် ကျောင်းသားလူငယ်များအထိ ရည်ညွှန်းသော နာမည်ကျော် လင်္ကာဖြစ်၍ ဆားတုံဆရာတော်က 'ရှေးသရောအခါ၊ ပြည်ဗာရာဝယ်''ဟု အတိတ်ဇာတ်တော်ကို ရည်ညွှန်းစေကာမူ ဘုရားရှင်လက်ထက် ပစ္စုပ္ပန်ခေတ်တွင်လည်း အလားတူဖြစ်ရပ် ဇာတ်လမ်းရှိနေသည်သာဖြစ်၏။ စင်စစ်သော်ကား လောကီထုပ္ပတ္တိ လူတို့ဇာတ်ဟူသည် အတိတ်ဖြစ်၍လည်း မဟောင်း၊ ပစ္စုပ္ပန်ဖြစ်၍လည်း မသစ်၊ ဖြစ်ရိုးဖြစ်စဉ်မျှသာတည်း။

ကလေးသူငယ်တို့ ယေဘုယျသဘာဝကား ဆရာကြောက်ရ၊ ကြိမ်လုံး ကြောက်ရနှင့် ပင်ပမ်းစွာ သင်ယူရသော ပညာဆိုသည်ကို မည်သူမျှ မသင်ယူချင်၊ သင်ချင်အောင် မိဘဖြစ်သူက ချော့တစ်လှည့်၊ ခြောက်တစ်ခါ တိုက်တွန်းယူရသော အလုပ်ဖြစ်သည်။ 'ပုဗ္ဗာစရိယ မိ နှင့် ဖ'ဟူသော စကားမှာ တတ်သိလိမ္မာအောင် ရှေးဦးစွာ သင်ကြားသောကြောင့်လည်း ဖြစ်၏။ တတ်သိလိမ္မာစေအောင် ကျောင်းသို့ စေလွှတ်သောကြောင့်လည်း ဖြစ်၏။

ထို့ကြောင့် ဆားတုံဆရာတော်၏ လင်္ကာအဓိပ္ပာယ်တွင် 'မိဘဖြစ်သူက ပညာသင်စေချင်အောင်'ဟု ဖော်ပြရသည်။ ဤဝတ္ထုနှင့်မူ တိုက်ရိုက်သက်ဆိုင်သည်။ အကြောင်းမူကား အနာထပိဏ်၏ အစ်မ သုသီရိမင်္ဂလာသည် သူတို့၏ ကေပုတ္တ တစ်ဦးတည်းသော သားကလေး မောင်ဘောဂကို ပညာမသင်စေခဲ့သူ ဖြစ်သောကြောင့် ပေတည်း။

ပညာသင်ခြင်းဟူသည် ပင်ပန်းသော အလုပ်ဖြစ်၏။ ကျောင်းထားလျှင် ကေပုတ္တ ဥတစ်လုံး တစ်ကောင်ကြွက်ဖြစ်၍ ကျောင်းသားအချင်းချင်း ကြီးနိုင်ငယ်ညှဉ်း ခံရမည်။ ဆရာဖြစ်သူ၏ ကြိမ်းမောင်းရိုက်နှက်ခံရမည်။ ဤကား မောင်ဘောဂ၏ မိဘနှစ်ပါး အမြင်ဖြစ်သည်။

သည့်ထက် ကြီးမားသော အမြင်ကား 'အလဿဿ၊ ကုတောသိပ္ပံ၊ အသိပ္ပဿ၊ ကုတောဓနံ ။ ။ အလဿဿ – ပျင်းသောသူအား၊ ကုတောသိပ္ပံ –အတတ်ပညာ အဘယ်မှာ ရအံ့နည်း။ အသိပ္ပဿ – အတတ်ပညာ မရှိသောသူအား၊ ကုတောဓနံ – ဥစ္စာ အဘယ်မှာ ရအံ့နည်း' ဟူသော နီတိစကားအရ အတတ်ပညာ ဟူသည် ဥစ္စာအတွက် သင်ရခြင်းဖြစ်သည်။ တစ်သက်မက ဆယ်သက်ပင်စားသုံး၍ မကုန်နိုင်သော မိမိတို့သားအတွက် အဘယ်အတတ်ပညာကို လိုနေပါသေးသနည်း ဟူသော အမြင်ပင်ဖြစ်ပေ၏။ စင်စစ်သော်ကား သားတစ်ယောက်ကို မျက်စိအောက်က အပျောက်မခံနိုင်သော မိဘများ၏ အချစ်လွန်ဆင်ခြေပင်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီပင် သူတို့မိသားစုသို့ လောကဓံမုန်တိုင်းက ဝင်မွှေလာသည်။ ရှေးဦးစွာ ဖခင်ကြီးကွယ်လွန်သည်။ မကြာမီပင် မိခင်ကွယ်လွန်မည်ရှိပြန်သောအခါ လူနာမေး ရောက်လာသော မောင်ငယ်အနာထပိဏ်သို့ သူ့သားကို ကြည့်ရှုစောင့်ရှောက်ပါရန် အပ်နှံ၍ စောင့်ရှောက်ပါမည်ဟု ပဋိညာဉ်ခံလိုက်ရသည်။ မကြာမီကွယ်လွန်သွားသည်။ မအပ်လျှင်လည်း တူရင်းတစ်ယောက်ဖြစ်သည့်အတိုင်း စောင့်ရှောက်ရမည်သာ ဖြစ်၏။

သို့သော် ကျိုကျိုတတ် ပြည့်စုံနေသော မောင်ဘောဂက အဆုံးအမခံနေရလျှင် မလွတ်လပ်မည်ကြောင့် ဘယ်သူ့အဆုံးအမ အစောင့်အရှောက်ကိုမျှ ခံနေစရာမလိုဘူးဟု တစ်ဆင့်သတင်းလွှင့်၍ ပစ်ထားလိုက်ရသည်။ နဂိုကမှ အလိုလိုက်သားဖြစ်သည့်အတိုင်း ဆိုးချင်ချင် မိုက်ချင်ချင်တွင် အရွယ်ကလေးရောက်လာချိန်၌ မိဘနှစ်ပါး ကွယ်လွန် သွားသောအခါ ဆယ်သက်ဖြုန်း၍ မကုန်ဟုဆိုသော မောင်ဘောဂအဖို့ အောက်ခြေ လွတ်ချင်တိုင်း လွတ်ပြီတည်း။

သူဌေးကလေး မောင်ဘောဂ ဝန်းကျင်တွင် သာပေါင်း ညာစားအပေါင်းအဖော် သူငယ်ချင်းဆိုသူတွေ ဝိုင်းဝိုင်းလည်နေသည်။ ယောကျ်ားတစ်ယောက်၏ အန္တိမအလုပ်များ ဖြစ်သော အရက်သောက်ခြင်း၊ ကြွေအံကစားခြင်း၊ မိန်းမလိုက်စားခြင်းတို့ဖြင့် နေ့မအား၊ ညမနား ဆိုရလောက်အောင် မိုးမွှန်နေသည်။ ပျော်ရင်းပါးရင်းဖြင့် 'အရှေ့အနောက်၊ တောင်မြောက် ဘယ်မှာ၊ မသိပါပြီ'ဟု ဆိုရလောက်အောင်ပင် ပညာမဲ့သော မောင်ဘောဂမှာ မိမိ၏ ပစ္စည်းများ ဘယ်ပုံဘယ်နည်းဖြင့် လျော့ပါးပျက်ပြုန်းသွားသည်ကို မသိလိုက်ပေ။

'ပညာဟူသည် မြတ်ရွှေအိုး'ဆိုသည်ကို နားမလည်ခဲ့။ 'ဥစ္စာဟူသည် ပျက်လွယ်မျိုး' ဆိုသည်ကိုလည်း သာ၍ နားမလည်ခဲ့။ အသပြာဟူသည် လိုသည့်အခါ တံတင်း (သေတ္တာ)ထဲက ထွက်လာသည်ဟုသာ သူထင်ခဲ့သည်။ ဆိုလိုရင်းကား ဆယ်သက်စားမကုန်ဆိုသော ပစ္စည်းများသည် မိဘမျက်နှာလွှဲ၍ တစ်နှစ်ကျော်မျှအတွင်း မှာပင် နေထိုင်ရာတိုက်ကိုပါ ရောင်းချပစ်လိုက်ရခြင်းပင် ဖြစ်လေသည်။

ထိုအခါ နေစရာမရှိတော့၍ ဇရပ်တစ်လှည့်၊ ကျောင်းတစ်လှည့်ဆိုသလို မှီခို ကပ်ရပ်ရသည်။ ရစရာရှိနေသေးသမျှ မျက်နှာအပြသားကြီးတွေနှင့် မိတ်ဆွေဆိုသူ သာပေါင်းညာစားများ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်၏။ အချို့က မျက်နှာလွှဲ နေကြသည်။ အချို့က မျက်နှာလွှဲရုံမက တံတွေးပင်ထွေးကြသည်။ လူမိုက်ဒုစရိုက်ကောင် ဟု တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ ရှုတ်ချကြသည်။ သူဌေးလေးဟူသော အမည်မှ ဒုစရိုက်ကောင်အမည်သို့ သိသိသာသာ ကူးပြောင်းလာ၏။ ထိုအခါ သူစိမ်းတစ်ရံဆံများ ကိုပင် ပေးကမ်းပြုစုနေသော ဦးလေးအနာထပိဏ်ကို သတိရလာ၏။ မိမိ၏ မထိမဲ့ ပြုထားခဲ့မှုကြောင့် မကပ်ဝံ့။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် စားရမဲ့၊ ဝတ်ရမဲ့လွန်းသောအခါ မတတ်သာတော့၍ ဦးလေးထံသို့ ရှေ့မျက်နှာနောက်ထား၍ ချဉ်းကပ်လာသည်။ ထိုအခါ ညှိုးနွမ်းသောအသွင်ဖြင့် ကျက်သရေကင်းမဲ့နေပြီဖြစ်သော တူမောင်ကို တွေ့ရ၍ ကရုဏာသက်မိ၏။ စောင့်ရှောက်လိုက်ပါဟူသော အစ်မဖြစ်သူ၏ အမှာစကားကိုလည်း သတိရသည်။

''မင်းဟာ တွင်းတူးပြီးမိုက်တဲ့အကောင်ပဲ၊ အေးလေ ပညာမရှိတော့လည်း မိုက်ပေမှာပေါ့၊ သို့သော် လူဆိုတာ ပညာမရှိပေမယ့် သတိရှိရင် ပြင်လို့ရနိုင်ပါတယ်၊ မင်းအဖို့ သင့်လျော်တဲ့ဘဝကတော့ ရဟန်းဘဝပဲ၊ ဘယ့်နှယ်လဲ ရဟန်း လုပ်နိုင်ပါ့မလား''

''ရဟန်းတော့မလုပ်ချင်ပါဘူးဦးလေး၊ ကျွန်တော်သတိရပါပြီ၊ ဦးလေးကသာ ထောက်ပံ့မယ်ဆိုရင် လူအဖြစ်နဲ့ပဲ ကောင်းကောင်းနေပါ့မယ်''

သံဝေဂကလေးများ ရလေမလားဟု အနာထပိဏ်က ရဟန်းဘဝကို ရည်ညွှန်းခြင်းဖြစ်၏။ လူ့အချို့သည် ရာထူးနှင့် ဥစ္စာစည်းစိမ် မိုးမွှန်နေသောအခါ ရဟန်းဘဝနှင့် ကျောင်းကန်ဇရပ်ကိုသတိမရသော်လည်း ရာထူးစည်းစိမ်နိမ့်ကျသောအခါတွင်မှ သတိရလာကြ၏။ အချို့ ရဟန်းဝတ်ကြ၏။

ဘယ်ဘဝရောက်ရောက်ဟူသော ဒူပေနာပေသမားများနှင့် နှိုင်းစာလျှင် သံဝေဂဉာဏ်အခြေခံရှိသူများဖြစ်သောကြောင့် ကောင်းသောရောက်ခြင်းဟုဆိုနိုင်ပါ၏။ မောင်ဘောဂလို ပညာပေတုံးသမားတို့အဖို့ကား အဘယ်ပုံရောက်နိုင် ကူးပြောင်းနိုင်ပါအံ့နည်း။

''ကောင်းပြီ၊ သတိရတယ်ဆိုလို့ ဝမ်းသာတယ်၊ မင်းက တူဖြစ်နေတော့ ညာတကာနုဂ္ဂဟအရ မင့်ကို အသပြာနှစ်သောင်းထုတ်ပေးလိုက်မယ်၊ ဒီအသပြာနဲ့ ရင်းနှီးလုပ်ကိုင်ရင်း တင့်တောင့်တင့်တယ်၊ မင်းလိမ္မာရင် သူဌေးတောင်ပြန် ဖြစ်နိုင်တယ်၊ ကဲ–သွားပေတော့''

အဘယ်ပုံ လိမ္မာပါအံ့နည်း။ ခွေးမြီးကောက်ဟူသည်ကို ကျည်တောက်စွပ်၍ မရမြဲတည်း။ အကြောင်းကား ဦးလေးဖြစ်သူ သိမှာ ကြားမှာစိုး၍ ငွေရသည်နှင့် တစ်ပြိုင်နက် တောဘက်သို့ ထွက်သွားသည်။ မျက်နှာပြကြီးတွေနှင့် ညာတတ်လိုင်းတတ်သော မိတ်ဆွေဆိုသူ မြို့သားလူလည်များကိုလည်း စိတ်နာသည်။ သူဌေးဘဝမှ ခွေးဘဝရောက်ခဲ့ရသည်ကိုလည်း ရှက်သည်။

'ဘိန်းဘင်းကဖော်၊ လော်စာအရက်'ဟူ၍ ယောကျ်ားတို့၏ အောက်ခြေသေရည်သေစာများနှင့်ပတ်သက်၍ တွဲဖက်ဝေါဟာရများရှိ၏။ သို့ရာတွင် ဘုရားရှင်လက်ထက်တော်က ဘိန်းတို့ ဘင်းတို့ မပေါ်သေး။ ကဖော် လော်စာအရက်တို့သာ

www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ အားလုံးကိုပင် အနည်းဆုံး ဖနီးဖြစ်သူနှင့်ပင် ရန်ဖြစ်ဝံ့အောင် ရဲရင့်သည်။ ရဲဆေးဟုဆို၍ သုရာ သို့မဟုတ် သူရာ သေရက်ဟုခေါ်သည်။

ကဇော်၊ လော်စာတို့မှာ မှုးစေတတ်သော အရာများကို ပေါင်းစပ်အချဉ်ဖောက်ထားသော ပြည်တွင်းဖြစ် ဖြစ်၍ ဈေးပေါသည်။ ချဉ်ချဉ်တူးတူး မူးရင်ပြီးရောဟု သဘောထားရသော အောက်ခြေ အလုပ်သမား ဆင်းရဲသားတို့ အသုံးများသည်။

အနောက်တိုင်း ပစ္ဆိမမှ ရောက်လာသော သေရည်က ကြည်လင်သန့်ရှင်း၍ အဆင့်မြင့်သည်။ ပယင်းရောင်ကဲ့သို့ ကြည်သောကြောင့် သူ့ကို''ပယင်းရောင်''ဟု တစ်ချို့ခေါ်ရာမှ နိုင်ငံခြားကို သုံးနိုင်လျှင် ဂုဏ်ရှိသောကြောင့် တိုင်းရင်းသား ဝေါဟာရနှင့် ကွဲပြားအောင် ပစ္ဆိမဝေါဟာရအတိုင်း အာရက်၊ အာရက်မှ အရက်ဟူသော ဝေါဟာရသည် ယနေ့ခေတ်တိုင်အောင် သိမှတ်တွင်ကျယ်လာသည်။

သာဝတ္ထိပြည်တွင်းမှာပင် သန့်သန့်စင်စင်ပြုလုပ်သော အရက်တစ်မျိုး ရှိသေး၏။ လူလတ်တန်းစားတို့အသုံးများ၍ သူ့ကို ''ပြည်တွင်းဖြစ် နိုင်ငံခြားအရက်'' ဟုခေါ်သည်။

ကဇော်၊ လော်စာကို ဆင်းရဲသားများသောက်၍ ပြည်တွင်းဖြစ် နိုင်ငံခြား သေရည်ကို လူလတ်တန်းစားများ သောက်သည်။ တိုင်းခြားအရက်ကို အသပြာသမားတို့ သောက်သည်။ မည်သို့ဆိုစေ၊ အကြင်ယောင်္ကျားတစ်ယောက်အဖို့ အရက်စွဲပြီဆိုလျှင်မူ အရက်တန်းစား မရွေး၊ ရရာကိုသာ သောက်တော့သည်ဖြစ်ရာ တောသို့ရောက်နေသော အရက်သမား မောင်ဘောဂအဖို့ တွေ့ရာ တောအရက်များကိုသောက်၊ ကြုံရာ အာဟာရများကို စားသုံးခြင်းဖြင့် အနိဖတ်ဆို၍သေသည်။ အရက်သမား ညွှန့်မသာကို သုသာန်သို့ ဖြစ်သလို ပို့လိုက်ကြသည်။ ကောင်သေ လင်းတကျ၏တည်း။

ဤကား အနာထပိဏ်တူကျော်တစ်ယောက်၏ ဇာတ်လမ်းဖြစ်၍ နှမငယ်က မွေးသော အခြားတူကျော်တစ်ယောက်၏ ခပ်ဆိုးဆိုးအကြောင်းတစ်ရပ်လည်း ရှိပေသေး၏။

[ ၂ ]

အနာထပိဏ်တို့ သူဌေးမျိုးရိုးတွင် အထွေးဆုံးနှမငယ်က မွေးသူဖြစ်၍ သူ့အမည်မှာ ခေမက ဟုခေါ်သည်။ ခေမက-ဟူသည် ဘေးကင်းသူဟု အဓိပ္ပာယ်ရှိသော်လည်း အလွန် ရန်များသူဖြစ်သည်။ အကြောင်းသော်ကား အအိုမရှောင် အပျိုမရှောင် မိန်းမသိုက်တူးသူ ကြာသမားပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဘဝဆုတောင်းပြည့်သူ လူချော့တစ်ယောက်ဖြစ်သည်။ သူ့ဆုတောင်းမှာလည်း သင်းလှပေ၏။ သူ့ကို မြင်မြင်သမျှ အမျိုးသမီးများသည် မနေနိုင် မအောင့်နိုင်ပင် ချစ်ကြ ကြိုက်ကြပါစေသတည်းဟူသော ဆုတောင်းပင်ဖြစ်၏။

ယင်းဆုတောင်းပြည့်ဖို့ဆိုတော့ လူချော့လှလှ ဖြစ်လာရသည်။ ရုပ်ရည်ချောသည့် အပေါ်တွင် အမျိုးသမီးများ နှစ်သက်တတ်ကြသော ကိုယ်ဟန်လေး၊ တန့်န့်၊ အပြောအဆို အပြုအမူကလည်း ကန့်ကလျနှင့်ဆိုတော့ ဆက်ဆံမိသမျှ အမျိုးသမီးများ ဘဝင်ခိုက်သည်။ အသပြာကလည်း သုံးနိုင်ဖြုန်းနိုင်သည်။ အပျို မုဆိုးမ စသည့် လွတ်လွတ်လပ်လပ်တွေ ဘဝင်ခိုက်တော့ အရေးမကြီး၊ နာမည်ပျက်ရုံ၊ စကားများရရုံ၊ အသပြာလျော်ရရုံလောက်နှင့်ပြီးသည်။ လင်ရှိမိန်းမများနှင့်ဆိုတော့ ပြဿနာ အကြီးအကျယ်တက်သည်။ အကြောင်းမူကား ဘုရားရှင်လက်ထက်တော်၌ ငါးပါး ပဥ္စသီမျှမက အရိယာတို့နှင့်ပင် တင်းကျမ်းပြည့်နေသော သာဝတ္ထိ၌ အဒိန္နဒါန်ခိုးမှုနှင့် ကာမေသုကို ကျူးလွန်၍ အပြစ်ထင်ရှားလျှင် ပြစ်မှုပြစ်ဒဏ်မှာ သေဒဏ်ပေတည်း။

သူတို့သား သူတို့တူ မိန်းမစွံလာပြီဆိုလျှင် လူကြီးမိဘများက တဟင်းဟင်း၊ တဟဲဟဲနှင့် ဟန်လုပ် ဆုံးမတတ်ကြသော်လည်း ကွယ်ရာတွင်မူ တပြုံးပြုံး တပြောပြောနှင့် သဘောကျတတ်ရှိတတ်ကြ၏။ ပြဿနာရှင်းရပေါင်းလည်း များလှပြီဖြစ်၏။

''မောင်ကြီးတူတော့ မောင်ကြီးပဲ ကြည့်ပြီးဆုံးမပေတော့ ကျွန်မတော့ လက်လျှော့ထားလိုက်ပြီဟု နမက ပြောသောအခါ 'အေးပါကွာ ငါကြည့်ဆုံးမပါ့မယ်၊ ဒီကောင်ငယ်သေးလို့ပါ၊ ကြီးရင်လိမ္မာမှာပါ''ဟု အနာထပိဏ်က ပြန်ပြောသည်။

''ရိုးရိုးအဖြစ်တွေက အရေးမကြီးဘူးဆိုဦးတော့၊ မလွတ်မလပ်တွေအထိ မရှောင်ဘူးဆိုတော့၊ ဘုရင့်သေဒဏ် ထိနေလိမ့်မယ်၊ ဘုရင့်သေဒဏ် မထိခင် ယောကျ်ား တွေက ဓားတစ်ကြိမ်းကြိမ်းဖြစ်နေတော့ အရင်သေလိမ့်မယ်၊ တစ်နေ့ကလည်း အရှေ့ပိုင်း က အိမ်မှာ သူ့လင်မရှိတုန်း ဝင်ပြီးကြာခိုတာ ချောင်းဖမ်းလို့ တဲတဲကလေး လွတ်လာ တယ်''

''ငါခေါ်ထားမယ်ဟေ့၊ ငါ့မျက်စိအောက်မှာထားမယ်၊ နောက်ကို မဖြစ်စေရဘူး''

မှန်၏။ အရှေ့ပိုင်းအိမ်တစ်အိမ်တွင် လင်ဖြစ်သူက အကွက်ဆင်၍ ချောင်းဖမ်း သောအခါ အိပ်ခန်းထဲတွင် နှစ်ယောက်အတူမိဖို့ရန်ကို ''သူ့လင်နှင့်ကြုံ၊ တံခါးခုံ၊ လွတ်ရုံကျော်၍ပြေး'' ဟူသော အိမ်ထောင်ရေးမွေသတ်အရ အိမ်တံခါးခုံနှင့် လွတ်ရုံ ပြေးနိုင် ရှောင်နိုင်သောကြောင့် တဲတဲကလေး လွတ်ခဲ့ရသည်။ လူလွတ်သော်လည်း နောက်ပိုင်းမှ ကျိတ်၍ အသပြာကုန်လိုက်ရသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းစကားပုံ၏ အဓိပ္ပာယ်မှာ ယောက်ျားဖြစ်သူက မိမိ မိန်းမနှင့် မသက်ာ ဖွယ်ရာ တွေ့ကြုံစေဦးတော့၊ ကြာသမားအဖို့ အခန်းဝတံခါးခုံနှင့် လွတ်အောင် ထွက်နိုင်လျှင် အပြစ်မရှိဟူ၍ ဖြစ်၏။

ဆုံးမကွပ်ညှပ်နေသည့်အတွင်းကပင် လည်လွန်းသောဘီး ချေးသင့်ဆိုသကဲ့သို့ သည်တစ်ချီတွင်မူ တဲ့တိုးမိ၍ တံခါးခုံတွေဘာတွေ မကယ်နိုင်တော့၊ ဒေါသအိုး မွှန်နေသော လင်ကို အသပြာဖို့၍လည်း မရတော့။ ခေမက အဖမ်းခံရသည်။ ဘုရင့် ရှေ့မှောက်သို့ အချုပ်အနှောင်နှင့် ရောက်လာသည်။ အကြောင်းမူ သေပြစ်သေဒဏ် ထိုက်သော အမှုကို ဘုရင်ကိုယ်တိုင် စစ်ဆေးရမည်ဖြစ်ကြောင့်ဖြစ်သည်။

အဖမ်းခံရပြီဆိုတော့ မိခင်ရော၊ အနာထပိဏ်ပါ ပျာယာခတ်သွားသည်။ နန်းတော်သို့ နောက်ဖေးပေါက်မှ ဝင်ကြရသည်။ မျက်နှာအောက်ချရသည်။ ယင်းသို့ အတွင်းနည်း ကြိုးပမ်းမှုကြောင့် တော်ပါသေး၏။ အကြောင်းကား ဘုရင့်တရားခွင်သို့ တင်သောအခါ အနာထပိဏ်၏ တူအရင်း၊ အနာထပိဏ်ဟူသည် ဘုရင်နှင့် လျှုဖော် လျှုဖက်၊ တိုင်းရေး ပြည်ရေး ဆွေးနွေးဖော်၊ ဆွေးနွေးဖက်၊ နိုင်ငံနှင့် သာသနာတော် အတွက် ကျေးဇူးများသူဟုဆိုကာ ဒီတစ်ချီတော့ ရှိစေဟု လွှတ်ပစ်လိုက်သောကြောင့် ဖြစ်သည်။

''မင့်ဟာက သိပ် တရားလွန်နေပြီကွ ခေမကရဲ့၊ မိန်းမပေးစားမယ် ဆိုတော့ လည်း မယူချင်ဘူး၊ မင်းလုပ်လိုက်မှဖြင့် မလွတ်မလပ်တွေချည့်ဘဲ''

''သူတို့က ခေါ်လို့ သွားမိတာပါ ဦးလေးရဲ့''

''ခေါ်တိုင်းသွားရမလား၊ သူတို့ညှုတိုင်း ပါရမလားကွ၊ မိန်းမဆိုသဟာကတော့ ပြောမနေနဲ့ နာခေါင်းမပါရင် ဟိုဒင်းတောင် မရှောင်ဘူးလို့ ပြောကြသဟ၊ မင်းမကြားဖူး ဘူးလား၊ ပြီးတော့ လောကပြစ်တွင်မကဘူး ကာမေသုမိစ္ဆာစာရကံဆိုတာ ဘယ်လောက် အပြစ်ကြီးလေးတယ်ဆိုတာ မင်းသိသားပဲ၊ ရှင်အာနန္ဒာကိုယ်တော်ကြီးဟာ ဒါမျိုးတွေ လိုက်စားခဲ့မိလို့ ငရဲမှာချီးကပ်ပြီး၊ လူဖြစ်တော့လဲ မိန်းမဖြစ်လို့ မိန်းမဘဝက လွတ်အောင် မနည်းကြီး ကြိုးစားခဲ့ရတယ်''

''နောင်ကို ရှောင်ပါ့မယ်၊ ဦးလေး''

''အေး၊ ရှောင်ရင်ရှောင်၊ မရှောင်ရင်တော့ နောက်တစ်ချီဆိုရင် မင့်အဖို့ မလွယ်တော့ဘူး''

သို့သော် ခေမက မရှောင်၊ သူသည်လည်း ခွေးမြီးကောက် ကျည်တောက်စွပ်ပင် ဖြစ်၏။ မကြာမီပင် နောက်တစ်ချီ စီကနဲ ညံကနဲကြားရပြန်ပြီ၊ ဘုရင့်ရှေ့တော်သို့

www.burmeseclassic.com



အချုပ်အနှောင်နှင့် အသွင်းခံရပြန်သည်။ အမေရာ ဦးကြီးပါ ငွေထုပ်ပိုက်၍ ပျာယာခတ်ကြရပြန်သည်။

သည်တစ်ချီတွင်လည်း ကံကောင်းပြန်သည်။ လွတ်ပြန်သည်။ သို့သော် ရဟန်းဘဝသို့ ကူးပြောင်း၍ ကောင်းမွန်စွာနေပါတော့မည်ဟူသော ပဋိညာဉ်ဖြင့် လွတ်ခဲ့ရခြင်းဖြစ်သည်။ ယင်းပဋိညာဉ်အရ အနာထပိဏ်က နေ့ညပင် ဆိုင်းမနေကော့ဘဲ ဇေတဝန်ကျောင်းတော် ဘုရားရှင်ရှေ့မှောက်သို့ အရောက်ခေါ်သွားသည်။

သည်တူကျော်ဆိုးပုံကတော့ နွံထဲကကြာ ဆိုသကဲ့သို့ အဆိုးထဲက အကောင်းထွက်ချင်၍ အရှင်အင်္ဂုလိမာလတို့လို ထိုးမည့်ဆင်နောက်ဆုတ်ဆိုသော အဆိုးမျိုးဟုဆိုနိုင်၏။ အကြောင်းသော်ကား ခေမကသည် ပစ္ဆိမဘဝိက ရဟန္တာလောင်းဖြစ်ပေရာ ဘုရားရှင်တည်းဟူသော အမိုကောင်းကြီးကိုရ၍ တရားတစ်ကြိမ် နာရရုံနှင့်ပင် ရဟန္တာအရှင်ခေမကအဖြစ်သို့ ကူးပြောင်းသွားသောကြောင့်ပေတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# နာဂလုလင်

[ ၁ ]

နွေဦးရာသီ၏ သာယာသော တစ်ညနေ၌ ရာဇဂြိုဟ်ပြည်မှ ဝေဠုဝန်ကျောင်းတော်၏ အရံကျောင်းများအနက် မြို့အစွန်ရှိ အင်ကြင်းပင်များ၏ အလယ်တွင်တည်ရှိသောကြောင့် 'အင်ကြင်းမြိုင်'ဟုခေါ်သောကျောင်းမှ သံဃာတော်တို့သည် ဥပုသ်ပြုရန် စုဝေးကြခိုက်၊ လုလင်ပျိုတစ်ယောက်သည် သက်န်းပရိက္ခရာတို့ကို ပွေ့ပိုက်၍ ရဟန်းပရိသတ်ရှေ့သို့ ရောက်လာပြီးလျှင် ''အရှင်မြတ်တို့ဘုရား၊ တပည့်တော်အား သနားသောအားဖြင့် သာသနာ့ဘောင် ရဟန်းအဖြစ်သို့ သွတ်သွင်း ပေးသနားတော်မူကြပါဘုရား'' ဟု လျှောက်ထားသည်။

ဥပုသ်အိမ်သိမ်အပြင်တွင် သံဃာအများစုံညီရန် စောင့်ဆိုင်းရင်း တရားဆွေးနွေးနေကြသော ရဟန်းတော်များသည် မမျှော်လင့်ဘဲ ရုတ်ခြည်းရောက်လာသော လုလင်ကို ဝမ်းမြောက်သော မျက်နှာဖြင့် စူးစိုက်ကြည့်ရှုကြသည်။

လုလင်သည် ပျိုရွယ်လန်းဆန်း၍ အသက်နှစ်ဆယ်ကျော်လောက်သည်ကတော့ သေချာပြီ။ ရုပ်လက္ခဏာအားဖြင့် အသားအရေစင်ကြယ်သည်။ စိမ်းဖန့်ဖန့် အသားရောင်မှာ နုနယ်ပြည့်ဖြိုးလျက်ရှိသောကြောင့် အထက်တန်း မိဘတို့မှ ပေါက်ဖွားခဲ့ဟန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သံဃာတော်တို့ရှေ့သို့ ဝင်လာသည့် အချိန်မှစ၍ မျက်လွှာကို ချထားသည်။ မွန်ရည်သော အသွင်တွင် သာသနာတော်သို့ဝင်ရန် စိတ်အားထက်သန်နေဟန်ကိုလည်း တွေ့ရသည်။

ဘုရားရှင်သာသနာတော်ထွန်းပေါ်လာသည့်အချိန်မှစ၍ တရားတော်ကို နှစ်ခြိုက်ကာ အရွယ်မျိုးစုံ၊ အလွှာမျိုးစုံ၊ ဒါယကာတို့သည် သာသနာတော်သို့ မြစ်ရေအလျဉ်ကဲ့သို့ တသွင်သွင် စီးဝင်သက်ရောက်လာကြ၏။ ဘုရားရှင်ကလည်း မိမိမျက်ကွယ်တွင်ဖြစ်စေကာမူ ယင်းသို့ ရောက်လာသော ဒါယကာတို့အား လိုအပ်သည်တို့ကို စစ်ဆေး၍ သာသနာတော်သို့ သွင်းပေးရန် ခွင့်ပြုတော်မူထားသည်။

သို့သော် ယခုလုလင်ကဲ့သို့ ပျိုပျိုရွယ်ရွယ်နှင့်ဝင်ရောက်လာသောအခါ ပို၍ အားတက်ကြရ၏။ အကြောင်းမူကား ပထမအရွယ် ပျိုငယ်သူတို့မည်သည် တရားအားထုတ်ရန် အင်အားပို၍ရှိသည်။ ဥပဇ္ဈာယ်ဆရာက ဆိုဆုံးမရန်ရှိသမျှကိုလည်း ဆိုဆုံးမ၍လွယ်သည်။ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာကလည်း အသင့်ပါလာသည်။ ဆင်းရဲသော အချို့ဒါယကာတို့ သာသနာတော်သို့ ဝင်လာသောအခါ သင်္ကန်းပရိက္ခရာ မပြည့်စုံသောကြောင့် ဘုရားရှင်ကိုယ်တော်တိုင်နှင့်တကွ ရဟန်းများကပါ၊ သင်္ကန်းပရိက္ခရာ ရှာဖွေပေးခဲ့ရသည်များရှိသည်။ ယခုလုလင်မှာ အရွယ်လည်းအဆင့်၊ ပရိက္ခရာလည်းအသင့်မို့ ရဟန်းတော်သို့ ဝမ်းမြောက်ကြရသည်။

မထေရ်ကြီးက 'သာသနာတော်သည် ဖွင့်ထားအပ်သော တံခါးရှိပါသည် ဒါယကာလုလင်၊ သင်ရောက်လာချိန်မှာ ရဟန်းတော်တို့စုဝေးချိန်ဖြစ်၍ လိုအပ်သော သံဃာ့ပရိသတ်အသင့်ရှိနေသည်။ ထို့ကြောင့် သာသနာတော်သို့ သွတ်သွင်းပေးရန် အသင့်ဖြစ်တော့သည်။ သို့သော် သင့်ကို မေးစစ်ဖွယ်ရာများ ရှိနေသေးပေသည်''ဟု မိန့်ကြားလိုက်သည်။

လုလင်သည် သာမန်လူသားမဟုတ် နဂါးဖြစ်သည်။ သာမန်နဂါးမဟုတ်၊ တန်ခိုးကြီးနတ်နဂါးဖြစ်သည်။ 'နဂါးမျက်စောင်း အကြောင်းသုံးပါးရှေးသည်။ မင်းတို့မျက်စောင်း အကြောင်းမရွေး'ဟူသော စကားအရ လူသတ္တဝါတို့အပေါ်တွင် သူ့အလိုရှိ၍ မျက်စောင်းခဲခဲ့သော် ဖွဲပြာဖြစ်သည်အထိ အန္တရာယ်ပြုနိုင်သော ဒိဋ္ဌဝိသ နဂါးမျိုးနွယ်ဖြစ်သည်။

ဘုရားရှင်ပွင့်တော်မူသောအခါ ဘုရားရှင်ကို ကြည်ညိုဆည်းကပ်ကြသော လူ နတ် ဗြဟ္မာ သတ္တဝါများအနက် နဂါးတို့သည် ထိပ်ဆုံးမှပါဝင်သူများဖြစ်ကြသည်။

ဘုရားရှင်ပွင့်တော်မူမည့်နေ့၌ ဃနာနို့ဆွမ်းကပ်လှူအပ်သည့် သပိတ်တည်းဟူသော ရွှေခွက်သည် တန်ခိုးကြီးသော ကာလနဂါးနှင့် ရှေးဦးစွာ ဆက်စပ်လျက်ရှိခဲ့၏။ ဘုရားရှင်သည် မာရ်နတ်နှင့် တရားသောစစ်ထိုး၍ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူသောအခါ ဝမ်းမြောက်ဝမ်းသာဖြင့် ထိပ်ဆုံးမှကြွေးကြော်သူများမှာ

www.burmeseclassic.com

www.burmeseclassic.com



နဂါးများဖြစ်ကြသည်။ ဘုရားရှင်သည် မဟာဝုန်တောတွင် ပြဟ္မာတို့၏ အစည်းအဝေးကြီး ဟုဆိုအပ်သော မဟာသမယသုတ်ကို ဟောတော်မူသောအခါ နတ်မျိုးနတ်နွယ် ဖြစ်သော နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ရက္ခိုက်တို့ပါရှိသည့်အနက် တန်ခိုးကြီးနဂါးမင်း ရှစ်ဦးတို့သည် မိမိတို့အခြွေအရံများနှင့်အတူ အင်တိုက်အားတိုက် တက်တက်ကြွကြွ လာရောက် တရားနာသူများဖြစ်ကြ၏။ ဘုရားဖြစ်တော်မူပြီးနောက် ဘဝသံသရာ အဆုံးသတ်ခရီး၏ အပန်းတော်ဖြေအဖြစ် သတ္တသတ္တာဟ စံနေတော်မူရာ၌ ဆဋ္ဌမ သတ္တာဟတွင် မိမိ၏ အရစ်အခွေတည်းဟူသော ကျောင်းတော်ဖြင့် ခုနစ်ရက်တိုင်တိုင် ပေးလှူပူဇော်ခဲ့သူမှာ မုစ္စလိန္ဒာ နဂါးမင်းဖြစ်၏။

ယင်းသို့ ယင်းသို့လျှင် နဂါးတို့သည် ဘုရားရှင်သာသနာတော်ပေါ်ဦးစကပင် သာသနာတော်နှင့် ရှေးဦးစွာ ဆက်စပ်ပါဝင်မှုရှိခဲ့ကြသည်။

နာဂလုလင်သည် မဟာသမယသုတ်ကို ဘုရားရှင်ဟောတော်မူရာ၌ ပါဝင် ကြားနာခဲ့သော နဂါးမင်းတစ်ဦးဖြစ်သည်။ သူသည် တန်ခိုးကြီးသော နဂါးဖြစ်သော်လည်း ဗိဇအားဖြင့် သိမ်မွေ့နူးညံ့သူဖြစ်၏။ ယုတ်ညံ့သော နဂါးဘဝကို စက်ဆုပ်၍ လူ့ဘဝကို တောင့်တသူဖြစ်သည်။

ထို့ကြောင့် လူ့ဘဝနှင့် နီးစပ်ရာ တရားသဘောကို သက်ဝင်စေနိုင်သည့် ဂင်္ဂါမြစ်ဆိပ်မှ တရားရှင် ကဿပ ရသေ့ညီနောင် သုံးဦးအနက် အစ်ကိုကြီးဖြစ်သော ဥရုဝေဠ ကဿပ ရသေ့ကြီးသို့ ချဉ်းကပ်သည်။ မိမိ၏ နဂါးစည်းစိမ်ကို အကြိမ်များစွာ၊ အချိန်များစွာ စွန့်ခွာ၍ ကဿပရသေ့ကြီး၏ အသိုင်းအဝိုင်းဖြစ်သော တင်းကုပ်ပျက် တစ်ခုတွင် ဥပုသ်စောင့်ပမာ တရားအရိပ် ရသေ့တို့အရိပ်ကို ခိုလှုံရင်း အနေများခဲ့သည်။ ကြာသော် အခြားနဂါးများက သူ့ကို ကဿပရသေ့ကြီး၏သားဟုပင် ခေါ်လာကြသည်။

ဗောဓိပင်နှင့် ရွှေပလ္လင်တွင် ဘုရားရှင်၏အဆင်းတော် အသားရေတော်ကို ဖူးတွေ့ရခြင်း၊ ဓမ္မစကြာဒေသနာ၊ မဟာသမယသုတ်တော်တို့ကို ကြားနာရခြင်းတို့ ကြုံကြိုက်လာသောအခါ ဘုရားရှင်ကို ရသေ့တို့ထက် အဆရာထောင်မက ပို၍ ကြည်ညိုလာခဲ့၏။ အဟိတ်တိရစ္ဆာန်ဘဝဖြစ်ရသောကြောင့်ကား ပဉ္စဝဂ္ဂီတို့ အပါအဝင် အခြားနတ်ပြဟ္မာတို့ ကျွတ်တမ်းဝင်ခဲ့ကြသော်လည်း သူ့အဖို့ တရားထူးကို မရနိုင်ခဲ့ရှာပေ။

သူ၏ အကြီးဆုံးသော တောင့်တချက်မှာ လူ့ဘဝကို ရရှိရန်ပင်ဖြစ်၏။ လူ့ဘဝ၏ ကြီးမားသော လွတ်လပ်မှုကို သူမြင်သည်။ တစ်ကိုယ်တည်း လွတ်လွတ် လပ်လပ် တရားရှာနိုင်သည်။ တစ်ကိုယ်တည်း လွတ်လွတ်လပ်လပ် နေနိုင်သည်။ ကိလေသာကြီးမားသော နဂါးတို့၏ သဘာဝအရ အခါခပ်သိမ်းဆိုသလိုပင် နဂါးမတို့၏ ကိလေသာ ဖွက်အိုင်တွင် လူးလွန့်နေရသည်။ တရားစိတ်ကလေး ပေါ်လာသောအခါတွင် နဂါးမတို့၏ ရင်ခွင်မှရုန်းထွက်၍ ရသေ့တို့ထံ ချဉ်းကပ်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုသော် ရသေ့တို့၏ အရိပ်အာဝါသထက် ဘုရားရှင်၏ သာသနာတော် စက်ရိပ်၊ ဓမ္မအရိပ်သို့ ချဉ်းကပ်ရန် ပို၍ စိတ်အားထက်သန်လာသည်။ ချဉ်းကပ်ပုံ ချဉ်းကပ်နည်းမှာ ပကတိနဂါးအသွင်ဖြင့် ချဉ်းကပ်၍တော့မလျော်၊ လူ့အသွင် ဖန်ဆင်းကာ ရဟန်းအသွင်ဖြင့် တရားအားထုတ်ရသော် ယုတ်ညံ့သော တိရစ္ဆာန်ဘဝမှ ကျွတ်လွတ်၍ လူ့ဘဝတည်းဟူသော ကောင်းရာသုဂတိသို့ ရောက်လိမ့်မည်ဟု ယုံကြည်သည်။

သို့ရာတွင် ဝေဠုဝန်ကျောင်းတော်နှင့် အရံကျောင်းပေါင်းများစွာ ရှိသည့်အနက် ဘုရားရှင်နှင့် တန်ခိုးကြီးသံဃာတော်များထံသို့ ချဉ်းကပ်ခဲ့သော် မိမိ၏ မူမမှန်သော အသွင်ကိုသိ၍ အခွင့်သာကောင်းမှသာမည်။ ထို့ကြောင့် ရာဇဂြိုဟ်၏ အစွန်အဖျား ဖြစ်သော တပေါဒါမြစ်ကမ်းနဖူးရှိ တောရကျောင်းအသွင် အင်ကြင်းမြိုင်ကျောင်းရှိ သံဃာတော်များအထံသို့ ယခုချဉ်းကပ်ရောက်ရှိလာခဲ့ခြင်းဖြစ်ပေ၏။

သာသနာတော်သို့ ရဟန်းတစ်ပါး တိုးလာသည်ဆိုလျှင် သံဃာတော်အများ တို့က ဝမ်းမြောက်ကြစမြဲ ဖြစ်သည်။ ယခုကဲ့သို့ ပျိုပျိုရွယ်ရွယ်နှင့် စင်ကြယ်ပြည့်စုံသော ရဟန်းငယ်တစ်ပါး ပေါ်ပေါက်လာသည်ဆိုသောအခါ ပို၍ဝမ်းမြောက်ကြရ၏။ ထို့ကြောင့် ဦးဆောင်သံဃာဖြစ်သော မဟာတိသမထေရ်ကြီးက နာဂလုလင်ကို အခြားသံဃာများ အခြံအရံဖြင့် သိမ်အတွင်းသို့ ခေါ်ဆောင်သွားပြီးနောက် ရဟန်းပြုပေးမှု ကံဆောင် လုပ်ငန်း၏ ပရိကံနည်းလမ်းများအရ သင့်ကို မေးစစ်ရန်ရှိပေသေးသည်ဟု မိန့်လိုက် သောအခါ ''မေးစစ်တော်မူပါဘုရား''ဟု လျှောက်ထားလိုက်ရ၏။

[ ၂ ]

မထေရ်ကြီးက ''ဒကာလုလင်၊ သင့်အမည် မည်သို့ခေါ်ဆိုသည်ဖြစ်စေ၊ ရဟန်းပြုရာ၌ သာသနာတော်၏ စည်းကမ်းအရ သင့်အမည်ကို ငါတို့က 'နာဂ'ဟူ၍ မှည့်ခေါ် မေးမြန်းမည်၊ မှတ်မိပြီလား အမောင်နာဂ''ဟု မိန့်ကြားလိုက်သောအခါ မိမိ၏ နဂါးဇာတိကိုများ ဤအရှင်တို့ သိနေကြလေပြီလားဟု စိုးရွံ့သွားမိသေး၏။ နောက်မှ ရဟန်းပြုမှု၏ သာသနာ့ထုံးစံဓလေ့ခြင်းဖြစ်ကြောင်း သတိရ၍ စိုးရွံ့မှုကင်းသွားရသည်။

စင်စစ်သော် 'နာဂ'ဟူသော အမည်သည် အဓိပ္ပာယ်ကြွယ်ဝလှစွာသော အမည်မှန်ဖြစ်၏။ သာမန်အားဖြင့် နဂါးဟူသော အနက်ရှိသကဲ့သို့ သာသနာတော်တွင် စိတ်အားထက်သန်သူ၊ တရားအလုပ်၌ ရဲရင့်မွန်ရည်သူစသော အဓိပ္ပာယ် ကြွယ်ဝသော အမည်ဖြစ်သည်။

''တပည့်တော်အမည် နာဂဟု မှတ်မိပါပြီဘုရား''

www.burmeseclassic.com

www.burmeseclassic.com



''အမောင်နာဂ၊ အသက်နှစ်ဆယ် ပြည့်ကြွယ်သူကိုမှ ရဟန်းပြုရန်ခွင့်ပြုတော်မူသည်။ အသက်နှစ်ဆယ်ပြည့်ပြီလော''

''အသက်နှစ်ဆယ်ပြည့်၍ ကျော်လွန်ခဲ့ပါပြီဘုရား''

သာသနာတော်ပေါ်ဦးစကမူ သဒ္ဓါပညာထက်သန်သူတို့ပေါ်များလှသောကြောင့် ရဟန်းအဖြစ်သို့ ရောက်ဖို့ရန်မှာ အသက်အရွယ်အားဖြင့် မပိုင်းခြားခဲ့၊ သားတော်ရာဟုလာ၊ အရှင်သာရိပုတ္တရာ၏ ညီငယ် ခရာဒိရေဝတ၊ သံကိစ္စ၊ ပဏ္ဍိတစသည်တို့လို ခုနစ်နှစ်အရွယ်မှစ၍ အလွယ်ပင် ရှင်-ရဟန်း ပြုခွင့်ရခဲ့ကြသည်။ သာသနာတော်စည်ပင်ပြန့်ကျယ်လာသောအခါတွင်မူ စိန်ကောင်း ကျောက်ကောင်းတို့ အများပင်ရှိသော်လည်း အုတ်အရောရော ကျောက်အရောရော ဆိုသကဲ့သို့ နှောထွေးလာသောကြောင့် တရားအားထုတ်ဖို့ရန် ခိုင်ခံ့သည့်အရွယ်ဖြစ်သော အသက်နှစ်ဆယ်၊ ပဋိသန္ဓေကိုးလပါနှင့်ဆိုလျှင် ဆယ့်ကိုးနှစ်သုံးလအရွယ်မှ ရဟန်းအဖြစ်ရောက်စေဟု ကန့်သတ်တော်မူလိုက်ရသည်။

ရဟန်းပြုပေးရာ၌လည်း ရှေးအခါကမူ သရဏဂုံ ဆောက်တည်ရုံမျှ၊ အမိန့်တော်နှင့်ခွင့်ပြုရုံမျှ စသည်ဖြင့်ပင် ရဟန်းအဖြစ်ကိုရနိုင်ခဲ့ကြ၏။ ယခုသော် အုတ်အရောရော ကျောက်အရောရောဆိုသလိုပင် ရဟန်းပြုမှုကိစ္စများ ရှုပ်ထွေးလာသောကြောင့်၊ ခိုင်ခံ့မှုရလာစေရန် သတ်မှတ်အပ်သော သိမ်အတွင်း၌သာ အနည်းဆုံး ရဟန်းတော်ငါးပါးက လိုအပ်သမျှကို သေချာစွာ စိစစ်မေးမြန်းပြီးမှ ကမ္မဝါအမိန့်တော်ဖြင့်သာ ရဟန်းဖြစ်ခွင့်ရတော့သည်။

''အမောင်နာဂ။ ။ မိဘများခွင့်ပြုချက်ရမှသာ ငါတို့ကရဟန်းပြုပေးခွင့်ရှိပေသည်။ သင့်ကိုရဟန်းပြုရန် မိဘများခွင့်ပြုအပ်ပြီလော''

''မိဘများမရှိတော့၍ ခွင့်ပြုဖွယ်မလိုတော့ပါဘုရား''

သားတော်ရာဟုလာ သို့မဟုတ် ဘိုးတော်သုဒ္ဓေါဒနမှထောက်သော် မြေးတော်ရာဟုလာကို တရားအမွေပေးရန်အတွက် ကျောင်းတော်သို့ မျှားခေါ်ကာ ရဟန်းပြုပေးလိုက်သည့်ကိစ္စ၌ အသည်းနှလုံးဆတ်ဆတ်ခါသွားရှာသော ခမည်းတော် ဘုရင်သုဒ္ဓေါဒန၏ လျှောက်တောင်းပန်ချက်အရ သတ်မှတ်ခဲ့ရသော စည်းကမ်းဥပဒေတော်ဖြစ်၏။

အကယ်ဆိုသော် ဘုရားရှင်ကိုယ်တော်တိုင်မှာ ရာဟုလာ၏ ဖခင်ဖြစ်၍ မိမိသားကို ရဟန်းပြုပေးပိုင်ခွင့်ရှိပါပေ၏။ သို့သော် ဒါယကာတို့နှင့် မဆန့်ကျင်လိုသော ဘုရားရှင်အဖို့ တစ်ဘက်တွင် လူမှုရေးသံယောဇဉ်ကိုထောက်ရှုကာ မိဘများ ခွင့်ပြုသူကိုမှ ရဟန်းပြုပေးစေဟူသော အမိန့်တော်ကို ချမှတ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



''အမောင်နာဂ ။ ။ ကုဋ္ဌနူနာ၊ အိုင်းအမာနာ၊ ပွေး–ညှင်း တင်းတိပ်အနာ၊ ခယရက်ချောင်းဆိုးနာ၊ ဝက်ရူး–ကြက်ရူးအနာ၊ ဤကဲ့သို့သော အနာကြီးငါးမျိုးရှိသောသူကို ရဟန်းပြုမပေးရသော အမိန့်တော်ရှိသည်။ သင့်ကိုယ်မှာ ဤရောဂါအနာကြီးတို့မှ ကင်းရှင်းပါ၏လော''

''ကင်းရှင်းပါသည် ဘုရား''

ရဟန်းဝတ်လိုသူ၏ ပန်းတိုင်သည် တရားဓမ္မအလုပ်ကို ကျားကုပ်ကျားခဲနည်းဖြင့် အရင်းတည်ကာ ကူးဖြတ်ရသော နိဗ္ဗာန်ဖြစ်၏။ ရဟန်းမဝတ်မီကပင်လျှင် သံသရာဝဋ္ဋဒုက္ခတော မောစနုတ္တာယ သံသရာတည်းဟူသော ဝဋ်ဆင်းရဲ ဝဲသြဃရေအလျဉ်မှ ထွက်မြောက်ရပါလို၏ဟု သန္နိဋ္ဌာန်ပြုရသည်။ လူဝတ်ဖြင့်လည်း တရားအလုပ်ကို လုပ်နိုင်သည်သာဖြစ်ပါ၏။ သို့သော် လူထက်ပို၍ လုပ်နိုင်သော ဖွဲ့သတ္တိကိုမွေးကာ လွတ်လပ်အေးချမ်းသော ရဟန်းအာဇာနည် ယောကျ်ားကောင်း – ယောကျ်ားမြတ်ဘဝဖြင့် နိဗ္ဗာန်သို့ အရောက်မြန်လိုလှသော ရည်မှန်းချက်ဖြင့် ရဟန်းဝတ်ခြင်းဖြစ်သည်။

ရဟန်းဘဝရောက်သည့်အခါမှ တရားအလုပ်ကို လုပ်ခွင့်မသာတော့ဘဲ ဖော်ပြပါ ကိုယ်တွင်းကိုယ်ပ အနာကြီးများဖြင့်သာ ကြောင့်ကြဗျာပါရများနေခဲ့သော် အဘယ်ပုံ ရည်မှန်းချက် အောင်မြင်ပါတော့အံ့နည်း။ ဤနည်းဖြင့် ရဟန်းလောင်းဟူသည် ကုရန်ခက်သော ဖော်ပြပါအနာကြီးများမှ ကင်းစင်သူဖြစ်ဖို့ လိုအပ်လှသည်။

တစ်နည်းဆိုသော် သံဃာဟူသည် အစုအပေါင်း အဖွဲ့အစည်းဖြစ်သည်။ မိဘဆွေမျိုး သားမယားအဖွဲ့အစည်းမျိုးမဟုတ်၊ သန့်စင်သော အဖွဲ့အစည်းဖြစ်သည်။ သံဃာအချင်းချင်းကို မေတ္တာဖြင့်သာ ယှဉ်ကပ်ထားအပ်သော အဖွဲ့အစည်းဖြစ်သည်။ သံဃာတစ်ပါးတွင် ဖော်ပြပါ အနာကြီးများ ရှိနေခဲ့သော် မိမိသာမဟုတ်၊ အခြားသံဃာများ အဖို့လည်း တရားရေးအနှောင့်အယှက်ဖြစ်ရတော့မည်မှာ မုချ။

တစ်နည်းဆိုသော် အရားအလုပ်ကို အားထုတ်ပါတော့မည်ဆိုသော ရဟန်းအတွက် အကယ်အားထုတ်မည်ဆိုသောအခါ (၁) ကျောင်းအာရာမ် အိပ်ရာနေရာ ခင်တွယ်နေမှု၊ (၂) ပစ္စည်းလေးပါး ဒါယကာတို့ကို ငဲ့ညှာနေမှု၊ (၃) လာဘ်သပ္ပကာကို စွဲလမ်းနေမှု၊ (၄) ဂိုဏ်းသံဃာအပေါင်းအဖော်တို့နှင့် မခွဲနိုင်မှု၊ (၅) အမှုကိစ္စမျိုးစုံ၌ ပျော်ပိုက်နေမှု၊ (၆) ခရီးသွားခြင်း၌ မွေ့လျော်မှု၊ (၇) မိဘဆွေမျိုးတို့ကို ငဲ့ညှာမှု၊ (၈) မကျန်းမမာအနာရောဂါများမှု၊ (၉) စာသင်စာချနှင့် ကျမ်းဂန်ရေးသားမှု၊ (၁၀) တရားအားထုတ်ရင်း ရလာ ရောက်လာသော သာမန်ပုထုဇဉ်တို့ တန်ခိုးကလေးများတွင်သာ သာယာ၍နေမှုတည်းဟူသော ပလိဗောဓခေါ် ကြောင့်ကြဆယ်ဖြာ တရားတို့၌ အခြားကိုးချက်တို့မှာ သတိရှေ့ဆောင်ကာ တရားသတ္တိရှိရှိဖြင့် ရှန်းထွက်လိုသော် ရနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပေသေးသည်။ အဋ္ဌမမြောက်ဖြစ်သော မကျန်းမာမှု၊ သာမန်မကျန်းမာမှု အနာရောဂါမျှ မဟုတ်မူဘဲ ကုရခက်သော ကုဋ္ဌနူနာစသည့် ဖော်ပြပါ အနာကြီးမျိုးများသည် ရဟန်း မဝတ်မီကပင် ရှိနေခဲ့ပါသော် ရဟန်းဘဝ၏ ရည်မှန်းချက်ပန်းတိုင်သို့ အဘယ်ပုံ ရောက်ရှိနိုင်ပါတော့အံ့နည်း။

ယင်းသို့လျှင် ရဟန်းဖြစ်လာပြီးသည့်အခါတွင်မှ အကြောင်းမသင့်၍ ဤရောဂါ ကြီးများဖြစ်ပေါ်လာခဲ့လျှင် ရှိစေတော့။ ရဟန်းမဖြစ်မီကမူ ဖြစ်လာမည့် ဓမ္မအန္တရာယ်ကို ကာကွယ်သောအားဖြင့် ယင်းစည်းကမ်းကို ချမှတ်ထားခဲ့ရသည်။

''အမောင်နာဂ ။ ။ လူ့ဘဝတွင် သူမြို၊ သူ့ကြွေး ချေးငှားမတင် သန့်စင်သူဖြစ်ပါ၏လော''

''မည်သူ့မြီ၊ မည်သူ့ကြွေးမှ ချေးငှားမတင် သန့်စင်ပါ၏ဘုရား''

ကြွေးဟူသည် နည်းသည်-များသည်မဟူ၊ သူ့ကြွေးသူ့မြီ ရှိနေခဲ့ပါသော် စိတ်အနှောင့်အယှက် ဖြစ်နေရတော့သည်သာဖြစ်၏။ တရားအလုပ်ကို စိတ်ဖြင့် အရင်း တည်ရတော့မည့်ရဟန်းအတွက် သူ့ကြွေးသူ့မြီရှိနေခဲ့ပါသော် အဘယ်ပုံ စိတ်လွတ်လပ်မှု ရှိနိုင်ပါတော့အံ့နည်း။ တရားအလုပ်ဟူသည် တရားခွင်သို့ ဝင်တော့မည်ဆိုလျှင် သူ့ကြွေး သူ့မြီဆိုသည်ကို ထားဦးတော့၊ ကြောင့်ကြမှုကင်းရန်အတွက် ကိုယ်နှင့်မကွာ ရှိနေသော သက်နိုးသပိတ် ပရိက္ခရာတို့မှအစ သန့်ရှင်းစင်ကြယ်အောင် ကြိုတင်ပြုပြင်ရသည်။ သို့မဟုတ်လျှင် ယောက်ယက်ခတ်လွယ်သော စိတ်ဓာတ်အဖို့ ယင်းအသေးအမွှားတွေက အစ ကြောင့်ကြမှုကလေးတွေ ဖြစ်ပေါ်လာတတ်သည်။ သူ့ကြွေး သူ့မြီရှိနေခဲ့သော် အဘယ်ပုံ စိတ်ဓာတ် လွတ်လပ်ပါတော့အံ့နည်း။

သူ့ကြွေးသူ့မြီနှင့်ပတ်သက်၍ နီတိဆရာတို့ကဆိုလျှင် ကြွေးမြီရှိသူသည် အသက်ရှင်လျက်နှင့်ပင် သေနေသူဟု သတ်မှတ်ညွှန်ပြသည်။ အကြောင်းမူကား - လူစိတ်၏ အတွင်းသိအရ သူ့ကြွေးမြီရှိနေလျှင် မပြတ်သတိရနေတတ်မြဲဖြစ်ပေရာ အခြား တိုးတက်ရာကိစ္စများတွင် စိတ်ဓာတ်လျော့ပါးရသောကြောင့်ဖြစ်၏။ သို့ဖြစ်ရာ ရဟန်း တက်မည့်သူအဖို့ ကြွေးကင်း၏လောဟူသော အမေးတော်ပုံစည်းကမ်းသည် အလွန် လျော်ကန်လှသော သတ်မှတ်ချက်ဖြစ်ပါပေ၏။

''အမောင်နာဂ ။ ။ သင်သည် သူ့ကျွန်မဖြစ်၊ မင်းစစ်တော်လုန်သူကောင်း သူလွတ်မှန်ပါ၏လော''

''မှန်ပါသည် အရှင်ဘုရား''

ထိုခေတ်က ကျွန်ကို သခင်ကပိုင်၏။ သာမန်ပိုင်ရုံမဟုတ်၊ လုံးဝဥဿုံ အသက်အထိပိုင်၏။ အကြင်ကျွန်တစ်ယောက်အဖို့ သခင်ဖြစ်သူက ကျွန်ဘဝမှ

www.burmeseclassic.com

www.burmeseclassic.com



လွတ်စေဟု တော်လှန်ခွင့်ပြုချက်မရခဲ့ပါသော် လောကရေး၊ ဓမ္မရေးမည်သည့်အရေးတွင်မှ မိမိ၏သဘောဖြင့် လှုပ်ရှားပြုမူပိုင်ခွင့်မရှိ။ ထိုသူကို ရဟန်းပြုပေးခဲ့သော် သာသနာတော်က သူ့သခင်၏ အခွင့်အရေးကို အတင်းလုယူရာရောက်တော့၍ ပြဿနာမျိုးစုံဖြစ်လာရတော့သည်။ ဖြစ်လည်းဖြစ်ခဲ့ပြီ၊ ထို့ကြောင့် သူ့ကျွန်ဘဝမှ လွတ်လပ်သူဖြစ်ပါ၏လောဟု မေးစစ်ရသည်။

"အမောင်နာဂ ။ ။ သင်သည် မင်းခယောက်ျား။ မင်းခစားမဟုတ်သူဖြစ်ပါ၏လော"

"မဟုတ်ပါဘုရား"

ဤသည်လည်း ကျွန်ဘဝနှင့် သဘောတူဖြစ်၏။ မင်းခစားဟူသည် ကျွန်ဟုမဆိုနိုင်စေဦးတော့။ မင်း၏ ရိက္ခာကိုစား၍ မင်းအလုပ်ကိုသာ လုပ်ပေးနေသူမဟုတ်ပါလော။ အဘယ်မှာ လွတ်လပ်ပါအံ့နည်း။

[ ၃ ]

ယင်းသို့လျှင် မေးစစ်အပ်သမျှတို့ကို မေးစစ်ပြီးနောက် သံဃာတော်တို့က ကမ္မဝါဖြင့် အသိအမှတ်ပြုကာ သက်နိုးဝတ်ပေးလိုက်သောအခါ နာဂလုလင်အဖို့ မိမိရည်မှန်းသော ရဟန်းအသွင်သို့ ရောက်သွားတော့သည်။

ရဟန်းဖြစ်လာသောအခါ သက်နိုးဝတ်ပေးခဲ့သော မဟာတိဿမထေရ်ကြီးသည် ပင်လျှင် ဥပဇ္ဈာယ်ဆရာဖြစ်၍ ဆရာဖြစ်သူနှင့်အတူ ဝတ်ကြီးဝတ်ငယ်ပြုရန်နှင့် ဆရာဆိုဆုံးမသမျှကို နာခံရန်အတွက် အင်ကြင်းမြိုင် ကျောင်းတိုက်အစွန်ရှိ ကျောင်းကလေးတွင် အတူနေရသည်။

နာဂလုလင်၊ နာဂ ရဟန်းတော်အဖို့ ကိုယ့်အကြောင်း ကိုယ်သိသူမို့ ဖြစ်နိုင်လျှင် သစ်တစ်ပင်ရိပ် ဝါးတစ်ပင်အောက်ဖြစ်စေဦးတော့၊ တစ်ကိုယ်တည်း လွတ်လွတ်လပ်လပ်နေလိုလှသည်။ သို့ရာတွင် နေခွင့်မရ။ ရဟန်းစစ် ရဟန်းသစ် ရဟန်းငယ်ဟူသည် ဥပဇ္ဈာယ်ဆရာနှင့်ကင်း၍မနေရ၊ နေခွင့်မရှိ။ ရဟန်းဘဝတွင်အချိုးကျစေရန်အတွက် ဥပဇ္ဈာယ်ဆရာနှင့်အတူနေ၊ ဩဝါဒခံ၊ ဝတ်ကြီးဝတ်ငယ်ပြုနေရမည်မှာ ရဟန်းသစ်တို့အတွက် သာသနာ့စည်းကမ်းပင်ဖြစ်ပေ၏။

နာဂလုလင်အဖို့ မိမိရည်မှန်းချက်အတိုင်း လူအဖြစ်မှသာမက ရဟန်းအသွင်သို့ပင်ရောက်လာ၍ ဝမ်းမြောက်လှပါ၏။ သူတော်ကောင်းတို့ အေးရိပ်သာဝယ် ဥပဇ္ဈာယ်ဆရာ၏ ဝတ်ကြီးဝတ်ငယ်မျှသာမက ရဟန်းတော်အားလုံး၏ သေနာသနဝတ်ကိုလည်း ပြုစုနေရသောကြောင့် ချမ်းသာလှပါ၏။ သို့ရာတွင် ဆင်းရဲဒုက္ခတစ်ခုနှင့်တော့ နေ့စဉ်ညဉ့်

www.burmeseclassic.com



ရင်ဆိုင်နေရရှာသည်။ ယင်းဆင်းရဲဒုက္ခဟူသည်ကားညဥ့်အခါ၌ ဥပဇ္ဈာယ်ဆရာနှင့် အတူနေရသောကြောင့် ပြည့်ပြည့်ဝဝ မအိပ်ရသည့် ဒုက္ခဖြစ်ပေ၏။

အဘယ်ကြောင့် မအိပ်ရပါသနည်း။

တန်ခိုးကြီး နဂါးတို့မည်သည် အခြားကိစ္စများ၌ အဘယ်မျှအယောင်ဆောင်၍ ဖုံးကွယ် ဟန်လုပ် ဖန်ဆင်းထားနိုင်စေကာမူ သဘာဝအားဖြင့် မဖုံးကွယ်၊ ဟန်မလုပ် ဇာတိရုပ်ပေါ်စေနိုင်သော အကြောင်းနှစ်ရပ်ရှိနေ၏။ ယင်းနှစ်ရပ်ကား နဂါးမတို့နှင့် ကာမဂုဏ် ခံစားသည့်အချိန်နှင့် အိပ်ပျော်ချိန်တို့တွင်ပင်ဖြစ်၏။ ယင်းနှစ်ချိန်တွင်ဖြင့် ပင်ကို နဂါးဇာတိရုပ်အတိုင်းဖြင့်သာ ခံစားနိုင်ကြသည်။

မိမိသည် ရဟန်းဖြစ်လာသောအခါ လူမမြင်ရာ တောတောင်ထဲတွင် လွတ်လွတ် လပ်လပ် တစ်ကိုယ်တည်းနေရင်း တရားကျင့်ချိန်တွင်မူ မထိန်းနိုင်သော နဂါးတို့၏ ဇာတိရုပ်အတိုင်း အိပ်နိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့မိသည်။ ယခုသော် ဥပဇ္ဈာယ်ဆရာနှင့် အတူ နေနေရ၏။ တစ်ကိုယ်တည်း နေလိုပါချည့်ဟု လျှောက်ထားသောအခါ ဆုံးမ သွန်သင်ခံရမှုမှ မလွတ်သေးသောကြောင့်ဟူသော အကြောင်းပြချက်ဖြင့် နေခွင့်မရ။ အင်ကြင်းမြိုင်ကျောင်းတစ်ခုလုံးနှင့်တကွ သံဃာအားလုံး၏ ဝတ္တရားကျေပွန်လှသူ ဖြစ်သောကြောင့်လည်း သံဃာတော်အားလုံးကပင် တစ်ကိုယ်တည်းနေမှုကို ခွင့်မပြု လိုကြသေး။

ထို့ကြောင့် နေ့လယ်နေ့ခင်း အားလပ်သည့်အခါများတွင်သာ တောရိပ်တောခြေ ထူထပ်လှသော ကျောင်းအနီးရှိ တပေါ်ဒါမြစ်ကမ်းမြိုင်အတွင်းသို့ သွားရောက်ကာ အချိန်အနည်းငယ်မျှသာ နဂါးဇာတိရုပ်ဖြင့် ရစ်ခွေအိပ်စက်ရသည်။ ဆရာနှင့်အတူနေသော ညဥ့်အချိန်များတွင်မူ ဇာတိရုပ်ပေါ်ပေါက်သွားမည်ကြောင့် တစ်ညဥ့်လုံး မအိပ်စက်ရ၊ သတိဖြင့် ငုတ်ထုတ်ထိုင်လျက်သာ ကြက်အိပ်ကြက်မေ့ဆိုသလို နေထိုင်ရသော ဒုက္ခ ဆင်းရဲပင်ဖြစ်ပေ၏။

ဤအတွင်းဆရာဖြစ်သူ မထေရ်ကြီးကလည်း မိမိအကြောင်းကို ရိပ်မိသိရှိ နေသယောင်ယောင်ဖြင့် စကားစပ်လာသေးသည်။ စကားစပ်ပုံမှာ ညဥ့်ဦးပိုင်းအားလပ်ချိန် တွင် ဆရာ့ထံပါး ချဉ်းကပ်ကာ ခြေဆုပ်လက်နယ်ဝတ်ပြုနေသော တစ်ချိန်၌ ဆရာဖြစ်သူ က "ငါ့တပည့် တော်ပါပေတယ်၊ ဥက္ခိတ္တစက္ခု သိက္ခာပုဒ်တော်ကိုဖြင့် တကယ့်ကို ထိန်းသိမ်းနိုင်ပေတာပဲ"ဟု ချီးကျူးစကားမိန့်ကြားသည်။

ဥက္ခိတ္တစက္ခု သိက္ခာပုဒ်ဟူသည်မှာ ရဟန်းသည် စက္ခုန္ဒြေကို ထိန်းသိမ်း၍ မိမိရှေ့သို့ လေးတောင်မျှကိုသာ ကြည့်ရသော သိက္ခာပုဒ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သိက္ခာပုဒ်တော်အရ ထိန်းသိမ်းသည်မှန်ပါ၏။ သို့ရာတွင် မိမိအဖို့မူကား သိက္ခာပုဒ်ကြောင့်လည်း ထိန်းသိမ်းသည်၊ အခြားအကြောင်းကြောင့်လည်း ထိန်းသိမ်းနေမိရသည်။ အကြောင်းမူကား နဂါးတို့၏ တန်ခိုးဟူသည် မျက်လုံးတွင် အကြီးမားဆုံးဖြစ်၏။ သူတို့၏ မျက်လုံးများသည် တောက်ပသည်။ အကြည့်စူးရှသည်။ ပြင်းထန်သည်။

ထို့ကြောင့် မိမိ၏ မျက်လုံးများသည် ရဟန်းတော်များအား မည်သို့မျှအန္တရာယ်ပြုမည်မဟုတ်သော်လည်း မိမိ၏ မျက်လုံးများကို မြင်ရသော် စိုးရွံ့ဖွယ်များဖြစ်နေလေမည်လားဟု ရဟန်းတော်များနှင့် တွေ့သည့်အချိန်မှစ၍ အခါခပ်သိမ်း မျက်လုံးကို ဖွင့်လှန်၍မထား၊ ဦးခေါင်းကို အစဉ်ငုံ့လျှိုး၍သာ နေခဲ့သည်။ ဤအချက်ကို ယခု ဆရာဖြစ်သူက ချီးကျူးစကား ပြောကြားနေခြင်းဖြစ်သည်။

''တပည့်ရဲ့၊ ဥက္ခိတ္တစက္ခု ဆိုတာဟာ ရပ်ထဲရွာထဲ ဆွမ်းခံသွားတဲ့အခါ၊ အကြောင်းရှိလို့သွားတဲ့အခါ၊ ဒါယကာ ဒါယိကာမများကိုမြင်တွေ့ရမယ့် အခါများမှာသာ တရားနှလုံးနဲ့ စောင့်ထိန်းဖို့လိုတာပါ၊ ကိုယ့်ကျောင်း ကိုယ့်အရာမ်ထဲမှာ နေတဲ့အခါမှာတော့ ရိုးရိုးနေလို့ရပါတယ်ကွယ့်''

''တပည့်တော်အဖို့တော့ အကျင့်ပါနေလို့ပါဘုရား''

''သာဓုကွယ် သာဓု၊ ဒို့ထက် မျက်လုံးဆိုလို့ နဂါးများဟာ တယ်ပြီးမျက်လုံးအစောင်းထက်ဆိုပါလား၊ နဂါးမျက်စောင်း အကြောင်းမရွေးဘူးလို့တောင် ကြားဖူးတယ်''

''တပည့်တော်တော့ နဂါးတို့မျက်စောင်း အကြောင်းသုံးပါးရွေးတယ်၊ ဘုရင်တို့မျက်စောင်းသာ အကြောင်းသုံးမရွေးဘူးလို့ ကြားဖူးပါတယ်။ နဂါးများဟာ ဘုရားရှင်ရဲ့ အရှင်ဘုရားတို့လို သံဃာတော်များ မိဘဆရာသမားတို့ကို အန္တရာယ်ပြုမယ်မထင်ပါဘူးဘုရား''

''ဟုတ်ပါလိမ့်မည်၊ နို့ပေမယ့် နန္ဒောပနန္ဒဆိုတဲ့ နဂါးကြီးကတော့ ငါတို့ဆရာအရှင်မောဂ္ဂလာန်ကိုတောင် အန်တုပါလား''

''ဒါကတော့ နဂါးဆိုးနဂါးမိုက်များ တစ်ကောင်တစ်လေ ဖြစ်ပါလိမ့်မယ်ဘုရား။ နဂါးတွေဟာ အများအားဖြင့် ဘုရားရှင်နှင့် သံဃာတော်များကို ပူဇော်ကြပါတယ်။ ဘုရားရှင် ဝေသာလီပြည်ကြွတုန်းက ဘုရားရှင်နှင့် သံဃာတော်များကို ဂင်္ဂါမြစ်ကဖြတ်ပြီး နဂါးပြည်ကို ပင့်ဆောင်ပူဇော်ကြပါတယ်။ မုစလိန္ဒာနဂါးမင်းဟာ ဘုရားရှင်သတ္တာသတ္တာဟ စံနေတော်မူတုန်းက ခုနစ်ရက်ခုနစ်လီတောင် သူ့ပါးပျဉ်းကို ကျောင်းလုပ်ပြီး ပူဇော်ပါတယ်။ ဘုရားရှင်နှင့် သံဃာတော်များကို ထားဦးတော့၊ ဘုရားရှင်ရဲ့ ဘထွေးတော် မဟာနာမ်မင်းကြီးကိုတောင် နဂါးပြည်ကိုပင့်ပြီး ပူဇော်ပါတယ်ဘုရား''

www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ်– ငါ့တပည့်က နဂါးတွေအကြောင်း တယ်ပြီးသိပါကလား၊ နဂါးကိုရော ငါ့တပည့် မြင်ဖူးသလား၊ ငါတို့ဖြင့် ဒီအသက်ဒီအရွယ်ရှိပြီ၊ ကြားရုံသာ ကြားဖူးတယ်၊ ကိုယ်တွေ့မျက်မြင်ဖြင့် မမြင်ဖူးဘူးကွယ့်"

"နဂါးတွေဟာ ဘုရားရှင်ပွင့်တော်မူချိန်ကစပြီး ဘုရားရှင်နှင့်တပည့် သံဃာတော်တွေနှင့် စပ်နေလေတော့ ရှိရိုးတော့အမှန် ဖြစ်မှာပါဘုရား"

[ ၄ ]

ဖော်ပြပါအတိုင်း နာဂရဟန်းတော်အဖို့ ညဘက်တွင်မအိပ်ရ၊ မအိပ်ဝံ့။ နေလယ်ဘက်တွင်လည်း နေ့တိုင်းမဟုတ်၊ ရံဖန်အခွင့်သာသည့် နေ့များတွင်သာ ကျောင်းပြင်ထွက်ကာ တောရပ်ရှိ၍ အိပ်စက်ရသည်။ သို့နှင့် အအိပ်ပျက်ဖန်များလာသော အခါ မအီမသာဖြစ်၍ ကိုယ်ဟန်ပင်ပျက်လာသည်။

ယနေ့တွင်မူ သံဃာတော်တို့ မမြင်မတွေ့နိုင်သော စိတ်ကူးတစ်ခုရလာ၍ အားရပါးရ ကျိန်းစက်ပစ်လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ယင်းစိတ်ကူး အစီအစဉ်ကား နံနက်စောစော ရဟန်းတော်တို့ ဆွမ်းခံထွက်ကြမြဲအချိန်တွင် မိမိသည် ကိုယ်လက်မအီမသာဖြစ်၍ ဆွမ်းခံမလိုက်နိုင်တော့သည့်အကြောင်း ဉပဇ္ဈာယ်ဆရာထံ ခွင့်တောင်းကာ ကျောင်းတွင်နေရစ်ခဲ့ခြင်းပင် ဖြစ်၏။

ခွင့်ပြုချက်ရ၍ ရဟန်းတော်အားလုံး ဆွမ်းခံထွက်ကြသောအခါ ကျောင်းကလေးကို အသေအချာပိတ်ပြီးလျှင် စိတ်လွတ်ကိုယ်လွတ်ဖြင့် အားရပါးရ အိပ်စက်ပစ်လိုက်၏။ တကယ်အိပ်စက်ပြီဆိုတော့ နဂါးဇာတိရုပ်ကြီး ပြည့်ပြည့်ဝဝ ပေါ်လာကာ ကြီးမားသော ကိုယ်လုံးကြီးကြောင့် ကျောင်းကလေးနှင့်ပင် မဆံ့တော့သဖြင့် မြမြစိမ်းသော အကြေးခွံကြီးများဖြင့် ခန္ဓာကိုယ်တစ်ပိုင်းတစ်စတို့မှာ ကျောင်းကလေးအပြင်သို့ပင် ထွက်ပြူ၍နေ၏။ ခန္ဓာကိုယ်ကြီးမားသလောက် အသက်ရှူအသံလှိုင်းမှာလည်း အရှိန်ကြီးမားလှရကား အသက်ရှူလိုက်တိုင်း ကျောင်းကလေးမှာ သိမ့်သိမ့်ခါ၍ နေတော့၏။

သို့ရာတွင် နာဂလုလင်အဖို့ တစ်စုံတစ်ရာ သတိမထားတော့ပဲ အိပ်ရေးပျက်ခဲ့သမျှတို့ကို အတိုးချကာ အားရပါးရ အိပ်စက်လိုက်မိ၏။ အဘယ်မျှ သတိမထားမိသနည်း ဆိုသော် ရဟန်းတော်တို့ ဆွမ်းခံရာမှ ပြန်လာသည်ကိုပင် မသိလေတော့။

"ကိုယ်တော်ရို့၊ ကိုယ်တော်ရို့၊ ကြွကြပါဦး၊ ဟောဒီမှာ မြွေကြီးထင်ပါရဲ့၊ တပည့်တော် ကျောင်းကလေးတစ်ခုလုံး ပြည့်နေတာပဲ၊ ပြည့်ရုံမကဘူး၊ အပြင်ကို

www.burmeseclassic.com



အမြီးကြီးတောင် ထွက်နေပါကလား။ ဒီလောက်ကြီးတော့ မြွေဟုတ်မယ်မထင်ဘူး၊ နဂါးကြီးနဲ့တူတယ်၊ အနားလဲ သိပ်မကပ်ကြနဲ့ ကိုယ်တော်ရို့၊ အန္တရာယ်ပြုနေဦးမယ်''

ဥပဇ္ဈာယ်ဆရာ၏ ထိတ်လန့်တကြား အသံကိုကြားလိုက်ရမှ နာဂလုလင် အိပ်ရာမှနိုးကာ ရဟန်းအသွင်ကို ရုတ်ခြည်းပြောင်း၍ ဆရာကိုရှိခိုးရင်း ရပ်တည် လိုက်ရသည်။

''အလို–နဂါးကြီးပျောက်သွားပါရော့လား ကရို့၊ ခြေရာလဲပျောက် ရေလဲနောက် ဆိုသလို နဂါးကြီးပျောက်ပြီး မောင်ပဥ္စင်းရောက်လာတော့ ကေန္တ မောင်ပဥ္စင်းဟာ နဂါးများဖြစ်နေရော့သလား''

နာဂ ရဟန်းငြိမ်နေသည်။

''ရဟန်းနာဂ ။ ။ သင်သည် နဂါးဘဝမှ လူယောင်ဆောင်၍ ရဟန်း ပြုလာသည် မဟုတ်သလော''

ဝန်လည်းမခံလို၊ မုသားလည်း မပြောလိုသောကြောင့် နာဂ ရဟန်းငြိမ်နေ ပြန်သည်။

''ငါ့တပည့်နာဂ ။ ။ တပည့်ဟူသည် ဥပဇ္ဈာယ်ဆရာကမေးလျှင် မှန်သည့် အတိုင်း ဖြေကြားရသည် မှန်သည့်အတိုင်းမဖြေလျှင် အပြစ်ဖြစ်တော့သည်။ ငါ့တပည့်သည် နဂါးမဟုတ်သလော''

''မှန်ပါသည်ဘုရား''ဟု တိုးညင်းစွာ ဖြေကြားလိုက်သောအခါ အနီးသို့ ရောက်လာသော ရဟန်းအများပင် ကြောက်လန့်တကြား ဖြစ်သွားကြပြန်ပြီး ''အလိုလေး နဂါးဆိုပါကလား၊ နဂါးတဲ့ ကိုယ်တော်တို့၊ ကြောက်ဖွယ်ရာကြီးပါလား''ဟု အာမေဍိတ် ပြုကြကာ နောက်ဘက်သို့ ဆုတ်ခွာသွားကြသည်။ မထေရ်ကြီးမူကား တပည့်ဟူသော သံယောဇဉ်ကြောင့်လည်းကောင်း၊ ရှိခိုးကျိုးနွံ၍ နေသည်ကို တွေ့ရ၍လည်းကောင်း နာဂရဟန်းအနီး၌ပင် ရပ်တည်လျက်ရှိနေ၏။

''တပည့်တော်သည် နဂါးမျိုးနွယ်မှန်ပါ၏။ ဘုရားရှင်နှင့် သာသနာတော်ကို ကြည်ညိုလွန်း၍ လူယောင်ဆောင်ကာ ရဟန်းဝတ်ခဲ့ခြင်းဖြစ်ပါသည်။ တပည့်တော်ကြောင့် အရှင်ဘုရားတို့မှာ အန္တရာယ်တစ်စိုးတစ်စိ မရှိစေရပါ၊ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးဟုသာ မှတ်ယူတော်မူကြပါ။ တပည့်တော်အား ရဟန်းအဖြစ်ဖြင့် နေခွင့်ပေးသနားတော်မူကြပါ ဘုရား''

''တပည့်နာဂ ။ ။ သင့်စေတနာ သင့်ဆန္ဒကို ငါတို့နားလည်ကြပြီးဖြစ်ပါ၏။ သာသနာတော်ကို ချစ်သော သင့်စေတနာကို ငါတို့ချီးကျူးဝမ်းမြောက်ကြရပါကုန်၏။ သို့သော် သင်သည် မဖြစ်ဖူးအဖြစ်ထူးဆိုသကဲ့သို့ နဂါးဖြစ်နေသည်''

www.burmeseclassic.com

www.burmeseclassic.com



"သင်သည် ငါတို့ထံတွင် ရဟန်းပြုသော်လည်းဘုရားရှင်အား ရည်မှန်း ရဟန်းပြုခဲ့ခြင်းမဟုတ်သလော၊ သင်သည် သာသနာတော်၌ နေခွင့်ရှိ၏ မရှိ၏ ဆိုသည်ကို ငါတို့မဆုံးဖြတ်တတ်ပါ၊ သာသနာတော်၏ ဦးစီးဦးကိုင် သာသနာပိုင်ကြီး ဖြစ်တော်မူသော ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ပင် အဆင်သင့်ရှိနေပါ၏။ ငါတို့သည် ဘုရားရှင် အထံတော်သို့ သွားရောက်၍ အဆုံးအဖြတ်ခံယူကြစို့၊ အသင် သဘောတူ၏ မဟုတ်လော"

"တူပါသည်ဘုရား"

[ ၅ ]

အဆင်သင့်ပင် ထိုနေ့သည် သံဃာတော်တို့ စည်းဝေးဥပုသ်ပြုရမည်ဖြစ်သော လပြည့်နေ့ ဖြစ်နေသည်။ ဝေဠုဝန်ကျောင်းတော်တွင် နေ့စဉ်ပင် ရဟန်းတော်တို့ အစည်းအဝေးရှိ၍ ထိုအစည်းအဝေးသို့ ရာဇဂြိုဟ်ရှိ ရဟန်းတော်များသည် ကြွရောက်ကြသည်။ အကြောင်းတစ်စုံတစ်ရာကြောင့် မကြွရောက်နိုင်သူများရှိသကဲ့သို့ မကြွရောက်လိုလျှင်လည်း မိမိတို့ကျောင်းတွင်ပင် နေနိုင်ကြသည်။ ထိုအစည်းအဝေးသို့ ဘုရားရှင်ရှိနေခဲ့ပါသော် ပုံမှန်ကြွရောက်တော်မူ၍ တရားဟောတော်မူမြဲ။ ပြဿနာကြီးငယ်ရှိလျှင် ဖြေရှင်း ဆုံးဖြတ်တော်မူမြဲဖြစ်သည်။

သို့ရာတွင် စတုဒသီ ပန္နရသီဟု ဆိုအပ်သော လပြည့်လကွယ်နေ့များတွင်မူ သာသနာ့စည်းကမ်းအရ ရဟန်းတို့ မစည်းဝေးလျှင် မနေရသော မဟာဥပုသ်ကြီး ဆင်နွှဲရန်အတွက် ရာဇဂြိုဟ်ရှိ ရဟန်းအားလုံးသည် ဝေဠုဝန်ကျောင်းတော်သို့ လာရောက် ကြရမြဲဖြစ်သည်။

ထိုနေ့သည် လပြည့်နေ့ဖြစ်၍ အင်ကြင်းမြိုင် ရဟန်းအားလုံးသည်ပင် ဝေဠုဝန် ကျောင်းတော် ဘုရားရှင်အထံတော်သို့ ကြွရောက်ကြရမည်ဖြစ်ရာ နာဂရဟန်း၏ ကိစ္စကို လျှောက်ထားဖို့မှာ အဆင်ပြေ၏။

အဆင်သင့်ပင်လျှင် ဘုရားရှင်ကလည်း နာဂရဟန်း၏ ပြဿနာကို သိပြီးတော် မူသည့်အဟန်ဖြင့် ရဟန်းတို့ အစည်းအဝေးအလယ်မှ စောင့်ကြိုတော်မူသည်။

ဘုရားရှင်ရှေ့တော်မှောက်တွင် ရှိခိုးဦးချပြီးသောအခါ အင်ကြင်းမြိုင် ဥပဇ္ဈာယ် မထေရ်ကြီးက မိမိနံဘေးတွင် ဦးနှိမ်လျက်ရှိသော နာဂရဟန်းကို ညွှန်ပြကာ "ဘုန်းတော်ကြီးသော အရှင်မြတ်ဘုရား။ ။ ဤရဟန်းသည် လူသားစင်စစ်မဟုတ်၊ နဂါးဘဝမှ လူ့အသွင်ဆောင်၍ ရဟန်းပြုလာသူဖြစ်ပါသည်။ တပည့်တော်တို့ မသိ၍ ရဟန်းပြုပေးခဲ့ပါသည်။ ယခုအခါ နဂါးဇာတိရုပ်ပေါ်လာသည်ကိုတွေ့ရ၍ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



သာသနာတော်၌ ထားသင့် မထားသင့် မဆုံးဖြတ်ဝံ့ပါ၍ အရှင်မြတ်ရှေ့တော်မှောက်သို့ အဆုံးအဖြတ်ခံရန် ခေါ်ဆောင်လာခဲ့ပါသည်ဘုရား'' ဟု လျှောက်ထားလိုက်သည်။

ထိုအခါ ရဟန်းတော်အားလုံးကပင် နာဂရဟန်းဆီသို့ အံ့သြဘနန်းမျက်နှာများဖြင့် ကြည့်လိုက်ကြသည်။ နာဂရဟန်းအဖို့မှာ အသွင်တူနေသော်လည်း အခြေမတူသော မိမိ၏ ဘဝကြောင့် ဘုရားရှင်နှင့် ရဟန်းတော်အားလုံးကိုပင် ရှက်ရမလို ကြောက်ရမလို စိတ်ထားဖြင့် မတုန်မလှုပ် ဦးခေါင်း ငုံ့လျှိုးရှိုး၍နေသည်။

ထိုအခါ ဘုရားရှင်က ''တစ္ဆက''ဟု စတင် အာလုပ်ပြုတော်မူလိုက်သောအခါ နာဂရဟန်းအဖို့ ဘုရားရှင်သည် မိမိအမည်ရင်းကိုပင်လျှင် သိတော်မူနေပါတကားဟု အံ့အားသင့်ရတော့သည်။

နဂါးတို့လောကတွင် မိမိအမည် တစ္ဆကဖြစ်၏။ ကဿပရသေ့ကြီး၏ ကျောင်းရိပ်သို့ ခိုလှုံဖန်များခဲ့သောအခါ၊ ကဿပရသေ့၏ မွေးစားသားဟုပင် ခေါ်လာကြသည်။

ဘုရားရှင်သည် ကဿပ ရသေ့ညီနောင်ရှင်တစ်ထောင်တို့ကို ကယ်ချွတ်တော်မူခဲ့သည့်အချိန်က ရသေ့တို့ ရိပ်သာတွင် ဘုရားရှင်၏ တန်ခိုးတော်ကို ကူညီသောအားဖြင့် ရသေ့တို့ကို ဘုရားရှင်၏ သပိတ်တော်အတွင်းဝယ် အဆိပ်အတောက်မရှိသော မြက်လျှော မြွေကလေးတစ်ကောင်ကဲ့သို့ ခွေပြခဲ့ရဖူးသည်။ ဘုရားရှင်အဖို့ သာမန်ကိစ္စလေး၊ သာမန် အတွေ့အကြုံကလေးမျှဖြစ်၍ မိမိကို သိလိမ့်မည်မဟုတ်ဟု ထင်မှတ်ခဲ့မိသည်။ ယခုသော် မိမိအမည်ကိုပင် သိနေပါကလားဟု အံ့သြရသည်။

ဘုရားရှင်သည် မိမိကူညီမှုအပါအဝင် တန်ခိုးမျိုးစုံကိုပြ၍ ရသေ့တို့ကို ကယ်ချွတ်တော်မူခဲ့ရာ၌ ရသေ့ညီနောင်ရှင်တစ်ထောင်လုံးပင် ရဟန်းဘဝသို့ ကူးပြောင်းကာ ကျွတ်တမ်းဝင်ကုန်ကြသည်။ ယခု ရဟန်းပရိသတ်တွင်ပင် ရသေ့ညီနောင်တို့ ရဟန်း အားလုံးပါရှိနေ၏။

သာသနာတော်ကို ကြည်ညိုသော မိမိသည် ရသေ့ညီနောင်တို့ထုံးကို နှလုံးမူကာ ရဟန်းအသွင်ဖြင့် တရားအားထုတ်ရသော် ကောင်းလေစွဟု သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သည်။ ယခုသော် မမျှော်လင့်သော ပြဿနာဖြစ်နေရ၏။ ဘုရားရှင် အဘယ်ပုံ အဆုံးအဖြတ်ပေးတော်မူမည်နည်း။

''တစ္ဆက၊ သင့်ဥပဇ္ဈာယ်ဆရာလျှောက်ထားသည့်အတိုင်း မှန်သလော''

''မှန်ပါသည်ဘုရား၊ အရှင်မြတ်နှင့် သာသနာတော်ကို ကြည်ညို၍ လူ့အသွင်ယူပြီး ရဟန်းပြုခဲ့ပါသည်။ သာသနာတော်တွင်နေခွင့် ပေးတော်မူပါ အရှင်မြတ် ဘုရား''

www.burmeseclassic.com

www.burmeseclassic.com



နာဂလုလင်၏ ပြဿနာကို ဘုရားရှင်အဖို့ စဉ်းစဉ်းသိတော်မူပြီးဖြစ်၏။ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် စသော တန်ခိုးကြီးရဟန်းတို့လည်း သိပြီးကြပေပြီ။ သို့သော် မသိသေးသော ပုထုဇဉ်ရဟန်းအများရှိနေပေသေး၏။ မသိသေးသော ပုထုဇဉ်ရဟန်းတို့ သက်ာကင်းရန် လိုပေသေးသည်။ တရားသူကြီးဟူသည် မိမိသိသော်လည်း အများယုံမှားကင်းရန် တိတိကျကျ မေးစစ်ကြမြဲဖြစ်သည်။ ယခုသော် နာဂလုလင်ကပင် ဝန်ခံလိုက်ပြီဖြစ်၍ ပုထုဇဉ်ရဟန်းတို့ အံ့ဩသွားကြရ၏။

''တစ္ဆက ။ ။ သင့်စေတနာကို ငါဘုရား နားလည်ပါ၏။ ရသေ့ညီနောင်တို့ကို ကယ်ချွတ်စဉ်က သင့်ကူညီမှုကိုလည်း ငါဘုရား ကျေးဇူးစကားဆိုပါ၏။ သို့သော် သင့်မှာ နဂါးနွယ်ဖြစ်၍ သာသနာတော်နှင့် မထိုက်တန်သူဖြစ်နေသည်''

ဤမိန့်ခွန်းတော်မှုဖြင့် နာဂရဟန်းအဖို့ အခြေမလှတော့သည်ကို သိလိုက်ပြီ ဖြစ်၏။ သို့ရာတွင် ခွင့်ပြုလိုခွင့်ပြုငြား အယူခံဝင်ကြည့် လိုပေသေးသည်။

''တပည့်တော်ကို ခွင့်ပြုတော်မူပါ အရှင်မြတ်ဘုရား''

''တစ္ဆက ။ ။ သာသနာတော်တွင် သင်ရှိနေသမျှ ရဟန်းတို့အဖို့ အနှောင့်အယှက် ဖြစ်နေပေမည်။ ခွင့်ပြုနိုင်ဖို့ အကြောင်းမရှိပါ''

''မှန်လှပါ၊ အခြားရဟန်းတို့နှင့် ကင်းလွတ်အောင် တပည့်တော်တစ်ဦးတည်း သီးခြားနေပါမည်ဘုရား''

''ရဟန်းဟူသည် တောရပုဂ္ဂိုလ်ပင်ဖြစ်စေဦးတော့၊ သီးခြားနေနိုင်ခွင့်မရှိ၊ ကံကြီး ကံငယ်ဆောင်ရသည်။ ယခုလို လပြည့်လကွယ်နေ့များ၌ အခြားရဟန်းများနှင့်အတူ ပူးပေါင်း၍ မုချမသွေ ဥပုသ်ပြုရသည်။ ထို့ကြောင့် သီးခြားနေ၍လည်း မဖြစ်နိုင်ပါ''

''ခွင့်သနားတော်မူပါဘုရား''

ခွင့်တောင်း၍ မရနိုင်တော့သည်ကို သိရပြီဖြစ်၍ ဤအသံတွင်ကား ဝမ်းနည်းသံ ငိုရှိုက်သံပင် ပါလာပြီဖြစ်၏။

''တစ္ဆက ။ ။ ငါဘုရား အဆုံးအဖြတ်ပေးမည်။ စေ့စေ့နားထောင်။ ရဟန်းရည်မှန်းချက် ပန်းတိုင်ဟူသည် သံသရာမှ လွတ်မြောက်ရာနိဗ္ဗာန်ဖြစ်၏။ သင်သည် စေတနာရှိသော်လည်း နိဗ္ဗာန်သို့ မရောက်နိုင်မရနိုင်သော နဂါးမျိုးနွယ် အဟိတ်တိရစ္ဆာန်မျှဖြစ်၏။ ရဟန်းပြုအပ်သော သင့်၏ ရည်မှန်းချက် ပန်းတိုင်မှာလည်း လူ့ဘဝသို့ ရောက်ရှိရယူရုံမျှသာ ဖြစ်ပေသည်။

လူ့ဘဝကို ရရှိလိုရုံမျှဖြင့် ရဟန်းပြုဖွယ်မလိုပါ။ နဂါးဘဝဖြင့်ပင် ဥပုသ်သီတင်း စောင့်သုံးလျှင် တိရစ္ဆာန်ဘဝမှ ကျွတ်လွတ်၍ သုဂတိဘဝသို့ ရောက်ပါလိမ့်မည်။ သင့်ဘဝသို့သာ ပြန်ပေတော့ တစ္ဆက။ အပ္ပမာဒေန သမ္ပာဒေထ''

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် အထွန့်တက်စရာမလိုတော့သော ဘုရားရှင်၏ နောက်ဆုံး အမိန့်တော်ပင်ဖြစ်၏။ ထို့ကြောင့် နာဂလုလင်အဖို့ ဘုရားရှင်နှင့် သံဃာတော်များကို အကြိမ်ကြိမ်ဦးနိမ်ရှိခိုး၍ ညှိုးငယ်လှသော မျက်နှာသွင်ပြင် လေးကန်လှသော ခြေလှမ်းများဖြင့် သက်နီးစနှင့် မျက်ရည်တို့ကို သုတ်ကာ သံဃာ့ပရိသတ်အလယ်မှ ထွက်ခွာခဲ့ရသည်။

အရိယာရဟန်းတို့က ကြီးစွာသော ဓမ္မသံဝေဂဖြင့် နာဂလုလင်အား လှမ်းမျှော်၍ ကြည့်ကြ၏။ ပုထုဇဉ်ရဟန်းတို့က သနားကရုဏာ မျက်လုံးများဖြင့် ငေးမျှော်ကြည့်ရှုကာ ကျန်ရစ်ခဲ့ကြသည်။

နောင်အခါတွင်ကား – ရဟန်းပြုပေးရာ၌ ရဟန်းလောင်းအား မေးစစ်ခန်းတွင် "အမောင်နာဂ၊ အသင်သည် လူသားစင်စစ်ကေန် ဖြစ်ပါ၏လော"ဟူသော မေးခွန်းတော် တစ်ရပ် ဖြည့်သွင်းပေါ်ပေါက်လာခဲ့သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# တွန့်တိုသူ

[ ၁ ]

ပေါက္ခရသာတိ ဆရာကြီးသည်ပင်လျှင် ဘုရားရှင်၏ ဥပါသကာအဖြစ်ခံယူပြီး ရတနာသုံးပါးသို့ ဆည်းကပ်ပြီဟု ကြားသိရသောအခါ အခြားသော ဗြာဟ္မဏ ဆရာကြီးများစွာတို့သည်လည်း ဘုရားရှင်အထံတော်သို့ တစ်ဦးပြီးတစ်ဦး ယိမ်းယိုင်ချဉ်းကပ်လာကြသည်။ ဥပါသကာအဖြစ် ခံယူလာကြသည်။ အချို့က ပြောင်ပြောင်ရှင်းရှင်း ချဉ်းကပ်ကိုးကွယ်၍ အချို့က မထိတထိ ကိုးကွယ်ကြသည်။

မထိတထိ ကိုးကွယ်သူမှာ သောဏ ဒဏ္ဍဗြာဟ္မဏကြီးဖြစ်၏။ ဘုရားရှင်နှင့် နှစ်ဦးချင်းအတွေ့တွင် ဥပါသကာအဖြစ် ခံယူပြီးသူဖြစ်ပါလျက် လူအများရှေ့တွင် ဘုရားရှင်နှင့် တွေ့သောအခါ တပည့်တော်က ဦးရစ်ကို ချွတ်လိုက်လျှင် ရှိခိုးသည်ဟု ခံတော်မူပါ။ သွားရင်းလာရင်း ယာဉ်ပေါ်မှတွေ့၍ တပည့်တော်က ထီးကိုပိတ်လိုက်လျှင် ရှိခိုးသည်၊ နှင်တံကို ချလိုက်လျှင် ယာဉ်ပေါ်မှဆင်း၍ အရိုအသေပြုသည်ဟု ခံယူတော်မူပါဟု အချက်ပြစနစ်ဖြင့် ကိုးကွယ်သည်။ အကြောင်းမှာ ဘာသာတစ်ပါးဟု မှတ်ယူထားကြသော တပည့်တပန်း အသိုင်းအဝိုင်းများက ဘုရားရှင်သို့ သူကိုးကွယ်သည်ကိုမြင်လျှင် မနှစ်လိုဘဲ စီးပွားဉစ္စာ ဆုတ်ယုတ်မည်ကြောင့်ဟု လျှောက်ထားသည်။

www.burmeseclassic.com



အစဉ်အလာစွဲ၊ ဗြဟ္မာစွဲဖြင့် ဆရာကြီးတစ်ဦးပင်ဖြစ်စေကာမူ၊ ဘုရားရှင်ဝေး၍ မည်သည့် ရသေ့ရဟန်းကိုမျှ မချဉ်းကပ် မကိုးကွယ်သော ဗြာဟ္မဏကြီးတစ်ဦးသည်ကား တောဒေယျဆရာကြီးဖြစ်သည်။ သူ့ခံယူချက်မှာ ရှင်း၏။ အကြောင်းမူကား သူသည် ပစ္စည်းဥစ္စာနှင့် စပ်လာလျှင်ကော်တစ်ရာ ကပ်စေးနဲကြီးဖြစ်၏။ လေးဆယ့်ငါးကုဋေမျှ ကြွယ်ဝသော်လည်း သူတစ်ပါးကို ပေးလှူဖို့ထား၍ မိမိကိုယ်ကိုမျှ မသဒ္ဒါသူဖြစ်သည်။ ဤဝတ္ထုတွင် သူ့အကြောင်းကို ဖော်ပြရန်ဖြစ်၏။

ကောသလဘုရင်တွင် အတိုင်ပင်ခံ ဗြာဟ္မဏ ဆရာကြီးများအနက် ပေါက္ခရ သာတိ၊ ဇာဏုသောဏိ၊ စင်္ကီ၊ တာရုက္ခ တောဒေယျဟူသော ငါးယောက်မှာ ထိပ်တန်းဆရာကြီးများဖြစ်ကြ၏။ သူတို့ကို တေဝိဇ္ဇာဆရာကြီးများဟု သိမှတ်ကြသည်။ ဗေဒင်သုံးပုံတွင် တစ်ဖက်ကမ်းခပ်သူများဟု ဆိုလို၏။ သူတို့သည် မြို့စား ရွာစားကြီးများ ဖြစ်ကြရုံမက ပစ္စည်းဓနကြွယ်ဝသူများလည်း ဖြစ်ကြသည်။ ဗြဟ္မာကြီး၏ ဦးထိပ်မှ ပေါက်ဖွားလာသူများဟုဆို၍ အမျိုးအနွယ်အားဖြင့်လည်း ထိပ်တန်းဖြစ်ကြသည်။

အမျိုးအနွယ်အရေးတွင် ရှုပ်ထွေးများပြားလှသော ဗြာဟ္မဏတို့အဖို့ ဗြဟ္မာကြီး၏ ဦးထိပ်မှ ခြေဖဝါးအထိ မည်သည့်နေရာမှ ပေါက်ဖွားသူဟု အမျိုးအနွယ် အယုတ်အမြတ်ကို သတ်မှတ်ခွဲခြားကြသည်။ တစ်ဆင့်ပြီးတစ်ဆင့် နိမ့်သော အမျိုးက မြင့်သော အမျိုးကို လေးစားရိုသေရသည်။

ပေါက္ခရသာတိ ဆရာကြီးဆိုလျှင် အမျိုးအားဖြင့် အမြတ်ဆုံးဟု သိမှတ်ကြ သည်။ အကြောင်းမှာ သူသည် အမျိုးသမီးတစ်ဦး၏ ဝမ်းဗိုက်မှ မသန့်မရှင်း ပေါက်ဖွား လာသူမဟုတ်၊ သူ့ဆရာ ဖခင်ရသေ့ကြီး၏ သင်္ခမ်းကျောင်းအနီး ရေကန်အတွင်းရှိ ကြာဖူး ကြာငုံကြီးတစ်ခုမှ ထူးခြားစွာ ပေါက်ဖွားလာသူဖြစ်သည်။ ထို့ကြောင့် ပေါက္ခရသာတိ၊ ရေကန်အရှင်ဟု အမည်ရသည်။

ပေါက္ခရသာတိကဲ့သို့ပင် အခြားဆရာကြီးများတွင်လည်း ပြောစမှတ်ပြုရ လောက်အောင် ကိုယ်ပိုင်ထူးခြားချက်များရှိကြသည်။ ဇာဏုသောဏိဆိုလျှင် စံပြ လူကြွားကြီးဖြစ်၏။ အကြောင်းမှာ အကောင်းဆုံးနေအိမ် အကောင်းဆုံး အသုံးအဆောင် တို့ဖြင့် ကြွားကြွားရွားရွား နေထိုင်သူဖြစ်၏။ သူ့ပစ္စည်းများအနက် အထင်ရှားဆုံးမှာ သူစီးသော ယာဉ်ပင်ဖြစ်၏။

မြင်းဖြူကြီးများကို ရှာဖွေရွေးချယ်၍ မတန်တဆ ဈေးပေးကာ သူ့ယာဉ်တွင် တပ်ဆင်သည်။ ယာဉ်ပေါင်းချုပ်မှအစ မြင်းကြိုးအထိ အဖြူရောင်ဖြင့် လွှမ်းခြုံသည်။ သူ့တစ်ကိုယ်လုံးကိုလည်း အဖြူရောင်ကိုသာ ဝတ်ဆင်၍ သာဝတ္ထိမြို့လယ်လမ်းမတွင် နေ့စဉ်ကြွားကြွားလွှင်လွှင် မောင်းနှင်ကာ ဘုရင့်နန်းတော်သို့ အခစားဝင်လေ့ရှိသည်။ သူ့ယာဉ်၏အမည်ကို ''ဖြူဖြူလွှင်လွှင် ဗြဟ္မာ့ယာဉ်''ဟု အမည်ပေး၏။

www.burmeseclassic.com



ယင်းယာဉ်ကို အရှင်အာနန္ဒာသည် ဆွမ်းခံကြွရင်းတွေ့ရှိ၍ အံ့သြစွာဖြင့် ဘုရားရှင်သို့ သတင်းစကားလျှောက်ထားသောအခါ ပိဋကတ်တွင် တရားတော်တစ်ပုဒ်ပင် ဖြစ်တည်လာခဲ့သည်။

တောဒေယျကား ဇာဏုသောဏီနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဇာဏုသောဏီ ကြွားရွားသလောက် သူက ကုတ်သတ်သည်။ ဇာဏုသောဏီ ဖြူဟွာ့ယာဉ်စီး၍ ညီလာခံ တက်ချိန်တွင် သူကမူ လှည်းကြမ်းစီး၍ တက်သည်။

မည်သို့ဆိုစေ၊ ယင်းကဲ့သို့ ဗြာဟ္မဏဆရာကြီးတို့ သိုက်သိုက်ဝန်းဝန်း ရှိနေကြချိန်တွင်ပင် တောဒေယျသည် အစာအာဟာရ မပြည့်ဝသော ရောဂါ အစာမကြေသော ရောဂါဖြင့် ကွယ်လွန်၏။ ရောဂါကပ်ရောက်လာအခါ နှမြောလွန်းသောကြောင့် ဆရာမခေါ်၊ သင့်လျော်သော ဆေးဝါး အာဟာရကိုပင်မစား၊ သေသည်အထိ ကုတ်ကတ်သွား၏။ ကွယ်လွန်သော် ပစ္စည်းတွင် ကုတ်ကတ်လွန်းသောဇောဖြင့် အိမ်ရှိ ခွေးမကြီးဝမ်းတွင် ဝင်ရောက်ရာမှ ခွေးကလေးဖြစ်လာ၏။

သူ့တွင် သားတစ်ယောက်ကျန်ရစ်သည်။ သုဘလုလင်ဟုခေါ်၍ ဖခင်၏ ပစ္စည်းအမွေကို ဆက်ခံရသည်။ သို့ရာတွင် လေးဆယ့်ငါးကုဋေမျှသော ပစ္စည်းများအနက် အကုန်လုံးကို ဆက်ခံရသည်မဟုတ်၊ အိမ်တွင်းရှိ ပစ္စည်းများကိုသာ ဆက်ခံရခြင်း ဖြစ်သည်။

သားကိုပင် မသိစေရအောင် လျှို့ဝှက်စွာ မြေတွင်မြှုပ်၍ထားခဲ့သော ပစ္စည်း မြောက်မြားစွာ ကျန်သေး၏။ သုဘလုလင်အဖို့ ယင်းပစ္စည်းများ ရှိသည်ကို အမျိုးအမည် အရေအတွက်နှင့်တကွ သိရှိသော်လည်း မည်သည့်နေရာတွင် မြှုပ်နှံခဲ့သည်ကို မသိ၍ လက်လွှတ်ထားရသည်။

သုဘလုလင်သည် ခွေးချစ်တတ်သူဖြစ်၏။ အိမ်ရှိခွေးမကြီးမှ တောဒေယျ တဖြစ်လဲ ခွေးကလေးပေါက်ဖွားလာသောအခါ ယင်းခွေးကလေးကို ပို၍ချစ်သည်။ တယုတယမွေးမြူသည်။ အိပ်ရာနေရာကောင်းတွင်ထား၍ အစာကောင်းများကို ကျွေးမွေးကာ အိပ်သည့်အခါမှာပင် မိမိအိပ်ရာအနီး၌ အိပ်စေသည်။ ပုဗ္ဗေ သန္နိဝါသေန ရေးရေစက်အရ ဖခင်ဖြစ်ခဲ့ဖူးသော အကြောင်းကြောင့်ပင်ဖြစ်၏။ သို့ရာတွင် ထိုအကြောင်း ကိုကား သုဘလုလင်မသိ။

သုဘလုလင်ကား ဖခင်ကဲ့သို့ ပစ္စည်းတွင် ကုတ်ကတ်တတ်သူမဟုတ်၊ ဖွံ့ဖွံ့ဖြိုးဖြိုး မပေးလှူသော်လည်း နေ့စဉ်နံနက်တိုင်း အိမ်ရှေ့သို့ ဆွမ်းခံကြွလာလေ့ရှိသော သံဃာတော်များကို ဆွမ်းလောင်းသည်။ သံဃာတော်များ အိမ်ရှေ့သို့ ရောက်လာသည် ဆိုလျှင် သံဃာတော်များသို့ ခွေးကလေးက ပုံမှန်မပျက် ဟိန်းဟောင်သည်။ တောဒေယျ

www.burmeseclassic.com



ဘဝတွင် နှမြောတွန့်တိုခဲ့သူဖြစ်၍ ခွေးဘဝတွင်လည်း အရှိန်အဟုန်ပါလာကာ မိမိ ပစ္စည်းများပေးလှူစွန့်ကြဲနေသည်ကို မလိုလားသော သဘောဖြင့် ဟိန်းဟောင်ခြင်း ဖြစ်သည်။ ဤခွေးကလေးဟိန်းဟောင်ခြင်းမှာ သံဃာတော်များအဖို့ရိုး၍ပင် နေပေပြီ။ ခွေးကလေးဘဝမှ ခွေးကြီးဘဝသို့ပင် ရောက်၍လာခဲ့ပေပြီ။

တစ်နေ့တွင် သုဘလုလင်ခရီးဝေးထွက်ခိုက် မိမိခွေးကို ပုံစံမပျက် ဂရုစိုက်ကြရန် အိမ်သားများသို့ မှာကြားခဲ့သည်။ နောက်နေ့တွင် ဘုရားရှင်သည် သံဃာတန်းကြီးကို ဦးဆောင်ကာ သာဝတ္ထိအနီး တဒိမြို့တွင်းသို့ ဆွမ်းခံထွက်ကြွလာခိုက် သုဘအိမ်ရှေ့သို့ ရောက်သောအခါ ခွေးက ခါတိုင်းထက် လွန်ကဲ၍ ဘုရားရှင်ရှေ့တော်သို့ အရောက် လာကာ သဲသဲမဲမဲ ဟိန်းဟောင်လေတော့သည်။ ဘုရားရှင်သည် အလှူခံ ရဟန်းတို့၏ ခေါင်းဆောင် ဂိုဏ်းဆရာကြီး မဟုတ်ပါလော။

ဘုရားရှင်ကို ပြုစားဆွဲဆောင်တတ်သော စုန်းကြီးဟု ဆန့်ကျင်ဘက် ဂိုဏ်းသား အချို့တို့က ပြောဆိုစွပ်စွဲကြ၏။ အကြောင်းမှာ သူ့အနားသို့ချဉ်းကပ်လိုက်လျှင်သူ့ ဘက်ပါသွားသည်။ သာမန်ပုဂ္ဂိုလ်များ မဆိုထားဘိ၊ ထိပ်သီးပညာရှင်များဖြစ်ကြသော ဗြာဟ္မဏဆရာကြီးများပင် တစ်ဦးပြီးတစ်ဦး သူ့ဘက်သို့ ရောက်သွားကြသည်။ သူ့တရားကိုနာယူကြသည်။ သူ့ဩဝါဒကိုခံသည်။ ပြီးတော့ သူ့ကို သွန်း၍ လှူကြသည်။

ဤအကြောင်းကိုသိသော တောဒေယျသည် ဘုရားရှင်၏ အကပ်ကိုမခံ၊ အဝေးကရှောင်သည်။ သူ့ကို ကပ်မိ၍ သူပြုစားမှုကိုခံရလျှင် ပေးလှူမိမည်ကို စိုးသည်။ ယခုသော် သူသည် ယင်း ဂိုဏ်းဆရာကြီးကိုယ်တိုင် မိမိအိမ်ရှေ့သို့ ရောက်၍ မိမိ၏ ဆွမ်းပစ္စည်းများ အလှူခံနေပြီကို တွေ့နေရပြီမဟုတ်ပါလော။

ထို့ကြောင့် အခါတိုင်း ရဟန်းသံဃာများကို ဟောင်သလို အဝေးမှ မဟုတ်ဘဲ ဘုရားရှင်ရှေ့တူရူသို့ပင် လာရောက်ကာ သဲကြီးမဲကြီး ဟိန်းဟောင်လေတော့သည်။ ထိုအခိုက် ဘုရားရှင် နှုတ်တော်မှ ထူးခြားသော မိန့်ခွန်းတစ်ရပ်ထွက်ပေါ်လာသည်ကို ဆွမ်းလောင်း သူများနှင့် အနီးပတ်ဝန်းကျင် အားလုံးပင် အံ့ဩစွာ ကြားလိုက်ကြရ၏။

မိန့်ခွန်းမှာ ဘုရားရှင်က ဟိန်းဟောင်နေသောခွေးကိုကြည့်၍ "ဟဲ့- တောဒေယျ။ ။ သင်သည် တွန့်တိုမှုကြောင့် ဆုတ်နစ်သောခွေးဘဝသို့ရောက်နေရပါလျက်နှင့်ပင် သတိသံဝေဂမရသေးသလော"ဟူ၏။ ဤမိန့်ခွန်းတွင် ထူးခြားဟန်ကား- ဤအိမ်၏ အကြီးအကဲဖြစ်ခဲ့သော ဘုရင့်အကိုးကွယ်ခံ ပညာရှင် ဗြာဟ္မဏကြီး တောဒေယျကို အများမြင်နေရသော ခွေးဘဝရောက်နေသူဟု စွပ်စွဲမိန့်ဆိုလိုက်ခြင်းပင်ဖြစ်၏။

ထို့ထက် ထူးခြားဟန်ကား-ယင်းသို့ ဘုရားရှင်က မိန့်ဆိုလိုက်သည်နှင့် တစ်ပြိုက်နက် ခွေးသည် နှာရောင်ကို ပြင်းထန်စွာ ဖြတ်၍အရိုက်ခံလိုက်ရသကဲ့သို့

www.burmeseclassic.com



အပဟိန်းအဟောင်ရပ်စဲကာ တအီအီအော်မြည်ပြေးသွားရင်း အိမ်အပြင်တွင် ရေနွေးပူဖြင့် အလောင်းခံရသကဲ့သို့ လူးလိမ့်နေခြင်းပင်ဖြစ်ပေသည်။

ဘုရားရှင်နှင့် သံဃာတော်များသည် ဆွမ်းခံလမ်းအတိုင်း ကြွသွားတော်မူကြ၏။ အိမ်သားများနှင့် တွေ့မြင်သမျှလူများ ဆူညံပြုတ်သိုက်နှင့် ပြောဆိုကျန်ရစ်ကြသည်။ ခွေးကို ဘုရားရှင်က မိမိတို့ သခင်ဆရာကြီးအဖြစ် စွပ်စွဲလိုက်ပုံမှာ အံ့ဩဖို့ကောင်းသည်။ မခံချင်စရာလည်း ကောင်းသည်။ သို့သော် ဟုတ်မှန်လေသလောဟုလည်း သံသယ ရှိကြသည်။ အကြောင်းမှာ ဘုရားရှင်က စွပ်စွဲလိုက်သည်နှင့်တစ်ပြိုင်နက် ခွေးသည် အော်မြည်တွန့်ဆုတ်သွားကာ လူးလိမ့်၍ပင်နေသည်။

ဤမျှမက ဤအချိန်မှစ၍ ခွေးသည် အစာမစား၊ အိပ်ရာနေရာကောင်းတွင် မနေတော့ပဲ မချမ်းသာသောအမူအရာဖြင့် အိမ်အပြင်တွင်သာ တလူးလူး တစ်လိမ့်လိမ့် ဖြစ်နေတော့သည်။ မှန်၏။ ဘုရားရှင်က တောဒေယျတဖြစ်လဲ ခွေး၏အသိကို တန်ခိုးတော်ဖြင့် နှိုးဆွပေးခဲ့ခြင်းဖြစ်ပေရာ ပညာရှိကြီး၊ သူဌေးကြီး၊ ဂုဏ်ကြီးရှင်ဘဝမှ ခွေးဘဝရောက်လာရသည်ကို သိလာသောခွေးအဖို့ စိတ်ဝေဒနာ ခံစားနေရခြင်း ဖြစ်ပေသည်။

[ ၂ ]

နောက်တစ်နေ့တွင် သုဘလုလင်ပြန်ရောက်လာသည်နှင့် တစ်ပြိုင်နက် သူချစ်သော ခွေးကိုကြည့်ကာ မချမ်းမသာဖြစ်နေသည်ကိုတွေ့ရ၍ ခွေးသတင်းကိုမေး၏။ အိမ်သားများက ဖြစ်ရပ်စုံကို ပြောပြ၍ ကြားရသောအခါ ပထမသော် အံ့အားသင့်၏။ ထို့နောက်တွင်မူ ဒေါသထွက်သည်။ ပညာရှင် ဖခင်တစ်ယောက်လုံးကို ခွေးဖြစ်နေသည်ဟု အပြောခံရခြင်းမှာ ဒေါသထွက်ဖွယ်ရာပင် မဟုတ်ပါလား။ ရှင်ဂေါတမသည် သူ့ကို ပောင်၍ ရှုတ်ချပြောဆိုခြင်းသာဖြစ်ပေလိမ့်မည်။ အဘယ် အထောက်အထားဖြင့် ပြောဆိုနိုင်ပါသနည်း။ ယခုပင်သွား၍ ရှင်ဂေါတမကိုတွေ့မည်။ ရဟန်းဖြစ်ပါလျက် ခွေးဟောင်သည်ကိုမျှ သည်းမခံနိုင်သည်ကို ရှုတ်ချမည်။ စကားတုံ့ဖြင့် လက်စားချေမည်။ သို့နှင့် ဆိုင်းငံ့၍ပင် မနေတော့ပဲ ဇေတဝန်သို့ အသော့ထွက်လာခဲ့သည်။

ကျောင်းတော်တွင် ဘုရားရှင်ကို အသင့်ပင်တွေ့ရ၏။ ကျွတ်ထိုက်သော သတ္တဝါတို့အား ပရိယာယ်အဖုံဖုံ၊ မွေ့မိုးစုံဖြင့်ကယ်ချွတ်ခြင်းမှာ ဘုရားရှင်၏ အဓိက တာဝန်တော် တစ်ရပ်ပင်ဖြစ်ပေ၏။ သုဘလုလင်၏အိမ်တွင် ပရိယာယ်ကွန်ရက်တစ်မျိုးဖြင့် ဖြန့်ချ ထားခဲ့သည်မှာ ပိုက်ကွန်အတွင်းသို့ ဝင်ရောက်၍လာပေပြီ။ ကယ်ချွတ်ပုံ ပရိယာယ်မျိုးစုံရှိ ခဲ့ရာ၌ ယခုကွန်ရက်မှာ အတန်ပင်ဆန်းကြယ်၏။ ဆန်းကြယ်ပုံကို မကြာမီပင်တွေ့ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ကို အသင့်တွေ့ရသောအခါ မခံချင်စိတ်ဒေါသဖြင့် ရောက်လာသော သုဘက "ရှင်ဂေါတမ ။ ။ ရှင်ဂေါတမသည် တပည့်တော်၏ ဖခင်ကို ခွေးဖြစ်နေတော့သယောင်ဖြင့် အိမ်ကခွေးကို တောဒေယျပု စွပ်စွဲခေါ်ဝေါ်ခဲ့သည်ဟု ပြောကြပါသည်။ မှန်ပါသလော"

"မှန်ပေ၏ သုဘ"

"ရှင်ဂေါတမသည် ရဟန်းဖြစ်ပါလျက် ခွေးဟောင်သည်ကိုမျှ သည်းမခံနိုင်တော့ပြီလော၊ ခွေးဟောင်သည်မျှကို မဟုတ်မမှန်စကားဖြင့် တုံ့ပြန်ရာသလော အရှင်ဂေါတမ"

"သုဘ ။ ။ ငါသည် ဟုတ်မှန်သည့် အတိုင်းပင် ပြောဆိုပေသည်။ သင့်ခွေးသည် သင့်ဖခင်တစ်ဖြစ်လဲ တောဒေယျပင် ဖြစ်ပေ၏"

"အလို– စွပ်စွဲပုံကဖြင့် ရဲရင့်လှပါပေ၏။ ဤမျှဖြင့် ယုံရတော့မည်လော၊ ပညာရှိမည်သည် ယုံလောက်အောင် အထောက်အထားဖြင့်သာ ပြောကြားရပါသည်။ အရှင်ဂေါတမက အဘယ်အထောက်အထားဖြင့် ဤသို့ ပြောကြားနိုင်ပါသနည်း"

"ကောင်းပြီ သုဘ ။ ။ သင်ယုံလောက်သော အထောက်အထားကို ပြရပေမည်ပေါ့၊ သင့်ဖခင် ကွယ်လွန်သောအခါ အဘယ်မျှသော ဥစ္စာအနှစ် ကျန်ရစ်ခဲ့ပါသနည်း"

"လေးဆယ့်ငါးကုဋေမျှ ဖြစ်ပါသည်"

"ဤဥစ္စာအားလုံးကိုပင် အသင်ဆက်ခံရပါ၏လော"

"မခံရပါ။ အချို့ပစ္စည်းများကို သိုဝှက်ထားခဲ့၍ အဘယ်မှာရှိသည်ပင်မသိရပါ၊ အတိအကျဆိုသော် အဖိုးတစ်သိန်းထိုက်သော ရွှေပန်းခိုင်တစ်ခု၊ အဖိုးတစ်သိန်း ထိုက်သော ရွှေခြေနင်းတစ်ခု၊ အဖိုးတစ်သိန်းထိုက်သော ရွှေခွက်တစ်ခုနှင့် ကဟာပဏ ငွေဒင်္ဂါးတစ်သိန်းတို့ ဖြစ်ကြပါသည်"

"ဤသည်တို့ကို သင်ရယူလိုသလော"

"ရယူလိုပါသည်၊ ရယူလို၍ နေရာအနှံ့ ရှာဖွေပြီးပါပြီ၊ ဘယ်နေရာမှာမှ မတွေ့ရပါ"

"ကောင်းပြီသုဘ ။ ။ ဤပစ္စည်းများ ရှာဖွေတွေ့ရှိနိုင်သော နည်းလမ်းကို ငါပေးလိုက်မည်။ အိမ်ပြန်ရောက်သောအခါ သင့်ခွေးကို အချိုရေသော ယဏာနို့ထမင်း ကို ရေနည်းနည်းဖြင့် ခပ်ပျော့ပျော့ ချက်၍ကျွေးပါ။ နှလုံးပူပန်မှုကြောင့် အစာမစားသော သင့်ခွေးက စားပါလိမ့်မည်။ စားပြီးလျှင် အစာဆီတက်၍ မှိန်းငိုက်လိမ့်မည်။ ယင်းသို့

www.burmeseclassic.com



နိုးတစ်ဝက် အိပ်တစ်ဝက် မှိန်းငိုက်နေစဉ်တွင် ဤပစ္စည်းများ အဘယ်မှာ လှို့ဝှက်ထားခဲ့သည်ကို မေးပါ၊ ဖွင့်ပြောပါလိမ့်မည်။''

''ခွေးက လူစကားပြောမည်ဟု ဆိုပါသလား ရှင်ဂေါတမ''

''ငါညွှန်ကြားသည့်အတိုင်းသာ လုပ်ပါ၊ မေတ္တာဖြင့် ချိုချိုသာသာ မေးပါ၊ ပြောပါလိမ့်မည်''

''ယခုပင် ပြန်၍ ပြုလုပ်ပါမည်''

သုဘက ဘုရားရှင်၏ မျက်နှာတော်ကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ကြည့်သည်။ ထိုအခါ တည်ငြိမ်ကြင်လင်သော မျက်နှာတော်ကို ဖူးတွေ့ရ၏။ ထူးဆန်းပေစွ။ သို့သော် ယနေ့ပင် အဖြူအမည်း သဲကွဲပေတော့မည် မဟုတ်ပါလော။

အလာတုန်းကလောက် သုဘ မခက်ထန်၊ ဘုရားရှင်ကို ရှိမခိုးသော်လည်း ခါးကလေးယို့၍ ထပြန်လာသည်။ မမှန်ကိစ္စတွင် မိမိကိုယ်ကျိုးပါနေပြီ မဟုတ်ပါလော။ မှန်လျှင်ပျောက်နေသော ဥစ္စာထုပ်တွေပေါ်လာမည်ကြောင့် မိမိကိုယ်ကျိုးရှိမည်။ မမှန်လျှင် ရှင်ဂေါတမကို မုသာဝါဒဖြင့် ပြန်၍စွပ်စွဲရမည်။

ခွေးက လူစကားပြောမည်ဆိုသည်မှာ မှန်ခဲ့သော် အံ့ဘနန်းပင်ဖြစ်၏။ သို့သော် ရှင်ဂေါတမကို စုန်းကြီးဟု မလိုသူတို့က တိတ်တခိုးပြောကြသည်။ နှစ်လိုသူ ကြည်ညိုသူတို့ကမူ တရားအားလုံးကိုသိသူ၊ ကာလသုံးပါးကိုသိသူ သဗ္ဗညုတ ရွှေဉာဏ်ရှင်အဖြစ် ချီးကျူးကိုးကွယ်ကြသည်။ မိမိဖခင် မကိုးကွယ်ခဲ့သော်လည်း ပညာရှိကြီးအားလုံးလိုလိုနှင့် ဘုရင်မင်းမြတ်ကိုယ်တိုင်ပင် ကိုးကွယ်လျက်ရှိပေပြီ၊ ယခုကိစ္စတွင် သဗ္ဗညုတ ဟုတ်မဟုတ်ကို ဒိဋ္ဌသိရပေတော့အံ့။

အိမ်ပြန်ရောက်သော်ခွေးသည် ခွေးကတက်၌ နွမ်းလျော့စွာ လှဲလျောင်းနေသည်ကိုတွေ့ရ၏။ မိမိပြန်လာချိန်တွင် ခွေးကို နေရာကောင်းသို့ရွှေ့၍ သိပ်ခဲ့သော်လည်း မနေ၊ ခွေးကတက်တွင်သာ မချမ်းမသာဖြင့် မိမိနှင့်ခွာနေသည်။ အစာကိုလည်း ကောင်းစွာမစားတော့၍ ဤအချက်ပင် ထူးခြားလျက်ရှိနေ၏။

ဘုရားရှင်မိန့်မှာလိုက်သည့်အတိုင်း အိမ်သားများကို ထမင်းပျော့ပျော့တွင် တင်လဲထည့်၍ အချက်ခိုင်းသည်။ ထမင်းအသင့်ဖြစ်သော် မိမိကိုယ်တိုင်ပင် ခွက်တစ်ခုတွင် ထည့်၍ အိပ်နေသော ခွေးကိုနှိုးကာ ချော့မော့ကျွေးသည်။ ခွေးသည် အားရဝမ်းသာ ထလာ၍ စားသည်ကိုတွေ့ရ၏။ ထမင်းကုန်သော် အိပ်ရာတွင်ပြန်၍လှဲသည်။ ခွေးသည် ထမင်းဆီကြောင့် သမ်းဝေကာ ပြန်၍အိပ်ရန် ဟန်ပြင်၏။ ထိုအချိန်သည်ပင် ဘုရားရှင်မှာကြားလိုက်သော အိပ်တစ်ဝက် နိုးတစ်ဝက် မျောက်မျဉ်းအိပ်ပျော်ချိန်ဖြစ်ပေ၏။ မေးဖို့သာ ကျန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အို–ဖခင် ။ ။ ဖခင်သည် ကွယ်လွန်သောအခါ သားတို့မသိဘဲ လျှို့ဝှက်သိမ်းဆည်းထားခဲ့သော ပစ္စည်းအများ ကျန်ရှိနေပါသေးသည်။ ထိုဥစ္စာတို့ကို ထုတ်ဖော်ပြောကြားပါလော့"

အိမ်သားများသည် ကျောင်းတော်မှ ပြန်လာစကပင် အရေးကြီးလာဟန်တူသော သုဘလုလင်၏ အပြုအမူများကို အကဲခတ်စောင့်ကြည့်နေကြ၏။ ယခုခွေးအား ဖခင်ဟု ခေါ်ဝေါ်ကာ စကားပြောသည်ကို တွေ့ရသောအခါ အံ့အားသင့်ကြ၏။ သို့သော် ထို့ထက် အံ့အားသင့်ကြရသည်မှာကား ခွေးက မျောက်မျဉ်းလဲလျှောင်းနေရာမှ "ငါ့သား သုဘ ။ ။ ရွှေပန်းခိုင် ရွှေခြေနင်းစသော ရွှေပစ္စည်းများကို ခြံထောင့်ရှိ အရှေ့ဘက် ညောင်ပင်ရင်းတွင် မြှုပ်နှံ၍ထားသည်။ ကဟာပဏာဒင်္ဂါးများကိုတော့ ရေသွန်ရာ အောက်တွင် မြှုပ်ထားသည်။ တူးဖော်ယူပေတော့"ဟု တောဒေသယျ၏ အသံယောင် ယောင်ဖြင့် ပြောလိုက်သည်ကို ကြားရသောကြောင့်ပင် ဖြစ်ပေ၏။

သုဘက အခြားစကားများကို ပြောလိုမေးလိုပေသေးသည်။ သို့သော် လိုရင်းကိုသာပြော၍ ခွေးအသံတိတ်ကာ အိပ်ပျော်သွားသည်။ လိုရင်းကိစ္စပြီးပြီ မဟုတ်ပါလော။

ဤကိစ္စသည် ဘုရားရှင်အဖို့ သတ္တဝါတစ်ဦးကို ကယ်ချွတ်ရန်အတွက် လိုအပ်သည့်အခါမှ ရှားရှားပါးပါး အသုံးပြုလေ့ရှိသော ဝိဇ္ဇာမဟိဒ္ဓိတန်ခိုးတော် အရာပင် ဖြစ်၏။ လူသာမန်တို့အဖို့ အံ့ဘနန်းဖြစ်သော်လည်း တန်ခိုးအရာတွင် ဘက်စုံပြည့် ဘုရားရဟန္တာများအဖို့ သာမန်လောကီ တန်ခိုးတစ်ခုမျှဖြစ်သည်။

အလားတူ ရှားရှားပါးပါး တန်ခိုးတစ်ရပ်ကို ဘုရားရှင်၏ အလုပ်အကျွေး ရဟန်းတစ်ပါးဖြစ်သော သုနက္ခတ်ကို ဆုံးမရာ၌ အသုံးပြုခဲ့ဖူးသည်။ ခွေးအကျင့်ကို ကျင့်သော ကောရခတ္တိယ အစေလက ဆရာကြီး ကွယ်လွန်ရာ၌ လူသေကောင်မှ ထ၍ စကားပြောစေခဲ့ခြင်းပင် ဖြစ်ပေသည်။ (ဗုဒ္ဓစာပန်းချီ 'ခွေးအကျင့် နွားအကျင့်'ဝတ္ထု) ပုပ်ပွနေသော လူသေကောင်မှပင်ထ၍ စကားပြောစေနိုင်ခဲ့သော အသက်ထင်ရှားရှိနေသော် ခွေးအား စကားပြောစေဖို့မှာ ခက်ခဲသောအရာမဟုတ်တော့ဟု နှိုင်းရှည့်ယူဆနိုင်သည်။

[ ၃ ]

ခွေးတောဒေယျ ပြောသည့်နေရာများတွင် တူးဖော်လိုက်သောအခါ ပျောက်ဆုံးနေသော ပစ္စည်းအားလုံးရရှိသည်။ ဘုရားရှင်သည် ကေန္တ သဗ္ဗညုတရွှေဉာဏ်ရှင် ဖြစ်ပါပေသည် ဟု ဘဝင်ကျသွားပြီဖြစ်၏။ မပေးရက်၊ မလှူရက်ရှုံမှုမက မိမိစားသုံးဖို့အတွက်ပင် တွန့်တိုနေလွန်း၍ ခွေးဘဝရောက်နေရသော ဖခင်ခွေးကိုကြည့်၍လည်း သုဘလုလင် သံဝေဂကြီးစွာရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဘုရားရှင်၏ သဗ္ဗညုတ ရွှေဉာဏ်တော်နှင့် တန်ခိုးတော်ကို ကြည်ညိုဝန်ခံရန်အတွက် နောက်နေ့ နံနက်စောစောတွင် ကျောင်းတော်သို့သွားသည်။ ဤတစ်ကြိမ်သွားရာ၌မူ ဒေါသဗျာပါဒဖြင့်သွားခြင်းမဟုတ်၊ အနူးအညွတ်သွားခြင်းဖြစ်သည်။

စင်စစ်သုဘလုလင်သည် တွေးခေါ်စဉ်းစားလေ့ရှိသူဖြစ်၏။ တွေးခေါ်စဉ်းစားရင်းဖြင့် သူ့တွင်ဘဝင်မကျနိုင်သော အချက်များရှိနေခဲ့သည်။ ယင်းအချက်များကိုလည်း သဗ္ဗညုတရွှေဉာဏ်သခင်ဖြစ်သော ဘုရားရှင်သည် သိမည်သာဖြစ်၍ အခွင့်သာခဲ့ပါသော် မေးလျှောက်လိုသော ဆန္ဒတစ်ရပ်လည်း ရှိနေသည်။

ဂန္ဓကုဋီတွင် ဘုရားရှင်ကို အဆင်သင့်ပင်ဖူးတွေ့ရ၏။

''အရှင်မြတ်ဘုရား။ ။ အရှင်မြတ် မိန့်ကြားတော်မူသည့်အတိုင်း မှန်ကန်လှပါသည်၊ ပစ္စည်းအားလုံးကို ခွေးကပြော၍ တူးဖော်ရရှိပြီဘုရား''

''သုဘ။ ။ သို့ဆိုလျှင် ဤကိစ္စ ပြီးပြတ်လေပြီ''

''အရှင်မြတ်ဘုရား။ ။ တပည့်တော်သိလိုသည့် အခြားအချက်များ ရှိပါသေး၍ မေးလျှောက်ခွင့်ပြုတော်မူပါဘုရား''

ဘုရားရှင်က ဆိတ်ဆိတ်နေ၍ မေးလျှောက်ခွင့်ပြုသည်။

''အရှင်မြတ်ဘုရား။ ။ ဤလောက၌ လူချင်းတူပါလျက် အချို့ကအသက်တိုပြီး အချို့ကအသက်ရှည်ကြပါသည်၊ အဘယ်ကြောင့်ပါနည်းဘုရား''

''သုဘ။ ။ သူတစ်ပါးအသက်ကို သတ်ဖြတ်သောသူက အသက်တို၍ သူတစ်ပါးအသက်ကို သတ်ဖြတ်မှုမှ ရှောင်ကြဉ်သောသူက အသက်ရှည်သည်''

(သူ့ကိုသတ်ဖြတ်၊ သက်တိုတတ်၊ မသတ်အသက်ရှည်)

''အချို့မှာအနာရောဂါများ၍ အချို့မှာ ကျန်းမာအသက်ရှည်ကြပါသည်၊ အဘယ်ကြောင့်ပါနည်းဘုရား''

''သုဘ။ ။ သူတစ်ပါးကို ညှဉ်းဆဲသူမှာ အနာများ၍ ရှောင်ကြဉ်သူမှာ ရောဂါများကင်းစင်သည်'' (ညှဉ်းဆဲသူအား၊ အနာများ၊ သနားကျန်းမာသည်)

''အချို့မှာ အရုပ်ဆိုး အကျည်းတန်ပြီး အချို့မှာ လှပကြသည်မှာ အဘယ့်ကြောင့်ပါနည်းဘုရား''

''ဒေါသကြီးသူများ အကျည်းတန်၍ သည်းခံတတ်သူတို့ လှပကြသည်''

(ဒေါသမီးလျှံ၊ အကျည်းတန်၊ သည်းခံလှပသည်)

www.burmeseclassic.com

www.burmeseclassic.com



"အချို့မှာ ခြွေရံနည်းပါးလှ၍ အချို့ခြွေရံများကြသည်မှာ အဘယ့်ကြောင့်ပါနည်းဘုရား"

"မနာလိုမှု ကြာသာပွားသူမှာ ခြွေရံနည်း၍ ကြည်သာသဒ္ဓါ ရှိသူမှာ ခြွေရံများသည်" (မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်)

"အချို့မှာ ဥစ္စာစနေမွဲပြာကျ၍ အချို့ ကြွယ်ဝကြသည်မှာ အဘယ်ကြောင့်ပါနည်းဘုရား"

"မပေးလှူသူတို့ မွဲပြာကျ၍ ပေးကမ်းစွန့်ကြသူတို့ ကြွယ်ဝကြသည်" (မပေးလှူက၊ မွဲပြာကျ၊ လှူမှုပေါ်ကြွယ်မည်)

"အချို့က အမျိုးယုတ်၍ အချို့အမျိုးမြတ်ကြသည်မှာ အဘယ့်ကြောင့်ပါနည်းဘုရား"

"မိဘ ဆရာနှင့် သက်ကြီးဝါကြီးတို့အား မရိုသေ မလေးစား၊ ဂါရဝတရားမထားသူတို့ အမျိုးယုတ်၍၊ ရိုသေနှိမ့်ချ နိဝါတထားသူတို့ အမျိုးမြတ်ကြသည်" (မရိုမသေ၊ မျိုးယုတ်ချေ၊ ရိုသေမျိုးမြတ်မည်)

"အရှင်မြတ်ဘုရား။ ။ အချို့ ဉာဏ်ပညာနည်း၍ အချို့ဉာဏ်ပညာကြီးကြသည်မှာ အဘယ်ကြောင့်ပါနည်းဘုရား"

"သုဘ။ ။ မေးမြန်းလေ့လာမှု မရှိသူတို့ ဉာဏ်နည်း၍၊ မေးမြန်းလေ့လာဝိမံသာရှိသူတို့ ဉာဏ်ကြီးကြသည်" (မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ စုံစမ်းဉာဏ်ကြီးမည်)

"အရှင်မြတ်ဘုရား။ ။ တရားတော်ကို ကြားနာရသည်မှာ ကောင်းမြတ်လှပါချည့်ဘုရား၊ တပည့်တော်အား ယနေ့မှစ၍ အရှင်မြတ်နှင့်တရားတော်၊ သံဃာတော်တို့အား ကိုးကွယ်သော ဥပါသကာအဖြစ် မှတ်ယူတော်မူပါဘုရား"

သုဘလုလင်သည် သရဏဂုံသုံးပါးကို ခံယူ၍ သမ္မာဒိဋ္ဌိဘာသာဝင် ပီပီပြင်ပြင် ဖြစ်လာ၏။ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အရှင်အာနန္ဒာထံမှ စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလတည်းဟူသော သီလ၊ သမာဓိ၊ ပညာအထက်တန်းတရားဒေသနာများကို ကြားနာရသောအခါ ပို၍ရင့်ကျက်လာသည်။ ။

www.burmeseclassic.com

www.burmeseclassic.com



# မကြောက်တရား

[ ၁ ]

ပရိတ်ကြီး (၁၁)သုတ်အနက် ဓဇဂ္ဂသုတ်နှင့် စပ်လျဉ်း၍ 'ရှင်ဖျက်ဓဇ်'ဟူသော အဆို တစ်ရပ်ရှိ၏။ အဓိပ္ပာယ်မှာ ရှင်ငယ်တို့ပါဠိသင်စတွင် ကျက်ရလေ့ရှိသော ဓဇဂ္ဂသုတ် ပရိတ်သည် အစုံအစုံသော ယမက ပါဠိများဖြင့် ဝေ့လည်လျက်ရှိသောကြောင့် ရှင်ငယ်ကလေးအဖို့ အကျက်ရခက်တတ်ပေရာ စိတ်ပျက်ပြီး လူထွက်သွားတတ်ခြင်းကို ဆိုလိုသည်။

''ရှင်အသက် ဓဇ်''ဟူသောအဆိုတစ်ရပ်လည်းရှိ၏။

အဓိပ္ပာယ်ဖြစ်ရပ်ကား သီဟိုဠ်ကျွန်းမှ ကိုရင်လေးတစ်ပါးသည် ခက်သည် ဆိုသော ဓဇဂ္ဂသုတ်ကို အရအမိကျက်မိသည်။ ကျက်ရုံမျှမက ဓဇဂ္ဂသုတ်တော်ကို ကြည်ညိုလှသောကြောင့် မပြတ်ရွတ်ဆိုပွားများသည်။ ကိုရင်ဓဇ်ဟုပင် အမည်တွင်လာ၏။

ယင်းကိုရင်လေးသည် တစ်ချိန်တွင် မဟာစေတီသို့ ရဟန်းတော်များနှင့်အတူ သွားရောက်၍ အမှိုက်သရိုက်ရှင်းလင်းမှု စေတီယဝတ်ကို ပြုလုပ်ကြခိုက် မဟာစေတီ အထက်တွင် ပေါက်ရောက်လျက်ရှိသော အပင်တို့ကို ကိုရင်ကလေး တက်ရောက် ရှင်းလင်းရာမှ ခြေချော်ပြီး အောက်သို့လွတ်ကျလာသည်။ မဟာစေတီမှာ မြင့်မားလှ၍ အောက်သို့ရောက်လျှင် ကိုရင်ကလေးခမျာ ကျိုးကန်းသေပျောက်သွားဖို့ပင်ရှိသည်။

ယင်းအဖြစ်ကို အောက်တွင်ရှိနေသော ရဟန်းတော်တို့ တွေ့ကြရသောအခါ တစ်စုံတစ်ရာ ကယ်ဆယ်နိုင်ခွင့်မရှိ။ သို့ရာတွင် ရဟန်းတော်တစ်ပါးက ''ကိုရင်လေး ။ ။ သင့်မှာ ဓဇဂ္ဂသုတ်မှတစ်ပါး အားထားရာမရှိ၊ သင်သည်ဓဇဂ္ဂသုတ်ကို မပြတ် လေ့ထုံထားသူမဟုတ်ပါလော၊ ဓဇဂ္ဂသုတ်ကိုသာ သတိရပွားများပါလေတော့''ဟု အော်၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်လေးရုတ်ချည်း ဓေဂ္ဂသုတ်ကို သတိရသည်။ ပါးစပ်မှလည်း ဓေဂ္ဂသုတ္တံ သရဏံ–ဓေဂ်သုတ်ကို အားထားကိုးကွယ်ပါ၏''ဟုလည်း ရွတ်ဆိုလိုက်သည်။ သတိရရွတ်ဆိုမှာပင် မဟာစေတီမှ အုတ်ကျိုးတစ်ခုထွက်ပေါ်လာကာ ကိုရင်လေးကို ကဆီးယူပွေ့ခံလိုက်သောကြောင့် အန္တရာယ်မှ လွတ်ကင်းသွား၏။ ထို့ကြောင့် 'ရှင်အသက် ဓေဂ်'ဟုလည်း အဆိုတစ်ရပ် သိမှတ်ကြ၏။

[ ၂ ]

မိုးရာသီဆိုလျှင် မိုးကောင်းသော မဇ္ဈိမတိုက်သည် ပုံမှန်မိုးများအပြင် သည်းထန်ထူးခြားသော မိုးကြီးများလည်း တစ်မိုးတွင်းလျှင် နှစ်ကြိမ်–သုံးကြိမ်မျှ ရွာချတတ်သည်။ အထူးသဖြင့် မိုးရာသီကုန်လုလုနောက်ပိုင်းတွင် ရွာတတ်သည်။ နောက်ဆုံးပိတ်အိတ်နှင့်လွယ် ဆိုရမည်ကဲ့သို့ ထိုနှစ်မိုးရာသီအတွက် လေးကျွန်းလုံးကို သမုဒ္ဒရာသို့ ပြို၍ဆင်းစေလုမတတ် ရွာသောမိုးဟုပင် အဆိုရှိသည်။

ယင်းမိုးကြီးများနှင့် ပတ်သက်၍ သာသနာ့ အရေးအခင်းများတွင် ထူးခြားသော အကြောင်းကြီး သုံးကြိမ်သုံးရပ် ပေါ်ပေါက်ခဲ့ဖူး၏။

တစ်ကြိမ်မှာ ယနေ့ခေတ် သာသနာတော်အထိ ကထိန်သင်္ကန်း အလှူပွဲတော်များ ဖြစ်ပေါ်စေခဲ့သည့်မိုးကြီးဖြစ်၏။ ဘဒ္ဒဝဂ္ဂီရဟန်းတော်များသည် မိုးရာသီ ဝါတွင်းသုံးလအတွင်း တောအရပ်တွင် ဝါကပ်သီတင်းသုံးခဲ့ကြရာမှ ဝါကျွတ်၍ ဇေတဝန်သို့ ဘုရားဖူးကြွရောက်ကြသောအခါ သာကေတမြို့မှ သာဝတ္ထိသို့အကူးတွင် ယင်းမိုးကြီးနှင့် မတိမ်းသာမရှောင်သာ ကြုံတွေ့ရသောကြောင့် သင်္ကန်းတော်အားလုံး ရွှဲရွှဲစိုကုန်သည်။ တစ်ကိုယ်လုံးမှာလည်း ရွှံ့နွံတို့ဖြင့် အလူးလူးအလိမ်းလိမ်းဖြစ်ကုန်ကြသည်။ ဤပုံစံအတိုင်းဖြင့်ပင် ဘုရားရှင်သို့ ဝင်ရောက်ဖူးတွေ့ကြသောအခါ ဘုရားရှင်က ဒါယကာတို့အတွက် ထူးခြားသောကထိန်သင်္ကန်းအလှူကို ခွင့်ပြုတော်မူသည်။

နောက်တစ်ကြိမ်မှာ ဘုရားရှင်သည် မိုးရာသီနောက်ပိုင်း၌ လယ်တဲတစ်ခုတွင် သီတင်းသုံးခိုက် မိုးကြီးသည်းထန်စွာရွာချသည်။ လျှပ်စစ်လျှပ်မောင်းတို့ ထောင်းထောင်းကြေမတတ်ပစ်လွှင့်သည်။ လေကြမ်းတိုက်သည်။ မိုးကြိုး အကြိမ်ကြိမ်ပစ်သည်။ မိုးကြိုးကြောင့် ဘုရားရှင်သီတင်းသုံးရာလယ်တဲအနီးမှ နွားတို့သေကြေကြကုန်၏။ လယ်ကွင်း တစ်ခုလုံး ပျက်စီးသွားသည်။ သို့ရာတွင် ယင်းဖြစ်ရပ်များကို ဘုရားရှင် လုံးဝမသိလိုက်။ အကြောင်းမူကား ဘုရားရှင်သည် လယ်တဲအတွင်းတွင် ဖလသမာပတ် ဝင်းစားနေသော ကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စနှင့် စပ်လျဉ်း၍ ဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော့အံ့ဆဲဆဲ၊ ကကုဓာ မြစ်ကမ်းရှိ သစ်ပင်ရိပ်တွင် သီတင်းသုံးခိုက် အာဠာရရသေ့ကြီးထံ ဆရာတူတပည့်ဖြစ်ခဲ့ဖူးသော ပုက္ကုသမြာပဏ္ဍာက မိမိဆရာအာဠာရရသေ့ကြီးသည် သူ့အနီးမှ လှည်းငါးရာတို့ ဖြတ်သွား၍ ဖုန်အလိမ်းလိမ်း ကပ်ငြိသည်အထိ မသိလိုက်သော သမာဓိတရား အားထုတ်ကောင်းသူဖြစ်ပါသည်ဟု ဆရာကိုဂုဏ်တင်၍ လျှောက်သောအခါ ဘုရားရှင်က ငါဘုရားသည်ကား ယင်းကဲ့သို့ဖြစ်ခဲ့ဖူးပါသည်ဟု ဖော်ပြပါဖြစ်ရပ်ကို မိန့်ကြားလိုက်သောအခါ ပက္ကုသ မာန်လျှော့၍ ပါလာသောကမ္ဗလာခြုံထည်ကို လှူဒါန်းရင်းတရားရသွားခဲ့သည်။

တတိယအကြိမ်မှာ ဝိသာခါ၏ ခွင့်ပြုရန်လျှောက်ထားချက်အရ ဘုရားရှင်က ရဟန်းများသို့ မိုးရေခံသင်္ကန်း၊ ရေချိုးရာတွင် ရေလဲအဖြစ် အသုံးပြုသောသင်္ကန်း ခွင့်ပြုတော်မူသည်နှင့် စပ်လျဉ်း၏။

ရေချိုးခြင်းဟူသည် လှုဖို့ရန်လိုသောသူတို့အတွက် သန့်ရှင်းရေးဟူသော ဆင်ခြေဆင်လက်ဖြင့် နေ့စဉ်လိုလို အလှိုင်းတကြီး ပြုလုပ်ကြသော ကိစ္စတစ်ရပ်ဖြစ်သော်လည်း တရားရေးကိုသာ ရှေ့တန်းတင်သော ရဟန်းတို့အဖို့မူ အရေးတကြီးကိစ္စမဟုတ်၊ သင့်လျော်သည့် အချိန်မှသာ လိုအပ်သလိုရေမိုး သုံးသပ်လေ့ရှိကြသည်မှာ ဘုရားရှင်ကိုယ်တော်တိုင်ပင် အပါအဝင်ဖြစ်၏။

ရေချိုးဖို့ဆိုသည်ကလည်း သာသနာတော် ရှေ့ပိုင်းအချိန်တုန်းက လွယ်ကူသောအလုပ်မဟုတ်၊ အကြောင်းမှာ ခါးဝတ်သင်းပိုင်၊ ကိုယ်ရုံ ကေသီ၊ ခြုံထည်သင်္ကန်းကြီး တည်းဟူသော သုံးထည်မှအပ အပိုသင်္ကန်းထားခွင့်မရှိသေးသော ရဟန်းတော်အဖို့ ရေချိုးခက်သည်။ သင်္ကန်းကြီးခေါ် ခြုံထည်သင်္ကန်းကိုပင်လျှင် တပည့်ရဟန်းတို့၏ ကျန်းမာရေး အချမ်းအပူကိစ္စကို ဘုရားရှင်ကိုယ်တော်တိုင် ဆောင်းရာသီတွင် စမ်းသပ်တော်မူပြီးမှ ခွင့်ပြုတော်မူခြင်းဖြစ်သည်။

ထိုနေ့ကမိုးကြီးသည်းထန်စွာ ရွာသွန်းလျက်ရှိပေရာ၊ ဘုရားရှင်ကတပည့် ရဟန်းတို့၏ အလိုကိုကြည့်၍ ရေချိုးလိုသောရဟန်းများအား မိုးရေချိုးကြရန် ခွင့်ပြုတော်မူလိုက်သောအခါ ရေနှင့်ကင်းကွာနေသည်မှာ ကြာလှပြီဖြစ်သော ရဟန်းငယ်-ရှင်ငယ်အချို့သည် ဇေတဝန်၏ တံစက်မြိတ်များအောက်တွင် မိုးရေချိုးလျက်ရှိနေကြ၏။ ကြုံချင်တော့ ထိုနေ့တွင်မှ ဆွမ်းခံမထွက်နိုင်ကြသော ရဟန်းများကို ဆွမ်းစားပင့်ရန် ဝိသာခါ၏ အိမ်စေများ ဇေတဝန်သို့ ရောက်လာကြသောအခါ ဘုရားရှင်၏ တပည့်သားရဟန်းများတွင် သင်္ကန်းချည်းစည်းကို မမြင်ဖူးသော အိမ်စေများအဖို့ ဇေတဝန်တွင် တက္ကတွန်းရဟန်းများ ရောက်နေကြသည်ဟု အံ့သြရင်းဖြင့် အိမ်သို့ပြန်သွားကာ ဝိသာခါအား တိုင်တန်းကြသည်။

ဤနည်းဖြင့် မိုးကို အကြောင်းပြုကာ ဝိသာခါ၏ မိုးရေခံသင်္ကန်းလှူဒါန်းခွင့် ကြုံလာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မိုးကြီးသည် တစ်နေ့မက ရက်ဆက်၍ပင် စဲသည်ဟူ၍မရှိတော့ဘဲ သာဝတ္ထိတစ်ပြည်လုံးလွှမ်းခြုံထားသည်။ လျှပ်ပန်းလျှပ်နွယ်တို့ တဝင်းဝင်းလက်သည်။ လေသံ–မိုးသံ–လျှပ်ပြက်သံတို့ဖြင့် ဆူညံ၍နေသည်။ ယင်းမိုးကြီးမျိုးကို 'ရောက်ရွာမိုး' ဟုခေါ်သည်။

"အဆန်းတကြယ်၊ အုံ့အဲဖွယ်လျှင်၊ ရောင်နွယ် ထွန်းတောက်၊ တောင်မြောက် ညီးညီး၊ လျှပ်စစ်မီးနှင့်၊ ရိုက်တီးကောင်းကင်၊ ဖြူစင်ရေခဲ၊ ရွောက်ရွာကြဲ" လျက်ရှိပေသည်။

ဤမိုးကြီးကို အကြောင်းပြု၍ ဘုရားရှင်က သိကြားနှင့်အသုရာတို့ စစ်တိုက်ကြပုံကို ဥပမာထားကာ နေ့စဉ်စည်းဝေးနေကျဖြစ်သော ညဦးပိုင်းတရားမဏ္ဍပ်၌ တပည့်ရဟန်းတို့အား ဟောကြားတော်မူသည်။

[ ၃ ]

"ရဟန်းတို့။ ။ သိကြားမင်းက အသုရာတို့နှင့် စစ်တိုက်ထွက်မည့် အချိန်တွင် သူ၏နတ်စစ်သည်တို့အား ပြောကြားသည်မှာ သင်တို့သည် စစ်တိုက်ထွက်သည့်အခါ၌ အသုရာတို့အား အကယ်၍ကြောက်စိတ်ရွံ့စိတ် ပေါ်ပေါက်လာခဲ့ပါသော် ငါသိကြား၏ တံခွန်ဖျားကိုလှမ်း၍ ကြည့်လိုက်ကုန်လော့၊ အကယ်၍ ငါသိကြား၏ တံခွန်ဖျားကို ကြည့်ခွင့်မကြုံခဲ့ပါသော် ငါ၏စစ်သူကြီးများဖြစ်ကြသော ပဇာပတိသနတ်မင်း၊ ဝရုဏနတ်မင်း၊ ဤသာနနတ်မင်းတို့၏ တံခွန်ဖျားကိုကြည့်ကြကုန်လော့၊ ထိုအခါ သင်တို့၏ ကြောက်ရွံ့စိတ်များ ကင်းပျောက်လိမ့်မည်။

"သိကြားမင်း၏ ထိုစကားသည် မှန်ချင်မှလည်းမှန်မည်၊ မှားချင်လည်းမှားမည်။ အကြောင်းသော်ကား သိကြားမင်းနှင့်သူ၏ နတ်စစ်သူကြီးများကိုယ်တိုင်ပင်လျှင် ရာဂ၊ ဒေါသ၊ မောဟမကင်းသော ကြောက်တတ်၊ ရွံ့တတ်သူများဖြစ်သောကြောင့်ပေတည်း။

မှန်လှပါ၏။ ဘုရားဖြစ်တော်မူစဉ်အချိန်က ဗောဓိပင်နှင့် ရွှေပလ္လင်ကိုလုရန် ချီတတ်လာသော နတ်ရှုနတ်ကြမ်းကြီး မာရ်နတ်၏ရန်နှင့် တွေ့ကြုံသောအခါ သိကြားမင်းသာမက သိကြားထက်တန်ခိုးကြီးသော နတ်ဗြဟ္မာအချို့ပါ ရှောင်တိမ်းပြေးလွှားခဲ့ကြရသည် မဟုတ်ပါလော။

အသုရာတို့နှင့် စစ်တိုက်ရာတွင်လည်း အလားတူပင်ဖြစ်၏။ သိကြားနှင့် အပေါင်းပါတို့မှာ တန်ခိုးကြီးနတ်များပင်ဖြစ်စေဦးတော့၊ အသုရာတို့ကို ရှုံးချင်သည့်အခါရှုံး၊ နိုင်ချင်သည့်အခါနိုင်၍ ရှုံးတစ်လှည့်နိုင်တစ်လှည့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်သော် သူတို့စစ်ပွဲဆိုသည်မှာ ကလေးများစစ်တိုက်တမ်းကစားသလို ရယ်ဖွယ်ရာဖြစ်၏။ ရှုံးသူကပြေး၍ နိုင်သူကလိုက်သည်။ မိမိတို့နေရာသို့ရောက်၍ မြို့တံခါးပိတ်လိုက်လျှင် ပြေးသူကအရှုံးဟုဆိုကာ ထိုနှစ်အတွက် စစ်ပွဲပြီးဆုံးသည်။ နိုင်သူကနိုင်ပြီဟုဆိုကာ ပြန်သွားသည်။

စစ်ပွဲဆိုသော်လည်း သိကြားရော နတ်ရော၊ အသုရာတို့ပါ အသေအပျောက် ဆိုသည်ဝေး၍ သွေးထွက်သံယိုဖြစ်စေရုံမျှ အပေါက်အပြဲ အကွဲအရှဟူ၍ပင်မရှိ။ သို့နှင့်သူတို့နှစ်ပြည်လုံးကို အယုဇ္ဈပုရ–ရန်သူ မအောင်နိုင်သောပြည်များဟု ဂုဏ်ယူလိုက်ကြသေး၏။

စင်စစ်သော်ကား သုဇာတာ၏ယောက်ျား သိကြားမင်း ကိုမာဃဟူသည် အသုရာပြည့်ရှင် ဝေပစိတ္တိအသုရာကြီး၏ သမက်ဖြစ်၍ မိုးသံလေသံကြားလျှင် မနေနိုင်၍ စစ်တိုက်ကြသည်ဆိုသော်လည်း သမက်နှင့်ယောက္ခမ၊ သို့မဟုတ် သားနှင့်ဖခင်ဟူသော သံယောဇဉ်ဖြင့် စစ်တိုက်တမ်းကစားခြင်းမျှသာဟုလည်း ဆိုနိုင်ရာ၏။

ယောက္ခမဘက်မှကြည့်သော် မခံချင်ဖွယ်ရာ တိုက်ချင်ခိုက်ချင်စရာလည်း အလွန်ကောင်းသည်။ အကြောင်းမှာ ရှေးဦးစွာ ဝေပစိတ္တိတို့၏ မူလနေရသော တာဝတိံသာကို မာဃလုလင်နှင့် ပဇာပတိသဃစသော အဖွဲ့သားများက အရက်ဖြင့်ဖြားယောင်းကာ လု၍ယူ၏။ ထို့နောက်သမီးဖြစ်သူ သုဇာတာကို မာဃလုလင်က မလိမ့်တပတ်ဖြင့် ခိုးသုတ်လုယူသွားခြင်းကိုခံရ၏။

ယင်းသို့လျှင် မခံချင်စိတ်များကြောင့် စစ်တိုက်သည့် အချိန်တွင်သာမဟုတ်၊ သမက်နှင့်ပတ်သက်လာလျှင် အခွင့်ကြုံတိုင်းရမ်းချင်၊ ထန်ချင်၊ မောက်မာချင်၏။ တစ်ချိတွင် ဝေပစိတ္တိကြီးအဖို့ တွေးမိတိုင်း မကျေနိုင် မချမ်းနိုင် မခံချင်ဖြစ်လာသောကြောင့် တာဝတိံသာသို့ တစ်ယောက်တည်းကိုယ်တိုင်သွားကာ သမက်ဖြစ်သူတို့ စည်းဝေးနေချိန်တွင် အပြင်မှနေ၍ မခံချင်ဖွယ်ရာစကားမျိုးစုံဖြင့် ဗိုလ်တောင်းသည်။ သမက်ဖြစ်သူက အရေးမယူလျှင် မဖြစ်တော့၍ ဝိုင်း၍ဖမ်းစေကာ သံချိုင့်လှောင်အိမ် အတွင်းသို့ သွင်း၍ တန်ခိုးဖြင့် လှောင်ချုပ်ထားလိုက်ရသည်။ ထိုအခါ ဝေပစိတ္တိကြီး ဘာမျှမတတ်နိုင်တော့သော်လည်း တတ်နိုင်သောပါးစပ်ဖြင့် သမက်ကို မိုးမွှန်အောင်ဆဲသည်။ အချုပ်က မလွတ်မချင်း အကြမ်းတမ်းဆုံးသော စကားလုံးများဖြင့် ရစရာမရှိအောင် ဆဲရေးသည်။ ဤသည်ကို သိကြား၏ အသိုင်းအဝိုင်းများက သိကြားမင်းသည် ဤမျှဆိုးရွားစွာ ဆဲရေးနေသည်ကို တစ်စုံတစ်ရာမတုံ့ပြန်ဘဲ သည်းခံနိုင်စွမ်းရှိပါလေ၏ဟု ချီးကျူးလိုက်ကြပေသေးသည်။ စင်စစ်သော်ကား သမက်နတ်လိမ္မာက သူ့ဘက်မှ အဘယ်မျှ ပျက်ယွင်းစေကာမူ လေးစားရိုသေအပ်သော ယောက္ခမ မိဘအဖြစ် သဘောထား၍ သည်းခံလိုက်ခြင်းသာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ဖြင့် သမက်နှင့် ယောက္ခမတို့ တစ်ဦးနှင့်တစ်ဦး ရန်သူပမာ တွေးထင်ကြရသော်လည်း တည့်ချင်သည့်အခါတွင်မူ တည့်ကြပြန်၏။ တည့်ပုံကား အောက်ပါ အတိုင်းပင်တည်း။

စတုမဟာရာဇ်၊ တာဝတိံသာစသော နတ်တို့ အဘယ်မျှ အသက်ရှည်ကြသည် ဆိုစေ သတ္တဝါဟူသည် သေဘေးမှ မကြောက်သူမရှိဟူသော ဟောတော်မူချက်အရ နတ်သက်ကြွေကာ သေရမည်ကိုတော့ ကြောက်ကြသည်သာဖြစ်၏။ လူတို့၏ အသက်နှင့် နှိုင်းယှဉ်၍တွက်လျှင် လူသက်ငါးရာသည် စတုမဟာရာဇ်နတ်တို့အတွက် တစ်ရက်ဖြစ်၏။ လူသက်တစ်ထောင်သည် တာဝတိံသာနတ်သက် တစ်ရက်ဖြစ်၏။ ဤနည်းဖြင့် စတုမဟာရာဇ်နတ်သက်မှာ ငါးရာရှိပြီး၊ တာဝတိံသာ နတ်သက်မှာ တစ်ထောင်ရှိသည်။

ဤသည်ကား သိကြား၊ အသုရာတို့နှင့် ဆိုင်သမျှကိုသာ ပြဆိုခြင်းဖြစ်၍ လေးဆစီတက်သောနည်းဖြင့် အထက်နတ်ပြည် လေးထပ်၊ ဗြဟ္မာပြည်နှစ်ဆယ်တို့၏ သက်တမ်းနှင့်နှိုင်းယှဉ်သော် လူတို့၏ သက်တမ်းဆိုသည်မှာ နည်းလှစွာ၏။ စင်စစ်သော်ကား အတို–အရှည်၊ အဝေး–အနီး၊ အကြီး–အငယ်ဟူသည်မှာ အတ္တကို ဗန်းခင်းသော လူ–နတ်–သတ္တဝါတို့၏ သညာဝိပ္ပလ္လာသ ပညတ်တရားတို့မျှသာ ဖြစ်သည်။

တစ်ဖန်သက်တမ်းဆိုသော်လည်း အများနေနိုင်သော ယေဘုယျအသက်ကိုသာ ပြောခြင်းဖြစ်၍ လူ့သက်တမ်းပြည့်အောင် နေနိုင်ဖို့က မသေချာ။ ကံကရှိချေသေး၏။ အထူးသဖြင့် တန်ခိုးရှိသောကြောင့်သော စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့နှင့် ဘေးတိုက် နှိုင်းယှဉ်၍ အရာသွင်းရသော်လည်း အသုရာတို့၏သက်တမ်းမှာ ပို၍ မသေချာ။

သည်တော့ သိကြား၊ အသုရာတို့ကဲ့သို့ပင် တန်ခိုးကြီးသော အကြံအဖန် စီမံဖန်တီးတတ်သည့် ဗိသနိုးနတ်ကြီးက ငါ့မှာမသေစေနိုင်သော အမြိတ–အမတခေါ် အမြိုက်ဆေးနည်းရှိသည်။ ယင်းဆေးနည်းအတိုင်းငါတို့ ဖော်စပ်စားသုံးကြရအောင်ဟု သိကြားကို အဖော်ညှိသည်။ အကြောင်းမှာ နတ်သက်ရှည်လှပြီဖြစ်သော သိကြားနှင့် အပေါင်းပါတို့အဖို့ သိကြားသက် နတ်သက် ကုန်လုလုအချိန်သို့ ရောက်နေပြီဖြစ်သည်ကို ဗိသနိုးကြီးသိသောကြောင့်ဖြစ်သည်။

''ဗိသနိုးကြီး အစီအမံအတိုင်း ကျွန်ုပ်တို့ လိုက်နာပါမည်''ဟု သိကြားက ဝန်ခံသည်။

''လိုက်နာမည်ဆိုရင် ကျွန်ုပ်တို့ အင်အားနှင့်ချည်းတော့ မဖြစ်သေးဘူး၊ အသုရာကြီးရဲ့ အင်အားကိုပါ ပူးပေါင်းလုပ်ဆောင်မှ အောင်မြင်လိမ့်မယ်''

www.burmeseclassic.com

www.burmeseclassic.com



''ရန်သူဖြစ်ပေမယ့် လိုအပ်ရင် ကျွန်ုပ်တို့ဘက်ကတော့ ပူးပေါင်းရန် အသင့်ပါ။ အသုရာကြီးကိုသာ ဗိဿနိုးကြီးက တာဝန်ယူပါ''

''ကျွန်ုပ်တာဝန်ရှိပါစေ''

သို့နှင့် ဗိဿနိုးက အသုရာကြီးနှင့် ညှိနှိုင်းလိုက်သောအခါ သေဘေးကို တစိမ့်စိမ့် တွေးမိတိုင်းကြောက်နေသော အသုရာကြီးက သိကြားကို မျက်နှာချိုသွေး၍ ပူးပေါင်းလာသည်။ အတွင်းစိတ်အားဖြင့် ရန်သူပင်ဖြစ်သော်လည်း လိုအပ်ချက်ကြီးမား တူညီသောအခါ အပြင်ပန်းအားဖြင့် တည့်သွားတတ်ကြပြန်သည်မှာ ပုထုဇဉ်လူနတ်တို့၏ ဓမ္မတာပင်ဖြစ်ပေ၏။ သူတို့အမြိတ အမြိုက်ဆေး၊ မသေဆေးဖော်စပ်ပုံကား ဤသို့ဤနှယ် ပင်တည်း။

ကမ္ဘာပေါ်တွင်ရှိသမျှ အစွမ်းထက်သော ဆေးပင်ဆေးမြစ် မျိုးစုံကို သိကြားနှင့် အသုရာနှစ်ဖွဲ့တို့က တန်ခိုးဖြင့်ယူဆောင်၍ နို့ဓမ်းသမုဒ္ဒရာကြီးထဲသို့ ထည့်သည်။ ယင်းသမုဒ္ဒရာ အလယ်တွင် ဒလက်တံအဖြစ် မွှေနှောက်ရန်အတွက် မန္ဒာရတောင်ကြီးကို ယူဆောင်စိုက်ထူသည်။ ယင်းတောင်ကြီးကို ကြိုးအဖြစ်ရစ်ပတ်လှည့်မွှေရန်အတွက် ဝါသုကီနဂါးမင်းကို ရစ်ပတ်စေသည်။ ထို့နောက်တွင်မူ အသုရာတို့က နဂါး၏ ဦးခေါင်း ဘက်မှလည်းကောင်း၊ နတ်တို့က နဂါး၏အမြီးဘက်မှလည်းကောင်း ဆွဲကိုင်၍ ယင်းဒလက်တံတောင်ကြီးကို လှည့်ပတ်မွှေနှောက်ကြသည်။ လှည့်မွှေရာ၌ မန္ဒာရ တောင်ကြီး မယိမ်းမယိုင်ရန်အတွက် ဗိဿနိုးကြီးက လိပ်ကြီးအသွင်ဖန်ဆင်း၍ တောင်အောက်မှခံပေးသည်။ ယင်းသို့ဖြင့် နို့ဓမ်းသမုဒ္ဒရာ ဆေးခွက်ကြီးအတွင်းမှ ရတနာမျိုးစုံတို့ ပေါ်ထွက်လာပြီးနောက် ဓန္ဝန္တရီမည်သော ဆေးဆရာကြီးသည် အမြိတ ဆေးခွက်ကိုကိုင်၍ ထွက်ပေါ်လာသတည်း။

ဤတွင် ဆေးခွက်ကိုရသောအခါ အသုရာတို့အပေါ်တွင် လိုအပ်၍သာ ပူးပေါင်း နိုင်းစေခဲ့သော်လည်း စေတနာမရှိ သိကြားနှင့်နတ်တို့ကိုသာ စေတနာရှိသော ဗိဿနိုးကြီး ကလိမ်ကျသည်။ ကျဟန်ကား အသုရာတို့ကို လှပသောမိန်းမ၊ သေရည်တို့ဖြင့် လှည့်ဖျား မှိုင်းတိုက်ထားပြီးနောက် ဆေးကိုမူ သူနှင့်နတ်တို့ကိုသာ တိုက်ကျွေးစားသုံးသည်။ အသုရာတို့အဖို့မူ သတိမလစ်သော ရာဟုအသုရာကြီးတစ်ယောက်သာ နေနတ်သားနှင့် လနတ်သားတို့၏ အကြားမှာနေ၍ မယောင်မလည်နှင့် စားသုံးလိုက်ရသည်။

ဤသည်ကို နေနတ်သား–လနတ်သားတို့ သိလိုက်၍ ဗိဿနိုးကြီးကို တိုင်ကြား သောအခါ ဗိဿနိုးကြီး စိတ်ဆိုး၍ ရာဟုကို စက်လက်နက်ဖြင့် ပစ်သည်။ ရာဟုဦးခေါင်း ပြတ်သွားသော်လည်း ဆေးတန်ခိုးကြောင့် မသေဘဲ ခေါင်းကား ရာဟု၊ ကိုယ်က ကေတု ဟု နတ်နှစ်ယောက်ဖြစ်သွားသည်။ ဤသည်မှစ၍ မိမိကို တိုင်ကြားချောပစ်ရှာ

www.burmeseclassic.com

www.burmeseclassic.com



သော်ကောဟု ရာဟုကြီးက နေနှင့်လတို့ကို အခွင့်သာတိုင်း ဖုံးအုပ်ဖမ်းစားသည် ဟူသတတ်။

ဤသည်ကား သိကြားမင်းနှင့် အသုရာတို့ပူးပေါင်းလိုသည့်အခါ ပူးပေါင်းကြပုံကို ဖော်ပြရင်း ပူးပေါင်းပုံအကြောင်းရပ်ကို အဆုံးထိအောင် ထုတ်ဖော်လိုက်ရခြင်းဖြစ်၏။

အမတ–အမြိုက်ဟူသော အမည်သည် နိဗ္ဗာန်၏ ဝေါဟာရတစ်ရပ်ဖြစ်၏။ ဝေါဟာရချင်းတူနေကာမူ အနှစ်သာရအားဖြင့်မူ မိုးနှင့်မြေ၊ ဆီနှင့်ရေပမာ ကွာခြားလှသော သူတို့ အမတ–အမြိတ–အမြိုက်ဆေးဟူသည် အဘယ်မျှ ထက်မြက်သည် မသိရ သော်လည်း နတ်သက်ကြွေလုအံ့သော သိကြားမင်းမှုကား– ပဥ္စသိခ၏ အစီအစဉ်ဖြင့် ဣန္ဒသာလာလိုဏ်ဂူတွင် ဘုရားရှင်၏ သက္ကပဉှာသုတ်တရားတော်ကို နာရသောအခါ သောတာပန်သိကြားမင်းအဖြစ် နတ်သက်ပြန်၍ဆက်လာသည်။ (ဗုဒ္ဓစာပန်းချီ "စောင်းအိုလုလင်"ဝတ္ထု)

[ ၃ ]

ဘုရားရှင်သည် ဂိဇ္ဈကုဋ်တောင်တွင် သီတင်းသုံးနေတော်မူခိုက် စတုလောကပါလခေါ် သာသနာတော်စောင့်နတ်မင်းကြီး လေးယောက်တို့သည် ဘုရားရှင်၏ အထံတော်သို့ လာရောက်ဆည်းကပ်ကြ၏။ လာရောက်ကြသည့်အကြောင်းမှာ – ဘုရားရှင်၏ တပည့်သား သံဃာတော်များ၊ လူဒါယကာ ဥပါသကာများနှင့် စပ်လျဉ်း၍ လျှောက်ထားရန် ရှိသောကြောင့်ဖြစ်သည်။ သူတို့သည် ယခုမှသာမဟုတ် ဘုရားရှင်ဖွားတော်မူသည့် အချိန်မှပင်စတင်၍ ဘုရားရှင်အား အစဉ်သတိပြု စောင့်ရှောက်လုပ်ကျွေးခဲ့သော နတ်ကောင်းနတ်မြတ်များဖြစ်ကြသည်။ ယခုလည်း သာသနာတော်ကို စောင့်ရှောက်ရန် အကြောင်းပေါ်လာပြန်၏။

သာသနာတော်တည်ဦးစတွင် ပဥ္စဝဂ္ဂီရဟန်းငါးပါး၊ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ် ရဟန်းတော်များ၊ ကဿပညီနောင် ရှင်တစ်ထောင် ရဟန်းတော်များ၊ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်မဟာကဿပစသော ရဟန်းတော်များမှာ ထိပ်သီးအရိယာနွယ်ဝင် သူတော်စင်များဖြစ်ကြ၍ မထောင်းတာသော်လည်း ယခုအချိန်တွင်မူ ကောသလ၊ ရာဇဂြိုဟ် ထိုထိုမြို့ရွာများ၌ အရိယာအဖြစ်သို့ မရောက်ကြသေးသော ပုထုဇဉ်ရဟန်းတို့ တိုးပွားကျယ်ပြန့်လာသောအခါ စိုးရိမ်ဖွယ်ရာအကြောင်းများ ပေါ်ပေါက်လာ၏။

အကြောင်းသော်ကား – သာသနာတော်ကို ကြည်ညိုလေးစားသော နတ်တို့မှာ သာသနာတော်ကို မကြည်ညိုသော နတ်မိစ္ဆာတို့နှင့်စာလျှင် အရေအတွက် နည်းပါးလှ သည်။ လောကဟူသည် လူမိုက်နှင့် လူလိမ္မာတွင် လူမိုက်က များးစမြဲဖြစ်၏။ မင်းတို့

www.burmeseclassic.com



လူလိမ္မာတွေ ဂေါ်တမထံသွားကြ၊ လူမိုက်တွေ ငါ့ဆီလာလိမ့်မည်ဟူသော ဥပတိဿ ပရိဗိုဇ်အား သိဥ္စည်းဆရာကြီးက ဒေါသစကား မိန်ကြားချက်အတိုင်းပင်ဖြစ်၏။ နတ်လောကတွင်လည်း အလားတူပင်ဖြစ်သည်။ ဤအတွင်း မိမိတို့မကိုးကွယ်နိုင်လျှင် ဖာသာလဝါမနေ၊ သူတော်ကောင်းများကို အခွင့်သာလျှင်သာသလောက်နှိပ်စက် နှောက်ယှက်ညှဥ်းပန်းလိုကြသော နတ်ဆိုး နတ်မိုက် နတ်မိစ္ဆာတို့ မြောက်မြားစွာ ရှိနေသေးသည်ကိုလည်း စတုမဟာရာဇ် နတ်မင်းကြီးတို့အသိဖြစ်၍ အစဥ်ခပ်သိမ်း စောင့်ရှောက်နိုင်ခွင့်မရှိသော နတ်မင်းကြီးများက ယင်းနတ်ဆိုး နတ်မိစ္ဆာတို့ အန္တရာယ်ကို ကာကွယ်နိုင်သော နတ်ပြည်ဖြစ် အာဋာနာဋိယသုတ်တော်ဂါထာတို့ကို ပုထုဇဉ် တပည့် ရဟန်းတို့အား သင်ကြားပေးထားပါရန် ဘုရားရှင်အထံတော်သို့ လာရောက် လျှောက်ထား ကြခြင်းဖြစ်ပေသည်။

မှန်လှပေ၏။ တောတောင်ဂူလိုဏ်တို့တွင် သို့မဟုတ် လူသူကင်းဝေးသည့် ဆိတ်ငြိမ်ရာတို့တွင် ကမ္မဋ္ဌာန်းတရား ပွားများလျက် ရှိကြသော ပုထုဇဉ်ရဟန်းအချို့မှာ ယင်းနတ်ဆိုးနတ်မိုက်တို့၏ နှောက်ယှက်မှုမျိုးစုံကို ခံကြရသည်။ ထိုအခါ ကိလေသာ မကင်းသေးသော ပုထုဇဉ်ဘဝ ဖြစ်သေးသည်အလျောက် ကြောက်ရွံ့ကြရသည်။ တုန်လှုပ် ကြရသည်။ ကြက်သီးမွေးညှင်းထကြရသည်။ နတ်ဆိုးတို့ကဲလိုက်ပုံမှာ သာမန် ရဟန်းတော်များကို ထားဦး၍ အရိယာသခင် အရှင်မောဂ္ဂလာန်တန်ခိုးတော်ရှင်ကိုပင် မာရ်နတ်ကြီးက ဝမ်းဗိုက်ထဲဝင်နေသည်အထိ နှောင့်ယှက်သည်။ အရှင်သာရိပုတ္တရာ၏ ဦးခေါင်းပြောင်ပြောင်ကိုလည်း နတ်ဆိုးတစ်ဦးက တင်းပုတ်ဖြင့်ထုသည်အထိ နှောင့်ယှက်သည်။ တန်ခိုးကြီးအရှင်များဖြစ်၍သာ တော်ပေရော့သည်။ ဘုရားရှင် ကိုယ်တော်တိုင်ပင်လျှင် မာရ်နတ်၏ နှောက်ယှက်မှုမျိုးစုံကို ခံတော်မူရ၏။

ဘုရားရှင်အဆူဆူတို့၏ ဂုဏ်တော် ကျေးဇူးတော်အကြောင်းရပ်တို့ဖြင့် မွမ်းထုံ ထားအပ်သော ယင်းအာဋာနာဋိယသုတ်ပရိတ်တော် ဂါထာတော်များကို ဘုရားရှင်များက တပည့်ရဟန်းတို့အား ဟောပြသင်ကြားပေးတော်မူသည်။ ယခုလည်း မိုးရာသီတွင် အကြောင်းကြုံလာပြန်၍ သိကြားမင်းက သူ့နတ်စစ်သည်များအား ညွှန်ကြားပုံကို ဥပမာထားကာ အန္တရာယ်ကင်းတရား၊ မကြောက်တရား၊ ကြောက်ရွံ့ဖို့ကို ထားဦး၍ ကြက်သီးမွေးညှင်းမျှ မထစေနိုင်သောတရားကို ဟောကြားတော်မူသည်။

ပရဟိတကုသိုလ်ရှင်များဖြစ်ကြသော မာဃလုလနှင့်အဖွဲ့ကို ထာဝတိံသာသို့ ရောက်လာကြရာ၌ ခေါင်းဆောင်ဖြစ်သော သိကြားမင်းလက်အောက်တွင် ပဇာပတိ၊ ဝရုဏ၊ ဤသာနခေါ် နတ်ကြီးသုံးပါးတို့မှာ သိကြားမင်းနှင့် အရွယ်တူ၊ သေွးတူ မွေးတူ ဗိုလ်မှူးကြီးများဖြစ်ကြသည်။ အသုရာတို့နှင့် စစ်တိုက်ရာ၌ အကယ်၍များ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့စိတ် ပေါ်ပေါက်လာခဲ့ပါသော် ငါသိကြား၏ တံခွန်အောင်လံကို မော်၍ကြည့်ကြကုန်လော့။ ထိုအခါ သင်တို့တွင် ကြောက်ရွံ့နောက်တွန့်စိတ် ကင်းပျောက်လိမ့်မည်ဟု မှာကြားသည်။

''ရဟန်းတို့ ။ ။ ယခုလည်း သင်တို့အား ငါဘုရား မိန့်ကြားတော်မူသည်။ သင်တို့သည် ကိလေသာစစ်ကို တိုက်ရန်အတွက် သစ်ပင်တောတောင် ဂူလိုဏ်ချောင် စသော တောတောင်အရပ်တွင်ဖြစ်စေ၊ ဆိတ်ကွယ်အရပ်တွင်ဖြစ်စေ၊ ကမ္မဋ္ဌာန်း တရားပွားများ နေထိုင်ရာ၌ အကယ်၍များ ဘေးအန္တရာယ်တစ်စုံတစ်ရာကြောင့် ကြောက်ရွံ့တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညှင်းထခြင်းစသော ဆုတ်နစ်မှု ဖြစ်ပေါ်လာခဲ့ပါသော် အရဟံအစ ဘဂဝါအဆုံးရှိသော ငါဘုရား၏ ဂုဏ်တော်များကို သတိထား ပွားများ လိုက်ကြ ကုန်လော့''

''အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် ငါဘုရားကို သတိမရနိုင်ကြ ပါသော် ငါဘုရား၏ တရားတော် သွာက္ခာတအစ ပစ္စတ္တံဝေဒိတဗ္ဗအဆုံးရှိသော ဂုဏ်တော် ခြောက်ပါးကို သတိထားပွားများကြကုန်လော့။ အကယ်၍ တရားတော်ကို သတိမရ နိုင်ခဲ့ပါသော် သုပ္ပဋိပန္နအစ အနုတ္တရံပုညခေတ္တအဆုံးရှိသော အရိယာ သံဃာတော်တို့၏ ဂုဏ်တော်ကိုးပါးကို သတိထားပွားများကြကုန်လော့''

''ရဟန်းတို့ ။ ။ ယင်းသို့ သတိထားပွားများခဲ့ပါသော် သင်တို့တွင် ဖြစ်ပေါ်လာသော အနှောင့်အယှက် အန္တရာယ်မျိုးစုံတို့မှုမက ကြောက်ရွံ့တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညှင်းထခြင်းတို့ပါမကျန် မုချကင်းပျောက်လိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ငါဘုရားနှင့်တရားတော် အရိယာသံဃာတော်တို့ဟူသည် ကင်းပြီးသောရာဂ ကင်းပြီးသော ဒေါသ၊ ကင်းပြီးသောမောဟအရှင်တို့ ဖြစ်သောကြောင့်ပေတည်း''

ရဟန်းတော်တို့က သာဓုသုံးကြိမ်ခေါ်၍ နာယူကြသည်။ နာယူရုံမျှမက ထိုအချိန်မှစ၍ တရားကျင့်သုံးရာ၌ အရဟံအစ အနုတ္တရံ ပုညခေတ္တအဆုံးရှိသော ရတနာ သုံးပါးတို့၏ ဂုဏ်တော် ၂၄ ပါးကို ရှေ့တန်းတင်၍ ကျင့်သုံးကြသည်။

မှန်လှပါပေ၏။ ထိုအချိန်မှစ၍ သာသနာတော် ခေတ်တလျှောက် ယနေ့ တိုင်အောင် တရားကျင့်သုံးရာ ဌာနတို့၌လည်းကောင်း၊ တရားအလုပ်နှင့် စပ်သမျှ နေရာဌာနတိုင်း၌သော်လည်းကောင်း၊ ဂုဏ်တော် ၂၄ ပါး တို့အသံသည် တဟိန်းဟိန်း မြည်ဟည်းလျက်ရှိပေသတည်း။ ။

www.burmeseclassic.com



# တမန်တော်

## ရှေ့တော်သို့

ဘုရင်မင်းမြတ် နှစ်သက်ခဲ့ပါသော် ဘုရင်မင်းမြတ်၏ လျှို့ဝှက်သော ကိစ္စတစ်ရပ်ကို ဆောင်ရွက်ပေးရန်ဟု ဦးရီးတော်အမတ်ကြီး၏ ခေါ်ဆောင်ချက်အရ ဦးရီးတော်နှင့် ကျွန်ုပ်တို့သည် တစ်နေ့သောအချိန်မဲ့တွင် အတွင်းလမ်းဖြင့် ရွှေနန်းတော်သို့ ဝင်ရောက်ခဲ့ကြ၏။ အတွင်းပိုင်း လျှို့ဝှက်ဆောင်တွင် ဘုရင်တစ်ပါးတည်းကိုသာ တွေ့ရသည်။

အတွင်းဆောင်သို့ ကျွန်ုပ်တို့ဝင်ရောက်မိသည်ဆိုကတည်းက ဘုရင်သည် ဦးရီးတော်အမတ်ကြီးကို ပြုံးရွှင်စွာ နှုတ်ဆက်ပြီးနောက် ကျွန်ုပ်အားအကဲခတ်လျက်ရှိသည်ကို သတိပြုမိသည်။ မည်သည့်ကိစ္စမျိုးကို ဆောင်ရွက်ရမည် မသိသေးသော်လည်း ဘုရင်မင်းမြတ်နှင့် ဦးရီးတော်တို့၏ ပြုံးရွှင်သော အမူအရာများကို ထောက်၍ နှစ်သက်ဖွယ်သော ကိစ္စဖြစ်လိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်သည်။

“ဘုရင်မင်းမြတ် အလိုရှိသူကို ခေါ်ဆောင်ခဲ့ပါဘုရား” ဟု ဦးရီးတော်က လျှောက်ထားသည်။

‘အမတ်ကြီးရဲ့တူက လူချောလူလှတစ်ယောက်ပဲ၊ ရုပ်ရည်ကပါးပါးလျားလျားနဲ့ ကန့်ကလျဆိုတော့ မိန်းမတွေနှစ်သက်တတ်တဲ့ ရုပ်မျိုးပဲ’

www.burmeseclassic.com

www.burmeseclassic.com



''သူက မလိုက်စားရဘဲနဲ့တောင် မိန်းမတွေက သူ့ကိုလိုက်စားကြလွန်းလို့ ပြဿနာမတက်အောင် မနည်းထိန်းထားရသူပါဘုရား''

ဘုရင်မင်းမြတ်က ကျွန်ုပ်ဘက်သို့လှည့်၍ ''မောင်မင်းအမည် ဘယ်လိုခေါ်သလဲ''ဟု မေးလိုက်သောအခါ ကျွန်ုပ်က ''သူရလို့ခေါ်ကြပါသည်ဘုရား''ဟု လျှောက်တင်လိုက်သည်။

''မောင်မင်းကို ကိစ္စတစ်ရပ် ခိုင်းစေရန်ရှိသည်။ ကျွန်ုပ်၏ ကိုယ်ရေးကိစ္စဖြစ်၍ လျှို့ဝှက်စွာ ဆောင်ရွက်ရလိမ့်မည်''

''အသက်ပေး၍ လျှို့ဝှက်ပါမည်ဘုရား''

''သူရဆိုတော့ ရဲရင့်သူ အဓိပ္ပာယ်ရသည်။ ကိစ္စကို ရဲရဲရင့်ရင့် ဆောင်ရွက်ရလိမ့်မည်''

''ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အသက်နှင့်လဲ၍ ဆောင်ရွက်ပါမည်ဘုရား''

''ကောင်းပြီ၊ ဆောင်ရွက်ရမည့် ကိစ္စကို ပြောပြမည်၊ ပုရောဟိတ် အမတ်ကြီးကို သိသလား။ သူ့အိမ်ကိုရော သိသလား''

''ပုရောဟိတ်အမတ်ကြီးကို ရံဖန်မြင်တွေ့ဖူးပါသည်၊ သူ့အိမ်ကိုတော့ ကောင်းစွာ သိပါသည်''

''သူ့မှာ မိန်းမငယ်တစ်ယောက်ရှိနေသည်၊ အဲဒီမိန်းမငယ်ကို သူ့အိမ်ဘုံခုနစ်ဆင့် အထက်မှာ လျှို့ဝှက်သိုပ်စည်းစွာ ထားသည်၊ ယောကျ်ားတစ်ပါးနှင့် မတွေ့မမြင်ရလေအောင် အစောင့်အကြပ်မိန်းမများစွာထားသည်၊ အဲဒီမိန်းမငယ်ကို မောင်မင်းဖျက်ဆီးပေးရမည်''

''ဖျက်ဆီးရမည်ဆိုသည်မှာ အသေသတ်ရန်ပါလား ဘုရား''

''အသေသတ်ရန်မဟုတ်ပါ၊ သူ့အကျင့်သီလ ပျက်စီးရုံမျှ ဖြစ်သည်''

''ပြီးစီးအောင် ဆောင်ရွက်ပေးပါမည် ဘုရား''

''ကောင်းပြီ၊ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေတော့၊ ရော့–ဟောဒီမှာ မောင်မင်း ဆောင်ရွက်ရန်အတွက် အသပြာထုပ်၊ ဆောင်ရွက်ပြီးလျှင်ပြီးချင်း မောင်မင်း ဦးရီးအမတ်ကြီးကိုပြော၊ ဆောင်ရွက်ရာမှာ လိုအပ်သေးလျှင်လဲ အမတ်ကြီကိုပြော''

''အမိန့်တော်အတိုင်းပါ ဘုရား''

ကျွန်ုပ်သည် အသပြာထုပ်ကို ခံယူပြီးနောက် ရှေ့တော်မှ ထွက်ခွာလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဂါထာများ

ထူးဆန်းသော ဤကိစ္စကို ကျွန်ုပ်သည် ရဲဝံ့စွာ ဝန်ခံခဲ့သော်လည်း ဤကိစ္စ၏ ကြောင်းရင်းဇာစ်မြစ်ကိုကား မသိခဲ့ရပါသေးချေ။ သို့သော် သိဖို့မလိုပါ။ အကြောင်းမူကား ကျွန်ုပ်သည် ဘုရင်မင်းမြတ်၏ လျှို့ဝှက်သော တမန်တော်ဖြစ်၍ တမန်တော်တို့ မည်သည် စေသည့်ကျွန်၊ ထွန်သည့်နွားဟူသကဲ့သို့ ခိုင်းစေသော တာဝန်ကို ပြီးစီးအောင် ဆောင်ရွက်ရုံမျှဖြစ်၏။

သို့သော် နောက်ပိုင်းတွင်မူ ဦးရိုးတော်ထံမှ ဤကိစ္စအကြောင်းရင်းကို သိရှိလာရ၏။ ဘုရင်မင်းမြတ်နှင့် ပုရောဟိတ် အမတ်ကြီးတို့၏ လောင်းကစားကိစ္စပေတည်း။

ဗာရာဏသီ၏ မကိုင်မှသရဖူနှစ်ဦးဟုပင် ဆိုနိုင်သော ဘုရင်နှင့်ပုရောဟိတ် အမတ်ကြီးတို့သည် လောင်းကစားဝါသနာရှင်များဖြစ်ကြ၏။ ကြွေအန်သမားကြီးများ ဖြစ်ကြ၏။ ဤကိစ္စမှာ တိုင်းသိပြည်သိနိုင်ငံသိ ဖြစ်သည်။

ဘုရင်သည် သူပြီးလျှင် ဒုတိယအကြီးဆုံးဖြစ်သော ပုရောဟိတ်အမတ်ကြီးနှင့် ကြွေအန်ကစားလေ့ရှိသည်။ လောင်းကစားကြသည်ဆိုရာ၌ တန်းတူရည်တူ တွဲဖက်လိုသည်။ တန်းတူရည်တူချင်းသာ ကစားကြလေ့ရှိသည်။ အကြောင်းမှာ တန်းတူရည်တူ ချမ်းသာပျော်ရွှင်စွာ တွေ့ဆုံပျော်မွေ့နိုင်သောကြောင့်ဖြစ်သည်။

ယင်းသို့ဖြင့် ဘုရင်သည် ပုရောဟိတ်နှင့် ကစားသောအခါ ဂါထာတစ်ပုဒ်ကို ရွတ်ဆိုကာ ကြွေပစ်လေ့ရှိသည်ဆို၏။ ယင်းဂါထာကြောင့် ဘုရင်သည် ပုရောဟိတ်ကို အမြဲတမ်းလိုလို နိုင်လေ့ရှိသည်ဟု ဆိုသည်။

ဂါထာမန္တရားစသော တန္တရအဆိုအမိန့်များမှာ အတန်ငယ် ထူးဆန်းသည်။ ယင်းဂါထာမန္တရားတို့သည် သူ့ဆိုင်ရာကိစ္စတို့၌ အစွမ်းထက်သည်ဆိုသော်လည်း အချို့ဂါထာမန္တရားတို့မှာသာ အဓိပ္ပာယ်ရှိ၍ အချို့ဂါထာမန္တရားတို့မှာ အဓိပ္ပာယ်မရှိ။ တန္တရပညာ၏ အစီအရင်မျှသာဖြစ်သည်။

ဘုရင်မင်းမြတ်ရွတ်ဆိုသော ဂါထာသည် လောင်းကစားကိစ္စနှင့်မဆိုင်လှဟု တွေးထင်ရသော်လည်း အဓိပ္ပာယ်မူကား ရှိ၏။ ယင်းဂါထာ၏ အဓိပ္ပာယ်မှာ သဗ္ဗာနဒီ ဝင်္ကဂတီ–ခပ်သိမ်းသော မြစ်တို့သည် ကောက်ကုန်သကဲ့သို့ ခပ်သိမ်းသော တောတို့သည် ထင်းအတိသာဖြစ်ကုန်သကဲ့သို့ ခပ်သိမ်းသော မိန်းမတို့သည်လည်း ဆိတ်ကွယ်ရာရလျှင် မကောင်းမှုကို ပြုကုန်၏ ဟူသတတ်။ တစ်နည်းဆိုသော် မှန်သော သစ္စာစကားကို ဆိုသောဂါထာဟု ဆိုနိုင်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းဂါထာကြောင့် ဘုရင်အမြဲနိုင်၍ ပုရောဟိတ်ရှုံးရသည်။ ထို့ကြောင့် ယင်းသစ္စာစကားကို ပျက်ရန်ဟု ပုရောဟိတ်က မွေးစကပင် ယောက်ျားတစ်ပါးတို့ မမြင်ဖူး–မတွေ့ဖူးခဲ့သော အမျိုးသမီးငယ်တစ်ယောက်ကို ရှာကြံမွေးမြူ၍ မိမိ၏ ဘုံခုနစ်ဆင့်တွင် လျှို့ဝှက်စွာ တင်ဆောင်ကာ မယားအဖြစ်ထားရှိပြီးနောက် ဘုရင်နှင့် ကစားသောအခါ 'မှ တစ်ပါး' ဂါထာဖြင့် ရွတ်ဆို၍ ဘုရင်၏ ဂါထာကို ခြေဖျက် ကစားသည်။ ထိုအခါ ပုရောဟိတ်က နိုင်လေတော့၏။

'မှ တစ်ပါး' ဂါထာဟူသည်ကား ဘုရင့်ဂါထာအတိုင်း အခြားသော မိန်းမများတော့ မှန်ပါလိမ့်မည်။ သို့သော် မိမိ၏ မာဏဝိကာမှ တစ်ပါးသောမိန်းမများသာ မှန်နိုင်သည်ဟူသတတ်။

သို့ဖြစ်ရာ ပုရောဟိတ်၏ အစီအစဉ်ကိုသိရှိသော ဘုရင်မင်းမြတ်အဖို့ ပုရောဟိတ်၏ ဂါထာတန်ခိုးပျက်ပြယ်စေရန် သူ့မိန်းမလေး မာဏဝိကာကို ဖျက်ဆီးပစ်ရန် လိုအပ်လာ၏။ ဤသည်ကား ကျွန်ုပ်ကို ခိုင်းစေခြင်း၏ အကြောင်းရင်းပေတည်း။

## ပရိယာယ်

သာမန်အားဖြင့်ဆိုလျှင် အကြင်အမျိုးသမီးတစ်ယောက်ကို ဖျက်ဆီးဖို့ရန်မှာ ကျွန်ုပ်အဖို့ အခက်အခဲမရှိပါ။ သို့သော် ပုရောဟိတ်ကြီး၏ဇနီးကိစ္စမှာတော့ အခက်အခဲကြီး ရှိနေသည်။ အကြောင်းမှာ ဗာရာဏသီ၏တန်ခိုးရှင် ပစ္စည်းရှင် ပုရောဟိတ်ကြီးသည် သီးသန့်ခြံဝင်းကျယ်ကြီးအတွင်း၌ တစ်သီးတစ်သန့်နေသည်။ သူ့အိမ်မှာ ဘုံခုနစ်ဆင့် ခေါ် အထပ်ခုနစ်ထပ်ရှိ၍ အထက်ဆုံးအထပ်တွင် သူ့မာဏဝိကာလေးကိုထားသည်။ အစောင့်အကြပ်များ ထူထပ်စွာချထားသည်။ သို့သော် ယင်းအစောင့် အကြပ်များမှာ အမျိုးသမီးများသာ ဖြစ်သည်ဆို၍ တစ်အားတက်ရသည်။

ထို့ကြောင့် ပုရောဟိတ်အိမ်သို့ အဘယ်ပုံချဉ်းကပ်ရအံ့ဟု အကြံထုတ်ရသည်။ အရိပ်အကဲကို စောင့်ကြည့်ရသည်။ အခြေအနေကို အကဲခတ်ရသည်။

မည်သည့် လျှို့ဝှက်မှု၌မဆို ယိုပေါက်ရှိမြဲ ဓမ္မတာအတိုင်း၊ သို့မဟုတ် လိုလျှင် ကြံဆနည်းလမ်းရဟူသော စကားအတိုင်း ဝင်ပေါက်ကို တွေ့ပြီဖြစ်၏။ ယင်းသည်ကား ပုရောဟိတ်အိမ်မှ အမျိုးသမီးကြီးတစ်ယောက်သည် ခြံဝင်းအတွင်းမှ ထွက်၍ ထွက်၍ လာကာ ပန်းနံ့သာတို့ကို ဝယ်ယူပြီးနောက် တောင်းတစ်ခုတွင်ထည့်၍ရွက်ကာ ပုရောဟိတ် အိမ်အတွင်းသို့ ဝင်၍ ဝင်၍ သွားသည်ကို တွေ့ရခြင်းပင်ဖြစ်၏။ အဆင်ပြေသည်မှာကား

www.burmeseclassic.com

www.burmeseclassic.com



ယင်းအမျိုးသမီးကြီးသည် ကျွန်ုပ်၏မိခင်ကြီးနှင့် အသွင်တူလှခြင်းပင်ဖြစ်၏။ ဆက်၍ စုံစမ်းလိုက်သောအခါ ယင်းအမျိုးသမီးကြီးသည် မာဃဝိကာ၏ အထိန်းမိန်းမဖြစ်၍ မာဃဝိကာအတွက် ပန်းနံ့သာတို့ကို နေ့စဉ် နံ့သာဈေးသို့ လာရောက်ဝယ်သူဖြစ်ကြောင်း သိရှိရသောအခါ ပို၍ အဆင်ပြေသွား၏။

ထို့ကြောင့် ကျွန်ုပ်သည် ဗာရာဏသီ၏ နံ့သာဈေးတန်းတစ်နေရာ၌ နံ့သာမျိုးစုံ ပန်းမျိုးစုံရောင်းသော ဆိုင်ကြီးတစ်ဆိုင် ဖွင့်လိုက်သည်။ အမျိုးသမီးတို့ မက်မောအောင် ပန်းမျိုးစုံ၊ နံ့သာမျိုးစုံတို့ကို ဝေဝေဆာဆာဖြန့်ခင်းသည်။ ဆိုင်အလုပ်သမားအဖြစ် ကျွန်ုပ်၏ မိတ်ဆွေများကို ခန့်ထားပြီး လိုအပ်သမျှ စကားထည့်ထားသည်။ ယင်းသို့ဖြင့် အထိန်းတော်ကြီးသည် ကျွန်ုပ်၏ဆိုင်ကို အဘယ်ပုံလွတ်အောင် ရှောင်နိုင်တော့အံ့နည်း။

သို့နှင့် ဝယ်လာသူတို့ကို ပေါပေါကြီးပေးကာ ရောင်းဟန်ဝယ်ဟန်ပြု၍ အမျိုးသမီးကြီးကို မျှော်သည်။ ကြာကြာမစောင့်ရ။ နောက်တစ်ရက်တွင်ပင် အမျိုးသမီးကြီး သည် ကျွန်ုပ်ဆိုင်ရှေ့သို့ရောက်လာကာ "ဒီဆိုင်က ဆိုင်သစ်ပါလားဟေ့၊ ပန်းနံ့သာတွေလဲ တယ်စုံပါလား"ဟု စကားဆိုလာသည်။

"အတွင်းကိုကြွပြီး ကြည့်ပါဦးခင်ဗျာ၊ အတွင်းမှာ ပိုပြီးပြည့်စုံပါတယ်၊ ဈေးကလဲ သူတကာထက် အများကြီးချိုပါတယ်" ဟု ကျွန်ုပ်၏ လူများက ဖိတ်ခေါ်လိုက်သောအခါ အမျိုးသမီးကြီး ဆိုင်အတွင်းသို့ ဝင်လာသည်။

ကျွန်ုပ်သည် ဆိုင်တွင်းသို့ ဝင်လာသော အမျိုးသမီးကြီးကို စူးစူးစိုက်စိုက်ကြည့်ပြီး အံ့အားသင့်ဟန်ပြုကာ အမျိုးသမီးကြီးဆီသို့ တစ်ဟုန်ထိုးဝင်ပြီး ခြေစုံကိုဖက်၍ "အမေ- အမေ၊ ကျွန်တော့်ကို မမှတ်မိတော့ဘူးလား၊ အမေ့သားသူရလေ၊ ဒါလောက်ကြာအောင် သားကို ဘာဖြစ်လို့ပစ်ထားရတာလဲအမေရယ်၊ အခုမှတွေ့တော့တယ်' ဟုဆိုကာ ငိုလိုက်သည်။

လိုသောအခါ ငိုနိုင်ခြင်းသည် ကျွန်ုပ်၏ အရည်အချင်းတစ်ရပ်ဖြစ်၏။ မျက်ရည်ကို အဘယ်အမျိုးသမီး၏ အသည်းနှလုံးသည် သည်းခံနိုင်စွမ်းပါအံ့နည်း။ ပြုံကျလာရမြဲတည်း။

"ဟဲ့-ဟဲ့၊ လုပ်ကြပါဦး။ ဘယ်လိုဖြစ်တာလဲ၊ ငါ့ကို သူ့အမေဆိုပြီး ငိုနေပါလား' ဟု အမျိုးသမီးကြီးက ကျီးကြည့် ကြောင်ကြည့်နှင့် ပြောသည်။

ကျွန်ုပ်၏ လူများက "ဟုတ်တယ်၊ အဒေါ်ကိုမြင်ကတည်းက ကိုသူရ အမေနဲ့ တူလွန်းလို့ ကျွန်တော်တို့ အံ့အားသင့်နေကြတာ၊ ကိုသူရက အမေနဲ့ကွဲနေတာ ကြာပြီ၊ သားအမိနှစ်ယောက်လည်း ရုပ်ချင်းကဖြင့်တူပုံများ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါဗျာ – ချွတ်စွပ်ပါပဲ"

စကားထည့်ထားသည့်အတိုင်း ကျွန်ုပ်၏ လူများက ဝိုင်း၍ လှော်ကြသည်။ ဝါဒဖြန့်ခြင်းဟူသည် အသိုင်းအဝိုင်း အလှော်အခတ် ကောင်းသလောက် အောင်မြင်မြဲ ဖြစ်၏။ အမျိုးသမီးကြီးသည် ဇဝေဇဝါဖြစ်ရာမှ မဲ့လာသည်။ ပြီးတော့ ရောယောင်၍ ငိုသည်။ သားအမိဖြစ်သွားပြီတည်း။

"နေပါဦး အမေရယ်၊ ခုလောက်ကြာအောင် သားနဲ့အမေ ခွဲနေတာဟာ ဘာလုပ်နေလို့လဲ"

"အခု လောလောဆယ်တော့ ပုရောဟိတ်ကြီးရဲ့ ဇနီးကလေးထံမှာ အထိန်း အယ လုပ်နေရတယ်၊ သူ့အတွက် နေ့စဉ်ပန်းတို့ နံ့သာတို့ အဝယ်ထွက်ရတယ်"

"ဒီလိုဆိုရင် ဒီကနေ့ကစပြီး ဘယ်သူ့ဆီကမှ မဝယ်နဲ့တော့၊ အမေ လိုသလောက် ဒီဆိုင်က အခမဲ့ယူသွားပေတော့"

"လိုက်လျောလွန်းလှချည့်လား ငါ့သားရဲ့"

"လိုက်လျောတာမဟုတ်ပါဘူး၊ ဒါဟာ အမေ့ဆိုင်ပဲ၊ သားဆိုင်ဟာ အမေ့ဆိုင်ပေါ့၊ အမေနဲ့တွေ့ရတာပဲ ဝမ်းသာလှပြီ။ ဒါ့ထက် နေ့စဉ်ဝယ်ရတယ်ဆိုတော့ အမေ့ အမျိုးသမီးကလေးက တော်တော်ပန်းကြိုက်ပုံရတယ်"

"ဟဲ့–လူကလေးရဲ့၊ ပန်းနံ့သာဆိုတာ မကြိုက်တဲ့ အမျိုးသမီးရယ်လို့ အဘယ်မှာ ရှိပါ့မလဲကွယ်"

"ချောလဲချောပုံရတယ်"

"ငယ်လဲငယ်၊ ချောလဲချော၊ တိုက်ခန်းအတွင်းက ဘယ်မှမထွက်ရပဲ တစ်နေ့ တစ်နေ့ နံ့သာနဲ့ပန်းတွေကိုပဲ လိမ်းပန်နေရတယ်ဆိုတော့ ချောသမှ အလွန်ချောတာပေါ့"

"အမေကြိုက်သလောက်သာ ယူသွားပေတော့၊ ဟောဒီဘက်က နံ့သာ အကောင်းစားတွေ၊ ဟောဒီဘက်မှာက ပန်းမျိုးစုံ"

အမျိုးသမီးကြီးသည် ဝမ်းမြောက်ဝမ်းသာနှင့် နံ့သာများကို ရွေးချယ်ယူကာ ပန်များကို သူသယ်နေကျတောင်းထဲသို့စီ၍ ထည့်သည်။ ကျွန်ုပ်သည် ထွားကျိုင်း၍ သန်မာဟန်ရှိသော အမျိုးသမီးကြီး၏ ရုပ်လက္ခဏာကို သတိထားပြီးဖြစ်သကဲ့သို့ သူ့ပန်းတောင်းကိုလည်း သတိထားကာ နက်ဖြန်လာလျှင် ပန်းများများထည့်နိုင်ရန်အတွက် တောင်းကြီးကြီးယူလာဖို့ရန် မှာကြားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးသည် ကျွန်ုပ်၏ ပရိယာယ်စက်ကွင်းသို့ ချဉ်းနင်းဝင်ရောက်မိပြီဖြစ်၏။ ရှေ့သို့ ခြေတစ်လှမ်းတိုးဖို့ရန်မှာ ဝင်ဝင်ချင်းဆောက်နှင့် ထွင်းရာသို့ရောက်ပြီး မသကာဖြစ်မည်ကြောင့် ယနေ့အဖို့ ဤမျှဖြင့်ရပ်တန့်လိုက်ရသည်။

နောက်တစ်နေ့ အမျိုးသမီးကြီးရောက်လာသောအခါ ပန်းနံ့သာတို့မျှ မကဘဲ အဝတ်အစားနှင့် အခြားလက်ဆောင်ပစ္စည်းတို့ကိုလည်း မိခင်အဖြစ်ပေးအပ်သည်။ အစားကောင်း အသောက်ကောင်းတို့ဖြင့်လည်း ကျွေးမွေးယုယသည်။ သို့နှင့် အမျိုးသမီးကြီးသည် ကျွန်ုပ်၏ ဘက်တော်သားအဖြစ်သို့ လုံးလုံးလျားလျား ရောက်ရှိလာပြီဖြစ်၏။ ထူးခြားချက်မှာကား အမျိုးသမီးကြီးက သူ့တွင် သားတစ်ယောက်ပေါ်ပေါက်လာသည်ဟု ကျွန်ုပ်၏ အကြောင်းကို ချီးပပြောဆိုသောအခါ မာဏဝိကာက ကျွန်ုပ်၏အရွယ်ကိုလည်းကောင်း၊ အဆင်းသွင်ပြင်ကိုလည်းကောင်း မေးမြန်းကာ စိတ်ဝင်စားမှုရှိလာသည့်အကြောင်းကို ကြားရခြင်းပင်ဖြစ်၏။

''သူ့ခမျာ ငယ်ငယ်ရွယ်ရွယ်နဲ့ အချောအလှလေးပေမယ့် လင်အိုကြီးနဲ့ ညားနေရတာ ဘယ်လောက် စိတ်ညစ်လိုက်မလဲ၊ ပုရောဟိတ်ကြီးက ချုပ်ချယ်လိုက်တာလဲ တရားလွန်''ဟုလည်း ပြောလိုက်ချေသေး၏။ ထိုစကားမှာ အမျိုးသမီးကြီးတို့၏ ဓမ္မတာ ရေလာမြောင်းပေးစကားဖြစ်၍ ကျွန်ုပ်၏ အကြံအစည် တံခါးများမှာ တစ်ချပ်ပြီး တစ်ချပ်ပွင့်လာခဲ့ပေပြီ။

ထို့ကြောင့် ကျွန်ုပ်သည် နောက်တစ်နေ့တွင် အမျိုးသမီးကြီးလာရောက်သောအခါ ထွက်၍မတွေ့တော့ဘဲ အိပ်ရာထဲတွင် နာချင်ဟန်ဖြင့် လဲလျောင်း၍နေလိုက်၏။ ကျွန်ုပ်၏ လူများက ကျွန်ုပ်နေမကောင်း၍ အိပ်ရာပေါ်တွင်ပင်ရှိနေကြောင်း ပြောလိုက်သောအခါ အမျိုးသမီးသည် ရုတ်ခြည်းပင် အိပ်ရာဘေးသို့ ရောက်လာ၏။

''ဘယ်လိုဖြစ်တာလဲ လူကလေး၊ မနေ့ကတင်ပဲ အကောင်းကြီးဟာ''

''ပြောရခက်တယ်အမေရေ၊ လူနေမကောင်းတာမဟုတ်ပါဘူး၊ စိတ်နေမကောင်းတာပါ၊ အမေ့အမျိုးသမီးလေးအကြောင်း မနေ့က ကြားရပြီးကတဲက စိတ်ဝင်စားလွန်းလို့ စားမဝင် အိပ်မပျော်ဖြစ်နေရပါတယ်၊ သူ့ကိုမှ မရရင်ဖြင့် သေရမလောက်တောင် ဖြစ်နေပါပြီအမေ''

''ဖြစ်မှဖြစ်ရလေလူကလေးရယ်၊ ဒါလောက်ကိစ္စလေးများ အမေတစ်ယောက်လုံး ရှိနေပေါ့ဟာ၊ လွယ်လှချည့်ပေါ့၊ အမေပြောပြလို့ လုံမယ်ကလည်း ငါ့သားကို စိတ်ဝင်စားတယ်၊ အခု ငါ့သားကလဲစိတ်ဝင်စားတယ်ဆိုရင် အလွယ်ကလေးပါ၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်အေးအေးသာထား။ နက်ဖြန်ကို အသင့်ပြင်ထားပေတော့၊ လုံမယ်ဆီ အမေ ရောက်အောင် ပို့ပေးမယ်''

အမျိုးသမီးကြီးက မာဏဝိကာကို လုံမယ်ဟု ချစ်စနိုးအသုံးပြုသည်။ မှန်၏။ မာဏဝိကာ သဒ္ဒါမှာ စာအလိုအားဖြင့် လုလင်ပျို့မဖြစ်၍ အရပ်သုံးအားဖြင့် လုံမယ် လုံမလေးဖြစ်သည်။

အမျိုးသမီးကြီးက ကျွန်ုပ်ကို သူ့ပန်းတောင်းတွင်ထည့်၍ မာဏဝိကာထံသို့ ရွက်ခေါ်သွားမည်ဟု စကားထည့်ထားခဲ့သည်။ လုံမယ်ထံသို့ ရောက်နိုင်ဖွယ်ရာလမ်းမှာ ဤနည်းသာရှိသည်။ ဤသည်ကို ကွက်ကျော် စဉ်းစားထားပြီးသော ကျွန်ုပ်က သူ့ပန်းတောင်းတွင် ထည့်သွင်းခေါ်ဆောင်နိုင်ရန်အတွက် တောင်းကြီးကြီးဖြင့် လဲလှယ်ဖို့ ခပ်စောစောကပင် စီစဉ်ထားခဲ့ပြီးဖြစ်၍ တစ်စုံတစ်ရာ မသက်ာဖွယ်မရှိတော့။

အမျိုးသားတစ်ယောက်ကို အမျိုးသမီးတစ်ယောက်က တောင်းဖြင့် ထည့်ရွက် သယ်ပိုးခြင်းမှာ ကျွန်ုပ်တို့ခေတ်၌ အဆန်းမဟုတ်တော့ချေ။ ဂူဠပဒုမ မင်းသား၏ မိဖုရားက ခြေရောလက်ပါ လေးဘက်အဖြတ်ခံထားရသော သူ့လင်ယ် ဝေတိုကို တောင်းဖြင့် ထည့်ရွက်၍ခေါ်သည်။

ရှေးဟောင်းစကားပုံတစ်ခုတွင် အမျိုးသမီးများကို ရွံမုန်းလှသော ဘုရင်က သူ့နိုင်ငံတွင် မိန်းမမများ မရှိစေရ။ မိန်းမအားလုံး သူ့တိုင်းပြည်မှ ထွက်ခွာသွားရမည်။ ထွက်ခွာရာတွင်လည်း မိန်းမများသည် မိမိကိုယ်ပိုင် ပစ္စည်းများကို တစ်နိုင်တစ်ပိုးသာ သယ်ဆောင်သွားရမည်ဟု အမိန့်ထုတ်လိုက်သောအခါ အမျိုးသမီးများသည် တစ်နိုင် တစ်ပိုးသာ သယ်ဆောင်ထွက်ခွာသွားကြ၏။ ယင်းတစ်နိုင်တစ်ပိုးဟူသည်ကား သူတို့၏ ခင်ပွန်းယောက်ျားများကို တောင်းတွင်ထည့်၍လည်းကောင်း၊ ဖျာရိုင်တို့ဖြင့်ပတ်၍ လည်းကောင်း သယ်ဆောင်သွားကြသည် ဟူသတတ်။

## ခန်းတွင်းရိပ်သာသို့

နောက်တစ်နေ့တွင် ခန်းတွင်းရိပ်သာသို့ အမျိုးသမီးကြီးက ကျွန်ုပ်ကို သူ့ပန်းတောင်းတွင်ထည့်၍ အပေါ်က ပန်းများဖုံးပြီးလျှင် ပုရောဟိတ်၏ ဘုံခုနစ်ထပ် အထက်ဆုံးအထိ ရွက်ခေါ်သယ်ဆောင်သွားသည်။ ကျွန်ုပ်၏ကိုယ်မှာ ပါးလျား သောကြောင့် အမျိုးသမီးကြီးအဖို့ အခက်အခဲမရှိလှပါ။ အမျိုးသမီး အစောင့်အကြပ်များ ဆိုရာ၌လည်း ဘုံအဆင့်ဆင့်တို့၏ တံခါးတို့တွင်သာ ထားရှိခြင်းဖြစ်၍ အမျိုးသမီးကြီးက

www.burmeseclassic.com



အချို့ကို ငါးစိုးလက်ဆောင်ပေးခြင်းဖြင့်သော်လည်းကောင်း၊ အချို့ကို ကြိမ်းမောင်း မာန်မဲ၍သော်လည်းကောင်း ရှင်းလင်းခဲ့ပြီးဖြစ်သည်။

သို့နှင့် ကျွန်ုပ်သည် မာဏဝိကာ၏ ခန်းတွင်းရိပ်သာသို့ ရောက်ရှိခဲ့ပြီဖြစ်၏။ ကျွန်ုပ်ကိုတွေ့သည်နှင့် တစ်ပြိုင်နက် မာဏဝိကာက မက်မောသောမျက်လုံး၊ ရွှင်ပြုံးသော မျက်နှာတို့ဖြင့် ဆီးကြိုသည်။ အမျိုးသမီးကြီးက ကျွန်ုပ်တို့နှစ်ဦးကို မိတ်ဆက်တွေ့ဆုံ ပြီးနောက် ရှောင်ထွက်သွားသည်။

ယင်းသို့ဖြင့် ဘုရင်မင်းမြတ်ခိုင်းစေသော တမန်တော် ကိစ္စအားလုံးပြီးဆုံး ပြည့်စုံပြီဖြစ်၍ ပြန်ရန်ဖြစ်သော်လည်း မာဏဝိကာ၏ တောင်းဆိုချက်အရ သုံးရက် ဆက်လက် နေထိုင်ရသည်။ ယင်းသို့ ဆက်လက်နေထိုင်ခြင်းသည် ကျွန်ုပ်၏ အမှားဖြစ်၏။ ကျွန်ုပ်ကိုထိခိုက်သော အမှားတော့မဟုတ်ပါ။

ပုရောဟိတ်ကြီးသည် နန်းတော်မှ ပြန်လာသော ညနေညဦးအချိန်များ၌ မာဏဝိကာထံသို့ ရောက်လာသည်။ ထိုအချိန်တွင် ကျွန်ုပ်က ပုန်းကွယ်၍နေရ၏။ မာဏဝိကာ၏ အခန်းမှာ ကျယ်ဝန်း၍ ပုန်းကွယ်ရန်နေရာတို့ ပေါ်များလှ၏။ ကျွန်ုပ်သည် ပုန်းကွယ်ရင်းဖြင့် သူတို့နှစ်ဦး၏ အသံကိုလည်းကောင်း လှုပ်ရှားမှု အပြုအမူများကို သော်လည်းကောင်း ကြားနေရမြင်နေရ၏။

ယင်းသို့မြင်ရကြားရသည်မှာ ကျွန်ုပ်အဖို့ ယားကျိကျိနိုင်လှ၏။ အကြောင်းမှာ ပုရောဟိတ်ကြီးသည် အသက်အရွယ်ကြီး၍ ပညာရှိကြီးလည်းဖြစ်ပေရာ နှစ်ယောက် တည်း ဆိတ်ကွယ်ရာဟူသော အထင်ဖြင့် မြေးအရွယ်မျှလောက်သော၊ သူကလေးနှင့် မြူးချော့မြူးကြူနေသည်များကို မြင်ရသောအခါ အဘယ်သူသည် ယားကျိကျိ မနေနိုင်ဘဲ ရှိပါအံ့နည်း။

မရှက်ရာသည် အင်္ဂါလေးပါးဟူသော ရှေးဟောင်းကျမ်းဂန် ပုရာဏ်နီတိစကားကို ကျွန်ုပ်နားလည်ပါ၏။

(၁) ပစ္စည်းဥစ္စာ၊ ရစိမ့်ငှာလျှင်၊ သွားလာလည်းပြု၊ ရှောင်းဝယ်မတည်၊
(၂) တစ်ခုခုသာ၊ တတ်ပညာကို၊ လိုရာကပ်ချဉ်း၊ သင်ကြားခြင်းနှင့်၊
(၃) မကင်းနိုင်ရာ၊ လူတကာတို့၊ အစာစားခြင်း၊ မရှက်လျဉ်းနှင့်၊
(၄) ပေါင်းသင်းမေထုန်၊ ကာမဂုဏ်ဟု၊ မြူးခုန်ပျော်ပါး၊ ကိုယ့်မယားနှင့်၊
လင်သားချင်းချင်း၊ ခံစားလျဉ်းသော်၊ ရှက်ခြင်းစွန့်ရ၊ မှန်မှုချတည်။

(စာဏကျပို့)

www.burmeseclassic.com

www.burmeseclassic.com



ဟူသောစကားကို ကျွန်ုပ်နားလည်ပါ၏။ သို့သော် ကိုယ်တွေ့အားဖြင့် ပညာရှိသက်ကြားအိုကြီးနှင့် မြေးမြစ်အရွယ် ငယ်ရွယ်သူကလေးတို့ ယှဉ်တွဲကျီစယ် မဖွယ်မရာတို့ကို မြင်နေရသည်ကတော့ ရယ်ဖွယ်ကောင်းလှသည်။ ထို့ကြောင့် ပုရောဟိတ်ကြီးကို ကျွန်ုပ်သရော်လိုလာသည်။ သို့သော် ကိုယ်တွေ့မျက်မြင် သရော်ဖို့တော့ မဖြစ်နိုင်။ ပရိယာယ်ဖြင့် ထောင်းဖို့ရိုက်ဖို့ လောက်တော့ ဖြစ်နိုင်ဖို့ရှိသည်။

ထို့ကြောင့် နောက်တစ်နေ့တွင် ကျွန်ုပ်ပြန်ဖို့ရန် မာဏဝိကာသို့ ပြောဆိုပြီး ဖြစ်သော်လည်း အဖိုးကြီးကို ကျီဆယ်ထောင်းထုရန် တစ်ရက်ဆက်နေဦးမည်ဟု ဆုံးဖြတ်လိုက်သည်။

''မြင်ရတာ အသည်းယားလွန်းလို့ အဖိုးကြီးကို တစ်ချက်–နှစ်ချက်လောက်တော့ ထောင်းချင်သကွာ၊ မင်းစီစဉ်ပေးနိုင်ပါ့မလား''

''လုပ်မနေပါနဲ့မောင်၊ အဖိုးကြီးလဲ ပုထုဇဉ်သားပဲဟာ၊ လင်မယားဆိုတော့ ဒီလိုပေါ့''

''မထောင်းရရင်တော့ အသည်းယားလို့ ဆုံးမှာမဟုတ်တော့ဘူး။ မင်းစီစဉ် မပေးနိုင်ဘူးလား၊ ငါဒီတစ်ည ဆက်နေဦးမယ်လေ''

''ဒီလောက် ဖြစ်နေရင်လဲ စီစဉ်ပေးရမှာပေါ့၊ ကျွန်မအစီအစဉ်ကို စောင့်ကြည့်နေ၊ အခွင့်သာတာနဲ့ ဝင်ထောင်းပေတော့''

ထိုညအဖိုးကြီးရောက်လာသောအခါ သူတို့နေချင်သလိုနေကြပြီးနောက် မာဏဝိကာက ''ဆရာကြီး စောင်းမတီးတာ ကြာပြီ၊ ကျွန်မ က,လိုသည်၊ ဆရာကြီး စောင်းတီးပေး''ဟု ချွဲလိုက်သည်။

''မင်း က,မယ်ဆိုရင် တီးပေးမှာပေါ့ကွာ၊ မင်းရဲ့အလှကလေးကိုလဲ ကြည့်ရတာပေါ့''

''ဟင့်အင်း–ဟင့်အင်း၊ ကျွန်မ က,တာကို ဆရာကြီး မကြည့်ရဘူး၊ ရှက်တယ်''

''နို့ဘယ်လိုလုပ်ရမှာလဲကွယ်''

''မျက်နှာကို အဝတ်နဲ့စီးပြီး တီးရုံတီးပေးပေါ့''

''သဘောဗျား၊ သဘောဗျား''

ဤတွင် ပုရောဟိတ်ကြီးသည် စောင်းပညာရှင်ဖြစ်ကြောင်းလည်း သိလာရသည်။ မာဏဝိကာက အဖိုးကြီး၏ မျက်နှာကို အဝတ်ထူထူဖြင့် စည်းပေးသည်။ စောင်းသီးချင် တစ်ပုဒ်ကိုတီးသည်။ မာဏဝိကာမှုကားမက။

www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆုံး၍ အဖိုးကြီးက အဝတ်ကို ဖြုတ်မည်ပြုသောအခါ မာဏဝိကာက "ခဏနေပါဦး ဆရာကြီး၊ ခေါင်းပြောင်ပြောင်ကို အဝတ်နဲ့စည်းလိုက်တော့ မောင်းကြီးနဲ့ တူလို့ ကျွန်မ တစ်ချက်–နှစ်ချက်လောက် ထောင်းကြည့်ချင်လိုက်တာ"

"ဟဲ– ဟဲ၊ ကောင်းဗျား၊ ကောင်းဗျား၊ သဘောတော်အတိုင်းဗျား"

ဤတွင် မာဏဝိကာက ကျွန်ုပ်သို့ အချက်ပြလိုက်ရာ ကျွန်ုပ်သည် ပုန်းကွယ်ရာမှ ခြေသံမကြားအောင်ထွက်၍ ပုရောဟိတ်ကြီး၏ ဦးခေါင်းကို နှစ်ချက်ခန့် ထောင်းလိုက်၏။ ထောင်းရာ၌ သရော်မှု စိတ်ရင်းရှိခဲ့သော်လည်း ပညာရှိအဖိုးကြီးဖြစ်ပါလျက် ဤမှုကဲလွန်းရန်ကောဟု အထောင်းလွန်သွားသည်။ ဖူးဖူးရောင်သွားရှာသည်ဟူ၏။

ထို့ကြောင့် ပုရောဟိတ်ကြီး အော်မြည်ရှုံ့မဲ့ကာ "ရုပ်ရည်လေး နုနုနယ်နယ်နဲ့ လက်ကတော့ ကြမ်းလိုက်တာ၊ ဒါမင့်လက် မဟုတ်ဘူး"ဟု ပြောသည်။

"ကျွန်မလက်မဟုတ်လို့ ဘယ်သူ့လက် ရှိရဦးမှာလဲ၊ ဟောဒီမှာကြည့် ကျွန်မလက်၊ ကျွန်မလက်အစစ်ပါဘဲရှင့်"ဟု မာဏဝိကာကပြော၍ သူ့လက်ကို ပုရောဟိတ်ကြီး လက်အတွင်းသို့ ထည့်လိုက်သည်။ ထိုအချိန်တွင် ကျွန်ုပ်သည် ပုန်းကွယ်ရာသို့ ရောက်ရှိသွားပြီဖြစ်၏။ အဖိုးကြီးသည် မျက်နှာစည်းကိုဖြုတ်ကာ မာဏဝိကာကို ဖဝေဖဝါဖြင့် ကြည့်၍ ဦးခေါင်းကို ပွတ်သပ်ရင်းဖြင့် အခန်းတွင်းမှ ထွက်ခွာသွားသည်။

မိန်းမ၏ရင်ခွင်တွင် ဖယောင်းမှုဖြစ်သော ယောက်ျားမရှိ။ မိန်းမနှင့်တွေ့လျှင် ပညာရှိကြီးများပင် ကန်းကြကုန်၏ဟူသော စကားများမှာ မှန်လှပေစွ။ အကယ်၍သာ ယောက်ျားလက်ဟု မသက်ာ၍ အခန်းတွင်ဝယ်လိုက်ရှာခဲ့သော် ကျွန်ုပ်ကို တွေ့တော့မည် မုချဖြစ်၏။ သို့သော် ပုရောဟိတ်ကြီး ဖဝေဖဝါဖြင့်သာ အခန်းတွင်းမှ ထွက်ခွာသွားသည်။

## ရှေ့တော်သို့တစ်ဖန်

ခိုင်းစေရင်း တမန်ကိစ္စပြီးဆုံးကြောင်း လျှောက်တင်ရန်အတွက် ကျွန်ုပ်နှင့် ဦးရီးတော်အမတ်ကြီးတို့သည် ယခင်အတိုင်းပင် ဘုရင်မင်းမြတ်ရှေ့တော်မှောက်သို့ ဝင်ရောက်ကြ၏။

"ကိစ္စပြီးခဲ့ပြီလား မောင်သူရ"

"ပြီးစီးအောင်မြင်ခဲ့ပါပြီ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



''သင့်လှပေစွ၊ ရော့-ဟောဒီမှာ မောင်မင်းအတွက် ဆုငွေ''

ကျွန်ုပ်သည် ဘုရင်မင်းမြတ်ပေးအပ်သော အသပြာအိတ်ကို ဝမ်းမြောက်စွာ ခံယူလိုက်၏။

''ဤကိစ္စတွင် ငါနှင့်စပ်သမျှ အကြောင်းအရာများကိုတော့ လျှို့ဝှက်ထားရ လိမ့်မယ် မောင်မင်း''

''အဘယ်ကိစ္စကို လျှို့ဝှက်ရပါမည်နည်း အရှင်မြတ်''

''အလို-မေ့လွယ်လှချည့်လားကွယ်ရို၊ ယခု အသင်ဆောင်ရွက်ခဲ့တဲ့ ကိစ္စပေါ့''

''မှန်လှပါ၊ ကျွန်တော်သည် ဤကိစ္စကိုမသိ၊ အရှင်မင်းမြတ်၏ အဘယ် ကိစ္စကိုမျှလည်း ဆောင်ရွက်ခဲ့သူမဟုတ်၍ လျှို့ဝှက်ရန် မလိုအပ်ပါဘုရား''

''ရွှေ့-ကောင်းလိုက်တဲ့ လျှောက်တင်ချက်၊ မောင်မင်းလျှောက်တင်ပုံ ကောင်းလှသည့်အတွက် ထပ်၍ ဆုတော်ချလိုက်မည်၊ ရော့ယူပေတော့''

ဘုရင်မင်းမြတ်သည် လက်ဝတ်ရတနာတစ်ကွင်းကို ချွတ်၍ ဆုချလိုက်ပြန်သည်။ ကျွန်ုပ်အဖို့ ဝမ်းမြောက်မှု အထပ်ထပ်နှင့် ကြုံရသည်။ ကျွန်ုပ်စတင်ဆောင်ရွက်ခဲ့သော ကိစ္စကြောင့် ဘုရင်သည် ပုရောဟိတ်နှင့် နောက်အကြိမ်များ ကြွေအန်ကစားရာ၌ အနိုင်ချည်း ဖြစ်ပေါ်လာပြန်သည်ဟု ကြားရ၏။

## မာယာရှင်

ဤတွင် ကိစ္စအားလုံးပြီး ပြည့်စုံပြီဖြစ်၍ ဇာတ်လမ်းဆုံးပြီဟု ဆိုဖွယ်ရှိ၏။ သို့ရာတွင် ပုရောဟိတ်ကြီးကို ထောင်းခဲ့မိသည့်ကိစ္စကြောင့် မဆုံးသေးပါချေ။ ပုရောဟိတ်က မာဏဝိကာအပေါ်တွင် ယောကျ်ားတစ်ပါးနှင့် မသင်္ကာဖြစ်နေသော ကိစ္စတွင် မာဏဝိကာက မီးပုံဖြင့် သစ္စာဆိုမည်ဟု ဆိုသည်။ မီးပုံကိစ္စမှာ မာဏဝိကာ၏ အစီအစဉ်ဖြစ်၍ ပုရောဟိတ်အလိုသာဆိုလျှင် မသင်္ကာရုံမျှဖြင့်ပင် အမှတ်မဲ့နေကောင်း နေသွားမည်။

မာဏဝိကာ အစီအစဉ်ဖြစ်ကြောင်းမှာ နောက်တစ်နေ့တွင်ပင် အမျိုးသမီးကြီး ရောက်လာသောအခါ၌ မာဏဝိကာသည် သစ္စာဆို၍ မီးပုံသို့ခုန်ဆင်းမည်၊ ကျွန်ုပ်က ယင်းသစ္စာဆိုပွဲသို့ လာရောက်ရမည်။ မီးပုံသို့ မခုန်မီတွင် ကျွန်ုပ်က မာဏဝိကာကို ဝင်ဆွဲရမည်ဟု စကားထည့်လာသောကြောင့်ဖြစ်သည်။ ဤနည်းဖြင့် မာဏဝိကာ၏

www.burmeseclassic.com



အသက်ကို ကယ်ဆယ်ရမည်ဖြစ်၍ ကျွန်ုပ်သည် ယင်းသစ္စာဆိုပွဲသို့ မယောင်မလည် သွားရောက်ကာ လူတို့အကြားတွင် ရောနှောနေလိုက်၏။

မီးပုံကြီးဟိန်းနေအောင် တောက်လာသောအခါ မာဏဝိကာထွက်လာပြီးနောက် ''ကျွန်မသည် ပုရောဟိတ်ကြီးမှတစ်ပါး မည်သည့်ယောကျ်ားနှင့်မျှ မဖောက်ပြား မမှားယွင်းခဲ့ဖူးပါ၊ ဖောက်ပြန် မှားယွင်းဖို့ဝေး၍ ကျွန်မ၏အသားကို မည်သည့် သူစိမ်း ယောကျ်ားမျှ မထိကိုင်ခဲ့ဖူးပါ၊ ဤမှန်သော သစ္စာစကားကြောင့် ကျွန်မအား ဤမီးဘေးမှ ကင်းလွတ်ရပါစေသား''ဟု ဆိုကာ မီးပုံသို့ခုန်ချရန် ဟန်ပြင်သည်။

ထိုအခိုက်မှာပင် ကျွန်ုပ်သည် ပရိသတ်အကြားမှ ရုတ်ခြည်းထွက်ခွာပြီးနောက် မာဏဝိကာ၏ လက်ကိုဆွဲကိုင်ကာ ''အချင်းတို့၊ မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ၊ ဤမျှနုနယ်သော မိန်းကလေး တစ်ယောက်သည် မီးပုံတွင်းသို့ ခုန်ဆင်းရမည်ဆိုသည်မှာ မဖြစ်သင့်ပါ၊ မလုပ်ထိုက်ပါ''ဟု မှာထားသော စကားအတိုင်းပြောလိုက်ရာ မာဏဝိကာက ''ယခုကျွန်မ၏ လက်ကို သူစိမ်းယောကျ်ားတစ်ဦးက ဆွဲကိုင်လာသောကြောင့် ကျွန်မ၏ သစ္စာစကားပျက်သွားပါပြီ၊ ဒါကြောင့်မို့ ကျွန်မသည် မီးပုံအတွင်းသို့ မဆင်းဝံ့တော့ပါ''ဟု ဆက်၍ပြောသည်။

ဤမျှဖြင့် မာဏဝိကာ၏ မာယာမှာ ထင်ရှားသွားပြီဖြစ်၏။ ထို့ကြောင့် စောင့်ကြည့်နေသော ပုရောဟိတ်ကြီးက စိတ်ပျက်သောဟန်ဖြင့် ''ဤမိန်းမသည် မာယာ များလှစွာ၏၊ ကျွန်ုပ်အလိုမရှိတော့၊ ရိုက်ပုတ်ပြီးနှင်ထုတ်လိုက်ကြပေတော့''ဟု ပြောဆိုကာ ကျောခိုင်းသွားသည်။ ပုရောဟိတ်ကြီးက စွန့်ပစ်လိုက်လေပြီဖြစ်၏။ ထို့ကြောင့် မာဏဝိကာ သည်လည်းကောင်း သူ့အထိန်းတော် အမျိုးသမီးကြီးသည်လည်းကောင်း ကျွန်ုပ်ထံသို့ ရောက်လာကြတော့မည်မှာ သေချာသည်။

## အတိတ်ဇာတ်တော်

ဇာတ်တော်မှာ ဘုရားရှင် နတော်မူစဉ် ဗာရာဏသီဘုရင်ဘဝက ဖြစ်ခဲ့သော အတိတ်ဇာတ်တော်ဖြစ်၍ ဖြစ်ရပ်များအတန် ရှုပ်ရှင်းသော်လည်း ပစ္စုပ္ပန်ဆက်ဆက်တွင် အရပ်ဟတ္တဖိုလ်သို့ ရောက်လတ္တံ့သော တပည့်ရဟန်းတစ်ဦးကို သနားတော်မူသောကြောင့် လည်းကောင်း၊ အနာဂတ်သာသနာဝယ် ပရိယာယ်မာယာများတတ်လှသော အကြင် အမျိုးသမီးတို့နှင့် မိမိ၏တပည့်သားတို့အား ကင်းဝေးစေခြင်းအလို့ငှာ လည်းကောင်း၊ မိန်းမကြောင့် သောကပွားနေရသော ယင်းတပည့်ရဟန်းကိုအကြောင်းပြု၍ ဟောတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



အန္တိဘူတော အယံလောကော၊ အယံလောကော – ဤလောက အန္တဘူတော –အမိုက်တိုက်သာဖြစ်၏။ ။

(ငါးရာ့ငါးဆယ် ကေနိပါတ် အန္တဘူတဇာတ်တော်)

www.burmeseclassic.com

www.burmeseclassic.com



# အသောကဥယျာဉ်ဝယ်

[ ၁ ]

နေရာကလည်းလှ၏။ ပတ်ဝန်းကျင်ကလည်းလှ၏။ နေရာနှင့် ဝန်းကျင်လှသလောက် အသောကပင်တို့ကလည်း လှ၏။ ဤအပင်တို့၏ ဇာစ်မြစ်ဖြစ်သော ပွတ်အရပင် အသောကဥယျာဉ်ဟု အမည်ရခြင်းဖြစ်သည်။ ဂင်္ဂါဖြစ်ကမ်းမှ ဥတေနဘုရင် စည်းစိမ်ခံရာ ကိုယ်ပိုင်သီးသန့် ဥယျာဉ်တော်ပေတည်း။

အသောကရွက်ဖားဖားကြီးတို့သည် မိုးရာသီတွင် မိုး၏ဒဏ်ကို ယှဉ်၍ခံခဲ့ကြရရာမှ ဆောင်းနှင့်နွေဆိုလျှင် လန်းဆန်းမတ်ထောင်လာကြသည်။ ရွက်ဟောင်းတို့ကို မိုးနှင့် လေတို့က စွန့်ပစ်စေခဲ့ကြပြီးဖြစ်သည်။ ပင်စည်ပင်လုံးတို့မှာ သူ့ပင်ကို သဘာဝအတိုင်းပင် ချောမွတ်ပြေပြစ်၍ အကိုင်းအခက်တို့ဖြောင့်စင်းသည်။ ဝိုင်းဝိုင်းစက်စက် အရွက်ဖား ကြီးများမှာ အစိမ်းရောင်ဆိုသော်လည်း သာမန်အစိမ်းမဟုတ်၊ မြမြစိမ်းသည်။ ကြက်မောက်ပန်းပမာ နီရဲရဲတွင် အဝါရောင် ကလေးများတွဲ၍ အဆုပ်လိုက်အခဲလိုက် ရှိနေသော ပွင့်ဆုပ်ပွင့်ခိုင်များသည် အစိမ်းရောင် အရွက်ကြီးများကို အနားကွပ်ထားဘိသို့ ရှိသည်။ ထို့ကြောင့် မိုးရာသီကျူး၍ ဆောင်းဦးရာသီသို့ ရောက်လာပြီဆိုသည်နှင့် တစ်ပြိုင်နက် ဥတေနသည် အသောကကို သတိရလာမြဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်သည် အသောကသို့ စောစောထွက်ကြွလာလိမ့်မည်ဟု ဥယျာဉ်မှူး တွက်ဆ၏။ အကြောင်းမူကား သည်နှစ်တွင် မိုးဦးကောင်း၍ မိုးနှောင်းတွင် မုတ်သုံစောစော ပြေးသည်။ တိမ်ကင်းစင်သည်။ ထို့ကြောင့် ဥယျာဉ်ကို စောစောကပင် ပြင်ဆင်ထားသည်။ အမြင်မလှသော သစ်ရွက်သစ်ကိုင်းတို့ကို ပယ်ရှင်းသည်။ ဘုရင်ကြိုက်သော ပန်းမျိုးစုံတို့ တည်းခိုနန်းနှင့်ကျောက်ဖျာတို့တွင် အလိုက်သင့် ပြင်ဆင်ဆွဲချိတ်ထားသည်။ စည်းမျက်နှာ ကဲ့သို့ ညီညာပြီးသော မြေပြင်ကို မြက်တစ်ပင် ခဲတစ်လုံးမျှမရှိအောင် လှည်းကျင်းသည်။ အထူးသဖြင့် ပန်းရုံတို့ဝိုင်းကာထားသော ကျောက်ဖျာတည်းနန်းကို သတိပြု၍ ပြင်ဆင်သည်။ အကြောင်းသော်ကား ဥတေနသည် လှပစွာဆောက်လုပ်ထားသော ယာယီနန်းထက် သစ်ပင်ပန်းရုံတို့အောက်တွင် လွတ်လပ်စွာမွေ့ရသော ကျောက်ဖျာကို ပို၍ နှစ်ခြိုက်လေ့ရှိသောကြောင့်ဖြစ်သည်။

မျှော်လင့်ထားသည့်အတိုင်းပင် ဘုရင်သည် မည်သည့်ရက်တွင် ဥယျာဉ်မွေ့ ထွက်တော်မူမည့်အကြောင်း စောစောကပင် သတင်းရောက်ရှိလာ၏။ ထိုရက်တွင် ဘုရင်ကြွရောက်လာသောအခါ ဥယျာဉ်မှူးက ဥယျာဉ်တံခါးဝမှ ဆီးကြိုသည်။ ဥယျာဉ်တွင်းသို့ ဘုရင့်ရထား ဝင်သွားသောအခါ ဘုရင့်ကိုယ်ရံတော် နောက်လိုက် နောက်ပါများနှင့် ဥယျာဉ်မှူးတို့သည် ဥယျာဉ်ဝတွင် ကျန်ရစ်ခဲ့ကြသည်။ သူတို့သည် ဘုရင်ကို စောင့်ရှောက်ရင်းဖြင့် သင့်လျော်ရာပြင်ပတွင် နေကြရမည်ဖြစ်၏။ မြင်းနှစ်ကောင် က, သော ဘုရင့်ရထားပေါ်တွင် မိဖုရားလေးယောက်တို့ ပါရှိလာကြသည်ကို နောက်ပိုင်းမှ တွေ့မြင်လိုက်ကြရသည်။

ယင်းမိဖုရားတို့တွင် ကောသမ္ဗီ၏ နာမည်ကျော် မိဖုရားခေါင်ကြီးများ ဖြစ်ကြသော သာမာဝတီ၊ မာဂဏ္ဍီနှင့် ဝါသုလဒတ္တာတို့မပါ။ မြောက်မြားစွာသော မိဖုရားတို့အနက်မှ မွေ့လျော်မှုကိစ္စတွင် ဘုရင့်စရိုက်၊ ယောကျ်ားတို့အကြိုက်ကို အလိုက်သိတတ်လှစွာသော အချောအလှ လက်ရွေးစင်မိဖုရားငယ်တို့ဖြစ်ကြကြောင်း ဥယျာဉ်မှူးတို့ အကဲဖြတ်လိုက်မိကြ သည်။

သာမာဝတီသည် ပင်ကိုယ်ကပင် တရားအရေးဖြင့် ခပ်အေးအေးနေတတ်သော မိဖုရားဖြစ်ရုံမက၊ ယခုတလောတွင်မူ ဘုရားရှင်၏ သာသနာတော်သည် ကောသမ္ဗီသို့ တိုးဝင်လာ၍ ခုဇ္ဇုတ္တရာမှတစ်ဆင့် ဘုရားရှင်၏ တရားတော်ကို ကြားနာရသောအခါ တရားအရှင်တကယ့်သူတော်စင် ဘိက္ခုနီမကြီးပမာ ဖြစ်လာသည်ဟု ကြားသိနေကြ ရသည်။

ဟတ္ထိကန္တဆင်နိုင်မန္တန်ကို သင်ကြားလိုသည့် အရေးအခင်းတွင် ဥဇ္ဇေနီနိုင်ငံမှ ခိုးယူလာခြင်းဖြင့် မိဖုရားကြီးဖြစ်လာသော စန္ဒပဇ္ဇောတဘုရင်၏ သမီးတော်

www.burmeseclassic.com



ဝါသုလဒတ္တာမှာ နိုင်ငံကိစ္စ၊ နန်းတွင်းကိစ္စများတွင် အစီအမံအခန့်အခွဲကောင်းသောကြောင့် ဥတေနကိုယ်တိုင်ပင် လေးစားအပ်သော မိဖုရားကြီးဖြစ်သည်။

မာဂဏ္ဍီမှာ လှပါ၏။ ချောပါ၏။ ယင်းအချောအလှဂုဏ်ကြောင့်ပင် မိဖုရားဖြစ်လာခဲ့သော်လည်း ဝါစာကမ္မာ ထွေလာစကားတို့ဖြင့် ဘုရင်ကိုပင် နိုင်ချင်ကြက်ပြုလုပ်လိုသူ၊ အခြားမိဖုရားအားလုံးကို လွှမ်းမိုးလိုသူဖြစ်၏။

ထို့ကြောင့် သူတို့သည် အခမ်းအနားများတွင် ပွဲတက်မိဖုရားကြီးများဖြစ်ကြသော်လည်း စိတ်လွယ်ကိုယ်လွယ် ဥယျာဉ်မွေ့လိုသော ယခုလိုနေရာမျိုး၌ သူတို့မပါနိုင်။ စိတ်ကြိုက်လက်ရွေးစင် မိဖုရားငယ်လေးယောက်သာ ပါရှိလာသည်။

တောထဲတွင်မွေး၍ တောတွင်းသားကြီးဖြစ်ခဲ့သော ဤဘုရင်သည် စကားနည်း၍ အေးဆေးသယောင် အသွင်ရှိသော်လည်း မိန်းမနှင့်ပတ်သက်လာလျှင်မူ ကာမဂုဏ်လိုက်စားများသူ မိန်းမကြူးသူဟုသတင်းကြီးနေ၏။ ဤအကြောင်းကို တစ်နန်းတော်လုံး သိကြ၏။ အထူးသဖြင့် မိဖုရားများက ပို၍သိသည်။ ထို့ကြောင့် ဘုရင့်စရိုက်ကို အလိုက်သင့်အောင် ပြုစုကြရာ၌လည်းကောင်း၊ ဘုရင့်အကြိုက်ကို စရိုက်သင့်အောင် နေရာလုကြရာ၌လည်းကောင်း အစဉ်မပြတ်ဆိုသလိုပင် မိဖုရားများအတွင်း၌ ပြဿနာရှိသည်။ ယင်းပြဿနာတစ်ရပ်သည် ယခုပင် ပေါ်ပေါက်လာတော့မည်ဖြစ်၏။

ဥတေနဘုရင်သည် အဆင့်သင့် ခင်းကျင်းထားသောအပ်သော ကျောက်ဖျာဝယ် ပန်းရုံတို့အလယ်သို့ ရောက်လာသောအခါ အစောင့်အရှောက်တို့ ကွယ်သည်ဆိုကတည်းက လွတ်လပ်စွာ မြူးရွှင်လှုပ်ရှားလာကြသော မိဖုရားတို့၏အစီအစဉ်ဖြင့် စတင်မွေ့လျော်သည်။ မြူးတူးသည်။ ကယုကယင်တွံ့တင် ချစ်တင်းနှောသည်။ အသင့်ပါလာသော သေရည်နှင့် ဖွယ်ဖွယ်ရာရာ အာဟာရများကို စားသောက်သည်။

ကာမဂုဏ်အဆီတွင်နှစ်၍ သေရည်ယစ်လာသောအခါ ဘုရင့်မျက်လုံးများသည် မှေးမှုန်လာသည်။ ဤသည်ကို မိဖုရားတို့က အလိုက်သင့်စွာဖြင့် ဘုရင့်သလုံးနှင့် ညာလက်ရုံးတော်များကို ဖြည်းညှင်းစွာပွတ်သပ်ပေးရင်း တိုးညှင်းသော ဂီတသံကလေးများဖြင့် အချော့တော်ဆက်လိုက်ကြသောအခါ ဘုရင် အိပ်ပျော်သွားလေတော့သည်။

ဘုရင်သည် အနည်းဆုံး တစ်မောင်းခွဲ နှစ်မောင်းလောက်တော့ ကာမဂုဏ်အဆီပိတ်၍ အိပ်ပျော်လေတော့မည်ဟု သူတို့ခန့်မှန်းသည်။ သူတို့ လွတ်လပ်ချိန်ပင်ဖြစ်၏။ ဘုရင့်အနားမှာချည်း အပျော်တော်ဆက်၍ မနေချင်။ လှသော အသောကရိပ်သာဝယ် ဟိုဟိုသည်သည် လှည့်လည် ကူးသန်းရင်း ပန်းကလေးများကိုလည်း ရှူချင်–ဆွတ်ချင်–ချူချင်–ပန်ချင်ကြသည့် မိန်းမတို့၏ သဘာဝပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိဖုရားသုံးယောက်တို့သည် ဥတေနအနီးမှ ထွက်ခွာခဲ့ကြ၏။ တစ်ယောက်ကတော့ ဘုရင့်ခြေသလုံးကို ဖက်၍ အိပ်ချင်ပြုကျန်ရစ်ခဲ့သည်။ သူက သူတကာထက်ပို၍ ဘုရင့်အလိုအကြိုက်ကို အလိုက်သင့်ပေးတတ်သူဖြစ်သည်။ ဘုရင်ကလည်း သူတကာထက်ပို၍ သူ့ကို မျက်နှာသာအပေးခံရသူ ဖြစ်သည်။

ထိုအခိုက်တွင်မှ မလှမ်းမကမ်းရှိ မြင်သာသော အသောကပင်ကြီးတစ်ပင်၏ ခြေရင်းသို့ ရဟန်းတစ်ပါးရောက်ရှိနေသည်။ အခြားရဟန်းမဟုတ်၊ ရာဇဂြိုဟ်မြို့ပေါ်တွင် ကျောက်ဖျာကြီးကို ခြေမဖြင့်ညှပ်ကာ ဝဲ၍ပြခဲ့မှုကြောင့် တန်ခိုးတော်အရှင်အဖြစ် နာမည်ကြီးလှသော အရှင်မောဂ္ဂလာန်၏ တပည့် အရှင်ပိဏ္ဍောလဘာရဒ္ဒါဇ မထေရ်ပေတည်း။

[ ၂ ]

အရှင်မဟာကဿပတို့လို ကေစာသခင် တောရပုဂ္ဂိုလ်မဟုတ်ခဲ့သော်လည်း အရိယာအရှင်ရဟန္တာပင်ဖြစ်စေဦးတော့ ရဟန်းတစ်ပါး ဖလသမာပတ်ဝင်စားရန်၊ သို့မဟုတ် တစ်ပါးတည်း လွတ်လပ်အေးချမ်းစွာနေထိုင်ဖို့ရန်နေရာမှာ လွယ်ကူလှသည်မဟုတ်။ အကြောင်းမှာ သာသနာပေါ်ထွန်းစချိန်ခါဖြစ်၍ ဘုရားရှင်၏ ဆန္ဒတော်အရ ဒါယကာ ဒါယိကာမတို့နှင့် ဆက်ဆံရသော သာသနာပြုလုပ်ငန်း တာဝန်ကိုယ်စီရှိနေကြသောကြောင့် ဖြစ်သည်။ အခြားရဟန်းများကိုထားဦး၊ ဘုရားရှင်ကိုယ်တော်တိုင်ပင်လျှင် တရားဟောရာ၌ သာဓုခေါ်ကြသည့် ရနိုင်သမျှသောအချိန်ကလေးများကိုလှ၍ သမာပတ် ဝင်စားတော်မူရသည်။

ကောသမ္ဗီပြည် ပါဝါရိကာရုံကျောင်း၌ ဝါကပ်သီတင်းသုံးလျက်ရှိသော အရှင်ပိဏ္ဍောလအဖို့သည်၊ ဗုဒ္ဓဝတ်၊ သံဃဝတ်၊ အာစရိယဝတ်၊ သေနာသနဝတ် စသည့်တာဝန်တို့မှ ကင်းလွတ်ချိန်ကလေးများ၌ လွတ်လွတ်လပ်လပ် သမာပတ်ဝင်စားလိုသော တောအုပ်ဥယျာဉ်ဖြစ်သော်လည်း လူသူအဝင်အထွက် ကင်းဆိတ်လျက်ရှိသည်ကို သတိပြုခဲ့သည်။ အကြောင်းမှုကား မိုးများသော ဝါတွင်းသုံးလ မိုးသမယတွင် ဘုရင်အသုံးမပြု အားလပ်နေသောကြောင့်ဖြစ်၏။

ထို့ကြောင့် အခွင့်သာတိုင်း ဤဥယျာဉ်သို့ ဈာန်ဖြင့် ကြွရောက်၍ ကေစာရီ သီတင်းသုံးခဲ့သည်မှာ ကြာခဲ့ပြီဖြစ်၏။ ဘုရင့်ဥယျာဉ်ဖြစ်သည်ကို အရှင်မြတ်မသိ။ တိတ်ဆိတ်လွတ်လပ်သည်ကို အာရုံပြုသည်။

ယနေ့ ဘုရင်ရောက်ရှိနေသည်ကိုလည်း ကိုယ့်တရားအာရုံတွင်သာ ထုံ၍နေသော အရှင်မြတ်မသိ။ အမှန်သော် ယနေ့အဖို့ ဘုရင်၏ အလျင်စောစောကပင် အရှင်မြတ်ရောက်ရှိနေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားတို့သည် ပန်းရုံများအကြားတွင် တစ်ပင်ကျော်တစ်ချုံတွေ့ဖြင့် အရှင်မြတ်ကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရသောအခါ ပထမသော် အံ့အားသင့်ကြ၏။ ထို့နောက်တွင်မူ မကြာမီကမှ ကောသမ္ဗီသို့ ရောက်လာကြသော ဂေါတမဘုရားရှင်၏ တပည့်ရဟန်းတစ်ပါးမှန်း သိကြရသောအခါ ဝမ်းမြောက်ဝမ်းသာဖြင့် ဝိုင်းအုံလာပြီး ရှိခိုးကန်တော့ကြသည်။ အကြောင်းသော်ကား သူတို့သည် မိဖုရားကြီး သာမာဝတီ၏ အသိုက်အဝိုင်းမှ မိဖုရားငယ်များဖြစ်ကြလေရာ ဘုရားရှင်နှင့် ရဟန်းများကို ဖူးတွေ့လိုနေကြသောကြောင့် ဖြစ်ပေသည်။

အခိုင်းအစေဟုပင်ဆိုစေကာမူ မိခင်အရာ၌ ထားလာအပ်သော အထိန်းတော်ကြီး ခုဇ္ဇုတ္တရာမှတစ်ဆင့် ကြားနာရသော တရားတော်များအရ သူတို့သည် ဘုရားနှင့် သံဃာတော်များကို ဖူးတွေ့လိုနေသူများဖြစ်ကြ၏။ သို့ရာတွင် လိုလားဟန်မတူသော ဘုရင်၏ ချုပ်ချယ်မှုအရ ဖူးတွေ့ခွင့်မရကြသေး။ ယခုသော် မခေါ်ပင့်ချေ ဆိုသကဲ့သို့ အလိုက်သင့် တွေ့လာရသောကြောင့် ဝမ်းမြောက်ကြ၏။ ယခင်က သူတို့တွေ့ဖူးသော ရဟန်းဆိုသူတို့၏ အဝတ်အဆင်နှင့် ကွဲပြားခြင်း ကွာခြားနေသောကြောင့်လည်း ဘုရားရှင်၏ တပည့်သားတော်ဖြစ်ကြောင်း အကဲခတ်လိုက်ကြသည်။

''အရှင်မြတ်ဘုရား ။ ။ အရှင်ဟာ ဂေါတမ ဘုရားရှင်ရဲ့ တပည့် သံဃာတော်ပါလားဘုရား''

သူတို့၏ အသံကြောင့် အရှင်မြတ်သည် သမာပတ်မှ နိုးထကာ မှေးမှိတ်ထားအပ်သော မျက်လုံးများကိုဖွင့်၍ ကြည့်လိုက်သောအခါ ရိုသေစွာ ဒူးတုပ်ရှိခိုးလျက် ရှိကြသော မိဖုရားများကို မြင်ရသည်။

''တပည့်တော်တို့ဟာ ဥတေနဘုရင်ရဲ့ ကိုယ်လုပ်တော်မိဖုရားများ ဖြစ်ကြပါတယ်၊ အရှင်မြတ်ကို ဖူးတွေ့လိုလို့ ဝမ်းမြောက်လှပါတယ်၊ အခုလိုကြုံကြိုက်တုန်းမှာ တပည့်တော်တို့ကို တရားဒေသနာတစ်စုံတစ်ရာကို ဟောကြားတော်မူပါဘုရား''

''အဘယ်နှမတို့ ။ ။ သင်တို့ဟာ အချင်းချင်းအပေါ်မှာ မေတ္တာထားကြရမယ်၊ ကိုယ့်ထက်သာ မနာလိုဆိုတဲ့ ဣဿာတရားကို ပယ်ဖျောက်ကြရမယ်၊ ဝန်တိုမှု မစ္ဆရိယမှုလည်း ကင်းရှင်းသင့်ကြတယ်''

မိဖုရားများသည် မိမိတို့အကြောင်းကိုသိ၍ တိုက်ရိုက် ဟောကြားလိုက်သည့် အလား အံ့အားသင့်၍ အချင်းချင်းပင် ကြည့်လိုက်မိကြသည်။ အကြောင်းမှာ သူတို့သည် အချင်းချင်း ဂုဏ်ပြိုင်၊ နေရာပြိုင်၊ အနိုင်လုနေသူများဖြစ်ကြသည်။ ထို့ကြောင့် မိမိတို့အပြစ်ကို သတိရသောအနေဖြင့် သာဓုသုံးကြိမ်ခေါ်၍ ဦးချလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မှတစ်ပါး ယောက်ျားကင်းမဲ့သော ဤနေရာ၌ မိန်းမသံများ အကြားတွင် ယောက်ျားတစ်ဦး၏ အသံကို သဲ့သဲ့မျှကြားလိုက်ရသောအခါ နိုးတစ်ဝက်, ပျော်တစ်ဝက်နှင့် နိုးထ၍လာသူကား ဥတေနအနားတွင် ကျန်ရစ်ခဲ့သော မိဖုရားဖြစ်၏။ အသံကြားရာဆီသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ အသောကတစ်ပင်အောက်ရှိ ပျို့ရွယ်သော ရဟန်းတစ်ပါး ရှေ့တွင် ဝပ်တွားလျက်ရှိသော မိဖုရားများကိုမြင်ရ၍ ငါ့အကွက်ပေါ်လာပြီဟု ဝမ်းမြောက် လိုက်မိသည်။ အကြောင်းသော်ကား သူသည် ဂေါတမဘုရား သံဃာတော်များနှင့် ဆန့်ကျင်သော မိဖုရားကြီး မာဂဏ္ဍီ၏ အသိုင်းအဝန်းမှဖြစ်၍ ဥတေနဘုရင်သည် ဂေါတမဘုရားနှင့်သံဃာတော်များအပေါ်တွင် လိုလိုလားလားရှိလှသူ မဟုတ်ကြောင်း ကိုလည်း သိထားသူဖြစ်သည်။

ထို့ကြောင့် အခွင့်သာခိုက်တွင် ကုန်းတိုက် မျက်နှာလုပ်ရန်အတွက် ဘုရင့် မျက်နှာဆီသို့ ကြည့်လိုက်သောအခါ နှစ်နှစ်ခြိုက်ခြိုက် စက်တော်ခေါ်နေသည်ကို တွေ့ရ၏။ ဤမျှကိစ္စမှာ သူ့အဖို့ အရေးမကြီးလှ။ ပရိယာယ်ဖြင့် နိုးအောင် နှိုးလိုက်ရုံမျှ ဖြစ်၏။ ကြုံကြိုက်နေသာအဖြစ်ကို မလွှတ်ဖို့သာအရေးကြီး၏။ ထို့ကြောင့် ဖက်ထားသော ဘုရင့်သလုံးသားကို လူးလွန့်ချင်ပြု၍ ခပ်ကြမ်းကြမ်းလေး တိုးဝှေ့ပေးလိုက်သောအခါ အိပ်ပျော်ရာမှ ဘုရင်နိုးလာသည်။

နိုးသည်ဆိုလျှင်ပင် မိဖုရားများကို သတိရ၍ ကြည့်လိုက်သောအခါ မိဖုရား တစ်ယောက်ကိုသာ တွေ့ရ၍ ''ဟဲ့- ဟိုဟာမတွေ ဘယ်သွားကုန်ကြတုံး''ဟု မေးလိုက်သည်။

''ဘယ်သွားတယ်ဆိုတာ ဟောဟိုမှာသာ ကြည့်ပေတော့ အရှင့်သား။ အရှင့် နေရာတော်ကို ရဟန်းတစ်ပါးကျူးကျော်ပြီး ရောက်နေပါတယ်။ ကေန္တ ရှင်ဂေါတမရဲ့ တပည့်ရဟန်းဖြစ်မှာပါ။ အခုပဲ တဟီးဟီး တဟားဟားနဲ့ ရယ်ပွဲဖွဲ့နေတဲ့ အသံကို ကျွန်တော်မ ကြားလိုက်ရပါသေးတယ်''

''သယ်''

ဥတေနဒေါပွ၍ အိပ်ရာမှ ရုတ်ခြည်းထလာပြီဖြစ်၏။ လှမ်းကြည့်လိုက်သော အခါ ပျို့ရွယ်သော ရဟန်းတစ်ပါးရှေ့တွင် ဝိုင်းထိုင်ခစားလျက်ရှိနေသော သူ့မိဖုရားများ ကို မြင်ရ၍ သန်လျက်ကို ဆွဲလိုက်သည်။ ထို့နောက် သန်လျက်ကို ပြန်ချထားလိုက်ပြီး ကျောက်ဖျာမှဆင်း၍ ရဟန်းရှိရာသို့ အသော့လျှောက်သွားသည်။

ဤဘုရင်တွင် ရဟန်းနှင့်ပတ်သက်လာလျှင် မရှင်းမလင်းသော သဘောထား တစ်ရပ် ရှိနေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့မိခင်သည် ငှက်ဆင်အချီခံရပြီး သူ့ကိုတောအတွင်းမှာ မွေးခဲ့သည်။ တောတွင်းဝယ် ကံကောင်းကံမ အလ္လကပ္ပရသေ့ကြီးနှင့်တွေ့၍ သူတို့ကို ကယ်တင်စောင့်ရှောက်ခဲ့သည်။ တောတွင်းမှာပင် ကြီးပြင်းခဲ့ရသည်။ သူ့ကို ဆင်နိုင် ဟတ္ထိကမန္တန်ပေး၍ ဤမန္တန်ဖြင့်ပင် ကောသမ္ဗီကို အုပ်စိုးနိုင်ခဲ့သည်။ သူ့မိခင်သည် ရသေ့နှင့်ပင် လက်ဆက်ခဲ့သည်။

ဤနည်းဖြင့် ဘထွေးတော်စပ်လာခဲ့ရသော ရသေ့ကြီး၏ ကျေးဇူးတို့သည် ဆပ်၍မကုန်နိုင်လောက်အောင်ပင် တင်ရှိများပြားခဲ့သည်မှန်ပါ၏။ သို့ရာတွင် ရသေ့ရဟန်းဟူသည် တရားရှင်ဆိုသော်လည်း ကာမဂုဏ်ညွှတ်ကွင်းနှင့် မကင်းသေးသူ ပါတကားဟူသော အတွေးအသိမှာ ဖွင့်၍ပင်မပြောသော်လည်း သူ့သဘောတွင်မူ မရှင်းမလင်းရှိနေခဲ့၏။ ထို့ကြောင့် ရသေ့ရဟန်းနှင့်ပတ်သက်လာလျှင် ယုံရမလိုမယုံရမလိုနှင့် မသိနိုးနားနေခဲ့သည်သာများ၏။

ယခု၊ ရဟန်းတစ်ပါးက ကန့်သတ်ထားသော မိမိနယ်ပယ်ကို ကျူးကျော်ဝင်ရောက်လာရုံမက မိဖုရားများ၏ ပူဇော်ယယမှုခံနေသည်ကို ကြုံတွေ့လာရသောအခါ ပထမသော် ရုတ်ခြည်းထွက်လာသော ဒေါသဖြင့် ရဟန်းကို အသေသတ်ပစ်လိုက်မည်အထိ ကြံစည်လိုက်၏။ သို့သော် ရသေ့ရဟန်းဟူသည် ကျေးဇူးရှင် အနွယ်တကားဟူသော အသိတရားက တားမြစ်လိုက်သောကြောင့် ဤရဟန်းကို နောင်ကြဉ်အောင်တော့ ဆုံးမလိုက်မည်ဟု တစ်ထစ်လျှော့၍ ရဟန်းဆီသို့ အသော့ထွက်လာခဲ့သည်။

ဥတေနသည် တောတွင်းမှာ ကြီးထွားလာခဲ့ရသူဖြစ်သည့်အတိုင်း ဇီဇအားဖြင့် အင်အားကောင်းသူဖြစ်၏။ ထို့ကြောင့် ဤရဟန်းလောက်ကိုတော့ အလွယ်ကလေး ဖော့ရမ်းနှိပ်စက်နိုင်လိမ့်မည်ဟု သူထင်သည်။ သို့သော် ရဟန်းအနီးသို့ ရောက်ခါနီးသောအခါ အသောကပင်တစ်ပင်မှ တွဲလောင်းကျလျက်ရှိသော ခါချဉ်အုံအကိုင်းကြီးကို အလိုက်သင့်တွေ့ရသောကြောင့် ခါချဉ်စာကျွေးလိုက်မည်ဟု သဘောထား ပြောင်းလိုက်သည်။

အရှင်ပိဏ္ဍောလအနီးမှ မိဖုရားများသည် မဟားတရားလျှောက်လာသော ဘုရင်ကို လှမ်းမြင်ရသည်နှင့် တစ်ပြိုင်နက် ဥတေနအနီးသို့ အပြေးကလေး ရောက်လာကြကာ "မောင်တော်ဘုရား၊ ဘယ်လိုဖြစ်လာရပါသလဲဘုရား"ဟု ဝိုင်းဖက်ယုယကြသည်။ စင်စစ်သော် ဘုရင်ဘယ်လိုဖြစ်လာသည်ကို သူတို့သိလိုက်ကြပြီဖြစ်၏။ ဥတေနနောက်ပါးမှ လိုက်လာသော မိဖုရားက ပွဲကြီးပွဲကောင်းတစ်ရပ်ကို တွေ့ရတော့အံ့ဟု ပြုံးပြုံးကြီး လှမ်းကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခါချဉ်ကိုင်းကြီးကို ဥတေနလှမ်းဆွဲ၍ ချိုးလိုက်သည်။ သို့သော် ခါချဉ်ကိုင်းက အလိုက်သင့်ပါ၍မလာ၊ ဒေါသလှုပ်ရမ်းမှုကြောင့် ခါချဉ်အုံကြီးသည် ဥတေနကိုယ်ပေါ်သို့ တည့်တည့်ကြီး ကျရောက်လာလေတော့ရာ ဖွဲ့တောင်းကို မှောက်ချလိုက်သကဲ့သို့သော ခါချဉ်များက ဥတေနကိုယ်လုံးကို ဝိုင်းအုံကိုက်ခဲကြလေတော့သည်။ ရဟန်းရှင် တစ်ပါးကို ပြစ်မှားတော့အံ့သော မကောင်းမှုအကျိုးသည် ချက်ချင်းပင် ကျရောက်လာ၏။ ဤမျှ မကသေးပေ။

သူတော်ကောင်းတစ်ပါးအား ပြစ်မှားတော့မည်ကိုသိသော မိဖုရားများ၊ ကာမဂုဏ် မွေ့ရာ၌ မိမိတို့အပေါ်တွင် အကျွမ်းဝင်လွန်းမှုကိုသိ၍ မလေးစားကြသော မိဖုရားများက ခါချဉ်များကို ဝိုင်းပယ်ပစ်သယောင်နှင့် ခါချဉ်ကောင်အထွေးများကို သစ်ရွက်ဖြင့်ယူ၍ ဥတေနအပေါ်သို့ ပစ်ချကြလေသေးသည်။

မိန်းမတို့မည်သည် လေးကျွန်းသနင်း စကြဝတေးမင်းကြီးပင် ဖြစ်စေဦးတော့ မိမိတို့နယ်ပယ်သို့ ပယ်ပယ်နယ်နယ် သက်ရောက်လာပြီဟု သိသည်နှင့် တစ်ပြိုင်နက် မထီမဲ့မြင်ပြုတတ်ကြသည်ဟု ဒေသနာတော်ရော နီတိကျမ်းဂန်များကပါ အဆိုရှိသည်။ မှန်၏။ အခွင့်သာခိုက်၌ ဤသို့ပြုလိုက်ရခြင်းဖြင့် သူတို့အဖို့ ပျော်ပွဲတစ်ရပ်ပမာ ဖြစ်လာခဲ့ပေသည်။

မိမိထံသို့ ရောက်မလာ၊ လမ်းခုလတ်တွင် ယင်းသို့သော ရုတ်ရုတ်သဲသဲ အဖြစ်ကို တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက်ပင် မိမိထံသို့ ရောက်လာခဲ့သည့် ဤဘုရင်အဖို့ အကုသိုလ် တိုးပွားသည်ထက် တိုးပွားတော့အံ့ တကားဟု မေတ္တာသခင် အရှင်ပိဏ္ဍောလ ဘာရဒွါဇသည် ကောင်းကင်ခရီးဖြင့် ရုတ်ခြည်းထွက်ကြွတော်မူလာခဲ့ပြီ ဖြစ်၏။

ဥတေနဘုရင်နှင့် မိဖုရားတို့အဖို့ ယင်းသို့ ကောင်းကင်ခရီးဖြင့် ကြွချီမြင့်တက် သွားသော အရှင်မြတ်ကို လှမ်းမျှော်ရှုကြည့်ရင်း အံ့အားအသင့်ကြီးသင့်၍ ကျန်ရစ် ခဲ့ကြသည်။

[ ၃ ]

ပညာသတိမကင်းသော ဥတေနဘုရင်သည် မိမိအမှားကိုသိမြင်၍လာကာ မိဖုရား တစ်ယောက်အား ချက်ချင်းပင် ဥယျာဉ်မှူးကိုအခေါ်ခိုင်းစေလိုက်၏။ ဥယျာဉ်မှူး ရောက်လာလျှင် ဘုရင်က ''အခုန ကောင်းကင်ခရီးနဲ့ ကြွသွားတဲ့ ရဟန်းကို မြင်လိုက်ရ ရဲ့လား''ဟု မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြင်လိုက်ပါတယ်ဘုရား"

"ဒီဥယျာဉ်ကို ဒီလိုပဲ ကြွလာတတ်သလား"

"ရံဖန် ကြွလာတတ်ကြောင်းပါ"

"ဘယ်က ရဟန်းလဲ"

"အရှင့်နိုင်ငံတော် ကေသမ္ဗိမှာပဲ သီတင်းသုံးပါတယ်။ ရှင်ဂေါတမရဲ့ တပည့်ရဟန်းတော်ပါ"

"အသင်နဲ့ သိသလား"

"ရံဖန်ဆွမ်းလောင်းဖူးလို့ သိကြောင်းပါအရှင်၊ ရာဇဂြိုဟ်မှာ တန်ခိုးအရာ ကျော်ကြားခဲ့တဲ့ အရှင်ပိဏ္ဍောလဘာရဒွါဇပါ"

"ဩော် – အရှင်ပိဏ္ဍောလဆိုတာပေကိုး၊ ကောင်းပြီ ဥယျာဉ်မှူး၊ နောက်တစ်ကြိမ် အရှင်မြတ်ကြွလာလျှင် ငါ့ထံ ချက်ချင်းအကြောင်းကြားလှည့်၊ ငါဖူးတွေ့ချင်တယ်"

"အမိန့်တော်မြတ်အတိုင်းပါဘုရား"

ကြာကြာမစောင့်ရ။ ရက်အနည်းငယ်မျှတွင်ပင် အရှင်ပိဏ္ဍောလကြွလာပြန်ပြီ ဖြစ်၏။ ဥယျာဉ်မှူးက အရှင်ပိဏ္ဍောလကို အကျိုးအကြောင်း လျှောက်ထားပြီးနောက် အမိန့်တော်အတိုင်း ဘုရင့်ထံသို့ သွားရောက်လျှောက်ထားသောအခါ တစ်ခါရောက် လာသည်မှာကား ပညာရှိအမတ်များ ကိုယ်ရံတော်များနှင့်အတူဖြစ်၏။ ထို့ပြင် ယခင် တစ်ခါကလို ဒေါသရိပ်ငွေ့မပါတော့။ ခပ်လှမ်းလှမ်းကပင် အရှင်မြတ်ကို ရှိခိုး၍ ချဉ်းကပ်လာသည်။

ဘုရင်သည် ယခင်တစ်ကြိမ် တွေ့ရစဉ်ကတော့ ကိလေသာအဆိပ်နှင့် ဒေါသစိတ်ကြောင့် ကြည်ညိုရမည် မကြည်ညိုရမည်ကို မဝေခွဲနိုင်ခဲ့။ ယခုသော် အရှင်မြတ်၏ ကြည်လင်သော ရုပ်လက္ခဏာနှင့် သိမ်မွေ့သော ဣန္ဒြေတို့ကို ကြည့်၍ တန်ခိုးရှင်တစ်ပါးမျှသာမက ကေန္တရဟန္တာတစ်ပါးပေပဲဟု ဆုံးဖြတ်လိုက်နိုင်သည်။

"အရှင်ဘုရား ။ ။ မသိ၍ မထီမဲ့မြင် ပြုမိခဲ့သော တပည့်တော်၏ အပြစ်ကို သည်းခံခွင့်လွှတ်တော်မူပါ"

"သာဓု – သာဓု မဟာရာဇ ။ ။ ငါတို့သည် အစဉ်ပင် သည်းခံခွင့်လွှတ်သူ များ ဖြစ်ကြပါသည်၊ ငါတို့ဆရာ ဘုရားရှင်ကလည်း သည်းခံခွင့်လွှတ်ရန် ဆုံးမထား ပါသည်၊ ငါတို့သည် ဆရာဘုရား၏ စကားကို အစဉ်လိုက်နာသူများ ဖြစ်ကြပါသည်"

www.burmeseclassic.com

www.burmeseclassic.com



သည်းခံပါ၏ဆိုလျှင် ပြီးပါ၏။ သို့ရာတွင် ကောသမ္ဗီ၌ ဘုရားရှင်နှင့် မိမိတို့ သာသနာပြုရသည်မှာ ခက်ခဲကြမ်းတမ်းလှစွာ၏။ မာဂဏ္ဍီ၏အစီအစဉ်ဖြင့် ဆဲရေး တိုင်းထွာ ရင်ဆိုင်ပြုမူလာသည်အထိကိုပင် သည်းခံကြရသည်။ သူတော်ကောင်း ရသေ့ဖြင့် ဆက်နွယ်လာသည်ဆိုသော ဤဘုရင်သည် မသိကျိုးကျွန်ပြု၍ ဆဲနေဆဲ ဖြစ်၏။ သူတော်ကောင်း ရသေ့ငါးရာတို့ဖြင့် တရားစရိုက် အခြေစိုက်ခဲ့သော ကောသမ္ဗီ ဖြစ်ပါလျက် ဂုဏဝဏ္ဏေပဿန္တိနော–ဟု ဟောတော်မူသကဲ့သို့ တန်ခိုးကြီးသော မိဖုရား မာဂဏ္ဍီ၏ အလိုသို့လိုက်ကာ ကောသမ္ဗီပြည်သား ဒါယကာများတို့သည် ဘုရားရှင်နှင့် မိမိတို့ကို ဆန့်ကျင်နေကြဆဲပင်ဖြစ်၏။ သို့ဖြစ်၍ ဆရာဘုရားနှင့် တရားတော်တို့ သတိရကြစေရန် ဘုရားရှင်ကိုရှေ့တင်၍ တမင်မိန့်ကြားလိုက်ခြင်း ဖြစ်ပေသည်။

''အရှင်ဘုရား ။ ။ ဂေါတမဘုရား၏ တပည့်သားသံဃာတို့တွင် ပျိုပျို ယယ်ယယ် အရွယ်ကောင်းသော ရဟန်းများ အမြောက်အများ ရှိသည်ဟု ကြားသိရပါသည်။ သူတို့သည် မိန်းမတို့အာရုံ ကာမဂုဏ်တရားကို မလိုက်စားဘဲ နေနိုင်ကြပါသလား''

ဥတေန၏ အမေးတွင် တမြန်နေ့က သူတွေ့ကြုံခဲ့သော ကာမဂုဏ် အရေးအခင်းများ ပါရှိနေပုံကို အရှင်မြတ်ရိပ်စားမိလိုက်၏။ တစ်ကြောင်းမှာလည်း ဗြာဟ္မဏတို့ အစဉ်အလာ စွဲမက်ချက်ဖြင့် ပထမအရွယ်တွင် ပညာ၊ ဒုတိယအရွယ်တွင် ဥစ္စာ၊ တတိယအရွယ်ကျမှ ဘာဝနာဟူသော စကားအရ အများအားဖြင့် သူတို့ တွေ့ကြုံခဲ့သော ရသေ့ရဟန်းများမှာ သက်ကြီးရွယ်လွန်များ ဖြစ်ကြရာက ဘုရားရှင် သာသနာတော်မှ ရဟန်းပျိုများကို တွေ့ရသောအခါ ကိလေသာ ဓမ္မဖြင့် သံသယ ရှိနေသည်ကို အရှင်မြတ်သိရှိသည်။ ယမန်နေ့ပင် မိမိအပေါ်၌ သူ၏ မိဖုရားများဖြင့် သံသယထားခဲ့ပြီ မဟုတ်ပါလော။

''မဟာရာဇ ။ ။ ငါတို့ဆရာဘုရားက ဒါယိကာမများနှင့် မလွှဲမရှောင်သာ ဆက်ဆံလာရပါက နှမအရွယ်ကို နှမ၊ အမိတန်လျှင် အမိ၊ သမီးအရွယ်ကို သမီးဟု သဘောထား ဆက်ဆံရမည်ဟု ဆုံးမတော်မူပါသည်။ ငါတို့သည် ဤအဆုံးအမ အတိုင်း လိုက်နာကျင့်သုံးကြပါသည်''

''အရှင်ဘုရား ။ ။ စကားကတော့ လှပါ၏။ သို့ရာတွင် စိတ်ဟူသည် လော်လီဖောက်ပြား ကာမဂုဏ်တရားတို့အပေါ်၌ ပြေးလွှားရစ်ပတ်တတ်ပါသည်။ မိခင်အရွယ် သမီးအရွယ်တို့ကို ထားဦးတော့၊ လှပပျိုငယ်တန်းတူအရွယ် မိန်းမများကို တွေ့လျှင်တော့ ဖောက်ပြားလာနိုင်ဖွယ်ရှိပါသည်။ မဖောက်ပြားစေရန် အရှင်ဘုရားတို့ တွင် အခြားတရားများ ရှိပါသေးသလား''

www.burmeseclassic.com

www.burmeseclassic.com



"ရှိပေ၏။ မဟာရာဇ ။ ။ ငါတို့သည် ရဟန်းပြုစကပင်လျှင် အပုပ်ကောင်ကို ရုပ်ဆောင်၍ ထားအပ်သော သုံးဆယ့်နှစ်ကောဋ္ဌာသ ဤခန္ဓာကိုယ်အပေါ်၌ ထိုးထွင်းသတိဖြင့် ရှုကြည့်သိမြင်နိုင်ကြရန် ဆံပင်၊ မွေးညင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေတည်းဟူသော တစပဉ္စက ကမ္မဋ္ဌာန်းကို အစပြု၍ သင်ကြားထားအပ်ပြီး ဖြစ်ပါသည်။ တပည့်သားရဟန်းတို့သည် ဤအဆုံးအမအတိုင်း မည်သည့် မာတုဂါမ အာရုံနှင့် ဆုံလာသည်ဖြစ်စေ တရားသတိဖြင့် သိရှိနေထိုင်ကြပါသည်"

ဤမျှဖြင့်လည်း မိန်းမလိုက်စား ကာမဂုဏ်များသော ဘုရင်အဖို့ ဘဝင်မကျနိုင်သေးပေ။

"အရှင်ဘုရား ။ ။ တရားသတိရှိနေသူများအဖို့တော့ အရှင်ဘုရားပြောတာ မှန်ပါလိမ့်မည်။ ရှုမှတ်မှု အသားမကျသေးသူများမှာတော့ ရှုမှတ်ရင်းနှင့်ပင် အသုဘကို သုဘဟု ထင်မြင်လာတတ်ကြပါသည်၊ ဆင်ခြင်ဖို့ အခြားတရားများ ရှိပါသေးသလား"

"ရှိပါသေးသည် မဟာရာဇ ။ ။ မဆင်ခြင်နိုင်မှုဟူသည် စက္ခုသောတ စသည့် မိမိခန္ဓာရှိ အခံဓာတ်ခြောက်ပါးတည်း ဟူသော တံခါးခြောက်ပေါက်တို့မှ အတိုက်ဓာတ်ဟူသည့် ရူပါရုံ သဒ္ဒါရုံစသော အာရုံခြောက်ပါးတို့ ဝင်ရောက်လာသည်ကို လက်ခံသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် ဘုရားရှင်က မိမိ၏ ခန္ဓာတံခါးများကို ပိတ်ထားကြရမည်ဟု ဝိနည်းသိက္ခာပုဒ်မျိုးစုံ ဓမ္မအဖုံဖုံဖြင့် ကွပ်ညှပ်ဆုံးမတော်မူသည်။ ယင်းဆုံးမချက်အတိုင်း ရဟန်းတော်တို့ လိုက်နာကျင့်သုံးကြပါသည်"

"အရှင်မြတ်ဘုရား ။ ။ ဂေါတမဘုရား၏ အဆုံးအမတော်များသည် ကောင်းမွန်လှပါပေ၏။ ဆုံးမချက်အတိုင်းလည်း တပည့်ရဟန်းတို့လိုက်နာ ကြပေသည် ဟု အရှင်ဘုရားကို ကြည့်၍ တပည့်တော် ယုံကြည်ပါသည်။ တပည့်တော်မှာ ရာဂတရား နှိပ်စက်ခံရသူများသူဖြစ်၍ ဤသို့အထပ်ထပ် လျှောက်ထားမိခြင်းဖြစ်ပါသည်။ တပည့်တော်အား ယနေ့မှစ၍ အရှင်မြတ်တို့၏ ဥပါသကာ တစ်ဦးအဖြစ် သိမှတ်တော်မူပါဘုရား"

"သာဓု - သာဓု - သာဓု မဟာရာဇ"

ဥတေနဘုရင်နှင့် အမတ်များ သရဏဂုံ ဆောက်တည်ကြ၏။ ယင်းသို့ဖြင့် ကောသမ္ဗီ သာသနာတော်သည် ရန်ငြိုးရှင် မာဂဏ္ဍီကြောင့် အစမကောင်းခဲ့သော်လည်း ဘုရင်ကိုယ်တိုင်သက်ဝင်လာမှုကြောင့် အနှောင်းကောင်းလာခဲ့သည်။ ဤမျှမက သာမာဝတီစသော တရားရှင် မိဖုရားတို့အဖို့ ဘုရားရှင်နှင့် သံဃာတော်များအား

www.burmeseclassic.com



ဖူးမြင်ခွင့်ရရုံကလေးနှင့်ပင် တံခါးများ ဖောက်၍ တိတ်တခိုးဖူးမြင်ခဲ့ကြရာက နောက်ပိုင်းတွင်မူ ဘုရားရှင်နှင့် သံဃာတော်တို့၏ သက်နီးရောင်တို့ဖြင့် လွှမ်းဖုံးအပ်သောနန်းတော်ဖြစ်လာသည်။ ။

www.burmeseclassic.com

www.burmeseclassic.com



# မယားကာက လင်ကာက

## သမာပတ်

ယောဂီရသေ့ရဟန်းတို့အဖို့ တရားအရသာဟူသည် မိမိတို့ကြိုးပမ်းနိုင်သလောက် ရရှိလာအပ်သော အဆင့်များအရ တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်ချမ်းသာကြ၏။ လောကီနယ်ပယ် သမာဓိစျာန် အဆင့်တွင် ပထမစျာန်အရှင်ထက် ဒုတိယစျာန်ပိုင်ရှင်က ပို၍ချမ်းသာ၏။ ဒုတိယစျာန်ထက် တတိယ၊ စတုတ္ထစျာန်စသည်ဖြင့် လောကီစျာန် နယ်ပယ်အဆုံးဖြစ်သော နေဝသညာ နသာညာယတနအဆင့်ထိ ချမ်းသာနိုင်ကြသည်။

လောကုတ္တရာနယ်ပယ်တွင်လည်း သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ နောက်ဆုံး အရဟတ္တဖိုလ်အထိ၊ တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက် ချမ်းသာလာကြသည်။

သို့ရာတွင် ယင်း 'ချမ်းသာ' ဟူသည်ကို မိမိတို့သိရှိထားသော ချမ်းသာ ဟူသမျှနှင့် နှိုင်းရှည့်ကာ တွေးရုံသာ တွေးကြည့်လေ့ရှိသော လူသာမန်တို့ မသိနိုင်၊ ဆိုင်ရာတရားအလုပ်ကို ကျားကုပ်ကျားခဲလုပ်၍ အဆင့်အလျောက် ရောက်ရှိ ရရှိလာမှသာ သိနိုင်–ခံစားနိုင်သော 'ချမ်းသာထူး'များ ဖြစ်ကြသည်။ နိဗ္ဗာန်ဟူသည်ကား – ချမ်းသာ ထူးများမက သူကထက်လွန်မြတ်သည့် ချမ်းသာဟူ၍ မရှိတော့သော ချမ်းသာမွန်– ချမ်းသာချွံပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



မင်းဟူသည် စည်းစိမ်ကြီးသည်ဆိုသော်လည်း မင်းစည်းစိမ်ဟုဆိုအပ်သော မွန်မြတ်သော အိပ်ရာ၊ မွန်မြတ်သော အရသာ၊ စောင်းညှင်းပတ်သာ ခြွေရံသင်းပင်း စသည်တို့ဖြင့် အစဉ်ခံစားနေသည်မဟုတ်သကဲ့သို့၊ အဆင့်မြင့်တရားရှင်တို့သည်လည်း ဖော်ပြပါ မိမိတို့ရရှိရောက်ရှိအပ်သော တရားသီး တရားပွင့်များကို အစဉ်ခံစားနေနိုင်ကြသည်မဟုတ်၊ ဆရာကိစ္စ၊ တပည့်ကိစ္စ ကျောင်းကန်ကိစ္စ၊ ဒါယကာ - ဒါယိကာမတို့ ကိစ္စ စသော သာသနာရေးကိစ္စတာဝန်များ ရှိနေကြသေးလေရာ ယင်းကိစ္စတို့ ကင်းဆိတ်သည့်အခါမှသာ မိမိတို့ တရားသီး တရားပွင့်များကို ခံစားခွင့်ရကြ၏။ ယင်းကို သမာပတ် ဝင်စားသည်ဟု ခေါ်သည်။

ယင်းသို့၊ လောကီဈာန်အရှင်တို့ အဆင့်ဆင့် ခံစားဝင်စားသည်ကို ဈာန်သမာပတ်ဟု ခေါ်၍ လောကုတ္တရာဈာန် အဆင့်ဆင့် ဝင်စားသည်ကို ဖလသမာပတ်ဟုခေါ်သည်။

ဈာန်သမာပတ်၊ ဖလသမာပတ် တို့ထက်မြင့်သော သမာပတ်အဆင့် တစ်ဆင့် ရှိပေသေး၏။ အားလပ်ခွင့်ကြုံသောအခါ နှစ်ရက်အထိ အချိန်ယူ၍ စိတ်၊ စေတသိက်တည်းဟူသော နာမ်တရားတို့ကို ပင်ချုပ်ငြိမ်းစေကာ သဉပါဒိသေသနိဗ္ဗာန် ဟုခေါ်သည့် နိဗ္ဗာန်ချမ်းသာကြီးကို ခံစား-ဝင်စားအပ်သော နိရောဓသမာပတ်ပေတည်း။

အချိန်အခွင့်သာ ရရှိခဲ့ပါသော တရားသခင်အရှင်မြတ်တို့သည် ယင်း ဖလသမာပတ်၊ နိရောဓသမာပတ်တို့ကို နိယံမလပ် မပြတ်ခံစားလိုကြသည်သာဖြစ်၏။ သို့ရာတွင် အချိန်အခွင့် မသင့်သည့်ကသာများသောကြောင့် အချိန်အခွင့် သင့်သည်နှင့် တစ်ပြိုင်နက် အချိန်လု၍ ခံစားကြရသည်။

သာသနာတော် ကိစ္စများဖြင့် အစဉ်လိုလိုပင် မအားမလပ်လုသော ဘုရားရှင်သည် တရားဟောခိုက် သာဓုခေါ်ကြသော အချိန်အားကလေးကိုပင်လျှင် လု၍ယူကာ သမာပတ်ဝင်စားတော်မူရသည်။ ရံဖန် ဂိဇ္ဈကုဋ်စသော တော, တောင်, ဂူလိုဏ်တို့သို့ ရှန်းထွက်၍ ခံစားတော်မူရ၏။ သည့်ထက်ပင် မအားလပ်ပြန်သောအခါ ဇေတဝန်၊ ဝေဠုဝန်တို့မှာပင်ဖြစ်စေ၊ မိမိသီတင်းသုံးသော ဂန္ဓကုဋ်သို့ မည်သည့် အကြောင်းနှင့်မျှ မလာကြရဟု တပည့်ရဟန်းတို့ကို အမိန့်ဖြင့် တားမြစ်ကာ တရားသက် ဝင်ရသည်များပင်ရှိသည်။

ဘုရားရှင်ကဲ့သို့ပင် သာသနာ့တာဝန်များပြားလှသော လက်ျာတော်ရံ အရှင်သာရိပုတ္တရာသည်လည်း ဘုရားရှင်အလားတူ အချိန်လုရသူဖြစ်၏။ တစ်ချိန်တွင် ဘုရားရှင်ကျောင်းတော်အနီး၌ အချိန်ကလေးလု၍ သမာပတ်ဝင်စားခိုက်တွင် မိမိအနီးသို့ ဘုရားရှင်ကြွလာတော်မူသည်ကိုပင် မသိလိုက်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဠုဝန်တွင် သီတင်းသုံးခိုက်၊ အချိန်ရ၍ ခုနစ်ရက်တိုင်တိုင် နိရောဓ သမာပတ် ဝင်စားတော်မူသော အရှင်သာရိပုတ္တရာသည်၊ အချိန်စေ့၍ သမာပတ်မှ ထတော်မူသော အခါ နိရောဓ သမာပတ်မှ ထသော အရှင်တို့ ရှုကြည့်တော်မူမြဲအတိုင်း မည်သည့် သတ္တဝါကို ချီးမြှင့်ရပါအံ့နည်းဟု ရှုကြည့်တော်မူသောအခါ ရာဇဂြိုဟ်ပြည်အစွန် ဆင်းရဲသားရပ်ကွက်မှ ကာကဝလိယ၊ သို့မဟုတ် မယားကာက လင်ကာကတို့ကို မြင်တော်မူ၏။

လှူဖို့ရန် အချိန်အခါသင့်ခြင်း၊ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ လှူအပ်သော ပစ္စည်း၏ စင်ကြယ်ခြင်း၊ နိရောဓသမာပတ်မှ ထစ အရှင်ကောင်းကို ပေးလှူရခြင်း၊ ဤအင်္ဂါလေးရပ်နှင့် ပြည့်စုံခဲ့သော် ထိုအလှူသည် အကျိုးကြီးပေးနိုင်၏။ သို့သော် ပစ္စုပ္ပန်ဆတ်ဆတ်တွင် မျက်လှည့်ပြသလို အကျိုးပေးရန်ကတော့ အလှူရှင်မှာ ပုဗ္ဗေစ ကတပုညာ – ရှေးကပြုခဲ့ဖူးသော ကောင်းမှု အဆောက်အဦရှိထားဖို့လိုသည်။

ခုနစ်ရက်တိုင်တိုင် အာဟာရ ကင်းပြတ်ခြင်းဖြင့် နိရောဓ သမာပတ်မှ ထတော်မူကာ ဆွမ်းခံကြွလာသော အရှင်အား ဆွမ်းလှူရခြင်းဟူသည် ထို့ထက်အချိန်အခါ သင့်လျော်မှုဟူ၍ ရှိနိုင်ဦးအံ့လော။ မယ်ကာကတို့သည် သဒ္ဓါတရားနှင့် ပြည့်စုံသူများ ဖြစ်ကြ၏။ သဒါရှိသော်လည်း ပစ္စည်းမရှိလေသောအခါ ရှိတတ်သမျှသော ပစ္စည်း ကလေးများကိုပင် လှူဒါန်းပေးကမ်းတတ်သူများလည်း ဖြစ်၏။ သီလနှင့် ပြည့်စုံသူများ လည်း ဖြစ်ကြ၏။ ပစ္စည်းဆိုသည်မှာလည်း သူတို့အဖို့ ရတတ်သမျှသော ပစ္စည်းများသည် နဖူးကချွေး ခြေမကျအောင် လုပ်နိုင်မှ တစ်ဝမ်းတစ်ခါး မျှတရုံစားရမှု အရက်ကင်းရုံ၊ အချမ်းအပူလုံရုံမျှ ဝတ်ရသူ၊ နေတော့တဲကုပ်၊ စားတော့ တစ်လုပ် တစ်ဆုပ်၊ ဝတ်တော့ အစုတ်အနုတ်ဟုပင် ဆိုရအံ့သော အလုပ်သမား ဆင်းရဲသားမျှ ဖြစ်လေရာ သူတို့တွင် ရှိတတ်သမျှသော ပစ္စည်းဟူသည် အဘယ်မှာ မစင်ကြယ်ဘဲ ရှိနိုင်ပါအံ့နည်း။

မယားကာက လင်ကာကဟူ၍ လည်းကောင်း၊ မယ်ကာက မောင်ကာက ဟူ၍ လည်းကောင်း၊ မိန်းမကို ရှေ့တင်၍ ပြောရခြင်းမှာ ဤဖြစ်ရပ်ဇာတ်လမ်းတွင် မယ်ကာကသာ ရှေ့ဆောင်ပြဋ္ဌာန်းသောကြောင့်ဖြစ်၏။ ဤတွင် သူတို့အကြောင်း ပြောဖို့ လိုလာသည်။

## ကျီးမနားသောအိမ်

သူတို့တွင် မိဘပေးသောအမည်များ ရှိကြပါ၏။ သို့ရာတွင် ဆင်းရဲနွမ်းပါးသော သူအား အမည်ဟူသည် အဘယ်မှု စကောင်းအံ့နည်း။ သူတို့မှာ ဆင်းရဲလှ၍ သူတို့အိမ်ကို ကျီးပင်မနားလိုဟုဆိုကာ ကျီးမနားအိမ်၊ ကာက ဝလိယ၊ မယားကာက လင်ကာက ဟုဆိုကာ နှိမ်၍ ခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ကာကသည် နံနက်လင်းသည်ဆိုလျှင် တောသို့ဆင်း၍ ထင်းခုတ်ထွက်ရသည်။ နေ့ဝက်မျှခုတ်၍ရလာသော ထင်းကိုရောင်း၍ရသော အသပြာဖြင့် ဝယ်လိုက်သောအခါ ဆန်တစ်ကွမ်းစားရသည်။ တစ်ကွမ်းစားဟူသည် တစ်စလယ်ဖြစ်၏။ တစ်စလယ်ဟူသည် နို့ဆီနှစ်ဘူးဖြစ်သည်။

မယားက မိုးလင်းသည်ဆိုလျှင် အိမ်တကာလှည့်၍ ဆန်ဖွပ်၊ မောင်းထောင်း၊ အဝတ်လျှော်စသည့် သူတကာနိုင်းသမျှလုပ်ရသည်။ ရလာသမျှသော အသပြာကလေးများဖြင့် ဆီ ဆား ငရုတ် ဟင်းသီးဟင်းရွက်စသည်တို့ဝယ်ကာ လင်ပြန်လာလျှင် အချိန်မီ ထမင်းစားနိုင်ရန် အိမ်သို့ပြန်၍ ချက်ပြုတ်ရသည်။ ရတတ်သမျှသော အသပြာပိုကလေးများကို စုဆောင်း၍ အဝတ်ဝယ်ရသည်။ ဤကား–သူတို့၏ ပုံမှန်အလုပ်ဖြစ်၏။

အသက်ရာတန်းဖြစ်သော ဘုရားရှင်လက်ထက်တော်က လူတစ်ယောက်၊ ထမင်းတစ်နပ်အတွက် လိုအပ်သောဆန်မှာ တကွမ်းစားခန့်ဖြစ်သည်။ တစ်ယောက်စာကို နှစ်ယောက်စားရသောကြောင့် သူတို့လင်မယားအဖို့မှာမလုံလောက်။ သို့သော် ကိစ္စမရှိ။ လိုသောဆန်အတွက် ဟင်းသီးဟင်းရွက်များများထည့်၍ ရောကျိုသည်။ ထို့ကြောင့် သူတို့စားနေကျထမင်းသည် ဒံပေါက်ထမင်း၊ ထောပတ်ထမင်း၊ အုန်းထမင်း ဟူသည်ကဲ့သို့ ဟင်းရွက်ထမင်းဖြစ်သည်။ တစ်နည်းဆိုသော် အစဉ်လိုလို သား ငါး ကင်းသောကြောင့် သက်သတ်လွတ် ထမင်းဟုလည်း ဆိုနိုင်၏။ သို့သော် သက်သတ်လွတ်စားခြင်းကား မဟုတ်၊ ရံဖန် အခွင့်သာသည့်အခါများတွင် ဆယ်ကျွေ တစ်ကျွေဆိုသလို သားကလေး ငါးကလေးများရလာ၍ ရောစွက်စားရသည်။

''ထမင်းဆိုတာ အဝမစားရဘူးကွယ့်၊ ဘုရားရှင်က ဟောတော်မူတယ် မယ်ကာကရဲ့''

တစ်နေ့ အလျဉ်းမသင့်၍ ဆန်တကွမ်းစားပင် မပြည့်သောထမင်းဝိုင်းတွင် မောင်ကာက, က တရားသံဖြင့် စကားဖာလိုက်သည်။

''အမယ် – မရှိလို့ မစားရတာကို ဘုရားရှင်တွေ ဘာတွေနဲ့ လှည့်ပြောမနေနဲ့ မောင်ရယ်၊ ထမင်းဆိုတာ အဝစားချင်တဲ့ လူချည့်ပေါ့''

''ရှိပေမယ့် အဝမစားရဘူးတဲ့။ ရေအတွက် နေရာချန်ပြီး လေးလုတ် ငါးလုတ်လျှော့စားရမတဲ့၊ အဲဒီလို လျှော့စားရင် ထမင်းကြောင့် လေးလံထိုင်းမှိုင်းမှု မရှိဘဲ လူကိုလည်း ကျန်းမာစေသတဲ့၊ အဲဒါ ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူတဲ့ စကားပဲ''

''ဒီလိုဆိုတော့လဲ ဟုတ်မှာပေါ့''

www.burmeseclassic.com

www.burmeseclassic.com



''သိပ်ဟုတ်တာပေါ့၊ ငါတို့လင်မယား ကြည့်ပါလား၊ မဝတာဝစားနေရတော့ ဘယ်တုန်းကမျှ မကျန်းမမာဖြစ်ဖူးလို့လဲ''

''အမယ် – မောင်က ကျောင်းတော်ကိုသွားပြီး အဝအပြဲစားစားနေတာ ကိုတော့ ထည့်မပြောဘူးနော်''

''ကျောင်းတော်ကို သွားတာက တရားလည်းနာရတယ်၊ ဝေယျာဝစ္စလုပ်တော့ ကုသိုလ်လည်းရတယ်။ အဲဒီက တရားကြားနာရပြီးကတည်းက နဂိုကျင့်ကလည်း ရှိနေတော့ သတိနဲ့စားပါတယ်ကွာ''

''ရယ်စရာ ပြောတာပါမောင်ရယ်၊ အမယ် – ဒါထက် မုဆိုး ကိုကောကတို့ မနေ့က သမင်တစ်ကောင်ရလာတယ်။ ဒီနေ့သူတို့အိမ်မှာ ရေခပ်ပေးတော့ နက်ဖြန်ကျရင် သမင်သားနည်းနည်းပါးပါး ပေးလိုက်မယ်တဲ့။ နက်ဖြန်ကျရင်တော့ သမင်သားလေး ဘာလေးနဲ့ အားရပါးရစားဖို့သာ ပြင်ထားပေတော့''

''တုတ်လိုက်ရဦးမှာပေါ့ကွာ''

## ထူးသောဆွမ်း

နောက်နေ့ နံနက်တွင် ခုနစ်ရက်ပြည့်၍ နိရောဓသမာပတ်မှ ထတော်မူသော အရှင်သာရိပုတ္တရာသည် ဖော်ပြပါအတိုင်း အဘယ်သူကို ချီးမြှင့်ရပါအံ့နည်းဟု အဘိညာဉ်ဖြင့် ရှုကြည့်တော်မူသောအခါ ကာကတို့ ဇနီးမောင်နှံကို မြင်တော်မူ၏။ သူတို့သည် တစ်စုံတစ်ခုသော မကောင်းမှုကံက ဆီးတားပိတ်ပင်၍ထားသောကြောင့် ဤဘဝတွင် ဆင်းရဲ၍နေသော်လည်း ရှေးကပြုခဲ့ဖူးသော ကုသိုလ်ကံ အဆောက်အဦ ကြီးမားသူများဖြစ်ကြ၏။ သူတို့ကိုချီးမြှင့်ရသော် သူတို့လည်းချမ်းသာ၍ သာသနာတော် အတွက်လည်း အလားအလာရှိကြသူများဖြစ်သည်ကို သိတော်မူသည့်အတိုင်း၊ အရှင်သာရိပုတ္တရာသည် မြို့တွင်းကိုကွင်းရှောင်၍ ကာကတို့ရှိရာ ဆင်းရဲသား ရပ်ကွက်သို့ ကြွကာ ကာကတို့အိမ်ရှေ့တွင် ဆွမ်းရပ်တော်မူသည်။

မှန်၏။ အရှင်မြတ်ကြီး ဆွမ်းခံမကြွသည်မှာ ခုနစ်ရက်ခန့်ပင်ရှိပြီ၊ ဒေသစာရီများ ကြွချီလေသလောဟု လောင်းလှူနေကျ ရာဇဂြိုဟ်သားတို့ တွေးကြ၏။ ထင်ရှားသော မထေရ်ဖြစ်သည့်အတိုင်း အရှင်မြတ်ကြီး ဆွမ်းခံကြွသည်ဆိုလျှင် ဗိုင်းဗိုင်းလည် လောင်းလှူလေ့ရှိ၏။ သို့ဖြစ်၍ မိမိရည်မှန်းသည်သို့ ရောက်အောင် မြို့တွင်းကို ကွင်းရှောင်ခဲ့ရသည်။

ထိုအခိုက်တွင် လင်သားပြန်လာလျှင် ထမင်းအဆင်သင့်ဖြစ်ရန် အိမ်သို့ပြန်ကာ ချက်ပြုတ်ရောကျိုအပ်သော ဟင်းရွက်ထမင်းအိုးသည် အဆင်သင့်ဖြစ်နေ၏၊

www.burmeseclassic.com

www.burmeseclassic.com



ကောကတို့ထံမှ သမင်သားကလေးများဖြင့် ရောကျိုနိုင်၍လည်း လင်ဖြစ်သူအား စားစေလိုသောစိတ်ဓာတ်ကြောင့် တက်တက်ကြွကြွရှိနေသည်။ ထိုအခိုက်တွင်ပင် အိမ်ရှေ့တွင် ရပ်လာသော ရဟန်းတော်ကို မြင်ရ၍ လှမ်းကြည့်လိုက်သောအခါ အံ့အားသင့်စေသည်။ ရပ်သော ရဟန်းမှာ သာမန်ရဟန်းမဟုတ်၊ ရှင်သာရိပုတ္တရာ အရှင်မြတ်ကြီး ဖြစ်နေသည်ကို တွေ့ရသောကြောင့်ပေတည်း။

မိမိတို့အရပ်မှာ ဆင်းရဲသားရပ်ကွက်ဖြစ်၍ ရဟန်းတော်တို့ ဆွမ်းခံကြွလာခဲသည်။ ဟင်းကောင်း ကျွေးကောင်း ရနိုင်ခဲရုံမက မြို့စွန်ဖြစ်၍ ဆွမ်းခံလမ်းကလည်း အတန်ဝေးသည်။ ထို့ကြောင့် မြို့တွင်း၌သာ ဆွမ်းခံလေ့ရှိကြသည်။ ယခု ဆွမ်းခံကြွလာရုံမက၊ မိမိတို့အိမ်ရှေ့တွင် ရပ်တော်မူလျက်ရှိသည်။ ကြွလာသည်ကလည်း သာမန်ရဟန်းမဟုတ် ရှင်သာရိပုတ္တရာ ကိုယ်တော်တိုင် ဖြစ်နေသည်။

သို့နှင့် သဒ္ဓါတရားမြင့်မားတက်ကြွ၍လာကာ ''ရပ်တော်မူပါဘုရား''ဟု လျှောက်ထား၍ ကျိုချက်ထားသောထမင်းအိုးကို မ, ယူ၍ထွက်လာသည်။ အရှင်မြတ်ကြီး အနီးသို့ ရောက်သော် အံ့အားသင့်ရပြန်သည်။ အကြောင်းမှာ အရှင်မြတ်သည် အခါတိုင်း ဖူးတွေ့နေကျနှင့်မတူ၊ မကျန်းမာသည့်အသွင်ဖြင့် အတန်ငယ်ပိန်၍ နေသည်ကို တွေ့ရသောကြောင့် ဖြစ်ပေသည်။

အရှင်မြတ် အသားအရေတို့ပါ လျော့ပါးနေသည်မှန်၏။ ခုနစ်ရက်တိုင်တိုင် အာဟာရ ကင်းနေပါသည်ကို အဘယ်မှာ မလျော့ပါးဘဲရှိပါအံ့နည်း။ နိရောဓ သမာပတ်ဝင်စားသော ရဟန်းသည် ခုနစ်ရက်မျှသာဝင်စားခွင့်ရှိ၏။ ခုနစ်ရက်မှ ကျော်လွန်ခွင့်မရှိ။ နိရောဓသမာပတ်ထိုင်သော ရဟန်းသည် ခုနစ်ရက်ပြည့်လျှင် သမာပတ်မှ နိုးထစေသတည်းဟု အမိဋ္ဌာန်ပြုရမြဲဖြစ်သည်။ အကြောင်းမူကား၊ သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ – အရ၊ ရုပ်တရားနှင့် မကင်းသေးသူဖြစ်သည့်အတိုင်း၊ တရားထိုင် ပင်ပန်းနေရာတွင် ခုနစ်ရက်ထက် ကျော်၍ အာဟာရကင်းပြတ်ခဲ့ပါသော် အသက်အန္တရာယ် ရှိလာနိုင်ဖွယ်သောကြောင့်ဖြစ်၏။

ထို့ကြောင့် အရှင်မြတ်ကြီးရုပ်လက္ခဏာတော် လျော့ပါးနေရသည်မှန်၏။ သို့သော် မယ်ကာကအဖို့ သမာပတ်တွေ ဘာတွေမသိ၊ တရားအားထုတ်လွန်၍ အရှင်မြတ်ကြီး မကျန်းမာနေဟန်ရှိ၏ဟူ၍သာ တွေးသည်။ ထို့ကြောင့်ပင် သဒ္ဓါတရား ပို၍ ထက်သန်လာသည်။

သူတို့အဖို့ ဆွမ်းလောင်းနေကျမဟုတ်၍၊ ဆွမ်းလောင်းခွက်တွေဘာတွေ မရှိ။ ကျိုချက်ထားသော အိုးအတိုင်းပင် မယူ၍လာသည်။ အရှင်မြတ်၏ သပိတ်အတွင်းသို့ မှောက်သွန်လောင်းထည့်သည်။ မှောက်သွန်၍ တစ်ဝက်ခန့်အရောက်တွင် အရှင်မြတ်အား

www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွက် ချန်စေလိုသည့် သဘောဖြင့် သပိတ်ကို ပိတ်တော့အံ့ဟု သပိတ်ဖုံးကို လှုပ်ကိုင်လိုက်သောအခါ ''အရှင်မြတ်ဘုရား။ ။ တစ်ယောက်စာမျှရှိသော ဆွမ်းဖြစ်၍ အကုန်အစင်အလှူခံတော်မူပါ''ဟု လျှောက်တင်ကာ တစ်အိုးလုံးကုန်သည် အထိ လောင်းထည့်လိုက်သည်။

မယ်ကာကအဖို့ လင်ကိုလည်းသတိမရ၊ မိမိစားဖို့ကိုလည်းသတိမရ၊ ပီတိ တဖြာဖြာဖြင့် လောင်းလှူအပ်သောသဒ္ဓါစိတ်သာလွှမ်းခြုံ၍ထားသည်။ ရှိသမျှကို မှောက်သွန်၍ လှူအပ်သော အလှူဟူသည် ကြီးမြတ်၏ဟု ဟောတော်မူသည်။ သို့ဖြစ်၍ မယ်ကာက၏ ဤအလှူသည် ကြီးမြတ်သည်။ ကြီးမြတ်ရုံမက ထူးလည်းထူးသည်။ ထူးပုံကိုဆက်လက်၍ တွေ့သိကြရမည်ဖြစ်၏။

အရှင်မြတ်ကြီး ကြွသွားပြီးခိုက်မှာပင် မောင်ကာကသည် တောမှထင်းစည်း ထမ်း၍ ရောက်လာ၏။ မယ်ကာက၊ အပြုံးဖြင့်ဆီးကြိုသည်။ ထိုအပြုံးမှာ အခါတိုင်းနှင့် မတူ၊ ရွှင်လန်းတက်ကြွလှသော အပြုံးဖြစ်သည်။

''မင့်ကြည့်ရတာ ပြုံးလို့ရွှင်လို့ပါလားကွ၊ ကေနှအကြောင်းထူး တစ်ခုခုတော့ ရှိနေပြီထင်တယ်''

''ဒီနေ့ ကျုမတို့ ဆွမ်းလောင်းလိုက်ရတယ်တော့''

''ဆွမ်းလောင်းတာများ အဆန်းမှတ်လို့ကွာ ဆွမ်းခံကြွလာရင် လောင်းရမှာပေါ့''

''ဆွမ်းခံကြွလာတာက ဘယ်ကိုယ်တော်မှတ်လို့လဲ''

''ငါဘယ်သိမလဲကွ၊ မိန်းမရ''

''ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးရယ်ရှင့်၊ ရှင်သာရိပုတ္တရာကိုယ်တော်တိုင် ကြွလာတာ''

''ဘယ်သူတဲ့ဗျာ–''

''အိုး– မောင်ကလဲ၊ အရှင်သာရိပုတ္တရာပါလို့ဆိုနေ''

''ငါ့နား ငါမယုံလို့ အံ့ဩပြီး ထပ်မေးမိတာပါ၊ အားရပါးရ မလောင်းလိုက်ဖူး လားကွ''

''အားရပါးရပေါ့၊ အားရပါးရဆို ကျုမတို့စားမယ့် တစ်အိုးလုံးကို မှောက်သွန်ပြီး လောင်းလိုက်တယ်''

''ဝမ်းသာလိုက်တာကွာ၊ တို့အဖို့ ကြုံတောင့်ကြုံခဲ အလှူပဲ''

''မောင့်အဖို့ ဒီမနက်စာတော့ ကျောင်းတော်ကိုပဲ ပြေးပေတော့၊ ကျုမအဖို့တော့ ဝမ်းသာလွန်းလို့ ဆာတောင်မဆာတော့ဘူး၊ ဆာလာရင်လည်း တော်သလို လျော်သလိုနဲ့ပဲ ပြီးလိုက်တော့မယ်''

www.burmeseclassic.com

www.burmeseclassic.com



''ငါတော့ ပင်ပန်းလာလို့ ဆာနေပြီဟေ့၊ ကျောင်းတော်ကိုပဲ သွားတော့မယ်။ မင်းဆာရင် ရှိတာနဲ့ ချက်စားပေါ့ကွာ''

သို့နှင့် ဝေဠုဝန်ဘက်သို့ ရောက်လာမြဲဖြစ်၍ ရဟန်းတော်တို့နှင့် ရင်းနှီးသည်။ ကပ္ပိယဒကာတစ်ဦးကဲ့သို့ပင် ဖြစ်နေသည်။ ရေခပ်၊ သပိတ်ဆေးစသော ဝေယျာဝစ္စများကို တွေ့သမျှ လုပ်၍ ကုသိုလ်ယူ၏။ ဆွမ်းကျန်ဟင်းကျန်များကို စားရ၏။ ဘုရားရှင်နှင့် ရဟန်းတော်များကို ဖူးတွေ့ကြည်ညိုရ၏။ အခွင့်သာလျှင် တရားတော်ကို ကြားနာရသည်။

ကျောင်းသို့ရောက်၍ ယနေ့အခွင့်သာပုံမှာကား ထူးခြားလှစွာ၏။ ထူးခြားရုံမက ထူးဆန်းလှသည်။ ထူးဆန်းဟန်ကား၊ မိမိရောက်ခိုက်မှာပင် အရှင်သာရိပုတ္တရာက မိမိအိမ်မှ ရလာသော ဆွမ်းကို ဘုရားရှင်သို့ သပိတ်နှင့်အတူ ကပ်လှူသည်။ ကပ်လှူရာ၌ ''ဤဆွမ်းဒါယိကာမ မယ်ကာကသည် သဒ္ဓါနှင့် ပြည့်စုံသူဖြစ်ပါ၏။ ရှိသမျှဆွမ်းကို မိမိတို့စားဖို့ပင်မချန်၊ အကုန်အစင်မှောက်သွန်၍ လှူလိုက်ပါသည်ဘုရား''ဟု လျှောက်ထားသောအခါ ဘုရားရှင်က ''ဤဒါယိကာမ လင်နှင့်မယားတို့သည် ဤဆွမ်းအလှူကြောင့် ခုနစ်ရက်အတွင်း ကြီးပွားချမ်းသာကြလိမ့်မည်'' ဟူ၍ ဗျာဒိတ်စကားမိန့်ကြားတော်မူ၏။ ဤမျှမကသေး။

ဘုရားရှင်က မိမိတို့ဆွမ်းတစ်သပိတ်မျှကို အနီးတွင်ရှိနေသော ရဟန်းငါးရာမျှသို့ ခွဲဝေလိုက်သောအခါ ဆွမ်းသည်ကုန်၍မသွား။ ရဟန်းအားလုံးပင် ပြည့်ဝစွာ သုံးဆောင်နိုင်ကြသည်ကိုတွေ့ရှိရသည်။ အဘယ်မျှထူးဆန်းပါသနည်း။

ဘုရားရှင်၏ ဗျာဒိတ်တော်စကားဟူသည် ကြားရခဲဘိခြင်း ဖြစ်၏။ ကြားရပြီဆိုလျှင်လည်း ဘယ်သောအခါမျှ လွဲမှားရိုးမရှိ။ ယခုသံဃာတော်များအစွန်မှနေ၍ မိမိတို့အဖို့ ခုနစ်ရက်အတွင်းမှာပင် ကြီးပွားချမ်းသာမည်ဟု နားနှင့် ဆတ်ဆတ်ကြားရသည်။ တစ်ပါးစာမျှနှင့် သံဃာငါးရာသို့ပင် ပြန့်နှံ့လုံလောက်သွားသော ဆွမ်းထူးကိုလည်း အံ့ဩဘနန်းတွေ့ရသည်။ မောင်ကာကအဖို့ အသို့နည်း။

အဆာပျောက်သွားသည်။ ထမင်းကို မေ့သည်။ ထမင်းကိုသာမက လောကတစ်ခုလုံးကိုပင် မေ့လုမတတ်ဖြစ်သွားသည်။ အိမ်သို့ အသော့ပြန်သည်။ မယားကို ပြောချင်လှပြီ။ အိမ်ရှေ့သို့ရောက်သော် –

ရာဇဂြိုဟ်ဌာန

ကာကတဲ့လူမော်၊

ဒါနနဲ့အတူပျော်သည်

အလှူတော် ခုပေး။

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်မှ တစ်ခါကြုံတယ်

ရတနာပုံ ဆိုက်မယ့် သူဌေး။

ဟု ကွေးနေအောင်ကဆိုပြီး – ''မယ်ကာကရေ – မိန်းမရေဟု အားရပါးရ ခေါ်၍ လူရော အသံပါ ရွှင်လန်းတက်ကြွစွာဖြင့် ကိုးရိုးကားရားဝင်လာသော မောင်ကာကကိုကြည့်ကာ ''ဘယ်လိုများ ဖြစ်လာရတာလဲ ကိုကာကရယ်၊ ကေန္တု ကျောင်းတော်က ထမင်းကောင်း ဟင်းကောင်းတွေ စားလာရလို့ ဝမ်းသာနေတာနဲ့ တူတယ်''ဟုဆိုကာ မယ်ကာက က ဆီးကြိုသည်။

''မင့်ထမင်းကို အသာထားလိုက်စမ်းပါဦးကွာ၊ ဝမ်းသာလွန်းလို့ ဆာလည်း မဆာတော့ဘူး။ ဝမ်းသာရတာကို မင့်ကို ပြောချင်လွန်းလို့ ပြေးချလာခဲ့တာကွ''

''ဘာများပါလိမ့်တော်၊ ကြားချင်လိုက်တာ''

မောင်ကာက–က ဘုရားရှင်၏ ဗျာဒိတ်တော်ကို ပြောပြသည်။ မိမိတို့၏ ထူးဆန်းသော ဆွမ်းကို ပြောပြသည်။ ပြောရင်းဖြင့် မယ်ကာကအဖို့လည်း ဝမ်းသာ လှသောကြောင့် တပြုံးပြုံးတရွှင်ရွှင်နှင့် လှုပ်လှုပ်ရွရွဖြစ်နေသည်။

''ငါတို့ ချမ်းသာတော့မယ်ကွ၊ ချမ်းသာတာမှ ခုနစ်ရက်အတွင်းတဲ့၊ ဘုရားရှင်၏ ဗျာဒိတ်တော်ဆိုတာ ဘယ်တော့မှ မလွဲဘူး''

''ဒီမှာကိုကာက၊ မောင့်အသံကြီးက သိပ်ကျယ်မနေနဲ့၊ ဒါမျိုးဆိုတာ သိုသိုသိပ်သိပ် ပြောရဆိုရတယ်ရှင့်''

''အေးပါကွာ၊ ဝမ်းသာလွန်းလို့ တို့လင်မယားချင်းမို့ ပြောမိတာပါ''

''သူများတကာတွေလဲ လျှောက်ပြောမနေနဲ့ဦး၊ လူဆိုတာ သူတစ်ပါး ချမ်းသာမယ်ဆိုရင် နှစ်လိုတဲ့လူက တစ်ရာမှာ တစ်ယောက်မရှိဘူး။ ချမ်းသာဆိုလို့ ဘုရားရှင် ဗျာဒိတ်တော်မို့သာ ဝမ်းသာနေရတယ်၊ ဘယ်လိုချမ်းသာလာမှာလဲဆိုတာတော့ စဉ်းစားလို့မရဘူး''

''ကံဆိုတာ မကြံစည်အပ်၊ ကြံစည်လို့ မရဘူးတဲ့၊ အဲဒါ ဘုရားရှင်ဟောတဲ့ တရားပဲ။ တော်ကြာမဟာဒုက်တို့လို တို့တဲပုတ်ကလေးက ရွှေအိမ် ရွှေတိုက်ကြီး ဖြစ်ချင်ဖြစ်လာမှာပေါ့''

''အေးနော်၊ ပြောလိုက်ပါပေရဲ့၊ ချမ်းသာမှာကလည်း ခုနစ်ရက်အတွင်းတဲ့၊ တော်ကြာ သူဌေးဖြစ်လာရင် မယားတွေ တစ်ယောက်ပြီး တစ်ယောက်နဲ့ မျက်နှာတော့ မများရဘူးနော် ကိုကာက''

မယ်ကာက ပူမည်ဆိုလျှင်လည်း ပူစရာပင်ဖြစ်၏။ အကြောင်းမှာ ဗြာဟ္မဏ ယောက်ျားများအဖို့ ကျွေးနိုင်မွေးနိုင်ခဲ့ပါသော် သိကြားမင်း ဦးမာဃတို့ထုံး နှလုံးမူ၍

www.burmeseclassic.com

www.burmeseclassic.com



မယားလေးယောက်အထိ တရားဝင်ယူနိုင်ခွင့်ရှိသောကြောင့်ဖြစ်သည်။ မည်သို့ တရားဝင်သည်ဆိုစေ၊ အချစ်ပြိုင်၊ စည်းစိမ်ပြိုင်ဟူသည် မယားလေးယောက်ထားဦး၏ နှစ်ယောက်ဆိုလျှင်ပင် ပြဿနာပေါ်မြဲဖြစ်သည်။ စည်းစိမ်ရှင်ဖြစ်၍ ဖုံးနိုင်-ဖိနိုင်သည် ဆိုဦးတော့ ပြဿနာရှိမြဲပင်ဖြစ်၏။ ဤသည်ကို မယ်ကာက,က ကြိုကြိုတင်တင် ကာကွယ်ထားခြင်းဖြစ်သည်။

"မင့်ဟာက 'မုန့်ဆီကြော်ကဖြင့် ဘယ်နေမုန်းမသိသေးဘူး၊ နှုတ်ခမ်းနာနဲ့ တဲ့ပါ့မလား' ဆိုသလို ကျနေတာပဲ။ အဲဒါကတော့စိတ်ချ။ ဒီမှာ မယ်ကာက၊ မယား အပိုတွေယူမှ ချမ်းသာမယ်ဆိုရင်တောင် အဲဒီချမ်းသာကို မယူတော့ဘူး၊ ထမင်းရေကိုပင် လျက်ရစေတော့၊ ငွေမက်ကာ မောင်မယူဘူး။ နှစ်ကိုယ်တူ တဲအိုပျက်မှာ ကွယ် တွဲလျက်ပျော်မယ်"

မောင်ကာကအဖို့ မြူးပျော်လျက်ရှိသည့်အတိုင်း၊ မယ်ကာကကို ဖက်လိုက်တာ စပ်မိစပ်ရာ သီချင်းသံကလေး ထွက်လာပြန်သည်။

"ဒီမှာ ကိုကာက၊ ကံဆိုတာ မိုးပေါ်က ကျလာတာမဟုတ်ဘူး၊ ပျော်နေလို့ချည့် မဖြစ်ဘူး၊ လုပ်စရာရှိတာတော့ ကြိုးစားလုပ်ရမှာပဲ။ အလုပ်ဆိုတာ ကံ၊ ကံဆိုတာ အလုပ်။ လုပ်ရင်းနဲ့မှ ကံကတွေ့လာမှာ သိလား"

"အေးပါကွာ၊ ပျော်လွန်းလို့ပါ၊ တကတဲ တရားဟောဆရာမကြီး ကျနေတာပဲ"

## မိုးမှောင်

ရာဇဂြိုဟ်သည် တစ်ဘက်တွင် ဘုရားသာသနာတော်နှင့်အတူ၊ ဘာသာရေး ဂိုဏ်းကြီးများ ထွန်းကားသကဲ့သို့ တစ်ဘက်တွင် ဝိဇ္ဇာယောင်ယောင်၊ ဘိုးတော် ယောင်ယောင်၊ လူလိမ်-လူညာ၊ ဆရာမျိုးစုံနှင့် လူဆိုးလူမိုက်တို့ ပေါများသောဒေသ ဖြစ်သည်။

ဤသည်ကား သဘာဝအတိုင်းပင်ဖြစ်၏။ အကြောင်းမှာ ရာဇဂြိုဟ်သည် တောင်ကြီး ငါးလုံးကာရံ၍ တောတောင်အင်းအိုင် ဂူလိုဏ်မြစ်ချောင်းတို့ ဝိုင်းရံများပြားသော ဒေသဖြစ်ပေရာ၊ စိတ်ကူးယဉ်ဆရာတို့ ကျက်စားရာ ဖြစ်လျက်ရှိပေသည်။

ရာဇဂြိုဟ်အနီးတွင် လောဟကုမ္ဘီငရဲမှပင်ဖြတ်၍ စီးလာသည်ဆိုသော တပေါဒါခေါ် ရေပူမြစ်ကလည်းရှိချေသေး၏။ ယင်းမြစ်သည် ငရဲမှအဖျားခံသည် ဆိုသည့် အတိုင်း စုန်း-နတ်-ကဝေ အောက်လမ်းဆရာတို့ အသုံးပြုရာဖြစ်သည်။

မှိုင်းမှုံပြာရီ ပဝေဏီမှစ၍ မဖွံ့မဖြိုး တည်မြဲဆင်းသက်လာခဲ့သော ဝေဒလေးပုံဟူ၍ ရှိ၏။ သို့ရာတွင် စတုတ္ထမြောက်ဖြစ်သော အာထဗ္ဗနဝေဒပညာမှာ ယုတ်ကြမ်းညစ်ညမ်း

www.burmeseclassic.com

www.burmeseclassic.com



လှသောကြောင့် စာပေအရာမှ ပယ်ဖျက်ကာ ဝေဒသုံးပုံဟုသာ အသိမှတ်ပြု၍ ကျင့်သုံးလာခဲ့ကြ၏။ သို့ရာတွင် ယင်းအာထဗ္ဗနဝေဒသည် ထိုခေတ်မဆိုထားဘိ၊ ယနေ့ခေတ်တိုင်အောင်ပင် ပျံ့နှံ့လျက်ရှိနေသည်သာ ဖြစ်၏။ ယင်းအာထဗ္ဗနဝေဒအတွက် ရာဇဂြိုဟ်လို နေရာမျိုးသည် အထွန်းကားဆုံးသော နေရာဖြစ်ပေ၏။

ဤမျှသာမက၊ တစ်ဘက်တွင်လည်း ရာဇဂြိုဟ်သည် လူဆိုးသူခိုး လူလိမ် လူညာတို့ မျက်စိစူးရာ ဇောတိက၊ ဇဋိလ စသော သူဌေးကြီးများနှင့်အတူ သူဌေးသူကြွယ်တို့ ပေါ်များရာလည်းဖြစ်၏။

ယင်းသို့ဖြြင့် ဓားပြ သူခိုး လူဆိုးလူမိုက်တို့ ပေါ်များရာတွင် လူဆိုးမိုးမှောင်ကား ထိုအချိန်တွင် နာမည်ကြီးတစ်ယောက်ဖြစ်၏။

လူဆိုးကြီးမိုးမှောင်၊ ဓားပြသူခိုးကြီးမိုးမှောင်ဟူသော အမည်မှာ ရာဇဂြိုဟ်တွင် ဟိန်း၍နေ၏။ ဘယ်သူဌေးအိမ်ကို ဝင်ခိုးသွားပြန်ပြီ၊ ဘယ်သူကြွယ်အိမ်ကို ဝင်တိုက်သွားပြန်ပြီဟူသော သတင်းများမှာ ထပ်၍နေသည်။ ဓားပြီး–တုတ်ပြီး ရှိန်းအမျိုးမျိုးလည်း ပြီးသည်ဟုဆိုသည်။ ကိုယ်ခန္ဓာမှာ သန်မာကြီးထွား၍ အသံမှာလည်း ကျယ်လောင်လှသည်။ မိုးမှောင်ဟိတ်–ဟု အော်လိုက်လျှင်ပင် လန့်၍ပြေးကြရသည်။

ဗိမ္ဗိသာရ ဘုရင့်ရဲမက်များသည် သူ့ကို နည်းမျိုးစုံဖြင့် ဖမ်းပါ၏။ သို့ရာတွင် နည်းမျိုးစုံဖြင့်ပင် ပွတ်ကာသီကာ လွတ်ထွက်သွားသည်သာဖြစ်၏။ ထို့ကြောင့် ဘုရင်ကိုယ်တိုင်ပင် မိုးမှောင်ကို စိတ်ဝင်စားလာရသည်။ သို့သော် ဘုရင်တို့ဘုန်း မိုးသို့ချွန်းသည် မဟုတ်ပါလော။ မည်သည့် လူဆိုးမဆို၊ ဘုရင့်ဘုန်းအောက်တွင် ဝပ်စင်းရသည်သာဖြစ်၏။ အကြောင်းမူကား လူဆိုးကြီးမိုးမှောင်ကို ဖမ်းမိ၍လာခဲ့ပေပြီ။

သူ၏ သွားရာလမ်းမှာ သေရွာသာဖြစ်၏။ ထို့ကြောင့် မိုးမှောင်ကို သုသာန်တွင် ကားစင်တင် တံကျင်လျှိုကာ ခနစ်ရက်ထားပြီးမှ သတ်စေဟု အမိန့်ပေးလိုက်ရသည်။ သာမန်အားဖြင့် လူဆိုးသူခိုးတစ်ယောက်ကို မိပြီဆိုလျှင် ရှေးဦးစွာ လူဆိုးကို လေးပေါင် လေးဖက်ချည်တုပ်၍ အရပ်လေးမျက်နှာတို့သို့ ခေါ်ဆောင်ကာ လူပုံအလယ်တွင် မင်းချင်းတို့က ကြိမ်ဖြင့် တရွှမ်းရွှမ်း ရိုက်၍ပြသည်။ ရည်ရွယ်ချက်မှာ ဆိုးချင်–ခိုးချင်သူတို့ ကြောက်လန့်ကြစေရန်ဖြစ်၏။ ထို့နောက် သုသာန်ထုတ်၊ ကားစင်တင်၍ သော်လည်းကောင်း၊ မတင်ဘဲသော်လည်းကောင်း၊ သတ်ပစ်လိုက်ကြသည်သာဖြစ်၏။ တစ်ခါတစ်ရံ အချို့လူဆိုးများကို တောင်ပေါ်မှ ပစ်ချသေစေသည်။

မိုးမှောင်ကို သုသာန်တွင် ကားစင်တင်ကာ ခနစ်ရက်ထားပြီးမှ သတ်စေဟူသော အမိန့်၌ ဆက်၍ ကြည့်ရှုလိုသူများ ကြည့်ရှုကြောက်လန့်စေရန်ဟု ထင်ရသော်လည်း ဘုရင့်အဖို့ လျှို့ဝှက်ချက်တစ်ရပ်ပါ၏။ ယင်းလျှို့ဝှက်ချက်ကား ဘုရင်သည် ဤမျှနာမည်

www.burmeseclassic.com



ကြီးလှသော လူစွမ်းကောင်းမိုးမှောင်ကို အမှတ်မထင် ကြည့်မြင်လိုသောကြောင့် ဖြစ်ပေသည်။ လူဆိုးသူခိုးပင်ဖြစ်စေ၊ လူစွမ်းကောင်းဟူသည် ဘုရင်တို့ အာရုံထား စိတ်ဝင်စားစရာ မဟုတ်ပါလော။

သို့နှင့် ဤခုနစ်ရက်အတွင်း၌ တိုင်းခန်းလှည့်လည်မည်ဟူသော အစီအစဉ် တစ်ရပ် ပြုလုပ်လိုက်၏။ တိုင်းခန်းလှည့်လည်ဆိုသည်မှာ သာယာသော အချိန်များ၌ မိမိမြို့ မိမိနိုင်ငံကို ကြည့်ရှုရန်၊ တိုင်းသူပြည်သားတို့ ဖူးတွေ့နိုင်ရန် သာမန်အားဖြင့် ပြုလုပ်သော ကိစ္စတစ်ရပ်ဖြစ်၏။ သို့သော် တိုင်းခန်းလှည့်ရာတွင် မြို့တော်၏ စည်ပင် သာယာသော အရပ်များသို့သာ လှည့်မြဲဖြစ်ပါလျက်၊ သည်တစ်ချီတွင်မူ မြို့ပြင်သုသာန် ကိုပါ လှည့်လည်မည်ဟု အစီအစဉ်ချမှတ်လိုက်သည်။

သုသာန်ရောက်သော အရပ်အမောင်း မြင့်မားထွားကျိုင်းလှသောကြောင့် ကားစင်မြင့်မြင့်တွင် ထင်ထင်ရှားရှား စွင့်စွင့်ကြီး တင်ထားသော မိုးမှောင်ကို တွေ့ရသည်။ တစ်ကိုယ်လုံးတွင် ဆေးနီဆေးနက် အင်းကွက် အင်းရုပ်မျိုးတို့ကို ထိုးထားသည်။

မိုးမှောင်သည် လက်ခြေတို့မှ သံချက်ဒဏ်၊ နေပူဒဏ်တို့ကြောင့် ဦးခေါင်း ငိုက်စိုက်ရှိရာမှ ဆိုင်းသံမှုံသံ၊ လူသံတို့ကြောင့် ဦးခေါင်းကို မော့ကြည့်လိုက်သော အခါ ဘုရင်နှင့်တူရူတွေ့သည်။ နှုတ်ခမ်းမွေးကားကား၊ မျက်နှာထားမြင့်မြင့်နှင့် ရဲရင့်သော မျက်နှာမျိုးပေတည်း။ မိုးမှောင်ထံမှ အသံထွက်လာ၏။

"အရှင်မင်းမြတ် ။ ။ လုပ်ရဲရင် ခံရဲပါတယ်။ သေရမှာကို မကြောက်ပါဘူး။ နို့ပေမယ့် မသေခင်ငတ်နေတာကတော့ ဆိုးလှပါတယ်။ ကျွန်တော်မျိုးမှာ ထမင်း မစားရတာ ငါးရက်ရှိသွားပါပြီ။ မသေခင် ထမင်းကလေးတော့ အဝစားသွားပါရစေ ဘုရား"

ရဲရင့်သော တောင်းဆိုချက်ပင်ဖြစ်၏။ ရဲရင့်သူအား ဤမျှလောက်တော့ ချီးမြှောက်သင့်သည်။ ထို့ကြောင့် "ကောင်းပြီ မိုးမှောင်၊ နန်းတော်ရောက်လျှင် သင့်ထံသို့ ပွဲတော်တစ်အုပ် အပို့လွှတ်လိုက်မည်"ဟု ပဋိညာဉ်ပေးလိုက်သည်။

သို့သော် တိုင်းခန်းလှည့်လည်ရာမှ နန်းတော်ရောက်သောအခါ ထွေလာ ကိစ္စများကြောင့် ဘုရင်မေ့သွား၏။ ညဦးပိုင်းတွင် ပွဲတော်တည်ရန် အချိန်နီး၍ ထမင်းကိုသတိရသောအခါမှ နေ့လယ်ပိုင်းက မိုးမှောင်ကိုပေးခဲ့သော ကတိကို သတိရသည်။ ထိုအချိန်ကား နေဝင်ပြီး၍ မိုးချုပ်ပိုင်းသို့ ရောက်ခဲ့လေပြီ။

"ဟဲ့-ဟဲ့ လုပ်ကြပါဦး၊ ငါကိုယ်တော် သတိမေ့နေလိုက်တာ၊ နေ့လယ်ပိုင်းက သုသာန်မှာ ကားစင်တင်ထားတဲ့ လူဆိုးမိုးမှောင်ကို နန်းတော်ရောက်ရင် ပွဲတော်တစ်အုပ် အပို့လွှတ်လိုက်မယ်လို့ ပဋိညာဉ်ပေးခဲ့မိတယ်။ သူခမျာ မျှော်နေရှာလိမ့်မယ်။ ဒီည

www.burmeseclassic.com

www.burmeseclassic.com



လွန်သွားရင်လည်း ကတိယိုယွင်းရာ ရောက်လိမ့်မယ်။ မိုးမှောင်ဆီကို ပွဲတော်တစ်အုပ် ပို့ပေးဖို့ စီစဉ်ကြပါဦး''

အနီးတွင် ဘုရင့်လက်စွဲတော်အမတ်နှင့် မင်းချင်းယောက်ျားရင့်မာကြီးများ ရှိကြပါ၏။ သို့သော် မည်သူမျှ တုပ်တုပ်မလှုပ်ကြ။ အကြောင်းမူကား ဤလိုအချိန်၌ ရာဇဂြိုဟ်မြို့တံခါးအပြင်မျှသာမက၊ သုသာန်သို့ပင် သွားဖို့ရန်မှာ မည်သူမျှ မဝံ့သောကြောင့်ဖြစ်၏။ ဘုရင့်အမိန့်ထက် မြို့တံခါးပိတ်၍ မိုးမှောင်သည်ဆိုလျှင် မြို့ပြင်ဘက်၌ ထကြွသောင်းကျန်းလေ့ရှိသော ဘီလူးသရဲသဘက်တို့ကို ကြောက်ကြသည်။ နေ့ရက်ကို ကြည့်လိုက်တော့လည်း လကွယ်ရက်ဖြစ်နေ၏။

ရာဇဂြိုဟ်တွင် သရဲသဘက်တို့ သောင်းကျန်းအတင့်ရဲလွန်းသည်ကို ဘုရင်ကိုယ်တိုင်သိ၏။ သာဝတ္ထိမှ အနာထပိဏ် ရောက်လာ၍ ညဥ့်အချိန်တွင် ဝေဠုဝန်သို့ ဘုရားဖူးထွက်သည်ကို သရဲသဘက်တို့ နှောင့်ယှက်သည်။ ပြန်ချိန်နောက်ကျ၍ မြို့တံခါးပိတ်ထားသောကြောင့် ထင်းသည်သားအဖတို့ မြို့ပြင်တွင် အိပ်ရသည်ကို ဘီလူးဆွဲခံရသည် စသည်တို့ဖြစ်၏။

တစ်ချိန်သောအခါ သားအဖနှစ်ယောက်သည် ရာဇဂြိုဟ်မြို့ပြင်သို့ ထင်းခွေထွက်လာကြရာ အပြန်နောက်ကျသောကြောင့် မြို့တံခါးပိတ်ထားရာ မြို့ပြင်တွင်ပင် လှည်းအောက်၌ အိပ်ကြသည်။ ဤတွင် အစာရှာလာသော ဘီလူးကျောက်ရှည်က သားငယ်ကို ဝင်၍ဆွဲသည်။

သားငယ်သည် မိဘများသင်ပေးထား၍ နှုတ်တက်ရနေသော 'ဗုဒ္ဓေါမေ သရဏံ အညံ့နတ္ထိ–ဘုရားမှတစ်ပါး အားထားစရာမရှိ' ဂါထာကိုရွတ်သည်။ ထိုဂါထာကြောင့် ဘီလူးကျောက်ရှည် မစားဝံ့ရုံမက မြို့တွင်းမဝင်ရ၍ ညစာငတ်နေသော သားအဖကို နန်းတော်မှ ဘုရင့်ပွဲတော်အုပ်ကိုယူ၍ ကျွေးလိုက်ရသည်။

သူတို့အထဲတွင် 'ဘီလူးကျောက်ရှည်'သောင်းကျန်းလိုက်ပုံမှာ နန်းတော်မှ ထမင်းအုပ်ကိုပင် တက်၍ယူသည်။ ဤဖြစ်ရပ်သည် ဘီလူးသရဲဆိုလျှင် အလွန်ကြောက်တတ်ကြသော နန်းတော်တစ်ခုလုံးကို ဖိန့်ဖိန့်တုန်စေသည်။ ဘီလူးကျောက်ရှည်သောင်းကျန်းလွန်းသောကြောင့် သူ့ဆိုင်ရာနိုင်ရာတို့၏ အကူအညီကိုယူ၍ ဘုရင့်အမိန့်ဖြင့် သူအပိုင်စားဖို့ နယ်ပယ်အဖြစ် ထန်းပင်တစ်ခုကို သတ်မှတ်ပေးထားရသည်။ ယင်းထန်းပင်အုပ်သည် သုသာန်သွားသော လမ်းတွင်ရှိ၍ သူ့ကိုဖြတ်ကျော်ပြီးမှသာ သုသာန်သို့ရောက်သည်။

ထို့ကြောင့် အချိန်မတော် သုသာန်သို့သွားရမည်ဆိုသော် – ကြောက်ရွံ့ကြမည်ကေန်ဟု ဘုရင်သိ၏။ သို့သော် ပေးခဲ့မိသော မိမိကတိကိုလည်း အပျက်မခံနိုင်။

www.burmeseclassic.com

www.burmeseclassic.com



"သင်တို့အထဲက သုသာန်သွားပြီး ထမင်းပို့တဲ့သူများ မရှိဘူးလား။ ပို့တဲ့သူရှိရင် ရဲခုအဖြစ် တောင်စမုတ်က ထောင်ထုပ်သနားတော်မူမည်"ဟု မလိုလဲလိုလဲ မေးမြန်းရင်း သွားချင်သူရှိအောင် လာဘ်လာဘ စကားကိုပါ ပူးတွဲမိန့်ကြားလိုက်၏။ မင်းချင်းယောက်ျားတို့ တုပ်တုပ်မျှမလှုပ်၊ နန်းတော်သူတို့အဖို့ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

"ကောင်းပြီ။ ငါ့ကတိတော့ အပျက်မခံနိုင်ဘူး။ မြို့တော်ထဲမှာ သတ္တိရှင် တစ်ဦးဦးတော့ ထွက်ပေါ်လာမှာပဲ။ သွားပို့သူရှိရင် တောင်စမုတ်က ထောင်ထုပ်ချီးမြှင့်တော်မူမယ်လို့ မြို့ထဲမှာ မောင်းကြေညာထွက်ကြစမ်း အချိန်သိပ်မရှိဘူး၊ နှစ်နေရာ သုံးနေရာလောက် မောင်းသမားတွေခွဲလွှတ်၊ ကဲ–မြန်မြန်လုပ်ချေကြ"

သို့နှင့် သတ္တိရှင် ထွက်ပေါ်နိုင်မည်ထင်သောရပ်ကွက်များသို့ မောင်းကြေညာပွဲများ ရုတ်ခြည်းဖြစ်ပေါ်လာ၏။ မောင်းစီစဉ်သော အမတ်၏စိတ်ကူးဖြင့် ကာကတို့ ဆင်းရဲသား ရပ်ကွက်သို့ အရင်လွှတ်သည်။ အကြောင်းမှာ အရေးတစ်စုံ ကြုံလာသောအခါများ၌ စည်းစိမ်ရှင်ပစ္စည်းရှင်များသည် နောက်တွန့်၍ ဆင်းရဲသားများသည် ရှေ့တန်းက ထွက်လာတတ်ကြသည်။ ထောင်ထုပ်တည်းဟူသော လာဘ်လာဘနှင့် ပတ်သက်၍လည်း ဆင်းရဲသားများသည်သာ ရရှိမည့်လာဘ်ကြောင့် ရဲဆေးတင်ကာ ပေါ်ထွက်လာဖို့ရှိသည်။ အရေးထဲတွင် မောင်းတစ်နေရာ၌ အရူးတစ်ယောက်နှင့် တွေ့လိုက်ရချေသေးသည်။

"တိုင်းသူပြည်သား လူအများတို့လေး – သုသာန်တွင် ကားစင်တင်ထားသော လူဆိုးမိုးမှောင်ထံသို့ ပွဲတော်အုပ်ပို့မည့်သူရှိခဲ့သော် ဘုရင်မင်းမြတ်က တောင်စမုတ်မှ ထောင်ထုပ်ချီးမြှင့်တော်မူမည်၊ ပေါ်ရှိထွက်ခဲ့လေ"

ဤကား မောင်းကြေညာသံဖြစ်၏။ တစ်နေရာတွင် အိမ်ငယ်တစ်ခုအတွင်းမှ လူတစ်ယောက် သုတ်သီးသုတ်ပျာ ထွက်၍ မောင်းသမားတို့ထံချဉ်းကပ်လာ၏။

"အဘတို့–အဘတို့။ တောင်စမုတ်က ထောင်ထုပ်ပေးမယ်ဆိုဗျ"

"အေး–ဟုတ်တယ်၊ မင်းသွားရင် ပေးမှာပေါ့"

"ဘယ်သွားရမှာလဲဗျ"

"သုသာန်မှာ ကားစင်တင်ထားတဲ့ မိုးမှောင်ဆီကို ထမင်းသွားပို့ရမယ်လေ"

"ဘယ်တော့ သွားပို့ရမှာလဲ"

"အခုည သွားပို့ရမယ်"

"အမယ်–အမယ်၊ မလုပ်ပါနဲ့ဗျာ၊ ညကြီးမင်းကြီး ကြောက်စရာကြီး"

"အနို့ မင်းက ဘာကိစ္စထွက်လာရတာလဲ"

"အဘတို့က 'ပေါ်ရှိ–ထွက်ခဲ့လေ'ဆိုလို့ ထွက်လာတာပါ၊ ကျွန်တော့်နာမည်က 'ပေါ်ရှိ'လေ"

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပေ့ကွာ၊ အရေးထဲမှာ အရှုးနဲ့လာတွေ့နေရသေးတယ်'ဟု ဆိုကာ မောင်းသမားတို့ တဝါးဝါး ပွဲကျသွားကြ၏။

## မယ်ကာက

အခြားရပ်ကွက်များမှ တစ်ဦးတစ်ယောက်မျှ ထွက်ပေါ်၍မလာ၊ ညဉ့်ဦးပိုင်း ဖြစ်သောကြောင့် အချို့အိမ်များသည် မီးခွက်ကလေးများနှင့် ဝိုင်းထိုင်စကားပြော နေကြရာတွင် မောင်းသံကို ကြားရသောအခါ မတော်တဆ မိမိတို့ကိုများ မင်းမိန့်ဖြင့် ဝင်ဆွဲလေမလားဟု မီးခွက်ကို ကသုတ်ကရက်မှုတ်ငြိမ်း၍ အိမ်တွင်းသို့ ဝင်သွားကြသည် ကိုပင် တွေ့ရ၏။

မယ်ကာကတို့ရပ်ကွက်တွင် ကာကတို့လင်မယားသည် ထမင်းစားပြီးစ သာသာဖြစ်၍ အိမ်ဦးခန်းပြင်တွင် ထိုင်နေကြဆဲ၊ မောင်းသံသဲသဲကို ကြားရသောအခါ မယ်ကာက–က ''ဟော–မောင်းသံပါလား၊ ဘာမောင်းပါလိမ့်၊ အလျှူမင်္ဂလာ ဖိတ်တာများ မသိဘူး''ဟုဆိုကာ လည်စန့်နားစွင့်လိုက်၏။

''မောင်းသံက အလှူမောင်းမဟုတ်ဘူး၊ နန်းတော်က ဘုရင့်မောင်းသံကွ၊ ဒီအချိန်ကြီးမှာ ထူးထူးခြားခြားပဲ''

အနီးသို့ မောင်းသံ ရောက်လာသောအခါ ကြေညာသံ ကွဲပြားလာ၍ ''ဆုငွေ တစ်ထောင်ကြီးတောင်ဆိုပါလား၊ ဒါဟာ ကျွန်မတို့အကွက်ပဲ ကိုကာက''ဟု ပြောလိုက်၏။

''အလို– မင်းက ဘာလုပ်မလို့လဲ''

''ကျွန်မသွားမယ်လေ၊ ကျွန်မသွားမှာပေါ့''

''ကျားသားမိုးကြိုး မလုပ်လိုက်ပါနဲ့ မယ်ကာကရယ်၊ ယောကျာ်းကြီးတွေတောင် ထွက်မလာဝံ့တဲ့ဟာ၊ မင်းကသွားမယ်ဆိုတော့''

''ဒီမှာကိုကာက၊ ရှင်အသာနေ လူဆိုတာ စွန့်မှစားရတယ်တော့၊ ကျွန်မတို့ဟာ ခုနစ်ရက်အတွင်း ချမ်းသာမယ်လို့ ဗျာဒိတ်တော်စကားရှိတယ်မဟုတ်လား၊ ထိုင်နေလို့တော့ ချမ်းသာမှာ မဟုတ်ဘူး၊ ဒီကိစ္စဟာ ကျွန်မတို့အတွက် ပေါ်လာတဲ့အချက်ပဲ''

''ငွေတစ်ထောင်လောက်နဲ့များ ချမ်းသာမှာတဲ့လားကွာ''

''ငွေတစ်ထောင်ဆိုပေမယ့် ဘုရင်မင်းမြတ်နဲ့ ရွှေနန်းတော်နဲ့ ပတ်သက်နေတယ် တော့၊ အလားအလာတွေ အများကြီးရှိတယ်''

''ဒီလိုဆိုရင်လဲ ငါသွားမယ်ကွာ၊ မင်းက မိန်းမသားပဲဟာ''

www.burmeseclassic.com

www.burmeseclassic.com



''အသာနေ ကိုကာက၊ မိန်းမဆောင်မှ အောင်တဲ့ကိစ္စတွေအများကြီးရှိတယ်၊ ကျွန်မမှာ လုပ်စရာစိတ်ကူးတွေ ရှိနေတယ်၊ ရှင်စိတ်ချပြီး အေးအေးသာနေ၊ ကျွန်မ သွားမယ်''

ပြောတွင်းဆိုတွင်းပင် မောင်းဆရာတို့လည်း အိမ်ရှေ့သို့ရောက်လာသောကြောင့် မယ်ကာကသည် ရုတ်ခြည်းပင် အိမ်ရှေ့သို့ ထွက်လာကာ မောင်းဆရာများနှင့် ရင်ဆိုင်လိုက်၏။

''အဖေကြီးတို့၊ အဖေကြီးတို့''

''ဘာတုံး ကလေးမ''

''ကျွန်မ သွားပို့ပါ့မယ်''

''အလို – မင်းက မိန်းကလေးပါလား''

''မိန်းကလေးရော မပို့ရဘူးလားရှင့်၊ ထမင်းပို့တဲ့ ကိစ္စလောက်ဟာပဲ''

''ပို့ရပါတယ်ဗျာ၊ တို့က ယောက်ျားကြီးတွေတောင် ထွက်မလာဝံ့တဲ့ကိစ္စမှာ မိန်းကလေးဆိုတော့ အံ့သြလို့ပါ''

''ပို့ရင် လာ–သွားကြစို့ နန်းတော်ကို''

မောင်းဆရာနှင့် မယ်ကာကတို့ ထွက်၍ လာကြ၏။ မောင်ကာက တတွေးတွေးနှင့် ငေး၍ကျန်ခဲ့၏။ ဘုရင့်ရှေ့မှောက်သို့ ရောက်လာသည်။ အခြားမောင်းဆရာတို့တွင် သွားဝံ့သူ တစ်ဦးတစ်ယောက်မျှ ထွက်ပေါ်၍မလာ။

## ဘုရင့်ရှေ့တော်ဝယ်

''ထမင်းပို့မည့်သူ၊ ရှေ့တော်မှောက် ရောက်ရှိလာပါပြီဘုရား''ဟု မင်းချင်းက အလျှောက်တွင် ဘုရင်က မယ်ကာကသို့ စူးစိုက်စွာ ကြည့်၍ ''အလို–ပေါ်မယ့် ပေါ်တော့လဲ မိန်းကလေးပါလား''ဟု အံ့သြစွာ အမိန့်ရှိသည်။

''မှန်ပါသည်။ ကျွန်တော်မသွားပါမည်။ သို့သော် သွားရမည့်ကိစ္စတွင် ကျွန်တော်မ လျှောက်တင်ရန် ရှိပါသည်ဘုရား''

''ဘာများတုံးကွယ့်၊ မိန်းကလေးရဲ့''

''ကျွန်တော်မသည် အရှင်မင်းမြတ်စေလွှတ်သူဖြစ်၍ ဘုရင့်တမန်တော် ဖြစ်ရပါမည်ဘုရား''

''မှန်ပေသပေါ့''

www.burmeseclassic.com

www.burmeseclassic.com



''ဘုရင့်တမန်တော်ဖြစ်သည့်အတိုင်း တမန်တော်တို့၏ အဆောင်အယောင် လိုအပ်ပါသည်။ အကြောင်းမှာ သွားရမည့် ခရီးသည်အချိန်မတော်တွင် ကြမ်းတမ်းလှသော နေရာဖြစ်သည့်အတိုင်း တမန်တော်အသွင်ဖြင့်သွားမှ အောင်မြင်ပါလိမ့်မည် ဘုရား''

''မှန်သပေါ့၊ ဒီတော့-''

''ထီးဖြူ၊ သန်လျက်နှင့် ခြေနင်းတစ်စုံ ပေးသနားတော်မူပါဘုရား''

''အမယ်-တယ်လည်း ချက်ချာတဲ့မိန်းကလေးပါလား၊ ကိစ္စပြီးမြောက်ဖို့သာ အရေးကြီးတယ်၊ မိန်းကလေးလိုအပ်သမျှ ပေးစေဗျား၊ ပေးစေ''

သို့နှင့် ဘုရင့်ရှေ့တော်မှောက်တွင် ထီးဖြူ၊ သန်လျက်တို့နှင့် လိုက်ဖက်အောင် နန်းတွင်းအဝတ်အဆင်တို့ကို ယောကျ်ားလေးလို သဏ္ဌာန်အသွင်ဖြင့် ဝတ်ဆင်စေ၍ အသင့်ပြင်ထားသောပွဲတော်အုပ်ကို ဝဲလက်ဖြင့် ပွေ့သည်။ ယာလက်ဖြင့် သန်လျက်ကို ကိုင်သည်။ လိုအပ်သည့်အခါမှ ဖွင့်၍ဆောင်းရန်ဖြစ်သော ထီးဖြူငယ်ကို ယာလက်တွင် ကိုင်ညှပ်သည်။ မိန်းမပင်ဖြစ်သော်လည်း နန်းတွင်းသာ ယောကျ်ားဟန်ပန်ဖြင့် တမန်တော် အသွင်သို့ ရောက်ရှိသွားပြီဖြစ်၏။

## ဘီလူးကျောက်ရုပ်

မင်းချင်းများက မယ်ကာကကို မြို့တံခါးအထိ လိုက်ပို့ကြ၏။ ဘုရင့်အမိန့်ဖြင့် မြို့တံခါး အလွယ်ပွင့်သည်။ မြို့တံခါးမှလွန်သော် ကြယ်ရောင်ကလေးများ ဝိုးတဝါးသာရှိ၍ မှောင်မိုက်သော သုသာန်သို့ မယ်ကာက တိုးဝင်လျက် ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ကြရသည်။

ဤသုသာန်ခရီးကို ဤလိုအချိန်တွင်ပင် ရှေးကတစ်ဦးသွားဖူး၏။ ရှေ့နားက ပြောခဲ့သော အနာထပိဏ်သူဌေးပင်တည်း။

သာဝတ္ထိမှ ယောက်ဖရှိရာ ရာဇဂြိုဟ်သို့ ကုန်သွယ်ကိစ္စဖြင့် ရောက်လာသော အနာထပိဏ်သည်၊ သိဒ္ဓတ်မင်းသား ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ရာဇဂြိုဟ်တွင် သီတင်းသုံးခိုက်နှင့် ကြုံကြိုက်လေရာ ဘုရားဟူသော အသံကြားရရုံနှင့်ပင် ပီတိ တဝေဝေ စေတနာတဖွားဖွားဖြစ်ပွားလျက်ရှိသော အနာထပိဏ်အဖို့ နံနက်လင်းသည် အထိပင် မစောင့်နိုင်တော့ဘဲ သတင်းကြားရသော ညအချိန်တွင်ပင် ဘုရားရှင်ရှိရာသို့ ထ၍သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုညက ဘုရားရှင်သည် ဝေဠုဝန်တွင် မကျိန်းစက်ဘဲ ဤသုသာန်တွင် သုသာန်ကမ္မဋ္ဌာန်းစီးဖြန်း သီတင်းသုံးတော်မူလျက်ရှိသည်။

အချိန်မတော်ထွက်လာသော အနာထပိဏ်ကို သရဲသဘက်တို့က နှောင့်ယှက်လိုသော်လည်း နတ်ကောင်းနတ်မြတ်များက တားဆီးစောင့်ရှောက်ပေးသည်။ သရဲသဘက်တို့ နှောင့်ယှက်လွန်း၍ အနာထပိဏ် တွန့်ဆုတ်မိသည်ကိုပင် နတ်ကောင်းတစ်ပါးက ''အနာထပိဏ်သူဌေး ။ ။ အဘယ့်ကြောင့် အားလျော့ပါသနည်း၊ ဘုရားရှင်အထံတော်သို့သွားနေသော သင့်ခြေတစ်လှမ်းသည် အတိုင်းအဆမရှိ တန်ဖိုးရှိဘိ၏''ဟု အားပေးစကားပြောကြားသည်။ ဤမှုဆက်၍ 'ခြေတစ်လှမ်း တစ်သန်းတန်သည်' ဟူသောဝေါဟာရပင်ဖြစ်ပေါ်လာခဲ့သည်။ (ဗုဒ္ဓစာပန်းချီ 'လင်းအရုဏ်'ဝတ္ထု)

စိတ်ဟူသည် တစ်ကြိမ်တည်းတွင် နှစ်ခုမဖြစ်။ ကြောက်ကြသည်လည်း ဤစိတ်၊ ရဲသည်လည်းဤစိတ်ပင်ဖြစ်၏။ မိန်းမသားပင်ဖြစ်သော်လည်း မိမိ၏ထူးသောအလှူ ချမ်းသာမည်ဟူသော ဗျာဒိတ်စကားဖြင့် ပင့်မြှောက်ထားအပ်သော မယ်ကာကသည် ရဲရင့်သူဖြစ်လာ၏။ တစ်ဖန်၊ မိမိ၏ ဉာဏ်စိတ်ကူးတွင် ဘုရင်ပင့်မြှောက်မှုအကူအညီကို ရလာသောအခါ ပို၍ရဲရင့်သည်။ သို့နှင့် သုသာန်သို့ တရွေ့ရွေ့ဦးတည်လာခဲ့သည်။

သုသာန်သို့ မရောက်မီ လမ်းတစ်ဝက်ခန့်၌ ထန်းပင်အုပ်စုရှိရာ၊ ယင်းထန်းပင်အုပ်စုကို ဖြတ်ကျော်မှ သုသာန်သို့ ရောက်မည်။ ထန်းပင်အုပ်စုမှ လွန်သော် မန်ကျည်းပင်အုပ်စုကို ဖြတ်ကျော်ရဦးမည်။

ထန်းပင်ကြီးသုံးပင်နှင့် ယင်းထန်းပင်အုပ်စုသည် ဒီဃတာလခေါ် ဘီလူးကျောက်ရှည်၏ အပိုင်စားနေရာတည်း။ ဒီဃတာလဟူသည် ကျောက်ကုန်းရှည်ကြီးနှင့်ကိုယ်ခန္ဓာ ကြီးမားထွားကြိုင်းလှသည်ဟု မြင်ဖူးသူတို့က ပြောကြသည်။ သို့နှင့် ဘီလူးကျောက်ရှည်ဟု အမည်တွင်လာ၏။

ဘီလူးကျောက်ရှည်၏ ဆိုးသွမ်းသောသတင်းကို ရာဇဂြိုဟ်တစ်မြို့လုံး သိသကဲ့သို့မယ်ကာကလည်းသိ၏။ ညဥ့်အချိန်ဖြစ်၍ သူနှင့် ရင်ဆိုင်ရဖို့ သေချာသည်။ အကြောင်းမှာ နေ့အခါတွင် ခရီးလာခရီးသွားတို့အား နှောင့်ယှက်ပိုင်ခွင့်မရှိ ညဥ့်အခါတွင်သာ မျက်စိလည်လမ်းမှားအရက်သမား မူးမူးရူးရူး စသည်များရောက်ရှိလာလျှင် စားနိုင်ခွင့်ရှိသည်ဟု အထက်ကသတ်မှတ်ထားသည်။ မယ်ကာကအဖို့ ညဥ့်အချိန်ဖြစ်၍ သူနှင့် ကေန်ရင်ဆိုင်ရဖို့ရှိသည်ဟု ကြိုတွေးပြင်ဆင်လာခြင်းဖြစ်သည်။

သို့နှင့် ထန်းပင်ကြီးများအနီးသို့ ရောက်သောအခါ မယ်ကာကသည် ထီးဖြူကိုဖွင့်၍ဆောင်းလိုက်၏။ အင်အားယူ၍ ရင်ကို ကြွားကြွားပင့်လိုက်၏။ ထို့နောက် မင်းဂိုဏ်

www.burmeseclassic.com



စိုးဟန်ဖြင့် မာန်ချီကာ ထန်းတောသို့ဦးတည်သည်။

ထန်းပင်ကြီးအနီးသို့ ရောက်သည်ဆိုလျှင်ပင် ကောင်းကင်မှ ဖြုန်းကနဲကျလာ သကဲ့သို့ မဲမဲသဲသဲ သတ္တဝါကြီးတစ်ဦး မယ်ကာကရှေ့သို့ ရပ်တည်လာသည်။ ကေန္တ ဘီလူးကျောက်ရှည်ပေတည်း။

''ဟယ်လူသား–မသွားနှင့်၊ သင်ကား ငါ့အစာဖြစ်ပြီ''

''အလို–ဒီဃတာလ ဘီလူးမင်းပါလား။ ငါ့ကို ဘယ်သူမှုားမှတ်လို့တုံး''

''ဘယ်သူတွေ ဘယ်ဝါတွေ လုပ်မနေနဲ့၊ သင်–ငါ့အစာဖြစ်ပြီ''

''ဒီဃာတာလ ။ ။ အသင်သည် ဘုရင်၏ အမိန့်ဖြင့် ထန်းတောကို ပိုင်စိုးခွင့်ရသော မင်း၏ကျွန်မဟုတ်သလော၊ ငါသည်လည်း ဘုရင်၏အမိန့်ဖြင့် စေလွှတ်သော မင်း၏တမန်တော်ဖြစ်ပေသည်။ မင်းကျွန်ချင်းအတူတူ ဖြစ်ကြပါသည်ကို အသင်သည် ဇာတ်တူသားကို စားနိုင်ရာသလော၊ စားဝံ့အံ့လော''

''မင်းတမန်တော်ဖြစ်ကြောင်း သင့်ကို ပသို့သိရအံ့နည်း''

''ဟောဒီမှာကြည့် ဘုရင့်ထီးဖြူ၊ ဟောဒီမှာကြည့်၊ ဘုရင့်သန်လျက်၊ ဟော ဒီမှာကြည့်ဦး၊ ဘုရင်မင်းမြတ်ပေးအပ်သောခြေနင်း။ အမှန်သော ငါသည် သင့်ပိုင်နက်သို့ ခြေချခြင်းမဟုတ်၊ ဘုရင့်ခြေနင်းပေါ်တွင်သာ ခြေချနေခြင်းဖြစ်သည်''

ကျောက်ရှည်က မယ်ကာကပြသော ဘုရင်သုံး ပစ္စည်းများကို တစ်ခုချင်း ငုံ့၍ ကြည့်သည်။

''ဟုတ်ပေသားပဲ၊ သင့်ကို စားပိုင်ခွင့်မရှိပေဘူး၊ အနို့–အချိန်မတော်ကြီးမှာ သင်က ဘယ်ကိုသွားမလို့တုံး''

''ဘုရင့်အမိန့်ကိစ္စတစ်ခုဖြင့် သုသာန်ဘက်သို့ သွားရမည်''

''အခွင့်သင့်လိုက်တာ တမန်တော်ရယ်၊ သုသာန်ဘက်ကိုသွားမှာဆိုရင် သုသာန်အလွန်နားမှာ မန်ကျည်းပင်ကြီး ခုနစ်ပင်ရှိလေရဲ့၊ အဲဒီမန်ကျည်းပင်တွေဟာ ငါ့ယောက္ခမ သုမနနတ်မင်းကြီးရဲ့ ဗိမာန်ပဲ၊ ငါ့ယောက္ခမဆီကို မင်္ဂလာသတင်းတစ်ရပ် ပို့ဆောင်ပေးပါ''

''ဘယ်လို မင်္ဂလာသတင်းလဲ''

''သူ့သမီးဖြစ်တဲ့ ငါ့မယား ကာဠီမှာ ဒီနေ့စင်ကြယ်သန့်ရှင်းတဲ့ သားချော သားလှကလေးတစ်ယောက် မွေးပါတယ်၊ အဲဒီမင်္ဂလာသတင်းကို အဖိုးထံသို့ ပို့လိုက် ပါတယ်လို့ ပြောပေးပါ''

www.burmeseclassic.com

www.burmeseclassic.com



မယ်ကာက ပြုံး၏။ အရုပ်ဆိုးလှသော ကျောက်ရုပ်နှင့် မယားမိမဲတူတို့မှ သားချော သားလှကလေး မွေးသည်ဆိုသောကြောင့်ဖြစ်၏။ မိဘဟူသည် အရုပ်ဆိုးသည် ဖြစ်စေ၊ အကျည်းတန်သည်ဖြစ်စေ၊ မိဘမေတ္တာကြောင့် မွေးလာသမျှ သားချော သမီးလှချည်းပေသည်။ မယ်ကာက သရော်ပြုံး ပြုံးလိုက်မိသော်လည်း မင်္ဂလာစကား ကြားရသည်နှင့်အတူဖြစ်သောကြောင့် သရော်ရာမရောက်။

''မင်္ဂလာစကားကြားရလို့ပဲ ကျွန်ုပ်လည်း ဝမ်းသာလှပါတယ်။ စိတ်ချပါ။ သင့်ယောက္ခမ သုမန နတ်မင်းထံ အရောက်သွားပြီး သတင်းပါးလိုက်ပါမယ်-''

## သုသာန်တွင်

သုသာန်အနီးသို့ရောက်လာလေ၊ လူသေကောင်ပုပ်တို့မှ အပုပ်စော် နံလာလေ ဖြစ်၏။ လူသေအလောင်းများကို တတ်နိုင်သူတို့က အုတ်ဂူသွင်းကြ၏။ အချို့မြေမြှုပ်ကြ၏။ သို့ရာတွင် အများအားဖြင့်မူ လူသေကောင်များကို သည်အတိုင်း စွန့်ပစ်ခဲ့ကြသည်သာ ဖြစ်၏။ အချို့က မြေပေါ်တွင် စွန့်ပစ်ရုံမျှမဟုတ်၊ စင်ကလေးထိုး၍ အလောင်းကို တင်ထားခဲ့ရာတွင် လူသေတို့မှ အပုပ်ရည်ယိုစီးကျနေ၍ အပုပ်နံ့ပို၍နံသည်။ အကြောင်းပြချက်မှာ သုသာန် ဂူတင်ရှုလိုသော ရသေ့ရဟန်းများအတွက်ဆို၏။ တစ်ခါတရံ သေပြီဟု စွန့်ပစ်ခဲ့ရာတွင် မသေဘဲ ထလာသူများ ရှိတတ်သောကြောင့်လည်းဖြစ်၏။ ထိုခေတ်၏ အလေ့အထတည်း။

မယ်ကာကသည် အပုပ်နံ့များကို သည်းခံ၍ လူသေအလောင်းအချို့ကို ဖြတ်ကျော်ကာအတွင်းပိုင်းသို့ ဝင်လိုက်မိသောအခါ ကြယ်ရောင်ကလေးများ ဝိုးတဝါးတွင် စင်မြင့်မြင့်ဖြင့် ကားကြက်ထားသော မိုးမှောင်ကိုတွေ့ရ၍ ကိစ္စမြန်မြန်ပြီးရန် အနီးသို့ ချဉ်းကပ်လိုက်၏။

ခါးတွင် နံငယ်တစ်ခု ရစ်ပတ်ထားသည်မှတစ်ပါး တစ်ကိုယ်လုံးတွင် အဝတ်မရှိ။ မိုးမှောင်ဆိုသော်လည်း အသားအရေလတ်၏။ မဇ္ဈိမတွင် လူ့အဆင့်အတန်း ဇာတ်မျိုးစုံ ရှိရာ လူဆိုးပရက္ခဆိုသူတို့မှာ အများအားဖြင့် ဇာတ်နိမ့်လူမည်းများ ဖြစ်တတ်ကြ၏။ မိုးမှောင်ဆိုသည်မှာ မည်းသောကြောင့်မဟုတ်၊ ညဥ့်အမှောင်တွင် ကျက်စားတတ်သောကြောင့် ခေါ်ကြဟန်တူသည်။ လက်နှစ်ချောင်း၊ ခြေနှစ်ချောင်းတို့ကို လေးပေါင် လေးဖက် ကားကြက်ထားရာ ကိုယ်ခန္ဓာအလေးချိန်ကြောင့် ရှေ့သို့အတန်တွဲကျနေ၏။ ရှေ့သို့ ဦးခေါင်းငိုက်စိုက်ကျ၍ ရောင်ထုံးကြီးက မျက်နှာကိုဖုံးကွယ်ထားသည်။ အိပ်ပျော်နေဟန်ရှိ၏။ သေရမည်ကိုကေန်သိသောသူသည် အိပ်ပျော်နိုင်သလော၊ သို့မဟုတ် သေမှာပင်မကြောက်သူလောဟု မယ်ကာကတွေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်ပင် စိတ်ဝင်စားသော လူဆိုးကြီးမိုးမှောင်ကို မယ်ကာက သည်လည်း စိတ်ဝင်စား၍ အကဲခတ်ကြည့်ရှုသည်။ ထို့နောက် မိမိကိစ္စပြီးစီးရန်အတွက် ''မိုးမှောင်– လူဆိုးကြီးမိုးမှောင်''ဟု အသံခပ်ရင့်ရင့် မြှင့်၍ ခေါ်လိုက်သည်။

မိမိသည် မိန်းမဖြစ်၏။ မိန်းမကို ယောကျ်ားတို့က နေရာများစွာတွင်ပင် မထီမဲ့မြင်ပြုတတ်ကြသည်။ ထို့ကြောင့် စွမ်းနိုင်သမျှ ဟန်ကိုယ့်ဖို့လုပ်လိုက်ရ၏။

မိုးမှောင်ဦးခေါင်းထောင်လာသည်။ မယ်ကာကကို စူးစူးစိုက်စိုက်ကြည့်သည်။ ထို့နောက် မျက်စိတ်ပုတ်ခတ်လုပ်သည်။ ထိုနောက် မျက်လုံးများ ပြူးကျယ်လာသည်။ ထို့နောက်ကား တဟားဟားရယ်ပါလေ၏။

''မိုးမှောင် သေရမည်ကြောင့် ရူးများနေပြီလား''

''သင်ဘယ်သူလဲ၊ ဘာကိစ္စ ငါ့အနားရောက်လာရတာလဲ၊ သင်ဟာ သရဲမလေးလား။ သုသာန်မှာ သရဲတစ္ဆေတွေလာတယ်၊ လူသားစားတယ်ပြောကြလို့ ငါက သရဲတစ္ဆေတွေကို တစ်နေ့လုံး တစ်ညလုံး စောင့်ကြည့်နေတာ၊ နေ့လယ်က လင်းတတွေ လူသေလာစားတယ်၊ ညကျတော့ ခွေးအတွေလာစားတယ်၊ ဘယ်သရဲ တစ္ဆေမှမလာဘူး၊ လာမယ့်လာတော့ တစ္ဆေမချောချောလေးပါလား ဟား–ဟား''

''မိုးမှောင်–ငါဟာ တစ္ဆေသရဲမဟုတ်ဘူး၊ နေ့လယ်က သင့်ထံသို့ ထမင်း ပို့ပေးမယ်လို့ ဘုရင်မင်းမြတ် ကတိထားခဲ့တဲ့အတိုင်း ဘုရင်စေလွှတ်လို့ သင့်အတွက် ထမင်းလာပို့တဲ့သူ''

''ဒီလိုဆို စားရချေသေးပေါ့''

''ကဲ– စားပေတော့''ဟုဆိုကာ မိုးမှောင်၏ ရှေ့သို့ ပွဲတော်အုပ်ကို ချလိုက်သည်။ ချထားပေးလိုက်ရုံနှင့်မပြီးသေး၊ စားပြီးလျှင် ပွဲတော်အုပ်ကို စောင့်ပြန်ယူရန် ရှိလေသေး၏။

''အမျိုးသမီး– စဉ်းစားကြည့်ပါဦး၊ ခြေရောလက်တွေပါ ကားစင်တင်ထားတာကို ငါဘယ်လိုယူပြီး စားရမှာတဲ့လဲ''

မှန်ပါ၏။ သည်အတိုင်းတော့ စား၍မဖြစ်နိုင်ပေ။ သူ့ပါးစပ်သို့ ခွံ့ကျွေးမှသာ စားနိုင်ပေတော့မည်။ သို့သော် မိုးမှောင်အနီးသို့လည်း သည်ထက်ပို၍ မချဉ်းကပ်လိုပေ။ အကြောင်းမှာ ဤသကောင့်သားသည် သေရမည့်ဘေးကိုလည်း စိုးရိမ်ဟန်မတူ၊ အစာ အတွက်လည်း အရေးကြီးတော့ဟန်မတူ၊ မိမိကိုတွေ့၍ လူမိန်းမမှန်းသိသည်နှင့် တစ်ပြိုင်နက် သူ့အမူအယာသည် ကိလေသာဖက်သို့ ယိုင်နေဟန်ရှိသည်။ မျက်လုံး တစ်မျိုးနှင့်ကြည့်သည်။ တွေ့သည်ကစ၍ တပြုံးပြုံးတဖြီးဖြီးကြီး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ''မစားနိုင်ရင်လည်းနေပေတော့''ဟု ပြောလိုက်သည်။

''အမျိုးသမီး။ ငါ့အားစားစေလို၍ ဘုရင်မင်းမြတ်က သင့်ကို စေလွှတ်လိုက်သည် မဟုတ်လော။ ချရှုံသာချထားပြီး ငါမစားရသော် သင့်တာဝန် ကျေပွန်ပါအံ့လော''

မှန်၏။ သူစားပြီးမှသာ ကိစ္စပြီးမည်။ မတတ်နိုင်။ အနီးသို့တိုး၍သာ ခွံ့ကျွေးရပေတော့မည်။ ထို့ကြောင့် ပွဲတော်အုပ်ကို ဝဲလက်ဖြင့် ကိုင်မွေ့ကာ ယာလက်ဖြင့် ထမင်းကိုယူ၍ လက်လှမ်းတစ်မီအထိ အနီးသို့ ချဉ်းကပ်လိုက်ရ၏။

အရပ်အမောင်းက မြင့်ရသည့်အပေါ်တွင် ကားကြက်ထားသောကြောင့် ပို၍ မြင့်နေ၏။ ဤအထဲ မိုးမှောင်က အကြဲတစ်မျိုးဖြင့် ဦးခေါင်းကို မော့မတ်ထားလိုက်ချေသေးသည်။ ထို့ကြောင့် မမီတမီဖြင့်သာ ပါးစပ်အရောက်ပေးခွံ့ရ၏။

တစ်လုတ်နှစ်လုတ်မျှစားအပြီးတွင်ပင် လူဆိုးမိုးမှောင် လုပ်လိုက်ပုံမှာကား သူ့ဦးခေါင်းကို စိုက်ကနဲ ငိုက်ငုံ့လိုက်ပြီးလျှင်ပင် မယ်ကာက၏ ဆံထုံးကို တဟီးဟီး တဟားဟား တအားကျုံး၍ ကိုက်ဆွဲထားလိုက်ခြင်းပေတည်း။

မိုက်လေစွ။ ဤလူဆိုးသည် သံသရာပြစ်ကိုလည်း မတွေးတော၊ လောကပြစ်ကိုလည်း မကြောက်၊ သေရတော့အံ့မှူးမှူး၌ပင် ကိလေသာရှူး ရှူးလိုက်ချေသေး၏။ မတတ်နိုင်၊ ဖြစ်သည့်နည်းဖြင့် ရုန်းထွက်ရပေတော့မည်။ ဤလိုအရေးမျိုးကို ကြိုတင်တွေး၍ပင် ပြင်ဆင်လာခဲ့ခြင်း ဖြစ်ပေသည်။

ခိုင်မာသောသွားဖြင့် ဆံထုံးကို ကိုက်ဆွဲ၍ထားသောကြောင့် ခြေနှင့်မြေ မလွတ်တလွတ်ဖြင့် တန်းလန်းကြီး ဖြစ်နေခိုက်တွင် မယ်ကာကသည် ပွဲတော်အုပ်ကို လွှတ်ချလိုက်ကာ ခါးတွင်ချပ်ဆောင်၍ထားအပ်သော သန်လျက်ကို ဆွဲထုတ်လိုက်၏။ ဆံပင်ကို သန်လျက်ဖြင့် ကိုင်မြှောက်၍ဖြတ်လိုက်၏။ လွတ်ထွက်လာသည်။ မိုက်လေစွဟူသော ဒေါသဖြင့် မိုးမှောင်ကို မော်ကြည့်လိုက်သောအခါ သန်လျက်ကြောင့် နှုတ်ခမ်းပြတ်ကာ သွေးသံရဲရဲဖြစ်နေသည်ကိုတွေ့ရ၏။ သို့နှင့်လည်း နာကျင်ဟန် နောင်တရဟန်မတူသေးဘဲ ''နေပါဦးကွ၊ တို့နှစ်ယောက်ထဲပဲဟာ''ဟု ပြောလိုက်ချေသေးသည်။

''ကြွင်းတူးမိုက်တဲ့ လူမိုက်ကြီး။ နေရစ်ခဲ့ပေတော့၊ ငါ့တာဝန် ကျေပြီ''ဟုဆိုကာ မယ်ကာကသည် ပွဲတော်အုပ်ကို ကောက်ယူကာ ထွက်ခွာလာခဲ့သည်။ ဒီဃတာလထံမှ ကတိထားခဲ့သော သုမနနတ်မင်းရှိရာ မန်ကျည်းအုပ်စုသို့ သွားရန်ရှိပေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



## သုမနနတ်မင်း

သုမနနတ်မင်းဆိုသောကြောင့် ဘီလူးကျောက်ရုပ်တို့လို နတ်ဆိုး ဘီလူးဆိုး ဟုတ်ဟန်မတူ၊ သဘောကောင်း နတ်ကောင်းဖြစ်ဟန်ရှိ၏ဟူသောအတွေးဖြင့် သုသာန် အလွန်သို့ရောက်သောအခါ မန်ကျည်းခုနစ်ပင်အုပ်စုကို အလွယ်ပင်တွေ့၏။ မန်ကျည်းပင်ကြီး တစ်ပင်အနီးသို့ ချဉ်းကပ်မိ၍ "သုမနနတ်မင်း၊ သုမနနတ်မင်းကြီးရှင့်"ဟု ခေါ်လိုက်ရာတွင် ဒီဃတာလတို့လို စုတ်စုတ်ပြဲပြဲ မဲမဲသဲသဲမဟုတ်၊ စင်ကြယ်သော မျက်နှာ၊ ထည်ဝါသော နတ်ဝတ်များဖြင့် ထွက်ပေါ်၍လာသော နတ်ကြီးတစ်ပါးကို အထင်းသားတွေ့ရ၏။

"ကျုပ်ကိုခေါ်တာ ဘာကိစ္စလည်းကွယ့် မိန်းကလေးရဲ့"

"ကျွန်ုပ်သည်ကား ကိစ္စတစ်ခုဖြင့် စေလွှတ်အပ်သော ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်မင်းမြတ်၏ တမန်တော်ဖြစ်ပါသည်။ ဒီဃတာလတို့ ထန်းတောအရောက်တွင် သင်နတ်မင်းကြီး၏ သမက် ဒီဃတာလနှင့်တွေ့၍ သင်နတ်မင်း၏ သမီးကာဠီသည် ယနေ့ စင်ကြယ်သော သားချောသားလှကလေးတစ်ဦးမွေးဖွားကြောင်း သတင်းပါးလိုက်လို့ မင်္ဂလာသတင်းလာရောက် ပြောကြားခြင်းဖြစ်ပါသည်နတ်မင်း"

"ရွှေ – ကောင်းလိုက်တဲ့ မင်္ဂလာသတင်းဗျာ၊ နတ်မင်းကြီးများနဲ့ မင်္ဂလာစကား ပြောကြားနေတုန်းမှာ အခုလိုသုတမင်္ဂလာ စကားကြားရပြန်တော့ မင်္ဂလာပေါ် မင်္ဂလာထပ်နေတာပဲ၊ မင်္ဂလာစကားယူဆောင်ခဲ့တဲ့ တမန်တော်သင့်အဖို့ အချည်းနှီး မဖြစ်သင့်ပေဘူး။ ဒါကြောင့် ငါဆုချလိုက်မယ်။ ငါ့မန်ကျည်းပင် ခုနစ်ပင်၊ တစ်ပင်တစ်ပင်ရဲ့ အရင်းမှာ ရွှေအိုးကြီးနှစ်လုံးစီရှိလေရဲ့၊ အခွင့်သာတဲ့အခါလာရောက်ပြီး အသင် တူးဖော်ယူစေဗျား"

"ဝမ်းမြောက်လှပါဘိ အရှင်နတ်မင်း၊ ကျွန်ုပ်အားသွားခွင့်ပြုပါတော့"

အပြန်တွင် သုသာန်ကို ကွေ့ရှောင်၍လာခဲ့၏။ လူသေကောင် အပုပ်ထက် ယုတ်မာသောသူက ပို၍ ရွံရှာဖွယ်ကောင်းသည်။ ဝမ်းမြောက်ဖွယ်နှင့်ကြုံ၍ စိတ်ကူးတစ်ခု ရလာပြန်သောကြောင့် အပြန်ခရီးတွင် ဒီဃတာလနေရာသို့ ရောက်သောအခါ "ဒီဃတာလ၊ ဒီဃတာလ"ဟု ခေါ်လိုက်၏။ ကတိအတိုင်း မိမိသတင်းပို့ခဲ့သည့် အကြောင်းကိုလည်း ပြန်လည်ပြောကြား လိုပေသေးသည်။

ဒီဃတာလပေါ်လာ၏။ သည်တစ်ခါအတွေ့တွင်မူ သိမ်သိမ်မွေ့မွေ့ဖြစ်၏။ ယခင်ကလို ကြမ်းကြမ်းတမ်းတမ်း မဟုတ်တော့။

"သင့်မယားမှာ ဒီနေ့သားချော သားလှကလေး မွေးတဲ့အကြောင်း သင့်ယောက္ခမ သုမန နတ်မင်းကြီးထံ သတင်းပို့ခဲ့ပြီးပြီ ဒီဃတာလ။ သင့်မင်္ဂလာသတင်းကြားရတော့

www.burmeseclassic.com



နတ်မင်းကြီး ဝမ်းမြောက် ဝမ်းသာဖြစ်လို့ သတင်းဆုအဖြစ်နဲ့ ကျွန်ုပ်ကို ရွှေအိုးကြီးတွေ ဆုချလိုက်လေရဲ့"

"ဟုတ်လား။ ဒီလိုဆိုတော့ သတင်းကြားသူကတောင် ဆုချလိုက်ရင် သတင်းရှင် ဖြစ်တဲ့ငါက ပိုပြီး ဆုချသင့်တာပေါ့"

"ဒါတော့ သင့်သဘောအတိုင်းပေါ့လေ"

"ငါက သူ့လောက်တော့ မချမ်းသာပေဘူး။ ဟောဒီထန်းပင်ရင်းမှာ ရွှေအိုး လေးလုံးရှိလေရဲ့၊ အဲဒီရွှေအိုးတွေကို သင့်အတွက် ဆုချလိုက်ပါတယ်၊ တူးယူပေတော့"

"ဝမ်းမြောက်လှပါတယ် ဒီယတာလ။ အခွင့်သာတဲ့အခါ လာရောက် တူးယူ ပါမည်။ ကဲ-ကျွန်ုပ်ကို ခွင့်ပြုပါတော့"

သန်းခေါင်မတိုင်မီပင် နန်းတော်သို့ ပြန်ရောက်လာ၏။ ဘုရင်နှင့်တကွ မင်းချင်းတို့ အဖို့ စေလွှတ်လိုက်ရသူမှာ မိန်းမသားဖြစ်နေ၍ ပြီးမြောက်နိုင်ပါမည်လားဟု စိုးရိမ်စိတ်ဖြင့် စောင့်မျှော်နေကြသည်။ မိမိကတိ မပြီးပြတ်သရွေ့ ဘုရင်းမင်းမြတ် စက်တော်မခေါ်နိုင်။

မယ်ကာက ပြန်ရောက်လာ၍ စေခိုင်းသည့်အတိုင်း ပြီးစီးကြောင်းနှင့် မိမိအတွေ့အကြုံကို လျှောက်ထားကြားနာရသောအခါ ဘုရင် ဘဝင်ကျသည်။ ထောင်ထုပ်ကို ပေးသနားလိုက်ရသည်။ သို့ရာတွင် လူဆိုးမိုးမှောင်အတွေ့အကြုံနှင့် ရွှေအိုးများရလာသည်ဆိုသည်ကိုမူ သံသယရှိသည်။ ကိစ္စမရှိ၊ နက်ဖြန်မိုးလင်း၍ စုံစမ်းလိုက်လျှင် အလွယ်နှင့်ပင် သိရှိလာနိုင်သည်။

မယ်ကာက အိမ်ပြန်ရောက်၍ မိမိအတွေ့အကြုံကို လင်ဖြစ်သူအား ပြန်ပြောပြ သောအခါ ဝမ်းသာမဆုံး၊ တပြုံးပြုံးဖြစ်နေကြ၏။ မောင်ကာက အံ့သြရသည်မှာ မယ်ကာကသည် နတ်များ ဘီလူးများနှင့် ကိုယ်တိုင်တွေ့ကြုံခဲ့ရသည်ဆိုသော အဖြစ်ပင် ဖြစ်ပေသည်။ မှန်၏။ ဤလောက၌ စုန်း နတ် ကဝေ၊ တစ္ဆေ နတ်သားဆိုသူများကို အပြောများကြသော်လည်း ကိုယ်တိုင် ကိုယ်ကျတွေ့ကြုံရသူဟူ၍ကား ရှာမှရှားလှသော ကြောင့်ဖြစ်၏။

## ကာကောဏ္ဍ

နောက်နေ့တွင် မယ်ကာကထံသို့ နန်းတော်မှ အခေါ်ရောက်လာ၏။ မနေ့ညက အတွေ့အကြုံများကို ဘုရင်မင်းမြတ်ကိုယ်တော်တိုင်နှင့် နန်းတွင်းသားတို့ မယုံမပိုရှိခဲ့ရာတွင် ကိုယ်တွေ့အားဖြင့် သုသာန်သို့ သွားရောက် စုံစမ်းပြီး ရွှေအိုးကြီးဆိုသည်များကိုလည်း တူးဖော်ကြည့်စေရန် ဘုရင်ကိုယ်တိုင် စေလွှတ်သောကြောင့်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သုသာန်ရောက်၍ မိုးမှောင်နှင့် တွေ့ရသောအခါ မိုးမှောင်က မယ်ကာကကို ကြည့်၍ ''လာပြန်ပြီလား အမျိုးသမီး''ဟု တဟီးဟီး တဟားဟား လုပ်ပြန်ခိုက်၌ မင်းချင်းတို့က အနီးသို့ကပ်၍ စူးစမ်းလိုက်သောအခါ မနေ့ညက မယ်ကာကသည် သန်လျက်ဖြင့် ဖြတ်ထားခဲ့ရသော ဆံပင်များကိုလည်းကောင်း၊ မိုးမှောင်၏ ပါးစပ်အဖျား၌ ဆံတိုဆံစများကပ်လျက် ရှိသည်ကိုလည်းကောင်း တွေ့ရ၍ ဘဝင်ကျသွားကြသည်။

မန်ကျည်းခုနစ်ပင်တွင်လည်းကောင်း၊ ထန်းပင်တွင်လည်းကောင်း၊ ရွှေအိုးများကို တူးဖော်လိုက်သည့်အခါတွင်လည်း တစ်လုံးပြီး တစ်လုံးထွက်ပေါ်၍လာသောကြောင့် နန်းတော်သို့ လှည်းဖြင့်တိုက်၍ နန်းရင်ပြင်တွင် စုပုံစေသည်။ မန်ကျည်းခုနစ်ပင်မှ တစ်ပင်လျှင် နှစ်လုံးကျနှင့် ရွှေအိုး ၁၄ လုံး၊ ထန်းပင်ရင်းမှ ၄ လုံး။ နှစ်ရပ်ပေါင်း ရွှေအိုး ၁၈ လုံးသည် နန်းရင်ပြင်သို့ အကုန်အစင် ရောက်ရှိလာသည်ကို ဘုရင်နှင့်တကွ မှူးမတ်များပါ တအံ့တသြ ကြည့်ရှုကြသည်။ ရွှေအိုးများကို လှည်းဖြင့်တိုက်ယူသောအခါ မယ်ကာက၏ ခေါ်ယူချက်ဖြင့် လင်ဖြစ်သူ မောင်ကာကပါ ရောက်ရှိလာပြီဖြစ်၏။

နန်းရင်ပြင်တွင် ဘုရင်မင်းမြတ်က စုပုံထားသော ရွှေများကို ကြည့်၍ အနီးရှိ အမတ်များအား ''အမတ်တို့ ။ ။ ဤမျှလောက်သော ပစ္စည်းပိုင်ရှင်သည် သူဌေး မဖြစ်ထိုက်သလော''ဟု မေးလိုက်သောအခါ ''ဖြစ်ထိုက်လှပါသည်ဘုရား''ဟု တညီတညွတ် လျှောက်ထားကြသည်။

''သို့ဆိုလျှင် 'ကာကောဋ္ဌ'ဟူသော ဘွဲ့အမည်ဖြင့် ကာကလင်မယားတို့ မဟာသေဋ္ဌိသူဌေးဖြစ်စေ၊ သို့ရာတွင် သူတို့လင်မယားမှာ ဆင်းရဲသားများ ဖြစ်ကြ၍ သူဌေးနှင့် ထိုက်တန်သော နေရာအိုးအိမ် မရှိသေး။ သို့ဖြစ်၍ မကြာမီက ကွယ်လွန် ပျက်စီးလေပြီးသော သူဌေးဟောင်းတစ်ဦး၏မြေနေရာတွင် ထိုက်တန်သော အိမ်ဆောက်၍ ပေးစေ''ဟု ဘုရင်မင်းမြတ်က အမိန့်ချမှတ်လိုက်သည်။

ထို့ကြောင့်၊ ဘုရားရှင်ဗျာဒိတ်တော်အတိုင်းပင် ခုနစ်ရက်အတွင်း၌ပင် သူဌေး ဘဝသို့ ရောက်လာကြပြီဖြစ်၏။ သို့ရာတွင် သူတို့လာဘ်လာဘမှာ ဤမျှဖြင့် မပြီးသေး။ သူဌေးဟောင်းနေရာတွင် အိမ်ဆောက်ရန် တူးဖော်ကြသောအခါ တူးတိုင်းသော နေရာတို့မှ ရွှေအိုး၊ ငွေအိုးအမြောက်အမြား ထွက်ပေါ်လာသည်။ ယင်းရတနာများကိုလည်း ကာကတို့သာ ထိုက်သည်ဟုဆိုကာ ရရှိပြန်သည်။

သူဌေးတစ်ဦးကွယ်လွန်၍ အမွေဆက်ခံထိုက်သူမရှိခဲ့ပါသော် ထိုသူဌေး၏ ဥစ္စာရတနာတို့ကို ဘုရင်သိမ်းပိုက်ခွင့်ရှိ၏။ ယင်းသို့ ဘုရင်တို့ သိမ်းပိုက်ခွင့် အစဉ်အလာဖြင့် မကြာမီကပင် မစ္ဆရိယ ကောသိယဆိုသော နာမည်ကျော် သူဌေးကြီးတစ်ဦးသည် သာဝတ္ထိတွင် ကွယ်လွန်ခဲ့ရာ၌ အမွေဆက်ခံမည့်သူမရှိသောကြောင့် ကောသလဘုရင်က

www.burmeseclassic.com

www.burmeseclassic.com



မရေမတွက်နိုင်အောင်ပင် များပြားလှသော ယင်းသူဌေး၏ ဥစ္စာရတနာများကို သိမ်းပိုက်ခဲ့ရာတွင် ဘုရင်က ဘုရားရှင်အား "အရှင်မြတ်ဘုရား။ မစ္ဆရိယသူဌေးသည် မသေမီက တွန့်တိုလွန်းလှသူ ဖြစ်ပါသည်၊ သူတစ်ပါးကို ပေးလှူဖို့အပထား၍ မိမိစားသုံးဖို့ပင်လျှင် တွန့်တိုသူဖြစ်ပါသည်။ ပုန်းရည်ထမင်းကိုသာစား၊ လှည်းနွားဖြင့်သာ ခရီးသွားပြီး၊ ထီးကိုပင် သစ်ရွက်ကို အမိုးလုပ်၍ ဆောင်းသူဖြစ်ပါသည်။ သေတော့လည်း ဥစ္စာများမှာ မင်းဘဏ္ဍာသာ ဖြစ်ရပါတော့သည်"ဟု လျှောက်ထားသောကြောင့် ဘုရားရှင်က မစ္ဆရိယတရား၏ ဆိုးရွားပုံကို ဟောကြားတော်မူသည်။ (ဗုဒ္ဓစာပန်းချီ'နေညိုညို' ဝတ္ထု)

ကာကတို့အတွက် နေရာရသော သူဌေးဟောင်းဆိုသူမှာလည်း အမွေဆက်ခံမည့်သူ မရှိသောကြောင့် ပစ္စည်းအားလုံးပင် ဘုရင့်ဘဏ္ဍာတော်ဖြစ်လာ၍ သိမ်းယူသင့်သည်မှန်သမျှ သိမ်းယူခဲ့ပြီးပေပြီ။ မင်းပိုင်မြေနေရာကို ကာကတို့ကိုပေး၍ တိုက်ဆောက်ရန် နေရာမြေကို တူးဆွလိုက်သောအခါ ရွှေအိုး-ငွေအိုးများ ထွက်လာသည်။

ရှေးကသူဌေးများသည် ပိုလျှံသမျှ မိမိတို့၏ ဥစ္စာရတနာများကို လုံခြုံမည်ထင်သောမြေတွင် လျှို့ဝှက်မြှုပ်နှံထားကြသည်သာများ၏။ ဘုရင်တို့ကား အစဉ်စောင့်ရှောက်မည့်သူ ရှိသောကြောင့် မမြှုပ်နှံ၊ ရွှေတိုက်ဖြင့်ထားရှိသည်။

သူဌေးဟူ၍ အလွယ်သုံးကြသော်လည်း မင်းသိမှတ်ပြု၊ မင်းပေးဘွဲ့ရသူများကိုသာ သူဌေးအမည်ခံနိုင်သည်။ မင်းပေးဘွဲ့မရှိသော်၊ သူကြွယ်သာဖြစ်၏။ ယင်းသို့ဖြင့် ရာဇဂြိုဟ်တွင် ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏဟူ၍ မင်းပေးဘွဲ့ခံ သူဌေးကြီးလေးဦး စာရင်းပေါက်ခဲ့ရာ ကာက၊ သို့မဟုတ် ကာကဝလိယ ဟူသော ငယ်မည်မှ ပဥ္စမမြောက်သူဌေးအဖြစ် ကာကောဏ္ဍ၊ သို့မဟုတ် ကာကောဏ္ဍ မဟာသေဋ္ဌိ သူဌေးကြီးနှင့် သူဌေး ကတော်ကြီးအဖြစ်သို့ ရောက်လာ၏။

ယောကျ်ားသာလျှင် ပြဒ္ဒါန်းသောကြောင့် မောင်ကာကဘဝမှ ကာကောဏ္ဍ ဖြစ်လာရသော်လည်း မယားဆောင်၍အောင်ရသည်ဟု နေရာတကာတွင် မယ်ကာကကိုသာ ဦးစားပေး၏။ သို့နှင့် အိမ်ဆောက်မှုကိစ္စတွင်လည်း မယ်ကာကကိုသာ ဦးဆောင်စေရာ မယ်ကာက အစီအစဉ်ကား၊ နေ့စဉ် သံဃာတော်ငါးရာတို့အား ဆွမ်းကျွေးနိုင်ရန်အတွက် မဏ္ဍပ်ကြီးကို ပူးတွဲဆောက်လုပ်စေခြင်းပင်ဖြစ်၏။

ယင်းသို့လျှင် ရာဇဂြိုဟ်သာသနာတော်တွင်လည်း သာဝတ္ထိမှ ဝိသာခါ၊ အနာထပိဏ်တို့ မဏ္ဍပ်များကဲ့သို့ပင် သံဃာတော်တို့ ဆွမ်းကပ်လှူရာ၊ ပုန်းအောင်းရာ လဲလျောင်းရာ၊ ရဟန်းမယ်တော်-ခမည်းတော်အဖြစ်သို့ ရောက်လာသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာဂုဏ်ရည်

[ ၁ ]

ဝါတော်ဝင်ချိန် ဝါဆိုလပြည့်နီးကပ်လာသလောက် ရဟန်းများသည် တက်ကြွရွှင်လန်းလျက်ရှိကြ၏။ အကြောင်းမူကား ဘုရားရှင်သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ ဘုရားဖူးသွားကြရမည်။ မိမိတို့ကျင့်သုံးဆဲ ကမ္မဋ္ဌာန်းအဆင့်၊ တရားအခြေအနေကို လျှောက်ထားကြမည်။ ထိုအခါ ဘုရားရှင်က မိမိတို့စရိုက်နှင့် မကိုက်ညီဘဲလွဲမှားနေခဲ့ပါသော် ကိုက်ညီသော တရားတော်ဖြင့် ဟောကြား ပြုပြင်ပေးတော်မူမည်။ ကမ္မဋ္ဌာန်းမရှိသေးသောရဟန်းကို ကမ္မဋ္ဌာန်းတရား ပေးသနားတော်မူမည်။ ယင်းကမ္မဋ္ဌာန်းတရားတို့ဖြင့် ဝါတွင်း သုံးလပတ်လုံး သံသရာမှ မိမိတို့လွတ်မြောက်ရေး ကိစ္စတစ်ခုတည်းကိုသာ ဦးနိုက်၍ ကျင့်သုံးကြရမည်။

လွတ်မြောက်ပြီးသော ရဟန္တာရှင်ကြီးများက မိမိတို့ဆောင်ရွက်ပြီးသမျှသော သာသနာရေးကို တိုးတက်မှုအကြောင်းရပ်များကို လျှောက်ထားကြမည်။ ရောက်ရာအရပ်တွင် သာသနာပြုကြရမည်။ တရားဟောကြရမည်ဟူသော အမိန့်တော်အရ ဝါပအခါများ၌ တစ်ဖက်တွင် မိမိတို့ကိုယ်ရေးကိုယ်တာ တရားအားထုတ်ရင်းနှင့် အရှူ

www.burmeseclassic.com



တစ်ဘက်တွင် သာသနာပြုရန်အတွက် အလျဉ်းသင့်သလို ခရီးဒေသစာရီ ကြွချီနေကြရာမှ ဝါတော်ချိန်နီးကပ်သောအခါတွင်မူ ဘုရားရှင် သီတင်းသုံးတော်မူရာ ထိုထိုကျောင်းတော်များသို့ ဘုရားဖူးတရားတော်နာ စုရုံးကြွရောက်လာကြမြဲဖြစ်ပေရာ ထိုအခါတွင် ကွဲကွာလျက်ရှိနေကြသော ရဟန်းမိန်ဆွေ အချင်းချင်း တွေ့ကြုံကြရတော့မည်ဖြစ်၍ ရွှင်လန်းဝမ်းမြောက်ကြရမည်။

အချို့ရဟန်းများမှာ ဝေးလံသောအရပ်တွင် သီတင်းသုံးကြသောကြောင့် အသွားအပြန်ခရီးအတွက် ဘုရားရှင်အထံတော်သို့ ကြိုကြိုတင်တင်ပင် ရောက်ရှိနေကြမည်။ ယင်းသို့ ဝါတော်ဝင် နီးကပ်သောအချိန်၌ ဘုရားရှင်အထံတော်သို့ ဘုရားဖူးတရားနာ လာရောက်ကြခြင်းမှာ ဘုရားရှင်လက်ထက်တော်က ရဟန်းများ၏ ထုံးစံတစ်ရပ်ပင်ဖြစ်ပေ၏။

ဝါကျွတ်ချိန်ဆိုလျှင် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပစသော ရဟန္တာကြီးများမှစ၍ ရဟန်းအများသည် မိမိတို့အကြောင်း အားလျော်စွာ သာသနာပြုရန်အတွက် ထိုအရပ်ဒေသများသို့ ကြွချီနေကြရာမှ ဝါတော်ချိန်တွင်မူ ဘုရားရှင်နှင့် နီးနီးကပ်ကပ် ဆည်းကပ်နေထိုင်နိုင်ရန်အတွက် ဘုရားရှင် သီတင်းသုံးတော်မူရာ ဇေတဝန်၊ ဝေဠုဝန်၊ ပုဗ္ဗာရုံစသော ကျောင်းတို့တွင် သာမက၊ အရံကျောင်းပေါင်းများစွာတို့သို့ပင် တိုးဝင်လာရောက်သီတင်းသုံးကြပေရာ ဝါတွင်းကာလများတွင် အစဉ်သဖြင့် ဘုရားရှင်ဝန်းကျင်၌ ရဟန်းတော်တို့ ပြည့်ကျပ်လျက် ရှိနေမြဲဖြစ်၏။

ထိုအခါ ကျန်ရှိသည့်မြောက်မြားစွာသော ရဟန်းတော်များအဖို့ ရေကြည်ရာ မြက်နုရာဆိုသကဲ့သို့ သင့်လျော်ရာ မြို့ရွာကျောင်းများတွင် သီတင်းသုံးကြရသည်။ ပင်ကိုယ်ကပင် တောစရိုက်၊ ကေစာစရိုက်ရှိကြသော ရဟန်းတော်များကမူ သင့်လျော်ရာ တောတောင်ဂူလိုဏ်တို့တွင် သီတင်းသုံးကြသည်။ အချို့ ရဟန်းများစွာ စုဝေး၍နေသည်။ အချို့ နှစ်ပါးသုံးပါးမျှ အစုအဝေးဖြစ်နေသည်။ အချို့မှာ ကေစာတစ်ပါးတည်းသာ သီတင်းသုံးသည်။

တောတောင်ဂူလိုဏ်လည်း အလွတ်မရှိ နေသာရုံကျောင်းကလေး တစ်ဆောင်မျှလည်း ဆောက်လုပ်လှူဒါန်းမည့်သူမရှိ လာဘ်လာဘ ရှားပါးလှသော အချို့ရဟန်းတော်များမှာ ကျောင်းဆောက်သိက္ခာပုဒ် မပညတ်မီအချိန်က သစ်ဝါးကို ကိုယ်တိုင်ရှာဖွေ ခုတ်ဖြတ်ဆောက်လုပ်၍ နေရသည်များလည်းရှိသည်။

နေလိုလျှင် ရွှေကျောင်းကြီးဖြင့်ပင် နေထိုင်နိုင်သူဖြစ်ပါလျက် ရဟန်းဖြစ်သည်ဆိုကတည်းကပင် ကောင်းကင်နှင့် သစ်ပင်ကို လက်ညှိုးညွှန်၍ ဤသည်ကား သင်ရဟန်းအတွက် အကောင်းဆုံးသော အမိုးပေတည်း။ ဤသည်ကား သင်ရဟန်းအတွက်

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးသော အရိပ်ပေတည်းဟု ဥပဇ္ဈာယ်ဆရာက ညွှန်ပြခံခဲ့ရသော သာသနာ့စရိုက်ကို လိုက်နာကာ ကောင်းကင်၊ လွင်တီးပြင်၊ သစ်ပင်၊ သုသာန်တို့တွင်သာ စူတင် အဆင့်ဖြင့် ကျင့်သုံးနေထိုင်ခဲ့သော အရှင်မဟာကဿပလို ရဟန်းထူး ရဟန်းမြတ်လည်း ရှိပေ၏။

ရဟန်းဖြစ်သည်ဆိုကတည်းက ကေစာ လွတ်လွတ်ကြီး နေထိုင်လိုမှု၊ ကျားကုပ်ကျားခဲ တရားကျင့်သုံးလိုမှု၊ တရားအလုပ်ပျက်ပြီးမည်ကြောင့် အများနှင့် မဆက်ဆံလိုမှုဟူသောအကြောင်းများဖြင့် လူသူမရောက်နိုင်ရာ ဆူးတောရိပ်သာတွင်သာ သီတင်းသုံးခဲ့သော အရှင်သာရိပုတ္တရာ၏ညီငယ် ခရာဒိရေဝတလို ရဟန်းမွန်များလည်း ရှိပေ၏။

သာသနာတော်သို့ သက်ဝင်လိုသည့် တစ်စိတ်တည်း တစ်ဝမ်းတည်းသော ဥပါသကာ ငါးရာအစုတို့သည် ရဟန်းဖြစ်လာကြသောအခါ တစ်စုတစ်ဝေးကြီး ဖြစ်သောကြောင့် အခြားကျောင်းများသို့ တစ်စုတစ်ဝေးတည်း ဝင်ရောက်နေထိုင်ကြဖို့လည်း အခက်အခဲရှိသည်။ ကိုယ်ပိုင်ကိုယ်တိုင်ကျောင်းကလေးများလည်း ဆောက်လုပ်နေထိုင်ဖို့ရန် အခက်အခဲရှိသောကြောင့် ဝါပအချိန်တွင် သင့်လျော်သလို ထိုထိုကျေးရွာ ဒေသများသို့ လှည့်လည် နေထိုင်ခဲ့ကြရရာမှ ဝါဆိုချိန်နီးကပ်လာသော အခါတွင်မူ ဝါတွင်းသုံးလပတ်လုံး မရွှေ့မပြောင်းနေထိုင်နိုင်ရေး၊ ဂေါစရဂါမ်ဆွမ်းခံရွာ ပြည့်စုံရေးအတွက် တွေးတောပူပန်လာကြရသည်။

ဤမျှသာသနာတော် ထွန်းကားနေသော အချိန်တွင် မိမိတို့အတွက် သင့်လျော်သောနေရာ တွေ့တန်ရာ၏ဟု ရဟန်းသံဃာတော်တို့ အရောက်အပေါက်နည်းသော ဟိမဝန္တာတောင်ခြေဘက်သို့ စွန့်စားထွက်ခွာလာကြသောအခါ ရဟန်းတော်များကို ဖူးတွေ့ကြရသည်နှင့် တစ်ပြိုင်နက် အားရဝမ်းသာ ကြိုဆိုဆည်းကပ် လာကြသော ဒါယကာ-ဒါယိကာမများကို တွေ့ဆုံရသည်။

မိမိတို့မှာ ဗုဒ္ဓသာသနာတော်ကို ကြည်ညိုသူများ ဖြစ်ကြသော်လည်း အနေဝေး၍ ရဟန်းသံဃာတော်များနှင့် အတွေ့အကြုံ ဆည်းကပ်ခွင့် နည်းလှပါသည်။ အရှင်မြတ်တို့သည် မိမိတို့ရွာများအနီး တောအုပ်၌ ဝါကပ်တော်မူကြပါ၊ အလိုရှိသလောက် သီတင်းသုံးတော်မူကြပါ၊ တပည့်တော်တို့က ဆွမ်း၊ ကွမ်းအတွက်လည်းကောင်း၊ ကျောင်းကန်အတွက်လည်းကောင်း တာဝန်ယူ လှူဒါန်းကြပါမည်ဟု လျှောက်ထားကြသဖြင့် မျှော်လင့်သည့်အတိုင်း အရတော်ပေစွဟု ရဟန်းတော်တို့ ဝမ်းမြောက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်း, ကွမ်းပြည့်စုံပေပြီ။ ကျောင်းကန်လည်း ပြည့်စုံပေတော့မည်။ မိမိတို့အတွက် တရားအားထုတ်မှုအရေးသာ ကျန်တော့၏။ ရဟန်းဖြစ်လာကြပြီ ဆိုကတည်းက ဥပဇ္ဈာယ်ဆရာက မှန်းဆ၍ ပေးလိုက်သော တရားလုပ်ငန်းများ ကိုယ်စီရှိခဲ့ကြသည် မှန်ပါ၏။ သို့သော် ယင်းတရားများသည် မိမိတို့ စရိုက်နှင့် ကိုက်ညီသော တရားများ ဟုတ်ကောင်းမှ ဟုတ်မည်။ တရားနှင့် စရိုက်ကိုက်ညီဖို့လိုသည်။

သတ္တဝါတို့၏ စရိုက်ဟူသည် သိနိုင်ခဲ၏။ ဆရာသမား သူတစ်ပါးကလည်း သိနိုင်ခက်၏။ မိမိကိုယ်ကို မိမိပင်လည်း သိနိုင်ခက်၏။ အခြားပုဂ္ဂိုလ်အပထား၍ တေဒဂ်တော်ရ အသိပညာသခင် အရှင်သာရိပုတ္တရာပင်လျှင် သိနိုင်ခက်သည်။

အရှင်သာရိပုတ္တရာသည် မိမိတပည့်ရဟန်းတစ်ပါးကို တရားပေးရာတွင် တရားနှင့်စရိုက် မကိုက်ညီသောကြောင့် တရားသားမတက်၊ တစ်ဝါတွင်းလုံး အခက်အခဲနှင့် တွေ့ကြုံနေရမည်။ သဒ္ဓါစရိုက်ရှိနေသူကို လူငယ်ဖြစ်၍ တဏှာစရိုက်ရှိသူဟု ယူဆကာ တရားပေးလွဲသောကြောင့် တစ်ဝါတွင်းလုံး တရားသားမတက် အခက်အခဲသာ ရှိနေခဲ့ရသည်။ ဘုရားရှင်သိတော်မူ၍ သဒ္ဓါစရိုက်နှင့် လိုက်ဖက်သော ကြာပန်းတရားအာရုံကို ထုံစေတော်မူလိုက်မှ တစ်ထိုင်တည်းမျှဖြင့် ရဟန္တာဖြစ်သွားသည်။

မိမိတို့အား ဆရာကပေးလိုက်သော တရားမှာလည်း မိမိတို့စရိုက်နှင့် ကိုက်ညီကောင်းမှ ကိုက်ညီမည်။ တစ်ပါးနှစ်ပါး ကိုက်ညီသည်ထားဦးတော့၊ မိမိတို့ငါးရာလုံးနှင့် ကိုက်ညီဖို့တော့ခက်မည်။ ထို့ကြောင့် ဆွမ်း, ကွမ်းနေရာ ပြည့်စုံလာပြီဖြစ်သော ယခုအချိန်၌ ဘုရားရှင်အထံတော်သို့သွား၍ မိမိတို့နှင့်ကိုက်ညီသော တရားကို တောင်းဆိုကြားနာကြမည်။

တစ်ကြောင်းမှာလည်း ယခုအချိန်သည် ဝါဆိုချိန် နီးကပ်နေပြီဖြစ်၍ ရဟန်းတော်တို့ ဘုရားဖူးကြွရောက်လာကြချိန် ဖြစ်သည်။ မိမိတို့သည်လည်း ဘုရားဖူးသွားရောက်ကြရမည့်အချိန် ဖြစ်သည်။ အကြောင်းမူကားဝါလွတ်ချိန်၊ အခြားအချိန်များဆိုလျှင် ဘုရားရှင်သည် သတ္တဝါတို့ကို ကယ်ချွတ်ရန် ထိုထိုအရပ်ဒေသများသို့ ဒေသစာရီကြွချီတော်မူလေ့ရှိရာ အလျဉ်းမသင့်ခဲ့ပါသော် ဘုရားရှင်ကို ဖူးမြင်ခွင့်ကြုံဖို့ အခက်အခဲရှိသည်။ ယနေ့အချိန်တွင်မူ ဘုရားရှင်သည် ဝါတော်ချိန်နီးပြီဖြစ်၍ ထုံးစံအတိုင်း အဝေးမှရောက်လာသော တပည့်ရဟန်းများ၏ အဖူးအမြော်ကိုခံရန် ဇေတဝန်ကျောင်းတော်၌ ရှိနေချိန်ဖြစ်၏။ ထို့ကြောင့် မိမိတို့သည်လည်း ဘုရားဖူးရန် တရားနာရန် ဇေတဝန်သို့ သွားကြမည်။

ဤအကြောင်းကို ခေါင်းဆောင်မထေရ်ကြီးက ဒါယကာများသို့ ခွင့်ပန်ပြောကြားလိုက်သောအခါ ဒါယကာများက "ကြွတော်မူကြပါဘုရား၊ ပြီးလျှင်သာ တပည့်တော်များ

www.burmeseclassic.com

www.burmeseclassic.com



ထံသို့ ဆက်ဆက်မှချ ကြွရောက်တော်မူလာကြပါ၊ အရှင်မြတ်တို့ ကြွမလာမီ ပြီးစီးအောင် တပည့်တော်တို့က ရွာနီးတောအုပ်တွင် ကျောင်းကလေးများ ဆောက်လုပ်ထားနှင့်ပါမည်၊ တောအုပ်မှာလည်း အရှင်ဘုရားတို့ နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ကောင်းလောက်အောင် နေရာထိုင်ခင်း ပြည့်စုံလှပါသည်ဘုရား'' ဟု လျှောက်ထားကြသည်။

[ ၂ ]

ရဟန်းတော်များသည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်ချိန်တွင် ရောက်ရှိလာကြ၏။ သာဝတ္ထိတစ်မြို့လုံးသည် သင်္ကန်းတော်ရောင်တို့ဖြင့် ဖုံးလွှမ်းမတတ်ရှိနေသည်ကို တွေ့ကြရသော်လည်း မိမိတို့ငါးရာအတွက် ဆွမ်းအခက်အခဲမရှိ၊ အလွယ်တကူပင်ရရှိ၏။ အကြောင်းမူကား ဤအချိန်သည် မြို့ခံရဟန်းတော်များသာမက၊ အနယ်နယ်အရပ်ရပ်မှ ရဟန်းတော်များ ဘုရားဖူးကြွလာချိန် ဖြစ်သည်ကို သာဝတ္ထိပြည်သူ ပြည်သားများ သိထားပြီးဖြစ်ကြပေရာ၊ အခါတိုင်းထက် ဆွမ်း,ကွမ်း ကိစ္စကို ဝါယာမစိုက်ထားကြ သောကြောင့်ဖြစ်သည်။

အခြားနေရာတွင် ဆွမ်းအခက်အခဲ ရှိနေသည်ဆိုဦးတော့၊ ရဟန်းတော်များ၏ မိခင် ဖခင်ကြီးသဖွယ် ဖြစ်ကြသော ဝိသာခါ၏ ဆွမ်းကျွေးမဏ္ဍပ်၊ အနာထပိဏ်၊ စူဠအနာထပိဏ်တို့၏ ဆွမ်းကျွေးမဏ္ဍပ်၊ နောက်ဆုံးဝိသာခါ၊ အနာထပိဏ်တို့နှင့် အပြိုင် ပေးလှူအပ်သော ကောသလဘုရင်၏ ရာဇကာရုံမင်းကျောင်းတော် ဆွမ်းကျွေးမဏ္ဍပ်ပင် ဖြစ်စေ၊ အခါတိုင်းနေ့များထက် ဆွမ်းအလှူတံခါးကြီးများ ဖွင့်လှစ်ပေးလှူလျက်ရှိသည်ကို ရဟန်းတော်များ သိထားကြပြီးဖြစ်၏။

ဆွမ်းကိစ္စပြီးစီး၍ ဇေတဝန်ကျောင်းတော်အဝသို့ ရောက်သည်ဆိုလျှင်ပင် ခေါင်းဆောင်မထေရ်ကြီးက ''အရှင်ဘုရားတို့ ယနေ့အချိန်မှာ ဇေတဝန်တွင် ဘုရားဖူး ရဟန်းတို့များပြားနေ၍ တပည့်တော်တို့အလှည့် စောင့်ရလိမ့်ဦးမည်ထင်သည်။ အလှည့်မရောက်မီ သိုသိုသိပ်သိပ် တိတိဆိတ်ဆိတ်သီတင်းသုံးကြပါဘိ၊ အသိမိတ်ဆွေ တွေ့သည်ဆို၍ ဆူညံကြွက်စီ မရှိကြပါစေနှင့်၊ ဘုရားရှင်က တိတ်ဆိတ်မှုကို အလွန်လိုလား တော်မူသည်။ တော်ကြာ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးလို နှင်ထုတ်ခံနေရလျှင် ရှက်ဖွယ်ဖြစ်ပါမည်''ဟု သတိပေးစကားပြောကြားသည်။

မှန်၏။ ။ အရှင်သာရိပုတ္တရာသည် တောနေရဟန်း တပည့်အများနှင့် ဤကဲ့သို့ ဘုရားဖူးကြွလာခိုက်၊ ဘုရားရှင်အထံတော်တွင် ဘုရားဖူးအခြားရဟန်းတို့ ရှိနေ၍ မိမိအလှည့်ကို ကျောင်းတော်အောက်မှ စောင့်နေရစဉ်တွင် တပည့်ရဟန်းများသည် တောနေရဟန်းများပီပီ ဇေတဝန်၏ ဆန်းကြယ်လှပမှုများကို တွေ့မြင်ရ၍လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



အသိအကျွမ်း အခြားရဟန်းများနှင့် တွေ့ဆုံရ၍လည်းကောင်း၊ ဝမ်းမြောက်ဝမ်းသာ ကျယ်ကျယ်လောင်လောင် ပြောဆိုနေမိကြသည်။ ဤသည်ကို တာဝန်ရှိသော အရှင်သာရိပုတ္တရာ သတိမပြုမိ။ အကြောင်းမူကား တရား၌ မွေ့လွန်းသော အရှင်မြတ်ကြီး ဖြစ်ပေရာ အချိန်ရရိုက်ကလေးတွင် တရားအာရုံဖြင့် ထုံ၍နေသောကြောင့်ဖြစ်၏။

တောနေတပည့်ရဟန်းများကလည်း တဆိတ်လွန်လွန်းသည်ဟု ဆိုရမည်ဖြစ်၏။ အကြောင်းသော်ကား ကျောင်းတော် အထက်ထပ်မှ ဘုရားရှင် ကြားတော်မူလောက် အောင်ပင် သူတို့အသံတွေ ဆူညံနေကြသောကြောင့်ဖြစ်သည်။

တိတ်ဆိတ်မှုဟူသည် တရား၏ အဖော်၊ ရဟန်း၏ အဖော်၊ သူတော်ကောင်း ရဟန်းကျောင်းတို့၏ အဖော်ဖြစ်သည်။ ထို့ကြောင့် တိတ်ဆိတ်မှုကိုလည်း လိုလားတော်မူ၊ သူတို့အသံကြောင့် ဘုရားရှင်က သိတော်မူလျက်နှင့်ပင် ဆန်ရင်းနာနာဖွင့်ပြထားဖို့ လိုအပ်လာသည်ကြောင့် ''အာနန္ဒာ ။ ကျောင်းအောက်မှ ဆူဆူညံညံနှင့် အသံတွေ ထွက်နေသည်၊ ဘယ်သူ့ အသံတွေလဲ၊ ဘယ်သူ့တပည့်အသံတွေလဲ''ဟု ဟောနေဆဲ တရားကိုရပ်၍ မေးတော်မူလိုက်သည်။

''အရှင်သာရိပုတ္တရာ၏ တပည့်များအသံတွေပါဘုရား''

အရှင်သာရိပုတ္တရာသည် တပည့်အထိန်းအသိမ်းညံ့လှ၏။ သွားချေ။ အရှင် သာရိပုတ္တရာနှင့်အတူ သူ့တပည့်အားလုံးကို ဇေတဝန် အပြင်ဘက်သို့ ထွက်နေကြလို့ ငါဘုရားအမိန့်ရှိလိုက်ကြောင်း ပြောချေ''

ရှင်အာနန္ဒာ ကျောင်းအောက်သို့ ဆင်းသွား၏။ ဘုရားအမိန့်တော်အတိုင်း အရှင်သာရိပုတ္တရာကို ပြောသည်။ အရှင်သာရိပုတ္တရာသည် ထိုအချိန်မှ တရားမှုန်းထကာ သူ့တပည့်များကို စုရုံး၍ ကျောင်းအပြင်သို့ ထွက်သွားကြသည်။

အရှင်သာရိပုတ္တရာကိုယ်တိုင်ကိုပင်လျှင် တိတ်ဆိတ်မှု၏ အကျိုးပြုအတွက် ဆန်ရင်းဖွင့်ပြလိုက်သော ထိုသတင်းသည် သာဝတ္ထိတစ်ပြည်လုံးသို့ ဟိန်းထွက်သွား၏။ အခြားနေရာကိုထားဦး၍ ဆန့်ကျင်ဘက် တိတ္ထိကျောင်းများပင် ဟိန်း၍ထွက်သွားသည်။ အကျိုးကား ဘုရားရှင်၏ တပည့်ရဟန်းများကိုထားဦး၍ တိတ္ထိကျောင်းများ၌ပင်လျှင် ဘုရားရှင်၏ တပည့်ရဟန်းများ၊ အနာထပိဏ်တို့လို ဒါယကာများနှင့် ဆုံတွေ့လျှင်ပင် တိတ္ထိတို့ တိတ်ဆိတ်ငြိမ်သက်သွားကြသည်။

မှန်၏။ မနေနိုင်၊ မအောင့်နိုင်၊ မစောင့်စည်းနိုင်၍သာ ဆူညံကြသည်။ အဖော်ရ၍ စကားများကြခြင်းဖြစ်သည်။ တိတ္ထိတို့သည်လည်း ရဟန်းဟုပင် ဝန်ခံထားကြ သူများ ဖြစ်ပေရာ၊ တိတ်ဆိတ်မှုဟူသည် တရားရှင် (သို့မဟုတ်) တရားသမားဆိုသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့အတွက် အလွန်ပင်လိုအပ်ကြောင်း သိကြသည်သာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မတိတ်ဆိတ်နိုင်သူတို့က မိမိတို့၏ စကားပြောဟော တသောသောနေမှုကို ဓမ္မသာဝန ဓမ္မဒေသနာ တရားဆွေးနွေးခြင်းပါဟု ဆင်ခြေဝင်လိုက်တတ်ကြသေး၏။ ဤသည်ကိုလည်း 'ဘဿာရာမတာဝဋ္ဋေတိ ဓမ္မသာဝန ဓမ္မဒေသနာ' မိမိကိုယ်ကို မိမိ လှည့်စားမှု ဝဉ္စနာတရားဟု ဟောတော်မူထားပြီးဖြစ်သည်။ တရားစကားပင် ဖြစ်ဦးတော့၊ စကားပြောဟောတသောသော နေလိုမှုကို စကားပြောလို၍ ပြောပါသည်ဟု ဝန်မခံဘဲနှင့် ပြောသင့်ပြောထိုက်၍ တရားစကားပြောသယောင် လှည့်စားခြင်းဟု အဓိပ္ပာယ်ရ၏။

ဤသည်ကိုသိသော ခေါင်းဆောင်မထေရ်ကြီးက အတူပါ ရဟန်းများကို မလိုလဲလိုလဲ သတိပေးစကား ပြောကြားထားခြင်း ဖြစ်သည်။

သူတို့ကို ဇေတဝန်ရှိ စီမံခန့်ခွဲသော ရဟန်းတစ်ပါးက ခရီးဦးကြိုဆို၍ ကျောင်းတော်တစ်နေရာတွင် နေရာချထားပေးသည်။ ဘုရားဖူးရဟန်းတို့များပြား လှသောကြောင့် ညဦးပိုင်းလောက်တွင် ဘုရာရှင်အားဖူးတွေ့ရပါလိမ့်မည်ဟု အချိန် ပေးသည်။

မှန်၏။ မိမိတို့အရင်ရောက်နှင့်နေကြသော ဘုရားဖူးရဟန်းမြောက်မြားစွာကို တွေ့မြင်နေရသည်။ ဘုရားရှင်အထံတော်သို့ ဝင်ကြ-ထွက်ကြနှင့် တစ်လှုပ်လှုပ်တရွရွ သွားလာနေကြသည်ကိုတွေ့ရသည်။ မိမိတို့သည် ဘုရားရှင်အထံတော်၌ တရား တောင်းလိုကြသောကြောင့် ရှေ့တော်မှောက်သို့ ရောက်လိုကြသည်။ ရောက်ကြရ ပါလိမ့်မည်။ ငါးရာမျှ အစုအဝေးများသောကြောင့်သာ နေရာထိုင်ခင်းအတွက် အလှည့် ရောက်ရုံမျှ စောင့်ဆိုင်းရခြင်းဖြစ်သည်။

ဇေတဝန်လို ရဟန်းများပြားသော ကျောင်းတော်များ၌ သင့်လျော်သော ရဟန်းကို သင့်လျော်သော ကျောင်းနေရာတို့၌ ချထားရေးကိစ္စ၊ ဒါယကာ-ဒါယိကာမ တို့က ပင့်လျှောက်သော ဆွမ်းကျွေးအလှူစသည့်ကိစ္စ၊ ဒေသစာရီကိစ္စစသော ရဟန်းကိစ္စ၊ ဒါယကာတို့ ကိစ္စများအတွက် စီမံခန့်ခွဲရန် သင့်လျော်သော အမှုဆောင်-ဝန်ဆောင် ရဟန်းများကို အလှည့်ကျတာဝန်ပေးထား၏။ ဥပမာအားဖြင့် ဒါယကာတစ်ဦးသည် ဆွမ်းကျွေးလိုသော်လည်း တစ်ကျောင်းလုံး တစ်တိုက်လုံးရှိ ရဟန်းအမြောက်အမြားကို မလှူနိုင်၊ မတတ်နိုင်။ ထိုအခါ မိမိတို့ လှူဒါန်းနိုင်သမျှသော သံဃာဦးရေကိုရရှိရန် ယင်းဝန်ဆောင်ရဟန်းသို့ လျှောက်ထားရမည်။ ဝန်ဆောင်ရဟန်းက အလှည့်ကျ၍ သင့်လျော်သော သံဃာဦးရေကို ခန့်ခွဲလမ်းညွှန်ပေးရသည်။ ဘုရားရှင် ဒေသစာရီ ကြွချီတော်မူမည်ဆိုလျှင် နောက်တော်က လိုက်ပါရန်အတွက် သင့်လျော်သော ရဟန်းများကို ခန့်ခွဲလိုက်ပါစေရသည်။ အာဂန္တုရဟန်းများ ကြွရောက်လာခဲ့ပါသော်

www.burmeseclassic.com



ချမ်းသာစွာ သီတင်းသုံးနိုင်ရန် သင့်လျော်သော် နေရာကို ချထားပေးရမည် စသည်တို့ ဖြစ်၏။

ဘုရားရှင်၏ လက်ျာတော်ရံ သာဝကတစ်ဦးဖြစ်သော အရှင်ဒဗ္ဗသည် ယင်းသို့ နေရာချထား စီမံခန့်ခွဲသောကိစ္စ၌ နာမည်ကြီးမထေရ်ဖြစ်၏။ သာမန်နာမည်ကြီးမှုမဟုတ်၊ နေရာချထားမှုတွင် ဧတဒဂ်အရှင် နာမည်ကျော် ရဟန္တာဖြစ်သည်။ အရှင်ဒဗ္ဗသည် မည်သည့်ရဟန်းအား မည်သို့သော နေရာတွင် ထားရှိရမည်ကို အလွန်အလိုက်သိ လိမ္မာတော်မူ၏။ အရှင်ဒဗ္ဗအားချစ်ကြည်၍ တန်ခိုးအစွမ်းကိုလည်း သိလိုသော အချို့ ရဟန္တာကြီးများကဆိုလျှင် မည်သည့်နေရာများ၌သာ နေလိုပါသည်ဟု တမင်စမ်းသပ် တောင်းဆိုကြ၏။ ထိုအခါမျိုးတွင်လည်း ရဟန္တာကြီးများ၏ အကြိုက်ကိုလိုက်နာ၍ ဆောင်ရွက်နိုင်စွမ်းရှိသည်ဟု ကြားသိထားကြသည်။

တောတွင်သာ အနေများခဲ့၍ ဇေတဝန်သို့အရောက်အပေါက်နည်းသော ယခု ရဟန်းများက မိမိတို့အား နေရာချထားသော ရဟန်းတော်သည် အရှင်ဒဗ္ဗများ ဖြစ်နေ လေမည်လားဟု မေးကြည့်သောအခါ မဟုတ်ကြောင်း၊ အခြားရဟန်းတစ်ပါးဖြစ်ကြောင်း၊ အရှင်ဒဗ္ဗသည် ကြွရောက်လာကြသော ထေရ်ကြီး–ဝါကြီး ရဟန္တာမထေရ်ကြီးများကို တာဝန်ယူနေရကြောင်း သိရှိရသည်။

ဇေတဝန်တွင် မမေးမမြန်းဘဲ အရမ်းဆက်ဆံ၍ မှားခဲ့ပေါင်းများပြီဖြစ်၏။

လက်ဝဲတော်ရံ ရဟန္တာမထေရ်ကြီးတစ်ပါးဖြစ်သော အရှင်လကုဏ္ဍကဘဒ္ဒိယ သည် ဓမ္မကထိကအရာတွင် ရဟန်းလောက၌ပင် နာမည်ကြီးလှ၏။ သို့ရာတွင် အရှင်မြတ်မှာ ဘဝဝဋ်ကြွေးအရ ကိုယ်ခန္ဓာနှင့် အရပ်အမောင်းတော် ပုညက်သေးငယ် ရှာသည်။ ဤသည်ကို အမည်သတင်းကိုသာ ကြားဖူးပြီး မမြင်ဖူးကြသည့် တောမှ ရောက်လာသော ရဟန်းတစ်စုက အရှင်လကုဏ္ဍကကို တွေ့ရသောအခါ သာမဏေလေး တစ်ပါးအဖြစ် မထီမဲ့မြင် ပြုမိကြသည်။ ဘုရားရှင်သိတော်မူ၍ အကျိုးအကြောင်း တရားဟောပြောပြမှ သံဝေဂရ တောင်းပန်ကြရသည်။

အရှင်အနုရုဒ္ဓါ၏တပည့်အဖြစ် ဇေတဝန်သို့ ပါရှိလာသော ချစ်စရာသုမန သာမဏေလေးကို ပုထုဇဉ်ရဟန်းအချို့က ချစ်စနိုးဖြင့် လက်ဆွဲခေါင်းကိုင်မထီမဲ့မြင် ပြုလုပ်မိကြ၏။ စင်စစ်သော်ကား သုမနသာမဏေလေးသည် ခုနစ်နှစ်သားအရွယ်မျှသာ ရှိသေးသော်လည်း ကြမ်းတမ်းလှသော နဂါးကြီးကိုပင် တန်ခိုးဖြင့်အောင်နိုင်ခဲ့သော တန်ခိုးကြီး ရဟန္တာအရှင်မြတ်ကလေးပေတည်း။

ဤကိစ္စတွင်မူ ဘုရားရှင်က သာမဏေလေးသည် ငယ်လွန်းနေ၍ ရဟန်းကြီးတို့ နောက်ထပ် မထီမဲ့မြင်ပြုမိကြရန်အတွက် သာမဏေ၏ တန်ခိုးအစွမ်းကိုပင် ထင်ရှားအောင်

www.burmeseclassic.com

www.burmeseclassic.com



ပြစေလိုက်ရသည်။ ဘုရားရှင်နေသုံးသပ်တော်မူရန်ဟု နဂါးကြီး၏ ရေအိုင်မှ အနောဒတ္တ ရေကို သာမဏေလေးအား တန်ခိုးဖြင့် သွားရောက် အခပ်ခိုင်းခြင်းပင်ဖြစ်၏။ ထိုအခါမှ တစ်ကျောင်းလုံးရှိ ပုထုဇဉ်ရဟန်းတို့ အံ့အားသင့်ကာ မိမိတို့ မထီမဲ့မြင်ပြုခဲ့မိသည်ကို သံဝေဂ ရကြသည်။

သို့ဖြစ်ရကား ဘုရားရှင် ဝန်းကျင်တွင် ကြီးငယ်မဟူ ပညာတန်ခိုးပြည့်ဖြိုးသော အရှင်တို့ ဝိုင်းရံလျက်ရှိသောကြောင့် ပြောမှားဆိုမှား အနေမှားမဖြစ်စေရန် သတိဖြင့် ဆက်ဆံကြရသည်။

ထိုနေ့ညဦးပိုင်းတွင်ပင် ဘုရားရှင်အား မိမိတို့ငါးရာ တစ်စုတစ်ဝေးတည်း ဖူးတွေ့ကြရသည်။ ဘုရားရှင်က ကျင့်သုံးအပ်သော တရားကိုလည်းကောင်း ဆွမ်း, ကွမ်း မျှတကြပါ၏လော၊ နေရာထိုင်ခင်း ပြည့်စုံကြပါ၏လော၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါ၏လော၊ ညီညွတ်ကြပါ၏လော စသည်ဖြင့် ပဋိသန္ထာရစကား မိန့်ကြားမေးမြန်းတော်မူသည်။

မိမိတို့သည် အစုအဝေးပင် များသော်လည်း တစ်စိတ်တစ်ဝမ်းတည်း ရှိကြပါသည်။ ဟိမဝန္တာတောင်ခြေတွင် ဂေါစရဂါမ်အဖြစ် ရွာကြီးနှစ်ရွာအမှီသဟဲရ၍ ဆွမ်းကွမ်း ပြည့်စုံကြပါသည်။ ယင်းရွာကြီးများ အနီးရှိတောအုပ်၌ပင်ဝါကပ်၍ တရားကျင့်သုံး နေထိုင်ကြပါမည်။ တပည့်တော်တို့နှင့်သင့်လျော်သော ကမ္မဋ္ဌာန်းတရားများ ပေးသနားတော်မူပါဘုရားဟု လျှောက်ထားကြသည်။

တရားကျင့်သုံးမှုဟူသည် ကျင့်သုံးသူစရိုက်နှင့် ကိုက်ညီသော ကမ္မဋ္ဌာန်းကို ပေးစွမ်းနိုင်သော ဆရာမဟုတ်ခဲ့ပါသော် အများအားဖြင့် အာနာပါန ထွက်သက်ဝင်သက် ကမ္မဋ္ဌာန်းနှင့် ကာယဂတာ သတိကမ္မဋ္ဌာန်းတို့ကိုသာ ဆရာများက နည်းပေးလိုက်တတ်ကြ၏။

ယင်းကမ္မဋ္ဌာန်းနှစ်ပါးတွင်လည်း အာနာပါနကိုသာ အပေးများသည်၊ အကြောင်းမှုကား နေရာမရွေး ကျင့်သုံးရန်လွယ်ကူ၍ တရားအားလုံးတို့အတွက် အလိုရှိအပ်သော သမာဓိအခြေခံ ရရှိနိုင်သောကြောင့်ဖြစ်သည်။

တစ်ကြောင်းမှာလည်း အာနာပါနသည် ဘုရားရှင်ပွင့်တော်မမူမီ ရှေးပဝေဏီကပင် မဇ္ဈိမ သူတော်ကောင်းကြီးတို့အစဉ်အလာ ကျင့်သုံးလာခဲ့ကြသော ကမ္မဋ္ဌာန်းဖြစ်ပေရာ အစဉ်အလာစွဲနှင့် အများအားဖြင့် နှစ်ခြိုက်ကြသည်။

သို့သော် သံသရာအဆက်ဆက်ကပါရှိလာသည့် စရိုက်ခြောက်မျိုးရှိနေကြသော သတ္တဝါတို့အဖို့ မိမိတို့စရိုက်နှင့်ကိုက်ညီသောတရားကို မကျင့်သုံးမိပါသော် တရားတိုးတက်မှု အခက်အခဲရှိနေတတ်သည်။ နှေးကွေးတတ်သည်။ တရားမမြင် အံချော်နေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခြားနေရာကို ထားဦး၍ ဘုရားရှင်မျက်မှောက်သာသနာတော်၌ပင် အာနာပါန အစွဲကြီးဖြင့် အာနာပါန လောကီသမထကမ္မဋ္ဌာန်းဖြင့်သာ တရားသားတက်ကာ လောကီစျာန်အဆင့်ဆင့် လောကီတန်ခိုးအမျိုးမျိုး ပြည့်စုံလာပြီးနောက် ယင်းလောကီ တန်ခိုးမှုဖြင့်သာ ရပ်ဆိုင်းသာယာ၍နေသော တပည့်ရဟန်းတို့ အများအပြားရှိနေကြသည်။

အရှင်ဒေဝဒတ်သည် လောကီစျာန်ရှင်၊ တန်ခိုးရှင်ပင်ဖြစ်၏။ ယင်းတန်ခိုးဖြင့်ပင် အဇာတသတ်ဘုရင်ကို သိမ်းသွင်းစည်းရုံးနိုင်ခဲ့သည်။ သို့သော် သဘောထားမမှန်သော အခါ ယင်းစျာန်တန်ခိုးတို့မှ လျှောကျသက်ဆင်း၍ အဝီစိသို့ပင် ကျရောက်သွားရရှာသည်။

အရှင်သာဝကသည် ဘုရားရှင်နှင့် အနီးကပ် အလုပ်အကျွေး ရဟန်းတစ်ပါး ဖြစ်၏။ သို့သော် ဖောင်စီးရင်း ရေငတ်ဆိုသကဲ့သို့ လောကီတန်ခိုးမှုဖြင့်သာ အထင်ကြီး တင်းတိမ်နေခဲ့မိသည်။ အရှင်မောဂ္ဂလာန်ကဲ့သို့ပင် နဂါးကြမ်းကြီးကို နှိမ်နင်းရန်အတွက် ဘုရားရှင်ကိုယ်တော်တိုင် လျှောက်ထားခံခဲ့ရသူဖြစ်သည်။ သို့သော် လောကီနယ်သား သဘာဝအရ လမ်းလွဲကိုလိုက်မိသောအခါ သေရည်၏အရှိန်ဖြင့် ဘုရားရှင်ကိုပင် မထီမဲ့မြင်မူမိခဲ့သူဖြစ်သည်။ တော်ပါသေး၏။ ဘုရားရှင်တည်းဟူသော အမှီသဟဲကို ရရှိ၍ နောင်အခါမှ လမ်းမှန်ပေါ်သို့ ရောက်ရှိလာသည်။

အလားတူပင် လောကုတ္တရာပန်းတိုင်လိုရင်းသို့မရောက်ဘဲ လမ်းခုလတ် လောကီစျာန် တန်ခိုးဖြင့်သာ တင်းတိမ်နေကြသော တပည့်ရဟန်းများစွာရှိနေသည်။

ရဟန်းတော် အပါးငါးရာဆိုတော့ စရိုက်မျိုးစုံ၍ နေပေသည်။ ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ ဝိတက်စရိုက် သဒ္ဓါစရိုက်နှင့် ဗုဒ္ဓိစရိုက်ဟူသော စရိုက် ခြောက်မျိုးရှိသည့်အနက် တဏှာရာဂ ကဲလွန်နေသော ရဟန်းတို့အား ဘုရားရှင်က အသုဘကမ္မဋ္ဌာန်းကို ဟောကြားတော်မူသည်။

တဏှာရာဂဟူသည် ရဟန္တာအဆင့်သို့ရောက်မှ ပယ်သတ်နိုင်သော အရင်းအမြစ် တရားဆိုးကြီးဖြစ်၏။ ရဟန္တာအဆင့်သို့မရောက်သေးသမျှ သတ္တဝါတို့တွင် ရှိနေကြ သည်သာဖြစ်၏။ သို့သော် အချို့သောသတ္တဝါများတွင်တော့ ဘဝါဘဝက အလေ့အထုံ များခဲ့သည်အရ သူတကာထက်လွန်ကဲသည်။ သတိပညာဖြင့် ထိန်းသိမ်းစောကာမူ သတိပညာလစ်သည်နှင့်တပြိုက်နက် တဏှာအတွေး၊ ရာဂအရေးဝင်၍လာသည်။ မျက်စိနှင့်အဆင်း၊ နားနှင့်အသံစသော တဏှာရာဂဖြစ်ဖွယ်တို့ ဆုံတွေ့လာသော် သူတကာထက်ခံစားမှုရှိသည်။ ဤသည်ကိုပင် စရိုက်ဟုခေါ်၏။ ယင်းသို့ ရာဂတဏှာ ပွားလေ့ရှိသူအတွက် အသင့်လျော်ဆုံးတရားမှာ အသုဘကမ္မဋ္ဌာန်းပင်ဖြစ်ပေသည်။

ဒေါသစရိုက်များသော ရဟန်းတို့အား မေတ္တာကမ္မဋ္ဌာန်းပေးတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါသကို အနာဂါမ်အဆင့်ရောက်မှပယ်သတ်နိုင်သည်။ အောက်မက် အောက်ဖိုလ် အဆင့်မှစ၍ ပုထုဇဉ်တို့အဖို့တော့ ဒေါသရှိစရာကြုံလာလျှင် ရှိလာကြသည်သာဖြစ်၏။ ဒေါသစရိုက်အဖို့ကား ထစ်ကနဲရှိတိုင်း သာမန်အကြောင်းမျှဖြင့်ပင် ဒေါသကို ရှေ့တန်းတင်လာတတ်သည်။ မျက်နှာနီလာတတ်သည်။ ကိုယ်ဟန်ပျက်လာသည်။ စကားသံမာလာသည်။ မှားလာသည်။ အကြောင်းမဟုတ်သည်ကိုပင် အကြောင်းလုပ်၍ ဒေါသထွက်လာတတ်သည်။ ယင်းဒေါသမီးကို မေတ္တာရေစင်ကမ္မဋ္ဌာန်းဖြင့် ငြိမ်းသတ်စေခြင်းပင်ဖြစ်၏။

ငိုက်မြည်းတွေဝေ အမေ့အလျော့လွန်သော ရဟန်းတို့အား မရဏာဿတိကမ္မဋ္ဌာန်းကို ပေးတော်မူသည်။

ကိလေသာ ဆယ်ပါး စာရင်းအပါအဝင် ထိနနှင့် မိဒ္ဓ–ခေါ် ငိုက်မြည်းတွေဝေမှု တသမ်းသမ်းတဝေဝေဖြစ်မှု၊ မှိန်းမှု၊ အိပ်မှုတရားများသည် ပုထုဇဉ်သတ္တဝါတို့အား ယဉ်ယဉ်ကလေးနှင့် အလွန်နှောင့်ယှက်နှိပ်စက်တတ်သော တရားဆိုးများဖြစ်သည်။ ကမ္မဋ္ဌာန်းခွင်သို့ ဝင်သော တရားရှင်များအား ယဉ်ယဉ်ကလေးနှင့် ပူးသတ်တတ်သော တရားဆိုများဖြစ်သည်။

အိပ်ခြင်းသည် ရုပ်နာခန္ဓာနှင့်မကင်းသေးသူဟူသမျှအတွက် လိုအပ်သော ကိစ္စဖြစ်သည်မှန်ပါ၏။ သို့ရာတွင် ဘုရား, ရဟန္တာ မဟုတ်သေးသမျှအများသူငါတို့မှာ လိုအပ်သည်ထက် ပိုနေကြသည်သာဖြစ်၏။ အိပ်ရာထဲတွင် တွေးသည်။ နွှေးသည်။ မွေ့သည်။ ဘယ်ပြောင်းညာပြန် ဖိမ်ခံသည်။ ခန္ဓာကိုယ်အနားပေးရုံလိုအပ်သည်မျှမကဘဲ လိုအပ်သည်ထက်ပို၍အိပ်သည်။ ပုထုဇဉ်ဟူသည် စည်းစိမ်ကို အလိုရှိမြဲဖြစ်၏။ အိပ်ရာဟူသည် ချမ်းသာ, ဆင်းရဲမရွေး သတ္တဝါဟူသမျှ၏ စည်းစိမ်ခံရာမဟုတ်ပါလော။

ယင်း ထိနမိဒ္ဓ မောဟတဏှာစာရင်းမှ လွတ်ကင်းတော်မူပြီးသော ဘုရားရဟန္တာကြီးတို့မူကား အိပ်ရာတည်းဟူသော လဲလျောင်းအိပ်စက်မှုကို လိုအပ်သမျှသာ ပြုတော်မူကြသည်။

လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို ကယ်ချွတ်တော်မူရ၊ ရဟန်းသံဃာတို့ကို ထိန်းသိမ်း ဆုံးမတော်မူရ စသည်ဖြင့် သာသနာ့တာဝန် ကြီးမားတော်မူ၍ အားလပ်သည့်အချိန်ဟူ၍ပင် ရှိတော်မမူသော ဘုရားရှင် ကျိန်းစက်တော်မူပုံကို ဗုဒ္ဓကိစ္စတော် ငါးပါးအဖြစ်

''(၁) နေ့ကိုကားလူ၊ (၂) ညဥ့်မူရှေးယံ၊ သမဏ်တည့်၊ (၃) လယ်ယံရှေ့ဖျား၊ နတ်အများတို့၊ ပြန်သွားတစ်ခါ၊ ဗြဟ္မာလာရောက်၊ (၄) နောက်ယံစက်လျောင်း၊ ညောင်းပန်းဖြေဖျောက်၊ (၅) နောက်ပိုင်းရောက်က၊ မြားမြောက်ဝေနေ၊ ကြည့်ရှုလေသည်၊ ပရမေကိစ္စ ငါးပါးတည်း။''

www.burmeseclassic.com

www.burmeseclassic.com



ဟူသော လင်္ကာအရ – နေ့အခါတွင်လူများကို တရားဟောတော်မူရသည်။ ဝေးနီးမဟူ လိုအပ်သမျှ ဒေသရပ်ရွာတို့သို့ ကြွရောက်ကယ်ချွတ်တော်မူရသည်။ ညဥ့်ဦးယံတွင် ရဟန်းများကို တရားဟောတော်မူသည်။ လိုအပ်သမျှ ဆုံးမ, တားမြစ်ရသည်။ ညဥ့်လယ်ယံတွင် မည်သည့်ဒေသတွင် ဘုရားရှင် ရှိနေတော်မူသည်ဖြစ်စေ၊ နတ်တို့ လာရောက်ပူဇော်တရားနာမြဲဖြစ်သည်။ နတ်တို့ပြန်လျှင် ဗြဟ္မာတို့ လာရောက်ကြပြန်၏။ ညဥ့်၏နောက်ပိုင်းသာမန် အချိန်ကလေးတွင်မျှသာ ခန္ဓာကိုယ်အနားပေးလျောင်းစက်တော်မူသည်။ ထို့နောက် အရုဏ်ရောက်သည်နှင့် တစ်ပြိုင်နက် ကယ်ချွတ်ရမည့် သတ္တဝါများကို ကြည့်ရှုတော်မူသည်။

သတ္တဝါတို့အတွက် အိပ်စက်မှုဟူသည်ကို အပြစ်မြင်တော်မူကြသဖြင့် အရှင်မဟာကဿပ–စသော အောက်စာရင်းပါ ရဟန္တာအရှင်မြတ်ကြီးများသည် ပူးတွဲပါ နှစ်ကာလအချိန်အတိုင်း အိပ်ရာ ညောင်စောင်းကိုပင် ပယ်စွန့်၍ နေသဇ္ဇဂူတင်ကို ဆောက်တည်တော်မူကြသည်ဟု ပိဋကတ်တော်တွင် ကြည့်ညှိဖွယ်ရာ စာရင်းထိုးထားသည်ကို တွေ့ရှိရ၏။

“မဇ္ဈေ ပိဋ္ဌိ နပသာရေသိ”
မဇ္ဈေ ညောင်စောင်းအိပ်ရာ၌ ပိဋ္ဌိ ကျောကို
နပသာရေသိ မလှဲမအိပ်သော အရှင်မြတ်များ စာရင်း

| | | |
|---|---|---|
| (၁) | အရှင်မဟာကဿပ | ၁၂၀ နှစ် |
| (၂) | အရှင်ဗာကုလ | ၈၀ နှစ် |
| (၃) | အရှင်အနုရုဒ္ဓါ | ၅၀ နှစ် |
| (၄) | အရှင်သာရိပုတ္တရာ | ၃၀ နှစ် |
| (၅) | အရှင်မောဂ္ဂလာန် | ၃၀ နှစ် |
| (၆) | အရှင်ဘဒ္ဒိယ | ၃၀ နှစ် |
| (၇) | အရှင်သောဏ | ၁၈ နှစ် |
| (၈) | အရှင်အာနန္ဒာ | ၁၅ နှစ် |
| (၉) | အရှင်ရဋ္ဌပါလ | ၁၂ နှစ် |
| (၁၀) | အရှင်ရာဟုလာ | ၁၂ နှစ် |
| (၁၁) | အရှင်နာဠက | ပရိနိဗ္ဗာန်ပြုသည့်တိုင်။ |

www.burmeseclassic.com

www.burmeseclassic.com



''ဆယ့်နှစ်ရဋ္ဌာ၊ အာနန်ဆယ့်ငါး၊ ခြေဘွားနှစ်ချော၊ သောဏာဆယ့်ရှစ်၊ နှစ်သုံးဆယ်မှာ၊ သာမောက်ဘဒ္ဒိယ၊ ပညာသန၊ ဗာကုရစ်ဆယ် ငယ်စဉ်အခါ၊ နာဠကလျှင်၊ ခန္ဓနိဗ္ဗာန် စံလွန်သည်အထိ၊ ကိုယ်မချိလဲ၊ နှမ်းရိည္ဉိုးလျော်၊ ညှောင်စောင်းပေါ်၌၊ ကိုယ်တော်မလှဲ၊ အားအန်ခဲသည်၊ အံ့အဲဘွယ်ကြီးပေဘုရား။

ဦးဆန်းထွန်း

ငိုက်မျဉ်းခြင်း၊ သမ်းဝေခြင်း၊ မေးမိုန်ခြင်းတို့သည် အိပ်ခြင်း အငယ်စားများဖြစ်၏။ အိပ်ခြင်းကို ထားဦးတဲ့ သမ်းဝေမိုန်းငိုက်မြည်းလာပြီဆိုလျှင်ပင် စိတ်ဓာတ်အင်အားတို့ လျော့ညံ့သွားပြီဖြစ်၏။ တရားအလုပ်မဆိုထားဘိ မည်သည့်အလုပ်အတွက်မဆို တိုးတက်ဖို့ ခဲယဉ်းသွားပေပြီ။ မောဟစရိုက်ကြီးသူအဖို့မှု လစ်သည်နှင့်တစ်ပြိုင်နက် မိုန်းဖို့ ငိုက်ဖို့ လဲလျောင်းဖို့ကိုသာ ကြိုးစားလေတော့သည်။

စိတ်ကူးအကြံအစည်များပြီး စိတ်ဂဏှာမငြိမ်သော ရဟန်းတို့အား အာနာပါနကမ္မဋ္ဌာန်းကို ပေးတော်မူသည်။

နာမည်ကျော် ကမ္မဋ္ဌာန်းပင်ဖြစ်၏။ လူ့ရပ်နတ်ဌာန်ဟူသော ကံလမ်းဗြဟ္မာဘဝတွင် လမ်းဆုံးသော ဈာန်လမ်း၊ နိဗ္ဗာန်မင်္ဂဖိုလ်တည်းဟူသော ဝိပဿနာဘာဝနာ ဉာဏ်လမ်းဟူ၍ လမ်းသုံးသွယ်ရှိသည့်အနက် ဗြဟ္မာစွဲဝါဒအခြေခိုင် ကြီးထွားလာခဲ့သော မဇ္ဈိမတိုက်တွင် အာနာပါနသည် ဈာန်လမ်းသမားတို့၏ အများကြိုက်ကမ္မဋ္ဌာန်းဖြစ်၏။

စိတ်တည်မငြိမ်၊ အကြံအစည်များမှု ဝိတက်စရိုက် ရှိနေသူများအဖို့ ပို၍မငြိမ်၊ ကိုယ်နှင့်နှုတ်တို့ ငြိမ်နေသည်ဟု ထင်မှတ်တတ်ကြသော်လည်း၊ ထိုထိုအာရုံများသို့ အမြဲမတော် တရစပ်ကူးပြောင်းခုန်ပျံနေခြင်းမှာ စိတ်၏ သဘာဝဖြစ်၏။ ဖြစ်ကြောင်းကို ကိုယ်ပိုင်ရှိနေသော နှာသီးဖျားလေအဝင်အထွက်တွင် စူးစိုက်ကြည့်လျှင် ချက်ချင်းပင် အလွယ်တကူသိရှိနိုင်၏။

စိတ်ငြိမ်မှ ဈာန်ဖြစ်စေ၊ ဉာဏ်ဖြစ်စေ၊ တရားလမ်းကြောင်းပေါ်သို့ ကူးပြောင်းသက်ဝင်နိုင်သည်။ စိတ်ငြိမ်အောင် ကမ္မဋ္ဌာန်းနည်းမျိုးစုံဖြင့် ကျင့်သုံးထိန်းချုပ်ပေးရသည်။ ဝိတက်စရိုက်သမားအဖို့မှု အာနာပါနနည်းသည် အကောင်းဆုံးဖြစ်၏။ နည်းမျိုးစုံဖြင့် စိတ်ကို ထိန်းချုပ်ရင်းဖြစ်စေ၊ ထိန်းချုပ်ပြီးမှဖြစ်စေ၊ သံသရာမှလွတ်မြောက်ရာ ဝိပဿနာဉာဏ်စခန်းသို့ တက်ရမည်။

ကြည်ညိုစိတ်၊ သဒ္ဓါစရိုက်ရှိနေသော ရဟန်းများအား ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပေးတော်မူ၏။ ဘုရားရှင်ထက် ကြည်ညိုဖွယ်ရာသည် အဘယ်မှာရှိပါဦးအံ့နည်း။ အကြင်မျှလောက်ဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်ကိုသိ၍ ကြည်ညိုတတ်၏

www.burmeseclassic.com



ထိုမျှလောက် သဒ္ဓါစရိုက်ထက်သန်သော နိဗ္ဗာန်လမ်းပွင့်သည်။ ပညာဉာဏ်ရင့်သန်သော ရဟန်းများအား ဓာတ်ကမ္မဋ္ဌာန်းပေးသည်။

ရဟန်းငါးရာတို့အဖို့ မိမိတို့စရိုက်နှင့် လိုက်ဖက်သော တရားနည်းလမ်းများ ရကြပေပြီ။ မိမိတို့ရည်မှန်းခဲ့သော ရပ်ဌာန်သို့ပြန်၍ ကျင့်ကြံကြဖို့ရန်သာ ရှိတော့၏။

ဝါတွင်းသုံးလဟူသည် ရဟန်းတို့အတွက် ပိဋကတ်စာပေ သင်ကြားမှု ပရိယတ္တိသာသနာ၊ တရားအားထုတ်မှု ပဋိပတ္တိသာသနာကို ဖြည့်ကျင့်ရန် အကောင်းဆုံးသော အချိန်ဖြစ်၏။ အကြောင်းမူကား မိမိတို့ဝါဆို-ဝါကပ်သည့် ကျောင်းမှတစ်ပါး အခြားသော ခရီးသွားလာမှုကိစ္စ ဒါယကာ-ဒါယိကာမတို့ ကိစ္စများအတွက် ထိန်းချုပ်ပေးထားသော အချိန်ဖြစ်၏။ ရဟန်းတော်များသည် ဘုရားရှင်ထံမှ ရလာအပ်သောတရားဖြင့် ကျားကုပ်ကျားခဲအားထုတ်ကြပါ၏။ နေရာထိုင်ခင်း ဆွမ်းကွမ်းလည်း ပြည့်စုံပါ၏။ သို့သော် ဝါတွင်းကြီးတွင်ပင် မိမိတို့နေရာ၌ မနေနိုင်လောက်သော အကြောင်းထူးကြီးတစ်ရပ် ပေါ်ပေါက်လာသည်။ ယင်းအကြောင်းထူးကြီးက ရဟန်းတော်တို့ကို စောင့်ကြို လျက်ရှိနေပေသည်။

[ ၃ ]

တောင်ခြေကျေးရွာသို့ ရဟန်းတော်တို့ ပြန်လည်ရောက်ရှိကြသောအခါ ကျေးရွာနှင့် မလှမ်းမကမ်းရှိသော တောအုပ်ကြီးအတွင်း၌ ဒါယကာတို့က တစ်ပါးစီ တရားအားထုတ်နိုင်လောက်သော သင်္ခမ်းဆောင်ကလေးများ အပြည့်အစုံဆောက်လုပ်ပြီးနေပြီကို တွေ့ရှိရသည်။ သင်္ခမ်းဆောင်ကလေးများကို သစ်ပင်ကြီးများအောက်တွင် အမှီပြု၍ ဆောက်လုပ်သည်။ မြေပြင်မှာ တောင်ခြေဖြစ်၍ နိမ့်လျှောသော်လည်း ပြေပြေပြစ်ပြစ်နှင့် ညီညာသည်။ ဒါယကာတို့ လှည်းသင်၍ထားသောကြောင့် သန့်ရှင်းသည်။

ရဟန်းတို့ ဥပုသ်ပြုရန်၊ စည်းဝေးရန်အတွက် သင်္ခမ်းကလေးတို့ အလယ်တွင် ရဟန်းငါးရာ စည်းဝေးလောက်သော သစ်ဝါးမဏ္ဍပ်ကျယ်တစ်ခု ဆောက်လုပ်ပေးထားသည်။ သစ်ဝါးရေမိုးကလည်း ပေါများပြည့်စုံလှ၏။ နဂိုကပင် စိမ်းစိုညီညာသော တောအုပ်ကို မြင်လိုက်ရသည်ဆိုကတည်းက တရားသမားတို့ နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ရှိနေသည့်အပေါ်တွင် ဒါယကာတို့က ယင်းသို့ပြုပြင်ပေးလိုက်သောအခါ သာယာပြည့်စုံ၍ သွားပေပြီ။ တရားအားထုတ်ကြဖို့သာ ရှိပေတော့၏။

သို့သော် ဤတောအုပ်၊ ဤနေရာတွင် ရဟန်းတော်တို့ကို အကြောင်းထူးကြီး တစ်ရပ်က စောင့်ကြိုလျက်ရှိနေသည်ဟု ဆိုခဲ့သည့်အတိုင်း ယင်းအကြောင်းထူး ဟူသည်ကား ဤနေရာ၊ ဤတောအုပ်၊ ဤသစ်ပင်တို့တွင် လူတို့မမြင်ရသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



နဂိုကနေထိုင်ခဲ့ကြသည့် ရုက္ခစိုး–နတ်စသော သရဲတစ္ဆေ မြေဘုတ် ပြိတ္တာ ပရလောက သားတို့ပင် ဖြစ်ပေ၏။

သူတို့သည် မိမိတို့နေရာသို့ ဤရဟန်းများ လာရောက်နေထိုင်ကြတော့မည်ဟု ပြင်ဆင်ကြသည် ဆိုကတည်းက မိမိတို့အတွက် အနှောင့်အယှက်ဖြစ်ကြတော့အံ့ တကားဟု စိုးရိမ်စောင့်ကြည့်နေကြသူများ ဖြစ်ကြသည်။ သို့သော် ဒေသစာရီကြွချီလေ့ ရှိကြသော ဂေါတမဗုဒ္ဓ၏ ရဟန်းများဖြစ်ကြသည့်အတိုင်း ခေတ္တခဏမျှသာ နေကြမည်ဟု တွေးထင်ခဲ့ကြသည်။ ယခုဘာယ်အချိန်အခါနှင့် ပြင်ဆင်ထားပုံကိုကြည့်၍ ခေတ္တခဏမျှသာ မဟုတ်၊ အနည်းဆုံး ဝါတော်ချိန် သုံးလအထိ နေကြတော့မည်ဟု သိလာရသည်။ သို့ဆိုလျှင် မိမိတို့အဖို့ နေရေး–ထိုင်ရေး ခက်ချေတော့မည်တကားဟု စိုးရိမ်ပူပန်လာကြသည်။ အကြောင်းသော်ကား သူတို့သည် သူတော်စင် ရဟန်းတော်များနှင့်အတူ နေဝံ့သူများ မဟုတ်ကြ။

သရဲ တစ္ဆေ မြေဘုတ် ဘီလူးစသော စတုမဟာရာဇ်ဘုံသားအပါအဝင် အောက်တန်းစား ပရလောကသားတို့သည် လူတို့အကြား ရပ်ရွာများတွင် သင့်သလို နေထိုင်ကြသည်လည်းရှိ၏။ ယခုကဲ့သို့ တောအုပ်တွင် နေထိုင်ကြသည်လည်းရှိ၏။ ရုက္ခစိုးနတ်များကတော့ သူတို့ဆိုင်ရာသစ်ပင်တွင် နေထိုင်သည်။ ထို့ကြောင့်လည်း ရုက္ခစိုးဆိုင်ရာသစ်ပင်ကို စိုးမိုးပိုင်ဆိုင်သော နတ်ဟုတ်ခေါ်သည်။

ရဟန်းတစ်ပါးသည် ကျောင်းဆောက်ရန်အတွက် သစ်ပင်တစ်ပင်ကို ခုတ်ဖြတ်သည်။ ထိုသစ်ပင်ကို ပိုင်သော နတ်မိမယ်က မိမိနေရာအတွက် သူတစ်ပါး နေရာကို မဖျက်ဆီးပါနှင့်ဟု ကိုယ်ထင်ပြ၍ တားမြစ်သည်။ ရဟန်းက အတင်းခုတ်သည်။ နတ်မ,က မိမိသားကလေးကို ပြပြီး တောင်းပန်ရသော် သနား၍ နောက်ဆုတ်ရာ၏ဟု တွေး၍ သားကလေးကိုပါ မြှောက်၍ပြသည်။ ခုတ်နေဆဲ ပဲခွပ်၏အရှိန်ဖြင့် သားကလေး၏လက်ကို ခုတ်မိ၍ ပြတ်သွားသည်။ နတ်မိမယ်က ဘုရားရှင်သို့ သွားရောက်လျှောက်ထား တိုင်ကြားသည်။ ဘုရားရှင်က နတ်မကို တရားဟော၍ ဇေတဝန်အတွင်းရှိ နတ်မရှိသော သစ်ပင်တစ်ပင်ကို အစားပေးတော်မူသည်။ ဤသည်ကား ရဟန်းသည် သစ်ပင်ကို မခုတ်ဖြတ်ရဟူသော သိက္ခာပုဒ်တော် ဖြစ်ပေါ်လာရာ ဗိနည်း အကြောင်းရပ်ဖြစ်၏။

ရွာထဲ၌နေသော ပြိတ္တာမတစ်ယောက်သည် အစာရှာထွက်ရင်းဖြင့် ဘုရားရှင် တရားပွဲနှင့် ကြုံ၍ ဝင်ပြီးတရားနာသည်။ တရားရှင်ဖြစ်သွားသည်။ ဤသည်တို့ကား ဒေသနာလာ – ဖုတ်–ပြိတ္တာ–တစ္ဆေ–သရဲ–ရုက္ခစိုးနတ်တို့နှင့် စပ်သော အကြောင်းရပ်များ ဖြစ်၏။ အခြားအကြောင်းရပ် များစွာရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်သော် ရဟန်းတော်အများသည် တရားအားထုတ်ရန်အတွက် တောအရပ် ဆိတ်ကွယ်ရာ ဂူလိုဏ်စသော အရပ်တို့တွင် သီတင်းသုံးနေထိုင်ကြရာ၌ သူတို့နှင့် မကင်းကြသူများဖြစ်ကြ၏။ ရက္ခမူလဂတာနံဝါ သုည ဂါရဂတာနံဝါ သစ်ပင်တောတောင် တို့တွင်နေ၍ ကြောက်စိတ်ပေါ်လာခဲ့ပါသော်၊ ကြောက်ဖွယ်အကြောင်းရပ်များ ရှိလာခဲ့ ပါသော် ငါဘုရားနှင့် တရားသံဃာတော်များ၏ ဂုဏ်ကိုပွားများကြ၊ သတိရကြဟုပင် ဟောကြားထားအပ်သည်မဟုတ်ပါလော။

အများအားဖြင့်တော့ သူတို့သည် ရဟန်းတော်များကို ကြည်ညိုသူတို့ ဖြစ်ကြ၏။ ကြောက်ရွံ့ ရိုသေသူတို့ဖြစ်ကြ၏။ လိုအပ်သလို စောင့်ရှောက်ကူညီသူများဖြစ်ကြပါ၏။

တစ်ချိန်သောအခါတွင် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့သည် တောရွာတောကျောင်းတစ်ခု၌ တရားအားထုတ်နေခိုက် အရှင်သာရိပုတ္တရာမှာ လေနာဟောင်းရောဂါ ထကြွလာ၏။ ပြုစုရမည့်သူမှာ အရှင်မောဂ္ဂလာန်ပင် ဖြစ်လေ တော့ရာ အရှင်မောဂ္ဂလာန်က ဤရောဂါမှာ ရှေးဖြစ်ဖူးစဉ်အခါက မည်သည့် ဆေးဝါးများဖြင့် ပျောက်ကင်းပါသနည်းဟု မေးသည်။ အရှင်သာပုတ္တရာက ငယ်စဉ်က ဤရောဂါဖြစ်ဖူးခဲ့ရာ မိခင်ကြီးတိုက်ကျွေးသော ဃနာနို့ထမင်းဖြင့် ပျောက်ခဲ့ဖူးပါသည်ဟု ပြောလိုက်မိ၏။ တပည့်တော်တို့ ဘုန်းကံရှိလျှင် နက်ဖန်ဆွမ်းခံသောအခါ နို့ဆွမ်း ရပါလိမ့်မည်ဟု အရှင်မောဂ္ဂလာန်က ပြောသည်။

ဤသည်ကို ကျောင်းထိပ်ရှိ သစ်ပင်စောင့်နတ်က ကြားသောအခါ မိမိ ကိုယ်တိုင်တော့ မတတ်နိုင်၊ တတ်နိုင်သော ရွာတွင်းရှိအိမ်တစ်အိမ်မှ ကလေးကို ပူးဝင်ခြိမ်းခြောက်၍ နက်ဖန် အရှင်မောဂ္ဂလာန်ဆွမ်းခံဝင်လျှင် နို့ဆွမ်းလောင်းလှူရမည်ဟု ပြောကြားသည်။ နတ်စီစဉ်သည့်အတိုင်းပင် နို့ဆွမ်းရလာ၍ အရှင်မောဂ္ဂလာန်သည် ဆွမ်းခံပင် ဆက်၍မသွားတော့ဘဲ ကျောင်းသို့ အသော့ပြန်လာကာ အရှင်သာရိပုတ္တရာသို့ ဆက်ကပ်သည်။

အရှင်သာရိပုတ္တရာက မနေ့က မိမိပြောလိုက်မိသည်နှင့် တိုက်ဆိုင်လှပါချည့်ဟု တန်ခိုးဖြင့် ဆင်ခြင်ကြည့်လိုက်သောအခါ ကျောင်းထိပ်၌ ရက္ခစိုးနတ်၏ လက်ချက် ဖြစ်ကြောင်းသိလာရသည်။ ထိုအခါ ဤဆွမ်းကို မစားရ၍တော့ဖြင့် အူအခွေခွေ ပြတ်၍ ထွက်ပါစေ၊ ရဟန်းဟူသည် နှုတ်မစောင့်စည်းမှု ဝစီဝိညတ်ဖြင့်ရအပ်သော ဆွမ်းကို မစားအပ်ဟု နို့ဆွမ်းအားလုံးကို ကျောင်းပြင်သို့သွန်ပစ်စေသည်။ စွန့်သွန် ပစ်ပြီးသည်နှင့် တစ်ပြိုက်နက်ပင် စောင့်စည်းမှုတရားတန်ခိုးကြောင့် လေနာရောဂါ ကင်းပျောက်သည်။ ပြောလိုသည်ကား တရားရှင်များဝန်းကျင် နတ်များက စွမ်းအား ရှိသလောက် စောင့်ရှောက်ကူညီကြခြင်းကိုပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုရဟန်းတော်တို့နှင့် တွေ့ဆုံရသော သစ်ပင်စောင့်နတ်များအပါအဝင် ဖုတ်ပြိတ္တာ တစ္ဆေသရဲတို့ကတော့ တဆိတ်လွှန်လွန်းသူများဖြစ်ကြသည်။ သာသနာတော်နှင့် ဆန့်ကျင်ဖက် မိစ္ဆာဒိဋ္ဌိ အစုအဝေးများ တစ်စုတစ်ဝေးတည်း ကွယ်လွှန်၍ ဤနေရာတွင် စုပေါင်းဖြစ်လာကြဟန်တူသည်။

သူတို့က ရဟန်းတော်များမနေနိုင်အောင် စွမ်းအားရှိသမျှ နှောင့်ယှက်ကြပေတော့မည်။ တောအုပ်သို့ ရဟန်းတော်များ ဝင်လာသည်ဆိုကတည်းက တရားနှင့်ဝေးသောလူတို့အဖို့ မနေနိုင်၊ လွတ်ရာကျွတ်ရာသို့ ထွက်သွားကြရသည်။ ရက္ခစိုးတို့သည် ရဟန်းတော်တို့အထက် သစ်ပင်တွင်မနေဝံ့ကြ၍ မြေပြင်သို့ ဆင်းသက်လျှောက်သွားနေကြရသည်။ သူတို့အဖို့ ဗိမာန်ပျောက် နေရာပျောက်ကြရပေတော့မည်။ သူတို့ဘုံမပျောက်ရန် နည်းလမ်းတစ်ခုသာ ရှိတော့၏။ ယင်းသည်ကား ရဟန်းတော်တို့အား မကြောက်ကြောက်အောင် နည်းမျိုးစုံခြောက်လှန့်၍ ထွက်ပြေးစေရေးပင် ဖြစ်ပေသည်။

အစဉ်အလာစွဲဖြင့် သရဲတစ္ဆေဆိုလျှင် လူကကြောက်သကဲ့သို့ သူတို့ကလည်း လူကိုကြောက်၏။ အထူးသဖြင့် တရားရှင်ဆိုလျှင် ပို၍ကြောက်၏။

တရားရှင်ရဟန်းတော်များဆိုသော် အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း။ သို့သော် အမှီအခိုနေရာ ကင်းမဲ့ရမည့်သေရေး ရှင်ရေးကြီးဖြစ်နေသောကြောင့် ကြောက်တတ်သော်လည်း သူတို့စွမ်းနိုင်သမျှ ခြောက်လှန့်သည့်နည်းကိုသာ အသုံးပြုကြရပေတော့မည်။

ရဟန်းတော်များသည် ဤရွာ ဤတောအုပ် ဤကျောင်းများသို့ ဝါဝင်ချိန်အမီ ဝါဆိုလပြည့်နေ့၌ အချိန်သင့်အခါသင့်ပင် ပြန်လည်ရောက်ရှိလာကြသည်။ ဒါယကာတို့က ရဟန်းတော်တို့ကို ကျောင်းကလေးများသို့ လိုက်ပါပို့ဆောင်ကြသည်။ စဝေးရာအလယ်မဏ္ဍပ်တွင် ကျောင်းရေစက်ချတရားနာပြီး ပြန်သွားကြသည်။ ထို့နောက် ဝါဆိုလပြည့်နေ့ဖြစ်သည့်အတိုင်း ဝိနည်းတော်အရ သံဃဥပုသ်ပြုကြသည်။

ဥပုသ်ပြုခြင်းဟူသည် ရဟန်းတော်များအတွက် လပြည့်လကွယ်၊ လခွဲရက်များတွင် အခြားသံဃာတို့နှင့် ဝေးကွာ၍ နေသောကြောင့် အနည်းဆုံးအားဖြင့် နှစ်ပါးတည်းပင်ဖြစ်စေ၊ စုဝေးကြရသည်မှာ သာသနာတော်အတွက် အရေးပါလှသော ဘုရားရှင်၏ အဆုံးအမ စည်းကမ်းချက်ကြီးပင်ဖြစ်ပေ၏။ စုဝေး၍ အာပတ်ကြီးငယ်ရှိနေလျှင် ထင်စွာပြု၍ အာပတ်ဖြေကြရသည်။ ထို့နောက် ဝိနည်းသိက္ခာပုဒ်တော်တို့ကို ရွတ်ဖတ်ဟောကြားကြရသည်။ အဓိပ္ပာယ်မှာ မိမိတို့မှုချမသွေထိန်းသိမ်း စောင့်ရှောက်နိုင်ကြဖို့ စောင့်ထိန်းရမည့် သိက္ခာပုဒ်တော်တို့ကို အစဉ်သတိရကာ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြဖို့ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုသော် ရဟန်းတော်တို့၏ အစဉ်ညီညွတ်မှု၊ ချမ်းသာမှုကို ပြသော အစည်းအဝေးဖြစ်သည်။ ရဟန်းဟူသောအမည်သည် မြင့်မြတ်သူ တရားရှင်

www.burmeseclassic.com



ဟူသော အဓိပ္ပာယ်ကိုဆောင်၍ သံဃာဟူသောအမည်သည် ညီညွတ်သော အစုအပေါင်း အဖွဲ့အစည်း ဟူသော အဓိပ္ပာယ်ကို ဆောင်သည်။ သမဂ္ဂါနံတပေါ သုခေါ ညီညွတ်မှုသည် ချမ်းသာမှုကို ဆောင်သည်မဟုတ်ပါလော။

ယခု ရဟန်းငါးရာပင်ရှိနေ၍ ကြီးမားသော သံဃာ့ဥပုသ်အဖြစ် စည်းဝေး ဆောင်ရွက် နိုင်ကြသည်။ ဥပုသ်ပြုပြီးသော ခေါင်းဆောင် မထေရ်ကြီးက "အရှင်ဘုရားတို့ ။ ။ တပည့်တော်တို့ လိုအပ်သမျှ ဆွမ်းကွမ်း နေရာပြည့်စုံပေပြီ။ ဘုရားရှင် အထံတော်မှ မိမိတို့ဆိုင်ရာ ကမ္မဋ္ဌာန်းတရားများလည်းရရှိခဲ့ကြပြီးပြီ။ ထို့ကြောင့် တပည့်တော်တို့အဖို့ တရားအလုပ်ကို ကျားကုပ်ကျားခဲလုပ်ကိုင်ကြဖို့ရန်သာ တာဝန်ရှိ တော့သည်။ တပည့်တော် တို့သည် ယခုအချိန်မှစ၍ ဥပုသ်ပြုချိန်၊ ဆွမ်းခံချိန်၊ မကျန်းမာမှု စသော အကြောင်းထူးရှိချိန်များမှတစ်ပါး မစုဝေးမတွေ့ဆုံကြပဲ မိမိတို့ သင်္ခမ်းများတွင်သာ တရားသတိဖြင့်အစဉ်ရှိနေပြီး အားထုတ်ကြပါစို့ဘုရား" ဟု ဆုံးမစကား မိန့်ကြားသည်။ ထို့နောက် ဆိုင်ရာသင်္ခမ်းအသီးသီးသို့ ကြွချီဝင်ရောက်ကြသည်။

ဤတွင် သရဲတစ္ဆေတို့ စခန်းထလာသည်။ ရဟန်းတော်တို့မနေနိုင်အောင် ခြောက်ဟန့်တားနိုင်ဖို့ စီစဉ်လာကြသည်။

သရဲခြောက်သည်၊ နတ်ဖမ်းသည်၊ ဘီလူးစားသည် ဟူသော အစဉ်အလာသုံး ဝေါဟာရများရှိ၏။ အာဠာဝကတို့လို ဘီလူးများက လူကိုအာဟာရအဖြစ်စားသည်။ နတ်က ပူးဝင်နှောင့်ယှက်သည်။ ယခုတောအုပ်မှ အောက်တန်းစား သရဲတစ္ဆေများ ကတော့ ကြောက်လေရော့၊ လန့်လေရော့ဟု ခြောက်ရုံသာခြောက်နိုင်သည်။ စားဖို့အပထား၍ လူကိုထိခိုက်အောင်မျှ တိုက်ရိုက်မနှောင့်ယှက်ဝံ့ကြ။ ရဟန်းတော်များ ဖြစ်နေ၍ အနားသို့ပင် မသီဝံ့ကြ။ အဝေးမှသာ နှောင့်ယှက်ခြောက်လှန့်ကြသည်။

ထို့ကြောင့်ရဟန်းတော်များ တရားခွင်သို့ ဝင်မိကြသောအချိန်၌ ကြောက်မက်ဖွယ် အဆင်းမျိုးစုံ ပုံစံမျိုးစုံကို လုပ်၍ပြကြသည်။ ကြောက်မက်ဖွယ် သံဟိန်း သံဝါ သံပြာမျိုးစုံတို့ဖြင့် အော်ဟစ်ကြသည်။ ပုပ်ဟောင်သော အနံ့ဆိုးမျိုးစုံကို ထုတ်လွှင့် ကြသည်။

ကြောက်ဖွယ်အဆင်းကိုမြင်လျှင် ကြောက်တော့မည်မှာ သာမန်ပုထုဇဉ်တို့ သဘာဝပင်ဖြစ်ပေ၏။ ရဟန်းတော်တို့သည် တရားရှင်ဆိုသော်လည်း ပုထုဇဉ် အဆင့်မျှသာ ရှိကြပေသေးသည်။ အထူးသဖြင့် သရဲ တစ္ဆေဆိုလျှင် ကြောက်တတ်သော အစဉ်အလာစွဲကြောင့် ပို၍ကြောက်သည်။ သို့သော် တရားခွင်တွင် အာရုံစူးစိုက်စေရန် မျက်စိများကို အချို့မှေးမှိတ်၊ အချို့မှေးမှုန်ထားကြသောကြောင့် ကြောက်ဖွယ်အဆင်းကို မမြင်ကြသော ရဟန်းများစွာရှိသည်။ မျက်စိပွင့်ခိုက်တွင် မြင်လိုက်ရသော ရဟန်းများ

www.burmeseclassic.com

www.burmeseclassic.com



ရှိသော်လည်း အဆင်းဟူသည် ရုပ်တရားမျှသာပါတကားဟူသော တရားသဘောဖြင့် ဆင်ခြင်၍ သည်းခံသည်။

အသံ, အနံ့တို့ဖြင့် တိုက်ခိုက်ခံရသည်။ အသံနှင့်အနံ့ကတော့ ခက်သည်။ တရားသားမတက်သေးသော ရဟန်းတော်တို့အဖို့ ကျယ်လောင်စူးရှသော ကြောက်ဖွယ် အသံများသည် နားသို့တိုက်ရိုက်ဝင်၏။ ပုပ်ဟောင်သော အနံ့ဆိုးများသည် နှာခေါင်းသို့ တိုက်ရိုက်ဝင်၏။ ထို့ကြောင့် တရားအလုပ်ခွင့် မဝင်စားနိုင်တော့ဘဲ ယင်းအသံနှင့် အနံ့ဆိုးများကို သည်းခံအောင့်အည်းနေရသည်နှင့်ပင် အချိန်ကုန်ရသည်။ သို့သော် သင်တို့သည် မကောင်းမိစ္ဆာ ဝါသည်ကား တရားသမားဟူသောဖွဲ့ဖြင့် အားခဲ၍ ကျင့်သုံးကြသည်။

ယင်းသို့လျှင် ရဟန်းတော်တို့သည် တရားအနှောင့်အယှက် အခက်အခဲများကို ကိုယ်စီတွေ့ကြုံနေရသော်လည်း မိမိအတွက်သူတစ်ပါး အနှောင့်အယှက်ဖြစ်မည်ကြောင့် ဖွင့်၍ မပြောကြ၊ တရားအာရုံတွင်သာ ထုံနိုင်သလောက်ထုံ၍ သည်းခံနေကြသည်။ ယင်းသို့ဖြင့် ရက်အတန်ကြာသော် အနံ့ဆိုး, အသံဆိုးတို့၏ ဒဏ်ကြောင့် တရားပျက် ရုံမျှသာမက အအိပ်ပျက် အစားပျက်နှင့် မရွှင်လန်း မချမ်းသာနိုင်ကြတော့ဘဲ ဖျော့တော့ ညှိုးငယ်စွာဖြင့် ကိုယ်စီပင် မကျန်းမာကြတော့သယောင် ကိုယ်ခန္ဓာများ ကြုံလှီအားနည်း၍ လာကြသည်။

ခေါင်းဆောင်မထေရ်ကြီးတွင်လည်း အလားတူပင်ဖြစ်၏။ ထို့ကြောင့် ဝါဆို လကွယ် ဥပုသ်နေ့တွင်စုဝေးမိကြသောအခါ အပေါင်းပါရဟန်းများသည်လည်း မိမိအလားတူပင် ဖြစ်၍နေသည်ကို တွေ့ရသောကြောင့် ''အရှင်ဘုရားတို့ ။ ။ တရားခွင်၌ ရွှင်လန်းဝမ်းမြောက်ရမည်ကို ယခုသော် အရှင်ဘုရားတို့အားလုံးပင် မရွှင်မလန်း မကျန်းမာလေတော့သယောင် တွေ့နေရပါသည်။ အကြောင်းထူး မည်သို့ရှိပါသနည်း''ဟု မေးလိုက်သည်။

''အရှင်ဘုရား ။ ။ ဤနေရာသို့ ရောက်လာကြမည့်အချိန်မှစ၍ နေ့စဉ် အထူးသဖြင့် ညဥ့်နက်ပိုင်းရောက်လာသည့်အချိန်မှစ၍ တစ်ညဥ့်လုံးလိုလိုပင် မကောင်းဆိုးဝါး ပရလောကသားတို့၏ ကြောက်မက်ဖွယ် အဆင်း၊ အသံ၊ အနံ့တို့ဖြင့် ခြောက်လှန့် နှောင့်ယှက်ခြင်းကို ခံနေရပါသည်။ ကြောက်ဖွယ်အဆင်းထက် အသံနှင့် အနံ့တို့ကြောင့် တရားအားထုတ်၍မဖြစ်ပါ။ ကျန်းမာရေးကိုလည်း တစ်နေ့တခြား ထိခိုက် နေရပါသည် ဘုရား''ဟု ရဟန်းတစ်ပါးက လျှောက်လိုက်သည်။

အခြားရဟန်းတို့ကလည်း အလားတူပင် ဖြစ်နေကြကြောင်း လျှောက်ထားသည်။ ထိုအခါကျမှ မထေရ်ကြီးက မိမိသည်လည်း အများနည်းတူ ဖြစ်နေရကြောင်းဝန်ခံ၍

www.burmeseclassic.com



"အရှင်ဘုရားတို့ ။ ။ ဤနေရာသည် တပည့်တော်တို့အတွက် သင့်လျော်သော ပဋိရူပအရပ်မဟုတ်နိုင်တော့ပါ။ ဤအတိုင်းဆက်နေလျှင် အသက်အန္တရာယ်ကိုပင် ထိခိုက်လာကြဖို့ရှိနေပါသည်။ ဒီတော့ တပည့်တော်တို့မှာ ဘုရားရှင်ကိုသာ အားထားရာ ရှိပါတော့သည်။ ဘုရားရှင်အထံတော်သို့ သွားရောက်ကြပါစို့။ ဘုရားရှင်က သင့်လျော်သော နေရာကို ညွှန်ကြားတော်မူလိမ့်မည်။ ဝါတွင်းအတွက်ကတော့ ပစ္ဆိမဝါအတွက် ခွင့်ပြုတော်မူချက် အချိန်ရှိပါသေးသည်"ဟု မိန့်ကြားလိုက်သောအခါ ရဟန်းအားလုံး ကပင် တပည့်တော်တို့လည်း ဤအတိုင်းပင် သဘောတူကြပါသည်ဟု ဆန္ဒပေးကြသည်။

အကျိုးအကြောင်းကို ဒါယကာများသို့ ပြောကြားလိုက်သောအခါ စိတ်မကောင်း ဖြစ်ကြစေကာမူ သူတို့လည်း ဘယ်သို့မျှ မတတ်နိုင်၍ အလိုက်သင့်သာ နေလိုက်ကြရ သည်။ ထို့ကြောင့် ဝါတွင်းကြီး၌ပင်လျှင် ဇေတဝန်ကျောင်းတော်သို့ ရောက်လာကြပြန်၏။

[ ၄ ]

သည်တစ်ချီတွင်တော့ ရဟန်းတော်တို့ ဝါဆိုဝါကပ်ကြပြီးဖြစ်၍ ဇေတဝန်မှာ ရှင်းရှင်း လင်းလင်းရှိနေသည်။ ထို့ကြောင့် ဘုရားရှင်အထံတော်သို့ အဆိုင်းအင့်မရှိ ချက်ချင်းပင် ဝင်ရောက်ဖူးမြော်ကြရ၏။

ဘုရားရှင်က "ရဟန်းတို့ ။ ။ သင်တို့သည် ဝါတွင်းချိန်ခါ၌ပင် ခရီးထွက်လာ ကြသည်မှာ အကြောင်းထူးရှိအံ့ထင်သည်"ဟု ပဋိသန္ထာရစကားဖြင့် မိန့်ကြားမေးမြန်းသောအခါ ရဟန်းတို့က မိမိတို့၏ သည်းမခံနိုင်လောက်အောင် တွေ့ဆုံရမှု၊ တရားအားမထုတ်နိုင်လောက်အောင် ပျက်ပြားရမှုများကို လျှောက်ထားသည်။ အခြားသင့်လျော်သောနေရာတွင် ပစ္ဆိမဝါကပ်နိုင်ကြရန် ညွှန်ကြားပါမည့်အကြောင်းလည်း လျှောက်ထားသည်။

ယင်းလျှောက်ထားချက်အရ ဘုရားရှင်က သဗ္ဗညုတဉာဏ်တော်တွင် ဆင်ခြင် လိုက်သောအခါ ဤရဟန်းတို့အတွက် ဤနေရာထက် သင့်လျော်သော အခြားနေရာကို မြင်တော်မမူ။ ဤနေရာသည်ပင် သူတို့အတွက် တရားထူးရဖို့ရန် ဘူမိနက်သန်နေရာမှန် ဖြစ်သည်ဟု မြင်တော်မူ၍"ရဟန်းတို့ ။ ။သင်တို့အတွက် ဤနေရာထက် သင့်လျော်သော အခြားနေရာကို ငါဘုရားမြင်တော်မမူ။ ဤနေရာသည်သာ သင်တို့အတွက် တရားထူး ရနိုင်စေရန် နေရာမှန်ဖြစ်ပေသည်။ နှောင့်ယှက်နေသော တစ္ဆေသရဲ ဖုတ် ပြိတ္တာတို့ အတွက်ကား အရေးမကြီးလှပါ။ သင်တို့သည် ငါဘုရားထံမှ လက်နက်ကောင်း ယူမသွားကြ၍သာ ဤသို့တွေ့ကြုံရခြင်းဖြစ်ပေသည်။ လက်နက်ယူသွားခဲ့သော် ဤသို့

www.burmeseclassic.com



တွေ့ကြုံမည် မဟုတ်ပေ။ ယင်းလက်နက်ကောင်းဟူသည်ကား အနှောင့်အယှက်မပေး သင်တို့အပေါ်၌ မေတ္တာပင် မွေးလာစေသော မေတ္တာသုတ်တရားတော်ကို ငါဘုရား သင်ကြားပေးလိုက်မည်။ ဤမေတ္တာသုတ်ကို ရွတ်ဆိုပွားများ၍ ဤတစ်ကြိမ်သွားလျှင် သင်တို့အား တရားအန္တရာယ် မပြုတော့သည့်အပြင် ကွဲကွာနေသော မိသားစုကဲ့သို့ သင်တို့ကို မေတ္တာဖြင့် ဆီးကြိုပူဇော်ပါလိမ့်မည်'' မိန့်ကြားတော်မူလိုက်သည်။

ဘုရားရှင်တို့ စကားဟူသည် လွဲမှားသည်မရှိဟု သိထားပြီးကြသော ရဟန်းတော်တို့က ဘုရားရှင်မိန့်ခွန်းတော် စကားကို ကြားရသောအခါ ဝမ်းမြောက်ကြသည်။ ဘုရားရှင်က အာရုံထား၍ ကြားနာကြဟု မိန့်တော်မူပြီးနောက် ''ကရဏီယ'' အစ ''ပုနာရေတိ''အဆုံးရှိသော မေတ္တာသုတ်တော်ကို သင်ကြားပေးတော်မူသည်။ ရဟန်းတို့က သင်ကြားတော်မူသော မေတ္တာသုတ်ကို အာရုံစိုက်၍ လိုက်ဆိုကြသည်။

'သင်ကြား'နှင့် 'ဟောကြား'မှာ အဓိပ္ပာယ်တစ်မျိုးစီဖြစ်၏။ 'ဟောကြား' ဆိုသည်မှာ တပည့်ရဟန်းနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့အား အကြောင်းဆိုက်သလို တရားဟောကြသည့် ပုံစံအလားဟောကြားခြင်းဖြစ်၏။ ယင်းဟောကြားချက်ကို သက်ဆိုင်ရာ တရားနာတို့ လုံးစေ့ပါဠ်စေ့ မမှတ်မိနိုင်သော်လည်း အဓိပ္ပာယ်ကိုမူ ချက်ချင်းပင် သဘောပေါက်၍ ကျွတ်တမ်းဝင်ကြရ၏။ တစ်ကြိမ်ကြားနာရုံမျှဖြင့် ဟောတော်မူသည့်အတိုင်း တစ်လုံးတစ်ပါဒမကျန် လုံးစေ့ပါဠ်စေ့ မှတ်သားနိုင်သူကား တေဒဂ်ငါးတန်သခင် အရှင်အာနန္ဒာ၊ ဝိနည်းတေဒဂ်သခင် အရှင်ဥပါလိနှင့် ပညာတေဒဂ် သခင် အရှင်သာရိပုတ္တရာတို့ ဖြစ်ကြသည်။ ဤအရှင်များ၏ ကျေးဇူးကြောင့်ပင် ယနေ့တိုင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ်သုံးဖြာ၊ သာသနာတော် ထွန်းကားတည်တံ့နေခြင်းဖြစ်ပေသည်။

'သင်ကြား'ဟူသည်ကား ဆရာက တပည့်ကို အလွတ်ရအောင် အကြိမ်ကြိမ် အထပ်ထပ် ချပို့ပေးခြင်း၊ အဓိပ္ပာယ် နားလည်သဘောပေါက်အောင် အထပ်ထပ် ရှင်းလင်းပြောပြခြင်း၊ တပည့်က ကျက်မှတ်နာယူခြင်းတို့ဖြစ်၏။

ပရိတ်တော် ဆယ့်တစ်သုတ်တွင် ဘုရားရှင်သင်ကြားပေးအပ်သော ပရိတ် သုံးသုတ်ပါရှိသည်။ ရတနသုတ်၊ အင်္ဂုလိမာလသုတ်နှင့် ယခုမေတ္တာသုတ်တို့ ဖြစ်ကြ၏။

ဝေသာလီပြည်၏ ဘီလူးဘေး၊ ရောဂါဘေးကို ဖယ်ရှားရန်အတွက် ဘုရားရှင်က ရှင်အာနန္ဒာအား ရတနသုတ်ကို သင်ကြားပေး၍ ရွတ်ဖတ်စေသည်။ တစ်ကြိမ် နာကြားရုံ မျှဖြင့် တစ်သက်လုံး နားစွဲအောင် ဉာဏ်ကြီးသူဖြစ်၍ တစ်ကြိမ်သာ သင်ကြားပေးရသည်။ အရှင်အင်္ဂုလိမာလအား သားဖွားပရိတ်ခေါ် အင်္ဂုလိမာလသုတ်ကို သင်ကြားပေးသည်။

www.burmeseclassic.com



မိမိတို့၏ ပါဠိဘာသာရင်းကို မှတ်သားရ၍လည်းကောင်း၊ ပရိတ်မှာ တို၍လည်းကောင်း တစ်ကြိမ်သင်ကြားပေးရုံမျှဖြင့် အလွတ်ရရှိသည်။

အရှင်အာနန္ဒာကဲ့သို့ ပိဋကတ်တော်မြောက်မြားစွာကို အလွတ်မဆောင်နိုင်စေကာမူ ရှေးခေတ်ပုဂ္ဂိုလ်များ၊ အထူးသဖြင့် ရဟန်းတော်များ၊ အထူးသဖြင့် သမာဓိအားကောင်းသော ရဟန်းတော်များသည် ပိဋကတ်တော်အချို့ကိုမူ တစ်ကြိမ်ကြားရုံမျှဖြင့် အလွတ်ဆောင်နိုင်ကြသည်သာ ဖြစ်၏။ ဤစကားမှာ ဘုရားရှင်၏ ဒေသနာတော်အတိုင်း ဖြစ်သည်။

ယနေ့ခေတ် စာသင်သား ရဟန်းတော်များကဲ့သို့ ဝေဒကျမ်းများကို သင်အံကျက်မှတ်ရသော စာသင်သား သင်္ဂါရဝပြာဟ္မဏကလေးသည် သူ့ဖြစ်ရပ်နှင့် ပတ်သက်၍ မရှင်းမလင်းဖြစ်နေ၏။ မရှင်းမလင်းဖြစ်ဟန်ကား သူသည် သူကျက်အံ့သော သင်ကြားရသော ပြာဟ္မဏမန္တန်များကို ရံဖန်တွင် အချိန်နှင့်အကြိမ်များစွာ ကြိုးစား၍ ကျက်အံ့သော်လည်း အလွတ်မရ၊ နေးကွေး၍ နေသည်။ ရံဖန်သော် တစ်ကြိမ်တစ်ခေါက်ကျက်ဆိုရုံမျှဖြင့် ဉာဏ်ပွင့်လင်းကာ အလွတ်ရရှိသည်။ ဘယ်သို့သော အကြောင်းကြောင့် ပါနည်း။

ယင်းဖြစ်ရပ်ကို ရှင်းလင်းသိသာရန် ဘုရားရှင်နှင့် ဖူးတွေ့ရသောအခါ မေးလျှောက်သည်။ ဘုရားရှင်က ဆေးမျိုးစုံရောစပ်ထား၍ ရောင်စုံဖြာနေသည့်ရေခွက်နှင့်တူသောရာဂ၊ ဆူပွက်နေသည့်ရေခွက်နှင့်တူသော ဒေါသ၊ အမှိုက်သရိုက်တို့ စုပြုံနေသည့် ရေခွက်နှင့်တူသော ထိန နှင့် မိဒ္ဓ၊ လေတိုက်နေသည့် ရေခွက်နှင့်တူသော ပျံ့လွင့်မှု ဥဒ္ဓစ္စ နှင့် ကုက္ကုစ္စ၊ အမှောင်ထဲမှာထားသည့် ရေခွက်နှင့်တူသော သို့လော-သို့လော ဝိစိကိစ္ဆာဟူသော ဥပမာမျိုးစုံကို ထုတ်ပြတော်မူပြီးနောက် ယင်းရေခွက်တို့တွင် မိမိ၏ မျက်နှာရိပ်ကို ရှင်းလင်းစွာမမြင်နိုင်သကဲ့သို့ မိမိကိုယ်တွင် ယင်းကိလေသာ အနီးအငွေ့တို့ ကင်းစင်နေလျှင် လိုအပ်သောပညာကို အလွယ်တကူ သင်ယူကျက်မှတ်နိုင်၍ ယင်းကိလေသာမြူငွေ့တို့ ထူပြောနေသောအခါ သင်ယူကျက်မှတ်၍ မရနိုင်ဟု ဟောတော်မူသည်။

ယင်းသို့ သင်ကြားမှု၊ ဟောကြားမှုတို့အပြင် ဘုရားရှင်က "နည်းပေးတော်မူမှု" လည်း ရှိသေး၏။

ဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူအပ်သော အဘိဓမ္မာဒေသနာတော်ကို လူ့ပြည်သို့ ဆွမ်းခံကြွရင်း အနဝတတ် ရေအိုင်အနီး၌ အရှင်သာရိပုတ္တရာအား ပြန်လည်ဟောကြားတော်မူခြင်းမှာ အဘိဓမ္မာဒေသနာတော် တစ်ခုလုံးကို

www.burmeseclassic.com

www.burmeseclassic.com



အစအဆုံး တစ်လုံးမကျန် ဟောကြား ပြသတော်မူခြင်းမဟုတ်၊ ''နည်းပေးတော်မူခြင်း'' မျှဖြစ်သည်။ တစ်လုံးမကျန် ပြန်လည်ဟောကြားတော်မူရန်လည်း အချိန်မရ။ အကျဉ်းမျှသာ နည်းပေးလမ်းညွှန် ဟောကြားတော်မူသည်ကို ပညာတေဒဂ်သခင် အရှင်သာရိပုတ္တရာက အကျယ်နားလည်တော်မူပြီး ယင်းအားလုံးကို တပည့် ရဟန်းငါးရာ အား အကျယ်ဟောပြတော်မူသည်။ ဤနည်းဖြင့် အဘိဓမ္မာ ဒေသနာတော်သည် ယနေ့ ခေတ်သာသနာတော်တိုင် ခိုင်မြဲပြန့်ပွားနေခြင်းဖြစ်သည်။

စရိုက်မှန်တရားလမ်းမှန်ပေါ်သို့ မရောက်သေး၍ ကျွတ်တမ်းမဝင်နိုင်ကြသေး သော်လည်း တည်ငြိမ်ရင့်ကျက်မှုသမာဓိအင်အား ကောင်းကြပြီးသောရဟန်းတော်များတွင် ဘုရားရှင် သင်ကြားပေးတော်မူအပ်သော မေတ္တသုတ်ကို တစ်ကြိမ်ကြားနာရုံမျှဖြင့် ရရှိ နားလည်ထားကြသူများပါဝင်သည်။

ရဟန်းတော်များအဖို့ မေတ္တာလက်နက် သက်သက်မျှသာမဟုတ်၊ မေတ္တာ ပို့မည့်သူတို့အတွက် မေတ္တာမပို့မီ ပြည့်စုံရမည့် မေတ္တာ၏ ပရိကံအချက်အလက်များ၊ မေတ္တာပို့သူတို့ထားရှိရမည့် သဘောထားများကို ဘုရားရှင်က သင်ကြားပေးလိုက်သော အခါ မေတ္တာဘာဝနာအတွက် အဘက်ဘက်တွင် ပြည့်စုံသူများ ဖြစ်လာကြသည်။

မေတ္တသုတ်တွင် ၁၂–ဂါထာရှိရာ၌ ရှေးဦးနှစ်ဂါထာမှာ နောက်ဆရာတို့ ထည့်သွင်းသော အကျိုးပြအညွှန်း နိဒါန်းဂါထာများဖြစ်၍ ဘုရားရှင်သင်ကြားပေးသော မူရင်းမှာ ရှစ်ဂါထာပါရှိသည်။ ဂါထာဟူသည် လွယ်ကူစွာ ရွတ်ဖတ်မှတ်သားနိုင်ရန် စီကုံးနှုန်းဖွဲ့ပေးထားသော ပါဠိကဗျာဖြစ်သည်။ ယင်းပါဠိကဗျာ ရှစ်ဂါထာတွင်လည်း သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ရွှင်ပြအေးမြကြပါစေ၊ ဘေးရန်ကင်းဝေး အေးချမ်းသာယာကြပါစေဟူ၍ 'စေ'ဟူသော ရည်မှန်းချက်ဖြင့် မြွက်ဆိုပို့သသောဂါထာမှာ နှစ်ဂါထာခွဲမျှသာပါရှိ၍ ကျန်သောခုနစ်ဂါထာခွဲမှာ မေတ္တာပို့သူ တို့တွင် ထားရှိပြည့်စုံရမည့် အကျင့်သိက္ခာ အရည်အချင်းများနှင့် လေးနက်စူးရှသော မေတ္တာဖြစ်လာစေရန် ထားရှိရမည့် သဘောထားများဖြစ်သည်။

ဂါထာဟူသည် ပါဠိကဗျာဟုဆိုခဲ့သည့်အတိုင်း ကဗျာဟူသည် ရွတ်လွယ် ဖတ်လွယ် နားစွဲလွယ်သော အဖွဲ့ဖြစ်သည်။ နှစ်ခြိုက်စွာ ကြားနာခံယူအပ်သောအဖွဲ့ ဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်သည် မြောက်မြားစွာသော ပါဠိတော်တို့နှင့်အတူ ဓမ္မပဒ၊ ငါးရာ့ငါးဆယ်စသော ထိုထိုဇာတ်နိပါတ်တော်တို့တွင် ပါဠိကဗျာဂါထာတို့ဖြင့် အဆုံးသတ် ဟောကြားတော်မူခဲ့ကြောင်း တွေ့ရှိကြရမည်ဖြစ်၏။

ဘုရားရှင်၏ ရည်မှန်းတော်မူချက်မှာ မေတ္တာပို့ရုံမျှမဟုတ်၊ ယင်းမေတ္တာတည်း ဟူသော ကမ္မဋ္ဌာန်း ဘာဝနာကိုအရင်းခံ၍ တပည့်သား ရဟန်းတို့အား နိဗ္ဗာန်သို့အရောက်

www.burmeseclassic.com



ပို့ဆောင် ရောက်ရှိရန်ပင်ဖြစ်သည်။ စင်စစ်သော်ကား ယင်းအရည်အချင်း အချက်အလက်များသည် မေတ္တာကမ္မဋ္ဌာန်းအဖို့တွင်သာမဟုတ် နိဗ္ဗာန်သာလျှင် ရှေးရှုအပ်သော ရဟန်း ယောဂီတို့အဖို့ ပြည့်စုံရမည့် အရည်အချင်း အချက်အလက်များပင် ဖြစ်ပေသည်။ ယင်းအချက်အလက်များနှင့် ပြည့်စုံမှသာ နိဗ္ဗာန်ခရီးနှင့် နီးမည်ဖြစ်ကြောင်း ညွှန်ကြားတော်မူသော သုတ်ဖြစ်ပေသည်။

[ ၅ ]

ရှေးဦးစွာကား နိဗ္ဗာန်ကိုလိုသော ရဟန်းယောဂီမေတ္တာရှင်တို့အတွက် မုချပြည့်စုံ စွမ်းဆောင်ထားနိုင်ရမည့်တရားမှာ ပဓာနိယင်္ဂခေါ် အင်္ဂါငါးပါးပင်ဖြစ်၏။ ယင်းငါးပါးဟူသည် ဘုရားရှင်နှင့်တကွ ရတနာသုံးပါး၌ ယုံကြည်သော သဒ္ဓါတရား ကျန်းမာမှုနှင့် ပြည့်စုံခြင်း၊ မိမိကိုယ်နှင့် ကမ္မဋ္ဌာန်းဆရာကို မစဉ်းလဲ မလှည့်ဖြားဘဲ အရှိကိုအရှိအတိုင်း အဖြစ်မှန်ကို တင်ပြတတ်ခြင်း၊ အားထုတ် ဝီရိယရှိခြင်းနှင့် ပညာရှိခြင်းတို့ပင်ဖြစ်၏။

ဤအချက်ကို ဘုရားရှင်က ဆင်ဆရာနှင့်ဥပမာထား၍ ဟောကြားလမ်းညွှန်တော်မူ၏။

ဗောဓိမင်းသားသည် ဘုရားရှင် သာသနာတော်၌ နိဗ္ဗာန်၊ နိဗ္ဗာန်ဟု ကျော်ကြားလျက်ရှိသော အေးငြိမ်းမှု သန္တိသုခ၏ အကြောင်းကို သိလိုသူဖြစ်၏။ အကြောင်းမှာ နိဗ္ဗာန်အတွက် ကျင့်ကြံအားထုတ် နေကြသူများအနက် အချို့မှာ နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ရှိရရှိကြ၍ အချို့မှာနှေးကွေး၏။ အချို့မှာ ရပင်မရကြ။ ဤသည်ကို တွေ့ရသိရသော ဗောဓိမင်းသားက ဘုရားရှင်အား "အရှင်မြတ်ဘုရား ။ ။ အရှင်မြတ်၏ ဆုံးမနည်းညွှန်မှုကိုရကြပါလျက် နိဗ္ဗာန်သို့မူ အချို့မှာလျင်မြန်စွာရ၍ အချို့မှာ နှောင့်နှေးကြပါ၏။ အဘယ်နည်း အဘယ်ပုံကျင့်သုံး၍ ဘယ်လောက်ကြာမှ နိဗ္ဗာန်တည်းဟူသော အရဟတ္တဖိုလ်ကို ရပါသနည်းဘုရား" ဟု လျှောက်ထားသည်။

ဤတွင် ဘုရားရှင်က ဆင်အတတ်ကို ကျွမ်းကျင်သော မင်းသားဖြစ်သည့်အတိုင်း ဆင်စီးချွန်းကိုင် ဥပမာဖြင့်ပင် ပြန်လည်ဟောကြားသည်။

"မင်းသား။ ။ ဆင်စီးချွန်းကိုင်အတတ်ကို သင်ကြားလိုသူ တစ်ယောက်သည် မိမိအလုပ်တွင် ယုံကြည်မှုလည်းမရှိ၊ ကျန်းလည်းမကျန်းမာ၊ ကောက်ကျစ်လှည့်ဖြားတတ်သူလည်းဖြစ်၏။ ပျင်းလည်းပျင်း၏။ ဉာဏ်လည်းမရှိ။ ထိုသူကို ဆင်ဆရာက တတ်မြောက်အောင် သင်ကြားနိုင်ပါမည်လော"

www.burmeseclassic.com

www.burmeseclassic.com



''အရှင်ဘုရား ။ ။ ဤအင်္ဂါငါးပါးအနက် တစ်ပါးပါးနှင့် ပြည့်စုံနေလျှင်ပင် သင်ယူ တတ်မြောက်နိုင်မည်မဟုတ်ပါ။ ငါးပါးလုံး ပြည့်စုံနေလျှင်ကား ဆိုဖွယ်မရှိတော့ပါ''

''တစ်ယောက်သည်ကား ယုံကြည်ချက်ရှိသူ၊ ကျန်းမာသူ၊ ဖြောင့်စင်းသူ၊ မပျင်းမရိ ကြိုးစားတတ်သူ၊ ဉာဏ်ရှိသူဖြစ်၏။ ထိုသူကို သင်ကြားတတ်မြောက် နိုင်ပါမည်လော''

''အရှင်ဘုရား ။ ။ အင်္ဂါတစ်ပါးနှင့် ပြည့်စုံလျှင်ပင် တတ်မြောက်နိုင်ပါသည်။ ငါးပါးနှင့် ပြည့်စုံသော် ဆိုဖွယ်မရှိပါ''

ဤတွင် ဘုရားရှင်က ပဓာနိယင်္ဂတရားငါးပါးကို တရားကျင့်သုံးသူနှင့် ဥပမာ၊ ဥပမေယျကပ်၍ ဟောကြားတော်မူသည်။

ဘုရားရှင်နှင့်ဘုရားရှင်၏ တရားတော်ကို မယုံကြည်လျှင် (သို့မဟုတ်) ယုံကြည်မှုနည်းပါးလျှင် နိဗ္ဗာန်တည်းသော ဉာဏ်လမ်း အရဟတ္တဖိုလ်နှင့် ဝေး၏။ (သို့မဟုတ်) လမ်းခုလတ်တွင်ပင် မတင်မကျ ရှိနေတတ်၏။

ဘုရားရှင်ကို မယုံကြည်သူ ဈာန်သမား၊ ပြဟ္မာလမ်းစဉ်သမား ပြာဟ္မဏတို့သည် နိဗ္ဗာန်နှင့် နီးမယောင်နှင့် ဝေးနေသူများဖြစ်ကြ၏။ သမထနည်းလမ်းသည် နိဗ္ဗာန်သို့ ကူးမြောက်ဖို့ရာ လမ်းစဉ်ပင်ဖြစ်သော်လည်း ယင်းသမထတည်းဟူသော ပြဟ္မာလမ်းစဉ် မျှကိုသာ အထင်ဆုံး၍ ဘုရားရှင်၏ တရားတော်ကို မယုံကြည်သူများဖြစ်ကြသည်။ အချို့သည် ဘုရားရှင်၏ အရဟတ္တဖိုလ်ကို ယုံကြည်ရယူလိုပါသည်ဆို၍ ဘိက္ခုသံသရာ အဖြစ်သို့ပင် ကူးပြောင်းလာကြသူများဖြစ်သော်လည်း ယုံကြည်မှု သဒ္ဓါအင်အား နည်းပါး၍ လမ်းခုလတ် သမထလမ်းစဉ်တွင်သာ သောင်တင်၍ နေရသူရဟန်းနှင့်ယောဂီ အများအပြားရှိနေကြသည်။

ထို့ကြောင့် အရဟတ္တဖိုလ်ကို ရယူလိုပါသည်ဆိုသော အကြင်သူတစ်ယောက်အဖို့ ဘုရားရှင်နှင့် တရားတော်အပေါ်တွင် ယုံကြည်မှု သဒ္ဓါပြည့်ဝစွာ ထားဖို့လိုသည်။

ကျန်းမာရေးနှင့် ပြည့်စုံမှုမှာ ရှင်း၏။ မကျန်းမာလျှင် မည်သည့်တရားကိုမျှ အားထုတ်နိုင်တော့မည်မဟုတ်။ ကျန်းမာမှုကို ထားဦး၍ ကျန်းမာလျက် အသက်အရွယ် ကွာခြားလျှင်ပင် တရားအရေးမှာ အနီးအဝေးဖြစ်လာတော့သည်။ ဤသည် ပထမအရွယ် ငယ်စဉ်တွင် တရားအားထုတ်ပါက အရဟတ္တဖိုလ် ပန်းတိုင်သို့ ရောက်နိုင်၍ ဒုတိယအရွယ်တွင် အားထုတ်နိုင်ခဲ့ပါသော် အနာဂါမ်ဖြစ်နိုင်ပြီး နောက်ဆုံးအရွယ်တွင် အားထုတ်ပါက သကဒါဂါမ်ဖြစ်နိုင်သည်ဟု အသက်အရွယ်၏ အင်အားကို လိုက်၍ ဘုရားရှင်က တရားအားထုတ်မှုတွင် ပေါ့လျော့ခဲ့သော အထီးကျန်သူဌေးတစ်ဦးအား ဟောတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်မှုဟူသည်မှာလည်း ရှင်း၏။ အကြောင်းသော်ကား အကြီးမား ဆုံးသော အကျိုးသက်ရောက်မှုဖြစ်သည့် နိဗ္ဗာန် မဂ်ဖိုလ် ရယူလိုမှု အလုပ်ကိုထားဦး၍ မည်သည့် အလုပ်မျိုးတွင်မျှ အားထုတ်မှုမရှိလျှင် မပြီးစီးနိုင်ကြောင်းကို လူသာမန်တို့ပင် သိရှိနားလည် နိုင်သောကြောင့်ဖြစ်သည်။

ဤအချက်နှင့် ပတ်သက်၍ အကြီးဆုံးသော ခေါင်းဆောင်သက်သေ အရှင် သည်ကား ဘုရားသခင် ကိုယ်တော်တိုင်ပင်ဖြစ်ပေသည်။ ဘုရားရှင်သည် အရိုးကြေကြေ အရေခန်းခန်း ကြိုးပမ်းအားထုတ်၍ ပြတော်မူပုံကို ယခုရဟန်းတော်တို့ မျှမက ဗုဒ္ဓဘာသာဝင်တိုင်းပင် သိရှိကြပြီးဖြစ်၏။ သာမန်ပုဂ္ဂိုလ်များအပထား၍ အဂ္ဂသာဝက၊ မဟာသာဝကစသော ပါရမီရှင်ကြီးများပင်လျှင် ကျားကုပ်ကျားခဲ အားထုတ်ကြရပုံကို သိကြပြီးဖြစ်၏။

ပညာပြည့်စုံမှုနှင့် ပတ်သက်၍ အနည်းဆုံးအားဖြင့် ရုပ်နာမ်ဓမ္မမျှလောက်ကို ခွဲခြားသိရှိနိုင်သူမဟုတ်ခဲ့ပါသော် တရားသမားပင်ဖြစ်လာနိုင်ဖို့မရှိပေ။

ခက်သည်မှာကား ယင်းတရားအချက်ငါးရပ်အနက် တတိယမြောက် အလယ် တွင်ရှိနေသော ဖြောင့်မတ်မှုနှင့်ပြည့်စုံဖို့ပင်ဖြစ်သည်။ အကြောင်းမူကား လူသည် ဖြောင့်မတ်သူဟု အထင်ခံလိုသောကြောင့် သူတစ်ပါးကို သိလျက်နှင့်ဖြစ်စေ၊ မသိဘဲနှင့် အမှတ်မဲ့အားဖြင့်ဖြစ်စေ၊ စဉ်းလဲလှည့်ဖြားတတ်၍ မိမိကိုယ်ကိုမိမိလည်း သိလျက်နှင့်ဖြစ်စေ၊ မသိစိတ်ဖြင့်ပင်ဖြစ်စေ၊ စဉ်းလဲလှည့်ဖြားတတ်မိသောကြောင့်ဖြစ်ပေသည်။

တရားသမားနှင့် တရားသမားမဟုတ်သူတို့၏ ကွာခြားချက်မှာ စဉ်းလဲမှုနှင့် မစဉ်းလဲမှုတို့ပင်ဖြစ်၏။ ဤနေရာ၌ တရားသမားဆိုသည်မှာ ဘုရားရှိခိုးမှု၊ ပုတီးစိတ်မှု၊ မေတ္တာပို့မှု၊ သီလခံယူမှုစသော သာမန်သူတော်ကောင်းအကျင့်မှုကို မဆိုလို၊ ဆရာ၏ အဆုံးအမဖြင့် ကမ္မဋ္ဌာန်းခွင်သို့ ဝင်သော ယောဂါဝစရ၊ ဓမ္မအကျင့်ရှင်ကို ဆိုလိုသည်။

အကြောင်းမူကား တရားခွင်သို့ ဝင်ပြီဆိုစေကာမူ ဆရာကိုလည်း စဉ်းလဲ ပြောဆို၍ မိမိကိုယ်ကိုလည်း စဉ်းလဲလှည့်ဖြားနေတတ်သည်။ ထို့ကြောင့် မဂ်ဝင်ဖိုလ်ဝင် တရားရှင်ဖြစ်လိုခဲ့ပါသော် မစဉ်းလဲမလှည့်ဖြားတတ်သူဖြစ်ရမည်ဟု ဟောတော်မူခြင်းဖြစ်၏။

နောက်တစ်ချက်မှာ မေတ္တာပို့မည့်သူ၊ မေတ္တာကမ္မဋ္ဌာန်းနှင့် တရားစခန်း ကမ္မဋ္ဌာန်း အားလုံးအတွက် ပြည့်စုံရမည့် ရှေးဦးလုပ်ငန်းအဖြစ် ဖြောင့်မတ်သူမျှမက သာလွန်ဖြောင့်မတ်သူ ဖြစ်ရမည်ဟု ဟောတော်မူ၏။

အကြင်သူသည် သတ်မှတ်အပ်သော သီလအကျင့်နှင့် ပြည့်စုံလျှင် ဖြောင့်မတ်သူ ဟုဆိုနိုင်ပြီဖြစ်၏။ သို့ရာတွင် ထိုသူသည် ပုထုဇဉ် သဘာဝအရ အများရှေ့တွင်တစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ကွယ်ရာတွင်တစ်မျိုး ဖြစ်နိုင်ပေသေးသည်။ သူ့အသက်သတ်ခြင်း၊ ခိုးခြင်း၊ အဗြဟ္မစရိယ၊ မုသာဝါဒ၊ သုရာမေရိယစသော အကျင့်သီလများနှင့် ပြည့်စုံနိုင်သည်ဆိုဦးတော့၊ သူတော်ကောင်းတို့နှင့်မလျော် အခြားအပြုအမူများကို ဆိတ်ကွယ်ရာတွင် ပြုလုပ်တတ်သေးသည်။

ထို့ကြောင့်လည်း အကြီးဆုံးသော သူတော်ကောင်းကြီးဖြစ်တော်မူသည့် ဘုရားရှင်၏ ဂုဏ်တော်များအနက် အရဟံ ဆိတ်ကွယ်ရာ ရှိတော်မမူသော(သို့မဟုတ်) ရှေ့တွင်တစ်မျိုး, ကွယ်ရာတစ်မျိုးမလုပ်သော ဂုဏ်တော်ရှင်တစ်ပါးအဖြစ် ချီးကျူးပူဇော်ကြရခြင်းဖြစ်ပေသည်။

တစ်နည်းအားဖြင့် ကာယကံ သီလ၊ ဝစီကံသီလမျှမက၊ မနောကံအဖြစ်လည်း အစွမ်းနိုင်ဆုံး ဖြောင့်စင်း ရှင်းလင်းသူဖြစ်ရမည်ကို ဖြောင့်မတ်မှု၊ သာလွန်၍ ဖြောင့်မတ်မှုဟု ဟောတော်မူသည်။

ဤအချက်အတွက် ရဟန်းတော်တို့အဖို့မှာ ဖြောင့်မတ်ရှင်းလင်းသူ ဖြစ်စေရန် ဝိနည်းသိက္ခာပုဒ်မျိုးစုံဖြင့် အဘက်ဘက်မှ ရစ်ပတ်ဖွဲ့နှောင်ထားကြပြီးဖြစ်၏။ သို့ရာတွင် သာ၍ ဖြောင့်မတ်သူဖြစ်စေရန် မနောဒွါရေ အနာပတ္တိ စိတ်ထားလွဲမှားရုံမျှဖြင့် အာပတ်မသင့်ဟု ခွင့်ပြုထားတော်မူစေကာမူ တရားခွင်သို့ ဝင်ကြမည့်သူများ ဖြစ်သည့်အလျောက် သာ၍ဖြောင့်မတ်သူများဖြစ်စေရန် စိတ်အနေအထားကိုလည်း တရားသတိဖြင့် ငါတို့ကျင့်သုံးကြမည်ဟု ရဟန်းတော်များက မေတ္တသုတ်တော်ကို ကြားနာရင်း အားတင်းလိုက်ကြသည်။

နောက်တစ်ချက်မှာ ဆုံးမလွယ်သူဖြစ်ရမည်ဟု ဟောတော်မူ၏။

ဆရာကဖြစ်စေ၊ အချင်းချင်းကဖြစ်စေ၊ ကိုယ့်အောက်ဂုဏ်ရော အသက်ပါငယ်သူကပင်ဖြစ်စေ၊ ပြောဆိုဆုံးမဖွယ်ရာကို တွေ့မြင်၍ ဆုံးမလာလျှင် မာနတည်းဟူသော အတ္တလျှင် အရင်းခံအပ်သော ပုထုဇဉ်သဘာဝအရ မခံချင်သော စိတ်ထားဖြစ်ပေါ်လာတတ်သည်။ မေတ္တာလုပ်ငန်းနှင့် တရားအားလုံးအတွက် ဆန့်ကျင်သော သဘောထားပင်ဖြစ်ပေသည်။

တန်းတူ-ရည်တူ အချင်းချင်းဆိုလျှင် ဝေဖန်မည်ဟု ပြန်လှန်ခုခံ၍ ငယ်သူ၏ ဆိုဆုံးမခံရလျှင် သာ၍ လှုပ်ရှားလာတတ်သည်။ ဆုံးမပိုင်ခွင့်ရှိသော ဆရာ၏ အဆုံးအမကိုပင် ခံရစေဦးတော့ မျက်နှာပျက်-ဟန်ပျက် ဖြစ်လာတတ်သည်။ မေတ္တာနှင့် ဆန့်ကျင်လှသော ဤသဘောထားကို ကျိုးနှိမ်အောင် ချိုးပစ်ရမည်ဟုဆိုလို၏။

ရဟန်းငါးရာတို့အတွက် ဤအချက်တွင် အကြီးဆုံးသော နည်းယူဖွယ် နမူနာသခင်မှာ အရှင်သာရိပုတ္တရာပင် ဖြစ်ပေ၏။ အရှင်သာရိပုတ္တရာသည် လက်ျာတော်ရံ

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂုလိမာလက ဂုဏ်ကြီးရှင် မထေရ်ကြီးဖြစ်ပါလျက် မထင်မရှားကိုရင်လေးတစ်ပါး၏ အဆုံးအမကို ဝမ်းမြောက်စွာ ခံယူတော်မူသည်။

အရှင်သာရိပုတ္တရာ သက်န်းရုံရာတွင် သင်္ကန်းတော်အစ မညီမညာတွဲလောင်းကြီး ဖြစ်နေသည်ကိုမြင်သော ကိုရင်လေးက အရှင်ဘုရားသင်္ကန်းစကြီး ပရိမဏ္ဍလ မဖြစ်ပါ ဘုရားဟု လျှောက်ထားသည်ကို ချက်ချင်းပင် ပြင်ဆင်၍၊ နောင်ကိုလည်း အလားတူ မသင့်လျော်သည်ကိုတွေ့လျှင် ဆိုဆုံးမပါကိုရင်ဟု ဆရာတင်ကာ ပြောကြားလိုက် သေးသည်။ ယခု ရဟန်းတော်တို့အဖို့ ယင်းသို့ နမူနာကောင်းကြီး ရှိနေပြီဖြစ်၍ အလွယ်တကူပင် ခံယူလိုက်နာနိုင်ကြပေမည်။

နောက်တစ်ချက်မှာ နူးညံ့ပျော့ပျောင်းသူဖြစ်ရမည်ဟု သင်ကြားတော်မူသည်။

နူးညံ့ပျော့ပျောင်းခြင်းမှာ အထက်တန်းစား လူလိမ္မာ လူယဉ်ကျေး လူကြီး လူကောင်းများ၏ အမူအရာဖြစ်ပေသည်။ ကိုယ်အမူအရာ၊ နှုတ်ဝါစာ နူးညံ့ပျော့ပျောင်း ခြင်းဖြင့် မိမိကိုယ်တိုင်လည်း အေးချမ်းငြိမ်ဆိမ်၍ ပတ်ဝန်းကျင်ထိတွေ့သမျှတို့ကိုလည်း ရွှင်လန်းချမ်းမြေ့စေသည့် မေတ္တာနှင့် လိုက်ဖက်လှသော အမူအကျင့်ဖြစ်သည်။ ကိုယ်–နှုတ်မျှသာမက စိတ်ထားပါ နူးညံ့သောအခါ သာ၍အေးငြိမ်းစေသည်။

ရဟန်းတော်တို့မှာ ဝိနည်းဖြင့်လည်းကောင်း၊ တရားသဘောအားဖြင့် လည်းကောင်း နူးညံ့ပျော့ပျောင်းသူဖြစ်စေဖို့ရန် လေ့ကျင့်ပြင်ဆင်ပြီးသူများ ဖြစ်ကြသည်။ သို့ရာတွင် တရားရှင်ပင်ဖြစ်သော်လည်း အလေ့အထုံ ဝါသနာအရလည်းကောင်း၊ သတိကင်းပြတ် အမှတ်မဲ့အားဖြင့်လည်းကောင်း စိတ်ထားပင်နူးညံ့စေဦးတော့၊ ကိုယ်– နှုတ်အမူအရာတို့မှာ မနူးညံ့မပျော့ပျောင်းသူ ဖြစ်နေတတ်ပေသေးသည်။ ထို့ကြောင့်ပင် ဘုရားရှင်အား မလျော်သော ကိုယ်–နှုတ်အမူအရာတို့နှင့် စပ်လျဉ်း၍ သဝါသန်– ဝါသနာနှင့်တကွ၊ ပဟာန္တိ–စွန့်ပယ်တော်မူပြီးထသောဟု ဂုဏ်တော်တစ်ရပ်အဖြစ် ပူဇော် ကြရခြင်းဖြစ်သည်။

ရဟန်းတော်ငါးရာဆိုတော့ မလျော်သော ကိုယ်–နှုတ်အမူအရာရှင်များ အမှတ်မဲ့ အားဖြင့် ပါရှိကြမည်ဖြစ်ရာ၊ ငါတို့သတိထားမည်ဟု အားခဲတော်မူလိုက်ကြသည်။

နောက်တစ်ချက်မှာ မာန်မာနမရှိသူဖြစ်ရမည်ဟု ဟောတော်မူ၏။

ဘုရားရှင်သာသနာတော်၌ နာမည်ကြီးလှသည့် ဤမာနဟူသော တရားဆိုးကို မကျင့်နိုင်–မထိန်းနိုင်မှုသာရှိစေ၊ လူတိုင်းပင် နားလည်ပြီး ဖြစ်ကြ၏။ ဘဝတည်းဟူသော ဒုက္ခသံသရာကို ပြတ်စေ၊ ကျဉ်းစေ၊ ချုံ့စေလိုသော ဤသာသနာ၌ မာနသည် ရှည်အောင်၊ ကျယ်အောင် ချဲ့ထွင်တတ်သော တဏှာ၊ မာန၊ ဒိဋ္ဌိ ဟူသည့် တရားဆိုး

www.burmeseclassic.com

www.burmeseclassic.com



သုံးပါးမျိုးတွင် သူပါဝင်နေသောကြောင့်ဖြစ်၏။ တရားကောင်းအာလုံးနှင့် ဆန့်ကျင်သည်။ မေတ္တာနှင့်ဆိုသော် သာ၍ ဆန့်ကျင်သည်။ ထို့ကြောင့် မေတ္တာသမားသည် မာန်မာန မရှိရဟု ဟောတော်မူလိုက်သည်နှင့် တစ်ပြိုင်နက်ပင် ရဟန်းတော်တို့ ချက်ချင်း သဘောပေါက် ခံယူပြီး ဖြစ်ကြသည်။

နောက်လေးပါးမှာ မေတ္တာသမား၊ တရားရှင်အားလုံးအတွက် ဖြစ်စေကာမူ ရဟန်းတော်တို့နှင့် ပို၍သက်ဆိုင်သည်။ ရောင့်ရဲလွယ်သူ၊ မိမိခန္ဓာကိုယ်ကို အမွေးအမြူ လွယ်သူ၊ အမှုကိစ္စနည်းပါးသူနှင့် ပေါ့ပါးသောအပြစ် ရှိသူဖြစ်ရမည်ဟူသော ဟောတော်မူချက်ပင်ဖြစ်၏။

ရတာလေးနှင့် ဝ,အောင်စား၊ ရှိတာလေးနှင့် လုအောင်ဝတ်၊ ပြိုင်လာလျှင် အရှုံးပေး၊ နလုံးအေးတဲ့ဆေး ဟူသော လူချမ်းသာတရား၊ သန္တုဋ္ဌိသလ္လေခ ခေါ် ရောင့်ရဲမှု တရားသည် ရဟန်းတော်များနှင့် တိုက်ရိုက်ကြီး သက်ဆိုင်လှသော တရားမွန်-တရားမြတ် ဖြစ်ပေ၏။ ဖြစ်၍လည်း ရဟန်းဘဝရသည်-ရောက်သည်ဆိုကတည်းက ဤတရားအတိုင်း ကျင့်သုံးခဲ့ကြသူများ ဖြစ်ကြသည်။

အကြောင်းမူကား ရဟန်းဖြစ်လာသည်ဆိုကတည်းပင် ဥပဇ္ဈာယ် ဆရာက လူတို့အဖို့ အခြေခံလိုအပ်ချက်ဖြစ်သော စား ဝတ် နေ နှင့် ဆေးဝါးကို စားရေးအတွက် ပရိက္ခရာအဖြစ် သပိတ်ခေါ် တောင်းခံခွက်ကြီးတစ်လုံးကို တွဲ၍ပေးလိုက်သည်။ ယင်းခွက်ကြီးဖြင့် ဒါယကာ ဒါယိကာတို့အိမ်များရှေ့တွင် တောင်းခံ၍ စားရမည်၊ ယင်းခွက်ကြီးနှင့် ယင်းခြေသလုံးသည် ဘုရားရှင် အဆူဆူတို့ပင်လျှင် အစဉ်အလာ အားဖြင့် ကျင့်သုံးခံယူခဲ့သော ဝမ်းအခြေခံပစ္စည်းများဖြစ်သည်ဟု နည်းပေးညွှန်ပြခဲ့သည်ကို ဝမ်းမြောက်စွာ အာမဝန္တံခံယူခဲ့ပြီး ဖြစ်ပေသည်။

ဝတ်ရေးအတွက် ပံ့သကူသင်္ကန်းအဖြစ် သုသာန်နှင့် လမ်းဘေးအမှိုက်ပုံကို ညွှန်ပြ၍ နေရေးအတွက် သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်ကိုညွှန်ပြခဲ့ပြီးဖြစ်သည်။ ရံဖန် လိုအပ်မည်ဖြစ်သော ကျန်းမာရေး ဆေးဝါးအတွက် သာသနာတော်ထွန်းကားမည့် မဇ္ဈိမတိုက်နှင့် အရှေ့တိုင်းတို့တွင် ပေါများလွယ်ကူလေသော နွားကျင်ငယ်ရေကို ညွှန်ပြခဲ့ပြီး ဖြစ်သည်။

သာသနာတော်တွင် ဘုရင်များ အပါအဝင် မင်းသား၊ သူဌေးသားစသော စည်းစိမ်ရှင် ရဟန်းတော်တို့သည် ပေါများလှပါ၏။ ဘဒ္ဒိယ၊ မဟာနာမ်၊ ကဿပ၊ ရဋ္ဌပါလ၊ သုဒိန္နစသော ဘုရင် မင်းသား သူဌေးသားတို့ပင်ဖြစ်သည်။ ဘုရားရှင် ကိုယ်တော်တိုင်ပင် မဟုတ်ခဲ့ပါသလော။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် စည်းစိမ်မျိုးစုံကို ခံလိုသမျှ ခံယူနိုင်သော စည်းစိမ်ရှင်များဖြစ်ကြ၏။ သို့ရာတွင် မှန်မြတ်သော ရဟန်းဘဝကို ရယူလိုသည့်အတွက် ယင်းစည်းစိမ်အားလုံးကို ရက်ရက်ရဲရဲကြီး စွန့်လွှတ်ကာ ယင်းသပိတ်၊ သလုံးမြင်းခေါင်းနှင့် သည်းခံမှုတည်းဟူသော သ–သုံးလုံးကို ခင်တွယ်လာကြသူများဖြစ်ကြသည်။ မိမိတို့မှာ သာမန်ရဟန်းများသာ ဖြစ်ကြသည်။ အဘယ်ကြောင့် မခံယူ မရောင့်ရဲနိုင်ကြမည်နည်းဟု ရဟန်းငါးရာတို့ အားတင်းလိုက်ကြသည်။

ရှေးဦးစွာကား ရဟန်းတရားဟူသည်ကို ဝိနည်းသိက္ခာပုဒ်တော်အဖြစ် သည်းခံမှုဟူသော တရားတစ်ပါးတည်းကိုသာ ညွှန်ပြတော်မူခဲ့၍ နောင်ခါမှ ဝိနည်းသိက္ခာပုဒ်မျိုးစုံကို ပညတ်တော်မူလာခြင်း ဖြစ်သည်။

သို့ရာတွင် ပုထုဇဉ်ဘဝဟူသည် ရဟန်းများပင်ဖြစ်မချည်း၊ အနည်းနှင့်အများဆိုသလို မျက်စိလည်လာတတ်စမြဲဖြစ်သည့်အတိုင်း စားဝတ်နေကိစ္စများအတွက် ဗျာပါရများလာတတ်သည်ကို ယခုသော် အတိအကျကျင့်သုံးကြတော့မည်ဟု ရဟန်းငါးရာတို့ သတိပြုလိုက်ကြသည်။

ရဟန်းဟူသည် ဒါယကာ ဒါယိကာမတည်းဟူသော ပေးသူ လှူသူ ကျွေးမွေးသူကို မှီခိုနေထိုင်ရသူများဖြစ်၏။ သူတစ်ပါးကို မှီခိုရသူများဟု တိုက်ရိုက်အဓိပ္ပာယ်ရှိသောဘဝဖြစ်၏။ သို့ပါလျက် ပေးတာလေးနှင့် ဝအောင်မစား၊ ရတာလေးနှင့် တင်းတိမ်အောင် မဝတ်တတ်လျှင် တရားရေးအတွက် အခက်အခဲဖြစ်လေတော့သည်။ ထို့ကြောင့် အမွေးအမြူ လွယ်သူဖြစ်ရမည်၊ ဖြစ်ကြမည်၊ ထွေလာကိစ္စ နည်းပါးသူများ ဖြစ်ကြမည်၊ တရားကျင့်မှုသွားလာနေထိုင်မှုများ၌ ပေါ့ပါးလွယ်ကူသူများဖြစ်ကြမည်ဟု ရဟန်းတော်တို့ သန္နိဋ္ဌာန်ချလိုက်ကြသည်။

နောက်တစ်ချက်မှာ ငြိမ်သက်သော ဣန္ဒြေရှိသူဖြစ်ရမည်ဟု ဟောတော်မူ၏။

မေတ္တာအလုပ်၊ ကမ္မဋ္ဌာန်းတရားအလုပ်ကို လုပ်သည်ဆိုကတည်းက ရဟန်းတော် သံဃာနှင့် ယောဂီလူကြီးသူကြီးများကို မဆိုထားဘိ၊ ကလေးသူငယ်များကပင် ကိုယ်အမူအရာ နှုတ်အမူအရာ ကာယိန္ဒြေကလေးတွေ ရှိလာတတ်ကြမြဲဖြစ်၏။ သို့ရာတွင် ကိုယ်ဟန်ကလေးတွေ ငြိမ်သက်နေကြသော်လည်း မျက်စိကမူ ရင်ဆိုင်တွေ့ကြုံလာသော ထိုထိုအမြင်အာရုံများပေါ်သို့ မသိမသာသော်လည်းကောင်း၊ သိသိသာသာသော်လည်းကောင်း လှုပ်ရှားကျရောက်နေတတ်ကြသည်။ နားကလည်း ဝင်ရောက်လာသော ထိုထိုအကြားအာရုံများပေါ်သို့ လှုပ်ရှားကျရောက် နေတတ်ကြသည်။

မလျော်သော အမြင်အကြားအာရုံတို့နှင့်ဝေးကွာရာ တရားရိပ်သာစသော ဆိတ်ငြိမ်ရာတို့ကို ချဉ်းကပ်ခဲ့ပါသော် ယင်းအာရုံတို့ကို သိမ်းဖို့ရန် လွယ်ကူသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုနိုင်ပါသေး၏။ ခက်သည်မှာကား စကားပြောလိုမှု၊ တိုးတိုးဖော် အလိုရှိမှုဟူသော နှုတ်ကမ္မြေကို စောင့်ထိန်းနိုင်ရေးပင် ဖြစ်ပေသည်။

လူသည် ရင့်ကျက်မှုရှိသလောက် ကြည့်စရာရှိသည်ကို မကြည့်ဘဲ နေထိုင်နိုင်အောင် ရှောင်တိမ်းနိုင်ပါ၏။ ကြားစရာရှိသည်ကိုလည်း ရှောင်လွှဲ စောင့်ထိန်းနိုင်ပါ၏။ စကားပြောလိုမှုတည်းဟူသော ကမ္မြေကို စောင့်ထိန်းနိုင်ဖို့ကတော့ ခက်နေတတ်သည်။ ဓမ္မသဝန ဓမ္မဒေသနာတရား ဆွေးနွေးခြင်းပါဟု ဆင်ခြေဝင်၏။ တိုးတိုးကလေးပါဟု ဆင်ခြေလဲ၏။ ထို့ကြောင့် တရားအဖော် ဓမ္မမိတ်ဆွေ ဟူသော ဆင်ခြေဆင်လက်ဖြင့် နှစ်ယောက် သုံးယောက်စသည် ကွဲကာ ဘာဝနာစခန်းသို့ တက်လှမ်းတောထွက်မိခဲ့ကြသော ရှေးသူတော်ကောင်းကြီးများပင် ရှိနေခဲ့သည်။ ထို့ကြောင့်လည်း ပဥ္စဝဂ္ဂီ၊ ဆဝဂ္ဂီ၊ သတ္တဝဂ္ဂီ၊ အဋ္ဌနဝ ဝဂ္ဂီ တို့မှ အစ မိမိတို့သည်မှ အစ မိမိတို့သည်ပင်လျှင် ရဟန်းငါးရာစုပေါင်း၍ တရားရှာဖွေနေကြပါတကားဟု ရဟန်းတော်တို့ တွေးလိုက်မိကြသည်။

ဘုရားရှင်သည် တစ်ကိုယ်တည်း တောထွက်တော်မူခဲ့ခြင်းဖြစ်၍ ဖဝါးခြေထပ်လိုက်ပါလိုသော ယယ်ဖော်ကြီး ဆန္နကိုစွန့်ပယ်ခဲ့သည်။ အရှင်ဆန္နသည် နောင်ခါမှ ရဟန်းဘဝသို့ ရောက်လာရခြင်းဖြစ်၏။ အလုပ်အကျွေးအဖြစ် ပြုစုလိုပါသည်ဆိုသော ပဥ္စဝဂ္ဂီတို့ကိုလည်း သည်းခံခွင့်ပြုခဲ့ရသော်လည်း မိဂဒါဝုန်သို့ သူတို့စွန့်ခွာ ထွက်သွားကြသောအခါ ဝမ်းမြောက်ရ၏။ တစ်ကိုယ်တည်းဖြင့်သာ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ခြင်းဖြစ်သည်။

အရှင်မဟာကဿပသည် တောထွက်ရာ၌ နောက်ပါးမှ ဖဝါးခြေထပ်လိုက်ပါလာသော မေတ္တာဖက် မေတ္တာဖော် ဘဒ္ဒကာပိလာနီကို စွန့်ခွာခဲ့သည်။ အရှင်မပဋာစာရီသည် လက်ကောက်နှစ်ဖက်၏ လှုပ်ခတ်မှုကို မြင်ခြင်းဖြင့် အဖော်၏အပြစ်ကို တွေ့ရှိကာ တရားရှင်ဖြစ်လာခဲ့သည်။ ယင်းသို့ဖြင့် အဖော်၏ အပြစ်ကိုမြင်သော တရားရှင်သူတော်ကောင်းတို့သည် သာသနာတော်၌ များပြားလှစွာ၏။

ဓမ္မဒေသနာဘိရတိ မုခေနဘဿာရာ မတာဝဋ္ဋေတိ–ဟု ဟောတော်မူ၏။ အဓိပ္ပာယ်မှာ ပျင်းသည်ကို–ပျင်းသည်းဟု ဝန်မခံ၊ တရားစကားဆွေးနွေးပါသည်ဟူသော မိမိကိုယ်ကို မိမိလှည့်ဖြားချက်ဖြင့် ဆင်ခြေဝင်စကားပြောဖော် ရှာတတ်သည်ဟူ၍ဖြစ်၏။ ထို့ကြောင့် ငါတို့သည် တရားခွင်သို့ရောက်သောအခါ အကြောင်းထူးရှိသည့်အချိန်မှတစ်ပါး တရားရိပ်သာတွင် ကေစာကျင့်သုံးကြမည်ဟု မထေရ်ကြီးက သတိတရားသတ်မှတ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိကျင့်ရမည့် အကျင့်ပဋိပတ်၌ သိနားလည်မှုရှိသူ၊ မိမိအကျင့် မှန်–မမှန် နှိုင်းချိန်နိုင်မှုဟူသော ပညာနှင့် ပြည့်စုံသူဖြစ်ရမည်ဟု နောက်တစ်ချက်ဟောတော်မူ၏။

ရဟန်းတော်များအဖို့ ဘုရားရှင်ကိုယ်တော်တိုင် ပေးတော်မူအပ်သော မိမိတို့စရိုက်နှင့် လိုက်ဖက်ရာ ကမ္မဋ္ဌာန်းတရားနှင့် မေတ္တသုတ် ဒေသနာတော်လည်း ဖြစ်သည်။ မိမိတို့ကိုယ်တိုင်လည်း နှိုင်းချိန်နိုင်သော အသိဉာဏ်ရှိသူများဖြစ်၍ တရားထူး ရဖို့အရေးမှာ အထူးတွေးတောဖွယ်မလို၊ စိတ်ဝမ်းချချဖြင့် ကျင့်သုံးသွားကြဖို့သာ ဖြစ်သည်။

ထိုနောက် ကိုယ် နှုတ် နှလုံး သုံးပါးလုံး မရိုင်းမပြ ယဉ်ကျေးဖွယ်ရာ ရှိသူဖြစ်ရမည်ဟု ဟောတော်မူသည်။

ငါးရာမျှ အရေအတွက်ရှိနေသော မိမိတို့သည်၊ မိမိတို့အချင်းချင်းသော်လည်းကောင်း၊ ဆွမ်းခံရွာမှ ဒါယကာ–ဒါယိကာမများနှင့်သော်လည်းကောင်း အကြောင်းအားလျော်စွာ ဆက်ဆံနေထိုင်ကြရမည့်သူများဖြစ်၏။ လူများလျှင် အများ ပါလာတတ်သောသဘာဝအရ အစစအရာရာတွင် အမြင်မတော် အကြားမတော် မလျော်သော ကိုယ်နှုတ်အမူအရာများကို သေးငယ်သော အမှုကိစ္စမှအစ မရိုင်းမပြ ယဉ်ကျေးသူများ ဖြစ်သွားကြဖို့လိုသည်။ အထူးသဖြင့် လူမမြင်သောစိတ်ထား၊ မိမိကိုယ်မိမိ ကိုယ်သာလျှင်သိသောသဘောထား သတိယွင်းချွတ် လွှတ်ပေးလိုက်လျှင် ပုထုဇဉ်သဘာဝ ကာမဝိတက် စသည်တို့သို့သာ ပြေးဝင်သွားတတ်သော စိတ်အနေအထားများကို သတိပြုစောင့်ရှောက်ထိန်းသိမ်းသွားကြရမည်ဟု ခံယူလိုက်ကြသည်။

နောက်ဆုံးဟောတော်မူချက်ကား နိဗ္ဗာန်သို့ ကိုယ်လွတ်ရုန်းသော တရားသမား အားလုံးနှင့်သက်ဆိုင်၍ မိမိတို့ရဟန်းများအဖို့မူ စစ်တစ်ဝက်ကို အောင်နိုင်ပြီးသော တိုက်ပွဲကဲ့သို့ဖြစ်၍ ဝမ်းမြောက်ကြသည်။ အကြောင်းမူကား မိဘ, သားမယား, ဆွေမျိုး မိတ်သင်္ဂဟ ဒါယကာ–ဒါယိကာမစသော ပတ်ဝန်းကျင် သံယောဇဉ်ကြိုးအားလုံးကို ဖြတ်တောက်နိုင်သူ၊ မတွယ်တာသူဖြစ်ရမည်ဟူသော ဟောတော်မူချက်ပင်ဖြစ်၏။

အချုပ်အားဖြင့်ဆိုသော် ပညာရှိ သူတော်ကောင်းတို့ နား–မျက်စိတွင် အလိုမရှိ အပ်ကုန်သော ကိုယ် နှုတ် နှလုံးဆိုင်ရာ အကြွင်အကြွင် မကောင်းမှုတို့သည် အကြီး အားဖြင့်သော်လည်းကောင်း၊ အငယ်အားဖြင့်သော်လည်းကောင်းရှိကုန်၏။ ထိုထိုမကောင်းမှု မှန်သမျှကို ကြီး–ငယ်–လတ် သတိဖြင့်စောင့်ကြပ်၍ ထိန်းသိမ်းအပ်ပေရာ၏ဟု ဟောတော်မူသည်။

ဤသည်–ဤသည်တို့ကား ဘုရားရှင်က မေတ္တာတရားပွားများမည့်သူ၊ ကမ္မဋ္ဌာန်းအာရုံ ထုံကြမည့်သူတို့အတွက် ရှေးဦးစွာ ထားရှိပြည့်စုံရမည့် တရားတော်များ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ညွှန်ကြားတော်မူပြီးနောက်၊ သုခိနောဝ ခေမိနောဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ–သတ္တဝါမှန်သမျှ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ဘေးရန်ကင်းဝေး အေးချမ်းသာယာကြပါစေ–စသော နှစ်ဂါထာခွဲရှိ ငါးရာနှစ်ဆယ် ရှစ်သွယ်သော မေတ္တာပို့နည်း ပွားများနည်းကို ဟောတော်မူသည်။

ယင်းသို့ မေတ္တာပို့ခိုက်–ပွားခိုက်တွင် စူးစိုက်၍ နှုတ်ရော စိတ်ပါ ရွတ်ဆိုပွားများပြီးနောက် မေတ္တာတရား ပွားများသူတို့အတွက် အချိန်မရွေးအစဉ်ထားရှိရမည့် သဘောထားနှင့် အပြုအမူ အချက်အလက်တို့ကိုလည်း မေတ္တသုတ်တွင်ပင် ဆက်လက်၍ ဟောကြားတော်မူသည်။

တစ်ယောက်သောသူသည် တစ်ယောက်သောသူ အပေါ်၌ စဉ်းလဲသမှု ကောက်ကျစ်လှည့်ပတ်မှု မပြုမိပါစေနှင့်။ မထီမဲ့မြင် မပြုမိပါစေနှင့်။ ကိုယ်နှုတ်တို့ဖြင့် ထိပါးစော်ကားသမှု မပြုမိပါစေနှင့်။ သူတစ်ပါး ကိုယ်စိတ်ဆင်းရဲမည့် အရာမှန်သမျှကို မလုပ်ပါနှင့်။

မေတ္တာပို့ခိုက် မေတ္တာပင် ပို့သနေသော်လည်း အခြားအချိန်များတွင် အချင်းချင်း ဆက်ဆံတွေ့ထိရသော အကြောင်းချင်းရာအလိုက် အဆင်မပြေသော သူတစ်ပါးအပေါ် ကောက်ကျစ်စဉ်းလဲမှုများ ပြုမူတတ်သည်။ ကုန်းတိုက်သည်။ ခြေထိုးတတ်သည်။ ကိုယ်အမူအရာနှင့် အသံသာသော်လည်း ကောက်ကျစ်သဘောဖြင့် ပြောဆိုပြုလုပ်တတ်သည်။ အမြင်ကောင်းစေသော်လည်း အတွင်းသဘောအားဖြင့် လှည့်ပတ်တတ်သည်။ ရယ်ဖွယ်ကို ဆောင်သော်လည်း သဘောပုပ်နေတတ်သည်။ ကောင်းသယောင်ဟန်ဖိုး၍ မကောင်းသမှု ပြုလုပ်တတ်သည်။ ဤသည်–ဤသည်တို့ကို မပြုမိပါစေနှင့်။

အချင်းချင်းဆက်ဆံရာ၌ အဆိုးရွားဆုံး ဖြစ်လာတတ်သည်ကား မထီမဲ့ပြုမှုခြင်းပင် ဖြစ်ပေသည်။

လူဟူသည် ပုထုဇဉ်အဖြစ်မှ မကင်းသေးသရွေ့ သူ့မာန၊ ကိုယ့်မာန၊ အတ္တ စိတ်ထား ရှိကြသည်သာဖြစ်၏။ အာဏာရှင်၊ ပစ္စည်းရှင်၊ ပညာရှင်၊ ဂုဏ်ထူးရှင် စသော မာနစိတ်ထားရှိသင့်၍ ရှိနေသူများကို ထားဦး၍ လူ့အောက်တန်းစား လူနင်းပြား တို့၌ပင် ကိုယ့်မာနနှင့် ကိုယ်ရှိကြသည်သာဖြစ်၏။

ယင်းမာနအတွင်းသား အတ္တကို မထီလေးစားအပြုခံလာရတယ်။ အပြုခံရသူ ဂုဏ်ရှိလျှင် ရှိသလောက် စစ်ပွဲများအထိ ရန်ပွားလာရသည်။ ဤနည်းဖြင့် တစ်ဦးတစ်စုမျှ မက နိုင်ငံနှင့်ချီ၍ လာသောအခါ မငြိမ်းချမ်းသော ကမ္ဘာအထိဖြစ်၍လာရသည်။ ''ကျွန်မသား''ဟူသော မထီမဲ့စကားတစ်လုံးမျှဖြင့် ဘုရားရှင်၏ သာကီဝင်တစ်မျိုးလုံး

www.burmeseclassic.com

www.burmeseclassic.com



ဝိဋူဍဘ၏ ဓားအောက်တွင် ပျောက်ကွယ်ခဲ့ရသည်။ အောက်လူကို မထီမဲ့မြင်ပြုသောအခါ အခွင့်မသာခိုက်တွင် မလှုပ်သာ၍ အောင့်အည်းခဲ့ရသော်လည်း အခွင့်သာလျှင် မနိုဟီးမဆုံး ဖြစ်လာတတ်သည်။ ထို့ကြောင့် မေတ္တာသမားသည် သူတစ်ပါးကို မထီပါ။ မထီမဲ့မြင် မပြုပါစေနှင့်။ ဒေါသစိတ်ထား မပွားများပါစေနှင့်။

ဘုရားရှင်၏ မဟာကရုဏာတော်မှလွဲလျှင် ဤလောက၌ မိခင်မေတ္တာဟူသည် အကြီးမားဆုံးဖြစ်၏။ မိခင်မေတ္တာဟူရာတွင်လည်း တစ်ယောက်တည်းသော သားရှိသော မိခင်၏မေတ္တာသည် သာလွန်၍ ကြီးမားစူးရှ၏။ "အသက်နှင့်ထပ်တူ"ဟူသော စကားကို လွဲမှားသောနေရာ၌ လှည့်ပတ်စဉ်းလဲသုံးစွဲတတ်ကြ၏။ အမှန်မှာ အသက်နှင့်ထပ်တူ ဟူသောစကားမှာ တစ်ဦးတည်းသောသား၏ မိခင်မေတ္တာပင်ဖြစ်ပေ၏။ မေတ္တာ ဘာဝနာ သမားသည် သတ္တဝါများအပေါ်၌ တစ်ဦးတည်းသောသား၏ မိခင်ကဲ့သို့ မိမိအသက်နှင့် ထပ်တူ(မာယုသာ) မေတ္တာထားပါ။ ကြိုးစားထားပါ။ ထားနိုင်သလောက်ထားပါ။

ဤသည်-ဤသည်တို့ကား မေတ္တာဘာဝနာ သမားတို့အတွက် မေတ္တာပို့ခြင်းနှင့် အတူ မေတ္တာပို့မှု၏ ဝန်းကျင်အချိန်များတွင် ပွားများထားရှိရမည့် ဘုရားရှင် ဟောကြားတော် မူချက်များဖြစ်၏။

ရဟန်းတော်များသည် ဘုရားရှင်ရှေ့တော်မှောက်မှ ထလာကြပြီးနောက် ဇေတဝန်တွင် တစ်ညကျိန်းစက်ကြသည်။ မေတ္တာသုတ်ကို စုပေါင်းရွတ်ဆိုကြသည်။ မေတ္တာပွားများကြသည်။ စုပေါင်းရွတ်ဆိုခြင်းဖြင့် အလွတ်မရသေးသော ကိုယ်တော်များ နှုတ်တက်ရကာ အလွတ်ရလာကြသည်။

နောက်တစ်နေ့နံနက်တွင် ဇေတဝန်နှင့် သာဝတ္ထိမှထွက်ခွာ၍ ဟိမဝန္တာတောင်ခြေ တောအုပ်အနီးရှိ မူလနေရာရွာသို့ ရောက်ရှိလာကြသည်။ ဒါယကာ-ဒါယိကာမများက ဝမ်းမြောက်ဝမ်းသာ ဆီးကြိုကြ၏။ ရဟန်းတော်များ၏ ရွှင်လန်းကြည်သာ အေးရိပ် ဖြာသော မျက်နှာများကို မြင်တွေ့ကြရ၍လည်း ဝမ်းသာကြ၏။ အကြောင်းမူကား ရဟန်းတော်တို့သည် ဘုရားရှင်အထံတော်မှ မေတ္တာသုတ်ဒေသနာကို ကြားနာခဲ့သည့် အချိန်မှစ၍ ရွာသို့ရောက်ချိန်အထိ မပြတ်ရှုပွားခဲ့ကြသည့်အလျောက် မေတ္တာရည် မေတ္တာစိတ် ပြည့်သိပ်လာကြသောကြောင့်ဖြစ်သည်။

တောအုပ်ရှိ ကျောင်းသင်္ခမ်းများဆီသို့ ကြွရောက်ကြသောအခါတွင်မူ နှောင့်ယှက်ခဲ့ဖူးသမျှသော သရဲပြိတ္တာ နာနာဘာဝမျိုးစုံတို့သို့ မေတ္တာသုတ်ကို ရွတ်ဖတ်ရင်း ရည်စူးအပ်သော မေတ္တာစေတနာကို စေလွှတ်၍ တောအုပ်သို့ ဝင်ရောက်ကြသည်။ ထိုအခါ တောအုပ်အဝင်ဝမှနေ၍ လေးစားကြည်ညိုသော မျက်နှာကိုယ်စီဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြိုလျက်နေကြသော ယခင်က မမြင်မတွေ့ခဲ့ဖူးသည့် ဒါယကာ ဒါယိကာမများကို တွေ့လာကြရသည်။

အချို့က ရဟန်းတော်တို့၏ သပိတ်သက်န်းစသော ပရိက္ခရာများကို လှမ်းယူကြသည်။ အချို့က ပန်းမျိုးစုံတို့ကိုင်ဆောင်ကာ မေတ္တာပန်းဖြင့် လှမ်းကြိုသည့်ပမာ ပူဇော်ကြ၏။ လမ်းဘေးတစ်ဖက်တစ်ချက်မှ အချို့က ထိုင်၍ရှိခိုးပြီး အချို့က မတ်တပ်ရပ် ဦးနှိမ်ကြသည်။ လေးစားစွာကြိုဆိုသည့်ပမာ အလှူမင်္ဂလာတို့သို့ သွားရောက်ကြသည့် သစ်လွင်သောအဝတ်အဆင်မျိုးစုံကို ဝတ်ဆင်ထားကြသည်။ ရင့်ကျက် တည်ငြိမ်သော မျက်နှာဖြင့်ကြိုဆိုရင်း ဝတ်ဖြူစင်ကြယ်တို့ကိုဝတ်ဆင်၍ ရှေ့ပိုင်းမှ ဦးဆောင်ကြိုဆိုကြသော လူကြီးအချို့ကိုလည်း တွေ့မြင်ရသည်။

ရှေးကမမြင်ခဲ့ဖူးသော ဤဒါယကာများကို တွေ့ရချိန်ကပင် ကေန္တ ပရလောကသား၊ မိမိတို့ကို ယခင်က နှောင့်ယှက်ခဲ့သူများ ဖြစ်ပေမည်ဟု ရဟန်းတော်တို့ အကဲခတ်မိပြီးဖြစ်သည်၊ ဝတ်ဖြူစင်ကြယ်နှင့် ရှေ့ဆောင်လူကြီးများမှာ အများအားဖြင့် သူတော်ကောင်းစိတ်ဓာတ် ကိန်းဝပ်ကြသူဟု နားလည်ထားခဲ့ကြသော ရုက္ခစိုးနတ်များ ဖြစ်မည်ဟုလည်း အကဲဖြတ်မိကြသည်။

''အရှင်မြတ်တို့ အလိုရှိသလောက် ဤတောအုပ်တွင် သီတင်းသုံးတော်မူကြပါဘုရား။ ယနေ့အချိန်မှစ၍ အရှင်မြတ်တို့တွင် မည်သည့်အနှောင့်အယှက်မျှမရှိစေရပါဘုရား''ဟု ရှေ့ဆောင်ဒါယကာ တစ်ဦးက လျှောက်ထားသည်။ ရဟန်းတော်များက သာဓုသုံးကြိမ်ခေါ်၍ ကောင်းချီးပေးကြသည်။ ထိုညဉ့်ပင်လျှင် ပစ္စိမဝါကပ်ဆိုကြသည်။

မှန်၏။ ဤအချိန်မှစ၍ တောတောင်၏ သဘာဝကျေးငှက်သာရကာတို့၏ သာယာသောအသံ၊ တောပန်း တောင်ပန်းတို့၏ မွှေးကြိုင်သော ရနံ့မှတစ်ပါး မည်သည့် အသံဆိုး၊ အနံ့ဆိုး၊ အတွေ့အမြင်ဆိုးဟူ၍ မရှိပါလေတော့။ ဤမျှမက နံနက်လင်းသည်ဆိုလျှင် ကျောင်းသင်္ခမ်းများအားလုံးနှင့် လမ်းကလေးများကို တံမြက်လှည်းကျင်း၍ထားသည်ကို တွေ့မြင်ရရုံမက သစ်သီးမျိုးစုံတို့ကိုလည်း ဆက်ကပ်လာကြသည်။

ရဟန်းတော်တို့အဖို့ ရှင်လန်းဝမ်းမြောက်စွာဖြင့် ထက်ထက်သန်သန် တရားအားထုတ်နိုင်ကြပြီး မေတ္တာပို့ရင်းဖြင့် ဤပရလောကသားများကိုလည်း တစိမ့်စိမ့် ကျေးဇူးတင်လျက်ရှိသည်။ အကြောင်းမူသော်ကား သူတို့ကြောင့်ပင်လျှင် ဘုရားရှင် အထံတော်မှ မေတ္တသုတ်တော်ကို နာကြားကျင့်ဆောင် ကြရခြင်းကြောင့် ဖြစ်ပေသည်။ အကျိုးကား ထိုဝါတွင်းသုံးလအတွင်ပင်လျှင် တစ်ပါးမကျန် ကိုယ်စီကိုယ်ငှ တရားထူး ရလာခြင်းပင်ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်၏ မဟာကရုဏာတော်နှင့် အတူမေတ္တာဟူသော တရားတော်တို့ကို ထိုထိုဒေသနာတော်တို့တွင် ကြိုးကြိုးကြားကြား ကြားနာခဲ့ရဖူးသည်မှန်ပါ၏။ သို့ရာတွင် ဤရဟန်းတော်တို့၏ ဖြစ်ရပ်ကြောင့် မေတ္တသုတ်တည်းဟူသော မေတ္တာဒေသနာတော်ကို တစ်သီးတစ်ခြား ကြားနာကျင့်သုံးကြရပေရာ၊ မေတ္တာ–မေတ္တာဟူသော အသံသည် ဤသာသနာတော်၌ ယနေ့တိုင်အောင်ပင် ဟိန်းမြည်၍ နေသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဝေဠုဒွာရ၏အလွမ်း

## ဝေဠုဒွာရဟူသည်

ဝေဠုဒွာရဟူသောအမည်သည် သာဝတ္ထိ ရာဇဂြိုဟ် ထိုထိုမြို့အမည်တို့ ထင်ရှား သကဲ့သို့ပင် ထင်ရှား၏။ အထူးသဖြင့် သာသနာ့ဝန်ထမ်း ရဟန်းတော်တို့လောကတွင် ပို၍ ထင်ရှားသည်။ အကြောင်းမူကား–ဗုဒ္ဓသာသနာ ဝါတော်နှစ်ဆယ်တိုင်အောင် ရဟန်းတော်တို့အတွက် ဝိနည်းဒေသနာဟူ၍မရှိခဲ့ရာက အရှင်သာရိပုတ္တရာက ဝိနည်း ဒေသနာတော်များ ပညတ်တော်မူချိန်တန်ပါပြီဘုရားဟု စတင်လျှောက်ထားရာတွင် အကျဉ်းအားဖြင့် နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော် ဝိနည်းခေါ် အာဏာဒေသနာတော်များ ပေါ်ပေါက်လာရာဒေသ၊ တစ်နည်းဆိုသော် ဝိနည်းအစ ဝေဠုဒွာရကဟု ထင်ရှားရာမြို့ဖြစ်သောကြောင့်ပေတည်း။

ပထမသော် ရဟန်းတို့အဖို့ ဝိနည်းဒေသနာတော်ဟူ၍ စားချင် ဝတ်ချင် နေချင်စသော "ချင်" နှင့်စပ်သမျှ လောဘဟုဆိုအပ်သော အရာရာကို သည်းခံမှု ဟူးဟူးရားရား ကြီးကြီးမားမား ရှူးရှူးရှားရှားဖြစ်ပေါ်လာသည့် ဒေါသဟုဆိုအပ်သော "အမျက်"ကြီးများကိုထားဦး၍ သာမန်အမျက်ကလေးများကိုပင်လျှင် သတိဖြင့်သာ ဆို့ပိတ် စောင့်စည်းအပ်သော သည်းခံမှု၊ လက္ခယ်သန်းခေါင် မိုးမှောင်တောအုပ်လျှင်

www.burmeseclassic.com



ဥပမာထားအပ်သော ''အမှောင်''ကို ပယ်ခွင်း၍ ကင်းနိုင်သမျှကင်းအောင် ကြိုးပမ်း သည်းခံမှုတည်းဟူသော သည်းခံမှုတစ်ပါးတည်းသာ ရှိခဲ့သည်။

''သည်းခံလျှင် နိဗ္ဗာန်ရောက်''ဟူသော စကားမှာ ဤဒေသနာတော်အချက်မှ စတင်ပေါ်ပေါက်လာသည်ဟုပင် ဆိုနိုင်ပေသည်။

သာသနာမှစ်ဦးမှ ပေါ်ထွန်းလာခဲ့သော ရဟန်းတော်များကလည်း ရဟန်း ဖြစ်လာသည်ဆိုသည်နှင့်ပင် အရိယာများချည်းလိုလို ဖြစ်ခဲ့ပေသည်။ နောင်အခါ၌ ရဟန်းဆိုး ရဟန်းမိုက်ကြီးဖြစ်လာခဲ့သော ရှင်ဒေဝဒတ်လို ရဟန်းသည်ပင်လျှင်၊ လောကီအဘိညာဉ်ပိုင်ရှင်ဖြစ်ခဲ့ဖူးသည် မဟုတ်ပါလော။ ထို့ကြောင့် သာသနာတော် အစပိုင်း၌ ထိုထိုဝိနည်းသိက္ခာပုဒ်တော်တို့ မလိုအပ်ပါသေး၊ မလိုအပ်သေး၍ပင် ဘုရားရှင်က အာဏာဒေသနာတော်ကို မချမှတ်ခဲ့သေး။

သို့သော် ဝါတော်နှစ်ဆယ်၊ တစ်နည်းဆိုသော် သာသနာတော်နှစ်ပေါင်း နှစ်ဆယ်သို့ ရောက်လာသောအခါတွင်မူ၊ ရဟန်းတော်တို့ အရေအတွက်များပြားကာ၊ သောကောရောကောဖြစ်လာရာ၌ ဆန္ဒစောမိသော အရှင်သာရိပုတ္တရာ အရှင်မြတ်က ရဟန်းတော် အချို့သည် လူတို့တံထွာပမာမခြား မကွဲမပြား ဖြစ်လာကြသည်ကိုသိမြင်၍ အာဏာဒေသနာတော်ထားရန် သင့်လျော်ပါပြီဘုရားဟု လျှောက်ထားမိ၏။ ဘုရားရှင်က ငါဘုရားသည် ဝိနည်းဒေသနာ ပညတ်ရမည့်အချိန်ကို သိပါ၏။ လိုအပ်သည့် အချိန်တွင် ပညတ်မည်ဟု ပြန်လည် မိန့်ကြားရာက သိက္ခာပုဒ်တော်များ ထွန်းပေါ်၍လာခဲ့ပေသည်။

မှန်၏။ ဝိနည်းမပညတ်မီက ရဟန်းများအဖို့ လူတို့နှင့်မခြား၊ မကွဲမပြား ဖြစ်နေပုံများ မြောက်မြားစွာရှိလာခဲ့သည်။ နမူနာအားဖြင့်ဆိုသော် ဝိနည်း မပညတ်မီ အချိန်က ရဟန်းများသည် လူတို့ကဲ့သို့ပင် ညစာစားနိုင်သည်။ ညစာမျှသာမက စားချင်သည့်အချိန်တွင် စားချင်သလိုစားနိုင်သည်။ စားနိုင်သည်ဆိုသော်လည်း ရဟန်းဟူသည် လူကဲ့သို့ ဆန်အိုး ဆီအိုးတွေရှိနေသည်မဟုတ် သပိတ်သာလျှင် အားထားရာရှိသောကြောင့် ညဘက်တွင် ဆွမ်းခံထွက်ကြရသည်၊ ထိုအခါ ဒုက္ခတွေ ပိုလာသည်။

ဘုန်းကံနည်းပါးသော ရဟန်းသည် သစ်ပင်ကို ကိုယ့်ဟာကိုယ်ခုတ်၍ ကျောင်းဆောက်နိုင်၏။ သစ်ခုတ်ရန်ပျင်းသော ရဟန်းတစ်ပါးကမူ၊ ဘုရင့်သစ်များကို အချောင်ဆွဲယူမိသောကြောင့် အပြစ်ကြီးသင့်ရသည်။ အပြစ်ကြီးသင့်ဆိုသည်မှာ– သောတာပန်ဘုရင်ကမူ ရဟန်းကိုငဲ့၍ ခွင့်လွှတ်သော်လည်း ရဟန်းဘဝဆုံးရှုံးရသည်။

ရဟန်းဘဝကို အသက်စည်းစိမ်နှင့်ပင် လဲ၍ မြတ်နိုးရှာသော ရဟန်းတစ်ပါးအဖို့မူ မိန်းမနှင့်အတူ မအိပ်ရဟူသော သိက္ခာပုဒ်မရှိမီတွင် အပြစ်ကြီး မဖြစ်နိုင်ဟုထင်မိ၍

www.burmeseclassic.com



အိပ်မိရာက ရဟန်းဘဝဆုံးရှုံးရရှာသည်။ ယင်းသို့လျှင် ထိုထိုသိက္ခာပုဒ်တော်များ ဖြစ်ပွားပညတ်ရာ ကျောင်းရပ်မျိုးစုံကို မဟာဂန္ဓာရုံဆရာတော်၏ ဘုရားဥပဒေတော်ကြီးစသော ထိုထိုကျမ်းများတွင် ဖတ်ရှုနိုင်ကြသည်။

ယင်းသို့ ဝိနည်းကိစ္စ နိဒါန်းသွယ်ရာဒေသသည် ဝေရဉ္ဇာဖြစ်၏။

## မဓုံမ

မဓုံမတွင် ကောသလတိုင်း သာဝတ္ထိမြို့၊ မာဂဓတိုင်း ရာဇဂြိုဟ်တို့ နာမည်ကြီးသကဲ့သို့ ငယ်မည် ဥဒယခေါ် ဝေရဉ္ဇာဗြာဟ္မဏကြီး၏ ဝေရဉ္ဇာမြို့သည်လည်း နာမည်ကြီးလှ၏။ သာဝတ္ထိ၊ ရာဇဂြိုဟ်တို့လို အင်အားကြီးမားသောကြောင့် နာမည်ကြီးခြင်းကားမဟုတ်၊ အကောက်မဲ့အခွန်လွတ်မြို့ဖြစ်သောကြောင့် နာမည်ကြီးခြင်းဖြစ်သည်။ အထူးသဖြင့် ထိုခေတ်ထိုအခါက ပြည့်ဝမ်းဗိုက်ဟု နီတိဆရာတို့က သတ်မှတ်အပ်သော ကုန်သည်တို့လောကတွင်ပို၍ နာမည်ကြီးသည်။ "ဝေရဉ္ဇာ"ဟူသော အမည်ကပင် "အကောက်ခွန်မဲ့မြို့"ဟူ၍ အဓိပ္ပာယ်ရ၏။

မြို့ကြီးတိုင်း၌ ကုန်းလမ်း, ရေလမ်း, နယ်ခြား, ပယ်ခြား အဝင်တံခါးဝများတွင် အကောက်ခွန်ဌာနများရှိကြ၏။ ယင်းဌာနများမှနေ၍ ကုန်သည်တို့၏ ဝင်လာသမျှသော ကုန်ပစ္စည်းများအပေါ်တွင် အခွန်ကောက်သည်။ သာမန်အားဖြင့်ဆိုလျှင် ဆယ်ခိုင့်တစ်ခိုင်ကောက်ယူ၏။ သို့သော် သာမန်ထက် ထူးကဲသောအကြောင်းရပ် ရှိလာလျှင်မူ အကောက်ခွန်ကိစ္စမှာ ရှုပ်ထွေးလာတတ်သည်။

ဥပမာအားဖြင့် မိမိနိုင်ငံတွင် ရှားပါး၍ လူကြိုက်များသော ပစ္စည်းဖြစ်ခဲ့သော် အကောက်ခွန်နှုန်းသည် ဆယ်ခိုင့်တစ်ခိုင်မျှမကတော့ဘဲ၊ ရာနှုန်းပြည့်သို့မဟုတ် ရာနှုန်းပြည့်ထက် အလွန်ပင်ကောက်ယူသည်။ မိမိတို့နိုင်ငံနှင့် မတည့်သော နိုင်ငံများမှ ရောက်လာသော ပစ္စည်းများအပေါ်တွင်လည်း အကောက်ခွန်အရာရှိ၏ သဘောထားအတိုင်း ကြီးမြင့်လာတတ်သည်။

ဤကိစ္စတွင် ရာဇဂြိုဟ်သည် နာမည်ကြီးဖြစ်၏။ ဂင်္ဂါမြစ်တစ်ဘက်ကမ်းစီတွင်ရှိ၍ အိမ်နီးချင်းနိုင်ငံဖြစ်သော်လည်း အစဉ်လိုလို မသင့်မြတ်ကြသော ရာဇဂြိုဟ်နှင့် ဝေသာလီတို့၏ အကောက်ရုံးများသည် ဤကိစ္စအတွက် မကြာခဏ ပြဿနာတက်တတ်ကြသည်။

ဘုန်းပြိုင်၊ ဂုဏ်ပြိုင် ရာဇဂြိုဟ်နှင့် သာဝတ္ထိတို့သည်လည်း ရှေးအခါကမူ နိုင်ငံအချင်းချင်း တည့်သည်ဟူ၍မရှိလှဘဲ တကျက်ကျက်တိုက်ခိုက်နေခဲ့ရာမှ အကောက်ခွန်

www.burmeseclassic.com



ပြဿနာ ကြီးမားလှသည်။ ဘုရင်နှစ်ပါးလုံးပင် ဘုရားရှင်၏ ဒါယကာများ ဖြစ်လာသော အခါတွင်မှ မေတ္တာလမ်းခင်းသော ဘုရားရှင်၏ အဆုံးအမတော်ကြောင့် နောက်ပိုင်းတွင် ပြေလည်လာသည်။ သာဝတ္ထိမှ အနာထပိဏ်၊ ရာဇဂြိုဟ်မှ ဝိမလ-စသော ကုန်သည်ကြီးတို့ ပွင့်လန်းလာကြရသည်။

သာသနာပြု ဒေသစာရီထွက်ကြရမည်ဟူသော ဘုရားရှင်၏ အဆုံးအမအရ၊ ဒေသစာရီထွက်ချီကြသော ရဟန်းတော်များအဖို့လည်း နယ်ခြား အကောက်ရုံးများကို ဖြတ်ကျော်ရပေရာ၊ ရှေးအခါကမူ၊ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်မျှဖြင့် ကြွချီခြင်း၊ ဈာန်အဘိညာဉ်ဖြင့် ကြွချီခြင်းတို့ဖြင့် ပြဿနာတစ်စုံတစ်ရာ မရှိသော်လည်း နောက်ပိုင်းတွင် ရဟန်းတော်တို့များပြား၍ သောကောရောကောဖြစ်လာသောအခါ ကုန်သည်တို့ပမာ ပစ္စည်းဥစ္စာတို့ဖြင့် ဖြတ်ကျော်ခြင်း၊ ရဟန်းဆိုလျှင် အကောက်ခွန်လွတ်လိမ့်မည်လားဟု ကုန်သည် ဒါယကာတို့၏ စေတမန်အဖြစ် ပစ္စည်းများနှင့်အတူ ဖြတ်ကျော်ခြင်းစသော အမှုကိစ္စတို့ ဖြစ်ပေါ်လာရာတွင် ပြဿနာမျိုးစုံတက်ရသောကြောင့် နယ်ခြားဖြတ်ကျော်မှု သို့မဟုတ် ကုန်းကင်းရေကင်းများကို ဖြတ်ကျော်မှုနှင့် စပ်သော ဝိနည်းသိက္ခာပုဒ်တော်များ ပေါ်ပေါက်၍လာသည်။

ယင်းသို့လျှင် အကောက်ခွန်နှင့် စပ်သော ပြဿနာမျိုးစုံတို့ရှိခဲ့ရာမှ ဝေရဉ္ဇာကား ယင်းပြဿနာမျိုးစုံကို ကင်းဆိတ်စေသော မြို့ဖြစ်သည်။ ဤသည်ကိုထောက်၍ ငယ်မည် ဥဒယခေါ် ဝေရဉ္ဇာဗြာဟ္မဏကြီးဟူသည် လောဘနည်း၍ သဘောထား ပြေပြစ်သူ ဖြစ်ကြောင်း ကောက်ချက်ချနိုင်သည်။

နဌေရ နောက်တစ်ကြောင်းမှာလည်း ဝေရဉ္ဇာမြို့သည် ဆက်ဆံမှုကောင်း၍ ပျော်မွေ့ဖွယ်ရာအခင်းအကျင်းတို့နှင့် ပြည့်စုံသော မြို့အဖြစ်ကျော်ကြားသည်။ လှပ ဆိတ်ငြိမ်သော နတ်ကွန်းနတ်နန်းတို့များစွာရှိသည်။ ရေလမ်း ကုန်းလမ်းသာယာသည်။ လမ်းကြီးလမ်းငယ်တို့ ဖြောင့်ဖြူးသည်။ ကုန်သည်တို့ ကူးလူးပျော်မွေ့ရာမြို့ဖြစ်၍ စည်ပင်ဝပြောသော မြို့ဖြစ်သည့်အတိုင်း လူမျိုးစုံသည်။ အထူးသဖြင့် ဝေရဉ္ဇာ၏ အလှအပကို ကျော်ကြားစေသောအရာမှာ တမာပင် ထန်းပင်များဖြစ်ပေသည်။

တမာတို့သည် ဝေရဉ္ဇာတွင် ပေါများလှ၏။ ပေါများသော တမာပင်များကို ပစ္စလက္ခတ်မထားဘဲ ဝေရဉ္ဇာသားတို့က စနစ်တကျ စိုက်ပျိုးမွေးမြူကြသည်။ ဖြောင့်ဖြူးသော လမ်းမကြီးများ၏ နံဘေးတစ်ဘက်တစ်ချက်တွင် အုပ်ဆိုင်းညီညာသော တမာတန်းကြီးများကို ရှုမဆုံးတွေ့မြင်ကြရသည်။ အိမ်တိုင်းလိုလိုတွင် တမာပင်ရှိ၍ အိမ်ကြီးများစွာတွင် တမာပင်များကို ဝိုင်းခတ်စိုက်ပျိုးကာ ဂရုတစိုက် ပြုပြင်ထားကြ၏။ သို့ဖြင့် ဝေရဉ္ဇာကို တမာမြို့တော်ဟုပင် ခေါ်ဆိုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



တမာသည် ပင်လတ်မျိုးဖြစ်၍ ပန်းမျိုးအဖြစ် ဝေါဟာရ မတပ်သော်လည်း ပင်လတ်အရွယ်တွင် ပြုပြင်ခဲ့ပါသော် ပန်းပင်ကြီးတစ်ပင်ကဲ့သို့ ဝိုင်းဝိုက်လှပ၏။ အရွက်စိပ်၍ ထီးဝန်းကဲ့သို့ အုပ်ဆိုင်းကာ အေးမြသော အရိပ်ကိုပေး၏။ တမာနံ့သည်၊ ဇလပ်၊ ခတ္တာ၊ နှင်းဆီ၊ စံပယ်တို့ကဲ့သို့ မမွှေးသော်လည်း သူ၏ အနံ့မှာ နှစ်လိုဖွယ်ရာ တသင်းသင်းကြောင့် ဆေးနံ့ဟူ၍ပင် သတ်မှတ်သည်။ မှန်၏။ တမာသည် ဆေးပင်ဖြစ်၍ ကျန်းမာရေးအတွက် နေရာများစွာတွင် အသုံးဝင်သည်။ နံနက်ခင်းညနေခင်းများ၌ ဖြောင့်ဖြူးသောလမ်းတွင် တမာပင် တမာအုပ်တို့အောက်၌ လမ်းလျှောက်ရခြင်း ဆွေးနွေးရခြင်းတို့မှာ ကြီးမားသော ရသတစ်မျိုးပင်ဖြစ်သည်။

ဝေဠုဗ္ဗာတွင် ယင်းသို့ တမာတို့စည်ပင်ရာ၌ ပေါ်များသောကြောင့်သာ မဟုတ်၊ စည်ပင်ဖို့ရန် အကြောင်းတစ်ရပ်ရှိသည်။ ယင်းသည်ကားတမာပင်သည် ပင်လတ်မျိုးဟု ဆိုသော်လည်း ညောင်ပင်အလားကြီးမားသော တမာပင်ကြီးများသည်လည်း တချို့တလေရှိခဲ့ပေရာ ဝေဠုဗ္ဗာမြို့အစွန် တမာလမ်းမကြီးထိပ်ရှိ နတ်ကွန်းများရှိရာ တမာအုပ်ကြီးအတွင်း၌ ညောင်ပင်ထီးဝန်းအလား ကြီးမားလှစွာသော တမာပင်ကြီးတစ်ပင်ရှိနေ၏။ ယင်းတမာပင်ကြီးသည် နဠေရာမည်သော နတ်မင်းကြီး၏ အုပ်စိုးနေထိုင်ရာအပင်ဖြစ်၍ တမာမြို့တော်သားဖြစ်သော ဝေဠုဗ္ဗာသားတို့က နဠေရာနတ်မင်းကြီးအတွက် နတ်ကွန်းကြီးတစ်ဆောင် ထီးထီးမားမားပြုလုပ်ကိုးကွယ်ထားကြသည်။

ဘုရားရှင်သည် ဒွါဒသမ–ဆယ့်နှစ်ဝါမြောက် ဝါတော်ကပ်လုဆဲဆဲ အချိန်၌ နောက်ပါ သံဃာတော်ငါးရာနှင့်အတူ ယင်းဝေဠုဗ္ဗာမြို့၊ ယင်းနဠေရုတမာပင်ကြီးလျှင် အခြေခံရှိသော နတ်ကွန်းများတည်ရှိရာ တမာအုပ်၌ သာသနာတော်ပြုစုရန်အတွက် ကြွရောက်သီတင်းသုံးတော်မူပါသတည်း။

## ဒေသစာရီ

ဘုရားရှင် ဒေသစာရီကြွချီတော်မူသည်ဆိုရာ၌ နောက်တော်ပါသံဃာတော် ထောင်–သောင်း,မကတို့နှင့် အကြွချီကြီး ကြွချီတော်မူသည်လည်းရှိ၏။ သံဃာတော် လေးငါးရာဖြင့် ကြွချီသည်လည်း ရှိ၏။ နောက်တော်ပါ အလုပ်အကျွေး သံဃာတစ်ပါးနှင့် နှစ်ပါးတည်း ကြွချီသည်လည်းရှိ၍ နောက်တော်မပါ တစ်ပါးတည်း ကြွချီတော်မူသည်လည်းရှိ၏။

တစ်ဖန်၊ သံဃာများနှင့် ဒေသစာရီကြွချီတော်မူတော့မည်ဆိုလျှင် နောက်တော်ပါ အဖြစ် သံဃာအားလုံး၊ သို့မဟုတ် သံဃာဘယ်နှစ်ပါးဖြင့် အဘယ်ပုံကြွချီမည်ဟု အရှင်အာနန္ဒာစသော အလုပ်အကျွေးများ၊ အရှင်မဟာပန္ထကစသော သံဃာ့အကျိုးဆော

www.burmeseclassic.com



ဆောင်များသို့ မိန့်တော်မူကာ၊ ယင်းအလုပ်အကျွေးတို့က ဘုရားရှင်၏အလိုတော်အတိုင်း စီစဉ်ပင့်ခေါ်၍ ကြွချီတော်မူသည်။ ဘုရားရှင်ကြွချီမည်ဆိုတိုင်း တပည့်သံဃာတော်တို့အဖို့ လိုက်လိုသည်ဆိုကာ လိုက်ပါနိုင်သည်မဟုတ်ပေ။

အကြောင်းမူကား ဒေသစာရီတစ်ခုအတွက် ဘုရားရှင် ရည်မှန်းတော်မူအပ်သော ကိစ္စတစ်ရပ် ရှိမြဲဖြစ်၏။ ဒေသစာရီကြွချီခြင်းဖြင့် ကယ်ချွတ်ရမည့် ပုဂ္ဂိုလ်၊ ကယ်ချွတ်ရမည့် အခြေအနေအရပ်ရပ်ကို ဘုရားရှင်သာလျှင်သိတော်မူ၍ ယင်းသို့ အစီအစဉ်လုပ်ရသည်။

အချို့ဒေသစာရီသည် ကောင်းကင်ခရီးဖြင့်သာ ကြွချီရမည်ဖြစ်၍ အရိယာ ဈာန်ရှင်တပည့်တို့ကိုသာခေါ်ဆောင်သည်။ အရှင်ကာဠုဒါယီအဖွဲ့အဆို ကောင်းလှသောကြောင့် တော၏သာယာပုံနှင့် ဝိဝေက၊ တောသက်တောနှံ့ အရသာခံရန်အတွက် လိုအပ်သော ပြည်တော်ပြန် ကပိလဝတ်သို့ ကြွချီတော်မူသည့်ခရီးမျိုး၊ အရှင်သာရိပုတ္တရာ၏ညီထွေး အရှင်ရေဝတသာမဏေလေး၏ တရားစွမ်းပကားကို တပည့်သံဃာတို့ အားကျရန်အတွက် ချီးမြှောက်ကြွချီတော်မူသော တောလမ်းခရီးမျိုးတို့၌ အရိယာပုထုဇဉ်မရွေး သံဃာအားလုံးကို နောက်တော်ပါအဖြစ် ခေါ်ဆောင်ကြွချီတော်မူသော်လည်း အာဠဝကတို့လို ဘီလူးကြမ်း၊ အင်္ဂုလိမာလတို့လို လူကြမ်းများကို ကယ်ချွတ်ရန်အတွက်မူ မည်သည့်တပည့်ကိုမျှနောက်တော်ပါအဖြစ် ခေါ်၍မဖြစ်နိုင်ပေ။

ယခုဝေရဉ္စာဒေသစာရီတွင်လည်း အနာဂတံဉာဏ်တော်အရှင်ဖြစ်သော ဘုရားရှင်အဖို့ မဝေးလှသော အနာဂတ်ကိစ္စများအတွက် ကြီးမားသော ရည်မှန်းချက် ရှိတော်မူ၏။ ထို့ကြောင့် လက်ျာတော်ရံ အရှင်သာရိပုတ္တရာ၊ လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်စသော အရိယာ တပည့်ကြီးများအပါအဝင် သံဃာတော်ငါးရာကိုသာ နောက်တော်ပါအဖြစ် ခေါ်တော်မူခဲ့၏။ ယင်းသံဃာတော်တို့အနက် အနိမ့်ဆုံးသော သံဃာမှာ အရိယာသောတာပန်ပင်ဖြစ်သည်။

အကြောင်းမူကား အရိယာတပည့်များမှသာလျှင် လောကဓံ၏ ဒဏ်ကို ကြံ့ကြံ့ ခံနိုင်ကြလိမ့်မည်။ အကြောင်းမူကား ဝေရဉ္စာတွင် မိမိနှင့်တကွ တပည့်သံဃာအားလုံးပင် ဆွမ်းရေးအခက်အခဲတွေ့ကြလိမ့်မည်။ တပည့်ကြီး သာရိပုတ္တရာက ဝိနည်းအာဏာတော် ပညတ်သင့်ပြီဖြစ်ကြောင်း လျှောက်ထားခြင်းဖြင့် အနာဂတ် သာသနာတော်အတွက် ဝိနည်းတံခါးကြီး ပွင့်လန်းလာလိမ့်မည်။

မှန်ပါလေ၏။ ဘုရားရှင် သံဃာတော်ငါးရာ ကြွချီတော်မူလာချိန်တွင်မှ သာယာစည်ပင်လှသော ဝေရဉ္စာမှာ အစာရေစာ ပြတ်လပ်ငတ်ပြတ်နေကြသည့်အချိန် ဖြစ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ဆွမ်းအခက်

သာသနာတော်တွင် ရဟန်းတော်တို့အဖို့ တစ်ဝမ်းတစ်ခါးမျှသော အစာအာဟာရဆိုသည်မှာ ခက်ခဲလှသော အလုပ်မဟုတ်၊ ဤကိစ္စအတွက် ဘုရားရှင်၏ အစီအစဉ်မှာ အံ့ဖွယ်ကောင်းမွန်လှ၏။ ရဟန်းဖြစ်သည်ဆိုကတည်းက မာန်မာန ဟူသမျှကို ချိုးနှိမ်လာခဲ့သော အကြင်ရဟန်းသာမဏေတို့၏ လက်တွင်းသို့ သပိတ်ခေါ် အလှူခံခွက်တစ်လုံးကို ထည့်ပေးလိုက်သည်။ နေရာတကာမှာ လူတို့အိမ်များရှိကြသည်။ မိမိ၏ သလုံးမြင်းခေါင်းလျှင် အရင်းတည်ကာ အိမ်စဉ်လျှောက်၍ ဆွမ်းခံတောင်းစားပေတော့။ အဘယ်မျှ ဆင်းရဲသောအိမ်ပင်ဖြစ်စေဦးတော့၊ သဒ္ဓါတရားရှိခဲ့ပါသော် တစ်ဇွန်းတစ်ယောက်မမျှလောက်တော့ ပေးလှူနိုင်၏။ သက်နိုးကို သေသပ်စွာရုံ၊ ဖိနပ်မစီး၊ မျက်လွှာကိုချ၊ ဣန္ဒြေရရ တောင်းခံလာသော ရဟန်းအား အများအားဖြင့် သဒ္ဓါရှိကြပါလိမ့်မည်။ ဆယ်အိမ်, ဆယ့်ငါးအိမ်မျှ တောင်းခံပြီးသည်ဆိုလျှင် တစ်ဝမ်းတစ်ခါးလုံလောက်ပါပြီ။

သို့ရာတွင် ယနေ့ ဝေဠုဝအဖို့တွင်မူ သဒ္ဓါတရားရှိကြသော်လည်း ယင်းတစ်ဇွန်းတစ်ယောက်မဆိုသည်ကပင် အခက်ကြီးခက်နေရတော့သည်။ လောင်းလှူနိုင်သူအချို့ရှိသော်လည်း ဆွမ်းတော်ထား၍ ဝမ်းတော်မှ အနိုင်နိုင်ဆိုသကဲ့သို့ မလောင်းလှူနိုင်သူများနေသည်။ သံဃာအင်အားလည်းမသေးလှ၊ ငါးရာအတိရှိသည်။ သို့ဖြစ်၍ ရလာသမျှကလေးများကို မျှတဘုဉ်းပေးကြရသည်။

ကိစ္စမရှိ။ အရိယာတို့အဖို့ ပီတိဘက္ခာအဘဿရာမ ဟူသော လမ်းညွှန်ချက်ရှိနေသည်မဟုတ်ပါလော၊ အလျဉ်းမသင့်၍ ဆွမ်းမရခဲ့ပါသော်၊ ယနေ့အဖို့ တရားပီတိတည်းဟူသော အာဟာရဖြင့်သာ မျှတကြပါစို့ဟူ၍ ဖြစ်သည်။ မှန်၏။ တရားတည်းဟူသော စိတ္တဇပီတိသည် အာဟာရအဖြစ် ခုနစ်ရက်မျှအထိ ထိန်းနိုင်သည်ကို သမာပတ်အရှင်များ ဖြစ်သည့်အတိုင်း သိထားကြပြီးဖြစ်သည်။

အခြားပစ္စည်းများ အဘယ်မျှ စည်ပင်ပေါ်များပါသည်ဆိုစေ၊ သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ – သတ္တဝါမှန်သမျှသည် အာဟာရတွင်သာ တည်သည်ဆိုသည့်အတိုင်း ကောက်စပါးသီးနှံ ရေမိုးတည်းဟူသော အာဟာရသည်သာ အဓိကဖြစ်သည်။ ကောက်စပါးသီးနှံကို မိုးနှင့်မြေကြီးကပေးသည်။ သတ္တဝါတို့အတွက် မိုးသည်အဖနှင့်တူ၍ မြေသည် အမိနှင့်တူ၏။ မိုးကောင်းစွာရွာ၍ မြေတွင် သီးနှံတို့ဖြစ်ထွန်းမှ သတ္တဝါသားမြေးတို့အဖို့ ဝဝလင်လင်စားသုံးကြရသည်။ ထို့ကြောင့် ရှေးပညာရှိသည် သမ္မာဒေဝေါ ပဝဿတု–မိုးကောင်းစွာ ရွာပါစေသတည်းဟု ဆုတောင်းဆုယူပြုခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခက်သည်မှာ ဘုရားရှင်သီတင်းသုံးလာသောအချိန်တွင် ဝေရဉ္ဇာသည် တစ်နှစ်ပြီး တစ်နှစ်ဆိုသလို နှစ်ချင်းဆက်၍ပင် မိုးကောင်းစွာမရွာသောကြောင့် အစာရေစာရှားပါး နေသည်။ မြို့စားကြီး ဝေရဉ္ဇာတို့လို သူဌေးဂဏ်ကြီးရှင်တို့အဖို့ လှည့်ပတ်ဝေဖန်နိုင်သော ဓနအင်အားကြောင့် မထောင်းတာလှသော်လည်း မြို့သူ–မြို့သား ဆင်းရဲသားတို့အဖို့မူ အစာအတွက် အခက်ကြီးကြုံနေကြရရိုက် ဖြစ်သည်။

## ဝေရဉ္ဇာမြို့စားကြီး

ထိုအချိန်တွင်ပင် ရှင်ဂေါတမနှင့် သူ့တပည့်များသည် မိမိတို့ဝေရဉ္ဇာသို့ ကြွရောက် သီတင်းသုံးလျက်ရှိနေကြသည်ဟူသော သတင်းမှာ မြို့စားကြီးဝေရဉ္ဇာကြားသိလာ၏။

အမှန်အားဖြင့် ဘုရားရှင်၏သတင်းများကို မြို့စားကြီး ဝေရဉ္ဇာအဖို့ အဝေးကြား အဖြစ် ကြားသိလာခဲ့သည်မှာ အတန်ကြာခဲ့ပြီဖြစ်၏။ ကပိလဝတ်မှ သိဒ္ဓတ္ထမင်းသားသည် ဘုရင်အဖြစ်မှ ထီးနန်းစည်းစိမ်ကိုပင် စွန့်လွှတ်၍ တောထွက်ခဲ့သည်။ အမျိုးသန့်သည်။ ပညာကြီးသည်။ ဥရုဝေလတွင် ခြောက်နှစ်တိုင်တိုင် ကျင့်သုံးပြီးနောက် ဘုရားဖြစ်လာ သည်။ ဘုရားဟူ၍ ဝန်ခံလာသည်။ ဘာသာတစ်ပါးဖြစ်၍ မိမိတို့က ဘုရားဟူ၍ ဝန်မခံနိုင်သေးသော်လည်း သူ့သတင်းကောင်းများမှာ တစ်ခုပြီးတစ်ခု မွှေးပျံ့ကြီးမား လှသည်။ ဗိမ္ဗိသာရ၊ ကောသလစသော ဘုရင်များပင်လျှင် သူ့ထံ ခ,ညောင်းရိုကျိုး ကိုးကွယ်လာကြသည်။ ဂုဏ်တော်ကိုးပါး၊ ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသည် စသော – စသော သတင်းကောင်းများဖြစ်ကြ၏။ သူ–ယခု မိမိတို့မြို့သို့ ရောက်လာသည် ဆိုပါကလား။

ဘုရားရှင်သာသနာတော်ပေါ်ထွန်းလာသည်ဆိုကတည်းက ရှင်ဂေါတမကို မလိုလားသော မိမိဘက်သား ပညာရှိမိတ်ဆွေများထံမှ ရှုတ်ချပြောဆိုသံများတို့လည်း ကြားခဲ့ရ၏။ သို့ရာတွင် တရားအချက်နှင့် ပတ်သက်၍သာ ပြောဆိုကြခြင်းဖြစ်၍ ရှင်ဂေါတမ၏ အကျင့်သီလနှင့် ပတ်သက်ရာ၌ကား မကြည်ညိုနိုင်ကာမှရှိစေ၊ ရှုတ်ချစကား ဟူ၍ သရိုးသယိ တစ်စွန်းတစ်စမျှ မကြားခဲ့ရ။

မလိုတစ်မျိုး လိုတစ်မျိုးဆိုသကဲ့သို့ မိမိဘက်ကိုချီးမြှောက်၍ သူတစ်ပါးဘက်ကို နှိပ်နယ်ရှုတ်ချခြင်းဆိုသည်မှာ လူသာမန်ယေဘုယျတို့၏ သဘောထားဖြစ်၏။ ပညာရှိ အမည်ခံသူများပင်လျှင် ဤကိစ္စတွင် လူယေဘုယျတို့နှင့် တန်းတူဖြစ်၏။

ဝေရဉ္ဇာဗြာဟ္မဏကြီးကား ယင်းသို့မဟုတ်၊ အကြောင်းအရာ တစ်ခုရလာလျှင် နှိုင်းနှိုင်းချိန်ချိန် သုခမိန်ဆိုသည့်အတိုင်း သင့်မသင့် – လျော်မလျော်ကို ဝေဖန်နှိုင်းချိန်

www.burmeseclassic.com

www.burmeseclassic.com



တတ်သူဖြစ်သည်။ ပညာကြီး၍ ပြင်ပလောကတွင် တေဝိဇ္ဇာဆရာကြီးအဖြစ်လည်း ကျော်ကြားသူဖြစ်သည်။ ပညာမျှသာမဟုတ်၊ ပစ္စည်းဥစ္စာ တပည့်တပန်း အခြံအရံတို့လည်း ပေါများလှသည်။ သို့သော် အသက်အရွယ်မူကား တတိယအရွယ် ရှစ်ဆယ်ကျော်၍ ကြီးရင့်လှပေပြီ။

ဘုရင့်နန်းတော်များတွင် ဘုရင်နှင့် နိုင်ငံတော်က အသိအမှတ်ပြုသော ဗြာဟ္မဏလ၊ ဇာဏုသောဏိ၊ စင်္ကီသော အတိုင်ပင်ခံ ပညာရှိကြီးများရှိသကဲ့သို့ ပြင်ပလောကတွင်လည်း လူအများကပင် အသိအမှတ်ပြုသော ဝေရဉ္ဇာအပါအဝင် ပညာရှိကြီးများရှိကြ၏။ သူတို့ တေဝိဇ္ဇာဟူသည်ကား ပုဗ္ဗေနိဝါသစသော ဘုရားရှင်၏ ဝိဇ္ဇာသုံးပါး၊ တေဝိဇ္ဇာမျိုးကားမဟုတ်၊ ဗေဒင်သုံးပုံ သူတို့ပိဋကတ်ဆိုင်ရာတွင် ကျွမ်းကျင်သူများပင်ဖြစ်သည်။

## အနုတ္တရဝါဒဟူသည်

မိမိတို့မြို့သို့ ရှင်ဂေါတမ ရောက်လာသည်ဆိုသောအခါ မခေါ်ပင့်ချေ၊ ကြုံတုန်း ကြုံခိုက် တွေ့မြင်ချင်လာသည်။ တွေ့မြင်လိုသည်ဆိုသည်ထက် တရားဆိုင်ရာ အယူအဆများကို ဆွေးနွေးလိုသောစိတ်က ပို၍များ၏။ အကြောင်းမှာ ရှင်ဂေါတမ၏ အနုတ္တရဝါဒဆိုသည်မှာ အသစ်အဆန်းကြီးဖြစ်ရာ၊ ရှေးထုံးစဉ်က မိမိတို့ဗြာဟ္မဏများ၏ အတ္တဝါဒနှင့် ဆန့်ကျင်ဘက်ကြီးဖြစ်သည်။

သို့သော် သူဖြူလျှင် ငါမည်းဆိုသကဲ့သို့ အကြောင်းမဲ့ ဆန့်ကျင်ခြင်းကား မဟုတ်တန်ရာ။ အကြောင်းမှာ သူ့အနုတ္တ ဝါဒနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါလျက်ရှိနေကြသော ပညာရှိများစွာကို တွေ့မြင်ကြားသိ နေရသောကြောင့်ဖြစ်သည်။ ယခုတလောတွင်မူ ဘုရင့်တေဝိဇ္ဇာဆရာကြီးများပင်လျှင် ရှင်ဂေါတမဝါဒနောက်သို့ လိုက်ပါကြပြီဖြစ်ကြောင်း အံ့ဘနန်းကြားသိနေရသည်။ ထို့ကြောင့် ရှင်ဂေါတမနှင့် ဆွေးနွေးရသော် ကောင်းလေစွဟု ဆန္ဒထက်သန်လာသည်။ တစ်ကြောင်းမှာလည်း သက်ကြီး ရွယ်အိုများ၊ အထူးသဖြင့် သက်ကြီးရွယ်အို ပညာရှိသူများဟူသည် ဆွေးနွေးဖော် လိုအပ်သည် မဟုတ်ပါလော။

ထို့ကြောင့် မိမိကြားသိရသော သတင်းမှန်မမှန်ကို အတည်ပြုလိုသဖြင့် အနီးရှိ တပည့်တစ်ဦးအား ''ရှင်ကြီးဂေါတမဟာ ငါတို့မြို့မှာ လာရောက်သီတင်းသုံးနေတယ်လို့ ကြားရပါကလား''ဟု မေးလိုက်သည်။

''မှန်ပါတယ် ဆရာ၊ ရောက်နေတာ နှစ်ရက်သုံးရက်တောင်ရှိသွားပါပြီ။ ရှင်ဂေါတမတွင် မကပါဘူး၊ နောက်ပါ သံဃာငါးရာတို့လည်း လိုက်ပါလာကြတယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေရာမှ သီတင်းသုံးကြသလဲ"

"နင်္ဂရုမှာပါ ဆရာ"

"နင်္ဂရုမှာဆိုတော့ သွားလာရေး လွယ်က...ာပေါ့ကွာ၊ မြို့သူမြို့သားတွေက ဂရုစိုက်ကြရဲ့လား"

"ဂရုစိုက်ကြပါတယ်၊ ရှင်ဂေါတမထံမှာ ပရိသတ်ပြတ်တယ်လို့ မရှိလှပါဘူး၊ အထူးသဖြင့် နံနက်ခင်း ညနေခင်းများမှာ ပိုပြီးစည်ကားပါတယ်ဆရာ"

"ငါတို့မြို့မှာ ခုတလော အစာရေစာ အခက်အခဲရှိနေတယ်ဆိုပါလား၊ ရှင်ဂေါတမဟာတစ်ပါးတည်းမဟုတ်ဘဲ နောက်ပါငါးရာနဲ့ဆိုတော့ ဆွမ်းကွမ်းအခက်အခဲများ ရှိနေမလားမသိဘူး"

"ရှိကောင်းရှိနိုင်ပါတယ်ဆရာ၊ နို့ပေမယ့် မြို့သူ မြို့သားတွေကတော့ အင်မတန် ဂရုစိုက်ကြပါတယ်"

"ဘာသာတစ်ပါးဖြစ်ပေမယ့် ကိုယ့်မြို့ကိုယ့်ရွာရောက်လာတဲ့ အာဂန္တု ဧည့်သည် ဆိုတော့ အစာရေစာရော နေရာထိုင်ခင်းပါ ငါတို့ဝတ္တရား ကျေပွန်ဖို့ လိုပါလိမ့်မယ်"

"ဆရာကြီးကိုယ်တိုင်ကသာ ဂရုစိုက်မယ်ဆိုရင် အင်မတန် လျော်ကန် သင့်မြတ်ပါလိမ့်မယ်ဆရာ"

"ဒီကိစ္စကို တွေ့ကြတော့မှပဲ လိုအပ်သလို စီမံကြတာပေါ့ကွာ၊ နို့နေပါဦးကွ၊ ရှင်ဂေါတမမှာ ဂိုဏ်းဆရာကြီးတစ်ဦးဆိုပေမယ့် အသက်အရွယ်ကတော့ ငယ်ငယ်ရှိသေး ဆိုပါကလား"

"မှန်ပါတယ် ဆရာကြီး၊ ကျွန်တော်လေ့လာမှတ်သားထားသလောက် အစီရင်ခံရမယ်ဆိုရင်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ လောက်က ရှင်ဂေါတမဖြစ်လာမယ့် သိဒ္ဓတ်မင်းသားဟာ အသက် ၂၉ နှစ်မှာ တောထွက်၊ သူတောထွက်တဲ့ ဥရုဝေလမှာ ခြောက်နှစ်တိုင်တိုင် တရားကျင့်သုံးပြီး ဂိုဏ်းဆရာကြီးဖြစ်လာတယ်ဆိုတော့ အခုဆိုရင် လေးဆယ်ကျော်လောက် ရှိပါလိမ့်မယ်ဆရာ"

"အေး–အေး၊ ငါသတိရပြီ၊ လေးဆယ်ကျော်မဟုတ်ဖူးကွ၊ လေးဆယ့်ခုနစ်နှစ်၊ ငါးဆယ်တွင်းဆိုပါတော့ကွာ၊ ယောကျ်ားတစ်ယောက်အဖို့ ငါးဆယ်တွင်းဆိုတာ ဒုတိယ အရွယ်မျှသာရှိသေးလို့ အင်မတန်နေလို့ကောင်းသေးတဲ့ အရွယ်ပေါ့ကွာ၊ တို့အသက်နဲ့ နှိုင်းစာရင်တော့ အများကြီးငယ်သေးသပေါ့၊ နို့ပေမယ့် သူကဧည့်သည်၊ ကိုယ်က အိမ်ရှင်လိုဖြစ်နေလေတော့ ကိုယ့်အောက်ငယ်ရွယ်သေးသူဖြစ်ပေမယ့် ကိုယ်ကပဲ သွားပြီး တွေ့လိုက်ကြတာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



''လျှောက်ကန်ကြောင်းပါဆရာကြီး''

''ညနေကို ရထားအသင့်ပြင်ထားဟေ့၊ နဒွေရွာက်ကို မရောက်တာလဲ အတော်ကြာသွားပြီ''

''ကောင်းလှပါပြီ ဆရာကြီး''

ရောက်ဆဲသက်တမ်းကို သုံးပုံ ပုံ၍ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဟု သတ်မှတ်၏။ ဘုရားရှင်လက်ထက်တော်မှာ ရာတန်းဖြစ်၍ ဘုရားရှင်အဖို့ ဒုတိယအရွယ်မျှသာ ရှိသေးသည်။

ဗြာဟ္မဏတို့အဖို့ ဗြဟ္မာကြီးဦးခေါင်းမှမွေးသည်၊ ပါးစပ်မှမွေးသည်၊ ရင်မှမွေးသည်၊ ဝမ်းဗိုက်မှမွေးသည်၊ ခြေထောက်များတို့မှမွေးသည် စသည်ဖြင့် အမျိုးအနွယ်ကို ခွဲခြားသိမှတ်ခြင်းသည် အရေးကြီးသကဲ့သို့ အသက်အရွယ် ကြီးသည် ငယ်သည်လည်း အရေးကြီးသည်။

## အဘိဝါဒနကိစ္စ

ကြီးသူကို ငယ်သူကရှိခိုးရမည်၊ ရှိသေလေးစားရမည်။ အဘိဝါဒနသီလိဿ နိစ္စံဝုဍ္ဍာပစာယိနော စသော ယဥ်ကျေးမှု စည်းကမ်းမှာ မှိုင်းမှုန်ပြာရီကပင် ရှိနေခဲ့သည်။

ဤကိစ္စတွင် အခြားဗြာဟ္မဏများထက် ဘုရားရှင်၏ အမျိုးအနွယ်ဖြစ်သော သာကီဝင်များက ပို၍အရေးကြီး၏ မျိုးစွဲနွယ်စွဲတွင် သရေဖူးဆောင်းသည်။ ဘုရားရှင်သည် ကပိလဝတ်သို့ ပြည်တော်ဝင် ပထမအခေါက်၌ ရဟန်းပင်ဖြစ်မချည်း ငါတို့တူသား အရွယ်မျှကို ရှိမခိုးနိုင် အရိုအသေမပေးနိုင်ဟုဆိုကာ ကြုံဆိုပွဲ၌ ဘုရားရှင်ထက် အသက်ကြီးသော သာကီဝင်တို့ ရှောင်၍နေခဲ့ကြသည်။

မျိုးစွဲနွယ်စွဲဟူသည် ကိုယ်နိုင်ငံကိုယ့်လူမျိုးဟု ရှိသလောက်တော့ ရှိရမည်မှန်ပါ၏။ သို့ရာတွင် အမျိုးစွဲကြီး သဲလွန်းသောအခါ လူ့လောကကို ဖျက်ဆီးသော မာနတံခွန် ထူရာသို့ ရောက်သွားတော့သဖြင့် လောကရေးရော သံသရာရေးပါ ပျက်ရတော့သည်။

ချင်ချင်ချင်–ဟု ချင်ခြင်းထပ်ကာ တပ်မက်မှုတဏှာ၊ မျိုးစွဲရိုးစွဲ၊ ပစ္စည်းစွဲ၊ ဂုဏ်စွဲ စသည်ဖြင့် ကြီးမြင့်သူတို့၏ မာန၊ ငါ့အယူမှအမှန်ဟု လိပ်ခဲတည်းလည်း အစွဲကြီးတစ်ဘက်တည်း စွဲလေ့ရှိသော ဒိဋ္ဌိတည်းဟူသော နယ်ချဲ့အောက်ဆွဲတရားများကို လုံးဝစွန့်ပယ်ပြီးသော ဘုရားရှင် သို့မဟုတ်၊ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော လူ့လောက၏ အပျက်တရားဆိုးများကို ကျူပင်ခုတ် ကျူငုတ်မကျန် ပယ်လှန်ပြီးသော ဘုရားရှင်က သပိတ်ခေါ် တောင်းခံခွက်ကြီးကိုကိုင်၍ မြို့လယ်တွင် ဆွမ်းခံ၍

www.burmeseclassic.com



ပြလိုက်သောအခါ မျိုးစွဲတကာတို့၏ ထိပ်တင် ဖခင်ဘုရင်ကြီး ဆတ်ဆတ်ခါ၍သွားရှာ၏။ သို့ရာတွင် ဆွမ်းခံမှု ကောင်းကျိုးတရားကို ဟောလိုက်ပြန်တော့လည်း ဘုရားရှင်၏ ဖခင်ပီပီ အလွယ်ပင်ကျွတ်တမ်းဝင်နိုင်၍ တော်ပါသေး၏။ (ဗုဒ္ဓစာပန်းချီ 'ရွှေပြည်တော်သို့')

မြို့စားကြီးဝေဠုသာကလည်း ဘုရားရှင်၏ အံ့မခန်း ဂုဏ်တော်သတင်းများကြောင့် မိမိကိုယ်တိုင်က သွားချင်နေသည်ကို တပည့်နှင့် အဆင်ပြေအောင် ညှိသည်လေး ဘာလေးနှင့် ဆင်ခြေဝင်လိုက်သေးသည်။ သို့သော် မိမိကသွားရုံသာသွား၍ တွေ့ကြသော အခါတွင်မူ ဘုရားရှင်က ငယ်ရွယ်သူဖြစ်သည့်အလျောက် ပညာရှိပီပီ သူ့ကို ခရီးဦးကြိုဆို အရိုသေပေးလိမ့်မည်ဟု မျှော်လင့်ထားသည်သည်။ မှန်းချက်နှင့် နှမ်းထွက်ကား မကိုက်ပါလေ။

## ရှေ့တော်မှောက်သို့

မြို့စားကြီးသည် တွေ့ချင်လွန်း၍သာ လာရောက်ရသော်လည်း သက်ရွယ်ကြီးရင့်သူ ဖြစ်သည့်အလျောက် ပြင်ပသို့ထွက်ခဲသည်။ အိမ်တွင်းမှာသာ အနေများ၍ စီမံစရာရှိသမျှကို စီမံခန့်ခွဲသည်။ ထိုနေ့ညနေတွင်မူ နာမည်ကြီးလှသော အရှင်ဂေါတမနှင့် တွေ့ဆုံရန်ဟု မြို့ပြင် တမာပင်လမ်းအတိုင်း နဋ္ဌေရှုဆီသို့ တပည့်အခြံအရံဖြင့် ထွက်ခွာလာခဲ့သည်။

နယုန်အကူး၊ ဝါဆိုဦးသို့ ရောက်ပြီဖြစ်သော်လည်း မိုးရိပ်မိုးဆင်ကို မတွေ့ရ။ စင်စစ်သော် ယမန်နှစ်လောက်ကပင် စတင်၍ မိုးခေါင်ကာ ဝေရဉ္ဇာတွင် အစာရေစာ ရှားပါးငတ်ပြတ်လျက်ရှိနေပြီကို မြို့စားကြီး သိကောင်းမှသိမည်။

နဋ္ဌေရှုနတ်ကွန်းအနီးသို့ရောက်သော် သတ်မှတ်အပ်သော နေရာ၌ ရထားကိုရပ်၍ ဘုရားရှင်နှင့် သံဃာတော်များ သီတင်းသုံးမည်ဟုထင်ရသော နတ်ကွန်းများဆီသို့ တပည့်အခြံအရံဖြင့် ကြွားရွှားစွာ လျှောက်ခဲ့သည်။ တပည့်သံဃာ ငါးရာပါရှိသည်ဟု ကြားရ၏။ သို့ရာတွင် ညနေခင်း ခြေခင်းလက်ခင်းသာသော အချိန်ဖြစ်၍ စကားသံ ဆူညံကြွက်စီဝေ၍ မည်သည့်အသံမျှ မကြားရသောကြောင့် မြို့စားကြီး အံ့ဩသည်။

"တပည့်ရဲ့၊ ရှင်ဂေါတမ ရှိနေတာ ဟုတ်ရဲ့လားကွယ်၊ ဘာသံမှလဲ မကြားရ ပါလား"

"ရှိပါတယ်ဆရာ၊ ရှင်ဂေါတမနဲ့ သူ့တပည့်များဟာ ဒီလိုပဲ တိတ်တိတ်ဆိတ်ဆိတ် နေတတ်ကြတယ်လို့ သိရပါတယ်၊ ရှေ့ကိုသာ ကြွပါ၊ ရှင်ဂေါတမနဲ့ တွေ့ရမှာ အမှန်ပါ"

ရှေ့သို့ အတန်ငယ်သွား၍ ရဟန်းတစ်ပါး၏ အရိပ်အရောင်ကို တွေ့ရသောအခါ မြို့စားကြီးက ရဟန်းတော်အနီးသို့ ချဉ်းကပ်၍ "ရှင်ဂေါတမ ရှိပါရဲ့လားကိုယ်တော်

www.burmeseclassic.com



ရှင်ဂေါတမနဲ့ တွေ့ဆုံရအောင် ကျွန်ုပ်တို့ရောက်လာတာပါ''ဟု မေးမြန်းလိုက်သောအခါ ရဟန်းတော်က ပင်ရင်းဖြစ်သော နဥ္ဇေရတမာပင်ကြီးအရင်းဆီသို့ လက်ညှိုးညွှန်ပြပြီး ''ရှိပါတယ် ဒကာကြီး ဘုရားရှင်ဟာ ဟောဟိုတမာပင်ကြီးအရင်းမှာ သီတင်းသုံးတော်မူနေပါတယ်၊ နောက်ပါးက ရဟန်းအခြံအရံတို့ရဲ့ရှေ့မှာ နေသူဟာ ဘုရားရှင်ပါပဲ''ဟု ညွှန်ကြသည်။

လှမ်း၍ကြည့်လိုက်သောအခါ သံဃာတော်အခြံအရံတို့ရှေ့တွင် ထူးကဲစွာထိုင်၍နေသော ဘုရားရှင်ကို တွေ့မြင်ရပေပြီ။ မသိသူချင်း တွေ့ဆုံကြရာ၌ အများအားဖြင့် မျက်စိအာရုံသည် ပဓာနဖြစ်ရာ၌ မြို့စားကြီးအဖို့ ဘုရားရှင်အား လှမ်းမြင်တွေ့ဆုံလိုက်ရသောအခါ၊ ရှင်ဂေါတမဟူသည်ကား အမှန်ပင် ထူးခြားကွဲပြားလှသော ရုပ်လက္ခဏာပိုင်ရှင်၊ တရားရှင်၊ ပညာရှင် ဆန်လှစွာသော ရုပ်ရည်ပိုင်ရှင်ပါတကားဟု စိတ်တွင်းမှ အံ့သြချီးကျူးလိုက်ပေသည်။

တပည့်ရဟန်းများသည် ဘုရားရှင် ဝဲယာနှင့်နောက်တော်ပါးက ခြံရံ၍ ထိုင်နေကြသည်။ ကျောက်တိုင် ကျောက်ရုပ်များအလားပင်ဖြစ်၏။ ဘုရားရှင်၏ ရှေ့မြင်ကွင်းတွင် မည်သူမျှမရှိသဖြင့် မြို့စားကြီး ကြွားရွားစွာဝင်ရောက်လာသည်ကို ရှင်ဂေါတမ ထင်ထင်ရှားရှားတွေ့မြင်နိုင်သည်။ သို့ဆိုလျှင် ပုံစံအားဖြင့် မြို့စားကြီးရောက်ရှိလာမည်ကို ကြိုတင်သိရှိထားသကဲ့သို့ ဖြစ်သည်။ သို့ပါလျက် မိမိရောက်ရှိလာသည်ကို ရှင်ဂေါတမသည် နေရာမှထကာ ခရီးဦးကြိုဆိုခြင်း၊ ဝမ်းမြောက်ဝမ်းသာ အာလာပသလ္လာပ စကားလောက်မျှ မပြောဆိုဘဲ ကျောက်ရုပ်ကျောက်တိုင်ကဲ့သို့ ထိုင်နေကာ ဣန္ဒြေရလွန်းနေသည်မှာ တစ်နေရာမှ မိမိကြွားသိထားချက်နှင့်တော့ ကိုက်ညီနေပါပေါ့တကား၊ ပညာရှိမဆန်လေစွတကားဟု စဉ်းစားကာ မျက်နှာညိုသည်၊ အောင့်သက်သက်နိုင်သည်။

အကယ်ဆိုသော် မိမိသည် ဤမြို့တွင် နေ့လို လ,လို ထင်ရှားသော မြို့စားလည်းဖြစ်။ အသက်အရွယ်လည်းကြီးရင့်၏။ သူလိုပင် တပည့်တပန်းတို့လည်း များပြားသူဖြစ်၏။ သို့ဆိုလျှင် မိမိအား သာမန်မျှမက၊ ဖက်လဲတကင်းပင် ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုဆိုသင့်သည်။ ရှင်ဂေါတမဟူသည် နာမည်ကြီးသော်လည်း တကယ့်မာနရှင်ပေတကား၊ လွဲမှားသောမာနရှင်ပါတကား၊ ပညာရှင်ချင်းဆို၍ ယနေ့ ညနေခင်းအဖို့ ဝမ်းမြောက်ဝမ်းသာ ဆွေးနွေးရန် လာရောက်ခဲ့ပါသည်ကို ယခုတော့ဖြင့် မိမိထင်မြင် မျှော်လင့်ချက်တွေ ပျက်စီးကုန်ပါပေါ့တကားဟု စဉ်းစားသည်။

သို့ရာတွင် မိမိက ဆတ်ဆော့၍ သူ့ထံလာရောက်မိခဲ့ပြီကို လှည့်ပြန်သွား၍ မဖြစ်သေး၊ သူ့ဘက်က လောကဝတ္တရားပျက်သော်လည်း မိမိဘက်က အပျက်မခံနိုင်။ ရှင်ဂေါတမက ငယ်သည်ဖြစ်၍ မိမိက အိမ်ရှင်ပမာဖြစ်နေရာတွင် ပညာရှိအမျက်ပြင်မထွက် ဆိုသကဲ့သို့ ဟန်လုပ်၍ ဆက်ဆံရဦးမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ရှင်ကြီးဂေါတမ

ထို့ကြောင့် ဘုရားရှင်ရှေ့တော် သင့်လျော်သော နေရာတွင် ဝေါင်းစင်းစင်းပင် ဝင်၍ ထိုင်လိုက်ကာ "အို-ရှင်ဂေါတမ၊ ကျွန်ုပ်သည်ကား ဤဝေရဉ္ဇာမြို့စားဖြစ်ပါသည်။ အများကပင် ဝေရဉ္ဇာမြို့စားကြီးဟုခေါ်ကြပါသည်။ ရှင်ကြီးဂေါတမသည် ကျိန်းခုံသာ၍ မာပါ၏လော။ ဆွမ်းကွမ်း ကိစ္စမျှတပါ၏လော။ ရှင်ကြီးကဲ့သို့ပင်၊ ရှင်ကြီး၏တပည့် ရဟန်းတို့သည်လည်း ကျန်းခံ့သာ၍ မာကြပါ၏လော"ဟု ဝမ်းထဲက မပါလှသော်လည်း နှုတ်ဖျားစကားဖြင့် ပဋိသန္ထာရပြုလိုက်သည်။

"အို-ဂေါတမ"ဟူသော အာလုပ်စကားမှာ ရိုင်းသယောင်ရှိသော်လည်း စာလာပေလာ ပိဋကတ်တော်လာအတိုင်းပင်ဖြစ်၏။ "ဘောဂါတမ"ကို တိုက်ရိုက်ပြန်ဆို လိုက်ခြင်းပင်ဖြစ်ပေသည်။

ရှင်ကြီး၊ ခင်ကြီးဟူသော ဝေါဟာရမှာကား ယနေ့ခေတ်တွင် နားစိမ်း၍ နေပြီဖြစ်သော်လည်း ရှေးအခါကမူ အစဉ်အလာရှိသေသမှု ဂုဏ်ပြုခေါ်ဝေါ်အပ်သော ဝေါဟာရဖြစ်သည်။ ဤဝေါဟာရသည် ကုန်းဘောင်ခေတ်နှောင်းပိုင်းအထိ တည်မြဲ ခဲ့သည်။ ဥပမာအားဖြင့် ဗုဒ်အစ ဗုဒ်အလယ် ဗုဒ်အဆုံးဟုပင် ဂုဏ်ပြုအပ်သော ဆရာတော် ဦးပုတ် (ဦးဗုဒ်)ကို ခင်ကြီးဗုဒ်၊ အသက်ငယ်သလောက် လောကုတ်လောကီ ပညာကြွယ်လှသော နာမည်ကျော် ဆရာတော် ဦးဖျော်ကို ခင်ကြီးဖျော်စသည်။

ဘုရားရှင်က "သိပါ၏ ဒါယကာ ဥဒယ"ဟု ခွန်းတုံ့မိန်ကြားလိုက်သောအခါ ဝေရဉ္ဇာကြီးအဖို့"အလို-ငါ့ငယ်နာမည်ကို ရှင်ဂေါတမက ဘယ်အချိန်ကများ သိထား ပါလိမ့်"ဟု အံ့သြသွားသည်။

ထင်ရှား ကျော်ကြားသူတို့အဖို့ အများအားဖြင့် ငယ်မည်ပျောက်၍ ဂုဏ်ပြု အပ်သော အမည်များရောက်လာတတ်သည်။ မြို့စားကြီး ဝေရဉ္ဇာကို သိပင်သိဦးတော့၊ မရှိမသေမလေးစားရာကျမည်ကြောင့် ငယ်မည်ကို ထုတ်ဖော်ခေါ်ဝံ့သူမရှိ၊ ဘုရားရှင် တို့သည်ကား သင့်လျော်သော ငယ်မည်ရှိခဲ့ပါသော် တရားဟောရာတွင် ရင်းနှီးစေလိုသည့် သဘော၊ အမည်ဖြင့် တက်ကြွသော မာန်မာနရှိနေခဲ့ပါသော် ကျိုးနှိမ် စေလိုသည့် သဘောဖြင့် ငယ်မည်ကိုခေါ်ကာ တရားဟောလေ့ရှိသည်။

အခြားသူများကိုထားဦး၍ ကျောင်းဒကာကြီး အနာထပိဏ်ကိုပင်လျှင် သုဒတ္တ ဟူသော ငယ်မည်ဖြင့် အကြိမ်များစွာ ခေါ်ဝေါ်သုံးစွဲလေ့ရှိသည်။ အရိယမည်သော တံငါသည်အား အမည်နှင့်မလိုက်မဖက်ဖြစ်နေသည်ကို ငယ်မည်ကို ထုတ်ဖော် ဟောကြားလိုက်သောအခါ ကျွတ်တမ်းဝင်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ဝေရဉ္စာကြီးကို ဥဒယဟူသော အမည်ဖြင့် စတင်ခေါ်ဝေါ် လိုက်ပေပြီ၊ တရားဟောခွင့်ကြုံလာပြီဖြစ်၍ ဟောရတော့မည်။ ဝေရဉ္စရာသို့ ဘုရားရှင်ကြွရောက် သီတင်းသုံးတော်မူသည့် ရည်ရွယ်ချက်များတွင် ဝေရဉ္စာ ပြာဟ္မဏကြီးကိုကယ်ချွတ်ရန် ရည်မှန်းချက်တစ်ရပ်လည်းပါသည်။

## ပညာရှိဟူသည်

သို့သော် ဝေရဉ္စာကို ကယ်ချွတ်ဖို့ကိစ္စမှာ လွယ်သည်ဆိုလျှင်လည်းဟုတ်၏။ ခက်သည် ဆိုလျှင်လည်းမှန်၏။ အကြောင်းမူကား ပညာစုံ၍ အရာရာကို တွေးခေါ် ဆင်ခြင်လေ့ ရှိသော ပညာရှိကြီးဖြစ်ပေရာ၊ ပညာရှိကိုကယ်ချွတ်ရခြင်းသည် ပညာမာန် အခုအခံတို့ကြောင့် လွယ်မယောင်နှင့် ခက်၍ ခက်သယောင်နှင့်လည်း လွယ်နိုင်သည်။

မှန်၏။ မြို့စားကြီး ဝေရဉ္စာသည် မိမိအထံသို့ မေတ္တာရှေးရှုကာ ဦးကျိုး၍ ရောက်လာသူဖြစ်၏။ သို့သော် သူ့ကို ခရီးဦးမကြိုဆိုသည့် ကိစ္စကလေးကြောင့် အထစ်အငေါ့ ဖြစ်နေရသည်။ ဖြစ်ပါစေဦး၊ အခါသင့် အခွင့်ဆိုက်လျှင် ပြေငြိမ်းသွားပါလိမ့်မည်။

နောက်တစ်ကြောင်းမှာ ဝေရဉ္စာသည် တပည့်များစွာကို မွေးထုတ်ခဲ့သော ဆရာကြီးဖြစ်၏။ သူတို့ဆိုင်ရာတွင် ဓမ္မကထိကကြီးဖြစ်၏။ စကားပြော တရားဟော ကောင်းသည်။ ဓမ္မသဝန ဓမ္မဒေသနာ ဝါစာသီလိဌဖြစ်အောင် အပြောအဟော၌ မွေ့လျော်သူဖြစ်သည်။ မိမိနှင့် တရားဆွေးနွေးရန်လာခဲ့သည်ကို ဘာမဟုတ်သော အစဉ်အလာစွဲကလေးတစ်ရပ်ကြောင့် အထစ်အငေါ့ဖြစ်ကာ စွပ်စွဲလိုက်မည်၊ ပုတ်ခတ် လိုက်မည်ဟူသော ဒေါသမာန်မာနဖြင့် မိမိအပေါ်တွင် မောင်းတင်ထားဆဲဖြစ်သည်။ ဖြစ်ပါစေ၊ သူအလိုရှိသလောက် ပြောပါစေ၊ စွပ်စွဲပါစေဟု ဘုရားရှင်က ငြိမ်သက်စွာ သီတင်းသုံးရင်း လွှတ်ပေးထားလိုက်သည်။

"အို–ဂေါတမ ။ ။ သင်သည် ရုပ်ရည်ပြည့်စုံ၍ သင်၏ ထက်မြက်သော ပညာကြောင့် လူတွေကို သိမ်းသွင်းပြီး ဂိုဏ်းဆရာကြီး အမည်ခံသော်လည်း သင်ကား မာနတရားအားကြီးသူ၊ ပညာဂုဏ်မောက်လွန်းသူဖြစ်၍ မိမိထက်ကြီးသော လူကြီး သူမများကို အရိုအသေမပေး၊ ခရီးဦးမျှ မကြိုဆို၊ ရှိခိုးဦးနှိမ်ဖို့ကား ဝေးလှစွာသေး၏ဟု တစ်ဆင့်စကား သူပြော ငါပြောစကားများကို ကြားခဲ့ရဖူးသည်၊ ငါမယုံခဲ့မိပါ။ ယခုသော် အကြားနှင့် အမြင်မှာ ငါကိုယ်တိုင်ဖြစ်တော့သည်၊ သင့်ပညာသည် အချည်းနှီးတကား"

ပါးစပ်စက်မောင်းခလုတ်ကို စတင်၍ ဖြုတ်လိုက်ပြီဖြစ်၏။ ကြမ်းတမ်းစွပ်စွဲသော စကားများနှင့်အတူပင် လေသံမြင့်သည်။ မျက်မှောင်စင်းသည်။ ကိုယ်လက်တို့

www.burmeseclassic.com

www.burmeseclassic.com



ခက်ထရော်သည်။ ခန္ဓာကိုယ်လှုပ်ရှားသည်။ အင်္ကျီလက်မောင်းများကို ပင့်သည်။ ကဲ- မှတ်ကရောဟူသောသဘောဖြင့် ဘုရားရှင်မျက်နှာတော်ဆီသို့ မျက်စိစိမ်းစိမ်းဖြင့် ကြည့်လိုက်သည်။ ထိုအခါ ဘုရားရှင်မျက်နှာတော်မှ ထူးခြားလှသောအသွင်၏ တုံ့ပြန်မှုကြောင့် ဝေရဉ္ဇာကြီး ကြက်သီးမွေးညှင်းပါထသွားသည်။

ဗြာဟ္မဏဆရာကြီးများသည် မိမိတို့ ဝေဒပညာစွဲအခြေခံဖြင့် အကြင်သူတစ်ဦးကို တွေ့သည်ဆိုလျှင် ထိုသူသည် အဘယ်လိုပုဂ္ဂိုလ်၊ အဘယ်လိုအဆင့်ရှိသည်ကို ထိုသူ၏ ရူပနိကာယ်-သဒ္ဒနိကာယ်ကို ထောက်၍ အကဲဖြတ်သည့် အလေ့အရာရှိ၏။ ဘုရားရှင်က လောကထွတ်တင်ဘုရားရှင်ဟု ဝန်ခံနေရာ၌ ပညာရှိ မင်းယောကျ်ား ဘုရားစင်စစ်ဖြစ်နိုင်- မဖြစ်နိုင်ကို သံသယရှိသဖြင့် ဘုရားရှင်သို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်၍ စူးစမ်း ကြည့်ရှုသူများရှိသလို တပည့်ကိုစေလွှတ်၍ ဝေဒကျမ်းက သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာ အင်္ဂါတို့ဖြင့် နှိုင်းယှဉ်ကြည့်ရှုရန် စေခိုင်းသူများလည်းရှိခဲ့၏။

ဘုရားရှင်အထံတော်သို့ ယခု ဝေရဉ္ဇာကြီး လာရောက်၌ ယင်းကိစ္စကိုယ်တိုင် ကိုယ်ကျ အကဲဖြတ်လိုသော အချက်တစ်ရပ်လည်းပါရှိသည်။ ဘုရားရှင်နှင့် ရင်ဆိုင် တွေ့ဆုံရသောအခါ ဦးခေါင်းရောင်လျှံတော်အစ ခြေဖျားအဆုံး ထူးခြားသော ရုပ်လက္ခဏာများကို မြင်တွေ့ရ၍ ဘဝင်ကျသွားသည်။ အသံအားဖြင့်လည်း စကား တစ်ခွန်းမျှကို ကြားလိုက်ရရုံမျှနှင့် ဘဝင်ကျသွားသည်။ သို့သော် ပညာရှိ ဂိုဏ်းဆရာကြီး ဆိုပြီး ဟန်ကြီးပန်ကြီးနိုင်ကာ နှုတ်ခွန်းကလေးမျှ စတင်မဆက်နိုင်လောက်အောင် ဝတ္တရားပျက်သည်ဟု မှတ်ထင်နေသည်။ ယင်းအချက်ကြောင့် ဝေရဉ္ဇာကြီး အမျက် ထွက်သည်။

## အမျက်

အမျက်ကို ဒေါသဟုခေါ်၏။ ချောမွေ့သော ဝါးပင်၊ သစ်ပင်တို့တွင် အမျက် ဝင်လိုက် သောအခါ ပျက်စီးရသကဲ့သို့ ပညာရှိ အမျက်-ပြင်မထွက်ဆိုသော်လည်း မထိန်းသိမ်း နိုင်လောက်အောင် ထွက်မိ၏။ ဝေရဉ္ဇာကြီးကဲ့သို့ ကြီးမြင့်သောသူတို့၏ အမျက်ဆိုသည်မှာ သာမန်ပုဂ္ဂိုလ်များသာဆိုလျှင် မှုန့်မှုန့်ကျေလောက်၏။

သို့သော် အားရပါးရစွပ်စွဲပြောဆိုပြီး၍ ရှင်ဂေါတမ မည်သို့တုံ့ပြန်မည်နည်းဟု မျက်နှာတော်ကိုမော်၍ အကဲခတ်လိုက်သောအခါ တန်ဆောင်မုန်းလလယ်တွင် ကြည်လင်သော ရွှေလမင်းကြီးကဲ့သို့ ဝင်းကြည်သော မျက်နှာတော်ဖြင့် မိမိအမျက်ကို တစ်စက်ကလေးမျှ တုံ့ပြန်လာသည်ကိုမတွေ့ရသောအခါ "အလို- ရှာမှ ရှားသော အာဂပုဂ္ဂိုလ်ပေတကား"ဟု ဝေရဉ္ဇာကြီး အံ့အားသင့်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



''ဥဒယ ။ ။ ငါ့အား သင်တို့ လောကတံထွာ အစဦးအလာတည်းဟူသော တံမျဉ်းကြိုးဖြင့် မတိုင်းထွာသင့်။ ငါသည်ကား – ဗောဓိပင်နှင့် ရွှေပလ္လင်ကပင်လျှင် လောကနယ်ပယ်မှ ကင်းလွတ်ခဲ့ပြီးပေပြီ''

''ဥဒယ။ ။ သက်ကြီးရွယ်အိုတို့အား ရှိသေလေးစားရမည်ဟူသော စည်းကမ်းမှာ လောကတံထွာအားဖြင့် ကောင်းမွန်လှပါ၏။ သို့ရာတွင် ငါဘုရားအဖို့ကား –ယင်းလောက အစဦးအလာမှ ကင်းလွတ်ခဲ့ပြီဖြစ်၏။ အကြောင်းမူကား လောက သုံးပါးတွင် ငါဘုရားသည်သာ အကြီးအကဲဖြစ်၏။ ငါဘုရားထက်ကြီးကဲသူဟူ၍မရှိ''

''ဥဒယ ။ ။ ဤစကားကို ငါဘုရားက ပြောကြားရခြင်းမဟုတ်ပါ။ ငါဘုရားသည် ဖွားမြင်တော်မူပြီးစအရွယ်ကပင် သင်တို့ ငါတို့ကဲ့သို့ အသက်နှစ်ပေါင်း ရာတန်း၊ ထောင်တန်း၊ သိန်းသန်းကုဋေတန်းမျှကို ထားဦး၍ ကမ္ဘာပေါင်း တစ်သောင်း ခြောက်ထောင်အသက်ရှည်သော ရဟန္တာ မဟာဗြဟ္မာကြီးသည်သော်လည်း ငါ့ရှေ့မှောက်သို့ လာရောက်ကာ လက်အုပ်ကိုချီမြှောက်ပြီး–''

တွံ–အသင်မင်းသားသည်၊ လောကေ – လောက၌ မဟာပုရိသော – မြတ်သော ယောကျ်ားပါတည်း။ တွံ – သင်သည်၊ သဒေဝကသနတ် နှင့်တကွဖြစ်သော၊ လောကဿ–လောကထက်၊ အဂ္ဂေါစ–အဦးအဖျားလည်း ဟုတ်ပါ၏။ ဇေဋ္ဌောစာစ–အကြီးအကဲလည်း ဟုတ်ပါ၏။ သေဋ္ဌောစာစ– အမွန်အမြတ်လည်း ဖြစ်ပါ၏။ တယာ–အသင် မင်းသားထက်၊ ဥတ္တရာရိတရော သာလွန်မွန်မြတ်သူသည်၊ နတ္ထိ–မရှိပါ။ ဣတိ – ဤသို့ပြော၍၊ သဥ္စာတ သောမနဿော – လွန်စွာဖြစ်သော ဝမ်းမြောက်ခြင်းရှိသည်၊ ဟုတွာ– ဖြစ်၍၊ ပဋိမာနေသိ – မြတ်နိုးကော်ရော် ပူဇော်ဖူးပြီ။ (ပါရာဇိကဏ်အဋ္ဌကထာ ဘာသာဋီကာ၊ ပ၊ စာ–၅၁၃)

''မှန်ပေ၏။ ဥဒယ ။ ။ ငါကိုယ်တိုင်သည်လည်း အမိဝမ်းမှဖွားပြီးစ ထိုခဏကပင်လျှင် လောကသုံးခွင် ဘုံအပြင်၌ ဦးတင်ရှိသေသမှု ပြုရမည့်သူဟူ၍ မမြင်ခဲ့ပါ။ သဗ္ဗညုအဖြစ်သို့ ရောက်ပြီးသည်ဖြစ်သော ယခုအချိန်၌ ငါဘုရားရှိသေ တုပ်ဝပ်သမှု ပြုရမည့်သူဟူ၍ အဘယ်မှာ ရှိနိုင်ပါတော့အံ့နည်း''

''ဥဒယ ။ ။ ဆိုကြပါစို့၊ အကယ်တန္တိ ငါဘုရားက အကြင်သူ တစ်ယောက်အား ရှိသေတုပ်ဝပ်သမှု ပြုသည်ဖြစ်အံ့။ ထိုသူမှာ မှည့်ရွဲသော ထန်းပင် ထက်မှ ထန်းသီးမှည့်သည် အလိုလိုကြွေသကဲ့သို့ ထိုသူ၏ဦးခေါင်းသည်လည်း ပြုတ်ကျရာ၏။ ရှစ်စိတ်သော်လည်း ကွဲရာ၏''

''ထိုကြောင့် ဥဒယ ။ ။ သင်သည် ငါဘုရားထံမှ ရှိသေတုပ်ဝပ်သမှု ပြုသည်ကို မတောင့်တသင့်ပါ''

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဂေါတမ၏ စကားကတော့ လှပါ၏။ ဝေရဉ္စာကြီးအဖို့မူ ဘဝင်မကျနိုင်သေး။ သို့သော် သူတို့အလွန်လေးစား၍ သူတို့၏ ဘုရားဖြစ်သော မဟာဗြဟ္မာကြီးဟူသော အမည်ကို ထည့်သွင်းမိန့်ကြားသံကို ကြားလိုက်ရသောကြောင့် မာနခိုးမာနငွေ့ အတန် ငြိမ်သွားသည်။ ကမ္ဘာပေါင်း သောင်းခြောက်ထောင် အသက်ရှည်သော မဟာဗြဟ္မာကြီး ကပင် သူ့ကို ဦးခိုက်ခဲ့သည်ဆိုပါတကား။ ရှင်ဂေါတမသည် မုသားစကားကိုတော့ မပြောမည်မှာ သေချာ၏။ သို့သော် ရှိမခိုးဦးမညွတ်နိုင်သည် ထားပါတော့၊ သက်ကြီး ရွယ်အိုကို အရိုအသေ ပြုရရုံကလေးမျှကိုပင် ဤမျှတင်းခံလေရာသလောဟု ဘဝင် မကျနိုင် ဖြစ်နေရသေးသည်။

ရိုသေလေးစားသည်ဆိုရာ၌ ရိုသေ၊ မြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ 'ကန်တော့'ဟူ၍ ရိုသေခြင်းဆိုင်ရာ အတွဲအဆင့်များရှိသည်။ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံသည်ဆိုလျှင် နှစ်နှစ်ခြိုက်ခြိုက် လေးစားထိုက်သူဖြစ်ပါက ခြေ၊ လက်၊ နဖူး၊ ပုဆစ်၊ ဒူး တည်းဟူသော ပဉ္စပဋ္ဌတိတခေါ် ရှိခိုးခြင်း မြောက်သည်အထိ အသေအချာရှိခိုး၍ အနည်းဆုံးအားဖြင့် လက်အုပ်ကို ရင်ဝယ်ထားပြီး ကြာငုံပမာ အရိုအသေပြုခြင်းမှာ မဇ္ဈိမ တိုက်သားတို့၏ အလေ့အထကြီးဖြစ်သည်။ ယင်းအလေ့အထကို ယခုရှင်ဂေါတမကတော့ မိမိအရိုအသေပြုရမည့်သူမရှိဟု ငြင်းပယ်နေလေပြီ။ အကယ်၍များ သူကအရိုအသေပြုခဲ့ပါသော် ပြုခံရသူ ဦးခေါင်းရှစ်စိတ် ကွဲဦးမတဲ့။ ဘဝင်မကျလှသေး။ ကျေဖွယ်ရာလည်းမရှိလှသေး။ အကြောင်းမှာ ရိုသေခြင်း ဆိုင်ရာမျှကိုသာ ကြားနာနေရ၍ အနှစ်အသားပါသော တရားဒေသနာတစ်စုံတစ်ရာကို မကြားနာရသေး။

"ဥဒယ ။ ။ ငါဘုရား ဥပမာဆောင်၍ ပြောပါဦးမည်။ ကြက်ဥတို့တွင် ရှေးဦးစွာပေါက်သော ကြက်ကိုသာ အကြီးအကဲဟု ဆိုနိုင်ရာသည်မဟုတ်လော"

"မှန်ပါသည် ရှင်ဂေါတမ"

"ငါဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ဒုက္ခတရားဟူသော မဟာသြဃဝဲဇလုပ်၌ နစ်မြုပ်နေကြသော သတ္တဝါတို့အနက် ခန္ဓာအာယတန ဓာတ်သစ္စာ တို့ကို မသိမှုကြောင့် နစ်မြုပ်နေကြသော သတ္တဝါ မိုလ်လူ ဟိန္ဒဂူတို့အနက် အဝိဇ္ဇာတည်း ဟူသော ဥခွံကြီးကို သဗ္ဗညုတဉာဏ်တော်တည်းဟူသော လက်နက်ဖြင့် ဖောက်ခွဲ ထွက်ပေါ်ခဲ့သော ရှေးဦးပထမအကြီးအကဲပေတည်း-"

ထူးခြားသော တရားသံကို ကြားရသောအခါ ဝေရဉ္စာကြီး ဦးခေါင်းငုံ့လျှိုး သွားပြီဖြစ်၏။ အကြောင်းသော်ကား ဝေရဉ္စာဟူသည် ဗြာဟ္မဏထိပ်သီးကြီးတစ်ဦးပင် ဖြစ်စေကာမူ၊ ကျိုးကြောင်းစပ်ယှဉ်တွေးခေါ်မှုကို အလေးထားလေ့ရှိသူတည်း။

www.burmeseclassic.com

www.burmeseclassic.com



## စွပ်စွဲချက်များ

''အို–ဂေါတမ ။ ။ ကြားရသည့် စကားများကတော့ ချော့မွှတ်ပြေပြစ်ပါ၏။ သို့သော် ရှင်ဂေါတမသည် လောက၏ အကြီးအကဲဖြစ်သည်ဆိုစေ၊ ရှင်ဂေါတမသည် လောကတွင်သာနေသူ ဖြစ်သောကြောင့် လောက၏ ကောင်းသောစရိုက်ဖြစ်သော အရိုအသေပေးခြင်းကို ပစ်ပယ်သူဖြစ်၍ ပညာရှိတို့၏ အနှစ်သာရတစ်ရပ်ဖြစ်သော ''သာမဂ္ဂိရသ''ကိုဖျက်ဆီးသူဖြစ်သည်။

တစ်ဆင့်တက်လာလေပြီ။

ဂိုဏ်းဆရာပညာရှိကြီးဆိုသော ရှင်ဂေါတမနှင့် ဆွေးနွေးရန်လာခဲ့သည်။ မိမိဉာဏ်နှင့် နှီးနှောကျွမ်းဝင် အဆင်ပြေစွာ ဆွေးနွေးနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ တစ်ကြောင်းမှာလည်း ရှင်ဂေါတမသည် လူငယ်ညွှန့်သည်ဖြစ်၍ မိမိသည် လူကြီး အိမ်ရှင်ဖြစ်သည်။ သို့ဖြစ်၍ လိုက်လျောညီထွေဖြစ်လိမ့်မည်ဟု မျှော်လင့်သည်။

မျှော်လင့်ချက်များ မပြည့်စုံခဲ့။ တွေ့သည်နှင့် တစ်ပြိုင်နက်ပင် ရှင်ဂေါတမက ဝင်ဝင်ချင်း ဆောက်နှင့်ထွင်းသလို မိမိတည်းဟူသော သက်ကြီးရွယ်အိုကို မထီမဲ့အပြု ခံရသည်ဟု သူထင်မှတ်သည်။ စင်စစ်သော်ကား ဘုရားရှင်၏ သပ္ပာယအလျောက် ငြိမ်သက်စွာ ထိုင်နေခြင်းမျှဖြစ်သည်ကို သူ့ဘက်ကသာ မထီမဲ့ပြုသည်ဟု ထင်မှတ်ခြင်း ဖြစ်သည်။ ဘုရားရှင်ကိုထားဦး၍ ပညာရှိ အရိယာမှန်သမျှပင်လျှင် မည်သူ့ကိုမျှ မထီမဲ့ပြုရိုးမရှိ၊ တပည့်အားလုံးကိုပင် ''နပရောပရံ, နိကုဗ္ဗေထ, နာတိမညေထ ကတ္ထစိ နကိဉ္စိ''တစ်ယောက်သည် တစ်ယောက်အား စဉ်းလဲသမှု လှည့်ပတ်ခြင်းမပြုပါနှင့် ဘယ်တော့မဆို တစ်ယောက်ကို တစ်ယောက်က မာန်ထောင်သမှု မထီမဲ့မပြုပါနှင့်ဟု မေတ္တသုတ်တော်တွင် ဟောကြားထားပြီးဖြစ်သည်။

သို့ဆိုလျှင် ငါ့ကို မထီမဲ့ပြုရန်သောကောဟု ဘုရားရှင်ရှေ့တော်မှ ဝေရဥ္ဇာကြီး ထပြန်သွားဖို့သာရှိ၏။ သို့သော် မပြန်နိုင်။ ရှေးဦးစွာ ဘုရားရှင် ရုပ်အဆင်းတော်က သူ့ကို ဖမ်းစားထားဘိသို့ရှိသည်။ အသံတော်ကလည်း ဖမ်းထားဘိသို့ရှိနေသည်။ ထိုသည်တို့ထက် ဝေရဥ္ဇာကြီးကို ဖမ်းစားလိုက်သော အရာကား ဘုရားရှင်၏ သည်းခံမှု ပေတည်း။

ထိုပြင်သူ့ကို ဖမ်းစားထားသော အရာမှာ ဘုရားရှင်၏ ဝဲယာဝန်းကျင်တွင် ထိုင်နေကြသော သံဃာတော်တို့၏ တည်ငြိမ်သော ဣန္ဒြေနှင့် ငြိမ်သက်မှုဖြစ်သည်။ ရသေ့ရဟန်းဆိုသူတွေကို ဝေရဥ္ဇာကြီးတွေ့ခဲ့ရပေါင်းများခဲ့လေပြီ။ ကာယိန္ဒြေငြိမ်သက် ကြည်လင်သည်ကိုမတွေ့ခဲ့ရ။ ရှင်ဂေါတမ တပည့်များကတော့ တော်လှပါပေ၏။

www.burmeseclassic.com



အဆုံးအမကောင်းလှပေစွဟု တွေ့စကပင် စိတ်ထဲကချီးကျူးခဲ့သည်။ ထို့ကြောင့်လည်း တွေ့စက ဘုရားရှင်အား နှုတ်ခွန်းဆက်စဉ် တပည့်သားသံဃာတို့သည်လည်း ကျန်းခံ့သာ၍ မာကြပါ၏လောဟု ရောဆက်၍ နှုတ်ခွန်းဆက်လိုက်မိခဲ့သေးသည်။

## သာမဂ္ဂီရသ

သာမဂ္ဂီရသ။

မှန်၏။ သာမဂ္ဂီရသသည် လူ့လောကတွင် အရေးကြီးလှစွာ၏။ အထူးသဖြင့် မြို့စားကြီး ဝေရဉ္ဇာတို့လို သက်ကြီးရွယ်ညှိုး အဘိုးကြီးများအဖို့ ပို၍ အရေးကြီးသည်။ သာမဂ္ဂီရသဟူသည် လူ့လောက အဖွဲ့အစည်းအတွင်း နေထိုင်လုပ်ကိုင်ရာ၊ ဆွေးနွေး ပြောဆိုရာကိစ္စမှန်သမျှ၌ တစ်ဖွဲ့နှင့်တစ်ဖွဲ့ တစ်ဦးနှင့်တစ်ဦး လိုက်လျောညီထွေ အဆင်ပြေမှု ညီညီညွတ်ညွတ် ရှိမှုပေတည်း။

ရှေးဟောင်း ပူရာဏ်အလင်္ကာကျမ်းတို့က ရသကိုးပါး၊ ဆယ်ပါး စသည်ဖြင့် ရသ သမုဒ္ဒရာအထိ လောက၏ ရသမျိုးစုံကို ဖွဲ့ဆိုထုတ်ပြကြသည်။ ယင်းတို့အနက် သာမဂ္ဂီရသသည် အရေးကြီးဆုံး ရသတစ်ပါးဖြစ်၏။ အကြောင်းမူကား အကြွင်နေရာ၊ အကြွင်လူ့အဖွဲ့အစည်း တစ်ရပ်ရပ်တွင် သာမဂ္ဂီရသ မရှိတော့အံ့၊ ထိုနေရာ ထိုအဖွဲ့ အစည်း အချည်းနှီးပျက်စီးရတော့သည်သာဖြစ်၏။

အဖွဲ့အစည်းအလုံးအရင်းကို ထားဦး၍ နှစ်ဦးချင်းပင် မညီညွတ်ပါက သာမဂ္ဂီရသ ပျက်စီးရသည်။ ထို့ကြောင့် လောကကို သာယာပြေပြစ်အောင် သာမဂ္ဂီရသက ဆောင်ထားသည်။

မြို့စားကြီးဝေရဉ္ဇာအဖို့ ယင်းသာမဂ္ဂီရသ ခံစားခွင့်နည်းပါးနေခဲ့သည်မှာ အတန်ကြာခဲ့ပြီဖြစ်၏။ အကြောင်းမှာကား သူ့မြို့ သူ့နေရာတွင် သူသာလျှင် အသက် အရွယ်အားဖြင့်လည်းကောင်း၊ ပညာ–ပစ္စည်းအားဖြင့်လည်းကောင်း၊ အကြီးအကဲဖြစ်၍ သူ့အလို သူ့စကားကို မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ ဆန့်ကျင်မည့်သူ၊ ဆန့်ကျင်ဝံ့သူ မရှိခဲ့။ တစ်ခါတစ်ရံ တန်းတူရည်တူများ ပေါ်ပေါက်လာ၍ ဆွေးနွေးကြရသည့် အခါတွင် လည်း သူ့မာနအခြေခံတွင် ကော်၍–ကပ်၍ တွေးခေါ်ပြောဆို တတ်သော သူ့စကား တို့ကြောင့် သာမဂ္ဂီရသ ပျက်ရသည်။

ယခု၊ ဘုရားရှင်ရောက်လာသည်တွင် ဘုရားရှင်သည် သူ့အောက်ငယ် သော်လည်း ပညာကြီးသူဖြစ်သောကြောင့် သူနှင့် လိုက်ဖက်ညီတူ တန်းတူရည်တူ ဆွေးနွေးကာ သာမဂ္ဂီရသအရသာကို ခံစားရလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ တွေ့သည်

www.burmeseclassic.com



နှင့်ပင် ဆန့်ကျင်ဘက်ဖြစ်ခဲ့ရ၏။ သို့သော် ရှင်ဂေါတမ၏ သည်းခံနိုင်စွမ်း အရည်အသွေးကိုတော့ စိတ်ထဲမှကြိတ်၍ ချီးကျူးသည်။ ထို့ကြောင့်လည်း ဆက်၍ထိုင်နေခြင်းဖြစ်ပေသည်။

သူတွေ့ဖူးသမျှ အားလုံးသည်ပင်လျှင် ဆန့်ကျင်ဘက်စကား၊ ဆန့်ကျင်ဘက်အပြုအမူနှင့်ကြုံလာလျှင် ဒေါသရှေ့ဆောင် လာကြသည်ချည်းဖြစ်သည်။ သူ့ကို ကြောက်၍ အားနာရသောသူများပင် အနည်းဆုံး မျက်နှာညိုလာ၏၊ မျက်ထောင့်တင်းလာ၏။ ကိုယ်အမူအရာ ခက်ထရော်လာ၏။

ယခုသူက စကားရော ကိုယ်အမူအရာပါ ရှင်ဂေါတမသို့ တင်းတင်းမာမာဆက်ဆံရာ၌ကား ရှင်ဂေါတမ၏ အမူအရာမှ မြူမှုန့်ခန့်မျှ လှုပ်ရှားသည်ကို မတွေ့ရ၊ သူပြောအပ်သည်ကိုသာ ဆက်၍ပြောသည်။ ဤအချက်ကို သူသဘောကျသည်။ ကြည်ညိုမှန်းမသိ ကြည်ညိုလာသည်။

ထို့ကြောင့် ဂေါတမသည် သာမဂ္ဂီရသကို ဖျက်ဆီးသူ၊ ပျက်စီးစေသူဖြစ်သည်ကို တစ်ဆင့်တစ်မောင်းတက်၍ ပြောလိုက်သည်၊ အံ့ဖွယ်ကောင်းလေစွ၊ အကြောင်းမူကား သူ့စွပ်စွဲချက်ကို ဘုရားရှင်က မငြင်းမပယ်၊ ဝန်ခံလိုက်သောကြောင့် ဖြစ်လေသည်။

"မြို့စားကြီး ဥဒယ ။ ။ အသင်က ငါဘုရားအား သာမဂ္ဂီရသကို ဖျက်ဆီးသူဟု ပြောလိုက်သည်မှာ မှန်လှပေစွ။ လူ့လောကအတွက် သာမဂ္ဂီရသ၏ အရေးပါလှပုံကို ငါဘုရားသိပါ၏။ ငါဘုရားသည်ပင်လျှင် "သမဂ္ဂါနံ တပေါ သုခေါ" အချင်းချင်း ညီညွတ်ပြေပြစ်ခြင်းသည် ချမ်းသာကို ဆောင်၏ဟု ဟောခဲ့ပြီးပြီ။ သို့ရာတွင် သာမဂ္ဂီရသသည် လောကနယ်ပယ်အတွက် လုပသော ရသတစ်ခုမျှသာဖြစ်၍ ငါဘုရားမူကား ဗောဓိပင်နှင့်ရွှေပလ္လင်ကပင်လျှင် ရသမှန်သမျှကို ပယ်အပ်ခဲ့ပြီးလေပြီ၊ ဖျက်ဆီးခဲ့ပြီးလေပြီ၊ တရားတည်းဟူသောရသကိုသာ ခံစား၍ လောကရသမှန်သမျှတို့မှ လွန်မြောက်ခဲ့ပြီးပေပြီ"

ဝေရဉ္ဇာကြီး ငိုက်ကျသွားပြန်၏။ ရှင်ဂေါတမ၏ စကားမှာ ကြီးမားလှပေစွ။ ယင်းစကားကို အဆုံးအဖျားရောက်အောင် ဉာဏ်မမီသော်လည်း စဉ်းစားဖွယ်ရာ များစွာရှိနေပါတကား။ လော်ကရသတဲ့။ တရားတည်းဟူသော ရသတဲ့။

ရှင်ဂေါတမနှင့် ဆွေးနွေးလို့ကောင်းလာပေပြီ၊ ပတ်ဝန်းကျင်မှာ ငြိမ်သက်လှ၏။ တပည့်သံဃာတို့ထံမှလည်း လှုပ်ရှားမှုဝေး၍ ချောင်းညှိသံကလေးမျှ မကြားရ၊ ဘုရားရှင်ဝေရဉ္ဇာကြီးတို့ ဆွေးနွေးသံနှစ်ခုကသာ လွှမ်းမိုးထားသည်၊ ဝေရဉ္ဇာကြီး၏အသံမှာလည်း ပထမသော် အထက်စီးသံ၊ မာနကဲသောအသံမှ ပြေပြစ်သောအသံသို့ ပြောင်းလဲလာခဲ့ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်၏ လပြည့်ဝန်းကဲ့သို့သော ရွှေမျက်နှာတော်ကို မြင်ပြီးစကပင် ကြည့်၍ရမဝနိုင်သောကြောင့် စကားပြောရင်းဖြင့် အကြိမ်ကြိမ်မော်၍ ကြည့်သည်။ အသံတော်ကိုလည်း နှစ်သက်လှသည်။ ထပ်၍ထပ်၍ ကြားချင်သည်။ ကြားလို့မဝနိုင်။

အကောင်းဆုံးသော အသံကို ပူရဏ်ကျမ်းများက ကရဝိက်သံ ကြိုးကြာသံနှင့် နှိုင်းခိုင်းကြသည် ကရဝိက်သံကို မကြားဖူးပေ။ ကြိုးကြာသံကို သတိမထားမိ။ ကြားဖူးသမျှ အသံနှစ်မျိုးမှာ ဥဒေါင်းနှင့်ဥဩတို့အသံဖြစ်သည်။ ထိုငှက်နှစ်မျိုး၏ အသံများကို ထပ်၍ ဆက်၍ မကြားလိုသူဟူ၍မရှိ။ သို့သော် ဥဩသံမှာ သာယာသော်လည်း တိုးညှင်း သေးငယ်သည်။ ဥဒေါင်းသံက ကျယ်၍စေးပိုင်သည်။ ရှင်ဂေါတမ၏ အသံကို ထိုငှက်နှစ်မျိုး၏ အသံကို ပေါင်းစပ်၍ ဥပမာဆောင်ရမည်လားမသိ။ အကြောင်းအရာကို ထားဦး၊ ပြကတိ အသံအတိုင်းကပင် ကြားရသမျှ နားဝင်ချိုကာ သာယာလှသည်။ ထို့ကြောင့် ရှင်ဂေါတမအနီးတွင် ထိုင်နေ ဆွေးနွေးနေသမျှသည် အရသာရှိသည်။ ဝေရဉ္ဇာကြီး ဤသို့တွေး၏

လောကရသမှန်သမျှကို ပယ်အပ်ပြီးပြီဟု ရှင်ဂေါတမက ဆိုသည်။ လောက ဟူသည် လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောက။ ဤလောကများ၏ ဟိုမှာဘက်တွင် ဘာရှိသေးသနည်း။ အဘယ်လောကဟူ၍ ရှိသနည်း။ ရှင်ဂေါတမ၏ စကားများမှာ တွေးစရာတွေချည်း ဖြစ်နေသည်။ ဤသို့လည်း ဝေရဉ္ဇာတွေး၏။

ရှင်ဂေါတမနှင့် စကားပြောချင်သေးသည်။ စကားလုံးကြမ်းကြမ်းတို့ဖြင့် ခတ်စပ်စပ်ကလေး ဆွပေးလိုက်လျှင် ရှင်ဂေါတမအမူအယာပြောင်းလာမည်လား၊ လေသံ ပြောင်းလာမည်လားဟု ဝေရဉ္ဇာကြီး ထင်မှတ်ဆဲရှိသေးသည်။

## အကိရိယ

ထို့ကြောင့် ''ရှင်ဂေါတမ ။ ။သို့ဆိုလျှင် ရှင်ဂေါတမ၏ ဝါဒဟူသည် ဤလောက၌ ဘာမျှလုပ်ဖို့ မလိုတော့သော 'အကိရိယ'ဝါဒရှင်ပေတကား''ဟု စွပ်စွဲလိုက်ပြန်သည်။

အကိရိယဝါဒဟူသည် မိစ္ဆာဒိဋ္ဌိဝါဒဆိုးတစ်ရပ်ဟု သတ်မှတ်ကြသည်။ ယင်းဝါဒ ဆိုးဖြင့် စွပ်စွဲစမ်းဝါးလိုက်ခြင်းဖြစ်သည်။

''ဒကာကြီး ဥဒယ ။ ။ ငါဘုရားသည် အကိရိယဝါဒရှင် မှန်ပါပေ၏။ သို့သော်–''

အလို အကိရိယဝါဒရှင်ဟု ဝန်ခံပါတကားဟု ဝေရဉ္ဇာကြီး အံ့အားသင့် သွားသည်။ သို့သော် ''သို့သော်''ဆိုသော စကားဆက်က ကျန်ပေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



''သို့သော် – ငါဘုရား၏ အကိရိယဝါဒဟူသည်ကား ငါဘုရားသည် ကိုယ်ဖြင့် ပြုအပ်သော သူ့အသက်ကို သတ်ဖြတ်ပုတ်ခတ်ညှဥ်းဆဲမှု၊ သူတစ်ပါး ပစ္စည်းဥစ္စာကို ခိုးယူဖို့အပထား၍ လုည့်ပတ်အပ်သော ပရိယာယ်မာယာဖြင့်ပင် ရယူမှုတို့ကို လည်းကောင်း၊ ကာမေသုမိစ္ဆာစာရကို ထား၍ မ–နှင့် စပ်သမျှ မလျော်အပ်သော တစ်စိုးတစ်စိမျှကိုလည်းကောင်း၊ စွန့်ပယ်အပ်ပြီးကုန်၏''

''နှုတ်အားဖြင့် မမှန်သောစကား၊ ပြိန်ဖျင်းသေးနုပ်သော စကား၊ ကြမ်းတမ်းသော စကား၊ အကျိုးမရှိသော စကားတို့ကို မပြောတော့ပြီ။ စိတ်အားဖြင့်လည်း မလိုတမာ ကြံစည်မှု၊ စိတ်ယောက်ယက်ခတ်မှုနှင့် လွဲမှားသော အယူတို့ကို ပယ်အပ်ပြီးပြီ။ ထို့ကြောင့် အကိရိယဝါဒရှင် မှန်ပါပေ၏''

## ဥစ္ဆေဒ

''ထားပါတော့၊ ဒီလိုဆိုရင် ရှင်ဂေါတမဟာ လောကရဲ့ အစဉ်အလာတွေကို ပယ်ခွာ ဖြတ်တောက်သူဖြစ်၍ ''ဥစ္ဆေဒဝါဒ''သမားလို့ဆိုရတော့မှာပေါ့''

''ဆိုနိုင်ပေ၏ ဥဒယ ။ ။ အကြောင်းမှုကား ဘုရားသည် ရာဂစသော အကုသိုလ်တရားအားလုံးကို ဖြတ်တောက်ပြီးသူဖြစ်သည်''

ဘုရားရှင်ကို ရွှေဥဒေါင်းကြီး သဏ္ဌာန် ဥပမာထား၍ ဝေရဉ္ဇာက ဒေါင်းဖမ်း တောမုဆိုးကြီးပမာဆိုကြပါစို့။ မုဆိုးက ဥဒေါင်းကို သူ၏ကျော့ကွင်းများဖြင့် တစ်ကွင်းပြီးတစ်ကွင်း ပစ်၍ဖမ်းသည်။ ဥဒေါင်းက တိမ်းကာသိကာဖြင့်ရှောင်သည်။ တိမ်းပုံရှောင်ပုံများမှာ ပြေလည်လှပသည်။ မှန်သောအချက်များဖြင့် လှပစွာ တိမ်းရှောင် သည်။ ထို့ကြောင့် ပျော်စရာကောင်းလာသည်။ ဝေရဉ္ဇာကြီး အလိုရှိသော အပေးအယူ ညီညွတ်စွာ ဆွေးနွေးမှု သာမဂ္ဂီရသအဖြစ်သို့ ရောက်မှန်းမသိ ရောက်လာသည်။

နိပါတ်တော်တွင်လည်း ဘုရားအလောင်းတော် ဥဒေါင်းမင်းကို ကျော့ကွင်းဖြင့် ဖမ်းခဲ့သောဖြစ်ရပ် အထင်အရှားရှိ၏။ အလောင်းတော်က ပညာမစုံ ကိလေသာ မကုန်သေးသော ဘဝတွင် ဒေါင်းပျိုမလေး ပရိယာယ်ကြောင့် အမိခံခဲ့ရသော်လည်း ဘုရားရှင်ကိုမူကား မည်သည့်ပရိယာယ်နှင့်မျှ ဖမ်း၍မမိနိုင်ပါကားဟု ဝေရဉ္ဇာကြီး စဉ်းစားသည်။ ရှင်ဂေါတမနှင့်မျှ ဆွေးနွေးရသည်မှာ ပျော်ဖွယ်ရာကောင်းလာ၏။ သူ့အသံ ပြေပြစ်လာပြီ။ သူ့မျက်နှာချိုလာပြီ။

သို့သော် တစ်ကွင်းမမိ တစ်ကွင်းမိဆိုသကဲ့သို့ ပြင်ဆင်ထားသော စိတ်ကူး ကျော့ကွင်းလေးကွင်းကျန်နေသေး၏။ မမိကာမှ နေရော့၊ ကျော့ကွင်းကုန်အောင်တော့ ပစ်ဖမ်းလိုက်ဦးမှ။

www.burmeseclassic.com

www.burmeseclassic.com



ဝေရဉ္စာကြီး၏ စွပ်စွဲချက်များကို "ကျော့ကွင်း" ပမာထား၍ လှလှပပသုံးလိုက်သော်လည်း စင်စစ်သော်ကား အကိရိယ၊ ဥစ္စေဒစသော ဝေါဟာရများသည် မနှစ်လိုသော ဆန့်ကျင်ဖက်တစ်ယောက်ကို ဆဲရေးသော ဝေါဟာရများဖြစ်ကြ၏။ ထို့ကြောင့် ပိဋကတ်တော်က ဝေရဉ္စာကြီး၏ စွပ်စွဲချက်များကို အဆဲစကားများ (အက္ကောသ)ဟု သုံးသည်။

ဆဲသည်ဆိုရာ၌ ဆဲပုံဆဲနည်း ဝေါဟာရ အနုအရင့် အဆင့်ဆင့်ရှိ၏။ လူမိုက်လူညံ့များသည်သာ မအေ နှမစသည်ဖြင့်လည်းကောင်း၊ ကိုယ်တွင်းရှိ ပစ္စည်းများဖြင့်လည်းကောင်း၊ ယုတ်ညံ့စွာ ဆဲရေးတတ်၍ လူလိမ္မာလူယဉ်ကျေး ပညာရှိများသည်ကား ညင်ညင်သာသာ ပညာဖြင့်သာ ဆဲရေးလေ့ရှိကြသည်။

အက္ကောသဘာရဒွါဇခေါ် အဆဲဝိဇ္ဇာကြီးသည် ဘုရားရှင်အား ဆဲနည်းပေါင်း ထောင်သောင်းဖြင့် တစ်နေ့လုံးလိုလို ထိုင်၍ဆဲရေးခဲ့ဖူး၏။ သို့သော် သူ့ဆဲပုံ ဆဲနည်းများသည် သည်းမခံနိုင်တတ်သော တစ်ဘက်ပညာရှိအဖို့ နာဖွယ်ရာတို့ ဖြစ်နိုင်သော်လည်း သာမန်လူတို့အတွက်မူ မကြမ်းတမ်းလှပါ။

ဥပမာအားဖြင့် "ဗိုင်းတာမ – သား"ဟူသော ရှေးလူယဉ်ကျေးတို့၏ ဆဲနည်း တစ်မျိုးရှိ၏။ အဓိပ္ပာယ်မှာ ဗိုင်မငင်တတ် ယက်ကန်းမတတ်သော မိခင်၏ သားဟူ၍ ဖြစ်၏။ ယောက်ျားကလေးမှာ ပညာတတ်၍ မိန်းကလေးများ ယက်ကန်းတတ်ရမည် ဟူသော ယူဆချက် ရှေးအစဉ်အလာ ရှိသည်။

## စက်ဆုပ်သူ

"ရှင်ဂေါတမ"

အိုဂေါတမမှ ရှင်ဂေါတမဟု အခေါ်ပြောင်းလာပြီ၊ ဝေရဉ္စာကြီး သိမ်မွေ့နူးညံ့လာပြီ။ ရှင်ဟူ၍ အသိအမှတ်ပြုလာပြီ။

"ရှင်ဂေါတမ ။ ။ မည်သို့ဆိုစေ၊ ရှိခိုးခြင်း အရိုအသေပြုခြင်းတို့ မည်သည် အမျိုးကောင်းသားတို့၏ မွန်မြတ်သော အလေ့အကျင့်ဖြစ်ပါသည်။ ထို အလေ့အကျင့်ကို ရှင်ဂေါတမက စက်ဆုပ်ရွံရှာတော့သယောင် ဖြစ်နေ၏။ ထို့ကြောင့် ရှင်ဂေါတမကို "ဇေဂုစ္ဆီ"ကောင်းရာကောင်းမှုကို စက်ဆုပ်ရွံ့ရှာသူဟု ခေါ်ရတော့မည်"

"ခေါ်နိုင်ပါ၏။ ဒါယကာကြီး ဥဒယ ။ ။ အကြောင်း မူကား ငါဘုရားသည် မကောင်းမှု အကုသိုလ် မှန်သမျှကို စက်ဆုပ်သူဖြစ်ပါသည်"

www.burmeseclassic.com

www.burmeseclassic.com



## ဝေနယိက

''ရှင်ဂေါတမ ။ ။ ရှင်ဂေါတမသည် လောက၌ အမွန်အမြတ်ဟု သတ်မှတ်အပ်သော ရှိသေလေးစားမှုကို ပယ်ဖျောက်သူဖြစ်၍ ဤသို့မပြုသင့် မပြုအပ်ဟု ဆုံးမခံထိုက်သေးသူ ''ဝေနယိက''ဖြစ်သည်မဟုတ်ပါလော''

''ဥဒယ ။ ။ဝေနယိကဟူသည် ဆုံးမခံထိုက်သူသာမဟုတ်၊ ဆုံးမသူကိုလည်းခေါ်သည်။ ငါဘုရားသည် ရာဂ ဒေါသ စသည်တို့ဖြင့် လိမ်းကျံအပ်သော သတ္တဝါတို့အား ငြိမ်းအေးမှုကို ရစေအောင် တရားဟောပြ ဆုံးမသူဖြစ်သည်။ ထို့ကြောင့် ငါဘုရားကို ဝေနယိကဟုလည်း ခေါ်နိုင်ပါ၏။

ဝေရဉ္စာပြာဟ္မဏကြီးအဖို့ ဘုရားရှင်နှင့် မတွေ့မီကပင် ဘုရားရှင်၏ အရဟံအစ ဘဂဝါအဆုံးရှိသော ဂုဏ်တော်များသတင်းကို လေးစား အပ်သောသူတို့ထံမှပင် အထပ်ထပ်ကြားသိခဲ့ပြီးဖြစ်သည်။ ထိုသတင်း၏ ဆွဲဆောင်မှု အစွမ်းအဟုန်ကြောင့်ပင်လျှင် ယခုကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ ရောက်လာခြင်းဖြစ်၏။

ဘုရားရှင်နှင့် တွေ့ဆုံ၍ ကြည်ညိုဖွယ်ကောင်းသော စက္ခုဒဿနာ အမြင်အတွေ့မျှဖြင့်ပင် ဂုဏ်တော်များကို သဘောကျခဲ့ပြီးဖြစ်၏။ တစ်ဖန်သောတဒဿန အသံတော်နှင့်တရားတော်ကို ဆွေးနွေးမိကြသောအခါ ပို၍သဘောကျသည်။

မိမိက အကိရိယဝါဒဖြင့် စွပ်စွဲရာ၌ ပြန်လည်မိန့်ကြားသော အဖြေကို ကြားရသောအခါ အရဟံဂုဏ်တော် သုဂတဂုဏ်တော်တို့ကို သတိရသည်။ ယခု ဝေနယိကဖြင့် စွပ်စွဲရာ၌ ပြန်လည်ဖြေကြားပုံကို ကြားရသောအခါ အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်ကို သတိရသည်။

အသိခေါက်ခက် အဝင်နက် ဆိုသကဲ့သို့ မိမိကိုမကြိုဆိုမှုကလေးမျှဖြင့် မာန်ခု နေမိ၍သာ စွပ်စွဲမှုဝေါဟာရမျိုးစုံဖြင့် စွပ်စွဲနေခြင်းဖြစ်သည်။ သက်ရွယ်ယွင်းယို အဘိုးအိုကြီး ဖြစ်သည့်ပြင် ယခုလိုပညာရှိမျိုးနှင့်ကြုံလျှင် ပြောချင်စရာစကားတွေကလည်း ရှိနေ၍သာ ပြောနေခြင်းဖြစ်သည်။

စိတ်ကူးနှစ်ချက်ကျန်သေးသည်။ ရှင်ဂေါတမ မည်သို့ ပြန်ဖြေမည်နည်း။ ရှင်ဂေါတမအဖြေကို ကြားချင်လှသည်။ နှစ်သက်လှသည်။

## တပဿီ

''ရှင်ဂေါတမ ။ ။ မဟာပြဟ္မာကြီးကတောင် ရှိခိုးဦးတိုက် ရသူဆို၍ ရှင်ဂေါတမက လူကြီးများအပေါ် ရှိသေလေးစားမှုကို စွန့်ပယ်ထားသည်ဆိုသော်လည်း၊ ကျွန်ုပ်တို့

www.burmeseclassic.com



သက်ကြီးရွယ်အိုအဖို့မူ သိတတ်သူများ၏ ရှိသေကိုင်းရှိုင်းမှုကို ခံရသောအခါ အလွန်နှစ်သက်ကြပါသည်။ ရွှင်လန်းကြရပါသည်။ ရိုသေသမှုမပြုသူတို့နှင့် ယခုလို တွေ့ကြုံရလျှင်မူကား ကျွန်ုပ်တို့ သက်ကြီးရွယ်အိုတို့အဖို့ ဆင်းရဲပူလောင်ကြရပါသည်။ ထို့ကြောင့် ရိုသေမှုမပြုသော ရှင်ဂေါတမသည် သက်ကြီးရွယ်အိုတို့ နှလုံး မသာယာအောင် ညှဉ်းဆဲရာရောက်သောကြောင့် ရှင်ဂေါတမအား ''တပဿီ'' ညှဉ်းဆဲ လောင်မြိုက်သူဟု စွပ်စွဲလိုပါသည်''

''မြို့စားကြီး ။ ။ ငါဘုရားသည် လေးသချေ်္ခနှင့် ကမ္ဘာတစ်သိန်း ကျင့်သုံးအပ်သော အကုသိုလ်တရားတို့ကို လောင်မြိုက်စေခဲ့သည်တို့ကို ထားဦး၍ တောထွက်တော်မူရာ ဥရုဝေလဗြဲပင်လျှင် အရိုးကျေကျေ အရေခန်းခန်း လောင်မြိုက်ပေခဲ့ပြီ။ ထို့ကြောင့် ငါဘုရားကို တပဿီ–မလိုအပ်သမျှ အကုသလမွေတို့ကို လောင်မြိုက်စေသည်ဟု ခေါ်နိုင်ပါသည်''

အရိုအသေပြု မခံရသည်ကြောင့် ဘုရားရှင်အား ပညာရှိ ဆဲရေးနည်း စွပ်စွဲဆဲရေးခဲ့သည်မှာ ခုနစ်ကြိမ်ရှိပြီ။ သာမန်ပညာရှိချင်းသာဆိုလျှင် အလွန်နာဖွယ်ကောင်းသည်။ ရှင်ဂေါတမကား နည်းနည်းကလေးမျှ နကမွတိ။ စွပ်စွဲသမျှကို တုံ့ပြန်ဖြေဆိုချက်များမှာလည်း လေးနက်ပြေပြစ်လှသည်။ မိမိက လောကအရေးဖြင့် ပြဿနာတင်သည်ကို ရှင်ဂေါတမက မွေအရေးဖြင့် ပြန်လည်ဖြေရှင်းသည်။ လေးစားအပ်သော အဖြေများဖြစ်၏။

အချိန်ရှိတိုင်းလိုလိုတွင်ပင် ဘုရားရှင်၏ မျက်နှာတော်ကို ဖူးမြော်ကြည့်မြင်၍ မခံသာမှုအသွင် ပြောင်းလေမည်လားဟု အကဲခတ်သည်။ နည်းနည်းကလေးမျှ မပြောင်းလဲ။ ကဲ–သည်တစ်ခါတော့ နောက်ဆုံးအချီအဖြစ် ခပ်စပ်စပ်ကလေး စွပ်စွဲကြည့်လိုက်ဦးမည်ဟု မောင်းတင်လိုက်သည်။

## အမိညွှံ့သူ

''အို–ရှင်ဂေါတမ ။ ။ လူကြီးသူမများကို ရိုသေရမှုကလေးမျှလောက်ဖြင့် ဤမျှ ငြင်းပယ် အဖြစ်သည်းနေရပုံကိုထောက်လျှင် ရှင်ဂေါတမကို မွေးဖွားပေးခဲ့သော မိခင်သည် ညံ့ခဲ့လေစွတကား။ မကောင်းသော မိခင်ဝမ်းတိုက်မှ မွေးဖွားခဲ့လေယောင်တကား။ သို့ဆိုလျှင် ရှင်ဂေါတမ၏ အနာဂတ်အဖို့ နတ်ပြည် ဗြဟ္မာ့ပြည်ဝေး၍ သုဂတိဘုံဘဝ ရင်းစားပြန်ရဖို့ပင် ခက်ခဲလေယောင်တကား။

ရှန့်ရင်းကြမ်းတမ်းလေစွ၊ တိုက်ရိုက်ဆဲ၍ နာပုံမပေါ်သောကြောင့် မိခင် (မယ်တော်) အထိ 'ကိုင်'လိုက်သည်။ ကဲ–ရှင်ဂေါတမ၊ မတုန်လှုပ်ဘဲနေနိုင်ဦးမလား။ သူတို့ခေတ်တွင် အကြမ်းဆုံးသော အမျိုးခိုက်ဆဲရေးနည်းပင် ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို စိတ်ဆိုး၍ ''ကျွန်မသား''ဟုဆဲရာ၌ အမိကစ၍ အမျိုးညံ့ပုံကို ပြလျက်ဆဲခြင်း ဖြစ်သကဲ့သို့ ဘုရားရှင်ကိုလည်း စိတ်ဆိုး၍ ''အပဂဗ္ဘော-အမိဝမ်း၌ ယုတ်ညံ့သော ပဋိသန္ဓေနေရခြင်းရှိသူ''(ကျွန်မသား)ဟု အမိကစ၍ မစင်ကြယ်ကြောင်းကိုလည်းကောင်း၊ ယုတ်ညံ့သော ပဋိသန္ဓေ နေခဲ့ရကြောင်းကိုလည်းကောင်းပြလျက် ဆဲသည်။

ပါရာဇိကဏ်ဘာသာဋီကာ
ပ-စာ ၅၃၈။

သူတို့ခေတ်တွင် ''ကျွန်''ဟူသည် လူ့ဘဝအတွက် လူညံ့ လူငတုံး လူ့နောက်ဆုံး ဖြစ်၏။ ကျွန်ထီး-ကျွန်မမျှသာမက ကျွန်မသားပါဟု ဆိုလိုက်ခြင်းမှာ အမျိုးနှင့်ချီ၍ပင် အနစ်နာဆုံးသော ဆဲရေးနည်းဖြစ်သည်။ ကျွန်မ၏သားကို သပေါက် (သားပေါက်)ဟု ခေါ်သည်။ ဤသည်ကို ရည်၍ ရှေးလူကြီးများက ''သပေါက်မသား''ဟု စာလာ ပေလာဖြင့် ဆဲရေးတတ်ကြသည်။

ဝေရဉ္ဇာကြီးတို့ နတ်ပြည် ဗြဟ္မာ့ပြည်ဆိုသည်တို့လောက်ကို အဟုတ်ကြီး ထင်မှတ်ထားသူများဖြစ်ကြ၏။ သူတို့အယူဝါဒ သူတို့ဘဝပန်းတိုင်ကလည်း ဗြဟ္မာ့ပြည်လျှင် အဆုံးရှိ၏။ ထို့ကြောင့် ဘုရားရှင်အား နတ်ရွာသုဂတိနှင့် ကင်းဝေးမည့်သူဟုဆဲသည်။

အဆဲခံရခြင်းဟူသည် ဘုရားရှင်အဖို့ ရိုး၍ပင်နေပြီ။ အဆဲဝိဇ္ဇာကြီး အက္ကော သဘာရဒွါဇတို့က ဘုရားရှင်အား တစ်နေကုန် ဆဲရေးပုံကို ပြခဲ့ပြီးပြီ။ (ဗုဒ္ဓစာပန်းချီ 'အလံပြာဆရာကြီး'တွင်ကြည့်ပါ) ကောသမ္ဗီတွင် မာဂဏ္ဍီမိဖုရားက သူ့လူများကို ငွေပေး၍ ဘုရားရှင်နှင့်သံဃာတော်များအား ဆဲပွဲကြီးပြုလုပ်ပုံမှာကား အကြီးဆုံးဖြစ်၏။ (ဗုဒ္ဓစာပန်းချီ 'လှဂုဏ်ဝင့်သူ'တွင်ရှုပါ)။

ဤသည်ဤမျှလောက်တို့နှင့် နှိုင်းစာသော် ဝေရဉ္ဇာ၏ ဆဲမှုမှာ အဘယ်မှု ကောင်းအံ့နည်း။ စင်စစ်သော်ကား မည်သည့်လောကဓံ လေလှိုင်းဒဏ်ကြောင့်ပင်ဖြစ်စေ၊ မြူမှုန်မျှမတုန်လှုပ်တော့ သောတာဒိဂုဏ်ကို ဝေရဉ္ဇာကြီးနားမလည်။ နားမလည်၍ပင် ဘုရားရှင်တည်းဟူသော ဣန္ဒခီလကျောက်တိုင် ကျောက်တုံး သမာဓိခြေတော်ကို ခံနိုင်ရန် သော်ကောဟု နဲ့ကြည့်နေမိခြင်းဖြစ်ပေသည်။

ယင်းစွပ်စွဲဆဲရေးမှု၌ ဘုရားရှင်၏ တုံ့ပြန်မှုအဖြေမှာ ကြည်ညိုဖွယ်ကောင်းလှ၏။ မိခင်အကြောင်းကို ဘယ်သို့မျှ မိန့်တော်မမူတော့၊ မယ်တော်မာယာ၏ အမျိုးမြတ်ပုံ သန့်ရှင်းပုံကို ဝေရဉ္ဇာကြီး မကြားမသိလျှင်ရှိစေ၊ အများသိပင်ဖြစ်သည်။

''ဥဒယ ။ ။ စင်းစင်းစားစား နားထောင်ပေတော့၊ အကြင်ပုဂ္ဂိုလ်သည် နောင်အခါတွင် အမိဝမ်း၌ ကိန်းအောင်းခြင်းကိုလည်းကောင်း၊ ဘဝအသစ်ဖြစ်ခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း။ အတုမရှိ မြင့်မြတ်လှသော အရဟတ္တမဂ်ဖြင့် ပယ်ဖျက်အပ်ပြီးပေပြီ။ အရဟတ္တမဂ်ဖြင့် ပယ်ဖျက်ဖြတ်တောက်ပြီးသော ထိုပုဂ္ဂိုလ်အတွက် ဘဝအသစ်ဟူ၍ မရှိတော့ပြီ''

အဘယ်မျှ ကြည်ညိုဖွယ်ရာကောင်းပါသနည်း။ ကြည်ညိုဖွယ်ကောင်းဟန်ကား မယ်တော်နှင့်စပ်၍ ဆဲရေးပုံကို တစ်စုံတစ်ရာ မတုံ့ပြန်တော့။ မိမိသည် အနာဂတ်တွင် ပဋိသန္ဓေနှင့်စပ်၍ ပြဿနာမရှိတော့သည်ကို ''ငါဘုရားသည်'' သို့မဟုတ် ''မိမိ'' ဟူသော ဟူသော အတ္တနာမ်ကိုမသုံး အကြင်သူ၊ ထိုသူဟူသော ယေဘုယျနာမ်စား ဖြင့်သာ မိန့်တော်မူသည်။ ဝေရဉ္ဇာကြီးနားလည်နိုင်လျှင်လည်း လည်ပေတော့။

အဂ္ဂေါသဘာရဒွါဇကြီးတို့ဆဲကြစဉ်အခါတုန်းက သူတို့စိတ်ရှင်လန်း၍ တရားတော်ကို ဖြောင့်စွာနာကြားနိုင်စိမ့်သောငှာ ဟဿရသဖြင့် ပြန်လည်မိန့်ကြားခဲ့သည်။ မိန့်ဟန်ကား အကြင်သူတစ်ယောက်အား သင်တို့က လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာ ပေးသည်ဆိုကြပါစို့၊ ထိုသူက သင်တို့၏လက်ဆောင်ကို လက်မခံဘူးဆိုလျှင် ထိုပစ္စည်းသည် အဘယ်သူ၏ ပစ္စည်းဖြစ်မည်နည်းဟု မေးတော်မူသည်။ ဘာရဒွါဇတို့က ကျွန်ုပ်တို့၏ပစ္စည်းသာ ပြန်၍ဖြစ်ပါသည်ဟုဖြေသည်။ သို့ဆိုလျှင် သင်တို့၏ အဆဲ လက်ဆောင်ကိုလည်း ငါဘုရားလက်မခံပါ၊ သင်တို့ပစ္စည်းသာပြန်၍ ဖြစ်ပါစေတော့ ဟု မိန့်ကြားလိုက်သောအခါ ဘာရဒွါဇကြီးတို့ ပြုံးပန်းပွင့်ကာ တရားနာရ၍ တရားရှင် အဖြစ်သို့ ရောက်သွားကြသည်။

ဝေရဉ္ဇာကြီး၏ လက်ဆောင်ပစ္စည်းကိုတော့ လက်မခံသော်လည်း ပြန်၍ မပေးပါ။ တုံ့ဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းဖြင့်သာ သည်းခံတော်မူလိုက်သည်။

ဝေရဉ္ဇာသည် မိမိအထံသို့ မေတ္တာရှေးရှု၍ လာခဲ့သူဖြစ်၏။ တရားနာရန်မဟုတ် စေတော့၊ တရားဓမ္မအရေး ဆွေးနွေးရန် လာရောက်သူ ဖြစ်သည်။ စိတ်အလိုသို့ လိုက်လွန်းသူဖြစ်သော်လည်း ပညာရှိသည်။ သက်ကြီးမာန်ရှိနေသည်။ သူ့နေရာတွင် စိုးမိုးသူဖြစ်၍ စိုးမိုးမာန်ရှိနေသည်။ သို့သော် အကျိုးသင့်အကြောင်းသင့် တရားဟော လိုက်လျှင် သဘောပေါက်လိုက်နိုင်သူဖြစ်သည်။

## တရားဟောပြီ

ထို့ကြောင့်ဘုရားရှင်က နာကြားရန် အသင့်ရှိနေပြီဖြစ်သော ဝေရဉ္ဇာကြီးအား သူတို့ အထင်ကြီး အလေးထားသော ဗြာဟ္မဏတို့၏ ဇေဝိဇ္ဇာနှင့် စပ်လျဉ်း၍ ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခယတည်းဟူသော မိမိဝိဇ္ဇာသုံးပါး၏အနက် အဓိပ္ပာယ်တို့ကို အနုစိတ် ဖွင့်ဆိုဟောကြားတော်မူသည်မှာ ညဉ့်၏ ပဌမယံ၊ ညဉ့်ဦးယံကုန်သည်တိုင်မျှ ကြာမြင့်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်၏ တရားတော်ပြီးဆုံးကာ၊ တရားချ ရပ်နားလိုက်သည်နှင့် တစ်ပြိုင်နက် စိတ်ဆောင်လွန်းသူဖြစ်သည့်အတိုင်း ဝေရဉ္စာကြီးဖြစ်ပုံမှာ ရှေးဦးဖြစ်ရပ်များနှင့် ပြောင်းပြန် လုန်သွားသတည်း။

ပြောင်းပြန်လှန်သွားပုံကား ယခုကလေးတွင်ပင် ဘုရားရှင်အား အမျိုးကိုချိ သည်အထိ ဆဲနည်း ဝေါဟာရမျိုးစုံတို့ဖြင့် ဆဲဆိုရေရွတ်ပြီးသည်ကို၊ တရားတော်အား ကြားနာပြီးသည်နှင့်တစ်ပြိုင်နက် လည်ကိုစန့် ခါးကိုဆန့်ကာ သူ့နောက်ပါတပည့် အနည်းငယ်မျှရှိသည်ကို တစ်ကမ္ဘာလုံး ကြားလေရော့ဟု "ဟာရေး – အိုအချင်းတို့"ဟု ရှေးဦးစွာ အော်လိုက်သည်။

ထိုနောက်တွင်မူ "ဘုရားရှင်၏ တရားတော်ကား။ အတိက္ကန္တ – အလွန် အလိုရှိအပ်ပေစွ၊ အတိမနာပ–အလွန်မြတ်နိုးအပ်ပါပေစွ၊ အတိသုန္ဒရ – အလွန် ကောင်းပါပေစွ"ဟု အကြိမ်ကြိမ် အထပ်ထပ် ရွတ်ဆိုလိုက်သည်။ ဤမျှသာမကသေး။

ဘုရားရှင်၏ တရားတော်ကို ယခုလိုကြားနာကြရသော သူတို့အနက် လူနတ်ပြဟ္မာ သတ္တဝါမျိုးစုံတို့ ပါဝင်သည်တွင် အခြားသူများကိုထားပါတော့၊ သူနှင့် ရည်တူ တန်းတူ ပြာဟ္မဏ ဆရာကြီးတွေ များစွာရှိခဲ့သည်။

ယင်းပြာဟ္မဏကြီးများက ဘုရားရှင်၏ တရားတော်ကို နှစ်သက်၍ ချီးကျူးရာ၌ ပိတ်ထားသောအရာကို ဖွင့်၍ပြလိုက်သကဲ့သို့ မှောက်ထားသောအိုးကို လှန်၍ပြဘိ သကဲ့သို့ စသည်ဖြင့်သာ ဥပမာစကားဖြင့် လျှောက်ထားကြသည်။ ဝေရဉ္စာကား ဤမျှမက အချက်အလက်များစွာကို ထုတ်ဖော်အကြောင်းပြ၍ ချီးကျူးလျှောက်ထားသည်။ လျှောက်ထားဟန်ကား–

## ချီးကျူးမြီ

( ၁ ) "အရှင်မြတ်ဘုရား ။ ။ အရှင်မြတ်၏ တရားတော်သည် ရာဂဒေါသ စသောအပြစ်တို့ကို ပယ်ဖျောက်တတ်သည်၏ အဖြစ်ကြောင့် အလွန် အလိုရှိအပ်ပါပေစွ၊ အလွန်မြတ်နိုးအပ်ပါပေစွ၊ အလွန်ကောင်းမွန်လှပါပေစွ။"

( ၂ ) "အရှင်မြတ်ဘုရား ။ ။ အရှင့်တရားတော်သည် သီလ, သမာဓိ စသော ဂုဏ်ထူးတို့ကို ရစေ, သိစေအပ်သည်၏ အဖြစ်ကြောင့် အလွန်ကောင်းမွန် လှပါပေစွ၊ အလွန် အလိုရှိအပ်ပါပေစွ၊ အလွန်မြတ်နိုးအပ်ပါပေစွ။"

အို – ဂေါတမ ဟူသော အခေါ်မှ ရှင်ဂေါတမသို့ ပြောင်းလာသည်။ ယခုသော် အရှင်မြတ်ဟုပင် တက်လာပြီ။ ဘုရားဟူ၍ပင် ဝန်ခံလာပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဝန်မခံဘဲ မနေနိုင်တော့ပေ။ မိမိတို့၏ သမာဓိနယ်ပယ်မှ ပြဟ္မာအဖြစ်သို့ ရောက်ဖို့ရန်ပင်ဆိုဦးတော့၊ သမာဓိတရား ဈာန်လေးပါး၏ တရားတက်ပုံ မျိုးစုံကို မြူမှုန်မျှ မကျန်အောင် အနုစိတ်ဟောကြားသည်ကို ကြားနာရ၍ အလွန်နှစ်သက်လှသည်။

သမာဓိစခန်းမျှသောအဆင့်သည် ဘုရားရှင်ပွင့်တော်မမူမီ မှိုင်းမှုန်ပြာရီ ပဝေဏီကပင် ရှိနေခဲ့၏။ ယင်းသမာဓိကို ကျင့်သုံးကာ သမာဓိတန်ခိုးဖြင့် မြေလျှိုးမိုးပျံ နိုင်ကြသော ရသေ့-ရဟန်းများစွာကို တွေ့မြင်ကြားသိရသည်။

မိမိတို့အဖို့ကား - ယခု သေခါနီးအရွယ်တိုင်အောင် စမ်းဝါး၍ ကြိုးစားနိုင်သမျှ ကြိုးစားနေရဆဲဖြစ်၏။ ခရီးမရောက်။ မပြီးစီး။ အများအားဖြင့် အမှားနှင့်သာတွေ့၍ စမ်းဝါးနေရဆဲပင် ရှိသေးသည်။

ယခု ဘုရားရှင်က သမာဓိစခန်း၏ အဆင့်တက်ပုံများနှင့် သိနိုင်ခက်သော အချက်အလက်များပါမကျန် ဟောပြသည်ကို ကြားနာရသောအခါ အဘယ်မှာ မနှစ်သက် မတက်ကြွဘဲ ရှိနိုင်တော့အံ့နည်း။

တစ်ဖန် မိမိတို့နားမှ လေသံမျှ မကြားမနာရဖူးသေးသော ဝိပဿနာ ပညာစခန်းမှ တရားအချက်များကို ကြားနာရပြန်သောအခါ ဘယ်မှာ မချီးကျူးဘဲ နေနိုင်တော့အံ့နည်း။

တစ်ဖန် ရှင်တော်ဗုဒ္ဓ၏ စကားတော်-တရားတော်များမှ ကြားနာရစဉ် အချိန်မှစ၍ ကြားနာရသော စကားတိုင်း၊ ပုဒ်တိုင်း၊ ဝေါဟာရတိုင်း၌ပင် ဖရိုဖရဲမရှိ၊ အလွန်တိကျ ပြည့်စုံလှ၏။ မွန်ရည်လှ၏။ ဤအချက်ကို မိမိသည်လည်း တပည့်ပေါင်းများစွာကို သင်ကြားနေရသော ဆရာကြီးတစ်ဆူဖြစ်သည့်အတိုင်း သိ၏။

လောက၌ စကားပြောကြသည်ဆိုရာဝယ် လူသာမန်တို့ မဆိုထားဘိ၊ အချို့ ပညာရှိဆိုသူများပင် ဖရိုဖရဲနိုင်လှသည်။ အပိုအလိုတွေပါသည်။ စကားအရာ သဒ္ဒါ စည်းကမ်းပျက်သည်။ ဘုရားရှင် စကားတော်များကတော့ အကြောင်းအရာကိုထားဦး၊ စကားတော်သက်သက်ကပင် အပိုအလိုမရှိ၊ တိကျလှသောကြောင့် နားဝင်ဆိမ့်သည်။ ထို့ကြောင့် -

"အရှင်မြတ်ဘုရား ။ ။ အရှင်မြတ်၏ တရားတော်သည် သဒ္ဓါတရားကို တိုးပွားစေတတ်သောကြောင့်လည်းကောင်း၊ ပညာကို ပွားစည်းစေတတ်သောကြောင့် လည်းကောင်း၊ စကားလုံးတိုင်းမှာ အနက်အဓိပ္ပာယ်နှင့် ပြည့်စုံလှသောကြောင့် လည်းကောင်း၊ သဒ္ဒါစည်းကမ်းနှင့် ကိုက်ညီလှသောကြောင့်လည်းကောင်း၊ ကြားနာသူ နားဝင်အောင်ပေါ်လွင်သော ဝေါဟာရများဖြင့် ဟောကြားနိုင်သောကြောင့်လည်းကောင်း၊ ပေါ်လွင်ရုံမျှ သာမဟုတ်၊ နက်နဲသော အဓိပ္ပာယ်နှင့် ပြည့်စုံလှသောကြောင့်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



နား၏ချမ်းသာမှု နားဝင်ချိုလှသောကြောင့်လည်းကောင်း၊ နှလုံးအသည်း စွဲလောက်သောကြောင့်လည်းကောင်း အလွန်မြတ်နိုးအပ်ပါပေစွ၊ အလွန်ကောင်းလှပါပေစွ၊ အလွန်အလိုရှိအပ်လှပါပေစွ။''

စကားပြော၊ တရားဟောကြသည်ဆိုရာ၌ စကားစကား ပြောပါများ စကားထဲက ဇာတိပြ ဆိုသကဲ့သို့ ပြောသူဟောသူသည် မိမိကိုယ်ကို ချီးမြှောက်၍ သူတစ်ပါးကို ရှုတ်ချသံများ ပါလာတတ်သည်။ သာမန်လူတို့ မဆိုထားဘိ၊ ပညာရှိအမည်ခံသူများပင်လျှင် မိမိကိုယ်ကို မသိမသာ မာယာလုပ်၍ကောက် မြှောက်မြှောက်ပင့်ပင့်လုပ်၍ သူတစ်ပါးကို မသိမသာ မာယာပြစ်တင် ယဉ်ယဉ်ကလေးနှင့် ရှုတ်ချတတ်လေ့ရှိကြသည်။

ဤအချက်ကို ဘုရားရှင်နှင့်တွေ့စဉ်ကပင် ဝေရဥ္စာကြီးသတိထား စောင့်ကြည့်ခဲ့၏။ ရှင်ဂေါတမဟာ ငါတို့ကို အဘယ်လိုရှုတ်ချ၍ သူ့ဝါဒကို ဘယ်လိုဖန်းတင်မလဲ။ သို့သော် ရှင်ဂေါတမ၏ စကားတော် တရားတော်တွင် ဤအချက်နှင့်စပ်၍ ဆံခြည်မျှမှုန်မျှ မတွေ့ခဲ့ရ။ ဤအချက်ကိုလည်း ဝေရဥ္စာကြီး ကြည်ညိုလှ၏။ ထို့ကြောင့် –

''အရှင်မြတ်ဘုရား ။ ။ အရှင်မြတ်၏ တရားတော်များတွင် မိမိကိုယ်နှင့် မိမိဝါဒကို မြှောက်ပင့်သံဟူ၍ ဆံခြည်မျှ မကြားရသောကြောင့်လည်းကောင်း၊ သူတစ်ပါးအား ရှုတ်ချပြစ်တင်ပုံကို မြူမှုန်မျှမတွေ့ရသောကြောင့်လည်းကောင်း အလွန်နှစ်သက်ဖွယ် ကောင်းလှပါပေစွ''

ဝေရဥ္စာကြီး အထူးကြည်ညို အံ့ဩသည်မှာကား မိမိက ဤရွေ့ဤမျှ လောက်သောစကားကြမ်းတို့ဖြင့် နှိပ်နယ်ပြောဆိုမိပါလျက် ဘုရားရှင်တွင် စိုးစဉ်းမျှ မတုန်မလှုပ်၊ သည်းခံနိုင်စွမ်းသောဂုဏ်တော်ကိုပင် ဖြစ်ပေ၏။ ထို့ကြောင့် ဤအချက်ကိုဖြင့် အထူးပြု လျှောက်ထားလိုက်ရသည်။

''အရှင်မြတ်ဘုရား ။ ။ အရှင်မြတ်အား တပည့်တော်က နည်းမျိုးစုံဖြင့် နှိပ်နယ်ပုတ်ခတ် ပြောဆိုအပ်သည်ကို အရှင်မြတ်သည် ကျောက်တိုင် ကျောက်သားကဲ့သို့ အနည်းငယ်မျှမလှုပ်ရှားဘဲ သည်းခံနိုင်မှုကဖြင့် တပည့်တော် အံ့လို့မဆုံး ချီးကျူး၍မဆုံးပါ။ အရှင်မြတ်သည် တပည့်တော်အား သည်းခံပြီးဖြစ်သော်လည်း တပည့်တော် ပြစ်မှားမိသည်များကို သည်းခံတော်မူပါဘုရား''

ဘုရားရှင်က ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံတော်မူ၏။ ထို့နောက်တွင်မှ သူတကာ ပြောရိုးဥပမာဖြင့် ဘုရားရှင်အား ချီးကျူးရှိခိုးသည်။ သို့သော် ဉာဏ်ပွား၍ စိတ်လှုပ်ရှားသူဖြစ်သည့်အလျောက် သူတကာထက် ထူးအောင်တော့ လျှောက်ထားသည်။

အရှင်မြတ်ဂေါတမ ။ ။ အရှင်မြတ်၏ တရားတော်သည် မှောက်နေသော အိုးခွက်ကို လှန်ပြရာသကဲ့သို့ – သူတော်ကောင်းတရားမှ မျက်နှာလွှဲကာ မသူတော်တို့၏

www.burmeseclassic.com



တရား၌ တည်ခဲ့သော တပည့်တော်ကို ယင်းမသူတော်တို့ တရားမှ ထစေတော်မူ၍၊

မြက်သစ်ရွက် အစရှိသည်တို့ဖြင့် ဖုံးလွှမ်းအပ်သော အရာဝတ္ထုကို ဖွင့်ပြသကဲ့သို့ – ကဿပဘုရားရှင်၏ သာသနာတော် ကွယ်ရာအခါမှစ၍ မိစ္ဆာဒိဋ္ဌိတည်းဟူသော တောရှုပ်သည် ဖုံးထားအပ်သော တရားတော်ကို ဖွင့်ပြတော်မူသည်လည်းဖြစ်သော–

တွေဝေလမ်းမှား၍ နေသောသူအား လမ်းဖြောင့် လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ စက်ဆုပ်အပ်သော လမ်းခရီး မှားယွင်းသော လမ်းခရီး၌ သွားနေတတ်သော တပည့်တော်အား သမာဓိ တရားတည်းဟူသော နတ်ပြည်လမ်း ဝိပဿနာပညာ တရားတည်းဟူသော နိဗ္ဗာန်လမ်းကို ဟောပြတော်သည်လည်း ဖြစ်သော –

အမိုက်မှောင်အတွင်း၌ ဆီမီးတန်ဆောင်ကို ညှိထွန်းဆောင် ပြဘိသကဲ့သို့ မောဟတည်းဟူသော အမိုက်တိုက်၌ နစ်မြုပ်နေသည်ဖြစ်၍ ဘုရားအစရှိသော ရတနာသုံးပါးတည်းဟူသော အဆင်းတို့ကို မမြင်ရသော တပည့်တော်အား ထိုအဆင်း ထိုတရားတို့ကို ဖုံးလွှမ်းထားသော မောဟတည်းဟူသော အမိုက်မှောင်ကို ဖျက်ဆီးအပ်သော ဒေသနာတော်အရောင်ကို ဆောင်ပြတော်မူသည်လည်း ဖြစ်သော–

''အရှင်မြတ်သည် တပည့်တော်အား တစ်ပါးမက များလှစွာသော တရားပရိယာယ်တို့ဖြင့် ထင်ထင်ရှားရှား ပြတော်မူအပ်ပါပေပြီဘုရား''

ပိဋကတ်အနက်အတိုင်း ဝေရဉ္ဇာကြီးက ဘုရားရှင်အား လျှောက်ထားပုံဖြစ်၏။ ဝေရဉ္ဇာကြီးအား ဉာဏ်ပွား၍ စိတ်လှုပ်ရှားလွယ်သူဟု အထက်တွင် နှစ်နေရာ ဖော်ပြခဲ့သည်။ စိတ်လှုပ်ရှားလွယ်ဟန်ကား ဘုရားနှင့်တွေ့စဉ် မိမိအလို ဆန္ဒမပြည့်ဝသည်ကို ပညာရှိဟန်ဖြင့် အောင့်အည်း မျိုသိပ်၍မှု မထားဘဲ ရန့်ရင်းသော စကားမျိုးစုံဖြင့် ဆန့်ကျင်ဘက်လုပ်က၊ မိမိဆန္ဒပြည့်ဝ သဘောကျပြီ ဆိုပြန်တော့လည်း ဉာဏ်မီသမျှတို့ဖြင့် အားရပါးရ ချီးကျူးသည်။

တစ်ဖန်၊ တရားကောင်း စကားကောင်းတစ်ချက် ကြားနာလိုက်ရ၍ အလင်းပွင့်သွားသည်ဆိုလျှင် မှောက်ထားသောအိုးကို လှန်ပြဘိသကဲ့သို့ဟူသော ဥပမာ သူတို့ပညာရှိလောကတွင် ပြောရိုးပြောစဉ် ဥပမာတစ်ရပ်မျှဖြစ်၏။ သို့သော် သူကမူ ရိုးရိုးစိုက်စိုက်မျှမပြောဘဲ သူ့မူရင်းအယူတရားကို မသူတော်တို့တရား၊ လမ်းမှားနေသောတရားအဖြစ် ရှုတ်ချပြောဆိုသည်။ ချစ်လုံးလုံး မုန်းလားလား သဘောထားရှိသူဟု ဆိုရပေမည်။

နောက်ပိုင်းတွင် ဝေရဉ္ဇာကြီး စိတ်လှုပ်ရှားလွယ်ပုံကို တွေ့ရဦးမည်ဖြစ်၏။ သူ့ စိတ်အညှာလွယ်ပုံကို ဤမျှဖော်ပြနေသည်မှာ ဘုရားရှင်အား ဘုရားမဖြစ်မီနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား ဖြစ်ပြီးသည့် အချိန်မှစ၍ နေရာတကာတွင် လိုက်လံနှောင့်ယှက်နေသော မာရ်နတ်ဆိုသည့် နတ်ဆိုးကြီးက ဝေရဉ္ဇာကြီးသည် ဘုရားရှင်ကိုမေ့အောင်၊ သာမန်မေ့ရုံမျှ မဟုတ်၊ ဝါတွင်းသုံးလတိုင်တိုင် မေ့လျော့နေလေအောင် ပြုလုပ်တော့မည်ဖြစ်ရာ၊ မာရ်နတ်က ဝေရဉ္ဇာကို ပွဲထဲကလို မေ့စေ–ဟု ဆိုရုံမျှဖြင့် မေ့လေသလား၊ မေ့စေနိုင်လောက်သော ဗျာပါရတို့ဖြင့် လွှမ်းမိုးဖိုင်းအုံထားသောကြောင့် မေ့လေသလား မသိ၊ သုံးလတိုင်တိုင် မေ့နေလိုက်သည်ကတော့ အမှန်ပင်ဖြစ်၏။

ဆိုလိုသည်မှာ ဝေရဉ္ဇာ၏ စိတ်ထားသည် အရွေ့အပြောင်း လွယ်ကူသော စိတ်ထားမျိုးဟု အကဲဖြတ်ရသည်။ စိတ်ဆိုးစရာရှိလျှင် လွယ်လွယ်ဆိုး၊ ပျော်စရာရှိလျှင် လွယ်လွယ်ပျော်၊ မေ့စရာရှိလျှင် လွယ်လွယ်မေ့တတ်သော စိတ်ထားမျိုးဟု အကဲဖြတ် ရကြောင်း ဖော်ပြလို၍ ဖြစ်သည်။

ယခု လောလောလတ်လတ်မှုကား ဘုရားရှင်အား ကြည်ညိုလေပြီ၊ ကြည်ညိုပုံ ဖွဲ့ဆိုသည်မှာလည်း သူတကာနှင့်မတူ တစ်မူခြား၍ သူတကာထက် ခေါင်းတစ်လုံး သာအောင် ကြည်ညိုသည်။

## ကြည်ညိုထူး

ကြည်ညိုပုံလျှောက်ထားဟန်ကား "တပည့်တော်သည် အရှင်မြတ် ဂေါတမကို ဆည်းကပ်ပါ၏။ (သူတကာလို ဗုဒ္ဓံသရဏံ ဂစ္ဆာမိ 'မဟုတ်' ဘဂဝန္တံ ဂေါတမံ ဂစ္ဆာမိ'ဟူ၏။) အရှင်မြတ်ဂေါတမသည် တပည့်တော်၏ ကိုးကွယ်ရာပါတည်း။ လဲလျောင်း ရာပါတည်း။ အရှင်မြတ်သည် တပည့်တော်အား ယနေ့မှအစပြု၍ အခြားဆရာမရှိသော အရှင်မြတ်၏ ဥပသကာဟူ၍ မှတ်ယူတော်မူပါ"ဟူ၏။

တပည့်တော်အား အရှင်မြတ် ဥပသကာဟူ၍ မှတ်ယူတော်မူပါဟု လျှောက်လိုက် လျှင် လုံလောက်ပြီဖြစ်၏။ အစဉ်အလာအားဖြင့် သူ့အလားတူ ဗုဒ္ဓဝါဒသို့ ကူးပြောင်း လာသူတို့သည် ဥပသကာဟုတ်မှတ်ယူတော်မူပါဟု လျှောက်ထားကြသည်သာများ၏။ သူကမူ ဘုရားရှင်ဘက်သို့ ကူးပြောင်းခြင်းဖြင့် ရှိရင်းစွဲအယူကို ကန့်လိုက်သည်။ ကန်လိုက်သည်။ ချစ်လုံးလုံး မုန်းပြတ်ပြတ် စိတ်ထားမျိုး။

သူ့အလားတူပင် ဘုရားရှင်ဘက်သို့ ကူးပြောင်းလာသော အခြားနာမည်ကျော် ပြာဟ္မဏကြီးများစွာရှိသည်။ သို့သော် အချို့မရဲတရဲကူးပြောင်း၍ အချို့မရှင်းမရှင်း ကူးပြောင်းသည်။ မရဲတရဲ ကူးပြောင်းပုံမှာ ဘုရားရှင်တပည့်ဖြစ်သည်ဆိုလျှင် သူ့ဆိုင်ရာ ဝန်းကျင်၏ အကဲ့ရဲ့ခံရမည်ကြောင့် တိတ်တိတ်ပုန်းကူးပြောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



မရှင်းမရှင်း ကူးပြောင်းဟန်ကား နှစ်ဦးချင်းတွင် အရှင်ဘုရားကို(ကိုးကွယ်ပါ၏ ဝန်ခံပြီးနောက် လူကြား သူကြားထဲမှာများ တပည့်တော်ကိုတွေ့၍ တပည့်တော်က ဦးရစ်ကို ချွတ်လိုက်လျှင် ရှိခိုးသည်ဟု မှတ်ယူပြီး ခြေကိုကိုင်လိုက်လျှင် အရှင်ဘုရားကို ရှိခိုးသည်ဟု မှတ်ယူတော်မူပါဘုရားဟု လူသိမည်စိုး၍ အချက်ပြစနစ်ဖြင့် ကူးပြောင်းသည်။

ဝေရဥ္စာကား ရှင်းလှ၏။

သူ့နီးပါ၊ မှန်းမှန်းလားလား အားထားကိုးကွယ်လာသူ တစ်ဦးကို သတိရ၏။ ဘုရားရှင်နှင့် ခေတ်ပြိုင် အင်အားပြိုင် ပေါ်ထွန်းသော သူတို့အလို ဘုရားကြီးခြောက်ဆူ၊ စာအလို ဆသတ္ထာရ ဆရာကြီးခြောက်ပါး၊ သကဝါဒအလို ဒိဋ္ဌိကြီး ခြောက်ယောက် တို့အနက် နာဋပုတ္တဖိနခေါ် ဆရာကြီး၏ အနာထပိဏ်တို့လို အားထားရာ နာဋ္ဌန္ဒမြို့စား ဥပါလိ ပြာဟ္မဏကြီးဖြစ်၏။

ဥပါလိသည် နိဂဏ္ဌနာဋပုတ္တ၏ ဒါယကာအဖြစ် နေပြန်တော့လည်း ကဲကဲဆတ် သည်။ ဘုရားရှင်ကို ဝါဒချင်းတိုက်ရာ၌ သူကပင် ရှေ့ဆောင် ရှေ့ရွက်လုပ်သည်။ ဘုရားရှင်ဘက်ရောက်လာပြီဆိုတော့လည်း နာဋပုတ္တကို ရှင်းရှင်းပြတ်သည်။ သူ့ဘုရားအား အိမ်တွင်းသို့ပင် အဝင်မခံတော့၊ ဘုရားရှင်က တောင်းပန်၍ပင်မရ။ နာဋပုတ္တခမျာ သူကြောင့်ပင် အသက်တိုခဲ့ရရှာသည်။ (ဗုဒ္ဓစာပန်းချီ "ရွှေတံခါးကြီး ပွင့်လေပြီ"တွင် ရှုပါ)

ယခု ဝေရဥ္စာကြီးက ဘုရားရှင်ကို ကိုးကွယ်ရာ၌ သူတကာထက် ခေါင်းတစ်လုံး သာ လျှောက်ထားပုံကို ရှုပါဦး။

"အရှင်ဘုရား ။ ။ တပည့်တော် အသက်ရှိသမျှ ကာလပတ်လုံး အရှင်မြတ်ကို ကိုးကွယ်သူဟူ၍ မှတ်ယူတော်မူပါ။ အဘယ်မျှ ကိုးကွယ်ကြည်ညိုပါသနည်း ဆိုသော်–တစ်စုံတစ်ယောက်သောသူက တပည့်တော်အား ထက်လှစွာသော သန်လျက်ဖြင့် ဦးခေါင်းကိုဖြတ်၍ သင်သည် ရှင်ဂေါတမကို ဘုရားဟူ၍မပြောရ၊ ပြောခဲ့သော် သင့်လည်ကို ဖြတ်မည်ဟုဆိုဦးတော့၊ ဗုဒ္ဓံ အရှင်မြတ်ကို၊ နဗုဒ္ဓံ–ဘုရားမဟုတ်ဟု၊ နေဝ ဝဒေယျံ၊ မပြောမဆိုပါဘုရား"

ယင်းသို့ဖြင့် မြို့စားကြီး ဝေရဥ္စာဗုဒ္ဓသရဏဂုဏ်တည်ပြီ။ တရားတော်နှင့်စပ်၍ ဘုရားရှင်သို့ ကိုင်းညွတ်ကိုးကွယ်လာခြင်းဖြစ်သောကြောင့် ဓမ္မသရဏဂုဏ်တည်ပြီဟု ဆိုနိုင်၏။ သံဃာတော်များနှင့် ဆက်စပ်ရင်းနှီးမှုမရှိသေးသော်လည်း ဘုရားရှင်ကို အကြောင်းပြုကာ သံဃာတော်အားလုံးကို ဆွမ်းဖိတ်ကြားတော့မည်ဖြစ်၍ သံဃာ့ သရဏဂုဏ်တည်ပြီဟုလည်း ဆိုနိုင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သရဏဂုဏ်တည်သည်ဆိုရာ၌ အကြင်သူ တစ်ယောက်အဖို့ ဗုဒ္ဓဘာက်တော်သား သာသနာအတွင်းသားအဖြစ်သို့ ချဉ်းနင်းဝင်ရောက်လာခြင်း ပင်ဖြစ်၏။ သို့ရာတွင် အသက်ကိုပါ ပေးအပ်၍ ကိုးကွယ်နိုင်မှုဆိုသည်မှာကား ဘုရားရှင်နှင့် တရားတော် အပေါ်တွင် မိမိရရသက်ဝင်ပြီးသော အရိယာတို့၏ သဒ္ဓါစွမ်းပကားမျိုးသာဖြစ်သည်။

သဒ္ဓါထက်သန်လွန်းနေသော ဝေရဉ္ဇာကြီးက ဘုရားရှင်အား အသက်ကိုပါပေး၍ ကိုးကွယ်ပါသည်ဟုဆို၏။ အသက်ကိုပါ ပေးသည်ဆိုတော့ စည်းစိမ်ဥစ္စာမျှဟူသည် အထူးပြောဖွယ်မရှိ။ သို့သော် သုံးလတိုင်တိုင် မေ့နေသည်ကခက်သည်။

အကြင်သူအား ကြည်ညိုသဒ္ဓါဖြစ်ပေါ်လာပြီဆိုလျှင် ထိုသူအား ကျွေးမွေးလှူဒါန်း ပေးကမ်း ထောက်ပင့်လိုသော ဆန္ဒဖြစ်ပေါ်လာခြင်းမှာ သူတော်ကောင်းတို့၏ သဘာဝ စိတ်ဓာတ်ဖြစ်၏။ ထို့ကြောင့် ဘုရားရှင်အား ဝေရဉ္ဇာဒါယကာကြီးက "အရှင်မြတ်ဘုရား ။ ။ အရှင်မြတ်နှင့် တပည့်သံဃာတော်များသည် တပည့်တော်အား ဥပါသကာဟု မှတ်ယူပြီးနောက် မိုးရာသီနှင့်လည်း နီးကပ်နေပြီဖြစ်သည့်အလျောက် တပည့်တော်၏ ဝေရဉ္ဇာမြို့တွင်ပင် မိုးလပတ်လုံး သီတင်းသုံး ဝါကပ်တော်မူကြရန် လျှောက်ထား ဝံ့ပါသည်ဘုရား"ဟု လျှောက်ထားသောအခါ ဘုရားရှင်က ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံတော်မူသည်။

ပင့်ဖိတ်သည်ဆိုရာ၌ ဆွမ်းကွမ်းကိစ္စကိုထည့်၍ လျှောက်ထားနေဖွယ်မလို၊ ပင့်ဖိတ်သူ ဒါယကာ၏ တာဝန်သာဖြစ်ကြောင့် သာသနာ့အစဉ်အလာသာမက လူမှုရေး အစဉ်အလာအားဖြင့်လည်း နားလည်ပြီးဖြစ်ကြသည်။ ပင့်ဖိတ်သည်မှာ တစ်ရက် တစ်ကြိမ်မျှသာမဟုတ်၊ ဝါတွင်းသုံးလတိုင်တိုင်တဲ့။ သူဌေးမြို့စားကြီးဖြစ်၍ သုံးလမက သုံးနှစ်ပင်သော်လည်း တာဝန်မကြီးဟု နားလည်ရသည်။

ဆွမ်းကွမ်းသာမက သီတင်းသုံးရန်နေရာအတွက်လည်း ပင့်ဖိတ်သူတွင် တာဝန်ရှိသည်။ သို့ရာတွင် နေရာအတွက်ကတော့ ဝေရဉ္ဇာကြီးတွင်စိတ်ကူး တစ်စုံတစ်ရာ ရှိကောင်းရှိမည်။ မရှိလျှင်လည်း ရှိနေပြီးသော နဠေရုနတ်ကွန်းနှင့် အခြားနတ်ကွန်းများ၊ သစ်ပင်များရှိနေပြီဖြစ်၍ ကျောင်းအဖြစ် အသင့်သီတင်းသုံးနိုင်သည်။

ဘုရားရှင်သည် မိမိသာသနာတော်မပေါ်ထွန်းမီက မဇ္ဈိမတွင် ဗြာဟ္မဏတို့ သာသနာမှ ရှိနေနှင့်ပြီးသော နတ်ကွန်းများကို စိတ်တော်ဝင်စားအာရုံထားတော်မူသည်။ ဒေသစာရီလှည့်ရင်း ရောက်ရာအရပ်မှ နတ်ကွန်းများစွာတွင် သီတင်းသုံးတော်မူခဲ့ဖူးပြီ။ သာယာဆိတ်ငြိမ်သော နတ်ကွန်းများကို မဆိုထားဘိ၊ ရုန့်ရင်းဆူညံသော ဒိဋ္ဌိတို့၏ ကျောင်းကန်များသို့ပင် ရံဖန် အလျဉ်းသင့်သလို ကြွရောက်သီတင်းသုံးလေ့ရှိသည်။ ပရိနိဗ္ဗာန် စံတော်မမူမီ နောက်ဆုံးဆယ်လအတွင်း၌ ကျေးရွာများရှိ နတ်ကွန်းတို့တွင် လှည့်လည် သီတင်းသုံးတော်မူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗြာဟ္မဏတို့၏ နတ်ကွန်းတို့သည် သာယာ၏။ ဆိတ်ငြိမ် အေးချမ်း၏။ ဤအချက်ကိုပင် ဘုရားရှင်နှစ်သက်တော်မူသည်။ သို့နှင့် ဝေရဉ္ဇာမြို့တွင်လည်း နတ်ကွန်းများ အသင့်ရှိနေပြီဖြစ်၍ ကျောင်းနေရာအတွက်တော့ ကြောင့်ကြဖွယ်ရာ မလိုပေ။

ထို့နောက်တွင်ကား ဝေရဉ္ဇာကြီးသည် ထိုင်နေရာမှ ထကာ ညဉ့်၏ ပထမယံ ကုန်လွန်ပြီဖြစ်၍ တပည့်တော်တို့ပြန်ချိန်တန်ပါပြီ၊ တပည့်သံဃာတော်တို့လည်း ညောင်းညာကြပါတော့မည်ဟု လျှောက်ထားကာ ဘုရားရှင်သို့ ဦးသုံးကြိမ်ချသည်။

## ရှိခိုးပုံ

''နိသိန္နာသနတော၊ ထိုင်ရာနေရာမှ။ ဝုဋ္ဌာယ၊ ထ၍။ စတုသု၊ လေးပါးကုန်သော။ ဒိသာသု၊ အရပ်တို့၌။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ သက္ကစ္စ၊ ရိုရိုသေသေ။ ဝန္ဒိတွာ၊ ဝပ်ချပြီး၍''

ပါရာဇိကဏ် အဋ္ဌကထာ

ဘာသာဋီကာ၊ ပ၊ စာ ၈၃

ဤစကားတွင် စဉ်းစားဖွယ်ရာများပါရှိသည်။ ရှေးဦးစွာ ထိုင်ရာမှထသည်။ ပြီးတော့မှ ရှိခိုးသည်။ ရှိခိုးရာတွင်လည်း လက်၊ ခြေ၊ နဖူး၊ တံတောင်၊ ဒူး–ဟု ငါးဦးသော တည်ခြင်းဖြင့် ဝပ်ချသည်ဟု မဟာဂန္ဓာရုံက ရည်ညွှန်းသည်။

သို့ဆိုလျှင် ထိုင်နေရာမှထပြီးကာမှ ပဉ္စပတိဋ္ဌိတဖြင့် အဘယ်ပုံ ရှိခိုးပါသနည်း။ အများမြင်ဖူးကြသည်မှာ၊ သို့မဟုတ် သူသူငါငါ ရှိခိုးကြသည်မှာ ထိုင်၍ ရှိခိုးပြီးမှသာ ထဖို့ကိစ္စရှိလျှင် ထသည်။ ယခု ဝေရဉ္ဇာကြီးက ထပြီးမှ ရှိခိုးသည်။

လေးစားသမှုကို ပြုလိုသောကြောင့် တမန်စေ၍ ရှိခိုးခြင်း၊ ဖော်ပြပါ ဗြာဟ္မဏကြီးများကဲ့သို့ အချက်ပြရှိခိုးခြင်း၊ ရပ်လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ လက်ကို ကြာငုံသဏ္ဍာန်ပြုကာ ရင်ဝသို့ပင့်ချီ၍ နမတ်စတေးဟုရှိခိုးခြင်း၊ ရှိခိုးမည့်သူရှေ့တွင် ထိုင်ကာ ထလိုက်ပါ၏။ သို့ရာတွင် အခင်း၊ သို့မဟုတ် မြေကို လက်ဖျားနှစ်ဖက်ဖြင့် နှိပ်ချင်ပြုရုံမျှရှိခိုးခြင်း။ ခါးကိုတော့ညွှတ်ပါ၏။ သို့သော် တတောင်မညွှတ်ဘဲ လက်ဖျား နှစ်ဖက်ဖြင့်သာ ဦးညွှတ်ရှိခိုးခြင်း၊ ဆောင့်ကြောင့်ထိုင်၊ မှောက်လျားထိုးလုမတတ် ဒူးထောက်ပြီး ခါးကိုညွှတ်၊ လက်နှစ်ဖက်ကို တံတောင်ဆစ်အထိ ပျပ်ဝပ်၍ လက်ဝါး နှစ်ဖက်ကိုဖြန့်ကား သို့မဟုတ် မှောက်ကာ နဖူးဖြင့် ထိ၍ ရှိခိုးခြင်းစသည်ဖြင့် ရှိခိုးပုံ ရှိခိုးနည်း မျိုးစုံရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ယသော်ဓယာ ဗိမ္ဗာဒေဝီနှင့် ကောသလဘုရင်တို့ကမူ၊ ဘုရားရှင်၏ ခြေတော်အစုံကို ဦးဖြင့်တိုက်ရှိခိုးမှုမက ထိကိုင်ဆုပ်နယ်ကာ စုပ်နမ်းသည်အထိ ရှိခိုးသည်။ (ဗုဒ္ဓစာပန်းချီ 'ရွှေပြည်တော်' နှင့် 'ဖြေလျှော့ခွေ'တွင်ရှုပါ)

ယခု ဝေရဉ္ဇာကြီးသည် ထပြီးကာမှ ပြန်၍ထိုင်ကာ ရှိခိုးလေသလော။ ရွှေတိဂုံစေတီတော်သို့ ဟိန္ဒူဗြာဟ္မဏကြီးတစ်စုတို့ ရှိခိုးလာသည်ကို စာရေးသူ မြင်ဖူးသည်ကား ဖဟန်းဘက်စောင်းတန်း မုခ်ဦးထိပ်မှစ၍ တစ်ကိုယ်လုံးကို မြေပြင်သို့ မှောက်လျှားထိုးကာ လက်ဖျားပေါ်တွင် ဦးသုံးကြိမ်ချသည်။ ဤနည်းဖြင့် အထက်ကုန်းတော် စေတီတော်ခြေရင်းရောက်သည်အထိ ရှိခိုးသည်။

ဝေရဉ္ဇာကြီးရှိခိုးပုံမှာ ဤနည်းဤပုံဖြစ်ဟန်တူ၏။ သုံးကြိမ်မက အကြိမ်ကြိမ်အထပ်ထပ် ရှိခိုးရုံမက၊ ဘုရားရှင်အား လက်ဥရစ် သုံးကြိမ်လှည့်ပတ်၍ ရှိခိုးလိုက်သေး၏။ သဒ္ဓါထက်သန်သောကြောင့်ဟုလည်း ဆိုနိုင်၍ ဘုရားရှင်က သူ့အား ခရီးဦးမကြိုဆိုအရိုအသေမပေးသည်မှုကို ရှုတ်ချပြစ်တင်ခဲ့မိလေသော မိမိအပြစ်တို့အတွက် ပြေလည်အောင် တုံ့ပြန်ရှိခိုးခြင်းဟုလည်း ဆိုနိုင်ရာ၏။

ညဉ့်ဦးယံတစ်ခုလုံး ဘုရားရှင်၊ သံဃာတော်များနှင့်သူပါ တရားဟော တရားနာထိုင်နေကြသည်အတူတူတွင် အတူတူညောင်းညာနိုင်ကြပါလျက် သံဃာတော်များသို့သာ ရည်ညွှန်း၍ ညောင်းညာကြရော့မည်ဟု လျှောက်ထားလိုက်ခြင်းမှာ တပည့်သံဃာတော်တို့အားလည်း ကိုးကွယ်သမှု သိမှတ်ပြုလိုက်သည့် သဘောဖြစ်သည်ဟု ယူဆနိုင်သည်။

## အခမဲ့ကြီးမဲ့

ထို့နောက်တွင်မူ ဘုရားရှင်မျက်မှောက်တော်မှ လွတ်သည့်နေရာအထိ နဖူးထိပ်တွင် လက်ကြာငုံဦးတင်ကာ နောက်ဆုတ်ထွက်ခွာသွားသည်။ ထို့နောက်တွင်မူကား မေ့ပင်အောက်သို့ ရောက်သွားလေတော့မည်ပမာ ဘုရားရှင်အား ဝါတွင်းသုံးလတိုင်တိုင် အမေ့ကြီးမေ့ပါလေတော့သတည်း။

ထိုအခိုက် ထိုအချိန်ကား ဝေရဉ္ဇာတွင် အစာရေစာအခက်အခဲ ဘေးကြီးဆိုက်ရောက် ကြုံတွေ့နေရသောအချိန်ဖြစ်သည်။ အငတ်ဘေး ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်ရောက်သည်၊ သရောကြီးနိုင်သည်ဟု မဆိုနိုင်ဦးတော့ ဖြစ်ပြီဟေ့ဆိုလျှင် အရင်ခံကြရသော ဆင်းရဲသူ ဆင်းရဲသား လုပ်သားပြည်သူများအဖို့မူ အရိုးပြိုင်းပြိုင်း ကျသည်အထိ အငတ်ဘေးကြုံတွေ့နေရသောအချိန်ဖြစ်သည်။ မိမိမြို့တွင် ဤသို့ ဖြစ်ပျက်နေသည်ကို တာဝန်ရှိသော မြို့စားကြီးဝေရဉ္ဇာသိကောင်းမှ သိပါလေစ။

www.burmeseclassic.com

www.burmeseclassic.com



ယခုပင် ဆွမ်းကွမ်းကိစ္စ အားရပါးရ ပင့်ဖိတ်သွားပြီး ကျောခိုင်းသည်နှင့် တစ်ပြိုင်နက် ဘုရားရှင့် သံဃာတော်များကို ဝေဠုဒ္ဒါကြီး အမေ့ကြီးမေ့သွားလေပြီ။ မေ့နေလေပြီ။

ယင်းသို့မေ့နေသည်ကို ပိဋကတ်တော်ကတော့ မာရ်နတ်ကြီးက မေ့အောင် လုပ်ထားသောကြောင့်ဟုဆိုသည်။ ထိုသို့ဆိုလျှင် မာရ်နတ်ကြီးကလည်း သုံးလကြီးများ တိုင်အောင်ပင် မေ့အောင်လုပ်နိုင်စွမ်းပါပေ၏။ ဝေဠုဒ္ဒါကြီးကလည်း မေ့နိုင်လွန်းပါပေ၏။

## ဝိပါက်တော်

ဘုရားကိုယ်တော်မြတ် မုယောဆန်တည်းဟူသော ဆွမ်းကြမ်းကိုသာ ဘုဉ်းပေးရ တော့မည့် ဝိပါက်တော် ဆိုက်ချိန်ရောက်၍လည်း မေ့နိုင်အားကြလေသည်ဟု ပိဋကတ်တော်ကဆိုသည်။

ဝဋ်တော် ဆိုက်ရောက်ရမည်ကတော့ မှန်၏။ ဝဋ်အမြဲ ငရဲ အပဟု ဆိုသည်မဟုတ်လော။ ဝဋ် – ဝိပါက်ဟူသည် ဘုရားရှင်တော်မှ ရှောင်လွှဲ၍ မရနိုင် ပေတကား။

မေး ။ ။ ဝါတော်ကပ်တော့ မာရ်နတ်နှိုးဆော်
ဝေဠုဒ္ဒါတိုင်း သမိုင်းအကျော်
မုယောဆွမ်းမို့ ကြမ်းကြမ်းထော်ထော်
ဘုဉ်းပေးရ ရှေးက ဘယ်ဝဋ်နော်။

ဖြေ ။ ။ မထင်မရှား မျိုးသားဖြစ်တုံ
ရဟန်းတော်များ ဆွမ်းစားခိုက်ကြုံ
ဆွမ်းကြမ်းစားဟု ပြစ်မှားဆိုပုံ
ဝစီထွက် ဝိပါက်တော်တဲ့ယုံ။

လယ်တီပဏ္ဍိတ

ဖုဿဘုရားရှင်လက်ထက်တော်တွင် ဘုရားအလောင်းတော်သည် သဒ္ဒါတရား နည်းပါးသော မိဘနှစ်ပါးမှ ပေါက်ဖွားကာ မစ္ဆေရများသော အမျိုးတွင်ဖြစ်၍ မိမိက ပေးလှူဖို့ကို အပထားပြီး သူတစ်ပါးပေးလှူသည်ကိုမြင်ရသည်နှင့်ပင် မကြည်ဖြူသော စိတ်ထားရှိသူဖြစ်သတဲ့။ သို့ဖြင့် ဖုဿဘုရားရှင်နှင့် သံဃာတော်များကို တိုင်းသူ ပြည်သားတို့က လုပ်ကျွေးသော ဆွမ်းကျွေးပွဲတစ်ခုကို မြင်ရသောအခါ –

"သည်ဦးပြည်းရဟန်းတွေဟာ ဘာအလုပ်ကိုမှ မလုပ်ချင်ကြဘူး၊ ပျင်းပျင်းရိရိ နေထိုင်ပြီး လူအများလှူဒါန်းတဲ့ ဆွမ်းဘောဇဉ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ဝအောင်စားပြီး အားတိုင်းအိပ်လို့ နေကြတယ်။ သည့်လိုရဟန်းတွေကို သိမ်မွေ့လှစွာ အရသာရှိတဲ့ ယနာနို့ဆွမ်းကို လှူဒါန်းသဖြင့် ဘာအကျိုးရှိမှာလဲ။ အလွန်ကြမ်းတဲ့ မုယောဆွမ်းကို စားနေဖို့တော်ကြတယ်။'' (သာရတ္ထပ္ပကာသနီ - စာ ၁၉၆)

ယင်းသို့နှုတ်လွတ်စပယ် ပြောဆိုခဲ့မိသော စကားကြောင့် ဇရဲတွင်ခံရပြီးနောက် ဘုရားဖြစ်တော်မူသည်အထိ ဝိပါက်တော်အရှိန်လိုက်လာခြင်းဖြစ်သည်။ အငတ်ထားဖို့ကောင်းသည် မပြောမိ၍တော်ပါပေသေး၏။ ဆွမ်းမကျွေးဘဲ အငတ်ထားဖို့ကောင်းသည်ဟုများ ပြောမိခဲ့ပါသော် အငတ်ဝိပါက်ပင် ဆိုက်ရောက်ရချေတော့မည်။ ယခုတော့ ဆွမ်းခက်ရုံမျှဖြစ်၍ ငတ်တော်မမူသေးပါ။ ဆွမ်းကြမ်း၊ ဂျုံကြမ်း မုယောဆွမ်းကို ဘုဉ်းပေးတော်မူရ၍ တော်ပါသေး၏။ သို့ရာတွင် ဘုရားရှင် ဘုဉ်းပေးတော်မူရာ ဆွမ်းအလုတ်တိုင်း အလုတ်တိုင်း၌ သမ္မာဒေဝနတ်တို့က နတ်သုဓာများ ထည့်သွင်းဆက်ကပ်သည်ကိုတော့ လူသာမန်တို့ မသိနိုင်ကြ။

ယင်းသို့ ဝေရဉ္စာတွင် အငတ်ဘေးကြုံတွေ့သည်ဆိုရာ၌ ဘုရားရှင်တို့ရောက်လာမှ ရုတ်ခြည်း ချက်ချင်းဖြစ်ပေါ်လာခြင်းမဟုတ်၊ လေ မိုး မမှန်၍ သီးနှံတို့ ပျက်စီးခြင်းဖြင့် ရှေးမဆွကပင် စတင်ခဲ့၏။

စိုက်ပျိုးအပ်သော ကောက်ပဲသီးနှံများကို ဆစ်ပိုး၊ ဖလံပိုးများ ကျရောက်ကာ ဖျက်ဆီးပစ်ကြသည်။ သို့နှင့် ဝေရဉ္စာတို့လို သူဌေး-သူကြွယ် အစာရိက္ခာ သိုလှောင်ထားနိုင်သူတို့အဖို့ မထောင်းတာလှသော်လည်း သည်ကထွက်မှ သည်ကစား၊ တစ်နေ့လုပ်မှ တစ်နေ့စားနိုင်ကြရသော လုပ်သားပြည်သူ ဆင်းရဲသားများအဖို့မူ တစ်နေ့တစ်ခြား အငတ်ဘေးသို့ တိုးဝင်လာကြရသည်။ တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ အငတ်ဘေးကြီးမားလာသည်။ အငတ်ဘေးကြောင့် တစ်ကိုယ်လုံးကြုံလှီကာ အရိုးဖွေးဖွေးဖြူသူတို့လည်း ဖြူကုန်ကြပြီ။

ထိုအခါ အခက်ကြုံလာသူများကား အများအားဖြင့် ဆင်းရဲသား လုပ်သားပြည်သူတို့လျှင် ဆွမ်းခံရာ ဆွမ်းခံရွာအခြေခံရှိသော ရဟန်းတော်များဖြစ်ကြသည်။ ရနိုင်ကောင်းအံ့ ထင်ရသောအိမ်များ ထိုထိုအနီးချုပ်စပ် ကျေးရွာများသို့ ဆွမ်းခံထွက်ကြသည်။ တစ်ရွာနှင့်မပြည့်စုံသော် တစ်ရွာသို့ကူးကာ ကြိုးစား၍ ဆွမ်းခံကြသည်။ အင်မတန်ကြိုးစားဆွမ်းခံသွားနိုင်မှ အသင့်, အတင့်ရသည်လည်းရှိ၏။ မရသည်လည်းရှိ၏။ ဝေရဉ္စာသားတို့ သဒ္ဓါတရားရှိကြပါ၏။ လောင်းလှူစရာမရှိသည်က ခက်သည်။

ရသမျှကိုဝေငှ ဘုရားရှင်သို့ စုပေါင်းကပ်လှူပြီးနောက် အကျန်ကို မျှတဝေငှ ဘုဉ်းပေးကြရသည်။ တော်ပါသေး၏။ တော်ပါသေး၏ဟု ဆိုရသည်မှာကား ဝေရဉ္စာသို့

www.burmeseclassic.com



နောက်တော်ပါးအဖြစ် လိုက်ပါလာလေသမျှ ရဟန်းတော်အားလုံးသည် အရိယာချည်းတည်း။ အရိယာဟူသည်မည်သည့် လောကဓံကိုမဆို ကြံ့ကြံ့ခံနိုင်စွမ်းရှိသည်။ ထို့ကြောင့်လည်း အနာဂတ်အရေးကို မြင်တော်မူသော ဘုရားရှင်က ယခုအကြိမ် ဒေသစာရီ၌ အရိယာတပည့်များကိုချည့် နောက်တော်ပါအဖြစ် ခေါ်တော်မူခဲ့ခြင်း ဖြစ်သည်ဟု ယူဆနိုင်ပါသည်။

ထိုစဉ်က ဘုရင်နှင့် မြို့စား, ရွာစားတို့၏ အုပ်ချုပ်ရေးဆိုသည်မှာ လူဆိုးဓားပြ၊ မုဒိမ်း၊ တန္တစသော မိမိတို့ဆိုင်ရာ အေးချမ်း ငြိမ်သက်ရေးကိုသာ တာဝန်ယူ၍ လုပ်သားပြည်သူတို့၏ စားဝတ်နေရေးကိုတော့ တာဝန်ယူဟန်မတူ။ စားဝတ်နေရေးတွင် ကိုယ့်အစွမ်း ကိုယ့်အစ၊ ကိုယ့်တာဝန် ကိုယ်ယူကြပေတော့ဟု မျက်နှာလွှဲထားဟန်တူသည်။

ရဟန်းတော်တို့သည် ဆွမ်းခံကြွရာနေရာ များစွာတို့၌ အငတ်ဘေးကြုံနေသူများ၏ ဒုက္ခကို မတွေ့ချင်အဆုံး တွေ့နေကြရသည်။ အစာမရှိ၊ အစာအဖြစ် ဆန်ကလေး, ပဲကလေးရအောင် လဲစရာ-ဖယ်စရာ ငွေကြေး ပစ္စည်းကလေးမျှမရှိသူတို့အဖို့ ငတ်သည့်အတိုင်းပင် ပေ၍ခံကြရသည်။ လဲဖယ်စရာ ငွေစ, ကြေးစကလေးရှိသူတို့က ပစ္စည်းရှင်အဝယ်ဒိုင်၊ လဲဖယ်ရာဌာနတို့တွင် အတင်းတိုးဝှေ့၍ သူ့အရင်ပေးပါ၊ ငါ့အရင်ပေးပါဟု တိုးဝှေ့တောင်းဆိုနေကြသည်ကို ရဟန်းတော်တို့ တွေ့နေရသည်။

သူဌေးသူကြွယ်တို့၏ ကိုယ်စားလှယ် အဝယ်ဒိုင်များက တစ်နေရာတွင် အဝယ်ဒိုင်ဖွင့်၍ ဝယ်လာသောငွေကိုယူကာ လက်မှတ်ဖြတ်ပိုင်း ထုတ်ပေးလိုက်သည်။ ဝယ်သူက ထိုလက်မှတ်ဖြင့် ဆန်စပါး ထားရာသို့သွား၍ထုတ်ကြရသည်။ ပစ္စည်းသိုလှောင်ရာတွင် အဝယ်ဒိုင်မထားသည်မှာ လူအင်အားဖြင့် ပစ္စည်းကိုဝင်၍လုခဲ့သော် မခက်ပါလော။ တော်ပါသေး၏။ ဤမျှအထိတော့ မဖြစ်ပါ။ ဝေရဉ္ဇာသားတို့လိမ္မာကြပါသေးသည်။ ယင်းသို့ ရုတ်ရုတ်သဲသဲ ဖြစ်ရပ်များကို ဆွမ်းခံရဟန်းတော်တို့ နေ့စဉ်တွေ့ကြုံကြရသည်။ ဤဖြစ်ရပ်ကား စာလာပေလာအတိုင်းပင် ထုတ်ပြခြင်းဖြစ်ပါ၏။

## မြင်းကုန်သည်များ

ယင်းသို့လျှင် အငတ်ဘေးကြီး တစ်နေ့တခြား ကြီးမားကြုံကြိုက်လာရာက ဝါတော်ချိန်ဖြစ်၍ အရပ်တစ်ပါးသို့လည်း မကြွသွားနိုင်ကြရာတွင် ဝေရဉ္ဇာသို့ ဥတ္တရာပထ မြင်းကုန်သည်အုပ်စုတို့ မခေါ်ပင့်ချေ ဆိုက်ရောက်လာပါလေသည်။

ဥတ္တရာပထတိုင်းသားတို့ဟူသည်ကား ကုန်သည်တို့လောကတွင် နာမည်ကြီးသည်။ ကုန်စည်ကုန်ကောင်းတို့ ထွက်သည်။ ထွက်သောကုန်ကို နိုင်ငံအရပ်ရပ်သို့

www.burmeseclassic.com

www.burmeseclassic.com



လှည့်လည်ရောင်းချသည်။ အထူးသဖြင့် မြင်းကောင်း မြင်းမွန်များ ထွက်ပေါ်ရာဒေသ ဖြစ်သည်။ ဥတ္တရာပထတိုင်းသားတို့သည် အရောင်းအဝယ် ဆက်ဆံလုပ်ကိုင်ရာ၌ ရည်မွန်၍ အမြတ်ကြီးစားရာတွင်လည်း နာမည်ကြီးသည်။

မြင်းဟူသည် ထိုခေတ်ထိုအခါက အရေးပါလှသော ပစ္စည်းတစ်ရပ်ဖြစ်သည်။ ထိုခေတ်ထိုအခါကသာမဟုတ်၊ နောက်ပိုင်း စက်မှုကိရိယာများ မပေါ်ပေါက်မီအထိ အရေးပါလှသော ပစ္စည်းဖြစ်သည်။ အကြောင်းမူကား မြင်းဖြင့် ခရီးသွားလာကြရသည်။ ပစ္စည်းရှင် ဂုဏ်ရှင်တို့အဖို့ မြင်းဖြင့်ယာဉ်အလှပြိုင်ကြသည်။ မြင်းလျင်မြင်းချင်း ပြိုင်ကြသည်။ မြင်းအရေးပါဆုံးနေရာကား ဘုရင်တို့၏ မြင်းတပ်၊ စစ်ဝင်း အခင်းအကျင်းနှင့် စစ်တိုက်ရာတို့တွင်ဖြစ်၏။ ဘုရားအလောင်းတော် တောထွက်ရာ၌ပင် မြင်းဖြင့် ထွက်ခဲ့သည် မဟုတ်ပါလော။

ဇမ္ဗူဒိပ်ခေါ် မဟာဘာရတနိုင်ငံသည် ဘုရားရှင်သာသနာတော် မပေါ်ပေါက်မီက စစ်မက်အင်္ဂါထူပြောသော နိုင်ငံဖြစ်ခဲ့၏။ ဘုရင်တစ်ပါးသည် မိမိပိုင်ဆိုင်ရာမျှသာမက တတ်နိုင်သမျှ နယ်ချဲ့ရမည်၊ သူတစ်ပါးနိုင်ငံကို သိမ်းယူရမည်ဟူသည်မှာ ရှေးဟောင်း နီတိကျမ်းတို့၏ ညွှန်ပြချက်ဖြစ်သည့်အပြင်၊ လူမျိုး၊ ဘာသာ အယူဝါဒအားဖြင့်လည်း သူတစ်မျိုး ငါတစ်ဖုံ အကွဲပြားဆုံးသော နိုင်ငံဖြစ်ရကား စစ်မက်ထူပြောခြင်းမှာ အဆန်း မဟုတ်တော့ချေ။

ယင်းသို့ စစ်မက်ထူပြောခြင်းသည် စစ်အတွက် မရှိလျှင်မဖြစ်သော မြင်းကောင်း မြင်းသန့်တို့ ထွက်ပေါ်ရာ ဥတ္တရာပထတိုင်းအတွက် အချက်ကောင်းဖြစ်ခဲ့သည်။ နိုင်ငံငယ် နိုင်ငံလတ်များကို ထားဦး၍ အပြိုင်အဆိုင်နိုင်ငံကြီးနှစ်ခုဖြစ်သော ကောသလနှင့် မာဂဓ (ရာဇဂြိုဟ်)တို့ဆိုလျှင် အားအားရှိတိုင်း ထ၍တိုက်နေကြသော နိုင်ငံများအဖြစ်ပင် ပြောစမှတ်ပြုကြသည်။ မှန်၏။ အင်ပြိုင်အားပြိုင် မိုလ်နှစ်မိုလ်ရှိနေလျှင် တစ်မိုလ်ကို ဖြိုရတော့မည်မှာ လူ့သမိုင်း၏ သဘာဝပင်ဖြစ်သည်။

သို့ရာတွင် ဘုရားရှင်သာသနာတော် ပေါ်ထွန်းလာသောအခါ စစ်မက်ရေးရာများ သိသိသာသာ လျော့ပါးသွား၏။ အကြောင်းမူကား ဘုရားရှင်က မိမိ၏ အဆုံးအမ၊ မဟာကရုဏာတော်၊ မေတ္တာတော်တည်းဟူသော ဝရဇိန်လက်နက်ဖြင့် ရှေးဦးစွာ ရာဇဂြိုဟ်ကို ဖြိုသည်။ ထို့နောက် သာဝတ္ထိသို့ ကူးဆက်သည်။ ယင်းသို့ဖြင့် စက်မက် ရေးရာများ လျော့ပါးလာသည်။

စစ်ခေတ်မြင်းခေတ်ဖြစ်သည့်အလျောက် မြင်းဆရာ ဆင်ဆရာတို့ အရေးပါလှ၏။ လခရိက္ခာကောင်းစွာရ၍ မျက်နှာပန်းပွင့်သည်။ လူရာဝင်သည်။ ဆင်ကြွန် မြင်းကြွန်ကိုပြသော ဆင်ကျမ်း မြင်းကျမ်းတို့ ထွက်ပေါ်သည်။ ဥတ္တရာပထသားတို့ ဂုဏ်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်၊ သံဃာတော်များနှင့်လည်း မြင်းဆရာတို့ ရင်းနှီးမှုရှိသည်။ ပေသိဆိုသော မြင်းဆရာတစ်ဦးဆိုလျှင် ဘုရားရှင်နှင့် အချီအချ တရားဆွေးနွေး၍ အလိမ္မာတိုးကာ ပိဋကတ်တွင်ပင် စာတင်ခံလာရသူဖြစ်သည်။ ဘုရားရှင်က မြင်းများအား အဘယ်ပုံ ဆုံးမပုံကိုမေး၍ မိမိတပည့်သားတို့အားလည်း မြင်းများဆုံးမပုံနှင့် အလားတူစွာ ဥပမာထား၍ ဟောကြားသည်။

ဝေရဉ္စာသို့ ဥတ္တရာပထ မြင်းကုန်သည်တို့ မခေါ်ပင့်ချေ ဆိုက်လာလေပြီဖြစ်ရာ ဘုရားရှင်၊ သံဃာတော်တို့နှင့် မြင်းဆရာတို့ အနေမဝေးခဲ့ပုံကို ကြိုတင်ဖော်ပြရခြင်းဖြစ်၏။

ယင်းသို့လျှင် စစ်မက်ရေးရာနည်းပါးလာ၍ စစ်အတွက် မြင်းအသုံးပြုမှု လျော့ပါးလာသောအခါ မြင်းများကို ပစ္စည်းရှင်, ဂုဏ်ရှင်တို့ အပြိုင်အဆိုင် အသုံးပြုရန်အတွက် အလှအပဘက်သို့ ဦးတည်ပြုပြင်ပေးလာကြရ၏။ ပစ္စည်းရှင်, ဂုဏ်ရှင်တို့က ရထားတွင် တပ်ဆင်ရန်သော်လည်းကောင်း၊ တစ်ကိုယ်တော် အလှစီးရန်သော်လည်းကောင်း၊ မြင်းများကို သူ့ထက်ငါသာ မှာယူကြသည်။

ကောသလဘုရင်၏ လက်သုံးတော် ဗာဏုယောဏီ ပြာဟ္မဏကြီးက တန်ကြေးကို အရေးမထား၊ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူသော မြင်းဖြူကြီးများကိုချည့် လိုချင်သည်ဆို၍ ဥတ္တရာပထမြင်းဆရာတို့က ခက်ခဲစွာ သားစပ်၍ ပေးကြရသည်။

သူ့ထက်ငါသာ မြင်းယာဉ်မျိုးစုံတို့ဖြင့် ရှုပ်ယှက်ခတ်နေသော သာဝတ္ထိတွင် ဗာဏုယောဏီပြာဟ္မဏကြီးက သူ့မြင်းဖြူကြီးများကို ကြွားကြွားလုလုထုတ်ပြ စီးနင်းလိုက်သောအခါ ဆွမ်းခံဝင်လာသော အရှင်အာနန္ဒာနှင့်တွေ့၍ ဘုရားရှင်သို့ လျှောက်ထားရာက တရားတော်တစ်ပုဒ်ဖြစ်လာသည်။ မြင်းတရားဟု ဆိုနိုင်ရာ၏။ ယင်းသို့ဖြင့်လည်း ဘုရားရှင်နှင့် မြင်းဆရာတို့ ဆက်စပ်ခဲ့ဖူးသည်။

ဥတ္တရာပထသားတို့အဖို့ တိုးပွားလာသလောက် အနုတ်အသိမ်း နည်းလာသော မြင်းများကို ထိုထိုမြို့ရွာတို့သို့ အစုအအုပ်ဖွဲ့ကာ မြင်းရောင်းထွက်ကြရ၏။ ဝေရဉ္စာသို့ သူတို့မရောက်သည်မှာ အတန်ကြာခဲ့ပြီ။ ဝေရဉ္စာသားတို့ မြင်းလိုအပ်ပြီထင်၍ ယခု ရောက်လာကြခြင်းဖြစ်၏။ သူတို့အုပ်စုတွင် မြင်းငါးရာနှင့် ကုန်သည်များစွာ ပါဝင်သည်။ တစ်မြို့သို့ သူတို့အုပ်စု ရောက်လာပြီဆိုလျှင် မိမိတို့ဘာသာ ရွာတည်၍နေကြမြဲဖြစ်၏။ နေရာကျယ်ကျယ်လိုအပ်သော မြင်းများ၊ လူအများနှင့်ဖြစ်၍ ယင်းသို့ရွာတည်ကာ တသီးတသန့် မနေ၍လည်း မဖြစ်ပေ။

ဝေရဉ္စာသို့ မလာမီကပင် ဝေရဉ္စာ၏ အငတ်ဘေးပြဿနာကို ကြားသိခဲ့ကြ၏။ ကိစ္စမရှိ။ မြင်းကုန်သည်တို့၏ သဘာဝမှာ သွားလေရာသို့ အစာရိက္ခာ အလုံအလောက် ပါမြဲဖြစ်သည်။ ထို့ကြောင့် အစာအတွက် ကိစ္စမရှိ။ မြင်းများ ရောင်းချဖို့အတွက်လည်း

www.burmeseclassic.com

www.burmeseclassic.com



အငတ်ဘေးကြောင့် အရေးမကြီး။ အကြောင်းမှာ မြင်းဆိုသည်မှာ လူချမ်းသာတို့သာ လိုအပ်သော အရာသာဖြစ်သည်။

ရောက်လေရာမြို့များတွင် သူတို့နှင့်စပ်ဆိုင်ရာ သူဌေးသူကြွယ်တို့က အစာရေစာဖြင့် ညှော်ခံတတ်ကြသည်။ ထိုအခါ ကောင်းကောင်းမွန်မွန်စားရ၍ ယူခဲ့သော အစာရေစာတို့ပိုလျှံသည်။ ယခု ဝေရဉ္ဇာခရီးမှာမူ သတိထား၍ စဉ်းစားနိုင်းချိန်ရမည်ဖြစ်၏။ ငတ်နေသော မြို့ဖြစ်၍ သူဌေးသူကြွယ်တို့က အရေးပေးချင်မှ ပေးနိုင်မည်။

ထို့ကြောင့် အုပ်စုခေါင်းဆောင် မြင်းဆရာကြီးက ''ရိက္ခာအတွက် ပိုပိုလျှံလျှံ ယူခဲ့ကြပေ့။ သူတို့မြို့ကို အားကိုးနေလို့ဖြစ်မှာ မဟုတ်ဘူး။ ပြီးတော့ မိုးဦးရာသီလည်း ဖြစ်နေတယ်။ ဝေရဉ္ဇာမှာ ခပ်ကြာကြာ စတည်းချချင်ချကြရမှာ။ ဒီတော့ ရိက္ခာပြည့်စုံရုံ မဟုတ်ဘူး။ ပိုပိုမိုမိုသာ ယူခဲ့ကြပေတော့''ဟု စီမံလိုက်ရသည်။

သွားလေရာသို့ အတူပါသော သူတို့ရိက္ခာအစာဟူသည်ကား၊ မုယော ပြုတ်ဆန်၊ ဂျုံ သို့မဟုတ် ဂျုံဖြူပင်တည်း။

ဂျုံဟူသည် မဇ္ဈိမတိုင်း၏ အခြေခံအာဟာရ တစ်ရပ်ဖြစ်၏။ ပစ္စည်းရှင်တို့က ဆန်ဖြူဆန်ကောင်းကိုစား၍ ဂျုံကိုလည်း လိုအပ်သလို ပြုပြင်၍ စားကြသည်။ ဆင်းရဲသား လုပ်သားပြည်သူအများစုအဖို့ကား ဈေးပေါသော ဂျုံကိုသာ အားပြုစားသုံးကြရသည်။

ဝိပါက်တော်ကြောင့် ဘုရားရှင် ဘုဉ်းပေးသုံးဆောင်ရသော အာဟာရကို မုယော ဆွမ်းမုယောဆန်ဟု စာကဆိုသည်။ ဤ 'မုယော'ဟူသော ဝေါဟာရကလည်း ပြဿနာ တစ်ရပ်ဖြစ်ခဲ့သည်။

'မုယော'ဝေါဟာရကို စာသမား၊ ဘာသာရေးသမားတို့ အသိများသော်လည်း စာသိ အသံသိသာဖြစ်၍ မြန်မာတို့တွင် မုယောဟူသော ဝေါဟာရမရှိ၊ အသုံးမရှိ။ မုရင်းစပါး မုရင်းဆန်သာရှိသည်။ ထိုအခါ ပညာရှိတို့က မုယောဟူသည်ကို ဂျုံဟု ဆုံးဖြတ်၍ အဘယာဆရာတော်ကမူ ဂျုံဖြူဟု ဆုံးဖြတ်သည်။ ဆရာတော်ကိုယ်တိုင် မဇ္ဈိမသို့ရောက်၍ စူးစမ်းခဲ့သော အသိဖြင့် ဂျုံဖြူဟု ဆုံးဖြတ်ခြင်းဖြစ်သည်ဟု ဆိုသည်။ ဂျုံဖြူက ဂျုံရိုးရိုးထက် ပိုကြွမ်းဟန်ရှိ၏။

မြင်းတို့နယ်ပယ်ဖြစ်သော ဥတ္တရာပထတွင် ဂျုံကိုပို၍ အသုံးများ၏။ ကြီးမား ကျယ်ပြန့်သော ဥတ္တရာပထလွင်ပြင်ကြီးများတွင် ဂျုံခင်းတို့ ဝေဝေဆာဆာ စိုက်ပျိုး ကြသည်။ အကြောင်းမှာ ဂျုံသည် လူ၏ အစာဖြစ်သကဲ့သို့မြင်းစာလည်း ဖြစ်သည်။ အထူးသဖြင့် ယခုကဲ့သို့ ခရီးရှည်သွားသောအခါမျိုး၌ ဂျုံသည် လူစာရော မြင်းစာ အတွက်ပါ သယ်ရပိုးရ လွယ်ကူပေပြေဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရိက္ခာအဖြစ် သယ်ဆောင်ရာ၌ မုယောဆန်ခေါ် ဂျုံဖြူကို ပေါင်းတင်သည်။ ချက်ခြင်း၊ ပြုတ်ခြင်း၊ ပေါင်းတင်ခြင်းဟူသော ဝေါဟာရများ၌ ကျက်အောင်ချက်သည်ကို ချက်သည်။ ဆန်ပြုတ် ပြုတ်သကဲ့သို့ ပြုတ်သည်ကို ပြုတ်သည်။ အလုံးအဆန် မပျက်စေဘဲ အငွေ့ပေး၍ နူးနပ်စေသည်မှာ ပေါင်းတင်ခြင်းဖြစ်သည်။

ဂျုံဖြူကို ပေါင်းတင်လိုက်သောအခါ အခွံကွာ၍ အတွင်းမှ အဆန်လုံး အဆန်ပြားကလေးများ ကျန်သည်။ ယင်းကို နေလှမ်း၍ ခြောက်သောအခါ အိတ်များ အတွင်းထည့်၍ မြင်းပေါ်တွင် ခွတင်ကာ အလွယ်ယူဆောင်နိုင်သည်။

ယင်းသို့မပြုမပြင် ပေါင်းမတင်ဘဲ ဂျုံပြကတိအတိုင်းသယ်ဆောင်၍ မဖြစ်ပေ။ ဂျုံပြကတိအတိုင်းထားလျှင် ပိုးကျပိုးထိုးတတ်သည်။ ထို့ကြောင့် ပေါင်းတင်သယ်ဆောင် ရသည်။ ပေါင်းတင်ဂျုံ၊ ပြုတ်ဂျုံ၊ ပြုတ်ဂျုံခြောက်ဟုခေါ်နိုင်၏။ ယင်းပြုတ်ဂျုံခြောက်ကို လိုအပ်သောအခါ ရေတွင်စိမ်၍ မြင်းကို ကျွေးသည်။ လူအတွက်မူ ကြိုက်သလိုပြုပြင်၍ စားနိုင်၏။ ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်းလောက်တွင် ပေါ်လေ့ရှိသော ကောက်ညှင်းနှ ကလေးများကို ထုထောင်းပြုပြင်ထားသည့် မုန့်ဆန်းသဘောမျိုးဖြစ်သည်။

## မုယောဟူသည်

ဤသည်ကား ဆရာမြတ်တို့ ဝါဒအရ မုယောဟူသည်ကို ဂျုံအဖြစ် အလိုက်သင့် ရေးသားခြင်းဖြစ်၍ ယဝတဏ္ဍုလခေါ် မုယောဆန်ဟူသည် ဂျုံမဟုတ်ပါဟု ဤစာ ရေးခိုက်၌ အလိုက်သင့်တွေ့ကြုံရ၏။

ဤစာရေးခိုက် ၁၃၄၈–ခု၊ ကဆုန်လပြည့်နေ့တွင် တောင်ကြီးမြို့ စာရေးသူ၏ နေအိမ်သို့ ပင်လုံမြို့ ပိဋကတ် ရှမ်းဘာသာပြန် ကျောင်းဆရာတော် ဦးညာဏသမ္ဘောဓိ အမှူးပြုသော မိုင်းရှူးဆရာတော်၊ မိုင်းနန်းဆရာတော်၊ လင်းခေးဆရာတော်နှင့် တောင်ကြီး ရှမ်းပိဋကတ် ဘာသာပြန်ကျောင်းဆရာတော်တို့က ဘုရားအနေကဇာတင် ဆွမ်းကျွေးပွဲအတွက် ကြွလာရောက်ရှိနေကြ၏။

ဆရာတော်များမှာ အဂ္ဂမဟာပဏ္ဍိတ သမိုင်းနောင် ဆရာတော်ကြီး လက်အောက် တွင် နိုင်ငံတော်အစိုးရ၏ အထောက်အပံ့ဖြင့် ပိဋကတ်သုံးပုံကို ရှမ်းဘာသို ပြန်ဆိုနေကြဆဲ အဖွဲ့ဝင်များဖြစ်ကြသည်။

စာရေးသူက အလျင်းသင့်အခိုက်ကြုံ၍ ဝိပါက်တော်ကြောင့် ဘုရားရှင်ဘုဉ်းပေး ရသော မုယောဆွမ်းအကြောင်းကို ရှမ်းလို အဘယ်ကဲ့သို့ ပြန်ဆိုကြောင်း မေးလျှောက် သောအခါ၊ ပင်လုံဆရာတော်က "ဒီမုယောပြဿနာက ဘယ်ကပေါ်လာ ပြန်တာလဲ"ဟု မေး၏။

www.burmeseclassic.com

www.burmeseclassic.com



''တပည့်တော်က မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသရဲ့ ပါရာဇိကဏ် အဋ္ဌကထာ ဘာသာဋီကာကို အမှီပြုပြီးဝေရဉ္ဇတိုင်းမှာ ဘုရားရှင်ဝါဆိုတော်မူပုံ အကြောင်းကို ဗုဒ္ဓစာပန်းချီတစ်ပုဒ်အဖြစ် ရေးနေဆဲပါဘုရား''။

''မဟာဂန္ဓာရုံက မုယောကို ဘယ်လိုပြန်သလဲ''

''မုယောဆန်ပါပဲတဲ့ဘုရား။ နို့ပေမယ့် အောက်ခြေ မှတ်ချက်အဖြစ်နဲ့တော့ အမရကောသနိဿယမှာ မုယောကို ဂျုံဖြူလို့ ပြန်ဆိုတဲ့အကြောင်း ဖော်ပြထားပါတယ်။ အဲဒီအမရကောသနိဿယရဲ့ ဩဇာကြောင့်ပဲ ထင်ပါရဲ့၊ ဆရာအများကလည်း မုယော ဆိုတာကို ဂျုံ၊ ဂျုံကြမ်းလို့ပဲ ပြောကြပါတယ်''

''ဂျုံဆိုတာ ဆန်ကောင်းနဲ့ နှိုင်းယှဉ်လျှင် ကြမ်းတယ်လို့ ဆိုရပေမယ့် တကယ် ဆိုတော့ မကြမ်းလှသေးပါဘူး၊ မုရင်းဆန်၊ ငစိန်ဆန်တို့ ကြမ်းသလောက်ပါပဲ''

''တပည့်တော်လဲ အဲဒီလိုပဲ ဘဝင်မကျခဲ့မိပါဘူးဘုရား။ မုယောဆွမ်းမို့ ကြမ်းကြမ်းထော်ထော် ဘုဉ်းပေးရ ရှေးကဘယ်ဝဋ်နော်''လို့ လယ်တီပဏ္ဍိတက ရေးပါတယ်။ ဝဋ်တော်ဆိုက်လို့ ဆွမ်းကြမ်းဘုဉ်းပေးရတယ်ဆိုတော့ တကယ့်ကို အကြမ်းကြီးကြမ်းတဲ့ ဆန်မျိုးဖြစ်ရမှာပါ။ ဂျုံကြမ်းတာလောက်၊ မုရင်း၊ ငစိန်တို့ ကြမ်းတာလောက်ကိုတော့ ဘုရားရှင်ဟာ ဆင်းရဲသားတွေဆီကို ဆွမ်းခံစားနေကျမို့ ဝဋ်တော်လို့ ဆိုနိုင်မယ် မထင်ပါဘူး''

''ဘုန်းကြီးတို့လဲ အဲဒီလိုပဲ ဘဝင်မကျလို့ ဆဋ္ဌသင်္ဂါယနာတင်ပွဲတုန်းက အဲဒီမုယောအကြောင်း ဆွေးနွေးပွဲလုပ်ခဲ့ဖူးပါတယ်။ ယိုးဒယားဆရာတော်တွေနဲ့ ဆွေးနွေးတော့မှ ဘဝင်ကျရတော့တယ်''

''ဘယ်လို ဆွေးနွေးပါသလဲဘုရား''

''မုယောဆိုတာ ဘာစကား ဘာဝေါဟာရလဲ''

''အဲဒါကလဲ တစ်ဒုက္ခပါပဲ ဘုရား။ မုယော မုယောလို့ နားယဉ်နေခဲ့ပေမယ့် ဗမာမှာ မုယောဆန်ရယ်လို့ မရှိပါဘူး၊ လက်လှမ်းမီရာ အစိုးရကောက်ပဲသီးနှံ အရာရှိများ အထိ မေးကြည့်ဖူးပါတယ်၊ မုရင်းသာရှိပြီး မုယောလို့ မရှိဘူးတဲ့။ ဂျုံကိုပဲ ရှေးက မုယောလို့ခေါ်ခဲ့တယ် ထင်တယ်လို့သာ ပြောနိုင်ကြပါတယ်။ ဒီတော့ မုယော ဆိုတာ စာစကား ဆိုကြပါစို့ဘုရား''

''မုယောရဲ့ ပါဠိစကားက ပါတဲ့လဲ''

''ယဝ ပါတဲ့ဘုရား။ ယဝတဏ္ဍုလကို မဟာဂန္ဓာရုံက မုယောဆန်လို့ ပြန်ဆိုပြီး အမရကောသကယဝ-ဂျုံ (ဂျုံဖြူ)လို့ ပြန်ဆိုပါသတဲ့ဘုရား''

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီယဝဆိုတဲ့ ပါဠိက အရေးကြီးတယ်။ ယဝ–ကို ယိုးဒယားက "မတ်–ယောင်း" တဲ့။ မတ်က ဆန်၊ ယောင်းက အပင်ရဲ့အမျိုးအမည်နာမည်ပဲ။ အဲဒီမတ်ယောင်းပင်ဟာ ဂျုံပင်မဟုတ်ဘူး၊ ဂျုံကကောက်ပင် အငယ်စားလို့ အပင်မျိုး၊ မတ်ယောင်းပင်က ပြောင်းပင်နဲ့တူတယ်။ တူလို့ ဗုဒ္ဓသရဏံပင်နဲ့ ငှက်ပျောပင်ငယ်တို့ မှားနိုင်သလို အပင်ချင်းတောင် မှားကြတယ်။ မတ်ယောင်းစိုက်နည်းမှာ ပြောင်းပင်ပါလာတတ်သလို ပြောင်းခင်းမှာလဲ မတ်ယောင်းတွေ ပါလာတတ်တယ်။"

"မတ်ယောင်း အသီးက တကယ်ကြမ်းတယ်။ လူမစားနိုင်ဘူး၊ မြင်းစာကြက်စာအဖြစ် စိုက်ပျိုးကြတယ်။ မြင်းစာ၊ ကြက်စာတောင်မှ သူ့အတိုင်းစားဖို့ခက်လို့ ထုထောင်းပြီး ကျွေးရတယ်။ ရှမ်းပြည်နယ် အရပ်ရပ်မှာ စိုက်ပျိုးကြတယ်၊ ပင်လုံမှာလဲ စိုက်ခင်းတွေရှိတယ်၊ အဲဒီမတ်ယောင်းဆိုတာ ပါဠိလို ဝယက ယောင်းဖြစ်၊ ယိုးဒယားလို မတ်ယောင်းက မုယောဖြစ်လာတယ်လို့ မဆိုနိုင်ဘူးလား"

"အာဂမယုတ္တိရော၊ သဘာဝယုတ္တိပါ ရှိတယ်လို့ဆိုရပါမယ် ဘုရား"

"အဲဒီမတ်ယောင်းကို ရှမ်းလိုက မတ်လွေလို့ခေါ်တယ်၊ ယနဲ့လကလဲ အသံချင်းနီးတာပဲ။ အဲဒီမတ်ယောင်းသီး၊ မတ်လွေသီးက ကြမ်းလိုက်သမှ တကယ်ကြမ်း၊ လူမပြောနဲ့ မြင်းကိုတောင်မှ ထုထောင်းကျွေးရတယ်၊ အဲဒီမတ်လွေသီးကို ရှမ်းပြည်ဈေးတွေမှာ ကြက်စာ, ငှက်စာအဖြစ် ရောင်းတဲ့ဆိုင်တွေရှိတယ်၊ တောင်ကြီးဈေးမှာလဲ ရှိမှာပေါ့"

"မုယောကြမ်းပုံကို ဘဝင်အတော်ကျသွားပါပြီ ဘုရား"

"အဲဒီတော့ ယဝတဏ္ဍုလ ဆိုတာကို ရှမ်းလို မတ်လွေလို့ ပြန်လိုက်တော့ ကြမ်းပုံကို ရှမ်းအမျိုးသားတွေရဲ့ နားနဲ့အသိမှာ အနက်အဓိပ္ပာယ်တန်းဝင်သွားပြီး အဲဒီ ဝေရဉ္ဇာကဏ္ဍကို ရှမ်းလို စာဟော, တရားဟောတဲ့အခါ ရှမ်းအမျိုးသား–အမျိုးသမီးကြီးတွေဟာ ဘုရားရှင်ကို သနားလို့ မျက်ရည်တောင် ကျကြတယ်"

"သဘောပေါက်ပါပြီ ဘုရား။ မုယောဝါဒတစ်ရပ်အဖြစ် ရေးမှတ်ထားပါမယ် ဘုရား"

မြင်းကုန်သည်တို့သည် ဝေရဉ္ဇာသို့ ရောက်သောအခါ ဘုရားရှင်တို့ သီတင်းသုံးရာ နဠေရု နတ်ကွန်းအနီးရှိ ကျယ်ပြန့်သော မြေနေရာတွင် ယာယီတဲများထိုး၍ စခန်းချကြသည်။ သို့ဖြင့် ဘုရားရှင်နှင့် သံဃာတော်များအနီးသို့ မြင်းကုန်သည်တို့ ရောက်နေပြီဖြစ်၏။

ရဟန်းတော်တို့ လှုပ်ရှားသွားလာနေကြသည်ကို မြင်းကုန်သည် မြင်တွေ့နေကြရ၏။ အထူးသဖြင့် ရဟန်းတော်အများစုကို အနီးကပ်တွေ့ရသောအချိန်မှာ ဆွမ်းခံ

www.burmeseclassic.com

www.burmeseclassic.com



ချိန်ဖြစ်၏။ ဆွမ်းခံချိန်တွင် မြင်းကုန်သည်တို့တဲများအနီးမှ ဖြတ်သွားဖြတ်လာကြရသောကြောင့်ဖြစ်သည်။

ဆွမ်းခံပြန်သော ရဟန်းတော်တို့ကို တွေ့ရတိုင်း ညှိုးငယ်နေသယောင်ရှိ၍ မြင်းကုန်သည်ကြီးက "ရဟန်းတော်တွေ အကဲခတ်ရတာ ဆွမ်းခံလို့ရကြမယ် မထင်ဘူးကွ"ဟု ပြောလိုက်သောအခါ အနီးရှိ မြင်းကုန်သည်တစ်ယောက်က "လူတွေတောင် ငတ်နေကြတဲ့ နေရာမှာ ဆွမ်းခံလို့ ရနိုင်မယ်မထင်ပါဘူး၊ ရတယ်ဆိုတောင်မှ မလောက်မင ရကြမှာပေါ့"ဟု ပြန်ပြောသည်။

"ဒီလိုဆိုရင် တို့လည်း တတ်အားသလောက် လောင်းလှူကြရအောင်"

"ကျွန်တော်တို့မှာ ရိက္ခာတွေအများကြီး အပိုပါလာတာပဲ၊ လောင်းလှူသင့်သပေါ့ဗျာ"

သို့နှင့် ရဟန်းတော်တို့ ဆွမ်းခံ၍ရ, မရကိုသိရန်အတွက် မြင်းကုန်သည်ကြီးသည် နောက်တစ်နေ့နံနက်တွင် ဆွမ်းခံရာမှ ပြန်ကြွလာသော ရဟန်းတော်နှစ်ပါးတို့ အနီးသို့ ချဉ်းကပ်၍ ဆွမ်းခံ၍ ရ, မရ သာမက သပိတ်များကိုပါ လှမ်းလှော်ကြည့်လိုက်သောအခါ ဆွမ်းကြမ်းကလေး မဖြစ်စလောက်မျှသာ ပါရှိလာသည်ကို တွေ့ရ၍ အံ့သြဝမ်းနည်းသွား၏။

မြင်းကုန်သည်ကြီးအပါအဝင် မြင်းကုန်သည် အများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၏။ ဆွမ်းမပြည့်စုံသည်ကို မပြည့်စုံသည့်အတိုင်းပင် သည်းခံမျှတနေတော်မူကြရပါတကားဟု ဝမ်းနည်းသည်။ လောင်းလှူဖွယ်ရာ မရှိကာမှ ရှိစေ၊ ရှိသမျှကိုဖြင့် တစ်ဖွန့်၊ တစ်ယောက်မဖြစ်စေ၊ လောင်းလှူလိုကြသည်မှာ ဗုဒ္ဓဘာသာဝင်တို့၏ အခြေခံသဒ္ဓါဖြစ်၏။

အံ့သြရသည်မှာ မိမိစုံစမ်းမိသော ရဟန်းတော် နှစ်ပါးမှာ အရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန် အရှင်မြတ်တို့ ဖြစ်နေခြင်းပင်ဖြစ်၏။ ထို့ကြောင့် "သြ-အရှင်မြတ်ကြီးတို့ နှစ်ပါးပါတကား"ဟု သိပြီး ဒကာအနေဖြင့်ပင် ပဋိသန္ထာရပြုလိုက်ရသည်။

မြင်းကုန်သည်ကြီးသည် အရှင်သာရိပုတ္တရာကို ကြည်ညိုသူဖြစ်၏။ သာမန်ကြည်ညိုရုံမဟုတ်၊ အလေးအနက် ကြည်ညိုလှသူဖြစ်သည်။ ယင်းသို့ ကြည်ညိုဖွယ်ရာ သူ့မှာအကြောင်းတစ်ရပ် ကြုံတွေ့ခဲ့ဖူးသည်။

## သည်းခံမှု

မြင်းကုန်သည်ကြီးသည် သာဝတ္ထိပြည်သို့ ကိစ္စတစ်ခုဖြင့်ရောက်ခိုက် တည်းခိုသောအိမ်တွင် မိတ်ဆွေများနှင့် စကားဝိုင်းဖွဲ့မိကြသည်။ ယင်းမိတ်ဆွေများအနက် အိမ်ရှင်နှင့် အများစုမှာ

www.burmeseclassic.com

www.burmeseclassic.com



သမ္မာဒိဋ္ဌိ (ဗုဒ္ဓဘာသာ)ဝင်များဖြစ်၍ အခြားဘာသာဝင်မိတ်ဆွေများလည်းပါသည်။ ထိုအခါက ဗုဒ္ဓဘာသာဝင်များကို ဗုဒ္ဓဘာသာဟုမခေါ်သေး၊ သမ္မာဒိဋ္ဌိဘာသာဟုခေါ်သည်။

ဗုဒ္ဓသာသနာတော်တွင် ရဟန်းတော်အများ ပေါ်ပေါက်လာပြီ ဖြစ်သော်လည်း ယင်းရဟန်းတော်တို့အတွက် ဝိနည်း သိက္ခာပုဒ်တော်ဟူ၍ မပေါ်သေး၊ ရဟန်းမှန်လျှင် ကိုယ်နှုတ်နှလုံးကို ဆုံးမပြီးသူ အရိယာချည်း လိုလိုဖြစ်၍ ဆုံးမကံမြစ်ဖွယ်ရာ ဝိနည်း သိက္ခာပုဒ်တော်ဟူ၍လည်း မလိုသေး။

ထိုအချိန် (ဝါတော် ၂၀–အချိန်အထိ) ရဟန်းတော်တို့အတွက် တစ်ခုတည်းသော သိက္ခာပုဒ်သည်ကား ရှေးဘုရားအဆူဆူတို့၏ အစဉ်အလာသိက္ခာပုဒ်ဖြစ်သော သည်းခံမှုပင် ဖြစ်ပေ၏။ ကိုယ်နှုတ်နှလုံးတည်းဟူသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု တို့၌ မပြတ်သော သတိဖြင့် ချုပ်တည်း ခြိုးခြံသည်းခံနိုင်ပါခဲ့သော် အဘယ်သိက္ခာပုဒ် လိုပါသေးသနည်း။

ယင်းသည်းခံမှုအကြောင်းကို စကားဝိုင်းတွင် ဆွေးနွေးမိကြခြင်းဖြစ်သည်။ အချိန်ကား နံနက်ခင်း လက်ဖက်ရည်ကြမ်းဝိုင်းထိုင်ကြချိန်ဖြစ်၏။

''သည်းခံမှုဆိုတာ ပါးစပ်က စကားလုကလေးအဖြစ် ပြောတော့သာလွယ်တာပါ၊ တကယ်ကျင့်နိုင်ဖို့ကတော့မလွယ်ပါဘူး'' ဟု မိစ္ဆာဒိဋ္ဌိမိတ်ဆွေက ဝင်၍ထောက်၏။

''မလွယ်ဘူးဆိုတာ မဖြစ်နိုင်ဘူး၊ မကျင့်နိုင်ဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး၊ ကျင့်ရင်ဖြစ်ပါတယ်''ဟု မြင်းကုန်သည် ညော်သည်က ပြန်၍ဆွေးနွေးသည်။

''ဒါလဲ စကားလုပဲဗျ။ ကိုယ့်ကို၊ ကိုယ့်သားမယား၊ ကိုယ့်စီးပွားကို တကယ် စော်ကားလာရင် ဘယ်သူသည်းခံနိုင်မှာလဲ''

''ခံနိုင်အောင် ကျင့်ထားသူအဖို့ ခံနိုင်ပါတယ်ဗျာ။ ကျွန်တော်တို့ ဘုရား အလောင်းတော် ခန္တိဝါဒီရှင်ရသေ့ဘဝတုန်းက–''

''အတိတ်ကဟာတွေ၊ အတွေးတွေကို စကားလုမပြောပါနဲ့ဗျာ၊ လက်တွေ့ကို ပြောပါ၊ ကိုယ်တွေ့ကို စဉ်းစားပါ''

ကြုံချင်တော့ ဆွမ်းခံချိန်ဖြစ်သည့်အတိုင်း ထိုအချိန်တွင်ပင် သာရိပုတ္တရာ အရှင်မြတ်ကြီးသည် မြို့တွင်း ဆွမ်းခံရန်အလို့ငှာ၊ တစ်လုမ်းချင်း ဖြည်းညင်းစွာ ကြွတော်မူလာ၏။ အိမ်ရှင်က ဗုဒ္ဓဘာသာဝင်ဖြစ်၍ လောင်းလှူနေကျအတိုင်း ဆွမ်းထွက်၍ လောင်းသည်။ ဆွမ်းလောင်းပြီးသော် အရှင်မြတ် ဆက်၍ကြွသွားသည်။ အိမ်ရှင်ပြန်ဝင် လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်က ''အခု ဆွမ်းလောင်းလိုက်တာ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးပဲ၊ ခင်ဗျားတို့ဆွေးနွေးနေတဲ့ သည်းခံမှုအကြောင်းနဲ့စပ်ပြီး ပြောရရင်တော့ ဒီအရှင်မြတ်ကြီးဟာ သည်းခံနိုင်မှုအရာမှာတော့ ဘုရားရှင်ကလွဲရင် သည်းခံမှု သရဖူ ကိုယ်တော်မြတ်ကြီးပဲဗျ''ဟု ပြောလိုက်သည်။

''ခိုးကျူးလှချည့်လား။ ဘယ်လိုသည်းခံမှု သရဖူလဲဗျ''ဟု မိစ္ဆာဒိဋ္ဌိက မေးသည်။

''ကျွန်တော်တို့ ဗုဒ္ဓသာသနာတော်မှာ ရှင်သာရိပုတ္တရာရဲ့ ခြင်္သေ့ဟောက် သီဟနာဒလျှောက်ထားချက် ဆိုတာရှိသဗျ။ ဘုရားရှင်ကို အဲဒီ သီဟနာဒ လျှောက်ထားချက်ထဲမှာ တပည့်တော်ဟာ မြေကြီးအထုလို ကျင့်သုံးနေထိုင်ပါတယ်၊ မဟာပထဝီမြေကြီးဟာ သူ့ကို တူးချင်တူး၊ ဆွချင်ဆွ ဘယ်လိုပဲလုပ်လုပ် သည်းခံသလို တပည့်တော်ဟာလဲ အဲဒီလိုပဲ ကျင့်သုံးပါတယ်ဘုရားလို့ လျှောက်ထားတယ်''

''ဒီလိုဆိုတော့ သူ့ကို ဘယ်လိုလုပ်လုပ် သည်းခံတယ်ပေါ့''

''ဒီအတိုင်းပေါ့ဗျ''

''အပြောကလေးကတော့ လှပါပေ့၊ လက်တွေ့မှာ ဟုတ်မဟုတ်၊ စမ်းကြည့်ချင်လိုက်တာဗျာ''

''ဒါတော့ ခင်ဗျားသဘောပေါ့လေ''

''ပြောနေကြာတယ်၊ အခုစမ်းမယ်ဗျာ''

ဆွမ်းခံရာ၌ ခြေတစ်လှမ်းချင်းကိုပင် ကြွသည်-လှမ်းသည်ဟူသော တရားသတိဖြင့် သုံးသပ်ဆင်ခြင်၍ ဖြည်းညင်းစွာ ကြွသွားသောကြောင့်လည်းကောင်း၊ ရှေ့တစ်အိမ်တွင် ဆွမ်းရပ်ခိုက်ဖြစ်သောကြောင့်လည်းကောင်း အရှင်သာရိပုတ္တရာ အလှမ်းမကွာလှသေးပေ။

မိမိစဉ်းစားဉာဏ် တစ်မိုက်တစ်ထွာမျှဖြင့် ကိုယ်ထိလက်ရောက် စော်ကားမှုကို တော့ဖြင့် ဘယ်သူမှ သည်းမခံနိုင်ဟု စဉ်းစားမိသည့်အပေါ်တွင် ဘာသာတစ်ပါး ဆန့်ကျင်ဘက်ကို လုပ်ပြရမည်လည်း ဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိသမားသည် အိမ်ပေါ်မှ လွှားကနဲ ခုန်ဆင်းကာ အရှင်သာရိပုတ္တရာ၏ ကျောပြင်နားထိ အရောက်သွားပြီး လက်သီးကို တအားလွှဲ၍ အရှင်မြတ်ကြီး၏ ကျောပြင်အသားကို ဗျောပမာထား၍ ထုလိုက်သည်။

သူ့မျှော်လင့်ချက်မှာ အရှင်မြတ်ကြီးက အကြောင်းမဲ့ အစော်ကားခံရသည်ကို မခံချင်စိတ်ဖြင့် သူ့ဘက်သို့လှည့်ကာ သပိတ်နှင့်များ ပေါက်လိုက်လေမည်လား၊ တစ်စုံတစ်ရာ တုံ့ပြန်လေမည်လားဟူ၍ ဖြစ်၏။ သို့ရာတွင် ထုရိုက်သည့် အဟုန်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ရှေ့သို့ အနည်းငယ် ရွေ့ယိုင်သွားသည်မှတစ်ပါး တစ်စုံတစ်ရာ တုံ့ပြန်လာသည်ကို မတွေ့ရသောအခါ အံ့အားသင့်ရ၏။ တစ်ကြိမ်ဖြင့်မနာသေး၍ နောက်တစ်ကြိမ်ထုရိုက်ရန် ဟန်ပြင်လိုက်သောအခါတွင်မူ ထိုသူမှာ တစ်စုံတစ်ရာသော တန်ခိုးရှင်က ကျည်ပွေ့ဟန်ထားလိုက်သည့်အလား ရပ်ရာမှ မိုင်းမိုင်းလဲ၍ မြေတွင် ထွန့်ထွန့်လူး ဖြစ်နေတော့သည်။

မမျှော်လင့်သော ဤဖြစ်ရပ်ကြောင့် အနီးဝန်းကျင်တွင် ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ ထိုသူကိုဝိုင်း၍ ခဲဖြင့်ပစ်ပေါက်ကြ၏။ တံတွေးထွေးကြ၏။ တော်ပါသေး၏။ နားလည်သူ အစီအစဉ်အရ အရှင်မြတ်ကြီးကို ပင့်ခေါ်ကာ တောင်းပန်ဝန်ချစေလိုက်၍ သက်သာရာ ရသွားခဲ့သည်။

ယင်းဖြစ်ရပ်ကို မြင်းကုန်သည်ကြီး မျက်မြင်ကြုံတွေ့ခဲ့ဖူးလေရာ အဘယ်မှာ မကြည်ညိုနိုင်ဘဲ ရှိပါတော့အံ့နည်း။

''အရှင်မြတ်တို့ ဆွမ်းအခက်အခဲ ရှိနေတာကို တပည့်တော်တို့ မြင်းကုန်သည်အဖွဲ့ လှူဒါန်းလိုပါသည်ဘုရား''

အရှင်မြတ်က လက်ခံသည့်သဘောဖြင့် ငြိမ်နေ၏။

''နို့ပေမယ့် တပည့်တော်များ လှူဒါန်းနိုင်သည်ကတော့ ဆွမ်းမဟုတ်ပါ။ ဂျုံပြုတ်များသာ ဖြစ်ပါသည်။ တပည့်တော်တို့သည် ဧည့်သည်များဖြစ်၍ ဂျုံပြုတ်ကိုသာ ရိက္ခာအဖြစ် ဆောင်ယူနိုင်ခဲ့ကြပါသည်။ ဤဂျုံကိုသာ တပည့်တော်တို့ စားသုံးကြပါသည် ဘုရား''

အရှင်မြတ်ငြိမ်နေသည်။ ဂျုံသည် အာဟာရအတွက် ရောင့်ရဲနိုင်သည်မှန်၏။ သို့သော် ရဟန်းတော်တို့အဖို့ ချက်ပြီးပြုတ်ပြီးမဟုတ်သောအရာကို အဘယ်သို့ ပြုပြင် စားသုံးကြရပါမည်နည်း။

## ဆုံငယ်

''ဂျုံက ပြုတ်ပြီး ဂျုံတွေမို့ နူးပြီးနပ်ပြီးပါဘုရား။ အဲဒီပြုတ်ဂျုံကို ဆုံငယ်နဲ့ထောင်းပြီး ရေနဲ့သမလိုက်လျှင် ဆွမ်းပမာ အာဟာရအဖြစ် ဘုဉ်းပေးနိုင်ကြပါပြီဘုရား''

''ရဟန်းတော်များတွင် သပိတ်ကလွဲ၍ ထုစရာ ထောင်းစရာ ဆုံဟူ၍ မရှိပါ ဒါယကာ''

''တပည့်တော်တို့မှာ ဆုံငယ်တွေ ပါပါတယ်။ ဂျုံနှင့်အတူ ဆုံအချို့ကို ပေးလှူထားပါမည်ဘုရား''

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံပေပြီဖြစ်၏။ ဖွံ့ဖွံ့ဖြိုးဖြိုး ဝဝလင်လင် မဟုတ်သည့်တိုင်အောင် အာဟာရ မပြည့်စုံသော ရဟန်းတော်တို့အတွက် အထောက်အကူရလာပေပြီ။ သို့နှင့် ဆွမ်းခံချိန်၊ ဆွမ်းစားချိန် ရောက်ပြီဆိုလျှင် ဂျုံကို ဆုံဖြင့် ထောင်းသော ဆုံထောင်းသံများ ထွက်ပေါ် လာသည်။ ရှင်အာနန္ဒာကမူ ဘုရားရှင်အတွက်ရော မိမိအတွက်ပါ ဂျုံသန့်သန့်ကို ရွေးဖယ်ကာ ဆုံဖြင့်ထောင်း၍ သောက်တော်ရေနှင့်အတူ ပူးတွဲကပ်လှူ၏။

## ဆွမ်းကြမ်း

ထို့ကြောင့် ဘုရားရှင်သည် ဝိပါက်တော်ကြောင်း ဝေရဉ္ဇာတွင် ဆွမ်းကြမ်းကို ဘုဉ်းပေးရ သည်ဟူသော အကြောင်းရပ်ဖြစ်ပေါ်လာခဲ့သည်။ စင်စစ်သော် မြင်းစားသောဂျုံကို ရေဖြင့်နှော၍ ဘုဉ်းပေးရသောကြောင့်လည်းကောင်း၊ အလားတူ အာဟာရများကိုချည်း ကြာမြင့်စွာ ဘုဉ်းပေးတော်မူသောကြောင့်လည်းကောင်း ဝိပါက်တော်ဆွမ်းဟု သတ်မှတ် ရသော်လည်း ဘုရားရှင်အဖို့တော့ ထူးလှသည်မဟုတ်ပါ။ အကြောင်းမှာ ဘုရားရှင်အဖို့ ဆွမ်းကြမ်းဆိုသည်မှာ ကြုံတွေ့ခဲလှပြီဖြစ်၏။

အလွန်နုနယ်လှသော မင်းသားအဖြစ် လတ်လတ်ဆတ်ဆတ်ဘဝမှ ဥရုဝေလသို့ တောထွက်တော်မူသောအခါ အဘယ်ဆွမ်းမျိုးကို စားရပါသနည်း။ ဥရုဝေလဟူသည် တောဖြစ်၍ ဥရုဝေလ၏ ဝန်းကျင်တွင် ဆင်းရဲသားတို့၏ ကျေးရွာများသာ ရှိကြသည်။ ယင်းကျေးရွာတို့တွင် ဆွမ်းခံ၍ ရရှိသော အာဟာရမှာ ဆင်းရဲသားတို့၏ ဆွမ်းကြမ်း များသာ ဖြစ်သည်။

တစ်ဖန်၊ တရားအလုပ်ကို ကျားကုပ်ကျားခဲ ကျင့်သုံးခဲ့သည့် ခြောက်နှစ်ပတ်လုံး အချိန်များ၌ ကြမ်းသောဆွမ်းကိုထားဦး၍ ရတတ်သမျှသော သစ်သီးဆွမ်းဖြင့် လည်းကောင်း၊ အာဟာရကို လုံးဝစွန့်ပယ်ခြင်းဖြင့်လည်းကောင်း ကျင့်သုံးနေထိုင်တော် မူခဲ့သည်။ ထို့ကြောင့် ဆွမ်းကြမ်းဟူသည် ဘုရားရှင်အဖို့ အကြောင်းမဟုတ်တော့ပါ။

တစ်ဖန်၊ ဘုရားအဖြစ်သို့ ရောက်တော်မမူမီ ရာဇဂြိုဟ်သို့ ဆွမ်းခံဝင်သောအခါ အများအားဖြင့် ဆင်းရဲသားတို့၏ ဆွမ်းသာဖြစ်ရာက ဘုဉ်းပေးတော့အံ့ဟု ညောင်ပင် အောက်တွင် ထိုင်၍ သပိတ်တော်ကို ဖွင့်လိုက်သောအခါ ဆွမ်းကြမ်းဖြစ်ရုံမျှသာမက ဆင်းရဲသားတို့၏ တွေ့ကရာ သောင်းပြောင်းဟင်းတို့ဖြင့် ရောပွမ်းနေသော ဆွမ်းကို သည်းခံ၍ ဘုဉ်းပေးတော်မူသည်။

အလောင်းတော်မင်းသား ဆွမ်းခံပြီးလျှင် (ရာဇဂြိုဟ်)မြို့မှ ထွက်ခဲ့၍ မြို့ရှေ့ ပဏ္ဍဝတောင်ရိပ်သို့ကပ်၍ အရှေ့သို့ မျက်နှာမူ၍ ထိုင်တော်မူပြီးသော်

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းဘုဉ်း ပေးတော် မူအံ့သောငှာ သပိတ်တော်ကိုဖွင့်၍ ကြည့်လျှင် အနီ, အဖြူ, အကြောင်, အကျား အရောရောဆွမ်းကို မြင်တော်မူ၍ အူအသည်း ပြောင်းပြန်လန်၍ ပျို့အန်မည်ကဲ့သို့ ရှိတော်မူ၏။ ထိုအခါ ကိုယ်တော်ကို အလိုလိုဆုံးမတော်မူသည်ကား "သိဒ္ဓတ်မင်းသား။ ။ သင်သည် သန့်စင် ပျံ့မွှေးလှသော သလေးထမင်းကိုစွန့်ခွာ၍ ရလွယ်သော အာဟာရဖြင့် မျှတမိတင်းလျက် သေမင်းမတွေ့ရာ ဘဝ၏အဆုံးကို ရှာအံ့ဟု ရည်မှတ်၍ ကြီးမြတ်သော မင်း၏ ချမ်းသာကို စွန့်ခွာခဲ့သည်မဟုတ်လော၊ အပုပ်အတိ ပြည့်သော ဤကိုယ်ကို တန်ဆာဆင်ခြင်း၌ အဘယ့်ကြောင့် ရောင့်ရဲခြင်း မရှိသနည်း"ဟု ဆုံးမလျက် ဘုဉ်းပေးတော်မူ၏။

(ဇိနတ္ထပကာသနီ၊ စာ၊ ၃၇-၃၈)

ဤကား ဘုရားမဖြစ်ခင်က ဆင်ခြင်တော်မူခြင်းဖြစ်၍ ဘုရားအဖြစ်သို့ ရောက်သောအခါတွင်မူ မတုန်လှုပ်သော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူပြီးဖြစ်သည့် အလျောက် လူတို့ကသာ အကြမ်းဟူ၍လည်းကောင်း၊ အနုဟူ၍လည်းကောင်း ဆုံးဖြတ်ပြောဆိုနေကြသော်လည်း ဘုရားရှင်နှင့် အရိယာတို့အဖို့မှာမူ ထူးတော့မည် မဟုတ်။

တစ်ကြောင်းမှာလည်း ဘုရားရှင်သည် အာဟာရကိစ္စကို အလောင်းတော် ဘဝများစွာကပင် အထူးသတိပြုတော်မူခဲ့သည်။ မဟာဇနက္ကမင်းကြီးဘဝတွင် တောထွက် တော်မူသည့်နေ့၌ ခွေးစွန့်ပစ်၍ ထားခဲ့သော အမဲကင်ကိုပင် ကောက်ယူ သုံးဆောင်၍ ပြခဲ့၏။ သစ်သီးဝလံမျှဖြင့် မျှတခဲ့သော ဘဝပေါင်းကား မရေမတွက်နိုင်ခဲ့။

စင်စစ်သော်ကား အာဟာရဟူသည် လျှာတစ်ပြန့်စာမျှကလေး မလွန်မီ အတွင်း၌သာ ဒုက္ခရှာနေကြခြင်းဖြစ်၏။ လျှာအလယ်တွင် ပါးစပ်အတွင်းသို့ ဝင်လာသမျှ အာဟာရကို ဆီးကြိုဆုံးဖြတ်သော ရသအကြည်ဓာတ်ရှိသည်။ ယင်း အကြည်ဓာတ်က ကောင်းသည်, ဆိုးသည် အလို ရှိ, မရှိကို ဆုံးဖြတ်သည်။ ယင်းအကြည်ကိုလွန်သော် ဝမ်းတွင်းသို့ရောက်၍ အစာသစ်မှ အစာဟောင်းအဖြစ်သို့ ရောက်သွားလေတော့သည်။

အစာဟောင်းအဖြစ်သို့ ရောက်ခဲ့ပါသော် မင်းကေရာဇ်တို့၏ နတ်သုဓါသည် သော်လည်းကောင်း၊ ဆင်းရဲသားတို့၏ အစာကြမ်းသည်သော်လည်းကောင်း မည်သို့ ထူးပါသနည်း။

ဤသည်ကား အရိယာသူတော်ကောင်းတို့၏ အမြင်ဖြစ်၍ ယင်းသို့ မမြင်နိုင်ဘဲ အာဟာရအတွက် ဒုက္ခမျိုးစုံ ကြုံတွေ့ကြရသည်ကို နှိပ်ကွပ်ကာ ဘောဇနေမတ္တညုတာ အာဟာရကိစ္စတွင် မျှတရုံမျှရှိစေရမည်ဟု အရေးကြီးသော စရဏတရားတစ်ပါးအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တပည့်သားတို့အား သတ်မှတ်ဆုံးမတော်မူခဲ့သည်။ အာဟာရေ ပဋိကူလသညာ- အာဟာရဟူသည် စက်ဆုပ်ဖွယ်မျှသာပါတကားဟု တရားတစ်ပါးအဖြစ် သတိထားကြရန် လည်း ဆုံးမတော်မူခဲ့သည်။

ထို့ကြောင့် ဘုရားရှင်နှင့် အရိယာတို့အတွက် အာဟာရဟူသည် မကင်းပြတ်နိုင် သေးသော ခန္ဓာကိုယ်အတွက် မျှတသောအထောက်အကူမျှသာဖြစ်စေ၍ အကောင်း အဆိုး အကြမ်းအနုဟူသည် ထူးတော့သည်မဟုတ်။

## သိလျက်နှင့်မေး

ယင်းသို့လျှင် အရှင်အာနန္ဒာ ဆက်ကပ်လာသော အာဟာရကြမ်းကို မျှတစွာ ဘုဉ်းပေးတော်မူရင်းမှ ရှေးအခါက ဆွမ်းကိစ္စများမျှတွင် ငြိမ်သက်စွာရှိခဲ့သည်ကို ယခုသော် ထုသံထောင်းသံကလေးများ ကြားလာရသောကြောင့် မည်သည့်အသံများနည်း အာနန္ဒာ- ဟု သိလျက်နှင့်မေးတော်မူလိုက်သည်။

ဘုရားရှင်တို့မည်သည် သိလျက်နှင့်မေးတော်မူလေ့ရှိသည်။ အကြောင်းမှာ အဖြေရသောအခါ ဆက်လက်၍ ဟောကြားရန်ဖြစ်သည်။ ဤနည်းဖြင့် မေးတော်မူပေါင်း များခဲ့ပေပြီ။ အမေးမှ-အဖြေထွက်ကာ တရားဒေသနာတော်ပေါင်း များစွာရှိခဲ့ပေပြီ။ အကြီးအရှင်သာရိပုတ္တရာအစ၊ အငယ်ဆုံး ခုနစ်နှစ်သား ကိုရင်လေးကိုပင် မေးတော်မူ ဖူးသည်။

ခုနစ်နှစ်သားဆို၍ ဖော်ပြရပေဦးမည်။

ဘုရားရှင်လက်ထက်တော်၌, ခုနစ်နှစ်သားမျှကိုထားဦး၍ လေးနှစ်သား ငါးနှစ်သား သာမဏေကလေးများပင် အရိယာအဖြစ်သို့ ရောက်ရှိကြသည်။

> သက်တော် နုနုနယ်နယ်ဖြင့် ရဟန္တာဖြစ်တော်မူသော အဖြစ်တော်များ ("မိလိန္ဒပဉှာ"တွင် ၇-နှစ်အောက် ရဟန္တာမဖြစ်ဟုဆိုသော်လည်း ၄-နှစ်သား အရွယ် ရဟန္တာဖြစ်သော ကေဒိပိယထေရ်၊ ငါးနှစ်သားအရွယ် ရဟန္တာဖြစ်သော ပဥ္စသီလသမဒါ နိယထေရ်နှင့် ပဒုမထေရ်တို့၏အဖြစ်မျိုး)စသော မှတ်သား ဖွယ်ရာတို့ကို ဤအပါဒါန်ပါဠိတော် မြန်မာပြန် (ပထမအုပ်)တွင် ဖတ်ရှုတွေ့မြင် ရမည်ဖြစ်ပေသည်။
>
> (အပါဒါန် ပါဠိတော် မြန်မာပြန် နိဒါန်း၊ ပ၊ စာ-ဆ)

အရှင်သာရိပုတ္တရာ၏ အငယ်ဆုံးညီဖြစ်သူ ကိုရင်လေး ရေဝတသည် အကြမ်းဆုံးသောတောတွင် သူမတူအောင် အကျင့်ထူးသူဖြစ်၏။ ခရာဒီရေဝတ-

www.burmeseclassic.com

www.burmeseclassic.com



ခရောင်းတော ရေဝတဟုပင် တွင်သည်။ "သူမတူအောင်"ဟူသော စကားမှာ ကိုရင်လေး ရေဝတသည် အကြမ်းဆုံးသောတောတွင် တစ်ပါးတည်းသီတင်းသုံးကာ သူမတူအောင် လွတ်ကျွတ် ထူးခြားစွာ တရားကျင့်သုံးသူဖြစ်၍ တောဒဂ်အရှင်အဖြစ် ဂုဏ်ထူးဆောင် အရှင် ဖြစ်တော်မူသည်။

ကိုရင်ပဏ္ဍိတလေးသည် အရှင်သာရိပုတ္တရာ၏ အတူနေ တစ်ခန်းတည်း တစ်နေရာတည်းနေ တရားတပည့်ဖြစ်၏။ အရှင်သာရိပုတ္တရာနှင့်အတူ ဆွမ်းခံထွက်ကြရင်း လမ်းတွင် ရေသွယ်မြောင်းကိုမြင်ရာက တရားအမြင်လမ်းပွင့်၍လာသောကြောင့် ဆရာကို ခွင့်ပန်ပြီး ကျောင်းခန်းသို့ပြန်ကာ တရားထိုင်သည်။

အရှင်သာရိပုတ္တရာဆွမ်းခံရာက ပြန်လာ၍ ကျောင်းသို့ဝင်မည်ရှိသောအခါ ကိုရင်လေးတရားသားတက်ကာ အရိယာဖြစ်လုလုရှိနေသည်ကို အရှင်သာရိပုတ္တရာမသိ၊ ဘုရားရှင်သိတော်မူ၍ ကိုရင်လေးထံ သူ့ဆရာရောက်ခဲ့လျှင် တရားအနှောင့်အယှက် ဖြစ်တော့မည်ကြောင့် ဘုရားရှင်သည် ကျောင်းတော်မုခ်ဦးမှ အရှင်သာရိပုတ္တရာကို ဆီးကြို၍ တရားပြဿနာကို အမေးအဖြေလုပ်ခြင်းဖြင့် အချိန်ကိုဆွဲတော်မူထားသည်။

ဘုရားရှင်ကသာမဟုတ်၊ ထိုအချိန်သည် ဆွမ်းဘုဉ်းပေးဖို့ရန် မွန်းလွဲလုလု အချိန်လည်းဖြစ်နေလေရာ နေနတ်သားက မွန်းမလွဲရန် နေအသွားကိုဆွဲထားသည်။ နတ်ပြဟ္မာများက ကိုရင်လေးတရားဆောင်ကို စောင့်ရှောက်ပေးသည်။ ကိုရင်လေး တရားကိစ္စပြီးစီးသည့်အခါမှ ဘုရားရှင်နှင့်အတူ ဝန်းကျင်ကိစ္စ အားလုံးပြီးစေသည်။ ဘုရားရှင်နှင့်တကွ နတ်ပြဟ္မာများတို့ပင် ဝိုင်းဝန်းရအောင် တရားအစွမ်း ထက်သော ကိုရင်လေးဖြစ်၏။

တန်ခိုးထက်လှသော ပန္နရနဂါးကြီးကို ဖနှောင့်ဖြင့်ပေါက်ကာ သူ့ဆရာ အရှင်အာနုရုဒ္ဓါ၏ လေနာရောဂါအတွက် ဆေးအဖြစ်လိုအပ်လှစွာသော နဂါးပိုင် အနောတတ်ရေကို ယူ၍ပေးသော ကိုရင်လေး သုမန၊ ဘုရားရှင်နိုင်းတော်မူသဖြင့် ခြေတော်ဆေးရန်အတွက် အနာဝရတ်အိုင်မှ ရေကို တန်ခိုးဖြင့် တခမ်းတနားယူ၍ ပေးသော ကိုရင်လေး သုမနအကြောင်းကိုကား ဗုဒ္ဓစာပန်းချီ 'နာဂရာဇာ'ဖြင့် ဖော်ပြခဲ့ပြီး ပေပြီ။

ဘုရားရှင်လက်ထက်တော်တွင် ဤလိုတရားရှင်၊ အစွမ်းထက် ကိုရင်လေးတွေ မြောက်များစွာရှိခဲ့သည်။

ခုနစ်နှစ်သားအရွယ် ကိုရင်လေး သောပါက သည်ကား တမူထူးခြားသူဖြစ်၏။ ဘုရားရှင်၏ ရွှေဉာဏ်တော်နှင့်ပင် နီးနှောရောဝင်နိုင်သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဗ္ဗာရုံကျောင်းတော်တွင် ဘုရားရှင်သည် စင်္ကြံလျှောက်တော်မူသောအခါ သောပါက သာမဏေလေးက မနီးမဝေးမှ ဘုရားရှင်အတုလိုက်၍ စင်္ကြံလျှောက်၏။

ဘုရားရှင်က ညောင်းညာတော်မူ၍ စင်္ကြံလျှောက်သည်ဆိုကြပါစို့။ ခုနစ်နှစ်သား အရွယ် ကိုရင်လေးကလည်း ညောင်းညာ၍ စင်္ကြံလျှောက်သလော။ ခုနစ်နှစ်သားအရွယ် လူမမယ်မျှလောက်သည် ညောင်းညာ၍ကား မဟုတ်တန်ရာ။

လူငယ်ဟူသည် ဆရာသမား လူကြီးများသို့ အတုလိုက် အတုယူတတ်၏။ အိမ်တစ်အိမ်မှ လူကြီး၏ အလုပ်အကိုင် အပြုအမူကို ထိုအိမ်မှ ကလေးသူငယ်တို့၏ လှုပ်ရှားပုံကို ကြည့်၍ အကဲဖြတ်နိုင်၏။ ဆရာနှင့်တပည့်ဟူသည်လည်း ဤအတိုင်းပင် ဖြစ်သည်။ ဆရာကောင်းတပည့် ပန်းကောင်းပန်ဟူသည်မဟုတ်လော။

စင်္ကြံလျှောက်ခြင်းသည် သူကောင်းတို့၏ ကောင်းသော အလေ့အထ တစ်ရပ် ဖြစ်၏။ အစာကျေညက်၍ ကျန်းမာနိုင်သည်။ တရားသားတက်နိုင်သည်။ လူကြီးအဖို့ အညောင်းအညာပြေစေ၍ လူငယ်အဖို့ လူကြီးနှင့်တူနိုင်သည်။

ဘုရားရှင်ကိုယ်တော်တိုင်ကလည်း ညောင်းညာတော်မူတတ်၏။ တစ်နေ့လုံးလိုလို ဗုဒ္ဓကိစ္စတော်တို့ ဆက်၍နေသောအခါ ညောင်းညာတော်မူ၍ ရုံဖန်သိုင်တော် အာနန္ဒာကိုပင် ခေါ်ကာ၊ နှိပ်နယ်စေရသည်။ (ဗုဒ္ဓစာပန်းချီ ''နေညိုညို'')

တရားဟောရင်းနှင့်ပင် ညောင်းညာတော်မူသောအခါတပည့်ကြီး သာရိပုတ္တရာ၊ မောဂ္ဂလာန်စသူတို့ကို ''သာရိပုတ္တရာ ။ ။ ငါဘုရား ညောင်းညာတော် မူလှသည်။ ဟောဆဲတရားကို ဆက်၍ဟောလိုက်ပါဘိ''ဟု ကိုယ်စားလွှဲကာ တရားပလ္လင်တွင် လဲလျောင်းရသော အကြိမ်ပေါင်းများစွာရှိ၏။

ဆရာဖြစ်သူ၏ ဤပုံစံကို အလွန်သဘောကျ၍ အတုခိုးလိုလှသော တပည့် တစ်ဦးမှာ ရှင်ဒေဝဒတ်ပင်ဖြစ်၏။ သူဘုရားလုပ်၍ တစ်စင်ထောင်သောအခါ သူ့ကျောင်း ဂယာသီသတွင် ဤပုံစံအတိုင်းလုပ်၍ အတုယူသည်။ တပည့်ကြီး ကောကာလိကအား ''ကောကာလိက ။ ။ငါကိုယ်တော် ညောင်းညာတော်မူလှသည်။ ဆက်၍ဟောပါဘိ''ဟု ဆိုကာ တရားစင်တွင်ပင်အိပ်တတ်သည်။ တပည့်ကိုလွှဲကာ ဟန်လုပ်ခြင်းကိုသာ အတုယူတတ်ပြီး အိပ်ခြင်းကိုတော့ အတုမယူတတ်။ အိပ်ပြီဟော့ ဆိုလျှင် တရားသတိမရှိ ကုလားသေကုလားမျော ဆိုသကဲ့သို့ တခေါခေါဟောက်၍ အိပ်လေ့ရှိသည်။

ရှင်ဒေဝဒတ်ကို အကြောင်းမဲ့ နှိမ်ချနေခြင်းမဟုတ်ပါ။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့သည် သူ့ထံသို့ တပည့်များကို ကယ်ချွတ်ခေါ်ဆောင်ရန် ကြွလာစဉ် သူတရားဟောခိုက်ဖြစ်ရာ သာရိပုတ္တရာတို့ ငါ့ထံရောက်လာ ငါ့တပည့်ဖြစ်လာကြပြီဟု ဘုရားဂိုက်ဘုရားဟန်ဖြင့် ''သာရိပုတ္တရာ ။ ။ ငါညောင်းညာတော်မူသည်

www.burmeseclassic.com



ဆက်၍ တရားဟောလိုက်ပါဘိ''ဟုဆို၍ တရားဃလ္လင်တွင်ပင်အိပ်သည်။ အိပ်လိုက်သည်မှာ အရှင်သာရိပုတ္တရာတို့က သူ့တပည့်များကို တရားဟော၍ ဘုရားရှင်အထံတော်သို့ ခေါ်ဆောင်သွားသည်ကိုပင်မသိ။ ကောလုကရောက်လာပြီး ဖနောင့်နှင့်ပေါက်၍နိူးမှ နိုးသည်။ ဖနောင့်ဖြင့်ပေါက်သည်လည်း သက်သက်သာသာမဟုတ်၊ လုပ်လိုက်တိုင်း တလွဲတချော်တွေဖြစ်နေသော ဆရာဒေဝဒတ်ကို ချဉ်စိတ်ဖြင့်ပေါက်သော ဖနောင့် ဖြစ်ပေရာ သွေးရူးပါသည်အထိ ဖနောင့်ဒဏ်ကို ခံသွားရရှာသည်။

ဆရာ့အတုကို မယူတတ်လည်း ယူတတ်သည်မှစ၍ ဆက်စပ်သွားသော အကြောင်းရပ်ကို ဖော်ပြလိုက်ရခြင်း ဖြစ်ပေသည်။

## ခါးတော်နာခြင်း

ဘုရားရှင်အဖို့ ယင်းသို့ ညောင်းညာတတ်ရုံမျှမက ရုံဖန်ခါးတော် အသည်းအသန် နာတတ်သည်ကလည်း ရှိပေသေးသည်။ ယင်းသို့ ဘုရားရှင်ခါးတော်နာတတ်ခြင်းမှာ အတိတ်ဘဝက ကပ်ပါလာခဲ့သော ဝိပါက်တော်တစ်ရပ်ဟု ပိဋကတ်–ကဆိုသည်။

မေး ။ အထွတ်ဆုံးဟု သုံးလူ့မျက်မှန်
ခါးတော်ကိုက်ခဲ အသည်းအသန်
ဝေဒနာများ ခံစားရုံဖန်
ဘယ်အကြောင်း ကံဟောင်းထုတ်လို့ပြန်။

ဖြေ ။ လက်ဝှေ့သတ်ကောင်း အလောင်းဖြစ်သော်
ပြိုင်ပွဲဆိုင်ပွဲ နိုင်ပွဲအကျော်
နိုင်လျှင်ခါးရိုး ရိုက်ချိုးမြေပေါ်
အသတ်ကောင်း ဇာတ်ဟောင်းဝိပါက်တော်။

လယ်တီပဏ္ဍိတ

ဘုရားအလောင်းတော်နစဉ် တစ်ချိန်တုန်းက ဗာရာဏသီဝယ် လက်ဝှေ့သမား ဖြစ်ခဲ့သည်။ ဆင်ပြောင်းငါးစီးအားကိုဆောင်၍ ခွန်အားအလွန်ကောင်းသော်လည်း ကိုယ်ဟာန်နှင့် အရပ်အမောင်းကတော့ အလုပ်နှင့်မဆိုင်လှ။ ပုကွသေးငယ်သည်။ ယင်းသို့ အမြင်အားဖြင့် ပုကွသေးငယ်သည်ကိုပင် အခြားလက်ဝှေ့ကျော်များက မထီမဲ့မြင်ပြု၍ ပြိုင်လာ ဆိုင်လာသည်။

ပြိုင်လာ ဆိုင်လာသမျှ ဘုရားအလောင်းက နိုင်လိုက်သည်ချည်းဖြစ်၏။ နိုင်သည်က ရိုးရိုးနိုင်ရုံမျှမဟုတ်၊ နိုင်သည်နှင့်တစ်ပြိုင်နက် တစ်ဖက်သာ လူထွားကြီးများကို

www.burmeseclassic.com

www.burmeseclassic.com



မြေသို့ ကိုင်ပေါက်ကာ ခါးရိုးကို ချိုးပစ်လေ့ရှိသည်။ မိမိရုပ်ရည်ကို မထိမဲ့မြင်ပြုရန် သော်ကောဟု မခံချင်စိတ်ဖြင့် ပြုလုပ်ဟန်တူ၏။ အကျိုးကား ဘုရားဖြစ်တော်မူသည်အထိ ရံဖန် ခါးတော်နာရခြင်းဖြစ်ပေသည်။

## ဦးခေါင်းတော်ကိုက်ခြင်း

ယင်းသို့ ခါးတော်ကိုက်ခဲရုံမျှမက၊ ရံဖန် ဦးခေါင်းတော် ကိုက်ခဲတတ်သော ဝေဒနာကလည်း ရှိပါသေး၏။ နစဉ် တံငါသည်ဘဝက တံငါသည်တို့ ငါးတို့ ဦးခေါင်း ထုထားသည်ကို မြင်သော် ဝမ်းမြောက်မိခဲ့သော ဝိပါက်တော်ပါတဲ့။

မေး။ သုံးလူ့ထွတ်ဖူး မြိုက်မှူးသျှောင်ကေ<br>
ရံဖန်ခါလဲ ခေါင်းခဲပလေ<br>
ဝေဒနာဝင်မှ မလွတ်တုံချေ<br>
ဘယ်ဝိပါက် အဆက်ပါခဲ့လေ။

ဖြေ။ ရှေးခါကပ်ဟောင်း မကောင်းကံတော်<br>
တံငါမျိုးဇာတ် ဖြစ်လတ်သရော်<br>
ငါးတို့ ဦးခေါင်း ထုထောင်းမြင်သော်<br>
ဝမ်းမြောက်မိ လိုက်ဘိဝိပါက်တော်။

လယ်တီပဏ္ဍိတ

အကုသိုလ်အလုပ်ဆယ်မျိုးကို ပြုလုပ်ကြရာ၌ "ကိုယ်တိုင် တိုက်တွန်း၊ ချီးမွမ်း စိတ်တူ၊ ပေါင်းပြန်မူ၊ မှတ်ယူလေးဆယ်ကံ" ဟူသော အကျိုးဆက်များရှိ၏။ အဓိပ္ပာယ်မှာ ကောင်းမှု–မကောင်းမှုတစ်ခုခုကို ပြုလုပ်ရာ၌ ကိုယ်တိုင်လုပ်ခြင်း၊ သူတစ်ပါးကိုလုပ်ရန် တိုက်တွန်းခြင်း၊ သူတစ်ပါးလုပ်သည်ကို ချီးမွမ်းခြင်း, သဘောတူခြင်းဟူ၍ အကျိုးဆက်များ ရှိသည်။

ယင်းသို့လျှင် သူတစ်ပါးလုပ်သော အကုသိုလ်ကို ဝမ်းမြောက် သဘောတူရုံမျှဖြင့် ဘုရားဖြစ်တော်မူသည်အထိ အကျိုးဆက်လာသည်။

ပုဗ္ဗာရုံကျောင်းတော်တွင် ဘုရားရှင်လမ်းလျှောက်တော်မူသည်ကို အတုယူကာ ခပ်လှမ်းလှမ်းနေရာမှ လူကြီးဂိုက် လူကြီးဟန်ဖြင့် လမ်းလျှောက်လာသော ခုနစ်နှစ်အရွယ် ချစ်စဖွယ် ကိုရင်လေးအား ဘုရားရှင်က "သောပါက"ဟုခေါ်တော်မူလိုက်၏။ ကိုရင်လေး သောပါကသည် ဘုရားရှင်အနီးသို့ ရုတ်ခြည်းပင်ရောက်လာရှိခိုး၏။ ယင်းကဲ့သို့ လူကြီးဖြစ်သူက အရေးတယူလုပ်သည်ကိုခံချင်လွန်း၍သာ အတုယူရစ်ဝဲ၍ နေခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေရာ၊ ယခုသော် ဘုရားရှင်ကိုယ်တိုင်၏ အရေးတယူ–ခေါ်တော်မူခြင်းကို ခံရလေပြီ ဖြစ်၏။

''သောပါက ။ ။ ဖူးဖူးရောင်ပုပ် စက်ဆုပ်ဖွယ်ရာသော အလောင်းကို ပဋိဘာဂနိမိတ်ထင်အောင် ရှု၍ရအပ်သော ဥဒ္ဓုမာတက သညာနှင့် ကသိုဏ်းရုပ်ကို အာရုံပြု၍ ရအပ်သော ရူပသညာတို့သည် အထူးထူးသော အနက်အဓိပ္ပာယ် ရှိကုန်သလော၊ အထူးထူးသော သဒ္ဒါရှိကုန်သလော၊ သို့မဟုတ် တစ်မျိုးတည်းသော အနက် အဓိပ္ပာယ် ရှိကုန်သလော၊ သဒ္ဒါသည်သာ ထူးသလော''

''ဘုန်းတော်ကြီးသော အရှင်မြတ်ဘုရား ။ ။ ထိုနှစ်မျိုးလုံးပင် ရူပဈာန်အဖြစ်ဖြင့် အနက်တူသောကြောင့် ဧကတ္ထဖြစ်ပါ၏။ သဒ္ဒါအားဖြင့်ကား မတူသောကြောင့် နာနာဗျဉ္ဇန ဖြစ်ပါသည်ဘုရား''

အဘယ်မျှ လေးနက်ကြီးမားသော အမေးနှင့် အသက်အရွယ်နှင့်စာသော် မတန်မရာဟုပင် ထင်မှတ်ရသော အဖြေဖြစ်ပါသနည်း။ အသုဘသညာ ကမ္မဋ္ဌာန်း အရာတွင်လည်း လက်တွေ့သမားသာ ဖြေဆိုနိုင်၍ ပညာစခန်းအားဖြင့်လည်း မြင့်မားလှသော မေးခွန်းတော်နှင့် အဖြေဖြစ်ပေသည်။

အလားတူပင် အခြားသော အသုဘသညာပြဿနာတို့ကိုလည်း ထပ်ကာမေး၍ မေးသမျှကို ကိုရင်လေးက ဖြေဆိုနိုင်သဖြင့် ဘုရားရှင်က သာဓု သုံးကြိမ်ခေါ်၍ ကောင်းချီးပေးတော်မူသည်။ ကိုရင်လေး အဘယ်မျှ ဝမ်းမြောက်လှမည်နည်း။ ဘုရားရှင်က ဆက်၍ပေးအပ်သော ကောင်းချီးကြောင့်မူ ကိုရင်လေးအဖို့ ဆိုဖွယ်ရာမရှိတော့ပြီ။ ဆက်၍ ကောင်းချီးပေးပုံကို ရှုပါ။

''သောပါက ။ ။ သင့်အသက် ဘယ်နှစ်နှစ် ရှိပြီနည်း''

''ခုနစ်နှစ်ပါ ဘုရား''

''သောပါက ။ ။ သင်သည် ငယ်ပင် ငယ်သော်လည်း ငါဘုရား၏ သဗ္ဗညုတဉာဏေန–သဗ္ဗညုတဉာဏ်တော်နှင့် သဒ္ဓိံ–အတူတကွ၊ သံသန္ဒိတွာ– နှီးနှောတိုက်ဆိုင်၍၊ ပဉှေ–အမေးပုစ္ဆာ ပြဿနာတို့ကို၊ ဗျာကာသိ–ဖြေဆိုနိုင်ပေသည်။ ထို့ကြောင့် သင့်အား ဥပသမ္ပဒရဟန်းအဖြစ်သို့ ခွင့်ပြုတော်မူသည်''

သာသနာတော်နှင့် ရဟန်းအဖြစ်သို့ ဘုရားရှင်က ခွင့်ပြုတော်မူပုံရှစ်မျိုးကို ဖော်ပြရာ၌ သိက္ခာမတင်–သိမ်မဝင်ရဘဲ သာသနာ့ထိပ်တင် ဘုရားရှင်၏ အမိန့်တော်ဖြင့် ပဉှာဗျာကရဏူပသမ္ပဒါ ရဟန်းအဖြစ်သို့ ရောက်လာသော ကိုရင်လေး သောပါက၏ အကြောင်းရပ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြလိုသည်မှာကား - အမေးလေးထွေ အဖြေငါးပါး၊ သို့မဟုတ် အမေးငါးထွေဟူ၍ရှိရာ၌ ရဟန်းတို့ ဆုတောင်းသံကို ဘုရားရှင်ကြားတော်မူ၍ အဘယ်အသံများနည်း အာနန္ဒာဟူသော အမေးမှာ ဘုရားရှင်ပြန်လည် ဟောကြားလိုသော ဆန္ဒတော်ဖြင့် မေးအပ်သော ကထေတုကမျတာ ပုစ္ဆာဖြစ်ကြောင်းကိုပင် ဖြစ်၏။

အရှင်အာနန္ဒာက "ရဟန်းတို့သည် ဆွမ်းအခက်အခဲကြောင့် မြင်းကုန်သည်တို့ လှူဒါန်းအပ်သော ဂျုံကို ဆုံယင်ဖြင့် ထုထောင်းဘုဉ်းပေးကြရသော ဆုံသံပါဘုရား၊ အရှင်မြတ်ကိုလည်း တပည့်တော်က အလားတူ ထုထောင်း၍ ကပ်လှူရပါသည်ဘုရား"ဟု လျှောက်ထားလိုက်သောအခါ၊ ဘုရားရှင်က သာဓုခေါ်၍ ကောင်းချီးပေးတော်မူ၏။ သာဓုခေါ်ရုံမျှမက "ငါ၏ တပည့်သားရဟန်းတို့သည် ရတတ်သမျှနှင့် ရောင့်ရဲနိုင်ကြပါပေစွ၊ သမဏသုခနှင့် ပြည့်စုံကြပါပေစွ"ဟု ချီးကျူးတော်မူလိုက်သည်။

ထိုအချိန်သည်ပင် ရဟန်းတို့ အစည်းအဝေးဖြစ်၏။ အကြောင်းမှာ ရဟန်းတို့၏ စည်းဝေးတွေ့ဆုံချိန်များသည် အများအားဖြင့် ညနေညဦးအချိန်များ ဖြစ်သော်လည်း ဆွမ်းစားပြီးချိန်များသည်လည်း ရဟန်းတို့ စည်းဝေးချိန်များဖြစ်တတ်သည်။ အကြောင်းမှာ နံနက်ခင်းချိန်များ၌ ဆွမ်းခံထွက်၍ ကျောင်းတော်တွင် ဘုရားရှင် ရှိနေပါက ဆွမ်းစားချိန်၌ ဘုရားရှင်တစ်စုံတစ်ရာမိန့်ကြားသည်ကို ကြားနာရန်အတွက် ဆွမ်းစားမှုကိစ္စကို ကျောင်းတော်သို့သာ ပြန်လာပြီး ဆွမ်းစားကျောင်း၌ တစ်စုတစ်ဝေးတည်း ဘုဉ်းပေးကြသည်။ ထိုအခါ သံဃာတို့သည် တစ်နေရာတည်း၌ တစ်စုတစ်ဝေးတည်း ဖြစ်နေ၍ စည်းဝေးမှု ပုံစံမှာ အလိုလိုပြီးစီးပြီးဖြစ်သည်။

ဘုရားရှင် အဆင်သင့်မရှိသောအခါများ၌မူ ဆွမ်းခံ၍ ရလာသောဆွမ်းကို မြို့တွင်းရှိ သင့်လျော်ရာ ဓမ္မသာလာခေါ် ဇရပ်များ၌ပင် ဘုဉ်းပေးလိုက်ကြသည်လည်း ရှိသည်။ ပဉ္စဝဂ္ဂီအပါအဝင် အဿဇိအရှင်မြတ်သည် ယင်းသို့ ဓမ္မသာလာတွင် ဆွမ်းဘုဉ်းပေးရင်းမှ နောက်ပါးက အကဲဖြတ်လိုက်ပါလာသော ဥပတိဿပရိဗိုဇ်နှင့် တွေ့ဆုံကာ တရားနာရသောကြောင့် အရှင်သာရိပုတ္တရာအဖြစ်သို့ ရောက်လာသည်။ (ဗုဒ္ဓစာပန်းချီ "အိုးစရည်းနှင့် လက်င်းအိုး")

သာဝတ္ထိပြည်၊ ရာဇဂြိုဟ်စသော ကျောင်းကြီးများ၏ ညနေခင်းချိန်များသည် သံဃာတော်တို့ မပြတ်စည်းဝေးရာ အချိန်များဖြစ်ကြ၏။ ယင်းသို့ သံဃာတော်တို့ တွေ့ဆုံစည်းဝေးသည်ကို ဘုရားရှင်အလိုရှိတော်မူသည်။ အကြောင်းမူကား သံဃာတော်တို့၏ ညီညွတ်မှုကိုပြသည်။ တစ်ပါးနှင့်တစ်ပါး ဝမ်းမြောက်စွာ တွေ့ဆုံနိုင်ကြသည်၊ တရားသတင်း ဖလှယ်နိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သံဃာတော်တို့ စည်းဝေးမိချိန်တွင် ဘုရားရှင်ကြွလာ၍ ယင်းအစည်းအဝေးနှင့် စပ်သော တရားတော် တစ်စုံတစ်ရာကို မိန့်ကြား၏။ ယင်းသို့ဖြင့် မြောက်မြားစွာသော ဒေသနာတော်များ၊ နိပါတ်တော်၊ ဇာတ်တော်များ ထွက်ပေါ်လာနိုင်ခဲ့သည်။

ဆွမ်းစားကျောင်း တစ်နေရာတည်းတွင် စုရုံးဘုဥ်းပေးကြသည်မှာလည်း ဘုရားရှင်၏ အလိုတော်ပင်ဖြစ်၏။ အကြောင်းမှာ သံဃာတို့၏ ညီညွတ်မှုကို ပြသည်။ ယင်းသို့ဖြင့် ဝေဠုဝွန်တွင်လည်း ယခုဆွမ်းစားချိန်မှာ စည်းဝေးချိန်ပင်ဖြစ်၍ သံဃာတော်တို့ စုံလင်သည်။

## သမဏသုခ

ဘုရားရှင်က တပည့်ရဟန်းတို့ ဆွမ်းမပြည့်မစုံဖြစ်နေသည်ကိုပင် သမဏသုခနှင့် ပြည့်စုံကြပါလေစွဟု ချီးကျူးရာသလောဟု စောကြောဖွယ်ရာရှိ၏။ စောကြောသူက ဆွမ်းအခက်အခဲမျှကိုမြင်ခြင်းဖြစ်၍ ဘုရားရှင်ကမူ တရားတော်ဖြင့် ရှုမြင်ချီးကျူးခြင်းဖြစ်သည်။ အကြောင်းမူကား ရဟန်းတို့တွင် သမဏဒုက္ခ ဆင်းရဲငါးမျိုးဟူ၍ရှိ၏။ အကြင်ရဟန်းသည် ရတတ်သမျှသော သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးတို့ဖြင့် မရောင့်ရဲနိုင်၊ မရောင့်ရဲတတ်၊ ထိုရဟန်းသည် ဆင်းရဲတော့ပြီဖြစ်၏။ အကြင်ရဟန်းသည် ဆရာတစ်ဆူတည်း၏ အဆုံးအမအောက်တွင် တစ်ညီတည်းဝတ်ရုံနေထိုင်ကာ တူညီသော တရားကို ကျင့်သုံးသူ ဖြစ်ပါလျက် အချင်းချင်းမညီညွတ်နိုင်၊ ထိုရဟန်းသည် ဆင်းရဲပြီဖြစ်၏။ သမဏဒုက္ခငါးမျိုးဟုခေါ်သည်။

ဆွမ်းမပြည့်စုံရုံမျှသည် ကြီးမားသော အကြောင်းမဟုတ်ပါ၊ ရတတ်သမျှနှင့် ရောင့်ရဲနိုင်ရမည်၊ ရောင့်ရဲနိုင်အောင် ကျင့်ထားရမည်။ ကျင့်ထားပြီးသူဖြစ်ရမည်။ မပြည့်စုံရုံမျှသာမက အလျဉ်းမသင့်လျှင် ဆွမ်းတစ်လုံးတစ်စေ့မျှမရ၍ ငတ်ရသည်များပင်ဖြစ်၏။ ထိုအခါ ပီတိဘက္ခာ အာဘဿရာမ-တရားပီတိတည်းဟူသော အာဟာရဖြင့်သာ မျှတကြပါစို့ဟူသော အဆင်မသင့် အခွင့်အလှည့်များပင် ရှိခဲ့သည်မဟုတ်ပါလော။

ရဟန်းအဖြစ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက်၊ သို့မဟုတ် သိမ်ကဆင်းသည်နှင့် တစ်ပြိုင်နက် သပိတ်ခေါ် ဆွမ်းတောင်းခွက်ကို ထည့်၍ ပေးလိုက်သည်။ တောင်းခံစားပေတော့။ ဤသည်ကား ရဟန်းအတွက် အလိုမရှိအပ်သော မာနကို ချိုးနှိမ်ရာ အကောင်းဆုံး အမွန်ဆုံးသော အကျင့်အလုပ်ဖြစ်သည်။ နေပူမိုးရွာမရှောင်နှင့်၊ သင်္ကန်းကို ကြည်ညိုဖွယ် ဖြစ်အောင်ရုံ၊ မျက်လွှာကို အောက်သို့ချ၊ ဖိနပ်၊ ထီးစသည်တို့ကိုရှောင်၊ ရတတ်သမျှနှင့် ရောင့်ရဲပေတော့၊ ဤသည်ကား တရားရှင်ရဟန်း၏ ချမ်းသာ၊ သမဏသုခပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနေရာအတွက်မှာ ရဟန်းဖြစ်စကပင် သစ်ပင်များကို လက်ညှိုးထိုးပြခဲ့ပြီး ဖြစ်သည်။ ရှင်မဟာကဿပတို့လို တရားသတ္တိခဲသမားကြီးများကမူ သစ်ပင်ကိုပင်ရှောင်၍ လွင်တီးခေါင်တွင် မဟာပထဝီတည်းဟူသော အခင်း၊ ကောင်းကင်တည်းဟူသော အမိုးအယံမျှဖြင့်သာ တွေးကြည့်လျှင်ပင် ခက်ခဲလှစွာသော ဓုတင်ဆောင်ရဟန်းအဖြစ် ကျင့်သုံးတော်မူကြသည်။

ဆေးအတွက်မှာ နွားကျင်ငယ်ရေကို ညွှန်ပြထားသည်။ ဒါယကာတို့မှာ အများအားဖြင့် ဆေးဝါးအတွက် ခက်ခဲရှာကြသည်။ သို့သော် နေတတ်စားတတ်လျှင် တစ်ကိုယ်ရေကျန်းမာမှု ပြည့်စုံစေနိုင်သော နည်းလမ်းများအလွယ်ပင်ရှိသည်။ သန့်သန့် ရှင်းရှင်းနေ၊ မျှမျှတတ သတိဖြင့်စားသုံး၊ စောစောအိပ်၊ စောစောထကာ အရုဏ်ကျော် ခန့်အထိမအိပ်ရအောင် နောင်အခါ၌ သဟာသေယျသိက္ခာပုဒ်ဖြင့်ပင် တားမြစ်ပေး ထားသည်။ စောစောအိပ်၊ စောစောထလေ့ရှိသူများ၏ ကျန်းမာလန်းဆန်းမှုကို စောစော ထလေ့ရှိသူများသာ သိရှိနိုင်သည်။ စောစောအိပ်ထ ပြုကျင့်က တွင်းပကိုယ်ခန္ဓာ၊ ရောဂါခပ်သိမ်းရှောင်ခွာတိမ်း၊ ကင်းငြိမ်းလွန်ချမ်းသာဟု ဆိုသည်မဟုတ်လော။

သင်္ကန်းအတွက်မူကား ပြောကြစတမ်းဆိုလျှင် ယခု ဝေဠုဝမှ နောက်တော်ပါ ရဟန်းတော်များမှာ ပို၍ဆင်းရဲကြရသည်ဟု တွေးထင်နိုင်၏။ အကြောင်းမှာ သံဃာတော် ငါးရာလုံးသည် အပိုမပါ၊ သင်္ကန်းသုံးထည်တည်းမျှသာ ဆောင်ထားကြသော တိစီဝရိတ် ဓုတင်ဆောင် ရဟန်းတော်များတည်း။ အခက်အခဲတွေ့လျှင် တရားဖြင့် ရောင့်ရဲတင်းတိမ် ရမည်၊ ရောင့်ရဲတင်းတိမ်ခြင်းသည်ပင်လျှင် တရားရှင်ရဟန်း၏ သမဏသုခချမ်းသာ ပေတည်း။ ထို့ကြောင့် ငါ့သားတော်များသည် သမဏသုခနှင့် ပြည့်စုံကြပါစေဟု ဘုရားရှင်က ချီးကျူးတော်မူလိုက်ခြင်းပင် ဖြစ်ပေသည်။

## အရှင်မြတ်နှစ်ပါး

ဤတွင် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့အတွက် လျှောက်ထားရန် အခွင့်အရေး ပေါ်လာ၏။ အရှင်မြတ်နှစ်ပါးသည် လူ့ဘဝကပင် ညီရင်းနောင်ချာပမာ တွဲဖက်ညီညွတ်၍ လာခဲ့သူများ မဟုတ်ပါလော။ ရံဖန်ရံခါ ဒေသစာရီစသော အကြောင်းများကြောင့် သူတို့နှစ်ပါးခွဲခွာ သီတင်းသုံးကြရသည်မှတစ်ပါး ယခုလို တစ်ပေါင်းတည်း နေထိုင်ကြ ရသည်ဆိုလျှင် တစ်ပေါင်းတည်း တစ်စည်းတည်း ရှိနေကြသည်ကို တွေ့ကြရသည်။

တစ်ချို့တွင် အချိန်ကြာမြင့်စွာ ကွဲကွာနေကြသည်ကို အတိုးချပူးပေါင်းသည့်ပမာ ဘုရားရှင်ထံခွင့်ပန်၍ တောအနီးရွာငယ်တစ်ခုတွင် နှစ်ပါးတည်းအတူ ကြွရောက်၍ တရားကျင့်သုံးနေကြ၏။ တစ်ပါး၏အရိပ်အကဲကို တစ်ပါးကသတိပြုကြည့်ရှု၍ ညီညွတ်

www.burmeseclassic.com



ချမ်းသာစွာသီတင်းသုံးကြသည်။ သူတို့နှစ်ပါးမှာ ဘုရားရှင်၏ ဝဲယာလက်ရုံးတော် အဂ္ဂသာဝကကြီးများ ဖြစ်ကြသည့်အတိုင်းပင် ညီညွတ်မှုတွင်လည်း စံပြအရှင်ကြီးများဖြစ်ကြ၏။

ဆက်၍ပြောရန်ကား၊ ယင်းသို့နှစ်ပါးတည်း နေထိုင်ကြစဉ်တွင်ပင် အရှင်သာရိပုတ္တရာမှာ ရံဖန်ရံခါဖြစ်ပေါ်လေ့ရှိသော ဝယ်စဉ်က အငတ်လေနာထကြွလာ၏။ အဘယ်သို့ပြုစုရပါ့ဟု အရှင်မောဂ္ဂလာန် ပျာယာခတ်သွားသည်။

ရောဂါအငတ်ရှင်များမှာ ပျောက်ကင်းဖူးသော ဆေးဝါးများရှိတတ်ကြ၏။ အဘယ်ဆေးဝါးဖြင့် ပျောက်ဖူးပါသနည်းဟု မေးလျှောက်သောအခါ မိခင်ကြီး ကျိုချက်ကပ်လှူသော ယနာနို့ဆွမ်းဖြင့် ပျောက်ကင်းဖူးပါသည်ဟု အရှင်သာရိပုတ္တရာက မိန့်ကြားသည်။

ခက်ကပြီ။ တောလက်ကျေးရွာတွင် အဘယ်မှာ ယနာနို့ဆွမ်း ရနိုင်ပါအံ့နည်းဟု အရှင်မောဂ္ဂလာန်က စဉ်းစားကာ တပည့်တော်တို့ ဘုန်းကံရှိလျှင် နက်ဖြန်ဆွမ်းခံတော့ ယနာနို့ဆွမ်း ရကောင်းရနိုင်ပါလိမ့်မည်ဟုသာ လျှောက်ထားရတော့သည်။

သို့သော်မခက်၊ မခက်ဟန်ကား နှစ်ပါးတည်းသာ အာဟာရကိစ္စဆွေးနွေးမိကြသည်ကို အရှင်မြတ်ကြီးတို့အား စောင့်ရှောက်လျက်ရှိသော ကျောင်းစောင့်နတ်က ကြားသည်၊ ထို့ကြောင့် ကျောင်းစောင့်နတ်ဆောင်ရွက်ပုံမှာ အရှင်မောဂ္ဂလာန် ဆွမ်းခံရွာရှိ အိမ်တစ်အိမ်မှ ကလေးငယ်တစ်ယောက်ကို ဆူဆူညံညံဖြစ်အောင် ဖမ်းစားပြီး နက်ဖြန် အရှင်မောဂ္ဂလာန် ဆွမ်းခံလာလျှင် ယနာနို့ဆွမ်း လောင်းလှူရမည်။ သို့မှ ဖမ်းစားမှု ပျောက်ကင်းမည်ဟု ဆိုလိုက်သည်။ အိမ်ရှင်တို့အဖို့ ယနာနို့ဆွမ်းရအောင် ချက်ခြင်းပင် အပူတပြင်းစီမံရ၏။

သို့နှင့် ရေးဘုန်းရေးကံကြောင့်ဟုပင် ဆိုဆို၊ အရှင်မောဂ္ဂလာန်သည် နို့ဆွမ်းကို ရလာသောအခါ ကျောင်းသို့ အသော့ပြန်လာပြီး အရှင်သာရိပုတ္တရာကို ဆက်ကပ်သည်၊ အရှင်သာရိပုတ္တရာက ရတော်ရခဲလာသော နို့ဆွမ်းကိုကြည့်ကာ တိုက်ဆိုင်လွန်းလေစွဟု စဉ်းစားသည်။ မိမိတို့သည်နှစ်ပါးတည်းသာဖြစ်၍ နို့ဆွမ်းအကြောင်း ပြောလိုက်မိသည်ကို ယခုအသင့်ရရှိလာ၏။ အကြောင်းဘယ်သို့ ရှိလေသနည်းဟု အဘိညာဉ်ဖြင့် ဆင်ခြင်ကြည့်ရှုလိုက်သောအခါ ကျောင်းစောင့်နတ်၏ လက်ချက်ဖြစ်ကြောင်း သိမြင်လာရသည်။

ဤမျှသော ဆွမ်းကိစ္စလေးမျှအတွက် လောလုပ္ပတဏှာအရာတွင် မဆင်မခြင် ပြောခဲ့မိသည်ကို မိမိ၏ ဝစီပယောဂကြောင့်တော့ ဤဆွမ်းကို မစား၊ လေနာကြောင့် အူအသည်းတို့ပင် ပြတ်ကြွေလျှင် ကြွေပါစေတော့ဟု မိန့်တော်မူကာ ရလာသော နို့ဆွမ်းကို မိမိလည်းမစား၊ အရှင်မောဂ္ဂလာန်ကိုလည်း မစားစေဘဲ တော်ရာနေရာသို့ မှောက်သွန် ပစ်လိုက်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်မြတ်၏ ဤသို့သော တရားစောင့်သိမှုကြောင့် ထိုအခိုက်တွင်ပင် လေနာရောဂါပျောက်ကင်း၍ ပရိနိဗ္ဗာန်စံဝင်သည်အထိ၊ လေနာရောဂါအမြစ်ပြတ်၏။ တရားသတ္တိပေတည်း။

အရှင်သာရိပုတ္တရာ၏ ဤဆွမ်းကိစ္စအထိဆက်၍ ပြောရခြင်းမှာ ဘုရားရှင်မိန်ကြားလတ္တံ့သော ဆွမ်းကိစ္စနှင့် ဆက်၍နေသောကြောင့် ဖြစ်ပါသည်။

## ညီညွတ်မှု

တစ်ပါးနှင့်တစ်ပါး ညီညွတ်သည့်အရာတွင် အရှင်သာရိပုတ္တရာတို့လောက် မထင်ရှားသော်လည်း စံပြပုဂ္ဂိုလ်တို့ဟုဆိုနိုင်လောက်သော ရဟန်းသုံးပါးရှိသေး၏။ အရှင်အနုရုဒ္ဓါ၊ အရှင်ဘဒ္ဒိယနှင့် အဖော်ရဟန်းတစ်ပါးတို့ဖြစ်သည်။

သံဃာအား ဘုရားမဆန်သာဟု ဆိုရလောက်အောင် ကောသမ္ဗီရဟန်းတို့ကွဲပြား၍ ဘုရားရှင်သည် ပုလလဲတောတွင် တစ်ပါးတည်း ဝါဆိုတော်မူခဲ့သော ဇာတ်တော်အထင်အရှားရှိ၏။ လူသတ္တဝါတို့မည်သည် အတိုက်အခံဖြစ်မှု ဆန့်ကျင်မှုတို့ကိုနှစ်သက်လေ့ရှိကြသောကြောင့် ယင်းဖြစ်ရပ်သည် ဆန့်ကျင်ဘက် ဇာတ်တော်အဖြစ်ထင်ရှားသော်လည်း စင်စစ်အားဖြင့်မူ ကောသမ္ဗီဇာတ်လမ်းမှာ မညီညွတ်မှု၏ ဆိုးကျိုးကိုပြ၍ ညီညွတ်မှု၏ ကောင်းကျိုးကိုလည်းပြသော ဇာတ်လမ်းဖြစ်သည်။

ကောသမ္ဗီမှ ပုလလဲတောသို့ တစ်ပါးတည်း ထွက်ကြွခဲ့ရာ၌ ဘုရားရှင်သည်ရှေးဦးစွာ တစ်ပါးတည်း တရားအားထုတ်မှုတွင် တရားအင်အား ဆုတ်နစ်လျက်ရှိနေသောဘဂုထေရ်ထံသို့ ဝင်၍ တရားဆေး အားပေးစကား ဟောကြားတိုက်တွန်းတော်မူသည်။ ဆရာကိုတွေ့လျှင် အားမတက်သော တပည့်ဟူ၍မရှိ။ အားတက်ရုံမျှမက ဘုရားရှင်သည် ကိုယ်တိုင်ကိုယ်ကျ ကြွလာချီးမြှောက်တော်မူလေသည်ဟု အရှင်ပဂု ဝမ်းမြောက်ခြင်းနှင့်အတူ တရားသားတက်သည်။

အရှင်ပဂုထံမှ ထွက်ကြွ၍ ဥရုဝေလတွင် တရားအားထုတ်လျက်ရှိကြသော အရှင်အနုရုဒ္ဓါတို့ထံသို့ ရောက်သောအခါ အရှင်အနုရုဒ္ဓါတို့ကို ဥပသကာအဖြစ်စောင့်ရှောက်လျက်ရှိနေသော တောသားဒကာကြီးက ဘုရားရှင်ကို တားမြစ်သည်။ "ရဟန်းကြီး ။ ။ အတွင်းသို့မဝင်ပါနှင့်၊ အရှင်မြတ်သုံးပါးတို့ တရားအားထုတ်နေကြပါသည်။ အနှောင့်အယှက်မပြုပါနှင့်"

တောသားဒကာကြီးသည် စေတနာရှင်ဖြစ်သော်လည်း ရိုးသားလွန်းသည်။ ဘုရားရှင်ကို ဘုရားရှင်မှန်းသိဟန်မတူ။ ဘုရားရှင်ကလည်းမိမိ၏ ထူးခြားသော ရောင်ခြည်တော်တို့ကို ရုပ်သိမ်း၍ မထင်မရှား ငြိမ်းချမ်းစွာ ကြွလာတော်မူခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စကားသံကိုကြား၍ ရှင်အနုရုဒ္ဓါတို့ လှမ်းကြည့်လိုက်သောအခါတွင်မှ ဆရာဘုရားကိုယ်တိုင် ကြွလာတော်မူခြင်း ဖြစ်ကြောင်းသိရ၍ ဝမ်းမြောက် ဝမ်းသာထွက်၍ ကြိုဆိုကြသည်။ ဘုရားရှင်က တပည့်တို့၏ တရားအရေးနှင့် သပ္ပါယလေးပါး မျှတမှု ရှိ-မရှိကို မေးမြန်းသောအခါ၊ ပုဂ္ဂလသပ္ပါယတွင် မိမိတို့သည် တစ်ပါး၏အလိုနှင့် အလိုက်ကို တစ်ပါးကကြည့်၍ ညီညွတ်အေးချမ်းစွာရှိပုံများကို လျှောက်ထားပုံမှာ ညီညွတ်မှုကိစ္စတွင် စံတင်လောက်သော လျှောက်ထားချက်များဖြစ်သည်။ ယင်းသို့လျှင် ကောသမ္ဗီကြောင်းရပ်သည် မညီညွတ်မှု၏အပြစ်နှင့် ညီညွတ်မှု၏ အကျိုးကိုနှိုင်းယှဉ် ထုတ်ပြသော ဝတ္ထုဖြစ်၏။

ယင်းသို့လျှင် ညီညွတ်လှစွာသော အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်၊ အဂ္ဂသာဝကကြီးနှစ်ပါးတို့သည် ယနေ့နံနက်ပိုင်း ဆွမ်းခံအတူထွက်ကြွကြရင်းမှ အရှင်မောဂ္ဂလာန်က "တပည့်တော်သည် ရဟန်းအများတို့ ဆွမ်းအခက်အခဲရှိနေသည်ကို မနှစ်လိုပါ။ တပည့်တော်တို့အစွမ်းဖြင့် ဆွမ်းအခက်ကို ဖြေရှင်းပေးလိုနေပါသည်။ ဤအကြောင်းကို ဆရာဘုရားသို့ လျှောက်ထားရသော် သင့်လျော်ပါမည်လား"ဟု တိုင်ပင်သောအခါ အရှင်သာရိပုတ္တရာက "တပည့်ရဟန်းတို့၏ ဆွမ်းအခက်ကို ဆရာဘုရား သိပြီးဖြစ်ပါသည်၊ လိုအပ်လျှင် ဆရာဘုရားကိုယ်တော်တိုင် ဖြေရှင်းပါလိမ့်မည်။ သို့သော် အရှင်ဘုရား စေတနာရှိနေသည်ကိုတော့ လျှောက်ထားကြည့်ပေါ့၊ တပည့်တော်လည်း လျှောက်ထားဖွယ်ရာကိစ္စတစ်ရပ် ရှိနေပါသည်"ဟု ပြန်လည် မိန့်ကြားသည်။

## ဆွမ်းမခက်အောင်

ယနေ့နံနက် ဆွမ်းကိစ္စပြီးချိန်၌ လျှောက်ထားရန်သင့်ပြီဖြစ်၏။ အကြောင်းမူကား ဆွမ်းကိစ္စနှင့်စပ်၍ပင် ဘုရားရှင်မိန့်ကြားတော်မူသော စကားစရလာပြီဖြစ်၏။ ထို့ကြောင့် အရှင်မောဂ္ဂလာန်က "အရှင်မြတ်ဘုရား။ တပည့်ရဟန်းတို့မှာ ဆွမ်းကိစ္စအခက်အခဲ ရှိနေသည်ကို တပည့်တော်သည် ဖြည့်စွမ်းပေးလိုလှပါသည်။ အရှင်မြတ် ခွင့်ပြုတော်မူခဲ့ပါသော် ဤမဟာပထဝီကို မှောက်လှန်၍ မြေဆီမြေဥတို့ကို ထုတ်ဖော်ပေးခြင်းဖြင့် သော်လည်းကောင်း၊ နတ်ပြည်မှ ဆွမ်းကို ခံယူ၍သော်လည်းကောင်း၊ လျှုဒါန်းကျွေးမွေး လိုလှပါသည်၊ ခွင့်ပြုတော်မူပါဘုရား"ဟု လျှောက်ထားသည်။

"မောဂ္ဂလာန်။ ။သည်းခံလော့၊ ဆွမ်းအခက်အခဲသည် ခက်ခဲခြင်းမျှသာဖြစ်၍ ယင်းအခက်အခဲဖြင့် မျှတစွာနေနိုင်ကြသည်မှာပင် သမဏသုခဖြစ်သည်။ တစ်ကြောင်း မှာလည်း နောင်အခါ၌ တပည့်သားရဟန်းတို့သည် ယင်းသို့သော ဆွမ်းအခက်အခဲမျိုးကို ရံဖန်ကြုံတွေ့ကြရဖွယ်ရှိသည်။ ယခုသင့်စေတနာ သင့်ဆန္ဒကို ခွင့်ပြုလိုက်ပါက

www.burmeseclassic.com



ထိုအနာဂတ်တပည့်သား ရဟန်းတို့အတွက် ငါတို့မှာ အရှင်မောဂ္ဂလာန်တို့လို တန်ခိုးရှင် မရှိလေယောင်တကားဟု ဝမ်းနည်းကြဖွယ်ရာရှိမည်။ ထို့ကြောင့် သည်းခံလော့ မောဂ္ဂလာန်''

## အနာဂတ်တွင်

အရှင်မောဂ္ဂလာန် ရှုံးသည်။ မှန်၏ ရှင်မောဂ္ဂလာန်က ပစ္စုပ္ပန်ပြဿနာမျှကိုသာ တွေးတော ဆန္ဒစောမိခြင်းဖြစ်၍ ဘုရားရှင်ကမူ အနာဂတံသ ဉာဏ်တော်ဖြင့် အနာဂတ် သာသနာတော်အထိ ကြည့်ရှုတော်မူသည်။

မှန်လှ၏။ သာသနာတော်တည်းဟူသော တပည့်သားသံဃာတို့သည် ပစ္စုပ္ပန်တွင် ဆင်းရဲသားအများစုအပေါ်တွင်သာ အခြေတည်၍ အနာဂတ်တွင်လည်း ဆင်းရဲလှစွာသော အရှေ့တိုင်း၏ ဆင်းရဲသား ဒါယကာအများစုအပေါ်တွင်သာ အခြေတည်ရမည့် သာသနာတော်ဖြစ်သည်။ ထိုအခါ ဆွမ်း, သင်္ကန်းစသော အခက်အခဲတို့ ကြိမ်ဖန်များစွာ ကြုံတွေ့နိုင်သည်။ ယင်းအခက်အခဲများကို နောင်အခါ အာဇာနည်တပည့်သားများသည် ငါတို့ဆရာဘုရားနှင့် တန်ခိုးရှင်တပည့်ကြီးများပင်လျှင် ကြုံတွေ့ခဲ့ရပေသေး၏ဟု နှိုင်းယှဉ်အားယူ၍ အခက်အခဲကို ရင်ဆိုင်နိုင်ကြမည်။ အားတင်းနိုင်ကြမည်။

မှန်လှပေစွ၊ နောင်အခါ လက်ာဒီပ သာသနာရဟန်းတော်တို့သည် မဟာစောရ သူပုန်ကြီးဘေးကြောင့် အားထားရာဒါယကာတို့ ဖရိုဖရဲဖြစ်ကြသောအခါ သဲစိုစိုတွင်ပင် ဆာလှသော ဝမ်းဗိုက်မှောက်ကာ သာသနာတော်အတွက် အသက်ပေး၍ စောင့်ရှောက် နိုင်စွမ်းရှိခဲ့ကြပေသည်။

တစ်ကြောင်းမှာလည်း သာသနာ သမိုင်းကို ငှက်ခါးဖြင့် ဥပမာထားခဲ့ကြ၏။ ငှက်ခါးသည် နိမ့်တုံ–မြင့်တုံ ပျံဝဲသကဲ့သို့ သာသနာတော်သည်လည်း ခေတ်အားလျော်စွာ နိမ့်တုံ–မြင့်တုံ ရှိခဲ့သည်။ အနာဂတ်သာသနာကို ထားဦး၍ ဘုရားရှင်လက်ထက်တော်၌ပင် နိမ့်တုံ–မြင့်တုံ ရှိခဲ့သည်။ ယခုပင်လျှင် နိမ့်တုံဟုဆိုအပ်သော ဆွမ်းအခက်အခဲ တွေ့ကြုံ ကြရသည်မဟုတ်ပါလော။

သို့သော် သာသနာ့ဝန်ထမ်း ရဟန်းအာဇာနည်တို့မည်သည် နိမ့်သော ကြောင့်လည်း အကြောင်းမဟုတ်၊ မြင့်သောကြောင့်လည်း အကြောင်းမဟုတ်၊ လောကဓံတို့ အလယ်တွင် မဖို့မပင့်ပဒါနည်းဖြင့် တည့်မတ်စွာ ရပ်တည်ကြသူများဖြစ်သည်။ အကြောင်းမူကား သာသနာတော်ထမ်း ရဟန်းတို့မည်သည် လူတို့ကဲ့သို့ စီးပွားရေး အတွက်လည်းပူစရာမလို၊ ရာထူး ဂုဏ်ထူးအတွက်လည်း ကြောင့်ကြဖွယ်မရှိ။ သား, မယားဟူသည်တို့အတွက်လည်း နောက်ဆံတင်းစရာ မရှိ၊ ဆွမ်း, သင်္ကန်း, ကျောင်းစသော

www.burmeseclassic.com

www.burmeseclassic.com



ရတတ် သမျှတွင်သာ တင်းတိမ်၍ တရားရေးကိုသာ အဓိကထားသူများ၊ ထားရမည့် သူများဖြစ်သည်။ တစ်ကိုယ်ရေ ဆွမ်းအခက်အခဲမှုဟူသည် အဘယ်မှ စကောင်းအံ့နည်း။

ယင်းသို့ဖြင့် ရှင်မောဂ္ဂလာန် နှုတ်ဆိတ်သွားသောအခါ အရှင်သာရိပုတ္တရာက မိမိတွင် ဆန္ဒတစ်ရပ် ရှိနေသည်ကို လျှောက်ထားရန် ဟန်ပြင်လိုက်၏။

## ဝိနည်းတော်

"အရှင်မြတ်ဘုရား ။ ။တပည့်သား သံဃာတို့အတွက် ဝိနည်းဒေသနာ အာဏာတော် စည်းမျဉ်းများ မိန့်ကြားချမှတ်တော်မူရန် အချိန်တန်ပြီဟု သဘောရပါသည်။ ဝိနည်း ပညတ်တော်များ သတ်မှတ်တော်မူဖို့ လျှောက်ထားဝံ့ပါသည်ဘုရား"

"သာရိပုတ္တရာ ။ ။ ဘုရားရှင်တို့သည် ဝိနည်းပညတ် သတ်မှတ်ရမည့် အချိန်ကို သိတော်မူကြ၏။ လိုအပ်သည့် အချိန်တွင် သတ်မှတ်ပါလိမ့်မည်၏၊ သည်းခံဦးလော့ သာရိပုတ္တရာ"

အရှင်သာရိပုတ္တရာ ဆန္ဒစောခြင်းဖြစ်သော်လည်း အရှင်သာရိပုတ္တရာဘက်မှ ကြည့်သော် စောသင့်သော ကိစ္စဟု ဆိုနိုင်ဖွယ်ရာရှိ၏။ အကြောင်းမူကား အရှင်သာရိ ပုတ္တရာသည် ဘုရားရှင်မှလွဲလျှင် သာသနာတော်တွင် တာဝန်အရှိဆုံး မဟုတ်ပါလော၊ ဘုရားရှင်ကိုယ်တော်တိုင်ကပင် ငါဘုရားကိုယ်စား အားထားရသူဟု အကြိမ်ကြိမ် မိန့်တော်မူခဲ့ပြီးဖြစ်သည်။

သာသနာတော် သက်တမ်းသည် ဆယ့်နှစ်ဝါ, ဆယ့်နှစ်နှစ်မျှ ရှိခဲ့ပေပြီ။ ရဟန်း တပည့်သား တစ်နေ့တခြား တိုးပွားလာခဲ့ပေသည်။ တိုးပွားလာသလောက် အရိယာတပည့်တို့ မြောက်မြားစွာ ရှိသကဲ့သို့ ပုထုဇဉ်တပည့်တို့လည်း မြောက်မြားစွာ ရှိလာခဲ့သည်။

ပုထုဇဉ်တို့မည်သည် ရဟန်းပင်ဖြစ်စေဦးတော့၊ အနည်းနှင့်အများမှားယွင်း တတ်ကြမြဖြစ်သကဲ့သို့၊ တိုးပွားများပြားလာခြင်းသည်လည်း လျော့ပါးမှားယွင်းမှု၏ အကြောင်းတစ်ရပ်ဖြစ်သည်။ ဤသည်ကို သာသနာ့ဦးကိုင် အာဏာပိုင်ဖြစ်သော ဘုရားရှင်သည် ယခုလောက်က ကြိုတင်၍ အာဏာတော် စည်းမျဉ်းများ ချမှတ်ထားမှ တန်ကာကျမည်။ ဤအရာမှာ အရှင်သာရိပုတ္တရာဘက်မှ ဆန္ဒစောမိခြင်း၏ အကြောင်းရပ် ဖြစ်သည်။

ဘုရားရှင်ဘက်မှမူကား – တပည့်များ တိုးပွားလာသည်မှန်ပါ၏။ သို့ရာတွင် ပဉ္စဝဂ္ဂီတို့အစ၊ သာရိပုတ္တရာတို့အလယ်၊ ယနေ့တိုးပွားလာသော ရဟန်းတို့အထိ တပည့်

www.burmeseclassic.com



မှန်သမျှသည် တပည့်ကောင်း တပည့်သန့်များ ချည့်ဖြစ်ကြသေးသည်။ ရဟန်းယောကျ်ား တို့ဘက်မှ ကြည့်လျှင် ဆဗ္ဗဂ္ဂီတို့လို တပည့်ဆိုး ထိုးထိုးထောင်ထောင်များ မပေါ်ပေါက် လာသေး။ ရဟန်းမိန်းမထေရီမယ်တို့ဘက်မှကြည့်လျှင် ထုလ္လနန္ဒာတို့လို လျှပ်လျှပ်ပေါ်ပေါ် တပည့်မတို့ မပေါ်ပေါက်လာသေး။ နောင်အခါ ရဟန်းဆိုးကြီးဖြစ်လာသော ယောက်ဖတော် အရှင်ဒေဝဒတ်ပင်လျှင် သူ့ဆိုင်ရာ အဘိညာဉ်၏အရှင်အဖြစ် သေဝပ်စွာရှိနေ သေးသောအချိန်ဖြစ်သည်။

နောင်အခါ၌ ရှင်ဒေဝဒတ်ဆိုးလာပုံကိုတော့ လူတိုင်းသိပြီးဖြစ်ကြသည်။ ဆဗ္ဗဂ္ဂီနှင့် ထေရီမ ထုလ္လနန္ဒာတို့ကို ဥပမာအဖြစ် ထုတ်ပြရသည်မှာကား နောင်အခါ ဝိနည်းဒေသနာ တော်များ ဖြစ်လာလာရာ၌ ဖြစ်ပေါ်လာအောင် ဒိုင်ခံ၍ ဖောက်ပြန်သူများ ဖြစ်ကြတော့ သယောင်၊ သူတို့အဖွဲ့သူတို့အမည်များ ဝိနည်းဒေသနာဖြစ်ပေါ်ရာ အကြောင်းရပ်များတွင် အမြောက်အမြား တွေ့ရသောကြောင့်ဖြစ်၏။ (မဟာဂန္ဓာရုံ 'ဘုရားဥပဒေတော်ကြီး'တွင် ရှုပါ)

တစ်ကြောင်းမှာလည်း အာဏာတော် သိက္ခာပုဒ်မည်သည် ပညတ်ရန် အကြောင်း တစ်စုံတစ်ရာ ဖြစ်ပေါ်လာမှ အကြောင်းပြချက်နှင့်တကွ ချမှတ်တားမြစ်သည်က ကောင်းသည်။ ယခုတပည့်သံဃာတို့သည် စင်ကြယ်ကြကုန်၏။ ထို့ကြောင့် ဝိနည်း ပညတ်ရန် အချိန်မဟုတ်သေး၊ သည်းခံဦး သာရိပုတ္တရာ။

ယင်းသို့ဖြင့် ဝိနည်းခေါ် ဘုရားရှင်၏ ဥပဒေတော် အာဏာစက်များသည် နောင်ရှစ်နှစ် ရှစ်ဝါအကြာ၊ ဝါတော် နှစ်ဆယ်ကျော်မှ ပေါ်ပေါက်လာကြသည်။ သို့သော် အရှင်သာရိပုတ္တရာ၏ 'ဝိနည်း'ဟူသောစကားသံ၊ သို့မဟုတ် အကျဉ်းအားဖြင့် နှစ်ရာနှစ်ဆယ့် ခုနစ်သွယ်သော ဝိနည်း၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်မျှသော အာဏာဒေသနာတော်တို့ ဖြစ်ပေါ်လာရာ အစသည်ကား ဤဝေရဉ္ဇာတွင်ပင် ဖြစ်ကြောင်း မှတ်သားကြရသည်။

## ဝါကျွတ်ပြီ

သို့နှင့် ဝါကျွတ်ချိန်သို့ ရောက်လာပြီဖြစ်၏။ ဆွမ်းအခက်အခဲရှိသည်ဆိုသော်လည်း ယင်းအခက်ကြောင့် မည်သည့်တပည့်ရဟန်းမျှ မိမိတို့တရားလုပ်ငန်းကို မထိခိုက်ကြပါ။ ဥတ္တရာပထမြင်းကုန်သည် ဒါယကာတို့အဖို့ ကြုံတောင့်ကြုံခဲ မှယောဆွမ်းအလှူဖြင့် ကုသိုလ်ရကြ၏။ အနာဂတ်သာသနာတော်၏အသက် သို့မဟုတ် ဘုရားရှင်၏ ကိုယ်စားတော်ဟု ဆိုအပ်သော ဝိနည်းဟူသောအသံကို စတင်ကြားနာလာကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝါကျွတ်သည်ဆိုလျှင် ပဝါရဏာပြုပြီးနောက် ပင့်ဖိတ်ထားရင်းဖြစ်သော ဝေရဉ္စာ ဒကာကြီးကို ခွင့်ပန်ကာ ဘုရားရှင်အမှူးပြုသော သံဃာတော်အားလုံးသည် ဒေသစာရီ ကြွချီကြတော်မည်ဖြစ်၏။

သာသနာတော်တည်ဦးစက ဘုရားရှင်နှင့်တကွ တပည့်ရဟန်းတို့ ဒေသစာရီ ကြွချီခြင်းသည် ဘုရားရှင်လိုလားတော်မူအပ်သော ကိစ္စတော်ကြီးတစ်ရပ်ဖြစ်၏။ အကြောင်းမူကား သာသနာတော် ပြန့်ပွားရန်လိုသည်၊ တရားဝေးသော ဒါယကာတို့ကို ကယ်ချွတ်နိုင်သမျှ ကယ်ချွတ်ဖို့လိုသည်။

ဘုရားဖြစ်တော်မူစ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ် ရဟန်းတို့မျှလောက်တုန်းကဆိုလျှင် "ရဟန်းတို့ ။ ။ တစ်ကြောင်းတည်းသော ခရီးကို နှစ်ပါးအတူ မသွားကြကုန်လင့်၊ တရားတော်ပြန့်နှံ့လေအောင် တစ်ပါးစီခွဲ၍သွားကာ သာသနာပြုကြ" ဟူ၍ပင် မိန့်တော်မူခဲ့သည်။ တပည့်ရဟန်းတို့ တိုးပွားများပြားလာကြသောအချိန်တွင်မူ ယခုလို အစုအအုပ်နှင့် ကြွချီသည်လည်းရှိသည်။ တစ်ပါးတည်း ကြွချီသည်လည်းရှိသည်။

သာသနာတော်၌ ရဟန်းတို့ ဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်းဟူသည် အရေး ပါလှသော အဆုံးအမတော်၊ အရေးပါလှသော ကိစ္စရပ်များဖြစ်၏။

## ဥပုသ်ပဝါရဏာ

ဥပုသ်ပြုခြင်းဟူသည် တစ်လ၏ လပြည့်လကွယ်ရက်တိုင်း၌ ဘုရားရှင်၏ နယ်ပယ်၊ သာသနာတော်၏ သီးသန့်မြေတော်ဟုဆိုအပ်သော သိမ်အတွင်းသို့ နီးစပ်သမျှ ရဟန်း အားလုံးကြွလာစုဝေးကြကာ ဝမ်းမြောက်ဝမ်းသာ တွေ့ဆုံကြရသည်။ မိမိတို့တွင် အပြစ်ကြီးငယ် ရှိနေခဲ့ပါသော် ထိုအပြစ်တို့ကို တစ်ပါးမှ တစ်ပါးသို့ လျှောက်ထားပြောပြ၍ စင်ကြယ်အောင် ကုစားကြသည်။ ထိုနောက် နှစ်တောင့်ထွာအတွင်း နီးကပ်စွာ ထိုင်၍ ဘုရားရှင်ရှိခဲ့ပါသော် ဘုရားရှင်ကိုယ်တော်တိုင်ဖြစ်စေ၊ မရှိခဲ့သော် သတ်မှတ်အပ်သော တစ်ပါးပါးကဖြစ်စေ၊ ဘုရားရှင်၏ အဆုံးအမတော်များကို ရွတ်ဆိုကြားနာရသည်။ ဤနည်းဖြင့် မိမိတို့လိုက်နာကျင့်သုံးဆဲနှင့် ကျင့်သုံးရမည့် အဆုံးအမတော်များကို အလေးပြု သတိရစေ၍ သံဃာတော်အချင်းချင်း ညီညွတ်မှုကိုပြသည်။ သာမန်ညီညွတ်မှုမျှ မဟုတ်၊ စိတ်ရော ကိုယ်ပါ ညီညွတ်မှုကို ပြသည်။ အကြောင်းမူကား နှစ်တောင့်ထွာအတွင်း နီးကပ်စွာ ထိုင်နိုင်ခြင်းသည် စိတ်ရောကိုယ်ပါ ညီညွတ်မှု၏ အထိမ်းအမှတ် လက္ခဏာချက်ပင် ဖြစ်ပေသည်။

ညီညွတ်မှုဟူသည် သာမန်ညီညွတ်မှုနှင့် စိတ်ရောကိုယ်ပါ ညီညွတ်မှုဟူ၍ အလေးအပေါ့ နှစ်မျိုးရှိ၏။ မညီညွတ်သည်နှင့် နှိုင်းစာသော် သာမန်ညီညွတ်မှုသည်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါ၏။ သာမန်ညီညွတ်မှုဟူသည် မလွဲသာ၍ စည်းဝေးခြင်း၊ တွေ့ဆုံခြင်းမျှဖြစ်၍ စိတ်မပါသောအခါ အချင်းချင်း အနီးသို့ မချဉ်းကပ်လို၊ မတွေ့လို မမြင်လို ဖြစ်နေတတ်၏။ မလွှဲသာ၍ ကြည့်ရမြင်ရလျှင်ပင် မျက်စိတစ်မျိုး မျက်စိမွဲ မျက်စိသေဖြစ်နေတတ်သည်။ ဤသည်ကို နှစ်တောင့်ထွာအတွင်း ချဉ်းကပ်ခြင်းဖြင့် ညီညွတ်မှုကိုပြသည်။

သမဂ္ဂဟူသည် ညီညွတ်မှုဖြစ်၏။ သို့သော် ရဟန်းတို့အတွက်မူ သမဂ္ဂမျှမက၊ သမ္မောဒါန–ဝမ်းမြောက်ဝမ်းသာ ညီညွတ်ကြဟု အထူးပြုဆုံးမတော်မူသည်။

တစ်နည်းဆိုသော် သံဃာဟူသည် အဖွဲ့အစည်း အစုအပေါင်းဖြစ်၏။ အဖွဲ့အစည်း ဟူသည် ညီညွတ်သူတို့၏ ဝေါဟာရဖြစ်သည်။ ထို့ကြောင့် သံဃာဟူသည် တစ်ဆရာတည်း၏ အဆုံးအမတရားတော် အောက်တွင် တညီတည်းကျင့်၊ တညီတည်း ဝတ်ရုံကာ ညီညွတ်သူတို့၏ အသွင်လက္ခဏာကိုပြသည်။ ထို့ကြောင့် ဥပုသ်ပြုခြင်းခေါ် သံဃာ့အစည်းအဝေးဟူသည် အဆုံးအမတော်ကို သတိရစေခြင်းနှင့်အတူ သာသနာအရှည် တည်တံ့အပ်သော စိတ်ရောကိုယ်ပါညီညွတ်စေမှု၏ လုပ်ဆောင်ချက်ဖြစ်၍ အရေးပါသည်။

ပဝါရဏာပြုခြင်းကား ပို၍လေးနက်၏။

တစ်နှစ်ကို ဆယ့်နှစ်လဖြင့် ပိုင်းခြားရာ၌ မိုးရာသီ၏ သုံးလကို တပည့်ရဟန်းတို့ ဝါကပ် ဝါဆိုရာလအဖြစ် သတ်မှတ်သည်။ ယင်းသို့ သတ်မှတ်ဖို့ရန် အကြောင်းအမျိုးမျိုး ရှိသည်။

မိုးရာသီဟူသည် ရဟန်းတော်တို့ အားပြုရာဖြစ်သော လုပ်သားပြည်သူ ဒါယကာတို့ စိုက်ချိန်ပျိုးချိန်ဖြစ်သည်။ ယင်းဒါယကာတို့ အလုပ်များချိန်နှင့် စိုက်ခင်း ပျိုးခင်းများကို ရဟန်းတို့ခရီးသွားခြင်းဖြင့် အနှောင့်အယှက် ကင်းဝေးစေရန်လည်းကောင်း။

ခြေခင်းလက်ခင်းသာသော နွေနှင့် ဆောင်းရာသီတို့မှာ ဒေသစာရီနှင့် အခြား ထွေလာကိစ္စများကြောင့် ရဟန်းတို့အလုပ်များတတ်ကြသည်။ ဘုရားရှင်နှင့် မထေရ်ကြီး တို့၏ ဒေသစာရီများသို့ နောက်တော်ပါအဖြစ် တပည့်ရဟန်းငယ်တို့ လိုက်ပါကြရ၏။ ရပ်ဝေးသို့ တရားဟောအပင့်ခံရမှု၊ မိဘဆွေမျိုးတို့နှင့် တွေ့ဆုံလိုမှုစသော ကိုယ်ရေး ကိစ္စများလည်းရှိသေး၏။ ယင်းသို့ ထိုထိုကိစ္စတို့မှ စိတ်ဝမ်းချချ အနားရကြစေရန် အတွက်လည်းကောင်း၊

တရားကျင့်သုံးမှု ပဋိပတ်၊ ပါဠိစာပေသင်ကြားမှုဟူသော ပရိယတ်ကိစ္စများကို အချိန်မရွေး ကျင့်သုံးဆောင်ရွက်ကြသည်ဆိုသော်လည်း နွေရာသီဆိုလျှင် ဖော်ပြပါ ထွေလာကိစ္စများကြောင့် ထုံပိုင်း ကြိုးကြား ပျက်ပြားရတတ်ကြသည်ကို တစ်နေရာတည်း တစ်ချိန်တည်းအဖြစ် ဆက်တိုက် သတ်မှတ်ကြိုးပမ်းနိုင်ကြရန် အတွက်လည်းကောင်း– ဝါဆို ဝါကပ်ကိစ္စကို အကြောင်းအမျိုးမျိုးဖြင့် သတ်မှတ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်၏။ တပည့်ရဟန်းတို့သည် ဝါဆိုဝါကပ်တော့မည်ဆိုလျှင် ဝါဆိုလများအတွင်း၌ တရားအလုပ်ကို ကျားကုပ်ကျားခဲပြုလုပ်ရန် ဘုရားရှင်အထံတော်၌ မိမိတို့နှင့် သင့်လျော်ရာ တရားကို တောင်းခံခြင်း၊ ဝါကျွတ်သည်ဆိုလျှင် ယင်းတောင်းခံခဲ့သော တရားအရ မိမိတို့အဘယ်မျှ ကျင့်သုံးကာ တရားသားတက်ခဲ့သည်ကို လာရောက် လျှောက်ထားခြင်း တို့မှာ ဘုရားရှင်လက်ထက်တော်တွင် သာသနာ့ကိစ္စ၊ ရဟန်းတို့ကိစ္စ၊ ဗုဒ္ဓကိစ္စတော်ကြီး အဖြစ်ဖြင့်ပင် အစဉ်အလာ တည်ရှိခဲ့ပေသည်။

ယင်းသို့လျှင် မွန်မြတ်လှသော ဝါတော်ရာသီကို ဂုဏ်ပြုသောအားဖြင့် နောင်ခါ၌ ဗုဒ္ဓသာသနာထွန်းကားလာသော မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရာသီတို့၏ အမည်များ အနက် ''ဝါဆို''ဟူ၍လည်းကောင်း၊ 'သီတင်းကျွတ်လ'ဟူ၍လည်းကောင်း၊ ဂုဏ်တင် မှည့်ခေါ်ရုံမျှမက၊ ရဟန်းတော်တို့၏ အလုပ်ကို တရားအသိ၊ သတိရှိသောအားဖြင့် ယင်းဝါဆို ရာသီများအတွင်း၌ အိမ်ထောင်ပြုမှု၊ အပြောင်းအရွှေ့လုပ်မှုစသော ကိစ္စများကို လူ့ယဉ်ကျေးမှုတစ်ရပ်အဖြစ်ဖြင့်ပင် ရှောင်ကြဉ် ထိန်းသိမ်းခဲ့ကြလေသည်။

သို့ရာတွင် ဝါဆိုဝါကပ်မှုဟူသည် တစ်နေရာတည်းတွင် စုဝေးနေထိုင်ခြင်း ဖြစ်လေရာ၊ လူအများစုဝေးနေထိုင်မှုဟူသည် ကာယကံမှု, ဝစီကံမှု စသည်ဖြင့် ချွတ်ယွင်း ချက် အဆင်မပြေမှုကလေးတို့ အနည်းနှင့်အများဆိုသလို ရှိလာတတ်ကြမြဲဖြစ်၏။ ပုထုဇဉ်တို့ထားဦး၍ အရိယာအရှင်ကောင်းများပင်လျှင် စေတနာမပါသော ချွတ်ယွင်းမှု ကလေးများ ရှိလာတတ်သည်။

ယင်းချွတ်ယွင်းမှုကလေးများ အကယ်၍ရှိခဲ့ပါသော် အငယ်က အကြီးသို့၊ အကြီးက အငယ်သို့ သည်းခံပါဘိဟူ၍လည်းကောင်း၊ မိမိ၏ ကာယကံ ဝစီကံ ချွတ်ယွင်းမှု မြင်ခဲ့ ကြားခဲ့ သံသယရှိခဲ့ပါသော် ရှင်လင်းရှောင်ကြဉ်နိုင်ရန် ပြောကြား ပါဘိဟု ဖိတ်ကြားခြင်းပင်ဖြစ်ပေသည်။

ယင်းသို့ဖိတ်ကြားတောင်းပန်ရာ၌ အရေးကြီးသော အချက်တစ်ရပ်ပါသည်။ ယင်းသည်ကား တစ်ပါးကတစ်ပါးအပေါ် သံသယရှိရုံမျှဖြင့် ယင်းသံသယကို အားနာ၍ သော်လည်းကောင်း၊ ဘက်လိုက်၍သော်လည်းကောင်း တစ်ပါးနှင့်တစ်ပါး ဖုံးကွယ်မှောက် ထေ၍ မထားဘဲ အတိအလင်း ပြောကြားပါဘိဟု ဖိတ်ကြားခြင်းပင်ဖြစ်ပေသည်။

တရားသမားသည် အခြေခံအားဖြင့် ရှင်းရ၏။ ရဟန်းဟူသည် ရှင်းရ၏။ ရဟန်းဟူသည် ရှင်း၏။ ရှင်းအောင် ရဟန်းဘဝကူးပြောင်းစဉ်ကပင် မရှင်းစေတတ်သော ကိစ္စနှင့် ပတ်ဝန်းကျင်မှန်သမျှကို စစ်ဆေးမေးမြန်းခွင့်ပြုခဲ့ပြီး ဖြစ်မည်။ ထို့နောက်တွင်ကား ကိုယ့်တာဝန်ကိုယ်ယူရသည်။ ဆိတ်ကွယ်ရာ၌ မတော်တဆသော်လည်းကောင်း၊ တမင်သော်လည်းကောင်း ဖြစ်ပွားမိသော မိမိ၏အဖြစ်ကို မိမိပင်လျှင် တာဝန်ယူရသည်။

www.burmeseclassic.com



ရှိရိုးစင်းစင်း ဝန်ခံတောင်းပန်ကာ နောင်ကို စောင့်စည်းပါမည်ဟူသော ထပ်မံဝန်ခံချက်ဖြင့် ဝန်ခံဖြေရှင်းရမည်။

ဥပုသ်ပြုပွဲ၊ ပဝါရဏာပွဲဟူသည် ဝန်ခံဖြေရှင်းပွဲ၊ မရှင်းသည်ကိုရှင်းအောင် ပြုလုပ်ပွဲပင်ဖြစ်၏။ ဤအချက်ကို စဉ်းစားလျှင် ဆိတ်ကွယ်ရာ ရှိတော်မမူသော၊ လူရှေ့သူရှေ့တွင် တစ်မျိုး၊ ကွယ်ရာတွင် တစ်မျိုးမလုပ်သော ဘုရားရှင်၏ အရဟံဂုဏ်တော်ကို အလေးအနက် ကြည်ညိုနိုင်ကြဟန်ဖြစ်၏။

## မရှင်းသူ

ကောသမ္ဗီတွင် ပြုလုပ်သော ဥပုသ်ပြုပွဲကို ဘုရားရှင်ကိုယ်တော်တိုင် ခေါင်းဆောင်၍ ဩဝါဒပေးရန် အစီအစဉ်ရှိ၏။ ဘုရားရှင်ကိုယ်တော်တိုင် ပါဝင်ခေါင်းဆောင်မည့် ပွဲဖြစ်၍ ရဟန်းတို့ ရွှင်လန်းဝမ်းမြောက် ကြသည်။ သို့သော် ဘုရားရှင်ကြွလာ၍ ပွဲကိုစတင်သော အခါ ဘုရားရှင်က ဩဝါဒမပေး။ မည်သည့် မိန့်ခွန်းတော်စကားကိုမျှ မမြွက်ကြားတော့ပေ။

အရှင်အာနန္ဒာက ဘုရားရှင်အား ဩဝါဒပေးရန် သုံးကြိမ်တိုင် တောင်းပန်သော အခါမှ ဘုရားရှင်က ''အာနန္ဒာ။ ။ ဩဝါဒပေးရန် သံဃာ့ပရိသတ်သည် မသန့်''ဟု မိန့်ကြားတော်မူလိုက်သောအခါ သံဃာတော်များ အထိတ်တလန့် ဖြစ်ကုန်ကြသည်။ သန့်ရှင်းလှသော ဤပရိသတ်တွင် အဘယ်သံဃာမသန့်သနည်း၊ အဘယ်ပုံ မသန့်သနည်း၊ ဘုရားရှင်မြင်တော်မူချေပြီ။

'မသန့်'ဟူသော စကား၌ အဆင့်အမျိုးမျိုးရှိသည်။ ဝိနည်းစကားဖြင့် ပြောသော် သေးငယ်သော ဒုက္ကဋ် ဒုဗ္ဘာသိ အာပတ်ကလေးများမှအစ အကြီးဆုံး ပါရာဇိက အာပတ်ထိ အဆင့်အမျိုးမျိုးရှိ၏။

ရဟန်းသည် အာပတ်သင့်၏ မသင့်အောင် ရှောင်ပါသော်လည်း ပုထုဇဉ်ရဟန်းတို့ အပထား၍ အရိယာ သံဃာကြီးများပင် စေတနာမပါသော အာပတ်များ သင့်နိုင်သည်။ ဘုရားနှင့် ပစ္စေကဗုဒ္ဓါတို့မှလွဲ၍ အာပတ်မသင့်သော ရဟန်းဟူသည်မရှိ။

သို့သော် ယင်းအပြစ်အာပတ်များကို ပြေပျောက်အောင် ဖြေဖျောက်တဲ့ရပ် စေနိုင်သော နည်းလမ်းများ ဘုရားရှင်က ပေးထား၍ ရှိနေပြီးဖြစ်သည်။ ယင်းနည်းလမ်းများဖြင့် ဖြေဖျောက်ကုစား၍ ရဟန်းဘဝတွင် ရပ်တည်နိုင်ခွင့်ရှိသည်။ သို့ရာတွင် လူအဖြစ်သို့ အသွင်ပြောင်းလိုက်ရုံမှတစ်ပါး ရဟန်းဘဝတွင် ရပ်တည်နိုင်ခွင့်မရှိ၊ ရဟန်းဘဝကို ဆုံးရှုံးတော့သော အာပတ်ကြီးများရှိ၏။ ပါရာဇိက အာပတ်ကြီးများ ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ရဟန်းမဟုတ်တော့ပါဘဲလျက် မိမိအဖြစ်ကို မိမိသိပါလျက် အစားအနေ ချောင်သောကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ပါးကြောင့်ဖြစ်စေ၊ မိမိကိုယ်ကို ရဟန်းကောင်းတို့နှင့် ရောနှောကာ ရဟန်းယောင်ဆောင်နေသော ဒုဿီလ ရဟန်းတု ရဟန်းယောင် သက်န်းပတ်တစ်ယောက်သည် ဤပရိသတ်အတွင်း၌ ရှိနေသည်ကို ဘုရားရှင်မြင်တော်မူ၏။

စဉ်းစားကြည့်ရသည်မှာ ထိုသူသည် အတော်ကြီးပင် သတ္တိကောင်းသော လူယုတ်ဖြစ်၏။ အကြောင်းမူကား သံသရာဘေးကို ခါးစည်းခံတော့မည်ဟု မကြောက်သည်ကို ထားပါဦးတော့၊ ပစ္စုပ္ပန်တွင် ထမင်းကလေးတစ်လုတ်၊ သို့မဟုတ် ပကာသနလေးတစ်ကွက်စာမျှဖြင့် ဘုရားရှင်စသော တန်ခိုးရှင် အရိယာကြီးများ အကြားသို့ ဝင်ရောက် လိမ်လည်ဝံ့သည်မှာ အာဂသတ္တိပါပေ။

အဘယ်သူနည်းဟု အရှင်မောဂ္ဂလာန်က တန်ခိုးဖြင့် ကြည့်လိုက်သောအခါ ထင်းကနဲတွေ့ရတော့၏။ ထို့ကြောင့် ရှင်မောဂ္ဂလာန်က ထိုသူတို့ 'ဤနေရာ ဤပရိသတ်မှ အသင်ထွက်သွားလော့'ဟု လက်ညှိုးထိုးအမိန့်ပေးသည်။ အံ့ဖွယ်ကောင်းသည်မှာ မိမိသည် သူတော်မဟုတ်၊ သူယုတ်အဖြစ် ပေါ်လောကြီး ပေါ်နေပြီဖြစ်ပါလျက် ထွက်သွားလော့ ဆိုရုံမျှဖြင့် ထွက်ခွာမသွားသေးခြင်းဖြစ်ပေ၏။

ယင်းသို့သော သူယုတ်များသည် မိမိတို့ ယုတ်မာမှုများအတွက် မရှက်မကြောက် ခြင်းနှင့်အတူ သူတော်ကောင်းတို့၏ သဘောကိုလည်း သိပြီး–နပ်ပြီးဖြစ်ကြသည်။ အကြောင်းမူကား ထွက်သွားလော့ဟု အမိန့်ပေးရုံမှတစ်ပါး မည်သည့် သူတော်ကောင်း ကမျှ မိမိကိုထ၍ ရိုက်ပုတ်ဒဏ်ခတ်မည်မဟုတ်။ သို့ဆိုလျှင် မိမိအသားကို တိုက်ရိုက် မထိခိုက်လာသေးသမျှ ပေကပ်၍ နေနိုင်သေးသည်။ မသိနိုးနား လုပ်နိုင်သေးသည်။ မိမိကို လက်ညှိုးထိုးနေသည်ကို ဟိုသူ့ထိုးသယောင်၊ သည်သူ့ထိုးသယောင် ကျီးကြည့် ကြောင်ကြည့် လုပ်နေသေးသည်။ ထွက်မသွား။

တန်ခိုးတော်သခင် အရှင်မောဂ္ဂလာန် ဟူသည်ကား တရားတော် သာသနာတော် နှင့် စပ်၍ လိုအပ်လာလျှင် ခပ်ကြမ်းကြမ်း ကိုင်တွယ်လေ့ရှိတော်မူတတ်သော အရှင်ဖြစ်၏။ နဂါးဆိုးကြီး နန္ဒောပနန္ဒကို တန်ခိုးတော်ဖြင့် ခပ်စပ်စပ် ဆုံးမသူကား အရှင်မောဂ္ဂလာန် တည်း။ သိကြားမင်း၏ ဝေဇယန္တာပြာသာဒ်ကို ခြေမဖြင့် ဆွဲညှပ်လှုပ်ရမ်းသူကား အရှင်မောဂ္ဂလာန်ပေတည်း။

သို့ဖြင့် ပြောရုံနှင့်မပြီးသောအခါ ထိုသူအနီးသို့ ရုတ်ချည်းထလာပြီး ထိုသူ၏ လက်ရုံးကို ဆွဲကိုင်ကာ ပရိသတ်အပြင်သို့ နှင်ထုတ်လိုက်သည်။ ထိုသူယုတ်သည် ပရိသတ် အပြင်မှ အဘယ်သို့ အဘယ်ပုံ ခရီးဆက်သည်ကို ဖော်ပြမထား၍ မသိရ။

www.burmeseclassic.com

www.burmeseclassic.com



သက်န်းပတ် အသွင်ဖြင့်ပင် အခြားနေရာတွင် ဆက်၍ လိမ်နေသေးသလော။ တစ်တာဝမျှသော ခဏတာလေး အတွင်း၌ ထိုလူယုတ်သည် အဘယ်သို့ပင် ဆက်၍နေနေ၊ သေချာသည်မှာကား အဝီစိပေတည်း။

ယင်းသို့ဖြင့် ပရိသတ် ရှင်းလင်းသန့်စင်သောအခါ ဘုရားရှင်သည် ဩဝါဒပေးခြင်းဖြင့် ဥပုသ်ပြုပွဲကို ဆက်လက်သည်။ သို့ရာတွင် ရဟန်းတို့ သံဝေဂရကြသည်မှာကား ယင်းဥပုသ်ပြုပွဲ ပြီးသည့်နောက်တွင် ဘုရားရှင်က "ရဟန်းတို့ ။ ။ ငါဘုရားသည် နောင်အခါတွင် ကိုယ်တော်တိုင် ဩဝါဒမပေး၊ ပါတိမောက်မပြတော့"ဟု မိန့်တော်မူလိုက်ခြင်းဖြစ်ပေသည်။

ယခု၊ ဝေရဉ္စာ ပဝါရဏာပွဲတော်သည်ကား အလွန်သန့်စင်လှပေ၏။ အကြောင်းမူကား နောက်တော်ပါးအဖြစ် ခေါ်လာစဉ်ကပင် အရိယာအရှင်များချည့် ဖြစ်ရုံမျှမက ဓုတင်ဆောင် အရှင်များလည်း ဖြစ်ကြသည်။ ပဝါရဏာပြီးသော် ပင့်ဖိတ်ရင်း ဝေရဉ္စာ ဒကာကြီးကို နှုတ်ဆက်၍ ဒေသစာရီ ထွက်ချီကြရန်မျှ ရှိတော့သည်။

ပင့်ဖိတ်ထားသော ဒါယကာကို နှုတ်ဆက်ခွင့်ပန်ပြီးမှ လိုရာသို့ ကြွချီခြင်းမှာ ဘုရားရှင်တို့၏ ဓမ္မတာတော်ဖြစ်၍ လူ့ယဉ်ကျေးမှု၏ အစဉ်အလာလည်း ဖြစ်ပေသည်။

## ဝေရဉ္စာထံသို့

ထို့ကြောင့် ဘုရားရှင်သည် ထိုနေ့ဆွမ်းကိစ္စပြီးသောအခါ နောက်တော်ပါအဖြစ် ရှင်အာနန္ဒာ တစ်ပါးတည်းကိုသာခေါ်၍ ဝေရဉ္စာ၏ အိမ်သို့ ကြွချီတော်မူသည်။ ကြွချီဟန်ကား မြို့အပြင်ရှိ နဠေရုနတ်ကွန်းကျောင်းတော်မှ အနည်းငယ် ကြွသွားသောအခါ ဝေရဉ္စာမြို့ တံခါးဝသို့ ရောက်သည်။ ယင်းတံခါးမှ မြို့တွင်းသို့ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ကြွချီရာ တမာတန်း လမ်းမကြီးတစ်ခုလုံးကို ရွှေအဆင်းပမာ နီလုစွာသော ရောင်ခြည်တော်တို့ဖြင့် မြစ်ရေအလျင် တသွင်သွင်စီးသကဲ့သို့ ထင်မြင်ရလေအောင် ဖွင့်လွှတ်တော်မူသည်။

ဘုရားရှင်၌ ဖြည့်ဆည်းခဲ့သော ပါရမီတော်တို့ကြောင့်ကိုယ်တော်မှ တစ်လံမျှ လောက်သော ပြကတိရောင်လျှံတော်တို့ရှိပြီးဖြစ်၏။ ယင်းရောင်လျှံတော်တို့၏ တင့်တယ်မှုကြောင့် မဖူးတွေ့ဖူးသော ဆန့်ကျင်ဘက်တို့ပင် ဖူးတွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ဦးခိုက်ကိုင်းညွတ်ကြရသည်။ သဗ္ဗညုတဉာဏ်တော်ကြောင့် ရရှိလာအပ်သော ရောင်ခြည်တော် ခြောက်သွယ်တို့ကိုမူ လိုအပ်သည့်အချိန်၌ လိုအပ်သလို လွှင့်ထုတ်သည်။ ဥပမာအားဖြင့် ထိတ်လန့်မှု သံဝေဂရစေလိုသောအခါမျိုး၌ ညိုမောင်းသော ရောင်ခြည်တော်တို့ကိုဖွင့်ထုတ်၍ ကြည်ညိုစေလိုသောအခါမျိုး၌ ပြိုးပြိုးပြက်ပြက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဲနက်သော ရောင်ခြည်တော် စသည်တို့ကိုဖွင့်ထုတ်သည်။ ရောင်ခြည်တော်တို့၏ အဝေးအနီး အကျယ်အပြန့်မှာ အတိုင်းအဆမရှိ စကြဝဠာထိုထိုသို့ပင် ဖွင့်ထုတ်နိုင်သည်။

ဘုရားရှင်သည် ဝေဠုဗွာ၏အိမ်သို့ ကြွချီတော်မူသောအခါ ဝေဠုဗွာသည် ဘုရားရှင်ကို ဖူးတွေ့လိုက်ရသည်နှင့်တစ်ပြိုင်နက် အံ့အားကြီးသင့်ရလေတော့သည်။ ပျာပျာသလဲ ဆီးကြိုသည်။ ခြေမကိုင်မိ လက်မကိုင်မိဖြစ်သည်။ ဩော်– ငါ့နှယ်၊ ဖြစ်မှဖြစ်ရပါလေ၊ ပင့်ဖိတ်ဝန်ခံထားပြီးဖြစ်ပါလျက်၊ မြတ်နိုးကြည်ညိုသည်လည်း ဖြစ်ပါလျက် ဤရွေ့ဤမျှပင် မေ့လျော့လေမိနိုင်ရန်ကော။

ဘုရားရှင်က ဝေဠုဗွာတွင် ဝါဆိုသီတင်းသုံးရန် လျှောက်ထားသည်ကို ဝန်ခံကတိ ရှိခဲ့သည့်အတိုင်း ဝါဆိုခဲ့ပြီးပြီ၊ ယခု သီတင်းဝါလကျွတ်ပြီဖြစ်၍ ဒေသစာရီ ကြွချီ တော့မည်ကြောင့် ပင့်ဖိတ်သူကို လာရောက် အကြောင်းကြားခြင်းဖြစ်ကြောင်း မိန့်ကြား သည်။

''တပည့်တော် မေ့မှမေ့နိုင်ရန်ကောဘုရား။ အရှင်မြတ်ကို ဖိတ်ကြားကတိ ရှိခဲ့သည်လည်း မှန်ပါ၏။ အရှင်မြတ်ကို ကြည်ညို၍ ပေးလှူလိုသည်လည်း အမှန်ပင် ဖြစ်ပါ၏။ သို့ရာတွင် အဘယ့်ကြောင့်မသိ၊ အရှင်မြတ်ထံက ထွက်လာသည့် အချိန်မှစ၍ အရှင်မြတ်ကို အမေ့ကြီးမေ့နေခဲ့မိပါလေသည်။ တပည့်တော်တို့ လူဆိုသည်မှာ ဃရာဝါသော ဗဟုကိစ္စောဆိုသကဲ့သို့ ထွေလာကိစ္စကလည်း များပြားလှပါသည်။ သည်းခံတော်မူပါ အရှင်မြတ်ဘုရား''

လျှောက်ရင်းဖြင့် ဝေဠုဗွာကြီး မျက်ရည်စိမ့်လာကာ စိတ်မချမ်းမသာ ဖြစ်လျက် ရှိပုံကို တွေ့ရ၏။ ထို့ကြောင့် ဘုရားရှင်က ဒါယကာ ဝေဠုဗွာအဖို့ နှစ်သိမ့်မှုရစေရန် ''မေ့သည်မှာ သင့်အပြစ်မဟုတ်ပါ။ အကြောင်းမှာ ဤအချိန်သည် ငါဘုရားအဖို့ ဝိပါက်တော် ဆိုက်ရောက်လာရမည့် အချိန်ဖြစ်သည်။ ဤအချိန်တွင် ငါဘုရားသည် တာဝတိံသာတွင်ပင် ဝါဆိုဦးတော့၊ ဆွမ်းအခက်အခဲ တွေ့ရမည့်အချိန်ဖြစ်သည်၊ ထို့ကြောင့် ငါဘုရား ဝိပါက်တော်အခွင့်ဆိုက်၍ ဤသို့ဖြစ်ရသည်ကို စိတ်မချမ်းမသာ မဖြစ်ပါနှင့်''ဟု အားပေးစကားမိန့်ကြားတော်မူသည်။

လာလာသမျှ ဆင်တဲဝဟူ၏သို့ စာကတော့ မာရ်နတ်ကြီးက မေ့အောင်လုပ် ထား၍ဟု အဆိုအမိန့်ရှိသည်။ သုံးလတိုင်တိုင် မေ့အောင်လုပ်ထားနိုင်သည်မှာ မာရ်နတ်ကြီး စွမ်းအားရှိပါပေ၏။ စင်စစ်သော် ကမ္မဝိပါကော အစိန္တိယျောအရ၊ ကံအရာတွင် စဉ်းစားကြည့်ဖို့ပင် ခက်လှစွာသော မကောင်းမှုကံကြွင်း ဝိပါက်တော်၏ အရှိန်အဟုန် ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဝေရဉ္စာကြီးက သူယခုလို မေ့မိသည်မှာ ဃရာဝါသော ဗဟုကိစ္စခြောကြောင့်ပါဟု အကြောင်းပြသည်။ သူ့ဗဟုကိစ္စခြောမှာ သိကြားမင်းလို ဃရာဝါသောကြောင့်တော့ ဟုတ်ဟန်မတူ။ အကြောင်းမှာ သူသည်၊ တတိယအရွယ်၊ သက်ကြီးခါလွန်၊ အဘိုးအိုကြီးဖြစ်၏။ ရွယ်လွန် အဘိုးကြီးမို့ ငယ်စိတ်ငယ်သတိ ကင်းပျောက်ကာ အမေ့လွန်ခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်ရာသည်။

## မေ့ဖူးသူ

သိကြားမင်းနှင့် နှိုင်းယှဉ်ထည့်သွင်းပြောကြားရခြင်းမှာ သိကြားမင်း ဦးမာဃသည်လည်း တစ်ချိန်သောအခါက သူ့လိုပင် အမေ့ကြီး မေ့လေခဲ့ဖူးသောကြောင့် ဖြစ်၏။

ဘုရားရှင်အထံတော်သို့ ဦးမာဃရောက်လာသည်ကို အရှင်မောဂ္ဂလာန် သတိပြုလိုက်မိ၏။ ဘုရားရှင်က ဦးမာဃအား အဘယ်တရားများ ဟောကြားလေမည်နည်းဟု သိလိုသော်လည်း တရားထိုင်နေဆဲဖြစ်၍ နောက်မှပဲ ဦးမာဃထံ သွားရောက်မေးမြန်းကာ တစ်ဆင့်နာယူတော့မည်ဟု အာရုံကပ်ထားလိုက်သည်။

ဦးမာဃအပြန်တွင် တရားကိစ္စပြီး၍ ဦးမာဃရှိရာ တာဝတိံသာသို့ လိုက်သွားသည်။ ဘုရားရှင်က အဘယ်တရားများ ဟောကြားလိုက်ပါသနည်း။ တစ်ဆင့်ဟောကြားပါဘိဟု တရားကောင်းတောင်းသောအခါ အခုကလေးတွင်ပင် နာကြားခဲ့သော တရားကို အခုကလေးတွင်ပင် ဦးမာဃကြီး မေ့ပါလေ၏။ အဘယ်ကြောင့် ဤမျှ အမေ့မြန်ရပါသနည်း။ တာဝတိံသာအရောက်တွင် အပြုအစု အညုကောင်းလှသော သူနတ်သမီးတို့ကြောင့် ကာမဂုဏ်မှိုင်းမိ၍ မေ့ခြင်းဖြစ်သည်။

ကာမမှိုင်းအရာတွင် နတ်စည်းစိမ်ဟူသည် လူ့စည်းစိမ်ထက် အဆထောင်သောင်း မကသာလွန်သည်ဟု အဆိုရှိသည်။ တာဝတိံသာဘုရင် ဦးမာဃအဖို့မှု အများသူငါလို နတ်သမီး တစ်ဖက်ငါးရာမျှမက၊ နတ်သမီးပေါင်း သောင်းခြောက်ထောင် ဝိုင်းဝိုင်းလည်နေသူဖြစ်၍ မေ့လောက်ပါပေသည်။ ဒါတောင် တရားရှင် သောတာပန်သိကြားဖြစ်၏။

ဤသည်ကိုထောက်၍ အချို့က မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ဟူ၏သို့ နတ်စည်းစိမ်ဆိုသည်ကိုလည်း ခံစားချင်၊ တရားလည်းကျင့်လို၍ နတ်ပြည်ရောက်အောင် သွားပြီး နတ်ပြည်ရောက်မှ တရားကျင့်တော့မည်ဟု ဆန္ဒပြုဆုတောင်းတတ်ကြသည်ကို နတ်ပြည်ရောက်မှ တရားကျင့်မည်လို့တော့ စိတ်မကူးကြနှင့်၊ တာဝတိံသာ တံခါးဝ လောက်တွင်ပင် နတ်သမီးတို့ အညုကောင်းသောကြောင့် တရားတိုးဖို့ဝေးစွ၊ ပါလာရင်း တရားကလေးများပင် ပြုတ်ကျန်ရစ်ဖို့ရှိသည်ဟု မဟာဂန္ဓာရုံ ဆရာတော်က ဆုံးမတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်မောဂ္ဂလာန်က မေးတော့ ဦးမာဃကြီးမဖြေနိုင်တော့၍ ပျာယာခတ်သွားသည်။ တစ်ဖက်တွင် ဘာတရားပါလိမ့်ဟု စဉ်းစားရင်း တစ်ဖက်တွင် ဝါစာကမ္ဘာ မဆီမဆိုင် စကားတွေကို လျှောက်သည်။ အရှင်မောဂ္ဂလာန်ကို လေးစားရုံမျှ မဟုတ်၊ ကြောက်ရသည်။ သူ့တန်ခိုးဟူသည် အရှင်မောဂ္ဂလာန်ခြေမှုန်မျှမရှိ။

လူဖြစ်စေ၊ နတ်ဖြစ်စေ သတ္တဝါဟူသည် ရာထူးစည်းစိမ် ဂုဏ်သိရ်တို့နှင့် ဇိမ်ခတ်နေသော အခါများ၌ ကျောင်းကန် ဘုရားနှင့် တရားဟူသည်ကို ဖုတ်လေသည့် ငါးပိရှိလေသည်မျှ သတိမရတတ်ကြသော်လည်း ဘေးအန္တရာယ်နှင့် ကြုံသောအခါ၌မူ အနည်းဆုံး ဣတိပိသောမျှမက၊ ဘုရား–တရားကိုသတိရလာတတ်သော၊ လူတို့၏ အကြောကိုသိသော အရှင်မောဂ္ဂလာန်က သိကြားမင်း ထိတ်လန့်လာစေရန် သူ့ဝေဇယန္တာကြီးကို ခြေမဖြင့် ညှပ်၍ ကိုင်လှုပ်လေသောအခါတွင်မှ တရားတော်ကို သတိရကာ ပြန်လည်ဟောကြားနိုင်သည်။

သို့သော် ယခု ဝေဠုဗြာကြီးမေ့လေသည်ကိုတော့ အရှင်မောဂ္ဂလာန်က တစ်စုံတစ်ရာမပြုလုပ်ပါ။ အကြောင်းမူကား သိကြားမင်းကိစ္စမှာ တရားတော်၏ ကိစ္စဖြစ်၍၊ ဝေဠုဗြာကိစ္စမှာ ဆွမ်းကွမ်း မပြည့်စုံရုံကလေးမျှသော ကိစ္စဖြစ်သည်။

ဘာကြောင့်ပဲမေ့မေ့၊ မေ့ရက်နိုင်အားလေသည်ကို ဝေဠုဗြာကြီး အထူးစိတ်မကောင်းဖြစ်၏။ ထို့ကြောင့် ဘုရားရှင် ဒေသစာရီ ကြွချီတော်မူတော့မည်ဟု ဝတ္တရားအတိုင်း ခွင့်ပန်သောအခါ 'အရှင်မြတ်ဘုရား။ ။ အရှင်မြတ်၏ ဒေသစာရီကို တပည့်တော် တားမြစ်နိုင်ခွင့်မရှိပါ၊ သို့သော် တပည့်တော် မေ့နိုင်ရက်ခဲ့လေသည်ကို အတိုးချ၍ အရှင်မြတ်နှင့်တပည့် သံဃာတို့အား ပြုစုလုပ်ကျွေးပေးလှူလိုပါသည်။ သို့ပါ၍ တပည့်တော်ကို သနားငဲ့ညှာသောအားဖြင့် ယနေ့တစ်ရက်နှင့် နက်ဖြန်တစ်ရက်မျှ သည်းခံစောင့်ဆိုင်းဖို့ ခွင့်ပြုတော်မူပါဘုရား''ဟု လျှောက်ထားလိုက်သည်။

ဘုရားရှင်က တုံဏှိဘာဝေ ဆိတ်ဆိတ်နေတော်မူ၏။ တုံဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းသည် လျှောက်ထားချက်ကို သဘောတူ ခွင့်ပြုတော်မူကြောင်း လက္ခဏာပင်ဖြစ်သည်။

ဝါဆိုဦးတုန်းက ဘုရားရှင်တွေ့ဆုံရာ၌ ဘုရားရှင်က သူ့ကိုမကြိုဆိုမှုကြောင့် ပြစ်တင်ရှုတ်ချခဲ့ဖူးသော ဝေဠုဗြာကြီးသည် ပညာရှိပီပီ အပြစ်ကင်းရာအရပ်မှ ဖူးတွေ့ခဲ့သော်လည်း၊ ယခုအကြိမ်တွေ့ဆုံရာ၌မူ ဘုရားရှင်၏ ခြေတော်အစုံကို ဆုပ်ကိုင်ဦးနှိမ်ရုံမျှမက၊ ဘုရားရှင်အနီးသို့ ကပ်၍ထိုင်၏။

လေးစားအပ်သူ၊ သို့မဟုတ် ပညာရှင်အချင်းချင်း တွေ့ဆုံကြရာ၌ မည်သို့နေထိုင်မည်ဟူသော အနေအထိုင် စည်းကမ်းများရှိ၏။ အပြစ်ခြောက်ပါး ကင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ချဉ်းကပ်နည်း စသည်တို့ဖြစ်သည်။ ယခုအကြိမ်တွင်မူ ယင်းစည်းကမ်းချက်များကို ကျော်ခိုင်းကာ ဘုရားရှင်အား လေးစားကြည်ညိုရုံမျှမက၊ မေတ္တာသက်ဝင် ခင်မင်ရင်းနှီးလိုမှုကို ပြသောသဘောဖြင့် ကပ်၍ထိုင်သည်။ အချင်းချင်းနီးကပ်မှုဟူသည် မေတ္တာ၏ အထိမ်းအမှတ်ပင် မဟုတ်ပါလော။

မိမိ၏ ဒေသစာရီကို တစ်ကြိမ်လျှော့ကျမှုဖြင့် ဘုရားရှင်က အလွယ်ခွင့်ပြုတော်မူလိုက်သည်မှာလည်း အကြောင်းရှိသည်။ ခွင့်မပြုခဲ့ပါသော် ငါ့အပေါ်တွင် ဘုရားရှင်က သုံးလလုံးလုံး မေ့နေခဲ့မိသည့်အပြစ်ကြောင့် စိတ်ကောက်လေပြီကောဟု စိတ်အလိုကို အလွယ်လိုက်ပါတတ်သော ဝေရဉ္စာ ထင်ကောင်းထင်မည်။ ပညာရှင်ကြီးဖြစ်ပါလျက် သည်းမခံနိုင်လေသော်ကောဟု တွေးကောင်းတွေးမည်။ ယင်းသို့လျှင် စိတ်မချမ်းမသာဖြစ်လျက်ရှိနေသော ဤဒါယကာကြီးကို စိတ်ချမ်းသာစေရာမှ အကြီးဆုံးသော အကြောင်းမှာကား ခွင့်ပြုလိုက်ခြင်းဖြင့် ဤဒါယကာကြီး၏ သဒ္ဓါတရားများ တိုးပွား၍ တရားတော်ကို ကြားနာစေဦးမည့် အကြောင်းပင်ဖြစ်ပေသည်။

## တားနိုင်သူများ

ဘုရားရှင်ဒေသစာရီကြွချီလိုမှု ဆန္ဒတော်ကို တားမြစ်နိုင်သူဟူ၍ ယခုဝေရဉ္စာကြီးနှင့် အခြားတစ်ဦးမျှကိုသာ သတိပြုမိ၏။ အခြားတစ်ဦးဟူသည်မှာ ဝေရဉ္စာတို့လို ကြီးကြီးကျယ်ကျယ်ပုဂ္ဂိုလ်မဟုတ်၊ သာမန် ကျွန်မတစ်ယောက်မျှဖြစ်သည်။ နောင်အခါတွင် ပုဏ္ဏာထေရီဘိက္ခုနီမဟုအပါဒါန် စာရင်းဝင်ဖြစ်လာသော ကျွန်မလေး ပုဏ္ဏာတည်း။

အနာထပိဏ်၏ ကျွန်ပေါင်းများစွာတို့အနက်မှ အကျိုးပေးမကောင်း၍ ဖြစ်လာရသော ကျွန်ပင်ဖြစ်သော်လည်း ကျွန်မလေး ပုဏ္ဏာသည် အသိဉာဏ်ရှိသူ၊ ဖျတ်လတ် ထက်မြက်သူဖြစ်၍၊ ကျွန်ကြီးတို့မှမွေးလျှင် ကျွန်ကလေးပင် ဖြစ်လာရသည်။ ယင်းသို့ မွေးဖွား၍ ကျွန်ကလေး တစ်ရာပြည့်လျှင် ရာပြည့်အထိမ်းအမှတ်ဖြင့် ထိုကျွန်ကို ပုဏ္ဏာ၊ ပုဏ္ဏဟု မှည့်ခေါ်သည်။ သူသည် ရာပြည့်ကျွန်မကလေး ဖြစ်လာသောကြောင့် ပုဏ္ဏာ ဖြစ်လာသည်။ ကျွန်ကြီးမှ မွေးသောကြောင့် ကျွန်ပင်မဟုတ်၊ ကျွန်အောက်မှ သပေါက်မလေးဟုပင် ခေါ်ဆိုနိုင်သည်။

သူသည် နေ့စဉ်သံဃာတော်ငါးရာကျော်တို့ကို ဆွမ်းကျွေး ဆွမ်းကပ်သော အမှုကိစ္စတွင် ဆွမ်း, ကွမ်း ကိစ္စများဆောင်ရွက်ရသူ ဖြစ်သောကြောင့် သံဃာတော်တို့နှင့် ရင်းနှီးသည်။ ဘုရားရှင်အစ သံဃာတော်များနှင့် မျက်မှန်းတန်းမှုရှိနေသူဖြစ်သည်။

ဤတွင် အနာထပိဏ်၏ မြေးကလေးကို နားသမင်္ဂလာပွဲ ဆင်နွှဲရန် ရှိသောအခါ၊ ထိုရက်မှာ ဘုရားရှင်ဒေသစာရီ ကြွချီတော်မူမည့်ရက်နှင့် တိုက်ဆိုင်နေ၏

www.burmeseclassic.com



အနာထပိဏ်က သူ့မြေးချစ်ကလေးပွဲတွင် ဘုရားရှင်ကိုယ်တော်တိုင် ရှိနေစေချင်၏။ သို့သော် ဘုရားရှင် ဒေသစာရီထွက်ကြွမည့်ရက်နှင့် တိုက်ဆိုင်နေသည်ကို တွေ့ရသောအခါ စိတ်မကောင်းဖြစ်ရ၏။ ဘုရားရှင်၏ ဒေသစာရီကို အနာထပိဏ် မတားဝံ့၊ ဘုရားရှင် ဆန္ဒတော်ကို အနာထပိဏ် မဆန့်ကျင်ဝံ့။

ဤတွင် ကျွန်မလေး ပုဏ္ဏာက ဘုရားရှင်ကြွလာခိုက်တွင် ရှေ့တော်သို့ ရဲရဲတင်းတင်းဝင်ရောက်ကာ "အရှင်မြတ်ဘုရား ။ ။ တပည့်တော်တို့၏ သခင် သူဌေးဒကာကြီးသည် အရှင်မြတ်နှင့် အရှင်မြတ်သာသနာတော်ကို ပြုစုလုပ်ကျွေး ကျေးဇူးမကင်းသူဖြစ်ပါသည်။ သူ့မှာ မြေးကလေးကို နားသမင်္ဂလာပွဲ ဆင်နွှဲရန်ရှိနေရာ သတ်မှတ်ထားသော ရက်သည် အရှင်မြတ် ဒေသစာရီကြွချီမည့်ရက်နှင့် တိုက်ဆိုင်နေ၍ စိတ်မကောင်းဖြစ်နေပါသည်။ သူ့မြေးချစ်ကလေးပွဲတွင် အရှင်မြတ် ရှိနေချင်ပါသည်။ သို့ပါ၍ သူ့ကျေးဇူးကိုထောက်ပြီး အရှင်မြတ်ဒေသစာရီကို မင်္ဂလာပွဲပြီးသည်အထိ စောင့်ဆိုင်းတော်မူပါရန် လျှောက်ထားအပ်ပါသည်ဘုရား"ဟု လျှောက်ထားသည်။

ဘုရားရှင် ပြုံးတော်မူ၏။ အကြောင်းမူကား သာသနာတော်အတွင်းသား တစ်ယောက် မခေါ်ပင့်ချေ ပေါ်ပေါက်လာတော့မည်ကို သိမြင်တော်မူသောကြောင့် ပေတည်း။

## အပြုံး

ဘုရားရှင်ပြုံးတော်မူ၏ဟုဆိုရာ၌ စာလာ–ပေလာ အတိုင်းဆိုလျှင် ဘုရားရှင် ပြုံးတော်မူ သောအခါ သွားတော်တို့မှ ဖြူသောရောင်ခြည်တော်တို့ထွက်သည်။ ဤသည်ကို နောက်တော်ပါ၊ သို့မဟုတ် အနီးနေ ရှင်အာနန္ဒာစသော အရှင်တို့သိ၍ အဘယ့်ကြောင့် ပြုံးတော်မူပါသနည်းဟု လျှောက်ထားသည့်အခါ ဘုရားရှင်က ပြုံးတော်မူခြင်း၏ အကြောင်းရပ်နှင့် စပ်သော "အာနန္ဒာ ။ ။ ဤဝက်ငယ်သည် ဗြဟ္မာ့ပြည်မှ ကူးပြောင်းလာသူတည်း" စသည်ဖြင့် တရားတော်အရပ်ရပ်ကို ဟောကြားသည်၊ သို့သော် သွားတော်မပေါ် ရောင်ခြည်တော် ဖြူမထွက်စေဘဲ မျက်နှာတော်သည် စဉ်းငယ် လှုပ်ရှားသည်ဆိုရုံမျှ ပြုံးတော်မူခြင်းလည်းရှိ၏။

ပြုံးသည်–ရယ်သည်ဆိုရာ၌ အမြတ်၊ အလတ်၊ အညံ့ဟု အခြေခံသုံးဆင့် အဖွင့်ခြောက်မျိုးရှိသည်။ မြန်မာဝေါဟာရအားဖြင့် ပြုံးခြင်းနှင့် ရယ်ခြင်းဟု နှစ်မျိုးခွဲခြား သည်။

(၁) မျက်စိပွင့်ရုံ ပြုံးခြင်းကို 'သိတ'ဟုခေါ်၍ –

(၂) သွားစဉ်းငယ်ပေါ်ရုံမျှ ပြုံးခြင်းကို 'ဟသိတ'ဟုခေါ်သည်။ သိက္ခာရှင်၊ ပညာရှင်တို့ ပြုံးသောအဆင့်ဖြင့် 'အမြတ်ပြုံး' ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



(၁) သာယာသောအထွက်အောင် ရယ်ခြင်းကို 'ဝိဟာသိတ'ခေါ်၍၊ (၂) ပခုံး၊ ဦးခေါင်းလှုပ်အောင် ရယ်ခြင်းကို 'ဥပဟာသိတ'ဟုခေါ်သည်။ ဤနှစ်မျိုးကို အလတ်တန်းစားအဖြစ် သတ်မှတ်သည်။

(၁) မျက်ရည်ထွက်အောင် ရယ်ခြင်းကို 'အပဟာသိတ'ခေါ်၍၊ (၂) ခြေ၊ လက် အင်္ဂါတို့ ပစ်လွှဲ၍ ရယ်ခြင်းကို 'အတိဟာသိတ'ဟုခေါ်သည်။ မြန်မာတို့ ဝေါဟာရအတိုင်း ခွက်ထိုး–ခွက်လန်' ဟန်မပါ သိရှိမဆည်ဘဲ အားရပါးရရယ်ခြင်း၊ အချို့ ကိုယ်၊ လက် အင်္ဂါတို့ ပစ်လွှဲရုံသာမက တစ်ကိုယ်လုံးခုန်ပေါက်၍ ရယ်ခြင်းမျိုးကိုပင် တွေ့ဖူးကြပေမည်၊ လူညံ့အောက်တန်းတို့ ရယ်ခြင်းမျိုး၊ စာအတိုင်းဆိုသော် 'အဓမေ' ယုတ်ညံ့သော ရယ်ခြင်းမျိုးဟူ၏။

ပြုံးခြင်း၊ ရယ်ခြင်းကို စာက 'ဟသိတုပ္ပါဒ်' ဟသိတ ဥပ္ပါဒ – ပြုံးရွှင်ခြင်းဟု ဆိုသော်လည်း မြန်မာဝေါဟာရကမူ ပထမအဆင့် နှစ်မျိုးကို 'ပြုံးခြင်း'ဟု သတ်မှတ်၍ ဒုတိယနှင့် တတိယအဆင့် နှစ်မျိုးကို 'ရယ်ခြင်း'ဟု ခွဲခြားသည်။ အပြုံးနှင့် အရယ်ကို ခွဲ၍သုံးသည်။

ဘုရားရှင်သည် အကြောင်းပေါ်လာသောအခါ ယင်းပထမဆင့်နှစ်မျိုးတွင် သင့်ရာတစ်မျိုးမျိုးဖြင့် ပြုံးတော်မူလေ့ရှိသည်။ 'သင့်ရာ တစ်မျိုးမျိုးဖြင့် ပြုံးတော်မူ လေ့ရှိ၏'ဟူသော စကားမှာ သဂြိုဟ်သာဘာဋီကာ (စာ–၅၄)အတိုင်း ဖော်ပြခြင်းဖြစ်၏။ ထို့ကြောင့် ဘုရားရှင်ပြုံးတော်မူသည်ဆိုတိုင်း သွားတော်ပေါ်လေသည်မဟုတ်ဘဲ တရားရေး သာသနာတော် အရေးအတွက် နှစ်သက်ဖွယ်ရာကြုံလာလျှင် မျက်နှာတော်လှုပ်ရှားသည် ဆိုရုံမျှ ပြုံးတော်မူခြင်းများရှိသည်ကို သိသာယူဆနိုင်သည်။

ကျောင်းဒကာကြီးပင် မလျှောက်ထား မတားမြစ်ဝံ့သော ကိစ္စကို ကျွန်မကလေး တစ်ယောက်မျှ ဖြစ်သောသူက မတန်မရာ လျှောက်ထားလာ၍ ပြုံးတော်မူခြင်းမဟုတ်၊ ဤကိစ္စ၏ နောက်ပါးတွင် သာသနာတော် တိုးပွားလာသည့် အရေးကို မျှော်တွေး သိမြင်တော်မူသောကြောင့် ပြုံးခြင်းဖြစ်သည်။ မှန်၏။ လျှောက်ထား ခွင့်ပြုပြီးသည်၏ နောက်တွင် သခင်ဖြစ်သူ၏၊ တော်လှန်ခွင့်ပြုချက်အရ၊ ရဟန်းဘဝကူးပြောင်း၍ ပုဏ္ဏာထေရီ အရှင်မဖြစ်လာသည်။

ယင်းသို့ဖြင့် ကျွန်မကလေး လျှောက်ထား တားမြစ်ချက်ကို ခွင့်ပြုတော်မူ၍ ယခု ဝေရဉ္စာ ဗြာဟ္မဏကြီး လျှောက်ထား တားမြစ်ရာ၌ကား စေတနာရှိပါလျက် သုံးလတိုင်တိုင် မေ့နေခဲ့မိ၍ စိတ်မချမ်းမသာဖြစ်နေသည်ကို စိတ်ချမ်းသာစေရန် ငဲ့ညှာ ထောက်ထား သနားတော်မူခြင်းဖြင့် ခွင့်ပြုတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုချက်ရသည်နှင့် တစ်ပြိုင်နက် ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ ပြန်လည်ကြွသွားပြီးသည်၏ နောက်တွင် မြို့စားကြီး ဝေရဉ္ဇာသည် သုံးလတိုင်တိုင် မေ့လျော့ခဲ့သောအဖြစ်ကို တစ်ရက်တည်းဖြင့် ကျေလည်စေရန်ဟူသော နှလုံးထားဖြင့် သူ၏အလှူစီမံကိန်းကြီးကို ချက်ချင်းပင် ချမှတ်လုပ်ဆောင် လေတော့သည်။

## အလှူတော်အစီအစဉ်

ချမှတ်ဟန်ကား၊ သံဃာတော်ငါးရာတို့ မပင်မပန်း သီတင်းသုံးနိုင်လောက်သော မဏ္ဍပ်ကြီးကို အိမ်ဝင်းအတွင်း၌ ထိုးစေသည်။ နေရာထိုင်ခင်းတို့ကို အလှအပခင်းသည်။ မဏ္ဍပ်အလယ်ထိပ်တွင် ဘုရားရှင်အတွက် သီးသန့်နေရာတော်ခင်း၍ ဘုရားရှင်တစ်ဖက် တစ်ချက်တွင် သံဃာတော်တို့အတွက် တစ်ဖက်လျှင် နှစ်ရာ့ငါးဆယ်စီ ဝိုင်းရံ၍ခင်းမည်။ ဘုရားရှင်ကို သာမဟုတ်၊ ဆွမ်းကျွေးပြီးနောက် သံဃာတော်တစ်ပါးစီကိုလည်း သူစိတ်ကူးထားသော အလှူပစ္စည်းတို့ကို တစ်ပါးစီကပ်လှူမည်ဖြစ်ရာ၊ ယင်းသို့ ကပ်လှူရာ၌ လွယ်ကူရှင်းလင်းစေရန်ဖြစ်၏။ မဏ္ဍပ်အလယ်တွင် မိမိနှင့် အိမ်သားများ၊ တပည့်တပန်းများနေ၍ ကြည်ညိုကြမည်။

ဆွမ်းနှင့်ဟင်းကျွေးပစ္စည်းများအတွက် မိမိအိမ်နှင့် ဝေရဉ္ဇာတွင် ရနိုင်သမျှသော ဆီဦးထောပတ်စသည်တို့ကို စုဆောင်းပြည့်စုံစေသည်။ လှူဖွယ်ပစ္စည်းအတွက်ကား ဘုရားရှင်နှင့် ရဟန်းတို့အတွက် အပ်စပ်ထိုက်တန်သည့် မိမိရည်မှန်းအပ်သော ပစ္စည်းများသည် အိမ်တွင် အပြည့်အစုံဖြစ်နေသည်ကို စစ်ဆေးတွေ့ရှိရ၍ ဝမ်းမြောက်သည်။ ယင်းပစ္စည်းဟူသည်ကား သင်္ကန်းအဖြစ် ဝတ်ရုံနိုင်လောက်သော အထည်အဝတ်များ၊ ကတ္တီပါအုပ်များနှင့် ဆီကျိုတို့ဖြစ်၏။

ယင်းလှူဖွယ်ပစ္စည်းတို့မှာ နယ်နယ်ရရဖြစ်ဆန်းကာမျှတို့မဟုတ်ကြ၊ အဖိုးထိုက်အဖိုးတန်များဖြစ်ကြသည်။ အဖိုးထိုက် အဖိုးတန်ဖြစ်ဟန်ကား ဘုရားရှင်အတွက် ရည်မှန်းအပ်သော အဝတ်သည် မိမိအတွက် သီးသန့်သိမ်းဆည်းထားအပ်သော ကာသိတိုင်းဖြစ်နာမည်ကျော် အဝတ်အထည်ဖြစ်၏။

## ကာသိအဝတ်

ကာသိတိုင်းထွက် အဝတ်ဟူသည် မဇ္ဈိမတွင် နာမည် အကြီးဆုံးဖြစ်၍ မင်းစိုးရာဇာစသော ပစ္စည်းရှင်ဂုဏ်ရှင်တို့ အမြတ်တနိုး ဝတ်ဆင်သုံးစွဲအပ်သော အဝတ်ဖြစ်သည်။ နူးညံ့ချောမွေ့သလောက် သိပ်သည်းကျစ်လျစ်၍ ရွှေတစ်ဆုပ် အဝတ်အထည်ထူးဟုလည်းခေါ်ကြသည်။ အကြောင်းမူကား တစ်ကိုယ်စာ တစ်ထည်လုံးကို လက်တစ်ဖက်ဖြင့်

www.burmeseclassic.com



ဆုပ်ကိုင်လျှင် လက်အတွင်း၌ပင် ပျောက်ကွယ် သွားစေလောက်အောင် နူးညံ့ကျစ်လျစ်သောကြောင့် ဖြစ်သည်။ (ဗုဒ္ဓစာပန်းချီ 'ဝါဝါဝင်း'တွင်ရှုပါ)

သိဒ္ဓတ်မင်းသားတောထွက်တော်မူရာ၌ အခြားမင်းဝတ်တန်ဆာတို့နှင့်အတူ ကာသိတိုင်းဖြစ် ဝတ်လဲတော်ကို ခါးပုံယင်ကာ ခဏ္ဍကကိုစီး၍ ထွက်ခဲ့ပြီးနောက် ဥရုဝေလသို့ရောက်၍ သင်္ကန်းတော်ဖြင့် ရဟန်းအသွင်သို့ ကူးပြောင်းသောအခါ အခြားမင်းဝတ်တန်ဆာတို့ကို သာမန်မျှ ဖော်ပြသော်လည်း ဝတ်လဲတော်ကိုမူ 'ကာသိတိုင်းဖြစ်ဝတ်လဲတော်'အဖြစ် ဂုဏ်ယူဖော်ပြသည်။ မဇ္ဈိမသားတို့ ဤမျှလေးစားအပ်သော အဝတ်ဖြစ်သည်။ ထိုခေတ်တန်ဖိုးအရ တစ်ထည်လျှင် တစ်ထောင်တန်၏။

အိမ်တွင် အသင့်ရှိသော ယင်းအဝတ်အထည်များကို သင်္ကန်းအဖြစ် ပေးလှူရာ၌ လိုက်လျောညီထွေရှိလှပေ၏။ အကြောင်းမှာ ဝေရဉ္စာစသော မဟာဘာရတ ရှေးခေတ်နိုင်ငံသားတို့ ဝတ်ဆင်ကြသော အဝတ်များမှာ အရောင်အသွေးနှင့် ဝတ်ဆင်မှု ပုံစံသာ အနည်းငယ်ကွာသည်။ သင်္ကန်းရောင်သို့ ပြောင်းလဲ၍ သင်္ကန်းအသွင်သို့ ပြင်ဆင်လိုက်ရုံမျှဖြစ်သည်။

ပုဆိုး ဘောင်းဘီ လုံချည်စသည်တို့ကို နောင်ခါမှ ပြောင်းလဲလာခြင်းဖြစ်၍ ရှေးခေတ်ကမူကား အဝတ်အထည်ဟူသည် အချမ်းအပူနှင့် အရှက်ကို ကာကွယ်ရုံမျှ ပုံစံအားဖြင့် ရိုးသားကြသည်။ မည်သို့ပင် ပြောင်းလဲစေ ဘုရားရှင်ကမူကား မိမိ၏ တပည့်သားတို့ကို ရှေးဦးပုံစံအတိုင်းသာ အချမ်းအပူကို လုံစေရုံမျှ မှတ် ခြင် ယင်တို့၏ အန္တရာယ်မှ ကင်းဝေးစေရုံမျှ ရှေးပုံစံအတိုင်း ထားရှိစေသည်။

စင်စစ်အားဖြင့်မူလည်း အဝတ်အထည်ဟူသည် ဖော်ပြန်တတ်သော သတ္တဝါတို့၏ ဆန္ဒအရ လှလိမ့်မည်ထင်သမျှသို့ ပြုပြင်ပြောင်းလဲကြသော်လည်း အချမ်းအပူ လုံစေရုံမျှသာဖြစ်၏။ ဤသည်ကို မိမိ၏ တပည့်ရဟန်းများ မျက်စိမလည်စေရန် သာသနာတော်သို့ ဝင်လာသည်ဆိုကတည်းက၊ သီတဿ ပဋိဃါတာယ ဥဏှဿ ပဋိဃါတာယ အချမ်း အပူ အရှက် အကြောင်းလုံစေရုံမျှသာပါတကားဟု အစဉ်သတိတရားရကြစေရန် ညွှန်ကြားဆုံးမထားခဲ့သည်။

ယင်းသို့ ကာသိတိုင်းဖြစ် အနီရောင် အဝတ်အထည်သုံးထည်ကို တိစီဝရိတ်အဖြစ် လှူဒါန်းရန် သီးသန့်ရွေးချယ်စီစဉ်လိုက်သည်။

ရဟန်းတော်တို့အတွက် ရည်မှန်းစီစဉ်အပ်သော အဝတ်အထည်တို့မှာလည်း နယ်နယ်ရရမဟုတ်ပေ။ ကာသိတိုင်းဖြစ်မှ လွဲလျှင် မဇ္ဈိမ၌ ဒုတိယနာမည်အကျော်ဆုံး အကောင်းဆုံးဖြစ်သော ပတ္တုဏ်တိုင်း၊ စိန့်တိုင်းတို့မှထွက်သော အဝတ်အထည်များ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ္တုဏ်တိုင်းဟူသည် 'ပတ္တုဏ္ဏ' မှ လာသော ပါဠိသက် စာသံပေသံဖြစ်၍ ရှေးခေတ် မြန်မာတို့က ပန်းတုပ်တိုင်း၊ ထိုမှတစ်ဆင့် ပတ်ထန်တိုင်းဟု မြန်မာသံသို့ ပြောင်းလဲခေါ်သည်။

စိန့်တိုင်းခေါ် တရုတ်ပြည်သည်လည်း အဝတ်အထည်ကောင်းထွက်ရာ၌ သမိုင်းနှင့်ချီကာ ကမ္ဘာကျော်တိုင်းဖြစ်သည်။ ယင်းတိုင်းနှစ်ရပ်ထွက် အဝတ်နှစ်ထည်စီကို ရဟန်းတော်များသို့ သင်္ကန်းဒွိစုံအဖြစ်လှူရန် သတ်မှတ်ထားသည်။ တစ်ထည်လျှင် အသပြာငါးရာတန်ဖြစ်၍ သံဃာတော်ငါးရာအတွက် ဒွိစုံ–အသပြာ တစ်သိန်းဖိုးဖြစ်သည်။

## ကတ္တီပါအခုပ်များ

ထိုနောက်တွင်ကား ကတ္တီပါများကို ကပ်လှူရန် သတ်မှတ်လိုက်၏။ ကတ္တီပါဟူသည်လည်း မင်းထိုက်စိုးတန် အဖိုးတန် အထည်ကောင်း စာရင်းဝင်ပင်ဖြစ်၏။ သို့ရာတွင် ကတ္တီပါ၏အဖြစ်မှာ လူ၏ အသားနှင့် ထိကပ်ကာ သုံးစွဲရာတွင် တစ်ဖက်ချောသာဖြစ်၍ အသားနှင့်ထိကပ်သောဘက်မှာ ကြမ်းတမ်းသည်။ သို့ဖြစ်၍ ကတ္တီပါကို ရံဖန်အလှအပအဖြစ် ဝတ်ဆင်ကြသော်လည်း အလှအပဆင်ယင်ရာ အခြားနေရာတို့၌သာ အသုံးများသည်။

ယင်းကတ္တီပါအခုပ်များကိုမူ လိုအပ်သလို အပိုင်းပိုင်းအပြတ်ပြတ် ဖြတ်တောက်စေလိုက်သည်။ အကြောင်းမှာကား ရဟန်းတော်တို့ အဝတ်အရုံသင်္ကန်းအဖြစ် သုံးစွဲရန် မဟုတ်၊ လွယ်အိတ်ခေါ် ပခုံးလွယ်၊ ခါးပန်းကြိုး၊ အခင်း၊ ပုဝါရေစစ်၊ ခြေသုတ်အဝတ် စသည်လိုအပ်သလို သုံးစွဲဖို့အတွက် ပေးလှူရန်ဖြစ်သည်။

ရဟန်းတော်တို့အတွက် အစစလွယ်ကူလျက်ရှိသော ယနေ့ခေတ်အချိန်၌ ရဟန်းတော်တို့သည် စာအုပ်ထည့်ရုံ မင်တံကလေးချိတ်ရုံမျှအတွက်သာ သင်္ကန်းရောင် လွယ်အိတ်ကလေးများကို ဆောင်တတ်ကြသော်လည်း ဘုရားရှင်လက်ထက်တော်နှင့် ရှေးခေတ်ရဟန်းတော်တို့မှုကား၊ သပိတ်၊ သင်္ကန်းကိုပင် ထည့်စေနိုင်သော ပခုံးလွယ်ခေါ် လွယ်အိတ်ကြီးများကို ဝတ်ရုံသင်္ကန်းအတွင်းမှ ဆောင်ကြရသည်။ အကြောင်းမူကား သပိတ်၊ ပရိက္ခရာ ဟူသည် သွားလေရာသို့ ပါရမြဲဖြစ်၏။ ရဟန်းတော်တို့အတွက် မရှိမဖြစ်၊ အမှန်လိုအပ်သော သပိတ်၊ ပရိက္ခရာသည်သာ ကိုယ်ပိုင်ဥစ္စာရှိ၏။

ဤသည်ကို ဝိနည်းကတ်တော်က ငှက်နှင့် ဥပမာပြု၍ ဂုဏ်ပြုသည်။ ငှက်သည် ပျံသန်းရာ၌ အတောင်သာလျှင် မိမိဥစ္စာရှိသကဲ့သို့ ရဟန်းတော်တို့သည်လည်း သင်္ကန်း သပိတ် ပရိက္ခရာသာလျှင် ဥစ္စာရှိ၍ လိုရာအရပ်သို့ ပေါ့ပါးလွယ်ကူစွာ ကြွသွားနိုင်ကြသည် ဟူ၍ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်က ကပိလဝတ် ရွှေနန်းတော်၊ ဇနပဒကလျာဏီတို့၏ မင်္ဂလာဆွမ်းကျွေးမှအပြန်တွင် မိမိသပိတ်တော်ကို နောက်တော်ပါ ရဟန်းတစ်ပါးပါးသို့ မပေးဘဲ ညီတော် နန္ဒမင်းသားသို့ပေးသည်။ သပိတ်ကို ထမ်း၍သော်လည်းကောင်း၊ ပွေ့၍သော်လည်းကောင်း ယူ၍ နောက်တော်မှ လိုက်ပါစေသည်။ ညီတော်နန္ဒအဖို့ မလိုက်လို၍ နောက်တော်ပါ ရဟန်းတစ်ပါးပါးသို့ "ကိုယ်တော်၊ တဆိတ်ယူသွားပါ"ဟု မလွှဲအပ်ဝံ့လေ၊ နောင်တော်ကို ကြောက်ရသည်က ရှိသေးသည်။ လွှဲအပ်ဝံ့သည်ဆိုသည့်တိုင် ထိုရဟန်းမှာလည်း သူ့သပိတ်နှင့်သူ ပွေ့ပိုက်ပြီးရှိနေ၍ အဘယ်ပုံလွှဲအပ်၍ ဖြစ်နိုင်ပါအံ့နည်း။ ညီတော်နန္ဒတို့ ဇာတ်လမ်းကိုဖော်ပြခြင်းမဟုတ်၊ ဘုရားရှင်နှင့် ရဟန်းတော်တို့သည် သပိတ်ကို အဘယ်ပုံကိုင်တွယ်ကြသနည်းဟု တွက်ဆကြည့်ရန်မျှဖြစ်၏။

နောက်ပိုင်းတွင် နှစ်ပေါင်းများစွာ အလုပ်အကျွေး ဖြစ်လာခဲ့သော အရှင်အာနန္ဒာသည်လည်းကောင်း၊ ရှေ့ပိုင်းတွင် ရံဖန်အလုပ်အကျွေး ဖြစ်ခဲ့ကြသော အရှင်မေဃိယ၊ အရှင်သုနက္ခတ္တစသည် တို့သည်လည်းကောင်း ဘုရားရှင် ဒေသစာရီကြွချီသည်ဆိုလျှင် ဆွမ်းခံချိန် ဆွမ်းစားချိန်တို့မှတစ်ပါး ဘုရားရှင်၏ သပိတ်တော်ကို နောက်မှ စွဲကိုင်လိုက်ပါကြရပြဖြစ်၏။ ကြီးမြတ်သော ဘုရားရှင်ဖြစ်ပါလျက် မိမိသပိတ်ကို မိမိကိုယ်တိုင်ကိုင်ရမည်ဆိုလျှင် အဘယ်မှာ လျော်ကန်နိုင်ပါတော့အံ့နည်း။

သို့ဆိုလျှင် နောက်တော်ပါ အလုပ်အကျွေးတို့မှာလည်း မိမိတို့ကိုယ်ပိုင်သပိတ်ရှိနေပြီဖြစ်ရာ ဘုရားရှင်၏ သပိတ်တော်ကို အဘယ်ပုံကိုင်စွဲပါသနည်း၊ သပိတ်နှစ်လုံးကို တစ်ပါးတည်းက တစ်ပြိုင်တည်း ကိုင်၍ မဖြစ်နိုင်ပေ။ သို့သော်ဖြစ်နိုင်သောနည်းရှိ၏။ မိမိ၏ သပိတ်ကို ဖော်ပြပါ ပခုံးလွယ်အိတ်ခေါ် အိတ်အတွင်းသို့ ထည့်၍ထားခြင်းပေတည်း။

သပိတ်ကိုပင် ထည့်နိုင်သောကြောင့် အိတ်ကြီးဖြစ်၏။ အခြားသက်န်းစသော လိုအပ်သမျှ ပရိက္ခရာများကိုလည်း ထည့်ရသေး၏။ ယင်းလွယ်အိတ်ကြီးကို 'ဗယားအိတ်' ဟု ရှေးကခေါ်သည်။

ရဟန်းတစ်ပါးသည် ခရီးသွားတော့မည်ဆိုလျှင်၊ သို့မဟုတ် ဘုရားရှင် ဒေသစာရီကြွချီရာသို့ နောက်တော်မှလိုက်ပါရတော့မည်ဆိုလျှင် သပိတ်ပရိက္ခရာစသည့် လိုအပ်သမျှတွေပါသော ယင်းဗယားအိတ်ကို လွယ်လိုက်ရုံမျှဖြင့် ကိစ္စပြီးသည်။ ယင်းသို့လျှင် ဒါယကာကြီး ဝေရဉ္ဇာ ရည်မှန်းအပ်သော ကတ္တီပါစများသည် ရဟန်းတော်တို့အတွက် လိုအပ်လှသော ပစ္စည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အာယောဂပတ်

ကတ္တီပါစကို ဗယားအိတ်အဖြစ်သာမက၊ ယင်းဗယားအိတ်တွင် သိုင်းလွယ်ရန် အတွက် တပ်အပ်သောကြိုး၊ သပိတ်အိတ်တွင် တပ်အပ်သော ကြိုးအဖြစ်လည်း အသုံးပြုနိုင်သည်။ ယင်းကြိုးကို ရှေးအခေါ် စာသံ, ပေသံအားဖြင့် 'အာယောဂပတ်'ကြိုးဟု ခေါ်သည်။

ရှင်သာမဏေလေးတို့အတွက် သီးခြားသတ်မှတ်အပ်သော သေခိယခေါ် ကျမ်းငယ်၌ လက်အာယောဂပတ်၊ ပုဆိုးအာယောဂပတ်ဖွဲ့၍ မနေအပ်ဟူသော ဝိနည်းဆုံးမချက်တစ်ရပ်ပါရှိ၏။ အာယောဂပတ်ဟူသည် အဘယ်နည်း။

အနေမထိုင်မတတ်ရှာကြသေးသော သာမဏေငယ်ကလေးများသည် လူရှေ့, သူရှေ့တွင် ခြေနှစ်ချောင်းကို ရှေ့သို့ထောင်၍ထိုင်ကာ ဖော်ပြပါ ဗယားအိတ်ကြိုးဖြင့်သော်လည်းကောင်း၊ သက်နှုန်းဖြင့်သော်လည်းကောင်း ခြေနှစ်ချောင်းကို တုပ်ပတ်၍ ထိုင်တတ်ကြသည်။ ဤသည်ကို လက်အာယောဂပတ်၊ ပုဆိုးအာယောဂပတ် ဖွဲ့သည်ဟု ဆိုသည်။

ယင်းသို့ သပိတ်တော် ကိုင်စွဲမှု ကိစ္စအတွက် ဘုရားရှင်တွင် အဆင်မပြေဖြစ်ခဲ့ရသော ကိစ္စများကြုံတွေ့ခဲ့ရဖူး၏။ အဆင်မပြေစေသူများကား နောက်တော်ပါ အလုပ်အကျွေး သံဃာတို့ပင် ဖြစ်ပေသည်။

အလုပ်အကျွေး အရှင်မေဃိယသည် ဒေသစာရီ တစ်ခုတွင် ဘုရားရှင်နောက်တော်မှ ဘုရားရှင်၏ သပိတ်တော်ကိုကိုင်စွဲ၍ လိုက်ပါခဲ့ရာမှ တောအုပ်တစ်ခုသို့ ရောက်သောအခါ ယင်းတောအုပ်တွင် နေလိုလှပါချည့်၊ တပည့်တော် ဤတောအုပ်မှာပင် နေခဲ့ပါတော့မည်၊ အရှင်မြတ် သပိတ်ကို ယူတော်မူပါဟု သပိတ်တော်ကို ပြန်အပ်ရင်း လျှောက်ထားသည်။ ဘုရားရှင်က မသင့်လျော်သည်ကို မြင်တော်မူ၍ တားမြစ်သော်လည်း မရ။ ဘုရားရှင်က သပိတ်တော်ကို ရုတ်ချည်းပြန်၍ မယူသည်ကိုပင် မစောင့်နိုင်တော့ဘဲ သပိတ်တော်ကို မြေတွင်ချထားကာ တောအုပ်သို့ဝင်သည်။ ဘုရားရှင်သည် သပိတ်တော်ကို ကိုယ်တော်တိုင် ကောက်ယူပွေ့ပိုက်၍ ထွက်ခဲ့ရ၏။ (မေဃိယသုတ္တန်)

အလုပ်အကျွေး သုနက္ခတ်ရဟန်းကား ခရီးအတူသွားရင်း သပိတ်တော်ကို မြေပေါ်တွင် ချထားခဲ့ရုံမက ဘုရားကိုပင် တပည့်အဖြစ်မှ တော်လှန်၍ ဘာသာတစ်ပါးသို့ ကူးပြောင်းသွားသည်။ (ပုဒ္ဓစာပန်းချီ 'ခွေးအကျင့်–နွားအကျင့်'ဝတ္ထု) သပိတ်တော် ကိုင်တွယ်ရေး၌ ယင်းသို့ ကသိကအောက် ဖြစ်ခဲ့ရသည်များလည်း ရှိပေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



## ဆီ

ဒါယကာကြီး ဝေရဉ္စလှူဒါန်းရန် ရည်မှန်းစီစဉ်ထားသော နောက်တစ်မျိုး ပစ္စည်းတစ်ရပ် ရှိပါသေး၏။ ဆီတည်းဟူသော ဆေးပစ္စည်းတည်း။

ခန္ဓာကိုယ်တွင် လိုအပ်သော နေရာများသို့ ဆီလိမ်းခြင်းမှာ မဟာဘာရက မဇ္ဈိမနိုင်ငံသားတို့၏ ရှေးဟောင်းစဉ်လာ အလေ့အထတစ်ရပ်ပင်ဖြစ်ပေသည်။ ဆီဟူသည် စင်စစ်သော် အစွမ်းထက်သော ပင်မဆေးပစ္စည်းတစ်ရပ်ဖြစ်၏။

ဗိုက်နာသော် ဆီလိမ်း၍ နှိပ်ပေးသည်။ ဇက်ကြောတင်း၊ ဦးခေါင်းနာသော် ဆီလိမ်း၍ ပွတ်နှိပ်ပုတ်ခတ်ပေးသည်။ အကြောအချဉ် တင်းမာသော် ဆီလိမ်း၍ ပျော့ပျောင်းစေသည်။ အထူးသဖြင့် ဒေသစာရီကြွချီဖန်များသော ရဟန်းတို့အဖို့ နာသော ခြေကို ဆီဖြင့်ပွတ်သုတ်လိမ်းနယ်ပေးခြင်းဖြင့် သက်သာစေသည်မှာ အသုံးဝင်လှ၏။ ယင်းသို့လျှင် ကျန်းမာရေးအတွက် မိဝေးဖကွာ အချင်းချင်းသာ အားထားရာ ဖြစ်ကြသော ရဟန်းတော်တို့အဖို့ ဆီသည် အရေးပါ အသုံးဝင်လှသော ပစ္စည်းတစ်ရပ်ဖြစ်သည်။

ယင်းသို့ဖြင့် ဆီကို ဘူးငယ်ဖြင့် ထည့်၍ သွားလေရာသို့ အခြားပရိက္ခရာများနှင့် အတူ ယူဆောင်ကြခြင်းမှာ လက်ထက်တော် ရဟန်းတို့၏အလေ့အထပင်ဖြစ်၏။ သို့နှင့် အလိုက်သိသော ဒါယကာကြီးက ဆီကို ဘူးငယ်တို့တွင်ထည့်၍ပေးလှူရန် အသင့် စီစဉ်ထားသည်။

သို့သော် ဆီဆိုရာ၌ အဆင့်အမျိုးမျိုးရှိချေသေး၏။ မြန်မာတို့လို နေရာမျိုး၌ ပဲဆီ, နှမ်းဆီ စသည်ဖြင့် အဆင့် အနည်းငယ်သာ ကွဲပြားသော်လည်း မဇ္ဈိမသားတို့ သုံးစွဲရာ၌မူ အဆင့်များစွာ ကွဲပြားခြားနားသည်။

ဆီကို နည်းမျိုးစုံဖြင့်ရောစပ်သည်။ ချက်သည်။ ဆီရိုးရိုးမှ ဆီကောင်း ဆီမွှန် အဖြစ်သို့ နည်းမျိုးစုံဖြင့် ပြုပြင်ပြောင်းလဲသည်။ သို့ဖြင့် ဆီကောင်း ဆီမွှန်တို့ ထွက်ရာတွင် မဇ္ဈိမသည် နာမည်ကျော်နိုင်ငံဖြစ်၏။ ဆင်းရဲသားသုံးဆီ သာမန်အဖြစ်မှ မင်းသုံး- စိုးသုံး အထက်တန်းစား ဆီကောင်းဆီမွှန်တို့အထိရှိသည်။ ဝေရဉ္စဒါယကာကြီးက လှူမည်ဆိုရာ၌ အဘယ်ဆီမျိုးနည်း။

## ဆီကျိုတောက်

အမျိုးမျိုးအဆင့်ဆင့်ရှိသကဲ့သို့ ဆီထည့်သော ဘူးကလည်း အမျိုးမျိုး အဆင့်ဆင့်ရှိသည်။ ဘုန်းကံနည်းပါးများစွာသော ရဟန်းတော်တို့အတွက် ဆင်းရဲသားတို့ပေးလှူအပ်သော သစ်သားဘူး၊ ဝါးဘူးတို့ကိုသာကိုင်ဆောင်ကြရသော်လည်း ဘုန်းကံရှိသော ရဟန်းတော်တို့

www.burmeseclassic.com



အဖို့မူ ပြုပြင်၍ထားအပ်သော သတ္တုဘူး သားရေဘူးက ပို၍အဆင့်မြင့်၏။ အကြောင်းမှာ သားရေကို အသုံးဝင်အောင် ပြုပြင်စီမံရာ၌ မဖွံ့မသည့် နာမည်ကျော် ဒေသဖြစ်သည်။

ငွေဘူး ရွှေဘူးအထိ ကိုင်ဆောင်ခွင့်မရှိ။ ရဟန်းဟူသည် ရွှေငွေနှင့် တိုက်ရိုက်ဆက်ဆံခွင့်မရှိ။ အန္တရာယ်လည်းများ၏။ ဘုရားရှင်လက်ထက်တော်က လူဆိုး ပရက္ခတို့မည်သည် ရဟန်းတို့၏ တန်ကြေးမရှိသော ပစ္စည်းများကလေးများသော်မှလည်း အခွင့်မသင့်လျှင် လုယူခံရတတ်သည်။ ရွှေငွေကို အပထား၍ သက်န်းကိုသော်မျှလည်း အလုအယက် ခံကြရတတ်သည်။

ဝေရဉ္ဇာဒါယကာကြီး စီစဉ်ထားသော ဆီဘူးမှာ အဆင့်မြင့် သားရေဘူးများဖြစ်ကြ၏။ အဆင့်မြင့် သားရေဘူးတွင် ထည့်သွင်းအပ်သော ဆီမှာအဘယ်မှ တန်ကြေးကြီးသနည်း။ ဆီတစ်ဘူးလျှင် အသပြာတစ်ထောင် တန်သောဆီဖြစ်သည်။ သို့ဆိုလျှင် သက်န်းထက်ပင် တန်ကြေးကြီးသည်၊ သက်န်းမှာ တစ်ထည်လျှင် ငါးရာတန် ဒွိစုံမှ တစ်ထောင်တန်သည်။ ဆီမှာ တစ်ဘူးတည်းဖြင့် တစ်ထောင်တန်သည်။ အဘယ်သို့ ပြုပြင်ထား၍ ဤမျှတန်လေသည်ကား မသိ၊ သိနိုင်သမျှသည်ကား အကြိမ်တစ်ရာ အကြိမ်တစ်ထောင်ချက်အပ်သောဆီဟု ပိဋကတ်တော်ကဆိုသည်။ ယင်းသို့ဖြင့် ဆီတစ်ခုမျှသည်ပင်လျှင် ရဟန်းတော် ငါးရာတို့အတွက် အသပြာတစ်သိန်းတန်အလှူဖြစ်လာသည်။

ဤမျှသာမက၊ အခြားလှူဖွယ်ပစ္စည်းတို့များပြားလှစွာသေး၏။ အကျယ်မဖော်ပြတော့ပြီဟု ပိဋကတ်တော်ကဆိုသည်။ ယင်းသည်ကား သုံးလမျှမေ့လေခဲ့သည်ကို တစ်ချီတည်းဖြင့်ကျေအောင် စီစဉ်အပ်သော ဝေရဉ္ဇာဒါယကာကြီး၏ အလှူတော် အစီအစဉ်ပေတည်း။

ယင်းသို့လျှင် ပစ္စည်းကလည်းပြည့်စုံ၊ သဒ္ဓါတရားကလည်း ထက်သန်သည့် အပေါ်တွင် တပည့်တပန်း အသိုင်းအဝန်းကလည်း ပြည့်စုံသောကြောင့် ဤမျှ အလှူတော် အစီအစဉ်ကို တစ်ရက်တည်းဖြင့် အပြီးအစီး စီစဉ်နိုင်ခြင်းဖြစ်သည်။ တစ်ဖက်တွင် ယင်းသို့ စီစဉ်ရင်းဖြင့် တစ်ဖက်တွင်လည်း မွန်းလွဲပိုင်းဖြစ်၍ ရဟန်းတို့နှင့် အပ်စပ်သော အဖျော်ယမကာများကို စီစဉ်၍ နဋ္ဌေရကျောင်းတော်သို့ ပို့ဆောင်လှူဒါန်းစေသည်။ သို့နှင့် နောက်နေ့သို့ရောက်လာခဲ့ပြီဖြစ်၏။

နောက်နေ့နံနက်တွင် ဘုရားရှင်သည် နောက်တော်ပါ သံဃာတော်ငါးရာနှင့်အတူ ရောင်ခြည်တော်ခြောက်ဆိုင်ကို တစ်ပြိုင်နက်ဖွင့်၍ ဝေရဉ္ဇာဒါယကာကြီး၏ အလှူတော်မဏ္ဍပ်သို့ ကြွချီတော်မူသည်။ ဝေရဉ္ဇာမြို့ကို ကျက်သရေအတိပြည့်စေသော နေ့ပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝေရဉ္စာဒါယကာကြီးက ခြံမှ လက်အုပ်ချီကာ မျက်နှာမှာ ရွှင်လန်းသော်လည်း မျက်ရည်အတိဖြင့် ဆီးကြိုပင့်ဆောင်သည်။ ထိုအချိန်မှစ၍ ဒါယကာကြီးသည် ဘုရားရှင်အနီးမှ ခွာသည်ဟူ၍မရှိတော့။

မျက်ရည်ဟူသည် ဘယာမျက်ရည်သာမက၊ သဒ္ဓါမျက်ရည်ဟုလည်း ရှိချေသေး၏။ ဝမ်းမြောက်လွန်းလျှင် မျက်ရည်ကျလာနိုင်သည်။ ဝေရဉ္စာဒါယကာကြီး၏ မျက်ရည်မှာ ဘုရားရှင်၏ အသရေတော်ကို ရှုမြင်ကာ သဒ္ဓါမျက်ရည်ဟု ခေါ်ဆိုနိုင်သကဲ့သို့ မကြာမတင်အတွင်းမှာပင် ခွဲခွာကြရတော့လတ္တံ့သော အရေးကို ကြိုတင်တွေးခေါ်သော ဘယာမျက်ရည်ဟုလည်း ဆိုနိုင်ရာ၏။

ဝေရဉ္စာဒါယကာကြီး၏ မျက်ရည်ကို အကြောင်းမဲ့ ဖွဲ့ဆိုနေခြင်းမဟုတ်ပါ။ စိတ်လွယ်၍ သဒ္ဓါတက်သော ဤဒါယကာကြီး၏ မျက်ရည်ကို 'အဿုနိ-မျက်ရည်တို့ကို၊ ပဝတ္တယမာနော-ဖြစ်စေလျက်' ဟူသော ဒေသနာတော်ဖွင့်ဆိုချက်အရ ဖွဲ့ဆိုခြင်းဖြစ်၏။

မှန်၏။ ဝေရဉ္စာဒါယကာကြီးကို စိတ်လွယ်သူဟု ခေါ်ဆိုနိုင်ရာသည်။ 'ချစ်လုံးလုံး မုန်းလျားလျား' သမားဟု ခေါ်ဆိုနိုင်ရာသည်။ တွေ့စက ဘုရားရှင်က မကြိုဆိုသည်ကို သူသဘောမကျသောအခါ နည်းမျိုးစုံဖြင့် ပက်ပက်စက်စက်အထိ စွပ်စွဲပြောဆိုသည်။ 'ပက်ပက်စက်စက်' ဟုဆိုရသည်မှာ ဘုရားရှင် မယ်တော်အထိ ထိခိုက်စေကာ စွပ်စွဲသောကြောင့်ဖြစ်သည်။

ကြည်ညိုလာပြန်ပြီဆိုပြန်တော့လည်း သူများနှင့်မတူ တမူထူးကဲသည်။ ထူးကဲဟန်ကား တပည့်တော်သည် အရှင်မြတ်ကို ကြည်ညိုရာ၌ တစ်စုံတစ်ယောက်က အရှင်မြတ်ကို ကြည်ညိုလျှင် လည်ပင်းကို ဓားတင်၍ ဖြတ်ပစ်မည်ဆိုသည့် တိုင်အောင် ကြည်ညိုမှုကိုမဖျက်ဘဲ ကြည်ညိုပါမည်ဟု လျှောက်ထားခဲ့သည်မဟုတ်လော။ အကြိမ်ကြိမ် အထပ်ထပ် လှည့်ပတ်၍ ဦးနှိမ်ရှိခိုးသည်။

ယခု ဘုရားရှင်ကို အလှူပေးတော့မည်ဆိုရာ၌ သူ့တွင် ရနိုင်သမျှသော အကောင်းဆုံးပစ္စည်းတို့ကို လွတ်လွတ်ကျွတ်ကျွတ် လှူဒါန်းရန် စီစဉ်သည်။

သို့နှင့် အလှူမဏ္ဍပ်သို့ ရောက်သောအခါ ဘုရားရှင်နှင့် သံဃာတော်တို့အား အစွမ်းကုန် ထူးမြတ်စွာစီစဉ်အပ်သောဆွမ်းကို လှူဒါန်းကပ်လှူသည်။

ဘုရားရှင်နှင့် သံဃာတော်များကို ဆွမ်းကပ်လှူရာ၌ လှူဒါန်းပုံ လှူဒါန်းနည်း နှစ်မျိုးရှိသည်ဟုဆိုနိုင်ရာ၏။ တစ်မျိုးမှာ ရိုးရိုးသာကပ်လှူ၍ ပြီးပြည့်စုံစေခြင်းဖြစ်သည်။ နောက်တစ်မျိုးမှာ သဒ္ဓါလွန်စိတ်ဖြင့် အရေးတယူဂရုတစိုက် ကပ်လှူရာတွင် ဘုရားရှင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



သံဃာတော်တို့က ပြည့်စုံပါပြီ၊ တော်ပါပြီ၊ တန်ပါပြီဟု အမူအရာဖြင့်သော်လည်းကောင်း၊ လက်ကာနှုတ်ဆက်၍သော်လည်းကောင်း တားမြစ်ယူရလောက်အောင် ပေးလှူခြင်း ဖြစ်သည်။

ယခု ဝေဠုဒါယကာကြီး ပေးလှူခြင်းမှာ ဒုတိယအမျိုးဖြစ်သည်။ ဘုရားရှင်နှင့် သံဃာတော်အားလုံးကပင် ပြည့်စုံပါပြီ တန်ပါပြီဟု လက်ကာတားမြစ်ယူရလောက်အောင် ဂရုတစိုက် အားရပါးရပေးလှူသည်၊ ဒုတိယအမျိုးအစားက ပို၍မြတ်သည် မဆိုနိုင် ဦးတော့၊ သဒ္ဓါထက်သန်မှုကို ပြသည်။ စိတ်ရောကိုယ်ပါ သဒ္ဓါထက်သန်မှုလည်း ပြ၍ရသည်။

သံဃာတော်ဟူသည် အလှူခံ အတောင်းခံ ပုဂ္ဂိုလ်မျိုးဖြစ်၏။ ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ – ဘုရားရှင်သည် လောက၏ အကျိုးစီးပွားအလို့ငှာ ပွင့်တော်မူ၏။ ဓမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ – တရားတော်သည် သတ္တဝါတို့၏ ချမ်းသာသုခ အလို့ငှာ ပေါ်ပေါက်တော်မူ၏။ သံဃောလောကေ သမုပ္ပန္နော ပုညခေတ္တံ အနုတ္တရံ – သံဃာတော်သည်ကား ဒါယကာတို့အတွက် ဒါနစသော ကောင်းမှု၏ စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ် ဖြစ်တော်မူ၏ဟု ဟောတော်မူသည်။ ထို့ကြောင့် သံဃာတော်ဟူသည် အလှူခံပုဂ္ဂိုလ်ဖြစ်သည်။ အလှူခံနိုင်ရန် သပိတ်ကို ပရိက္ခရာအဖြစ် ဆောင်စေ၍ မိမိကိုယ်တိုင်လည်း မပြတ်ဆောင်သည်။ အလှူခံကိရိယာ သပိတ်ဟူသည် တောင်းခံမှု၏ အထိမ်းအမှတ်ဖြစ်၏။ တောင်းခံခြင်းဖြင့် မာန်မာနကို ချိုးနှိမ်၍ ကျိုးနိုင်စေသည်။ ဂေါ်ဝါပြုသဲစုမက ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင် အဆက်ဆက်တို့၏ မှန်မြတ်သော အစီအစဉ်ပေတည်း။

သို့ရာတွင် "ချစ်သားတို့ ။သဒ္ဓါတရားမရှိသူတို့၏ အလှူကို ရှောင်ကြဉ်ကြ"ဟု ဆုံးမတော်မူထားသည်။ ဟန်ကြီးပန်ကြီးသဘောထားနှင့် မာနပွားစေရန်မဟုတ်၊ သဒ္ဓါမရှိသူ၏ အလှူဟူသည် ကိုယ့်ဘက်ရော–သူ့ဘက်ပါ အချည်းနှီးတည်း။

သဒ္ဓါတရားမရှိပါဘဲလျက် ပေးလှူရာ သေးသလောဟု မေးဖွယ်ရှိ၏။ ရှိသည် သာတည်း။ ပေးလှူခြင်းသည် ကောင်း၏ဟု လူတို့အမြင်ဖြင့် ချီးမွမ်းခံလိုသောကြောင့် သော်လည်းကောင်း အခြားပကာသန တစ်ခုခုအတွက်သော်လည်းကောင်း ပေးလှူပါ၏။ ပေးလှူသည့်ကိစ္စကို ဆောင်ရွက်စေပါ၏။ သို့သော် သဒ္ဓါနည်းပါးလေသောအခါ အလှူခံပုဂ္ဂိုလ်တို့အား မရိုမသေချဉ်းကပ်သည်၊ မထိမဲ့မြင်ပြုလုပ်သည်။ မျက်နှာလွှဲခဲပစ်ပြု လုပ်သည်။ ပြီးမှပြီးစေ သဘောဖြင့် လွှဲအပ်ထားသည်။ ယင်းသို့သောအလှူ၊ ယင်းသို့သော ဒါယကာမျိုးကို မချဉ်းကပ်ကြကုန်လင့်ဟု တားမြစ်ထားသည်၊ သူရောကိုယ်ပါ အကျိုးမရှိ စေသောကြောင့်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကောသလဘုရင်၏ ဤလိုအလှူမျိုးကို ရဟန်းတော်တို့ ရှောင်ကြဉ်ကြ၏။ တစ်ဖက်တွင် ကျေးဇူးများသူဖြစ်၍ စာရေးတံမဲပေးကာ တာဝန်ဖြင့် စေလွှတ်သည်ကိုပင် ကောသလဘုရင်၏ ဆွမ်းအလှူကိုလွှဲရှောင်ကြ၏။ ဘုရင့်အလှူဖြစ်၍ ဆွမ်းကောင်း ဟင်းကောင်းတို့ သုံးဆောင်ရမည်ကို သိပါလျက် မြို့ထဲဆွမ်းခံ၍သာ ရတတ်သမျှနှင့် ဘုဉ်းပေးကြသည်။ အကြောင်းမှုကား မင်းမှုထမ်းတို့ဖြင့်သာ မျက်နှာလွှဲခဲပစ် ပေးလှူအပ်သော အလှူဖြစ်သောကြောင့်ပေတည်း။

ဝိသာခါ၊ အနာထပိဏ်၊ စူဠအနာထပိဏ် စသည်တို့အိမ်များ၌ သံဃာ့မဏ္ဍပ်ကို အစဉ်ထိုးကာ သံဃာတော်ငါးရာတစ်ထောင် ဆွမ်းကျွေးကြသည်ဆိုရာ၌ သံဃာတော်တို့သည် အလွတ်ကြွကြရသည်မဟုတ်၊ အလွတ်ကြွစေသည်ဆိုလျှင် သူလည်းကြွ ငါးလည်းကြွနှင့် ရှုပ်ယှက်ခတ်ကုန်ဖို့ရှိသည်။ ထို့ကြောင့် သံဃာ့ဝန်ဆောင် တာဝန်ကျသော ကိုယ်တော်က ယနေ့ကြွရမည့်ရဟန်းများကို စာရေးတံမဲပေး၍ စေလွှတ်ရသည်။ စာရေးတံဖြင့်သာ စနစ်တကျ ကြွရောက်အလှူခံကြရသည်။ ယင်းသို့ သံဃာ့ဝန်ဆောင် စာရေးတံမဲပေးရာ၌ အရိယာသခင် မဟာပန္ထကအရှင်မြတ်သည် ထင်ရှားသော အရှင် တစ်ပါးဖြစ်၏။

ဝိသာခါတို့၏ အလှူကို ကောသလဘုရင် အလွန်သဘောကျသည်။ ဘုရားရှင်နှင့် ရင်းနှီးပြီးဖြစ်ပါ၏။ သို့သော် သံဃာတော်အများနှင့်လည်း ရင်းနှီးလိုသည်။ ထို့ကြောင့် ဝိသာခါ အနာထပိဏ်တို့ အတုကိုယူကာ ဆွမ်းကျွေးမဏ္ဍပ်ဆောက်စေ၍ပေးလှူသည်။ သို့ရာတွင် သူ့အလှူမှာ မင်းခစားတို့ဖြင့်သာ လွှဲအပ်ထားသောအလှူဖြစ်၍ အမည်ခံ မျက်နှာလွှဲခဲပစ်အလှူဖြစ်သည်။ မင်းခစားဆိုသည်တို့ကလည်း ဝတ်ကျေ တန်းကျေ အပြစ်လွတ်ရုံမျှ ပြုမူတတ်ပေသည်။ ထို့ကြောင့် ဤအလှူမျိုးကို ရဟန်းတော်တို့ မချဉ်းမကပ်၊ မျက်နှာစိမ်းတို့အလယ်တွင် စားရသော အာဟာရဟူသည် အဘယ်မှာ မွန်မြတ်ပါအံ့နည်း။ ဝိသာသပရမာရသာ ချစ်ကြည်ရင်းနှီးစွာ စားအပ်သော အာဟာရသည် မွန်မြတ်၏ဟု ဟောတော်မူသည် မဟုတ်ပါလော။

ဆုံးအောင်ပြောရသော် ရဟန်းတော်တို့နှင့် ဤနည်းဖြင့် မရင်းနှီးသော် အခြားနည်းဖြင့် ရင်းနှီးရန်သော်ကောဟု ဘုရားရှင်နှင့် ဆွေမျိုးစပ်ရန် ကပိလဝတ်သို့ မိဖုရား တောင်းရာမှအစ သာကီဝင်မျိုးပြုတ်သည်အထိ အကျိုးပျက်ခဲ့သည်။ သို့ဖြစ်ရာ အမိုက်ကာစ ပြာသာဒ်မီးလောင်ဆိုသည်အထိ ဖြစ်ခဲ့ရသော ဤကိစ္စကြီးသည် မရှိမသေ ပေးလှူအပ်သော အလှူမှ စတင်ခဲ့သည်ဟုပင် ဆိုနိုင်ရာသည်။

www.burmeseclassic.com

www.burmeseclassic.com



## မဟာအလှူ

ယခုဝေရဉ္စာ ဒါယကာကြီး၏ အလှူကိုကား ပိဋကတ်တော်က 'မဟာ'တပ်၍ပင် ချီးကျူးထားသည်။ ထက်သန်လှသော သဒ္ဓါတွင် အမွန်မြတ်ဆုံးဖြစ်နိုင်, ရနိုင်သော အလှူပစ္စည်းတို့ဖြင့် ပေးလှူအပ်သောကြောင့်ဖြစ်သည်။ သာသနာတော်အတွင်း ပေးလှူကြသော အလှူပေါင်းသောင်းခြောက်ထောင်တွင် မဟာတပ်ခွင့်ရသော အလှူဟူသည် ရှားပါးလှ၏။

ယင်းသို့ဖြင့် ဆွမ်းကျွေးပွဲပြီးသော် စီစဉ်ထားအပ်သမျှသော ဖော်ပြပါ သင်္ကန်းစသည့် ပရိက္ခရာပစ္စည်းများကို တစ်ပါးချင်းပေးလှူ၏။ ဤသည်ကား ဒါယကာဘက်မှ ကျေးဇူးပြုခြင်းဖြစ်၍ ဘုရားရှင်ဘက်မှ ကျေးဇူးပြုပြန်ကား – ဤဒါယကာကြီးစသော မိသားစု အသိုင်းအဝိုင်းတို့သည် မိမိနှင့် ဝါတွင်းသုံးလတိုင်တိုင် အနီးကပ် နေရသူများ ဖြစ်ပါလျက်၊ ပညာရှိသူ, သဒ္ဓါတရားရှိသူ ဖြစ်ပါလျက် ကြားနာသင့်သော တရားများ မကြားနာခဲ့ကြရသည်ကို ဒါယကာကြီး အတိုးချလှူဒါန်းသကဲ့သို့ပင် တရားတော် ဒေသနာကို ဝေဝေဆာဆာ ဟောတော်မူခြင်းပင်ဖြစ်၏။

## ဝေရဉ္စာ၏ အလွမ်း

အလှူကိစ္စ ပြီးပြတ်ပေပြီ။ အစီအစဉ်အတိုင်း ဘုရားရှင်သည် ဒေသစာရီ ကြွချီတော်မူရန်သာ ရှိတော့၏။ သို့ဖြစ်၍ ဘုရားရှင်အမှူးပြုသော သံဃာတော်တန်းကြီးသည် အလှူမဏ္ဍပ်အဝမှ မြို့လယ် တမာတန်းလမ်းမကြီးအတိုင်း ရောင်ခြည်တော်ဖွင့်၍ ဖြည်းညင်းစွာ ကြွချီတော်မူသောအခါ ဝေရဉ္စာဒါယကာကြီးသည် ဘုရားရှင်အနီးမှ မခွာဘဲ မြို့အထွက်တံခါးဝအထိ လိုက်ပါပို့ဆောင်သည်။ ခရီးသွားရင်းဖြင့် ဘုရားရှင်သို့ အကြိမ်ကြိမ် ဦးနိမ့်ရှိခိုးသည်။ မျက်ရည်လည်ရွဲကျသည်။ ။

www.burmeseclassic.com